
www.burmeseclassic.com



ကမ္ဘာအနှံ့ ဓမ္မအောင်လံစိုက်ထူနေသော

# ဆရာကြီး ဦးဂိုအင်ကာ

ဦးကိုလေး‹ဇေယျာမောင်›

အငြိမ်းစား ဒု - အဓိပတိ (မန်းတက္ကသိုလ်)

ဒုတိယအကြိမ်

2001.DIGITAL PAINTING & GRAPHIC DESIGN : KYAW MINN MOUNG

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာအနှံ့ဝမ္မအောင်လံစိုက်ထူနေသော

# ဂုရုကြီး ဦးဂိုအင်ကာ

BURMESE CLASSIC

ဦးကိုလေး (ဗေဿာမောင်)

www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာအနှံ့ မွှေအောင်လံစိုက်ထူနေသော
# ဂုရုကြီးဦးဂိုအင်ကာ

ဒုတိယအကြိမ် ၊ အုပ်ရေ (၂၀၀၀) ၊ ၂၀၀၂ ခုနှစ် ၊ ဇန်နဝါရီလ

စာမူခွင့်ပြုချက် - ၁၀၁/ ၂၀၀၂ (၂)

အဖုံးခွင့်ပြုချက် - ၉၁/ ၂၀၀၂ (၂)

မျက်နှာဖုံးပန်းချီ - ပန်းချီ သန်းထိုက်

အတွင်းသရုပ်ဖော် - ပန်းချီ မောင်မောင်သိုက်

ထုတ်ဝေသူ - ဦးမောင်ကလေး (မြ - ၀၀၆၅)
သောကြာစာပေ
(၁၅)၊ ဩဘာလမ်း၊ ကျောက်မြောင်း
တာမွေမြို့နယ်။


အဖုံးနှင့်အတွင်းပုံနှိပ် - ရွှေနိုင်ငံပုံနှိပ်တိုက်
ဦးမောင်မောင်လှ၊ (မြ-၀၅၇၄၅)
အမှတ်၉၀(ဇီ)ကမ္ဘာအေးဘုရားလမ်း
ရန်ကုန်မြို့ ။

မြန်မာ့ဆိုးရေး -

တန်ဖိုး -

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာအနှံ့ မေ့မြအောင်လံစိုက်ထူနေသော
ဂုရုကြီး ဦးဂိုအင်ကာ

www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်းတောင်ရိုး ဆရာတော် ဦးဉာဏိသရ ဘုရားခန်း၌
ဆရာတော် ဦးဉာဏိသရ၊ ဆရာကြီး ဦးဂိုအင်ကာ၊
ဆရာကြီး ဦးကိုလေး

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဦးကိုလေး နှင့် ဂုရုကြီးဦးဂိုအင်ကာတို့
တရားဆွေးနွေးနေစဉ်။

www.burmeseclassic.com

www.burmeseclassic.com



မြွေစာပေများကို လေ့လာဖတ်ရှုရေးသားနေသော
ဆရာကြီး ဦးဂိုအင်ကာ

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၂ ခု၊ မတ်လ(၂၁)ရက်နေ့တွင် ကမ္ဘာအေး
ဝိဇယမင်္ဂလာမွေသဘင်ခန်းမဆောင် ဟောပြောပွဲ၌
ဂုရုကြီးဦးဂိုအင်ကာနှင့် ဆရာကြီးဦးကိုလေး

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် မြန်မာပြည်ပြန်ရောက်စဉ်။
(လေယာဉ်ကွင်းတွင် ကြိုဆိုစဉ်။)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

နိဒါန်း

## အပိုင်း (၁)

**အခန်း ၁**
ဦးဂိုအင်ကာ ဆရာကြီး ဦးဘခင်ထံမှောက်ရောက်ရှိပုံ ၁

**အခန်း ၂**
ဆရာကြီးဦးဘခင်၏ သာသနာပြုလုပ်ငန်းတွင် ဦးဂိုအင်ကာ
ပါဝင်ဆောင်ရွက်နိုင်ရန် ကွင်းဆင်းသင်ကြားပေးခြင်း ၁၇

**အခန်း ၃**
နိုင်ငံခြားသာသနာပြုထွက်ရန်
ကြိုတင်ပြင်ဆင်ထားမှုများ ပြုလုပ်ခြင်း ၂၇

**အခန်း ၄**
အိန္ဒိယပြည် ဘုံဘေနှင့် မဒရပ်မြို့များတွင်
ဦးဂိုအင်ကာ ဝိပဿနာတရားများစတင်ပြသခြင်း ၄၁

**အခန်း ၅**
အိန္ဒိယပြည်တစ်ဝန်းလုံး လှည့်လည်တရားပြသခြင်း။
ဆရာကြီးဦးဘခင် ရုပ်ပုံငွေဖွင့်လှစ်၍ အီဂတ်ပူရီတွင်
အမြဲတမ်းကမ္မဋ္ဌာန်းဌာနတစ်ခုတည်ထောင်လိုက်ခြင်း ၆၄

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၆
ဦးဂိုအင်ကာ၏ ဖိတ်ကြားချက်အရ အီဂဝတ်ပူရီနှင့်
ဟိုက်ဒရာဘဒ်ရိပ်သာဌာနများသို့ သွားရောက်ခြင်း၊
ဂုရုကြီးဦးဂိုအင်ကာအဖြစ် ပထမဆုံးပြည်လည်ဆုံစည်းရခြင်း ၉၅

အခန်း ၇
ဂုရုကြီးဂိုအင်ကာထံမှ တရားဓမ္မရေးရာ
မေးမြန်းဆွေးနွေးချက်များ ၁၁၇

အခန်း ၈
ဂုရုကြီး ဦးဂိုအင်ကာ မြန်မာပြည်သို့ပြန်လည်ရောက်ရှိခြင်း
(က) ပထမအကြိမ် ၊ ဝိပဿနာဆရာကြီး
ဦးဂိုအင်ကာ၏ ပြည်တော်ပြန်ခရီး ၁၃၅
(ခ) ဒုတိယအကြိမ်
ဓမ္မဂုဏ်ကျေးဇူးတော်များ ၁၄၁
(ဂ) တတိယအကြိမ်
စစ်ကိုင်းတောင်ရိုး သီတဂူဓမ္မဗိမာန်၌
ဂုရုကြီးဦးဂိုအင်ကာ၏ ဟောပြောချက် ၁၅၁

နိဂုံးအခန်း ၁၈၁

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## အပိုင်း (၂)

ဗုဒ္ဓ၏မြတ်ဓမ္မရေစင် အာနိသင်တို့ကြောင့် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးရောင်ခြည်သန်းလာလေပြီ ၂၂၁

ဝိပဿနာတရားပြ ဂုရုကြီးဦးဂိုအင်ကာ ဆွစ်ဇာလန်နိုင်ငံ ဒေးဗိုးစ်မြို့တွင်ကျင်းပသော ကမ္ဘာ့စီးပွားရေးညီလာခံသို့ တက်ရောက်ခြင်း ၁၃၁

ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ဂုရုကြီးဂိုအင်ကာ ၂၄၃

အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓသာသနာပြန်လည်ထွန်းကားပြန့်ပွားရန် ဆောင်ရွက်မှုများအကြောင်း ၂၅၇

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ရန်ကုန်မြို့ အင်းလျားမြိုင်လမ်းရှိ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိဂုပ်ငန်းဌာနနှင့် ဓမ္မရောင်ခြည်စေတီတော်ကို ဗဟိုပြု၍ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများကို ဦးစီးဆောင်ရွက်ခဲ့ သော မြန်မာ့ဂုဏ်ဆောင် ပုဂ္ဂိုလ်ထူးဆရာကြီးဦးဘခင်အား အသက်ထင်ရှား ရှိစဉ်ကပင်လူ့ပုဂ္ဂိုလ်အနေဖြင့်လည်းကောင်း၊ ဆောင်ရွက်သော လုပ်ငန်း သဘောကြောင့်လည်းကောင်း ကမ္ဘာကလေးစားကြ၏။ ကြည်ညိုကြ၏။ ဂုဏ်ပြုကြ၊ ချီးကျူးကြ၏။

သို့ရာတွင် ၁၉၇၁ ခု၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကွယ်လွန် အနိစ္စရောက်သွားခဲ့သည့် အချိန်အထိ သရေစည်သူ ဆရာကြီး ဦးဘခင်ကို မြန်မာအများက ကောင်းစွာမသိကြသေးသော အခြေအနေ တွင်ရှိခဲ့ပေသည်။ ထို့ကြောင့် ဆရာကြီးဦးဘခင်ထံမှ ဝိပဿနာတရား လက်တွေ့ကျင့်သုံးနည်းကို လေးလေးစားစားခံယူခဲ့သော တပည့်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သူ စာရေးသူသည်ဆရာကြီး၏ သာသနာပြုလုပ်ငန်းရပ်များ အကြောင်း၊ စသည်တို့ တိမ်မြုပ် ပျောက်ကွယ်မသွားရှိစေရန် ''မြန်မာ့ ဂုဏ်ဆောင် ပုဂ္ဂိုလ်ထူးဆရာကြီး ဦးဘခင် (အတ္ထုပ္ပတ္တိနှင့် သာသနာ ပြုလုပ်ငန်းများ)'' ဟူသော ကျမ်းတစ်စောင်ကို ဆရာကြီးကွယ်လွန် သော (၁၀) နှစ်ပြည့်မြောက်ချိန်တွင် ရေးသားထုတ်ဝေပူဇော်ခဲ့ပါသည်။

ယခုအခါ ဆရာကြီး ကွယ်လွန်ခဲ့သည်မှာ (၂၅) နှစ်နီးပါး ရှိလာပေပြီ။ ပြည်ပသာသနာပြုလုပ်ငန်းများအတွက် ဆရာကြီးလွှဲအပ် ထားခဲ့၍ ဂရုတစိုက် သွန်သင်ပြသပေးခဲ့သော ဦးချစ်တင်၊ ဒေါ်မြသွင်နှင့် ဦးကိုအင်ကာတို့သည် ဆရာကြီးမျှော်မှန်းခဲ့သည့် ကမ္ဘာ တစ်ဝန်း ဗုဒ္ဓ၏တရားထူး တရားမြတ် လွှမ်းမိုးစေရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ (၂၅) နှစ်အတွင် ထူးခြားသောအောင်မြင်မှု များရရှိနေ ပေပြီ။

ယင်းပုဂ္ဂိုလ်ကြီးများသည် အာရှ၊ ဥရောပ၊ အမေရိက၊ ဩစတြေလီးယား စသော တိုက်ကြီးများ၊ တိုင်းပြည်နယ်အသီးသီး များ၌ ဗဟိုကမ္မဋ္ဌာန်းစခန်းပေါင်းများစွာဖွင့်လှစ်၍ ဓမ္မဒူတ လုပ်ငန်းများ ဆောင်ရွက်နေကြရာ ထိုထိုနိုင်ငံများ၌ သူတို့၏ သာသနာပြုလုပ်ငန်း များကို ကောင်းစွာသိရှိကြပေသည်။

မြန်မာပြည်၌မူ နိုင်ငံတော်အစိုးရက ထိုပုဂ္ဂိုလ်ကြီးများ၏ သာသနာပြုလုပ်ငန်းများကို ဂုဏ်ပြုသောအားဖြင့် ဘွဲ့တံဆိပ်များ ချီးမြှင့်သောအခါကျမှ သူတို့၏ အကြောင်းကို လူအချို့သိရှိ ကြားဖူး လာကြပေတော့သည်။ ထို့ကြောင့် ဆရာကြီးဦးဘခင်၏ လက်ရင်း တပည့်ကြီးများ၏ အကြောင်းကို အများပြည်သူသိရှိ နိုင်ကြစေရန် မြတ်ဆုမွန်စာစောင်တွင် အခန်းဆက်ဆောင်းပါးများ ရေးသားခဲ့ပါသည်။

ထိုဆောင်းပါးများကို တစ်စုတစ်စည်းတည်းပြုလုပ်၍ စာအုပ် အဖြစ် ထိန်းသိမ်းထားလိုသော မောင်ဝင်းညွန့်က သူ၏ဆန္ဒကို တင်ပြ

www.burmeseclassic.com

www.burmeseclassic.com

လာသောအခါ ကောင်းမြတ်သောအမှုဖြစ်၍ လိုအပ်သည်များကို ပံ့ပိုး ကူညီပေးခဲ့ပါသည်။

ဤသို့ဖြင့် ''ဆရာကြီး ဦးကိုအင်ကာနှင့် ကျွန်တော်'' ဆောင်းပါးများကို ပြင်ဆင်ဖြည့်စွက်၍ ''ကမ္ဘာအနှံ့ ဓမ္မအောင်လံ စိုက်ထူနေသော ဂုရုကြီး ဦးဂိုအင်ကာ'' အမည်ဖြင့် စာအုပ်အဖြစ် ထုတ်ဝေလိုက်ရပါသည်။

| | |
|---|---|
| တွဲဖက်ဌာနမှူး | ဦးကိုလေး |
| ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန | (ဓေယျာမောင်) |
| နိုင်ငံတော်ပရိယတ္တိ | ၁၉၉၅ ခု ဧပြီလ ၁၇ ရက် |
| သာသနာ့တက္ကသိုလ် | ၁၃၅၇ ခု၊ တန်ခူးလဆုတ် ၃ ရက် |
| ကမ္ဘာအေး၊ ရန်ကုန်မြို့။ | |



www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယအကြိမ်ထုတ်အတွက်နိဒါန်း

‘ကမ္ဘာအနှံ့ ဓမ္မအောင်လံစိုက်ထူနေသော၊ ဂုရုကြီး ဦးဂိုအင်ကာ’ စာအုပ်ကို ပထမအကြိမ်၊ ၁၉၉၅ ခု၊ ဧပြီလ (၁၇) ရက်နေ့၊ ၁၃၅၇ခု၊ တန်ခူးလဆုတ် (၃) ရက်နေ့တွင် ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။ ယခု(၆)နှစ်ကြာသွားချိန်တွင်၊ ပထမစာအုပ်များ လုံးဝမရှိတော့သည့်အပြင် ဂိုအင်ကာ၏ ဓမ္မဒူတအောင်မြင်မှုလည်း တိုးတက်များပြားလာခဲ့ပြီဖြစ်ပါသည်။

ပထမစာအုပ်မှာ ဆရာကြီးဂိုအင်ကာနှင့်ကျွန်တော် ဆောင်းပါးများကို ဖြည့်စွက်ပြင်ဆင်၍ စာအုပ်အဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ ဤ (၆)နှစ်အတွင်း ဂုရုကြီးဂိုအင်ကာသည် ကမ္ဘာတဝန်း ဓမ္မဒူတလုပ်ငန်းများ အရှိန်အဟုန်ပြင်းစွာ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် မြန်မာပြည်သို့လည်း အကြိမ်ကြိမ်ပြန်လည်ရောက်ရှိခဲ့သည်။ ဝိပဿနာတရားပြသမှု၊ ဟောပြောမှုများကို အစဉ်တစိုက် ဆောင်ရွက်ခဲ့ပါပြီ။ ထို့ကြောင့် ပထမစာအုပ်၌မပါဝင်သေးသည့် အဖြစ်အပျက်၊ အကြောင်းအရာများကိုပါ ဖြည့်စုံစွာဖော်ပြရန်၊ ပထမစာအုပ်ကိုတိုးချဲ့ ဖြည့်စွက်ကာ စာအုပ်သစ်ထုပ်ဝေချိန်တန်ပြီ ဖြစ်သည့်လျောက်၊ ဤဒုတိယအကြိမ်ထုတ်စာအုပ်ကို ရိုက်နှိပ်ရခြင်းဖြစ်ပါသည်။

ဂိုအင်ကာ၏ ဝိပဿနာတရားနည်းလမ်းသည် ငွေစာရင်း

www.burmeseclassic.com

www.burmeseclassic.com

မင်းကြီး ဆရာကြီးဦးဘခင်ထံမှ လက်ထပ်သင်ယူခဲ့သောဆရာစဉ်ဆက် ဆင်းသက်ခဲ့သည့်နည်းလမ်း ဖြစ်သည့်အလျောက် ရည်ရွယ်ချက် ပန်းတိုင်မှာ မဂ်ပေါက်၊ ဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်ရန်ပင်ဖြစ်ပေသည်။ သို့ရာတွင် မှန်မြတ်လှသည့် ယင်းပန်းတိုင်သို့မဆိုက်ရောက်နိုင်မီအတွင်း လူ့အသိုင်းအဝိုင်း၌အိုးအိမ်ထူထောင်နေကြစဉ် လူ့ခပင်းအတွက်လည်း ဘဝသာယာစိုပြည်ငြိမ်းချမ်းစွာ နေထိုင်သွားနိုင်ရန်လည်း လမ်းညွှန်ပြသ ပေးပေသည်။ ဘဝအဆင်ပြေစွာနေထိုင်ရေးအတွက် အကျိုးများစေ သောကြောင့် လူတိုင်းဖတ်ရှုလိုက်နာကျင့်သုံးသင့်လှကြောင်း တင်ပြ အပ်ပါသည်။

တွဲဖက်ဌာနမှူး
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန
နိုင်ငံတော်ပရိယတ္တိ
သာသနာ့တက္ကသိုလ်
ကမ္ဘာအေး၊ ရန်ကုန်မြို့။

ဦးကိုလေး
(ဓမ္မာမောင်)
၁၉၉၅ ခု ဧပြီလ ၁၇ ရက်
၁၃၅၇ ခု၊ တန်ခူးလဆုတ် ၃ ရက်



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁

### ဦးဂိုအင်ကာ ဆရာကြီးဦးဘခင်ထံမှောက် ရောက်ရှိပုံ။

ဖွန်လထုတ် မြတ်ဆုမွန်စာစောင်တွင် ဓမ္မဂုဏ်ကျေးဇူးတော်များဆောင်ပါး၌ ဦးဂိုအင်ကာ 'အမှန်တရားတော်၏ ဂုဏ်ကျေးဇူးတော်ဟာ အတိုင်းအတာမရှိ အလွန်းကြီးမာကြောင်း ကျွန်တော့်စိတ်တွင် အစဉ်အမြဲ ကိန်းအောင်းနေကြောင်း' ပြောပြခဲ့ပုံကို ဖော်ပြခဲ့ပါသည်။ 'စစ်မှန်ပြီးဖြူစင်တဲ့ တရားတော် ရဲ့ ဂုဏ်ကျေးဇူးတော်ကို တရားနာရ၊ စာမှာဖတ်ရလို့ သိရှိရတာ မဟုတ်ဘူး၊ ကိုယ်တိုင်ပဲအချိန်မရွေး၊နေရာမရွေး၊ တွေ့ရှိတော့ ကျွန်တော့သန္တာန်မှာ ဒီဂုဏ်ကျေးဇူးတော်တွေအကြောင်း အစဉ် ပေါ်လာနေတာပဲ' ဟု ဆရာကြီးဂိုအင်ကာက ဆက်လက်ပြော ခဲ့သည်ကို ထပ်မံစဉ်းစားရင်း အတိတ်ကအကြောင်းအရာများ

www.burmeseclassic.com

www.burmeseclassic.com



တရေးရေးပေါ်လာသည်။

၁၉၆၀ပြည့် ဒီဇင်ဘာ၂၂–ရက်နေ့မှ ၁၉၆၁–ခု၊ မတ်လကုန်အထိ အင်းယားမြို့ရိပ်သာတွင် ဆရာကြီးဦးဘခင် ထံမှောက်၌ ၃–လဆက်တိုက် ကမ္မဋ္ဌာန်းတရားအားထုတ်စဉ်ကာလ ညနေပိုင်း တရားနာချိန်၌ ဆရာကြီးဦးဘခင်နှင့် ဆရာမ ဒေါ်မြသွင်တို့က အင်းယားမြို့လမ်း၊ အပြည်ပြည်ဆိုင်ရာ ပဋိပတ်လုပ်ငန်းဌာန စတင်ဖွင့်လှစ်ခဲ့ပုံ၊ ဓမ္မရောင်ခြည်စေတီတော် တည်ဆောက်ခဲ့ပုံ၊ အစပထမ၌ဝါးတဲ ကမ္မဋ္ဌာန်းဇရပ်ကလေးတွင် တရားအားထုတ်ခဲ့ရပုံတို့ကို သမိုင်းကြောင်းသဖွယ်ပြောပြတတ်ပါ သည်။ ငွေစာရင်းမင်းကြီးရုံး၊ ရုံးသူရုံးသား၊ မိသားစုများအတွက် သာ ရည်စူး၍တည်ဆောက်ခဲ့သော ကမ္မဋ္ဌာန်းဌာနကလေးတွင် နောင်အခါ၌ မြန်မာပြည်မှ သမ္မတကြီး စောရွှေသိုက်၊ သခင်လွန်းဘော်၊ တရားဝန်ကြီးဦးစံညွန့် အစရှိသော အထက်တန်းပုဂ္ဂိုလ်ကြီးများ၊ အရာရှိကြီးများအပြင် အနောက်နိုင်ငံမှ ထူးခြားသော ပါရမီရှင်များ၊ ကမ္ဘာကြီးကိုကယ်တင်လိုကြသူများ၊ တက္ကသိုလ်ပညာရှင်နှင့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးများ လာရောက်တရားရှာကြပုံအကြောင်းများ၊ သူတို့၏အတွေ့အကြုံများ၊ ထူးခြားသောအကြောင်းအရာများကိုလည်း ပြည့်ပြည့်စုံစုံ ပြောပြတတ်ပါသည်။

တစ်ချိန်တစ်ခါတွင် အင်းယားမြို့ ကမ္မဋ္ဌာန်းရိပ်သာ ဓမ္မရောင်ခြည်စေတီတော်နှင့် ဆရာကြီးဦးဘခင် အတ္ထုပ္ပတ္တိနှင့် သာသနာပြုလုပ်ငန်းများအကြောင်းကို ကျမ်းတစ်စောင်တစ်ဖွဲ့ ရေးသားမည့် ကလောင်ရှင်ဟု ကြိုတင်၍သိရှိနေသည့်အလား ဆရာကြီးနှင့် ဆရာမဒေါ်မြသွင်တို့သည် ရိပ်သာတရားလုပ်ငန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို နေ့စဉ်ပြောပြလေ့ရှိပါသည်။ ဤကဲ့သို့ ကျွန်တော်ကြားနာသိရှိရသည့် ပုဂ္ဂိုလ်ကြီးများတွင် ဦးဂိုအင်ကာ၏ အကြောင်းလည်း ပါဝင်လာပါတော့သည်။ တစ်နေ့တွင်ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



နှင့်တကွ တပြည့်တချို့ ဦးဂိုအင်ကာအိမ်သို့ ဆွမ်းကျွေးအလှူ သွားကြသည်ဟု သိရပါသည်။ ရိပ်သာမှအပ အပြင်မည်သည့်ဌာန မျိုးကိုမှ သွားရောက်၍ အစားအသောက်သုံးဆောင်လေ့မရှိသဖြင့် ဤသို့သွားကြောင်းသိရ၍ အံ့ဩလျက်ရှိစဉ် ထိုနေ့ညနေတွင် အကြောင်းစုံသိရပါသည်။

''ဒီလို–ဦးကိုလေးရ၊ ဆရာကြီးက ဘယ်ကိုမှသွား ရောက်လေ့ မရှိပေမယ့် ဒီဦးဂိုအင်ကာအလှူကိုတော့သွားရောက် ချီးမြှောက် ရမယ့်တာဝန်ကရှိလာတယ်'' ဟု အစချီကာ ဦးဂိုအင်ကာ ရိပ်သာ သို့လာရောက် ကမ္မဌာန်းထိုင်ပုံအကြောင်းကို ပြောပြပါသည်။ ဤအချိန် တွင် ဦးဂိုအင်ကာဆိုသောပုဂ္ဂိုလ်အကြောင်း ပထမဦးဆုံးကြားသိရ ခြင်းဖြစ်သည်။ အချင်းချင်း မတွေ့သေးမီကပင် ဆရာကြီးဦးဘခင်ထံမှ ကြားသိရကတည်းက ပါရမီထူးသော ပုဂ္ဂိုလ်တစ်ဦးပေဟု ချီးကျူး ခဲ့ဖူးသော ဦးဂိုအင်ကာ ရိပ်သာသို့ပထမဦးဆုံးရောက်ရှိလာသည်မှာ ဗုဒ္ဓဘာသာ တရားအဆီအနှစ်များသိရှိလိုသူတစ်ဦးအဖြစ် ရောက်လာခဲ့ ခြင်းမဟုတ်ပါ။ ဦးရည်း ခေါင်းကိုက်ဝေဒနာကင်းလို၍ ဆရာကြီးထံ ချည်းကပ်ခဲ့ခြင်းဖြစ်ပေသည်။

''ဦးဂိုအင်ကာလို့ တို့ခေါ်တဲ့ပုဂ္ဂိုလ်နာမည်ရင်းက မစ္စတာ ဆတ္တယန်၊ နာရယန် ဂိုအင်ကာ။ အင်္ဂလိပ်၊ အင်န် ဂိုအင်ကာပေါ့။ ရန်ကုန် ဟိန္ဒူဘာသာဝင်တွေရဲ့ခေါင်းဆောင် ထိပ်သီးမာရဝါရီ ကုလားသူဌေးပဲ။ ဗန္ဓုလစောင်၊ ပလပ်စတစ်လုပ်ငန်း၊ ဖွဲနု၊ဆီစက် လုပ်ငန်းကြီးတွေလုပ်တဲ့ စီးပွားရေးလုပ်ငန်းရှင်ပေါ့။ တို့ဆီ ရောက်လာ တာတော့ ဦးကိုလေးတို့လို တရားအားထုတ်လိုတဲ့စိတ်နှင့် ရောက် လာတာတော့ မဟုတ်ဘူး။ သူ့ရဲ့ မိုင်းဂရိန်းခေါ်တဲ့ အပြင်းအထန် ခေါင်းကိုက်နာ ကုချင်လို့တဲ့။ လွှတ်လိုက်တဲ့သူက တရားရုံချုပ် တရားသူကြီး ဦးချန်ထွန်းလေ''

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဆဋ္ဌသံဂါယနာပွဲကြီး ဆင်ယင်ချိန်ဖြစ်၍ ဆာဦးသွင်၊ ဦးချန်ထွန်း စသည့်ပုဂ္ဂိုလ်ကြီးများနှင့် ဦးဂိုအင်ကာတို့ များစွာ ဆက်ဆံဆောင်ရွက်နေချိန်ဖြစ်ပေသည်။

''ဦးချန်ထွန်းက သူ့ကိုခေါ်လာပြီး မိုင်းဂရိန်းခေါင်းကိုက် နာ ငယ်စဉ်ကတည်းက စွဲကပ်ခဲ့တယ်။ ၁၂-ရက်တစ်ကြိမ် ရောဂါ ခံစားနေရတယ်။ ဆွစ်ဇာလန်၊ အင်္ဂလန်၊ အမေရိကန်၊ ဂျပန် အနှံ့ ငွေကိုရေလိုသုံးပြီး ဆေးဝါးကုသခဲ့တယ်၊ လုံးဝပျောက် ကင်းမှုမရှိ၊ မော်ဖီးရားဆေးထိုးပြီး ယာယီသက်သာမှုနှင့် နေနေရပါတယ်။ ကရုဏာ ရှေ့ထားပြီး ကူညီပေးပါလို့ လာပြောလာတယ်''

ဆရာကြီးက အတိုချုပ်အားဖြင့် ဤသို့ပြောကြားလိုက် သည်ဟု မှတ်သားခဲ့ရပါသည်။ အပြည့်ပြည့်ဆိုင်ရာ ဝိပဿနာ တရားလုပ်ငန်းဌာနသည် ရောဂါအမျိုးမျိုး ကုသပေးနေသော ဆေးကု ဌာနမဟုတ်၊ ဗုဒ္ဓမြတ်စွာဘုရား ဒေသနာတော်အတိုင်း ကျင့်စဉ်များကို လိုက်နာဆောင်ရွက်နေသော ဝိပဿနာတရားလုပ်ငန်းဌာနသာဖြစ် သည်။ ရောဂါပျောက်လိုသည့် စိတ်ဆန္ဒဖြင့်သာ ကမ္မဋ္ဌာန်းထိုင်၍ ရောဂါပျောက်နိုင်မည်မဟုတ်၊ ဗုဒ္ဓလမ်းစဉ်အတိုင်း ယုံကြည်သဒ္ဓါစိတ်ဖြင့် တရားအားထုတ်ပါက ကိုယ်တွင်း စိတ်တွင်း အညစ်အကြေးများ ကင်းစင်လာ၍သာ အနာရောဂါ ပျောက်ကင်းတတ်သည်။ အဓိက လုပ်ငန်းမှာ ကိုယ်စိတ်အညစ်အကြေးများ ကင်းစေရန် အားထုတ်ရမည်။ ကင်းစင်သည်နှင့်အမျှ ရောဂါဝေဒနာတို့လည်း ကင်းစင်စေရန် အကြောင်းရှိသည် ဟု ရှင်းပြလိုက်ကြောင်းသိရပါသည်။

ဟိန္ဒူခေါင်းဆောင်ကြီးအား ဗုဒ္ဓဘာသာကမ္မဋ္ဌာန်းလုပ်ငန်း ထိုင်စေရန် ပြောကြားလိုက်သောအခါ ၎င်း၏စိတ်တွင် မည်သို့ တွေးတောမိမည်မသိရ။ သို့သော် စေတီရိပ်သာသို့ ဝင်ရောက်လာ ကတည်းက ၎င်း၌ထူးခြားသောအတွေ့အကြုံများ တွေ့နေပုံရသည်

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုသည်။ ၎င်းအား ညှဉ်းပန်းနှိပ်စက်နေသော ဦးရည်းခေါင်းကိုက်ရောဂါမှာသက်သာသွားပုံရသည်။ထို့ကြောင့် ၁၉၅၅-ခု၊ စက်တင်ဘာလ ၁ ရက်နေ့ ကြာသပတေးနေ့တွင် လာရောက်တရားအားထုတ်ပါမည်ဟု ဆရာကြီးအား ကတိစကား ပြောကြားသွားသည်။

ထိုနောက် စေတီရိပ်သာမှ ပြန်သွားကတည်းက ၁၂-ရက် တစ်ကြိမ် ပေါ်နေကျဝေဒနာ မပေါ်လာခဲ့ဟု သိရသည်။ အလုပ်ကိစ္စနှင့် မြန်မာပြည်နေရာအနှံ့အပြား သွားလာနေရ၍ တရားထိုင်ရန် ကတိပေးထားချက်ကို သတိမပြုမိ၊ တရားထိုင်ရန် ရက်ချိန်းအတိုင်းလာဖြစ် မလာဖြစ်ကိုလည်း အကြောင်းမကြား တော့ဟု သိရသည်။ သို့ဖြင့် ဩဂုတ်လ ၃၁-ရက် ဗုဒ္ဓဟူးနေ့တိုင်း ရောက်ခဲ့သည်။ စေတီရိပ်သာတွင် ဆရာကြီးနှင့် ဆွေးနွေးပြီးကတည်းက မပေါ်ပေါက်ခဲ့သော ၎င်း၏ ဦးရည်းခေါင်းခဲနာသည် အပြင်းအထန် ဖြစ်ပေါ်လာခဲ့ပြန်သည်။ ထိုအခါမှသာလျှင် ၎င်းကတိပေးထားသည့်အတိုင်း ကမ္မဋ္ဌာန်းတရား ထိုင်ပါတော့ မည်ဟု ဆုံးဖြတ်ချက်ဒုံးဒုံးချ၍ နောက်တစ်နေ့နံနက်တွင် ဆရာကြီးထံမှောက်သို့ လာရောက်ခဲ့တော့သည်။

ဦးဂိုအင်ကာသည် ရိပ်သာတွင် ဆရာကြီး၏ ညွှန်ကြားချက်အတိုင်း သီလ၊ သမာဓိ၊ ပညာအဆင့်သုံးဆင့်အတွက် အားထုတ်သည်။ သမာဓိစခန်းတွင် သမာဓိရင့်သန်သည်နှင့်အမျှ အထိုက်အလျောက် အလင်းရောင်နိမိတ်များတွေ့ရသည်။ဝိပဿနာစခန်းတွင် ကိုယ်တွင်း စိတ်တွင်း ဖြစ်ပျက်ပြောင်းလဲ နေပုံတို့ကို ထင်ထင်ရှားရှား ကိုယ်တိုင်တွေ့သိရသည်။ ထို့ကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတရားများကို ပိုင်နိုင်ရှင်းလင်းစွာ သိသွားကြောင်းပြောကြားကြသည်။

"အေး ... နောက်ဆုံးတော့ ထိုက်သင့်တဲ့ ငြိမ်းချမ်းမှုရရှိသွားပြီး တရားစထိုင်ကတည်းကပဲ သူ့မိုင်းဂရိန်းခေါင်းခဲနာများ လုံးဝမပေါ်လာတော့ဘဲ ပျောက်ကင်းသွားတယ်။ ဗုဒ္ဓမြတ်စွာနှင့်

www.burmeseclassic.com

www.burmeseclassic.com



တရားတော်များကိုလည်း လွန်စွာသဒ္ဓါယုံကြည်မှု ဖြစ်ပွားလာပြီး သရဏဂုံ ၃–ပါး ဆောက်တည်ပြီး တရားတစ်ပတ် မထွက်မီဘဲ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူသွားတယ်''ဟု ဆရာကြီး က အကြောင်းစုံ ပြောပြဖူးပါသည်။

ဤသို့ဖြင့် ဦးဂိုအင်ကာကို လူချင်းမတွေ့ကြ၊ မသိကြမီ ကပင် သူ့အကြောင်းနှင့် တရားတော်၌ သဒ္ဓါယုံကြည်မှု အကြောင်းများကို အတော်အတန်သိထားခဲ့ရာ ကျွန်တော့်အတွက် ဦးဂိုအင်ကာက ''စစ်မှန်ပြီးဖြူစင်တဲ့ တရားတော်ရဲ့ ဂုဏ်ကျေးဇူးတော်တွေကို တရားနာရ၊ စာမှာဖတ်ရလို့ သိရှိတာမဟုတ်ဘူး။ ကိုယ်တိုင်ပဲ အချိန်မရွေး နေရာမရွေး တွေ့ရှိရတာ'' ဟုပြောသောအခါ အထူးအံ့သြစရာမဟုတ်တော့ပါ။ အနှစ် ၃၀ ကျော် ကိုယ်တိုင် အပြင်းအထန်ခံစားခဲ့ရသော ဝေဒနာမှတရားတော်၏ အကာလိကော၊ သန္ဒိဋ္ဌိကော၊ ဖေဟိပဿိကော ဂုဏ်ကျေးဇူးတော်များကြောင့် တစ်သက်ပတ်လုံးကင်းလွတ်ခဲ့သူ မဟုတ်ပါလော။ သူ့အတွက် တရားတော်၏ဂုဏ်ကျေးဇူးများသည် ဘယ်သောအခါမှ မေ့ပျောက်သွားနိုင်တော့မည် မဟုတ်ပါချေ။

ကျွန်တော်က ဦးဂိုအင်ကာထက် အသက်၁၂– နှစ်ခန့် ကြီးသည်။ တရားသက်တွင်မူ ဦးဂိုအင်ကာက ကျွန်တော့်ထက် ၅– နှစ်ကြီးပါသည်။ သူက ၁၉၅၅–ခု၊စက်တင်ဘာလတွင် တရားတော် နှင့်စတင်ထိတွေ့မှုရှိ၍ ကျွန်တော်က ၁၉၆၀–ပြည့်နှစ်၊ ဧပြီလတွင်မှသာ ကျေးဇူးရှင်ဝေဘူဆရာတော်ဘုရားကြီး၏ သွန်သင်ဆုံးမမှုကို စတင် ခံယူ၍ ထိုနှစ်ဒီဇင်ဘာလတွင်သာ ဆရာကြီးဦးဘခင် ထံမှောက် ရောက်ခဲ့ပါသည်။

ရှေးဦးစွာ ဆရာကြီးဦးဘခင်ထံတွင် ၃ လဆက်တိုက် တရားထိုင်ပြီးနောက် အင်းယားမြိုင်ရိပ်သာသို့ တစ်နှစ် နှစ်ကြိမ် သုံးကြိမ် ပြန်လှယ်၍ တရားပတ်ဝင်မြဲဖြစ်ခဲ့ပါသည်။ ရိပ်သာသို့

www.burmeseclassic.com



ရောက်တိုင်းလည်း ဦးဂိုအင်ကာတရားထိုင်သွားပုံအကြောင်းများ၊ နောက်ဆက်တွဲဖြစ်ပေါ်ပြောင်းလဲချက်များကို အစဉ်တစိုက်ကြား သိမှတ်သားခဲ့ရပါသည်။

''ဦးဂိုအင်ကာ တရားထိုင်တုန်းက အခက်အခဲမရှိတဲ့ အကြောင်းက ဆရာကြီးညွှန်ပြတဲ့အတိုင်း တစ်သဝေမသိမ်း လိုက်နာခဲ့လို့။ ပြီးတော့သူ့ရဲ့ပါရမီရင့်သန်မှုအလျောက် သမာဓိအင်အားကောင်းလို့ပဲ။ ဘာမှဆင်ခြင်ကြံဆမှု၊ တွေးတောမှု၊ ဘာသာဝါဒနှစ်မျိုး၊ နှိုင်းယှဉ်ကြည့်မှု စတဲ့ တရားလုပ်ငန်း၊ အနှောက်အယှက်ပြုရမယ့် ကိစ္စတွေမလုပ်နဲ့ပြောထားတာတွေကို မလုပ်ဘူး။ သမာဓိ အားကောင်းပြီးတရားအာရုံ တစ်ခုထည်းမှာသာ စူးစိုက်ထားဆိုရင် ပြောတဲ့အတိုင်း လုပ်လို့ စိတ်ကိုတစ် အာရုံမှာသာ ကောင်းကောင်းစိုက်ထားခဲ့တော့ တရားမြန်မြန်တွေ့တာပေါ့''

မှန်ပါသည်။ တရားကမ္မဋ္ဌာန်းလုပ်ငန်းတွင် ဆရာ၏လမ်းညွှန်ပြသမှုကို တစ်သဝေမတိမ်း တိတိကျကျလိုက်နာလုပ်ကိုင်မှ အောင်မြင်နိုင်ပါသည်။ ပြင်ပအာရုံသို့ စိတ်မပျံ့လွင့်အောင် ထိန်းသိမ်းနိုင်၍ ကိုယ်တွင်းအာရုံသို့စိတ်ညွတ်ထားနိုင်သည့်အဆင့် ရောက်သည့်တိုင်အောင် ဆင်ခြင်တွေးတော၊ သုံးသပ်မှုမျိုးစုံ စိတ်အာရုံတွင် ပေါ်ပေါက်လာသောအခါ နိုင်အောင်မထိမ်းကွပ်နိုင်ပါက ကိုယ်တွင်း စိတ်တွင်း ဖြစ်ပျက်ပြောင်းလဲနေပုံတို့ကို ထင်ထင်ရှားရှား မတွေ့သိနိုင်တော့ပါ။

တရားအားထုတ်နေစဉ် တွေးတောကြံစည်မှုများ လုံးဝ မပြုလုပ်ရန် ဆရာကြီးက ဆုံးမသည်ကို ကောင်းစွာမလိုက်နာ မိခဲ့၍ အခက်အခဲများတွေ့ရပုံများကို သတိရနေပါသည်။ ဆရာကြီးကလည်း နှိုင်းယှဉ်ပြောပြနေတတ်တတ်သည်။ ''ဂိုအင်ကာက ပြောတဲ့အတိုင်း လုပ်တယ်။ ဦးကိုလေးကပြောတဲ့ အတိုင်းမလုပ်ဘူး။ နည်းလမ်းမှန်မှန်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လုပ်တဲ့ရက်တွေမှာ တိုးတက်မှုရှိတယ်။ တိုးတက်မှုကလေး ရလာပြီဆိုရင် ဖောက်ဖောက်သွားပြန်ရော။ ပြီးတော့ ဦးကိုလေးက စာအုပ်ရေးဖို့ စိတ်ကူးနေတယ်။ တွေးတောကြံစည်နေတယ်။ ပုတ္တာကဘာဖြစ်လို့၊ ကိုက်တာကဘာဖြစ်လို့၊ ပုတာ၊ ကိုက်တာသိတော့ ဘာဖြစ်သလဲ။ အဲဒါတွေတွေးပြီးအဖြေရှာနေခဲ့တယ်။ အဲဒီတော့ တရားအာရုံ ပြတ်ပြီး အခက်အခဲတွေ တွေ့ခဲ့ရတယ်မဟုတ်လား။ ဂိုအင်ကာ ကတော့ ဒီလိုမဟုတ်ဘူး၊ သမာဓိအားကောင်းလို့ အရှိန်ရလာ တာနဲ့ ကိုယ်ခန္ဓာထဲ စူးစိုက်ကြည့်၊ ကိုယ်ထဲ၊ စိတ်ထဲ၊ ပြောင်းလဲနေပုံတွေကို ရှုကြည့်၊ အပြတ်မခံနှင့်လို့ပြောတာ၊ ပြောတဲ့အတိုင်း လုပ်တယ်။ ဒါကြောင့် ပါရမီအလျောက်၊ တွေ့သင့် တွေ့နိုင်တဲ့ တရားတွေ တွေ့ရှိသွားတာပေါ့'' ဟု ဆရာကြီးက ပြန်လှန်သုံးသပ်ပြတတ်ပါသည်။

ဦးဂိုအင်ကာတရားထိုင်သွားပြီးနောက် မကြာမီ ဦးဂိုအင်ကာသည် ၎င်းနှင့်အတူ မိသားစုအားလုံး ဆရာကြီးထံမှောက်သို့ ခေါ်လာပြီးလျှင် ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းတရားများ အားထုတ်စေကြောင်း၊ ၎င်းတို့လည်း ဗုဒ္ဓဘာသာဝင်များ ဖြစ်သွားကြပြန်ကြောင်း ကြားရသောအခါ ကြည်နူးဝမ်းမြောက်ခဲ့ရပါသည်။

နောက်တစ်ကြိမ် အင်းယားမြိုင်ရိပ်သာသို့ ရောက်သွားပြန်သောအခါ ယင်းမိသားစုတို့၏ ရတနာသုံးပါး၌ သဒ္ဓါယုံကြည်ခိုင်ခံ့မြဲမြံနေပုံ သတင်းကောင်းကို ထပ်မံကြားသိရပြန်ပါသည်။ ''ဟိုလက ဂိုအင်ကာတို့မိသားစု ရိပ်သာမလာနိုင်ကြဘူး၊ အန္ဒိယပြည် ဘုရားဖူးသွားကြတယ်'' ဟု အစချီပြီး ဦးဂိုအင်ကာ အကြောင်းကို ဆရာကြီးကပြောပြပြန်ပါသည်။

''သူတို့ အိန္ဒိယကို ဘုရားဖူးသက်သက်သွားတာပဲ၊ ဗုဒ္ဓဘာသာဝင်တွေရဲ့ အထွတ်အမြတ်ထားတဲ့ နေရာဌာနတွေ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိဖူးမြော်ခဲ့သတဲ့။ မြတ်စွာဘုရား ဖွားမြင်တော်မူသော နေရာဌာန၊ ဘုရားပွင့်တော်မူရာ နေရာဌာန၊ တရားဦး ဟောတော်မူရာဌာန၊ ပရိနိဗ္ဗာန်စံတော်မူရာဌာန၊ နှစ်ပေါင်းများစွာ သီတင်းသုံးနေထိုင်တော်မူခဲ့တဲ့ သာဝတ္ထိပြည်ဟောင်း နေရာဒေသအနှံ့အပြား လှည့်လည်ရောက်ရှိခဲ့သတဲ့။ မြတ်စွာဘုရားအား သက်တော်ထင်ရှားရှိစဉ်ကကဲ့သို့ ရည်မှန်းပြီး အဲဒီနေရာဌာနတိုင်းမှာ ပူဇော်ကန်တော့ခဲ့ကြသတဲ့''

''ဆရာကြီးနှင့် ဆရာမတို့ ပြောပြောပြလို့ မစ္စတာဂိုအင်ကာ အကြောင်းကြားရတာ တစ်နှစ်ကျော် နှစ်–နှစ်နီးပါး ရှိသွားပြီ။ တစ်ခါမှ မဆုံမိသေးဘူး။ တစ်ခါခါတော့ ဒီရိပ်သာမှာ တွေ့ဆုံမိကြကောင်းပါရဲ့'' ဟု ကျွန်တော်က မှတ်ချက်ပြုသောအခါ ''တွေ့ရမှာပါ၊ မတွေ့ရဘဲ မရှိပါဘူး။ ဆရာကြီးကလည်း တွေ့စေချင်ပါတယ်၊ အလုပ်တွေလုပ်စရာ အများကြီးရှိတယ်'' ဟု သူ့အတွေးနှင့်သူတွေးပြီး ဆရာကြီးက ပြောပြတတ်ခဲ့ပါသည်။

တရားတော်၏ ဂုဏ်ကျေးဇူးများကို ဦးဂိုအင်ကာ နှစ်နှစ် ကာကာ သဘောပေါက်နားလည်ပုံကို အိန္ဒိယသို့ဘုရားဖူး သွားကြစဉ်က အတွေ့အကြုံတစ်ခုအရ သိရပြန်ပါသည်။ နှစ်ရှည်လများ စွဲကပ်ခဲ့သော သူ၏မိုင်ဂရိန်းခေါင်းကိုက်ဝေဒနာသည် ၁၉၅၅–ခုနှစ် စက်တင်ဘာလတွင် ဓမ္မရောင်ခြည်စေတီအခန်း၌ ဝိပဿနာတရားကမ္မဋ္ဌာန်းကျင့်သုံးပြီးကတည်းက ပျောက်ကင်းချမ်းသာသွားခဲ့ပေသည်။

သို့သော် ဘုရားဖူးခရီးစဉ်တွင် နာလန္ဒတက္ကသိုလ် တည်ရာဌာနသို့ ရောက်သောအခါ ယခင်ဦးရည်းခေါင်းခဲနာ တစ်ကြိမ်ပြန်၍ ပေါ်လာပြန်သည်။ တည်းခိုရာဌာနတွင်ပင် ရန်ကုန် ဓမ္မရောင်ခြည် စေတီတော်နှင့် ဆရာကြီးဦးဘခင်အား မျှော်မှန်းကာ ဦးခိုက်လျက် မိမိသိရှိထားသော တရားနည်းလမ်းအတိုင်း ကိုယ်တွင်း၌ သက်ရောက်လာသည့် အညစ်အကြေးများကို တစ်ဦးတည်း ချေဖျက်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညှဉ်းပန်း နှိပ်စက်ခဲ့သော ဦးရည်းခေါင်းခဲဝေဒနာသည် လွင့်စဉ် ကင်းပျောက် သွားတော့သည်ဟု သိရှိခဲ့ရသည်။

ထိုအချိန်အခါတွင် မာရဝါရီလူမျိုးများ အသိုက်အဝန်းတွင် သာမက ဟိန္ဒူဘာသာဝင် အပေါင်းတို့တွင် ထင်ရှားကျော်ကြားသော ဦးဂိုအင်ကာကဲ့သို့ ပုဂ္ဂိုလ်ကြီး၌ ငယ်စဉ်ကပင် စွဲကပ်ခဲ့သော ရောဂါဝေဒနာဆိုးကြီး ထူးခြားစွာ ပျောက်ကင်းသွားသည့်သတင်း၊ ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်သွားသည့် သတင်းသည် ထိုထို အသိုက်အဝန်းအတွင်း ဂယက်ရိုက် ပျံ့နှံ့သွားခဲ့ပေသည်။

မြန်မာပြည်အနှံ့အပြားမှ ဆွေမျိုးနီးစပ်များ၊ မိတ်ဆွေ အပေါင်းအသင်းများ၊ စီးပွားရေးနှင့်ပတ်သတ်သူများသည် ဦးဂိုအင်ကာထံသို့ အကျိုးအကြောင်း မေးမြန်းစုံစမ်းရန် တဖွဲဖွဲရောက်ရှိလာခဲ့ကြပေသည်။ ထိုသူများအား ဦးဂိုအင်ကာက သူ၏ တရားလုပ်ငန်း ကိုယ်တွေ့ အကြောင်းအရာများကို ရှင်းလင်းပြောပြရတော့သည်။

ဤသို့ပြောပြရာ၌ ၎င်း၏ ဦးရည်းခေါင်းခဲဝေဒနာ ပျောက်ကင်းခြင်းသည် အဓိကအရေးတကြီး အကြောင်းမဟုတ်တော့ပါ။ မွန်မြတ်သော ဗုဒ္ဓဓမ္မ၏ အမြိုက်အရသာကိုသာလျှင် လေးလေးနက်နက် ရှေ့တန်းတင်၍ ပြောပေတော့သည်။ သူ့ဘဝသစ်သို့ ရောက်စေခဲ့သော တရားထူးတရားမြတ် ရရှိနိုင်သည့် ဓမ္မရောင်ခြည်စေတီ တရားဌာန အကြောင်းကို လည်းကောင်း၊ သူ့အားတရာညွှန်ကြားပြသပေးသည့် ဆရာကြီးဦးဘခင်အကြောင်းကိုလည်းကောင်း အားရပါးရ ပြန်လည် ပြောပြရပေသည်။

ဦးဂိုအင်ကာ၏ ထူးခြားပြောင်းလဲပုံများကို ကြားနာရပြီး နောက် ယင်းပရိသတ်သည် ဤထူးခြားသော တရားဌာနနှင့် လွန်စွာတန်ခိုးကြီးမားပုံရသော ဆရာကြီးအား တွေ့မြင်လိုသော ဆန္ဒဖြစ်ပေါ်လာကြပြန်သဖြင့် ဦးဂိုအင်ကာသည် ၎င်းတို့အား ( ) ကို

www.burmeseclassic.com



စေတီရိပ်သာသို့ နိဗ္ဗာန်ကူးတို့ပို့ပေးရတော့သည်။ ထိုအချိန်မှ စ၍ ဓမ္မရောင်ခြည်စေတီတော်တွင် လစဉ်တရားပတ်တိုင်း ဒိုတိဝတ်၊ ဆာရိဝတ် အိန္ဒိယနွယ်ဖွားများပါဝင်လာခဲ့ကြသည်။ တရားဌာနတွင် အိပ်ခန်း၊ ရေချိုးခန်း၊ ရေအိမ်သာ အစရှိသဖြင့် ပြည့်စုံပြီးဖြစ်၍ ၎င်းတို့၏ နေရေးထိုင်ရေးအတွက်မှာ အခက်အခဲ မရှိကြပေ။

စားသောက်ရေးမှာမူ သက်သတ်လွတ်နှင့် အသီးအနှံ များကိုသာ သုံးဆောင်ကြသောကြောင့် ရိပ်သာ၏ စည်းကမ်း နည်းလမ်းများနှင့် ကိုက်ညီသော်လည်း သူတစ်ပါးချက်ပြုတ်သည် ကို မစားသောက်ရသော ဇာတ်အခက်အခဲက ရှိနေပြန်သည်။ ထိုပြဿနာ ကို ဦးဂိုအင်ကာက ဒိုင်ခံ၍ ဖြေရှင်းပေးခဲ့လေသည်။

တရားအပတ်တိုင်း အိန္ဒိယလူမျိုး တရားသမားများ အားလုံးအတွက် ၎င်း၏အိမ်မှ စားသောက်ဖွယ်ရာများ ပို့ပေး သည်။ ကားဂိုဒေါင်တွင်လည်း သီးခြားစားဖိုဆောင် ပြုလုပ်၍ ချက်ပြုတ်ကြ သည်။ ရွှေစက်တော်၊ ကျိုက်ထီးရိုးဘုရားများသို့ ဗုဒ္ဓဘာသာမြန်မာများ ဘုရားဖူးသွားစဉ် တပျော်တပါး ချက်ပြုတ်စားသောက်ကြသကဲ့သို့ ၎င်းတို့လည်း စေတီရိပ်သာ၌ ပျော်ရွှင်စွာ စုရုံးချက်ပြုတ်ကြသည်ကို ကျွန်တော်တရားပတ်ဝင်တိုင်း တွေ့မြင်ခဲ့ရဖူးပါသည်။

ဤနေရာတွင် ဆရာကြီးဦးဘခင်က အိန္ဒိယအမျိုးအနွယ် တို့အား တရားပြသပုံအကြောင်းကို အလျဉ်းသင့်၍ ဖော်ပြလိုက် ပါသည်။ ပထမတွင် မြန်မာစကား၊ အင်္ဂလိပ်စကား မပေါက် ရောက်သော အိန္ဒိယ လူသိုက်အား တရားပြသပေးရာ၌ ဆရာကြီးတွင် အခက်အခဲများ တွေ့ခဲ့ရသည်။ ဆရာကြီးသည် ငွေစာရင်းမင်းကြီး ရုံးတွင် အိန္ဒိယအမျိုးသားအရာထမ်း၊ အမှုထမ်းတို့နှင့် နှစ်လရှည်စွာ ပူးတွဲလုပ်ကိုင်ခဲ့ရသူဖြစ်သဖြင့် ဟိန္ဒူစတန်နီစကား ထိုက်သင့်သလောက် တတ်သိပါသည်။ သို့ရာတွင် ဆရာကြီးသိရှိသော ဟိန္ဒူစတန်နီ

www.burmeseclassic.com

www.burmeseclassic.com



ဝေါဟာရသည် ကမ္ဘဒ္ဒါန်းခန်းတွင် မည်သို့ထိုင်၊ မည်သို့အသက်ရှူ၊ မည်သည့်နေရာတွင် စိတ်ထား၍ရှု စသည်တို့ကိုသာ ပြောဆိုနိုင်ရန် လုံလောက်ပေသည်။ တရားခန်းမှထွက်၍ တရားသဘောများကို ရှင်းလင်းပြသော အခါ၌ များစွာအကူအညီ မပေးနိုင်တော့ပေ။

သို့ရာတွင်ဖြစ်သည့်နည်းဖြင့် လက်ပြ၊ ခြေပြ၊ ကုလားစကား၊ အင်္ဂလိပ်စကား၊ မြန်မာစကားရောနှော၍ ဟောပြောပြသ နေသော ဆရာကြီးနှင့် တရားနာပရိသတ်တို့ကို အနီးအနားမှ တစ်စေ့တစောင်း ကြည့်ရှုစောင့်နားထောင်လေ့ရှိသော ကျွန်တော့်အတွက် ရွှင်မြူးဖွယ်ရာ အဖြစ်အပျက်ကလေးများကို ကြားယောင်မြင်ယောင်နေမိပါသေးသည်။

တစ်ကြိမ်တွင် ဆရာကြီးသည် သူ၏ပရိသတ်အား စိတ်အာရုံပျံ့လွင့်နေလျှင် ထိန်းသိမ်းပုံကို ရှင်းလင်းပြောပြပါသည်။ စိတ်အာရုံပျံ့လွင့်နေသည်ကို နှာသီးဖျားသို့ ပြန်လည်ရောက်အောင် ဆွဲယူရပုံမှာ နွားကလေးတစ်ကောင် ရုန်းကန်ပြေးနေသည့်တွင် နဖားကြိုးတပ်ချည်၍ တဖြည်းဖြည်း မိမိဘက်သို့ဆွဲယူရပုံနှင့် တူသည့် အကြောင်း ဆရာကြီးက ရှင်းလင်းပြောပြနေရာတွင် "ဟို၊ ဟို၊ ဂိုင်း၊ ဂိုင်း၊ ဂျန်တာဟေး ဂျန်တား၊ ဂိုင်းကနှာသီး ဖျား (နှာခေါင်းကိုင်ပြ၍) ရတ်ဆီဆေး၊ ဘန်းကတ်တား၊ ဖီရ်၊ အာစတေး၊ အာစတေး အိုင်ဆားမာဖီး၊ (ပူးလ်)" ဟု မြန်မာ၊ ဟိန္ဒူ၊ အင်္ဂလိပ်ဘာသာ စကားမျိုးစုံရောနှောပြီး လက်ဟန်၊ ခြေဟန်ဖြင့် ပြောနေရာ ကျွန်တော့်မှာ လွန်စွာရယ်ချင်လာသဖြင့် အဝေးသို့ထွက်ပြေးခဲ့ရဖူးပါသည်။

၁၉၆၂ ခု၊ မတ်လတွင် တော်လှန်ရေးအစိုးရတက်လာပြီး နောက်ပိုင်းမှစ၍ ကျွန်တော် ရိပ်သာသို့ရောက်ရှိတိုင်း ဦးဂိုအင်ကာ နှင့်မိသားစုတို့ကို အစဉ်လိုပင် တွေ့ဆုံခဲ့ရသည်။ ဆရာကြီးနှင့် ဆရာမ ဒေါ်မြသွင်တို့က ဦးဂိုအင်ကာအကြောင်းများ သူ တရားထိုင်စဉ် တွေ့ရှိပုံများကို ကျွန်တော့်အား ပြောပြခဲ့သည့် နည်းတူ ဦးဂိုအင်ကာ

www.burmeseclassic.com

www.burmeseclassic.com



အားလည်း ကျွန်တော်၏ အကြောင်းအရာများကို ပြောပြထားကြသည်။ ထို့ကြောင့် အချင်းချင်းမတွေ့မီကပင် တစ်ယောက်အကြောင်း တစ်ယောက် အတော်အတန် သိရှိထားပြီးဖြစ်သည်။ တရားလုပ်ငန်းတွင် သဒ္ဓါယုံကြည်မှု အပြည့်အဝရှိကြပုံ၊ လေးစားဂရုပြုကြပုံများကို ကြားသိပြီးဖြစ်ကြသည့်အတိုင်း နှစ်ဦးနှစ်ဝ တွေ့ဆုံကြသောအခါ၌ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်လေးစားကြကာ ခင်မင်ရင်းနှီးသော အခြေသို့ လျင်မြန် စွာရောက်ရှိခဲ့ကြသည်။

ဦးဂိုအင်ကာတို့မိသားစုသည် စေတီရိပ်သာတွင် တရားပတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ နေ့ပိုင်းလုပ်ငန်းဆောင်တာများ သိမ်းဆည်းပြီးနောက် ညဥ့်အချိန်များတွင် စေတီသို့လာရောက်၍ တရားထိုင်လေ့ရှိကြသည်။ ရိပ်သာရှိ ဓမ္မမိတ်ဆွေ အပေါင်းနှင့်အတူ အဓိဋ္ဌာန်အာရုံပြုပြီးနောက် ၉–နာရီကျော်မှ အိမ်ပြန်လေ့ရှိကြသည်။ ထိုအချိန်အခါများတွင် ဆရာကြီး ဟောပြောသော တရားများကို အိန္ဒိယအမျိုးသားများအား ဦးဂိုအင်ကာက စကားပြန်လုပ်ပေးလေ့ရှိပါသည်။

စီးပွားရေးလုပ်ငန်း အရပ်ရပ်ကို နိုင်ငံတော်က ပြည်သူပိုင်ပြုလုပ်လိုက်သော အချိန်တွင် တရားတော်၏ ဂုဏ်ကျေးဇူး အပေါင်းကို ဦးဂိုအင်ကာသည် ဆထက်တိုး၍ သိရှိလေးစား တန်ဖိုးထားနိုင်ပြန်ပေသည်။ ပြည်သူပိုင်ပြုလုပ်ခံရသော ဦးဂိုအင်ကာ၏ စီးပွားရေးလုပ်ငန်းကြီးများမှာ ဗန္ဓုလချည်စောင်၊ ပလတ်စတစ်စက်ရုံ၊ ပုသိမ်မြို့ရှိ ဖွင့်လှစ်တည်ထောင်ဆက်သွယ် လုပ်ဆောင်နေသော စက်မှုလက်မှု လုပ်ငန်းကြီးများ အားလုံး ဖြစ်ပေသည်။ ထိုအချိန်တွင် ဦးဂိုအင်ကာတို့၏ စီးပွားရေးလုပ်ငန်းထုထည်လောက် မကြီးကျယ်လှသော လုပ်ငန်းပိုင်ရှင်ကြီး အချို့တို့သည် မိမိတို့စီးပွားရေး ထိခိုက်ပျက်ပြားကြရ၍ သောကပရိဒေဝမီး တောက်လောင်ခံစားရပုံများကို ကြားသိတွေ့မြင်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဂိုအင်ကာအတွက်မှာမူ တရားတည်းဟူသော ထောက်တည်ရာကို လက်ဆုပ်လက်ကိုင်ရရှိပြီး တရား ရေစင်ကို သောက်သုံးသောအားဖြင့် မတုန်မလှုပ် ပကတိ ငြိမ်ချမ်းစွာ တည်နေနိုင်ခဲ့ပေသည်။

မိမိစီးပွားရေးလုပ်ငန်းများတွင် အချိန်မပေးရသောအခါ ဦးဂိုအင်ကာသည် ဆရာကြီးထံတွင် တရားပတ်ဝင်ရုံသာမဟုတ် တရားရက်ရှည် အားထုတ်လာသည်။ စာတွေ့အဖြစ်ဖြင့်လည်း ဗုဒ္ဓတရားတော်များကို လေးလေးနက်နက် သဘောပေါက်သိရှိရန် ဆရာကြီး၏ ညွှန်ကြားပြသမှုကို ခံယူလျက် အဘိဓမ္မာ သင်္ဂြိုဟ် နှင့် ဝိသုဒ္ဓိမဂ်ကျမ်း၊ အင်္ဂလိပ်ဘာသာပြန်မှုကို စနစ်တကျ လေ့လာသင်ယူလေသည်။ ၎င်း၏ မဂိုလမ်း (ရွှေဘုံသာလမ်း) နေအိမ်တွင် သီးသန့်တရားခန်းတစ်ခု မွမ်းမံပြုပြင်၍ ပလ္လင်တံကဲနှင့်တကွ ဗုဒ္ဓဆင်းတုတော်တစ်ဆူကိုလည်း ပူဇော်ကိုးကွယ်ထားသည်။

တစ်ချိန်တည်းမှာပင် ဗုဒ္ဓတရားတော်နှင့် ပတ်သတ်၍ စာအုပ်စာတမ်းများကို ဟိန္ဒီဘာသာဖြင့် ပြန်လည်ရေးသား ပြုစုခဲ့သည်။ မင်္ဂလသုတ်တော်ကို ဟိန္ဒီဘာသာဖြင့် အနက်အဓိပ္ပါယ်ရှင်းလင်းပြသသော ကျမ်းဂန်တစ်စောင်ကိုပြုစုသည်။ ယင်းမင်္ဂလသုတ် ဟိန္ဒီဘာသာပြန် ကျမ်းတစ်စောင်ကို ဦးဂိုအင်ကာက ကျွန်တော့်အား ခင်မင်စွာ ဓမ္မဒါနပြုခဲ့သဖြင့် ကျွန်တော်က အမြတ်တနိုးလက်ခံရယူခဲ့ရာ ယခုတိုင်ပင် အမှတ်တရ သိမ်းဆည်းထားလျက်ရှိပေသည်။ ဦးဂိုအင်ကာသည် ၎င်းနှင့်အတူနေသော မိသားစုအားလုံးအား မင်္ဂလသုတ်ကို နှုတ်တက်အရ ကျက်စေ၍ ဘုရားခန်းတွင် တရားမထိုင်မီ နေ့စဉ် နံနက်တိုင်း ရွတ်ဖတ်သရဇ္ဈာယ်စေသည်။ မင်္ဂလသုတ်ပါဠိတော်ကို မဇ္ဈိမဒေသအသံထွက်ဖြင့် ဒွာန်ကရိဏ်းကျစွာ ရွတ်ဆိုကြသည်မှာ သာယာနာပျော်ဖွယ်ရှိလှပေသည်။

ယခုအခါတွင် အချိန်အားရနေသော ဦးဂိုအင်ကာသည်

www.burmeseclassic.com



စေတီရိပ်သာ၌ တရားလုပ်ငန်းကိုသည်လျှင် ၎င်း၏အလုပ်အကိုင် အဖြစ်ယူဆ၍ လုပ်ကိုင်နေတော့သည်။ တောင်ငူ၊ မန္တလေး၊ ပြည်၊ ပေါင်းတည်၊ တောင်ကြီး စသော မြန်မာပြည်အရပ်ရပ်မှ ၎င်း၏ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းကိုလည်း စေတီရိပ်သာသို့ ဖိတ်ခေါ်၍ တရားအားထုတ်စေသည်။ ၎င်းတို့၏ စိတ်သောက ပူပန်မှုကို ဗုဒ္ဓ၏တရားမြတ်ဖြင့် မိမိနည်းတူ အေးချမ်းသက်သာရာရစေသည်။ အိန္ဒိယပရိသတ်များ စေတီရိပ်သာသို့ ပိုမိုများပြားစွာ ရောက်ရှိလာရာတွင် ၎င်းတို့၏ နေရေးထိုင်ရေး သက်သာမှုတွက် ဦးဂိုအင်ကာက အဆောက်အဦနှစ်ခုကို ဆောက်လုပ်လှူဒါန်းသည်။ တရားဟော ဆောင်အဖြစ် အသုံးပြုသော ဓမ္မာရုံဟောင်းကြီးကိုလည်း အုတ်အင်္ဂတေ တို့ဖြင့် ပြင်ဆင်မွမ်းမံ၍ ခြင်လုံသံဆန်ခါများ တပ်ဆင်လှူဒါန်းသည်။ ရိပ်သာအဝင်အထွက်လမ်းတွင် ရွှံ့ ရေကင်းစင်စေရန် အုတ်၊ ကျောက်ခံ၍ လမ်းကိုတိုးချဲ့ဆောက်လုပ်သော ကုသိုလ်ကောင်းမှုများကိုလည်း ဦးဂိုအင်ကာတို့၏အဖွဲ့ကပင် ပြုလုပ်ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပေသည်။

ဃဃဖ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

### ဆရာကြီးဦးဘခင်၏ သာသနာပြုလုပ်ငန်းတွင် ဦးဂိုအင်ကာ ပါဝင်ဆောင်ရွက်နိုင်ရန် ကွင်းဆင်းသင်ကြားပေးခြင်း။

အင်းယားမြိုင်ရိပ်သာတွင် အိန္ဒိယပရိသတ်များ တရားအားထုတ်သော တရားပတ်တစ်လျှောက်လုံး ဦးဂိုအင်ကာသည် ဆရာကြီးနှင့် ဆရာမဒေါ်မြသွင် အနီးအပါးတွင် အစဉ်ရှိနေနိုင် ခဲ့သည်။ ၎င်းကိုယ်တိုင်ပင် တရားအရည်အသွေး အတော်အတန် ပြည့်ဖြိုးနေပြီး ဖြစ်ရကား တရားဟောပြောရာတွင် စကားပြန်အဖြစ် ဆောင်ရွက်ရုံသာမဟုတ်တော့ဘဲ တရားပြလုပ်ငန်း၌ပင် အကူအညီပေးလာ နိုင်သည်။

ယုံကြည်သဒ္ဓါစိတ် အပြည့်အဝရှိ၍ ဖွဲ့လုံ့လဝီရိယ အထူး

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်လှသည့်ပြင် အသိဉာဏ်အရာ၌လည်း လျင်မြန်ထက်မြက်လှသော ဦးကိုအင်ကာအား ဆရာကြီးသည် သူ၏သာသနာပြုလုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းစဉ်းစားခြင်း ပြုလာဟန်ရှိပေ သည်။ နေ့ရောညပါ ၎င်းအား သွန်သင်ပြသပေး၍ များမကြာမီ ဆရာကြီး ယုံကြည်စိတ်ချရသော တပည့်ကောင်းတစ်ယောက် ဖြစ်လာတော့သည်။

ကျွန်တော်သည် စေတီရိပ်သာသို့ ရောက်ရှိတိုင်း ဦးကိုအင်ကာနှင့် ၎င်း၏ပရိတ်သတ်များကို သိုက်သိုက်ဝန်းဝန်း တွေ့ရှိသည်မှာ အစဉ်လိုပင်ဖြစ်လာသည်။ ထိုစဉ်က ဦးကိုအင်ကာသည် ဆရာကြီးအတွက် စကားပြန်အဖြစ် သာမန်အကူအညီ ပေးနေသည်ဟုသာ ထင်မှတ်ခဲ့သည်။ ၁၉၆၇–ခု၊ ဇန်နဝါရီလ ရောက်မှသာလျှင် ဦးကိုအင်ကာအား ဆရာကြီးက သာမန်တရား သမားတစ်ဦးအနေဖြင့် မယူဆတော့ဘဲ ၎င်း၏သာသနာပြုလုပ် ငန်းတွင် တစ်ဖက်တစ်လမ်းမှ အကူအညီပေးနိုင်သည့် လက်ထောက်တစ်ဦးအဖြစ်ပင် ယုံကြည်အားကိုးလာကြောင်း သိရသည်။

ထိုနှစ် ဇန်နဝါရီလဆန်းတွင် ဆရာကြီး၊ ဆရာမဒေါ်မြသွင်နှင့် ခင်ပွန်းဦးချစ်တင်၊ ဦးကိုအင်ကာနှင့် မိသားစုအားလုံး မန္တလေးမြို့သို့ ရောက်ရှိလာကြသည်။ မန္တလေးတွင် ၂၇–လမ်း နှင့် ၂၈–လမ်းကြား၊ ၈၃–လမ်းပေါ်ရှိ လေးထပ်တိုက် တစ်လုံး၏ အပေါ်ဆုံးထပ်တွင် တည်းခိုစခန်းချကြသည်။

ဤသို့ရောက်လာခြင်းမှာ ဆရာကြီး ဦးဘခင်၏ လိုအင်ဆန္ဒကို ဦးကိုအင်ကာက အပြည့်အစုံ ဖြည့်စွမ်းပေးလိုက်ခြင်း ဖြစ်ပေသည်။ စစ်ကြီးမဖြစ်မီက ဆရာကြီးသည် အလုပ်ဝတ္တရားဖြင့် ရောက်လေရာ အရပ်၌ ပုဂ္ဂိုလ်တစ်ဦးစ နှစ်ဦးစကို တရားပြသပေးခဲ့သည်။ ဝေဘူ ဆရာတော်ဘုရားကြီး၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ခြင်း

www.burmeseclassic.com



ဖြစ်ပေသည်။ စစ်ပြီးသည့်နောက် အစိုးရလုပ်ငန်းအနေဖြင့် နယ်သို့ ထွက်ခွင့်မကြုံတော့ပေ၊ တာဝန်ဝတ္တရားများပြားသဖြင့်လည်း ရန်ကုန်မြို့မှ ထွက်ခွာနိုင်ခြင်းမရှိပေ။ ထို့ကြောင့် တရားပြသပေးမှုကို အင်းယားမြိုင်လမ်းရှိ ဓမ္မရောင်ခြည်စေတီတွင်သာ အခြေပြု၍ ဆောင်ရွက်ခဲ့ရသည်။ ဆရာကြီးထံမှ တရားနည်းလမ်းရှာဖွေလိုသူတို့သည် ဤဗဟိုဌာနသို့ လာရောက်နိုင်မှ တရားအားထုတ်နိုင်ကြတော့သည်။

ဆရာကြီးသည် မြတ်စွာဘုရား အဆုံးအမရှိတော်မူသည့်အတိုင်း သာသနာပြုလုပ်ငန်းကို နေရာအနှံ့အပြား လှည့်လည်၍ ပြုလုပ်လိုသည်။ သို့သော်လည်း ၁၉၆၇–ခုနှစ်တိုင်အောင် အစိုးရတာဝန်များကြောင့် အခါအခွင့်မသင့်ခဲ့ပေ။ ထိုနှစ်တွင်မူ ဆရာကြီးသည် လောကီကိစ္စအဝဝမှ အနားယူခွင့် ရလာနိုင်သည်။ ရန်ကုန်မှ ထွက်၍ အရပ်ရပ်လှည့်လည် တရားပြသပေးလိုသော ယင်းဆန္ဒအတိုင်း ဆောင်ရွက်လာနိုင်တော့သည်။

ဦးဂိုအင်ကာတွင်လည်း ဆရာကြီး၏ လိုအင်ဆန္ဒပြည့်ဝ စေရန် အခြေအနေများကို ဖန်တီးပေးနိုင်ချိန်ဖြစ်သည်။ ရန်ကုန်မြို့သို့ တကူးတကမလာရောက်နိုင်ကြသော အိန္ဒိယအမျိုးသားအပေါင်းတို့ကလည်း ဆရာကြီးအား မန္တလေးသို့ ပင့်ဖိတ်ပေးပါရန် တောင်းခံလာနေသော အချိန်အခါလည်းဖြစ်သည်။ မန္တလေးတွင် ဆရာကြီး၏ ပရိတ်သတ်များ တည်းခိုနေထိုင်ရန်သာမဟုတ်၊ တရားအားထုတ်သူအပေါင်းတို့အတွက်လည်း နေရာထိုင်ခင်း စီစဉ်ပေးနိုင်ရန် ဦးဂိုအင်ကာ၌ အသိုက်အဝန်း အပြည့်အစုံရှိသည်။ ထိုသို့ အကြောင်းအမျိုးမျိုး ညီညွတ်စည်းလုံးလာသောကြောင့် ဗဟိုဌာနမှခွဲခွာ၍ ရပ်ဝေး၌ ပထမအကြိမ် တရားပြသပေးရန် ဆရာကြီးတို့အဖွဲ့ မန္တလေးသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအစီအစဉ် ဖြစ်မြောက်ရန် လုံးဝတာဝန်ယူဆောင်ရွက်ပေးသူများမှာ ဦးဂိုအင်ကာနှင့် ၎င်း၏မိသားစုများ၊ ဆွေမျိုးမိတ်ဆွေများနှင့် တပည့်တပန်းများ ဖြစ်ကြသည်။ လေးထပ်တိုက်အမိုးပြန့်တွင် တရားသမား ၂၀–ကျော် နေထိုင်ရန်၊ တရားအားထုတ်ရန် ကျူထရံကာ၊ ဝါးကပ်မိုး အခန်းငယ်များ ဆရာကြီး တို့မရောက်မီကပင် အသင့်ပြင်ဆင်ပြီးဖြစ်သည်။ ရေ၊ မီး၊ ရေချိုးခန်း၊ ရေအိမ်သာအပြည့်အစုံလည်း စီစဉ်ထားသည်။ ချက်ပြုတ်ခန်း၊ စားသောက်ခန်းများကလည်း တပါတည်းအဆင်သင့်ဖြစ်သည်။ ထို့ကြောင့် ယာယီအစီအစဉ်ဖြစ်သော်လည်း တရားသမားအားလုံးကိုယ်စိတ်ချမ်းသာစွာတရားအားထုတ် နိုင်ကြပေသည်။

ဆရာကြီးတို့၏ မန္တလေးခရီးစဉ်ကို ကြိုတင်အကြောင်းကြားထားသည့်အတိုင်း ကျွန်တော်လည်း ပြင်ဦးလွင်မြို့မှ မန္တလေးသို့ဆင်းလာပြီး ဆရာကြီးတို့နှင့်အတူ တရားစခန်းတွင် ရက်အနည်းငယ်နေထိုင်ခဲ့ပါသည်။ ထိုရက်များတွင် ဆရာကြီးတို့ တရားလုပ်ငန်းနှင့်ပတ်သတ်၍ မေးမြန်းစုံစမ်းလိုသူများ လာရောက်တွေ့ဆုံခဲ့ကြပါသည်။ စုံစမ်းရုံသက်သက်ဖြစ်သော ပုဂ္ဂိုလ်များအား တရားစခန်းမစမီ တစ်ရက်သတ်မှတ်ပြီး ဆရာကြီးက လက်ခံတွေ့ဆုံပါသည်။ ဤသို့ လာရောက်စုံစမ်း ကြရာတွင် ကျွန်တော်၏ ဦးကြီးများဖြစ်သော ပိုက်ကျိုးမှ သစ်စက်ပိုင်ရှင် ဦးချစ်ခနှင့် ဦးသာဌေး၊ မိတ်ဆွေကြီးများ ဖြစ်သော ဓားတန်းဦးသန့်နှင့် ဒေါက်တာဆိုနီတို့ပါဝင်ကြောင်း မှတ်မိနေပါသည်။ အိန္ဒိယအမျိုးအနွယ် ပရိသတ်ပွဲတောင်းသဖြင့် စီလမ်းရှိ အထက်တန်းကျောင်းတွင် ဦးဂိုအင်ကာက သူအဘယ့်ကြောင့် ဗုဒ္ဓဘာသာပြောင်းလဲလက်ခံခဲ့ကြောင်းနှင့် တရားတော်၏ဂုဏ်ကျေးဇူးတော်များအကြောင်းကို ရှင်းလင်းဟောပြရပေသေးသည်။

မန္တလေးပရိသတ်အား တရားပြသပေးရာ၌ ဦးဂိုအင်ကာ အား

www.burmeseclassic.com

www.burmeseclassic.com



စကားပြန်အဖြစ်သာမဟုတ်ဘဲ ဆရာကြီး၏ လက်ထောက်အဖြစ် စတင်ဆောင်ရွက်စေခြင်းခံရသည်။ အမျိုးသမီးများအား ညွှန်ကြားပြသပေးသော ဆရာမကိုလည်း လိုသောအကူအညီများပေးခဲ့သည်။

ဆရာကြီးက တရားပေးပြီးနောက်ပိုင်း၌ တရားစစ်ဆေးခြင်း၊ အခက်အခဲများ ကူညီဖြေရှင်းခြင်း စသောလုပ်ငန်းများကို ဦးဂိုအင်ကာအား ယုံကြည်လွှဲအပ်ခြင်းခံလာရသည်။ ဤသို့ဖြင့် ဆရာကြီး၏ နယ်လှည့်တရားပြသပေးသော လုပ်ငန်းကြီးမှာ ချောမောစွာ အောင်မြင်ပြီးဆုံးသွားခဲ့သည်။ တရားသမား အားလုံးကျေနပ်နှစ်သိမ့်မှုရကြသည်။ ဆရာကြီးတို့အဖွဲ့လည်း ရွှင်လန်းဝမ်းမြောက်စွာဖြင့် ရန်ကုန်သို့ ပြန်သွားနိုင်ကြသည်။

ရန်ကုန် ဗဟိုဌာနမှ ခွဲခွာ၍ မန္တလေးမြို့တွင် ဆရာကြီး ဦးဘခင်တို့အဖွဲ့ အောင်မြင်စွာ တရားစခန်းဖွင့်သည့် သတင်းကို တရားထိုင်လိုသူ အခြားပုဂ္ဂိုလ်များက အလားတူ တရားစခန်း များဖွင့်လှစ်ချီးမြှင့်ပါရန် လူအတန်တန်၊ စာအတန်တန် တောင်းပန်လာကြပြန်သည်။ ထို့ကြောင့် ထိုနှစ် မြန်မာနှစ်သစ် ကူးပြောင်းပြီးနောက် ဧပြီလတွင် ဆရာကြီးတို့ တရားစခန်းဖွင့်လှစ်ရန် ခရီးထွက်ကြရပြန်သည်။

ဤတစ်ကြိမ်တွင် အခြေစိုက်တရားစခန်းအဖြစ် ပြင်ဦးလွင်မြို့ကို ရွေးချယ်သတ်မှတ်ခဲ့ကြသည်။ ယခင်တရားပတ်ကို လွတ်သွားခဲ့သော မန္တလေးမှ ပရိသတ်များ သီပေါ၊ လားရှိုး ဘက်မှ ပုဂ္ဂိုလ်များ ပြင်ဦးလွင်မြို့သို့ စုဝေးရောက်လာကြသည်။ အိန္ဒိယနွယ်ဖွား တရားသမားများက အများစုဖြစ်သည်။ ပြင်ဦးလွင်မြို့မှ မြန်မာအမျိုးသမီး ခုနစ်ဦးနှင့် အမျိုးသားတစ်ဦးပါဝင်သည်။ နေရာထိုင်ခင်းအတွက် ပြင်ဦးလွင်မြို့မှ ကုန်သည်ကြီး မစ္စတာကေဒီးယားမိသားစုက တာဝန်ယူ၍ ဈေးအနောက်ဘက် ဟိန္ဒူတည်းခိုရိပ်သာကြီးတွင် နေရာချထားပေး

www.burmeseclassic.com



သည်။ အစစအရာရာ စီမံခန့်ခွဲမှုကို ဦးဂိုအင်ကာကပင် လုံးဝတာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။ တရားပေးရာ၊ တရားရှင်းပြရာ၊ တရားစစ်ရာ တို့၌ထိုင်လျက် ပူးတွဲတာဝန်ယူစေသည်။

ဤသို့ဖြင့် ဦးဂိုအင်ကာသည် ဆရာကြီးယုံကြည် လွှဲအပ်ခြင်းခံရသော တရားပြဆရာတစ်ဦးအဖြစ် အလိုအလျောက် ဖြစ်လာသည်ကို ကျွန်တော်မြင်တွေ့ခဲ့ရသည်။

ဆရာကြီး၏ နယ်လှည့်သာသနာပြုလုပ်ငန်းတွင် ပါဝင်ကူညီဆောင်ရွက်နေသော ဦးဂိုအင်ကာ၏ သဒ္ဓါယုံကြည်မှု၊ စိတ်အားထက်သန်မှုတို့မှာ အံ့မခန်းလိလိရှိလှပေသည်။ စီမံအုပ်ချုပ်မှုကျွမ်းကျင်ခြင်း၊ အပြောအဆို ပြေပြစ်လိမ္မာခြင်း၊ မည်သည့်အခက်အခဲမဆို ဖြေရှင်းနိုင်ခြင်း၊ တရားပြသရာ၌ ပေါ်ပေါက်လာသော ပြဿနာအရပ်ရပ်ကိုပင် ပြေလည်အောင် ရှင်းလင်းပေးနိုင်ခြင်းစသော ဦးဂိုအင်ကာ၏ ထူးခြားသော ဂုဏ်အရည်အချင်းတို့ကို ဤပြင်ဦးလွင်တရားစခန်းတွင် ကျွန်တော်ကိုယ်တိုင် မျက်မြင်တွေ့လိုက်ရပါသည်။ မေမြို့( ယခု ပြင်ဦးလွင်မြို့ )နေ လူခံများအဖြစ် မစ္စတာကေဒီးယားနှင့် ကျွန်တော်တို့သည် ဆရာကြီး၏ လုပ်ငန်းကို ကူညီရန် သွားရောက်ဝိုင်းဝန်းခဲ့ကြပါသည်။ သို့ရာတွင် မည်သည့်နေရာ တွင်မျှ ကျွန်တော်တို့က ထိရောက်စွာ ကူညီပေးရသည်ဟု မတွေ့ရပါ။ အစစအရာရာ ဦးဂိုအင်ကာကိုယ်တိုင်ပင် ဦးစီးဆောင်ရွက်၍ လုပ်ကိုင်သွားပါသည်။

ဦးဂိုအင်ကာ၏ မိသားစုအားလုံး ပြင်ဦးလွင်မြို့သို့ လိုက်ပါလာကြ၍ ၎င်းတို့သည်လည်း ဆရာကြီးထံမှ တရားခံယူပြီး သူများပီပီ သဒ္ဓါတရားထက်သန်စွာဖြင့် လိုလေသေးမရှိရန် ကူညီဆောင်ရွက်သွားခဲ့ကြပေသည်။ အထူးခြားဆုံး အစီအစဉ်မှာ နံနက်ပိုင်တရားထိုင်ချိန်မစမီ ဘုရားကိုအာရုံပြု၍ ဦးဂိုအင်ကာတို့မိသားစုများ စုရုံးအော

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာတရားတော်ကို ရွတ်ဖတ်သရဇ္ဈာယ်၍ ပူဇော်သောအခမ်းအနားပင်ဖြစ်သည်။ ဤသို့ ရွတ်ဖတ်ပူဇော်ကြသော မင်္ဂလာတရားတော်သရဇ္ဈာယ်သံသည် လွန်စွာသာယာနာပျော်ဖွယ်ရှိလှပေသည်။ စိတ်ကြည်နူးကြရပေသည်။ တရားကမ္မဋ္ဌာန်း လုပ်ငန်းကိုစရန် မွန်မြတ်သော နိဒါန်းကလေးပင်ဖြစ်ပေသည်။

ဤဒုတိယအကြိမ် ပြင်ဦးလွင်မြို့စခန်း၌ တရားပြသရာတွင်လည်း လုံးဝအောင်မြင်မှု ရရှိကြကြောင်း အများပရိသတ်ရွှင်လန်းဝမ်းမြောက်စွာ သာဓုအနုမောဒနာ ခေါ်ခဲ့ကြရပြန်ပါ သည်။ တရားပတ် ပြီးဆုံးသောနေ့ ညနေတွင် ဆရာကြီးသည် ဦးချစ်တင်နှင့် ဆရာမ၊ ဦးဂိုအင်ကာနှင့် ဇနီးတို့နှင့်အတူ ပြင်ဦးလွင်မြို့ ချယ်ရီလမ်းရှိ ကျွန်တော်၏ နေအိမ်သို့ အလည် အပတ်ကြွရောက်ချီးမြှင့်ပါသည်။ ညှော်သည်ပရိသတ်များအား အဖျော်ယမကာနှင့် ညှော်ခံပြီးနောက်တွင် ဆရာကြီးသည် အိမ်ဦးခန်းရှိ သီးသန့်ဘုရားခန်းနှင့် တရားထိုင်ရာအခန်းသို့ ဝင်ရောက်၍ ကြည့်ရှုလေ့လာပါသည်။ ဘုရားခန်းတွင် မြတ်စွာ ဘုရားဆင်းတုတော်နှင့် ပုံတော်များ၊ ကျေးဇူးရှင် ဝေဘူဆရာတော်ကြီးပုံတော်များကိုသာ တွေ့ရှိရ၍ ကျေနပ်နှစ်မြို့က်သွားပုံရပါသည်။ ယုံကြည်ကိုးကွယ်မှုတွင် ထေရဝါဒဗုဒ္ဓဘာသာ စစ်စစ်ကိုသာ လက်ခံကျင့်သုံးနေသည်ကို တွေ့မြင်သွားပေသည်။ ဘုရားခန်းအတွင်းရှိ စာကြည့်ဗီရိုကို လေ့လာကြည့်ရှုပြီး ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ ပြုစုရေးသားသော ကျမ်းစာများ၊ ဘာသာဋီကာများနှင့် ဝိသုဒ္ဓိမဂ် အင်္ဂလိပ်နှင့် မြန်မာပြန်စာအုပ်များကို တွေ့မြင်သွားခဲ့ပေသည်။ မိမိအိမ်မှ ပြန်လည်ထွက်ခွာ မသွားမီ အိမ်ဝင်းခြံအတွင်း လေ့လာ၍ ဥယျာဉ်ကို ထိန်းသိမ်း ယုယသူ၊ အိမ်ရှင်ဇနီးသည်အား ချီးမွမ်းစကား ပြောကြားသွားခဲ့ပေသည်။

ထိုနေ့ ညတွင် မစ္စတာကေဒီးယားတို့အိမ်မှ ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



တို့အဖွဲ့အား ညစာတည်ခင်းကျွေးမွေးပါသည်။ ကျွန်တော်တို့ ဇနီးမောင်နှံကိုလည်း ဖိတ်မန္တကပြုသဖြင့် ဂုဏ်သရေရှိ အိန္ဒိယအမျိုးသားတစ်ဦးနေအိမ်တွင် အိန္ဒိယနွယ်ဖွားတို့ သုံးဆောင်ကြသည့်အတိုင်း စားသုံးဖွယ်များကို ပထမဆုံးအကြိမ် စားသုံးခဲ့ရပေသည်။ အပြင်မှ အိန္ဒိယစားသောက်ဆိုင်အမျိုးမျိုးတွင် ဝင်ရောက်စားသောက်ခဲ့ဖူးသော်လည်း အထက်တန်းအိန္ဒိယအမျိုးသားတို့ နေအိမ်တွင် စားသောက်ကြပုံ လေ့လာတွေ့မြင်ရသည်မှာ ကျွန်တော့်အတွက် ထိုအကြိမ်သည် ပထမဦးစုံးအကြိမ်ဖြစ်ပေသည်။ အာလူးဟင်း၊ ဗာဂျီဟင်း၊ ပဲဟင်းတို့ကို ချပါတီ၊ ပူရီ စသည်တို့ဖြင့် စတင်သုံးဆောင်ကြ၍ နောက်ဆုံးတွင် ဘရာယနီခေါ် ထောပတ်ထမင်းနှင့်အဆုံးသတ်ကြသည်။ ထိုအစားအစာကို သရက်သီး၊ မရမ်းသီး၊ ပူတီနမ်တို့ဖြင့် ပြုလုပ်ထားသော ချပ်သနီးခေါ် သနပ်မျိုးစုံးနှင့် တွဲဖက်စားသုံးကြရသည်။

နောက်ဆက်တွဲ အချိုပွဲများမှာ ငှက်ပျော၊လိမ္မော် စသော သစ်သီးများ၊ မလိုင်လုံး၊ ဂျလေဘီစသော အိန္ဒိယအချို မုန့်များနှင့် ယှဉ်းမပါလျှင် အိန္ဒိယထမင်းပွဲ မပြည့်မစုံဖြစ်မည့် ဒိန်ချဉ်ဖြစ်ပေသည်။ ကျွန်တော်သည် ဒိန်ချဉ်ကို ဝမ်းပျက်စေသည့် အစားအစာတစ်ခုဟု ယုံကြည်ခဲ့၍ အစဉ်ရှောင်ရှားခဲ့ပါသည်။ ထိုနေ့ထမင်းစားပွဲတွင်မှ ဦးဂိုအင်ကာက အိန္ဒိယ အစားအသောက်များအကြောင်းကို ရှင်းလင်းပြောပြသဖြင့် ဒိန်ချဉ်သည် ဝမ်းပျက်စေသော အစာမဟုတ်သည့်ပြင် အိန္ဒိယအစားအစာများတွင် ဝမ်းပျက်ဝမ်းဖော ဖြစ်စေနိုင်သည့် အာလူး၊ပဲ စသည်တို့ နှင့် သလိပ်ပွစေမည့် ဂျုံမုန့်၊ အကြော်အလှော် အချိုမုန့်များကို ချေဖျက်ပေးနိုင်သည့် ဓာတ်စာကောင်းတစ်ခု ဖြစ်ကြောင်းကို သိရပါသည်။ ထိုအချိန်မှစ၍ ကျွန်တော်သည် ဒိန်ချဉ်ကို နှစ်ခြိုက်စွာစားသုံးခဲ့ရာ ဘေးအန္တရာယ်မရှိသည့်ပြင် ကျန်းမာရေး

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဆေးကောင်းတစ်ခွက်ဖြစ်ကြောင်း သိရှိလာရပါသည်။

ထမင်းစားပွဲတွင် ဆရာကြီးက မမျှော်လင့်သော သတင်းတစ်ခု ပြောလိုက်ပါသည်။ နောက်တစ်နေ့တွင် ဦးဂို အင်ကာတို့ မိသားစုက ရန်ကုန်ပြန်ကြမည်။ ဆရာမဒေါ်မြသွင်နှင့် ဦးချစ်တင်တို့က ပြင်ဦးလွင်မှ တောင်ကြီးသို့ အလည်အပတ် သွားရောက်မည်။ ထိုအတောအတွင်း ဆရာကြီးသည် ပြင်ဦးလွင် မြို့မှ မထွက်ခွာသေးဘဲ၊ ကျွန်တော့်အိမ်တွင် လာရောက်တည်းခို နေထိုင်မည်။ တောင်ကြီးမှ ဆရာမတို့ ပြန်လာမှ မန္တလေးတွင်ဆုံကြပြီး ရန်ကုန်သို့ လေယာဉ်ပျံဖြင့် ပြန်ကြရန် စီစဉ်ကြောင်း ပြောပါသည်။

ကျွန်တော်တို့ ဇနီးမောင်နှံမှာ မမျှော်လင့်သောသတင်း ကောင်းကြားရ၍ လွန်စွာဝမ်းမြောက်ပျော်ရွှင်သွားကြသည်။ ဆရာကြီး သည် မည်သည့်တပည့်တပန်းအိမ်ကိုမှ သွားရောက် တည်းခိုနေထိုင်ဖို့ မဆိုထားဘိ အစားအသောက်ဖြင့် ကျွေးမွေးပြုစုရန်ပင့်ဖိတ်တောင်းပန် သည်ကို လက်ခံခြင်းမရှိခဲ့ပေ၊ ယခုမူ ကျွန်တော်တို့အိမ်တွင် အနည်းဆုံး ၅-ရက်နေထိုင်မည်ဖြစ်၍ ကျွန်တော်တို့သည် ဆရာကြီးအား အနီးကပ် လုပ်ကျွေးပြုစုကြရပြီ။ အတူတကွ ကမ္မဋ္ဌာန်းတရား အားထုတ်ကြရမည် ဖြစ်သောကြောင့် ပျော်မဆုံးဖြစ်ခဲ့ကြပေသည်။

ဆက်ရန်

www.burmeseclassic.com

## အခန်း ၃

### နိုင်ငံခြားသာသနာပြုထွက်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်း။

အမှန်စစ်စစ် ဆရာကြီးဦးဘခင်သည် ကျွန်တော်တို့၏ ပြင်ဦးလွင်မြို့ နေအိမ်တွင် ပြင်ဦးလွင်မြို့ တရားပတ်အပြီး လာရောက်တည်းခိုနေထိုင်သည်မှာ တတိယအကြိမ်ဖြစ်ပေသည်။ ၁၉၆၅-ခု ဖွန်လအတွင်းက ဝေဘူဆရာတော်ကြီး သီတင်းသုံးနေထိုင်ရာ အင်ကြင်းပင်တောရသို့ ဒုလ္လဘရဟန်းခံရန် ခရီးထွက်စဉ် ဆရာကြီးသည် ရန်ကုန်မှ ရောက်သောနေ့တွင်တစ်ကြိမ်၊ ရဟန်းခံပြီးနောက် ရန်ကုန်သို့ ပြန်မသွားခင်ရက်များတွင် တစ်ကြိမ် နှစ်ကြိမ်တိုင် ကျွန်တော်၏နေအိမ်တွင်နေထိုင်၍ မိသားစုအား တရားချီးမြှင့်ပေးခဲ့ပြီးဖြစ်ပါသည်။

မန္တလေးနှင့် ပြင်ဦးလွင်မြို့တွင် ဖွင့်လှစ်ခဲ့သော တရား

www.burmeseclassic.com

www.burmeseclassic.com



စခန်းများသည် ဤဒုလ္လလ ရဟန်းခံခြင်းမှ ပေါ်ထွက်လာသော နောက်ဆက်တွဲဖြစ်ရပ်များဟု ရှုမြင်သုံးသပ်နိုင်ပါသည်။ ၁၉၆၅–ခု၊ ဇွန်လ ၁၈–ရက်နေ့မှ ဇွန်လ ၂၈–ရက်နေ့ထိ၊ ဝေဘူးဆရာတော်ကြီး ထံတွင် ဒုလ္လဘရဟန်းဘဝဖြင့်နေထိုင်ကြစဉ် ဆရာကြီးက ဆရာတော်ကြီးအား အထူးတလည် လျှောက်ထားသည့်အကြောင်းမှာ နိုင်ငံခြားသို့ သွားရောက်သာသနာပြုရန်နှင့် ဆရာတော်ကြီး၏ မေတ္တာကို ခံယူလိုခြင်းတို့ ဖြစ်ပါသည်။

အမေရိကန်မှ တပည့်ကြီး မစ္စတာ ဟာစ်စလော့က အမေရိကန်တွင် သာသနာပြုရန်အတွက် ဓမ္မရိပ်သာဖွင့်လှစ်ရန် မြေနေရာများပင် လှူဒါန်းလိုက်ပြီဖြစ်ကြောင်း၊ သို့ရာတွင် ဆရာကြီးက သူ၏ သာသနာပြုခရီးစဉ်ကို အိန္ဒိယပြည်၊ မဟာဗောဓိစေတီရင်ပြင်မှ စတင်ပြုလုပ်လိုကြောင်း၊ အိန္ဒိယပြည်မှ သာသနာပြုလုပ်ငန်းစတင်ရန်အတွက် အလွန်အားထားရမည့်တပည့်ကြီး ဦးဂိုအင်ကာရှိနေပြီဖြစ်ကြောင်း စသည့်အကြောင်းအရာများကို ဆရာတော်ကြီးအား ဆရာကြီးဦးဘခင်က စိတ်အားထက်သန်စွာ လျှောက်ထားခဲ့ပါသည်။ ''အနောက်နိုင်ငံများတွင် ဗုဒ္ဓဘာသာသာသနာ ထွန်းလင်းရန် အလားအလာ ကောင်းကြောင်း၊ ပါရမီရင့်သန်သူများရှိကြောင်း၊ ဒကာကြီးတို့က ကူညီလမ်းပြပေးလျှင် တရားရနိုင်သူတွေ အများရှိကြောင်း'' ဆရာတော်ကြီးက ပြန်လည်မိန့်ကြား အားပေးစကား ချီးမြှင့်တော်မူလိုက်ပါသည်။

အင်ကြင်းပင်တောရတွင် ဆရာကြီးနှင့်အတူတကွ ဒုလ္လဘရဟန်းအဖြစ် နေထိုင်စဉ်ကလည်းကောင်း၊ ရဟန်းဘဝမှ ထွက်၍ ပြင်ဦးလွင်မြို့တွင် ခေတ္တနေထိုင်သွားစဉ်ကလည်းကောင်း၊ နိုင်ငံခြားသာသနာပြုလုပ်ငန်း စတင်တော့မည့်အကြောင်းကို ကျွန်တော်အား ဖွင့်ဟပြောပြခဲ့ပါသည်။

ယင်းလုပ်ငန်း လုပ်ဆောင်ရာတွင်လည်း ဗုဒ္ဓသာသနာတော်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပျောက်သွားခဲ့သော အိန္ဒိယပြည်မှစတင်၍ ရှေးဦး ခေတ်ဖွင့် လုပ်ငန်းအဖြစ် ဝိပဿနာတရားများ ပြသရမည်။ ထိုသို့ ပြသရာတွင် အိန္ဒိယအနွယ်ဖြစ်သည့် ဦးဂိုအင်ကာမှာ လွန်စွာအရေးကြီးသည့် ကဏ္ဍမှ ပါဝင်လာရမည့်အကြောင်းများကို ကျွန်တော်အားသိစေခဲ့ပါသည်။

ဤကဲ့သို့ ၁၉၆၅–ခုနှစ်တွင် အင်ကြင်းပင်တောရ ဝေဘူ ဆရာတော်ကြီးထံမှောက် ပဋ္ဌင်းတက်၍ နိုင်ငံခြားသာသနာပြုရန် ပြင်းထန်သော အဓိဋ္ဌာန်ချမှတ်ပြီးနောက် ၂–နှစ်အကြာတွင် ဆရာကြီး၏ သာသနာပြုလုပ်ငန်းဆိုင်ရာ ထူးခြားသောမှတ်တိုင်များကို စိုက်ထူခဲ့ပေသည်။

ဆရာကြီးသည် ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်ဖြစ်သော ဆရာသက်ကြီးထံမှ ခံယူရရှိသော ဗုဒ္ဓနည်းအရ ဝိပဿနာစိတ်သုတေသနလုပ်ငန်းလုပ်ခဲ့သည်မှာ ၁၉၆၇–ခု၊ ဇန်နဝါရီလ ၈–ရက်နေ့တွင် 'နှစ်ပေါင်း ၁၀–ပြည့်မြောက်ခဲ့ပေသည်။ တစ်ဖန် အင်းလျားမြိုင်လမ်းရှိ ဓမ္မရောင်ခြည်စေတီကို ဗဟိုပြု၍ သာသနာပြုလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လာခဲ့သည်မှာ ၁၉၆၇–ခုနှစ်တွင် နှစ်ပေါင်း ၁၅ နှစ်တင်းတင်း ပြည့်ခဲ့ပေသည်။

ထိုအခြင်းအရာ ၂–ခုကို အမှတ်တရ အထိမ်းအမှတ် အဖြစ် ၁၉၆၇–ခု၊ ဇန်နဝါရီလ ၈–ရက်နေ့မှ ဖေဖဝါရီလ ၇–ရက်အထိ တစ်လတိတိ ကမ္ဘာအရပ်ရပ်တွင် ဗုဒ္ဓအမွေအနှစ်ကို အောင်မြင်စွာ ဖြန့်ဖြူး ပေးဝေနိုင်ရန် အဓိဋ္ဌာန်ပြု၍ ဆရာကြီးသည် ထူးခြားသော ဗုဒ္ဓပူဇနိယ၊ ဓမ္မပူဇနိယ၊ သံဃာ့ပူဇနိယ ကုသိုလ်အမှုတို့ကို ပြုလုပ်ခဲ့ပေသည်။

၁။ ဗုဒ္ဓပူဇနိယအဖြစ် ဓမ္မရောင်ခြည် စေတီတော်ကို ရွှေသင်္ကန်းကပ်လှူပူဇော်ပြီး ဗုဒ္ဓပူဇနိယသဘင် ဆင်ယင်ကျင်းပသည်။

၂။ ဓမ္မပူဇနိယအတွက် မန္တလေးမြို့သို့ သွားရောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသား အမျိုးသား အမျိုးသမီး ၁၆–ဦးကို အောင်မြင်စွာ ဝိပဿနာတရား ပြသပေးခဲ့သည်။

၃။ သံဃပူဇနိယအတွက် ရန်ကုန် ကန်ဦးကျောင်းတိုက်နှင့် ဗဟန်းတိုက်နယ်မှ သံဃာတော်များ၊ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် သံဃာတော်များအားလုံးနှင့် မန္တလေး၊ အမရပူရ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ ကျောင်းတိုက်မှ သံဃာတော်များကို ဆွမ်း ကျွေးမွေးလှူဒါန်းပူဇော်ခြင်း ပြုခဲ့ပေသည်။

မန္တလေးနှင့် ပြင်ဦးလွင်မြို့သို့ ခရီးထွက်၍ တရားဓမ္မ ပြသပေးခြင်းများမှာ ဆရာကြီး ဦးဘခင် တရားစတင်အားထုတ်သည့် နှစ်၃၀–ပြည့်နှင့် နိုင်ငံခြား သာသနာပြုလုပ်ငန်းစတင် ဆောင်ရွက်သည့် ၁၅–နှစ်မြောက် အထိမ်းအမှတ်များ ဖြစ်ရုံသာမက နိုင်ငံခြား သာသနာပြုရန်အတွက် ပဏာမ လေ့ကျင့်မှုအတွက် ဆောင်ရွက်ခဲ့ခြင်းများ ဖြစ်သည်ဟု ယူဆနိုင်ဖွယ်ရာဖြစ်ပါသည်။

ထိုအချိန်မှစ၍ ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို ယခုပြန်လည် စဉ်းစားကြည့်ရာတွင် မန္တလေး၊ ပြင်ဦးလွင်မြို့ ခရီးစဉ်များသည် နောင်တွင် နိုင်ငံခြား အခြေအနေအမျိုးမျိုး၌ တရားစခန်းများကို ဖြစ်သည့်နည်းဖြင့်ဖွင့်၍ အခက်အခဲအမျိုးမျိုးကြားတွင် အောင်မြင်စွာ တရားပြသပေးနိုင်ရန် ဦးဂိုအင်ကာအား ဆရာကြီးက ကွင်းဆင်း လက်တွေ့သင်ခန်းစာများပေးရန် ထွက်ခဲ့ခြင်းဖြစ်ကြောင်း သဘောပေါက်လာခဲ့ပေသည်။

အင်ကြင်းပင်တောရ ဝေဘူဆရာတော်ကြီးထံမှောက်၌ စိတ်တိုင်းကျ ဓမ္မအင်အားများ ဖြည့်တင်းခဲ့သော ဆရာကြီးဦးဘခင် ထံသို့ အမေရိကန်နိုင်ငံမှ တပည့်ကြီးဖြစ်သူ ဒေါက်တာဟာစ်စလော့နှင့် ဇနီးတို့အပါအဝင် တပည့်အပေါင်းတို့က ဆရာကြီးအား အမေရိကသို့ ကြွရောက်၍ တရားပြရင်း ဗုဒ္ဓ၏ လက်တွေ့ ဝိပဿနာတရားကို

www.burmeseclassic.com



ကမ္ဘာသို့ ဖြန့်ဖြူးပေးရန် ဖိတ်မန္တကပြုလာကြသည်။ ယင်းသို့ ဖိတ်ကြားချက်များမှာ သာမန်ရိုးရိုး ဖိတ်ကြားခြင်းမဟုတ်ဘဲ သူတို့နေထိုင်ရာ ဒေသသို့ ဆရာကြီးကိုယ်တိုင် ကြွရောက်ပြီး ရန်ကုန်မြို့ အင်းယားမြိုင်လမ်းရှိ ဓမ္မရောင်ခြည်စေတီမျိုး၊ ပဋိပတ္တိကမ္မဋ္ဌာန်း ရိပ်သာမျိုး ပြုစုပျိုးထောင်ပေးရမည့် ရေရှည်စီမံကိန်းများ ပါဝင်လာပေသည်။ ထိုနည်းတူ အင်္ဂလန်နှင့် ဥရောပနိုင်ငံများမှ ဆရာကြီး ဦးဘခင်ထံသို့ လာရောက်၍ တရားနည်းလမ်းများကို ကျင့်သုံး ကြိုးပမ်းသွားခဲ့ကြသော တပည့်များကလည်း သူတို့နေထိုင်ရာ ဒေသများသို့ ဆရာကြီးကြွရောက်၍ တရားမျိုးစေ့များချပေးရန် တောင်းပန်စာရေး၍ ဖိတ်ကြားကြလေသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် အမေရိကန်နှင့် ဥရောပမှ ဖိတ်မန္တကပြုကြည်သည်နှင့် မရှေးမနှောင်းပင် အိန္ဒိယနှင့် သီရိလင်္ကာမှ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကလည်း သင့်တင့်လျောက်ပတ်သော အဘိယာစကအမှု ပြုလုပ်လာကြသည်။ အိန္ဒိယပြည်နှင့် သီရိလင်္ကာမှ မဟာဗောဓိအသင်းကြီးသည် ဆရာကြီး၏ လက်တွေ့အကျိုးပြုသည့် ဗုဒ္ဓဓမ္မနည်းလမ်းများကို အဘက်ဘက်မှ သုံးသပ်လေ့လာပြီးနောက် စိတ်ချယုံကြည်လောက်သော အထောက်အထားများ တွေ့ရှိရသည့်အားလျော်စွာ အိန္ဒိယပြည်သို့ ကြွရောက်၍ တရားပြသချီးမြှင့်ရန် ဖိတ်မန္တက ပြုခဲ့ပါသည်။

မဟာဗောဓိအသင်းကြီး၏ ညွှန်ကြားရေးမှူးဖြစ်သော ဆရာတော် နန္ဒိသွာရ( အမ်အေ၊ လန်ဒန်) ထံမှ ၁၄-၁-၆၆ နေ့စွဲဖြင့် ဆရာကြီးအား မဇ္ဈိမဒေသသို့ ကြွရောက်ပါရန် ဖိတ်မန္တကပြုသောစာတွင် အောက်ပါအချက်များကို တင်ပြလာသည်။

(၁) ဆရာတော်သည် မိမိနှင့်အသင်း၏ကိုယ်စား ဆရာကြီး အား ဖိတ်ကြားကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



(၂) ဆရာကြီးသည် မြန်မာပြည်တွင် တပည့်အမြောက်အမြားတို့အား ဝိပဿနာတရားအားထုတ်မှုလုပ်ငန်းဖြင့် ချီးမြှောက်လျက်ရှိသည်ကို ကြားသိရကြောင်း။

(၃) ဤမွန်မြတ်သော တရားအားထုတ်ခြင်းလုပ်ငန်းမှာ အိန္ဒိယပြည်တွင် ကာလအတော်အကြာကပင် တိမ်ကော၍ မေ့ပျောက်ခဲ့ပြီဖြစ်ကြောင်း။

(၄) ထိုတရားဓမ္မကို ဆရာကြီးက ထိန်းသိမ်းထားနိုင်ပြီး တပည့်အပေါင်းအား အောင်မြင်စွာ သင်ကြားပြသလျက်ရှိ သည်ကို သိရကြောင်း။

(၅) ဗုဒ္ဓရှင်တော်ဘုရား ဟောကြားခဲ့သော ဒေသနာများနှင့် အညီ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဝိပဿနာတရား အားထုတ်မှု ကို အိန္ဒိယပြည်၌ စိတ်ဝင်စားပြီး လိုက်နာကျင့်ကြံမည့် ပုဂ္ဂိုလ် အများအပြားရှိနေကြောင်း၊ လမ်းညွှန်ပြသမည့် ဆရာကောင်းလိုအပ် နေကြောင်း။

(၆) မြန်မာပြည်သို့လည်း ထိုသို့စိတ်ဝင်စားသော ပုဂ္ဂိုလ်အမြောက်အမြား လာရောက်ပြီး တရားအားထုတ်ရန် ခဲယဉ်းလျက်ရှိကြောင်း၊ ထို့ကြောင့် ဆရာကြီးအား အိန္ဒိယပြည်သို့ ကြွရောက်၍ တရားဓမ္မပြသရန် မေတ္တာရပ်ခံရခြင်းဖြစ်ကြောင်း။

(၇) ထိုသို့ ဆရာကြီး ကြွရောက်ချီးမြှင့်ခြင်းဖြင့် အိန္ဒိယပြည်တွင် ဝိပဿနာတရား အားထုတ်မှု ပြည်လည်ပေါ်ထွန်းလာပြီး လူအပေါင်းအား ချမ်းသာမှု ဖြစ်ပေါ်စေလိုကြောင်း။

(၈) ဆရာကြီး ကြွရောက်လာသည့်အခါ တရားဓမ္မပြသမှု၌ ပါဝင်ကူညီရန်လိုအပ်သော ပုဂ္ဂိုလ်တို့အားလည်း ခေါ်ဆောင်လာစေလိုကြောင်း။

(၉) အိန္ဒိယမြောက်ပိုင်းအတွက် ဆရနသ် (မိဂဒါဝုန်)

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဂယာနှင့် ရာဂျရိရ် (ရာဇဂြိုလ်) စသည့်မြို့များနှင့် နီးစပ်ရာတွင် တစ်နေရာနှင့် တောင်ပိုင်းအတွက် မဒရပ်တွင်တစ်နေရာ ပေါင်းနှစ်နေရာ တရားပြပေးစေလိုကြောင်း။

(၁၀) ဆရာကြီးနှင့် အဖွဲ့သားများအတွက် အိန္ဒိယပြည်တွင် ကုန်ကျသော စရိတ်အားလုံးကို မိမိတို့က ကျခံမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အိန္ဒိယသို့ လာရောက်ရာတွင် ဆရာကြီး တို့အနေဖြင့် နိုင်ငံခြားငွေ ယူဆောင်လာရန်မလိုကြောင်း ဖော်ပြ၍ အိန္ဒိယတွင် ဝိပဿနာတရား ပြသပြီးနောက် သီရိလင်္ကာနိုင်ငံသို့လည်း ခရီးဆက်နိုင်ရန် အစီအစဉ်များကို တစ်ပါတည်း ပြုလုပ်ခဲ့ပါမည့်အကြောင်း မေတ္တာရပ်ခံခဲ့ပေသည်။

ဆရာကြီးဦးဘခင်၏ ပြည်ပသာသနာပြုလုပ်ငန်း အစီအစဉ်မှာ ပထမအဆင့်၌ မဇ္ဈိမဒေသ၊ အိန္ဒိယပြည်သို့ သွားရောက်ရန်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ၏ ပင်ရင်းဌာနဖြစ်သည့် မဇ္ဈိမတိုင်း အိန္ဒိယပြည်တွင် ဗုဒ္ဓမြတ်စွာ၏ ဒုတိယသာသနာခေတ်ဟု ခေါ်ဆိုကြသည့် ဝိမုတ္တိခေတ်အခါ ကြုံလာခိုက်တွင် ဗုဒ္ဓ၏ ဓမ္မအမွေအနှစ်တို့ကို ခံယူနိုင်သော ပါရမီရှင်များ ဧကန် ရှိရမည်ဟု ဆရာကြီးက ယုံကြည်ထားသည်။ ထို့ပြင် ဗုဒ္ဓအမွေ အနှစ်တို့ကို ကမ္ဘာသူ ကမ္ဘာသားတို့အား ဖြန့်ဖြူးပေးရာ၌ ရှေးဦးစွာ ဘူမိနက်သန် မှန်ကန်ထူးမြတ်လှသည့် ဗုဒ္ဓဂယာရှိ ဗောဓိမဏ္ဍိုင်ကို ဦးတည်ဆောင်ရွက်ရန် ဆန္ဒရှိနေခဲ့သည်။ မိဂဒါဝုန်တောရှိ ဓမ္မစကြာတရားဦး ဟောတော်မူခဲ့ရာ နေရာတွင်လည်း ဗုဒ္ဓမြတ်စွာ၏ ဓမ္မကာယကို ကြည်ညိုဦးတိုက်ရန် အထူးလိုအပ်ပေသည်။ ဤသို့ ဘုရားရှင်တော်မြတ်အား ထူးကဲမွန်မြတ်သော နေရာဌာနများတွင် ပူဇော်ဦးခိုက်ပြီးနောက် မိဂဒါဝုန်မှစတင်၍ ဆရာကြီး၏ ဝိပဿနာတရား ပန္ထက်ကိုချထားရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပါသည်။

ထိုမှတစ်ဆင့် ဒုတိယလုပ်ငန်းစဉ်အဖြစ်ဖြင့် လင်္ကာဒီပကျွန်း

www.burmeseclassic.com

www.burmeseclassic.com



သို့ ဆက်လက်ကူးသွားရန်စီစဉ်ပေသည်။ သီရိလင်္ကာနိုင်ငံတွင်လည်း ထိုက်သည့်အားလျော်စွာ တရားဓမ္မများကို လက်တွေ့ပြသပေးရန် ရည်ရွယ်ခဲ့လေသည်။ ဒေါက်တာ ဟစ်စလော့ အစရှိသည့် တပည့်ကြီးများ၏ လိုအင်ဆန္ဒကို ဖြည့်စွမ်းရန် ဥရောပ၊ အင်္ဂလန်နှင့် အမေရိကန်ပြည်များသို့ သွားရောက်ရေးမှာ တတိယအဆင့် လုပ်ငန်း အစီအစဉ်ဖြစ်ခဲ့ပေသည်။

ဤအခြေအနေတွင် ဆရာကြီး၏ ရည်မှန်းချက်နှင့် အစီအစဉ်တွင် အံဝင်ခွင်ကျ ကိုက်ညီနေသော အိန္ဒိယပြည်မှ သာသနာပြုကြွရန် ဖိတ်ကြားချက်ကို ဦးစားပေး၍ လက်ခံဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပေသည်။ ထို့ကြောင့် မဟာဗောဓိအသင်းက အိန္ဒိယတွင် တရားဓမ္မပြသပေးရန် ဖိတ်ကြားချက်ကို ဆရာကြီး ဦးဘခင်က လက်ခံကြောင်း ၄–၂–၆၆ နေ့စွဲဖြင့် ပြန်ကြားစာပေးပို့လိုက်လေသည်။ အိန္ဒိယပြည်တွင် တရားဓမ္မ ပြသရာ၌ ဆရာကြီးအားကူညီရန် အောက်ပါပုဂ္ဂိုလ်တို့အားလည်း ခေါ်ဆောင်လာရန်လိုအပ်ပါသည်ဟု ပြန်ကြားစာတွင် ထည့်သွင်းဖော်ပြလိုက်ပေသည်။

၁။ ဆရာမဒေါ်မြင့်သွင် (ဦးချစ်တင်၏ဇနီး)၊ အင်းယားမြိုင် ရိပ်သာတွင် နိုင်ငံခြားအမျိုးသမီးများအပါအဝင် အမျိုးသမီး တရားသမားများအား တရားပြသရာ၌ ၁၃–နှစ်ခန့်ဆက်တိုက် အကူအညီပေးခဲ့သည်။

၂။ ဦးချစ်တင် (ဗုဒ္ဓသာသနာအဖွဲ့၊ အုပ်ချုပ်ရေးအရာရှိ) အင်းယားမြိုင်လမ်းရှိ ပဋိပတ္တိလုပ်ငန်းဌာနတွင် ၁၉၅၂–ခုမှစ ပဋိပတ္တိလုပ်ငန်း အောင်မြင်မှုအတွက် ဆက်တိုက် ကူညီဆောင်ရွက်ခဲ့သည်။

၃။ မစ္စတာ ဂိုအင်ကာ (ဗန္ဓုလစောင်စက် ဒါရိုက်တာ) ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလမှစ၍ အိန္ဒိယအမျိုးသား၊ အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးများအား ဆရာကြီးက တရားပြသရာတွင် စကားပြန် အဖြစ်ဖြင့်လည်းကောင်း၊ ကူညီ၍ တရားပြခြင်းလည်းကောင်း တာဝန်ခံဆောင်ရွက်ခဲ့သည်။

ဤသို့ မဟာဗောဓိအသင်း၏ ဖိတ်ကြားချက်ကို လက်ခံလိုက်ပြီးနောက် ဆရာကြီးနှင့် ဦးဂိုအင်ကာတို့ တပည့်အပေါင်းသည် နိုင်ငံခြား သာသနာပြုလုပ်ငန်းအတွက် လိုအပ်သည်များကို စတင်ပြင်ဆင်ကြပေတော့သည်။

ဆရာကြီးဦးဘခင်အား ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီးက "မိမိရရှိထားသောတရားများကို ဖြန့်ဖြူးပေးပါ" ဟု ဩဝါဒပေးခဲ့သည်မှာ ၁၉၄၀–ပြည့်နှစ်ကတည်းကပင်ဖြစ်သည်။ ဆရာတော်ကြီး၏ ဩဝါဒကို ကျောက်ဆည်မြို့သို့ မိမိအလုပ်ဝတ္တရားနှင့် ရောက်နေစဉ် ဝေဘူချောင်သို့ တကူးတကသွားရောက်၍ ဆရာတော်ကြီးအားဖူးမြော်ချိန်ကပေးခဲ့ခြင်းဖြစ်ပေသည်။

ဆရာတော်ကြီး၏ ဩဝါဒကို ခံယူသောအားဖြင့် အချိန်မဆိုင်းဘဲ ကျောက်ဆည်ဘူတာရုံ မီးရထားတွဲထဲ၌ပင် စတင်၍ တရားပြပေးပြီးနောက် မြန်မာပြည်သို့ စစ်ဘေးစစ်ဒဏ်ကျရောက်လာသောအခါ ယင်းလုပ်ငန်းများ လက်စပြတ်သွားခဲ့ပေသည်။ လွတ်လပ်သောမြန်မာပြည်၏ ငွေစာရင်းမင်းကြီးဘဝ ရောက်လာသော ဆရာကြီးဦးဘခင်သည် ငွေစာရင်းမင်းကြီးရုံးခန်းမှာပင် မိမိ၏ လက်အောက်အရာရှိကြီး–ငယ်တို့အား မွန်မြတ်လှသော ကမ္မဋ္ဌာန်းတရားများကို လက်တွေ့ပြသသွန်သင်ပေးနိုင်ရန် အခွင့်ရလာပေသည်။ သို့သော် ဤလုပ်ငန်းကို လက်ရှိအစိုးရတာဝန် များထမ်းဆောင်စဉ် ခရီးသွားဟန်လွဲပုံစံဖြင့်သာ ဆောင်ရွက်ခဲ့ရကာ မိမိ၏သာသနာပြုလုပ်ငန်းများသည် မည်သည့်ပုံပန်းသဏ္ဌာန်၊ မည်သည့်အဖွဲ့အစည်းအသွင် ဖြစ်ပေါ်မည်ကို ခန့်မှန်းနိုင်ခြင်း ရှိခဲ့သည်မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မိမိ၏ ရုံးသူရုံးသားများသာမက သူတို့၏ မိသားစုများကလည်း ကမ္မဋ္ဌာန်းတရားပြသရန် တောင်းပန်လာကြသောအခါ၌ ၁၉၅၀ပြည့်နှစ်တွင် ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့ကို ထူထောင်၍ အင်းယားမြိုင်လမ်းတွင် ဓမ္မရောင်ခြည်စေတီတော်ကို တည်ဆောက်ကာ တရားရိပ်သာတစ်ခုကိုဖွင့်လှစ်ခဲ့ရပေသည်။ ထိုအချိန်မှစ၍ ဆရာကြီး၏ သာသနာပြုလုပ်ငန်းမှာ ငွေစာရင်းမင်းကြီးရုံးနှင့် ပတ်သက်သော ပရိသတ်နယ်ပယ်တွင် အခြေချမိပြီးဖြစ်ပေသည်။ ဤသို့ အခြေရလာသည်မှာ တရားရိပ်သာတစ်ခု တည်ထောင်ရန် ကြိုတင်စီစဉ် မျှော်မှန်း၍ စီမံကိန်းရေးဆွဲခြင်းဖြင့် အကောင်အတည်ဖော်ယူခြင်း မဟုတ်ပေ။ အခြေအနေအရ တရားတော်က လမ်းပြရာသို့ ဖြောင့်ဖြောင့်လိုက်၍ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပေသည်။ ထိုအချိန်အခါတွင် စွန်းလွန်းကမ္မဋ္ဌာန်းဌာန၊ မဟာစည်တရားရိပ်သာ စသည်ဖြင့် တရားရိပ်သာများ ထွန်းကားပေါ်ပေါက်နေပြီဖြစ်ရာ ဆရာကြီးသည် ဝိပဿနာတရားကို ပြင်ပလောကသို့ ထွက်၍ ပြသရန် မကြိုမ်းပမ်း။ မိမိ၏ ငွေစာရင်းမင်းကြီးရုံး ပရိသတ်အတွက်သာ အကန့်အသတ်ဖြင့် ကြိုးပမ်းနေခဲ့ခြင်းဖြစ်ပေသည်။

သို့ရာတွင် ဆရာကြီးဦးဘခင်၏ ပါရမီဘုန်းကံအလျောက် ဤသို့ကျဉ်းမြောင်းသော နယ်ပယ်ကို ကျော်လွန်၍ ပြင်ပလောကတွင်လည်း သာသနာပြုပေးရမည့် အချိန်အခါ ရောက်လာသောအခါ အလိုအလျောက်ပင် ကြိုတင်စီမံခြင်းမရှိဘဲ သာသနာပြုပေးရမည့် တာဝန်များ ကျရောက်ခဲ့ပေသည်။

၁၉၅၆-ခု၊ ဆဋ္ဌသံဂါယနာတင်ပွဲတော်သို့ ကြွရောက်လာကြသော နိုင်ငံခြားသားသည်တော်များသည် မြန်မာနိုင်ငံရောက်ခိုက် ဝိပဿနာကမ္မဋ္ဌာန်းတရား ပွားများလေ့ကျင့်လိုကြကြောင်း ပြောလာသောအခါ သူတို့၏အလိုဆန္ဒ ပြည့်ဝစေရန် ဆရာကြီးဦးဘခင်က

www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ဆည်းပေးရမည့် တာဝန်ကိုယူခဲ့ရပေသည်။ ထိုအချိန်က ဆရာတော်ကြီးများ၏ ကမ္မဋ္ဌာန်းရိပ်သာကြီးများတွင် ကမ္မဋ္ဌာန်းတရားကို အင်္ဂလိပ်ဘာသာဖြင့် ဟောပြောပြပေးနိုင်ရန် အစီအစဉ်မရှိကြသေး သဖြင့် ဆရာကြီးဦးဘခင်၏ ရိပ်သာသို့ စုပြုရောက်လာကြခြင်း ဖြစ်ပေသည်။ ဤသို့ဖြင့် ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့တည်ရာ ဓမ္မရောင်ခြည်စေတီတော်သည် နိုင်ငံခြားသားများအား တရားပြသ ပေးရာ ''အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန'' (အိုင်၊ အမ်၊ စီ) ဟု ဖြစ်ပေါ်လာခဲ့ပေသည်။ ထိုအချိန်မှစ၍ ဆရာကြီး ဦးဘခင်၏ သာသနာပြုလုပ်ငန်းစဉ်တွင် ပြည်တွင်းသာသနာပြု ဆောင်ရွက်မှုထက် ပြည်ပတွင် သာသနာပြန့်ပွားရန် ကြိုးပမ်းလို စိတ်က ပိုမိုအားသန်ခဲ့ ပေသည်။ ဆရာကြီးထံမှောက်သို့ ရှေးဦးစွာရောက်ရှိတရားရသွားကြ သည့် ဒေါက်တာလီယွန်၊ အီးဂိုက်၊ ဒေါက်တာဟာစ်စလော့ပ်စသော တပည့်ကြီးများကလည်း ဆရာကြီးပြည်ပသို့ကြွရောက်၍ အမေရိကန် နိုင်ငံကို ဗဟိုပြုကာ ကမ္မဋ္ဌာန်းတရားများ ကမ္ဘာလှည့်လည်ပြသပေးရန် အပူတပြင်း တောင်းခံခဲ့ကြပေသည်။

ထို့ကြောင့် ၁၉၆၄–ခုနှစ်တွင် အစိုးရတာဝန်များမှ အနားယူခွင့် ရရှိသောအခါ နိုင်ငံခြားသာသနာပြုလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင် မှုများကို တစ်ခုပြီးတစ်ခု စီစဉ်ဆောင် ရွက်ခဲ့ပေသည်။ ၁၉၆၅–ခုနှစ်၊ ဖွန်လတွင် ဝေဘူဆရာတော် သီတင်းသုံးတော်မူရာ အင်ကြင်းပင် တောရသို့ ကျွန်တော့်အားခေါ်ယူပြီး နှစ်ဦးတည်းသွားကြကာ သာသနာ သို့ဝင်ကြ၍ နိုင်ငံခြား သာသနာပြုမည့်အစီအစဉ်များကို လျှောက်ထား ခဲ့ပေသည်။

ထို့နောက် နိုင်ငံခြားသားသာသနာပြုလုပ်ငန်းတွင် ပါဝင် ကူညီကြမည့် ဆရာမဒေါ်မြသွင်၊ ဦးချစ်တင်နှင့် ဦးဂိုအင်ကာတို့ နှင့်အတူ ကွင်းဆင်းလေ့ကျင့်ကြသည့်နယ် မန္တလေးနှင့် ပြင်ဦးလွင်တွင်

www.burmeseclassic.com

www.burmeseclassic.com



၁၀–ရက်၊ တရားစခန်းများ ဖွင့်လှစ်၍တရားပြပေးခဲ့ပေသည်။ ဤကဲ့သို့ လေ့ကျင့်မှုများပြုလုပ်ပေးချိန်တွင် မမျှော်လင့်ပဲ အိန္ဒိယနိုင်ငံ မဟာဗောဓိအသင်းကြီးက အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံများသို့ ကြွရောက်၍ ကမ္မဋ္ဌာန်းတရားများပြသပေးရန် ဖိတ်မန္တကပြုလာသော အခါ ရွှင်လန်းဝမ်းမြောက်စွာဖြင့် ဖိတ်ကြားချက်ကို လက်ခံခဲ့လေသည်။

၁၉၆၆–ခု၊ မတ်လတွင် ဆရာကြီးသည် နောက်ပါ တပည့်များဖြစ်သော ဆရာမဒေါ်မြသွင်၊ ဦးချစ်တင်၊ ဦးကိုအင်ကာ တို့နှင့်တကွ နိုင်ငံခြားသို့ သာသနာပြုလုပ်ငန်းအတွက် ထွက်ခွာ ခွင့်ပြုရန် နိုင်ငံတော်အစိုးရထံသို့ ခွင့်တောင်းပန်လွှာတွင် ဆရာကြီး၏ တစ်သက်တာရည်မှန်းချက်ဖြစ်သော သာသနာပြု လုပ်ငန်းအကြောင်း၊ ကမ္ဘာသူ ကမ္ဘာသားတို့အား ထူးမြတ်လှစွာ သော ဗုဒ္ဓအမွေအနှစ်တို့ကို ထိရောက်စွာ ဖြန့်ဖြူးဝေငှပေးနိုင်ရန် နှစ်ပေါင်းများစွာ စိတ္တသုတေသန လုပ်ငန်းများ၊ ပြင်ဆင်မှုများ မည်မျှကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါတွင် ကမ္ဘာသူကမ္ဘာသားတို့အား စိတ်ပါဝင်စားလာအောင် ဆွဲဆောင်နိုင်မည့် အခြေခံတို့ကို လက်ကိုင်ရရှိထားပြီးဖြစ်ကြောင်း၊ ဤအခြေခံ နည်းလမ်းတို့ဖြင့် လူမျိုးဘာသာမရွေး၊ ပုဂ္ဂိုလ်ကြီးငယ် တို့အား အင်းယားမြိုင်လမ်းရှိ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်း ဌာနတွင် ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု ကေန်အမှန်ရရှိသည့် တိုင်အောင် ဝိပဿနာတရားများပြသပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဤကဲ့သို့ ပြသပေးနေသည့် ဆရာကြီး၏ လက်တွေ့ဓမ္မလုပ်ငန်းကို အဘက်ဘက် မှ သုံးသပ်လေ့လာပြီးနောက် စိတ်ချယုံကြည်လောက်သော အထောက် အထားများတွေ့ရှိသည့် အားလျော်စွာ အိန္ဒိယနိုင်ငံမဟာဗောဓိ အသင်းကြီးက မိမိကိုယ်တိုင် အိန္ဒိယနှင့်သီရိလင်္ကာနိုင်ငံတို့ကို ကြွရောက်၍ တရားလုပ်ငန်းပြသချီးမြှင့်ပါရန် ဖိတ်မန္တကပြုလုပ်လာပြီ ဖြစ်ကြောင်း၊ ဤကဲ့သို့ဖိတ်ကြားခြင်းပြုသည်ကို လက်ခံ၍ဗုဒ္ဓအမွေအနှစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော ဝိပဿနာတရားကို အိန္ဒိယနိုင်ငံတွင်ပြန်လည်၍ ပြန့်ပွား စေခြင်းအားဖြင့် မြန်မာလူမျိုးများနှင့်တကွ ဗုဒ္ဓတရားတော်များ၏ ဂုဏ်ရောင်ကို ထွန်းပြောင်နိုင်စေမည်ဖြစ်ကြောင်း အပြည့်အစုံဖော်ပြ၍ ဆရာကြီးဦးဘခင်နှင့်အဖွဲ့အား အိန္ဒိယပြည်သို့သွားရောက်၍ တရားပြသ နိုင်စေခြင်းငှာ နိုင်ငံကူးလက်မှတ်ထုတ်ပေးပါရန် မေတ္တာရပ်ခံခဲ့ပေသည်။

သို့ပါသော်လည်း ဆရာကြီးမျှော်မှန်းထားသည့် အထက်ပါ အိန္ဒိယပြည် သာသနာပြုခရီးစဉ်ကြီးသည် အကောင်အထည် မပေါ် လာခဲ့ပါချေ။

ဃဃဃ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄

### အိန္ဒိယပြည် ဘုံဘေနှင့်မာဒရပ်မြို့များတွင် ဦးဂိုအင်ကာ ဝိပဿနာ တရားများ စတင်ပြသခြင်း

နိုင်ငံခြားသာသနာပြုရန် ပြည်ပသို့ထွက်ခွာခွင့်မရသော အခါ ဆရာကြီးဦးဘခင်သည် လုံးဝစိတ်ပျက်အားလျော့ခြင်း မရှိဘဲ ဆထက်တိုး၍ပင် ကြိုတင်ပြင်ဆင်မှုများကို ဆက်လက် ပြုလုပ်ခဲ့ပေသည်။ မိမိကိုယ်တိုင် ပြည်ပသို့မသွားနိုင်ပါက ပြည်ပမှ လက်ရွေးစင်တပည့်များအား မိမိကိုယ်စား သာသနာပြုစေမည်ဟု ရည်သန်၍ ထိုထိုတပည့်များထံ လိုအပ်သော ညွှန်ကြားချက်များကို စတင်ပို့ပေးခဲ့လေသည်။

ထိုတပည့်များအား ရိပ်သာသို့အာရုံစိုက်၍ တရားဓမ္မ

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်ခြင်းဖြင့် မိမိတို့၏ အညစ်အကြေးများကို သန့်ရှင်းစင်ကြယ်စေရန်အားထုတ်ကြဖို့ တိုက်တွန်းနှိုးဆော်သည်။ ထို့နောက်နီးစပ်ရာဆွေမျိုးမိတ်ဆွေအပေါင်းအသင်းတို့အား "ဆရာကြီး သွန်သင်ပြသပေးထားသည့် နည်းလမ်းများအတိုင်းတရားပြသပေးကြပါ"ဟု ဩဝါဒပေးသည်။ ထိုသို့တရားပြပေးမည့် နေ့ရက်အချိန်နာရီများကိုကြိုတင်၍ဆရာကြီးထံအကြောင်းကြားရန်နှင့် ဤသို့အကြောင်းကြားပါက ဆရာကြီးသည်အင်ယားမြို့ ဓမ္မရောင်ခြည်စေတီရိပ်သာမှနေ၍ ဓမ္မဓာတ်၊ ဗောဓိဓာတ်၊ နိဗ္ဗာနဓာတ် တို့ဖြင့်အားယူလျက် အဝေးမှ "ထိန်းကွပ်သောစနစ်"ဖြင့် တရားပြသရာတွင် အကူအညီပေးနေမည်ဖြစ်ကြောင်းကို အသိပေးခဲ့ပေသည်။

ဆရာကြီးဦးဘခင်သည် ဤကဲ့သို့ ဖွဲ့လုံ့လမလျှော့ဘဲ ရိပ်သာ၌ တရားလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေစဉ် ဆရာကြီး၏ တပည့်ရင်းဖြစ်လာပြီဖြစ်သော တရားပြလုပ်ငန်းအတွက် ကွင်းဆင်းလေ့ကျင့်ပြီးဖြစ်သော ဦးဂိုအင်ကာသည် အိန္ဒိယသို့ သွားရောက်၍ စတင်တရားပြနိုင်ရန် မမျှော်လင့်သော အခွင့်ဖြစ်ပေါ်လာခဲ့ပေသည်။ ထိုအချိန်က ဦးဂိုအင်ကာ၏ မိခင်ကြီးနှင့်ဖခင်ကြီးတို့သည် မြန်မာပြည်မှ ထွက်ခွာပြီးနောက် အိန္ဒိယပြည်ဘုံဘေမြို့တွင် နေထိုင်လျက်ရှိကြသည်။ ၁၉၆၉ခု ဇွန်လအတွင်းတွင် ၎င်း၏မိခင်ကြီး ပြင်းစွာနာမကျန်းဖြစ်နေကြောင်း ကြေးနန်းရရှိသဖြင့် ဦးဂိုအင်ကာသည် ဘုံဘေမြို့သို့ ကတိုက်ကရိုက်ထွက်ခွာသွားခဲ့ရသည်။

အိန္ဒိယသို့ထွက်ခွာမသွားမီ ဦးဂိုအင်ကာသည် ဆရာကြီး ဦးဘခင်အား ပူဇော်ကန်တော့၍ မေတ္တာခံယူသွားခဲ့သည်။ ဆရာကြီးက ၎င်း၏မိခင်ကြီးအား အကောင်းဆုံးအဖော်နိုင်ဆုံး ဆေးဝါးများဖြင့် ကုသပေးပါလေ။ အမှန်မြတ်ဆုံး ကုသိုလ်ကောင်းမှုအဖြစ်ဖြင့်လည်း မိဘများအတွက် ဝိပဿနာကမ္မဋ္ဌာန်း တရားကို ကိုယ်တိုင်အားထုတ်၍

www.burmeseclassic.com

www.burmeseclassic.com



အမှုအတန်းပေးဝေပါလေဟု ဩဝါဒပေးလိုက်ပေသည်။

မြန်မာပြည်မှ မထွက်ခွာမီကပင် ဦးဂိုအင်ကာသည် ၎င်း၏မိဘနှစ်ပါးအတွက် စိုးရိမ်ပူပန်လျက်ရှိသည်။ ဤသို့စိုးရိမ်ပူပန်ခြင်းမှာ မိဘနှစ်ပါး၏ ကျန်းမာရေးကြောင့်သက်သက်မဟုတ်ပါ။ ၎င်း၏မိဘများသည် အိန္ဒိယပြည်သို့ ပြန်မသွားမီကပင် ရန်ကုန်မြို့တွင် ဆရာကြီးထံ၌ ဦးဂိုအင်ကာ၏ ဆော်ဩတိုက်တွန်းမှုအရ ကမ္မဋ္ဌာန်းအားထုတ်သွားခဲ့သည်။ ထိုစဉ်က ၎င်း၏မိခင်သည် ဝိပဿနာစခန်း၌ ကောင်းမွန်စွာအောင်မြင်၍ အနိစ္စတရားကို နှလုံးသွင်းသွားနိုင်ခဲ့သည်။ ဖခင်ကြီးမှာမူ အာနာပါနစခန်းတွင် နိမိတ်အနည်းငယ်မျှသာ မြင်နိုင်၍ ဝိပဿနာလုပ်ငန်းတွင် အောင်မြင်မှုရမသွားခဲ့ရှာပေ။

အိန္ဒိယပြည်သို့ ရောက်သွားသောအခါ ၎င်းတို့သည် တရားလုပ်ငန်းကို မေ့လျော့သွားကြသည်။ ထို့ထက်ပင် အခြေအနေဆိုးနေသည်မှာ အိန္ဒိယပြည်မြို့ကြီးများသို့လှည့်လည် တရားပြနေသည်ဆိုသော ဂိုဏ်းခေါင်းဆောင်ကြီးတစ်ဦးနှင့် ဆက်သွယ်နေခြင်းဖြစ်သည်။ ၎င်း၏ညီဖြစ်သူ ရှမ်ဆန္ဒားသည် ယင်းဂိုဏ်းခေါင်းဆောင်ကြီး၏ လက်ရုံးဖြစ်နေကြောင်းကို ဦးဂိုအင်ကာကြားသိရသည်။ တရားထူးတရားမြတ် အစစ်အမှန်ကို လက်ဝယ်ရရှိထားသော ဦးဂိုအင်ကာအတွက် မိဘနှစ်ပါး တရားလမ်းလွဲလိုက်နေကြောင်းကြားသိရသဖြင့် စိတ်နှလုံးမချမ်းမသာ ဖြစ်ရခြင်းဖြစ်သည်။ အိုမင်းလုပြီဖြစ်သော မိဘနှစ်ပါးအား စစ်မှန်သောတရားကို ရင်ဝယ်ပိုက်၍သာ ဘဝတစ်ပါးပြောင်းသွားစေချင်ရှာသည်။

ဦးဂိုအင်ကာသည် ကာလကတ္တားတွင် နာရီအနည်းငယ်မျှ ခရီးတစ်ထောက်နားနေစဉ် ဆရာကြီးပေးအပ်လိုက်သော တိစီဝရိတ်သင်္ကန်းတစ်စုံကို ဆရာကြီးအားဖိတ်ကြားခဲ့သော ဘိက္ခုဇိနရတနအား ဆရာကြီးကိုယ်စားလှူဒါန်းပူဇော်ခဲ့သည်။ နောက်တစ်စုံကို ဆရာ...

www.burmeseclassic.com

www.burmeseclassic.com



(မိဂဒါဝုန်)တွင် သီတင်းသုံးတော်မူသော ဘိက္ခုဓမ္မရက္ခိတထံသို့ ပေးပို့လှူဒါန်းလိုက်သည်။

ဘုံဘေမြို့သို့ ခြေချလိုက်သည်နှင့်တစ်ပြိုင်နက် ဦးဂိုအင်ကာသည် ၎င်းမမြင်ရသောဓာတ်အားများဖြင့် လွှမ်းခြုံခြင်းခံလိုက်ရကြောင်း ကိုယ်တွင် တွေ့သိရသည်ဟု ဆရာကြီးထံရေးလိုက်သောစာတွင် ရေးသားဖော်ပြထားသည်။ ၎င်းနှင့်ထက်ကြပ်မကွာ ဂိုဏ်းဆရာကြီးသည် ဘုံဘေသို့ရောက်ရှိလာသည်။ ဓမ္မစကြာပွဲတော်ဟုဆိုသော ပွဲတော်တစ်ခုအစီအစဉ်ပြုလုပ်ရန် ဘုံဘေသို့လာရောက်သည်ဟုဆိုသည်။ ဦးဂိုအင်ကာက ဓမ္မစကြာပွဲတော်ဟု အဆိုသာရှိသော်လည်း အမှန်စင်စစ် မှော်ဆရာများသုံးဆောင်သော ကိရိယာတန်ဆာပလာအစုံအလင်ဖြင့် ခင်းကျင်းသည့် လောကီစကြာပွဲတစ်ခုသာဖြစ်သည်ဟု ရေးသားထားသည်။ ဤသို့ပွဲကြီးပွဲကောင်းဆင်နွှဲနေချိန်တွင် ဦးဂိုအင်ကာရောက်ရှိသွားရာ ဘုံဘေတစ်မြို့လုံး အမိုက်တိုက်ဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ ၎င်း၏ကိုယ်တွင်လည်း ထိုဆန့်ကျင်ဘက်ဓာတ် များ၏ တိုက်ခိုက်မှုဒဏ်ကို သိသိသာသာခံနေရသည်။

ထိုအတိုက်အခံဓာတ်အားစုများကို ဥပေက္ခာပြုထားရန် ကြိုးစားသော်လည်း မအောင်မြင်ဟုဆိုသည်။ ထို့ကြောင့်၎င်းတို့အပေါ်တွင် မေတ္တာ၊ ကရုဏာဘာဝနာများစီးဖြန်း၍ မိမိကိုယ်မိမိ အကာအကွယ်ယူရသည်ဟု ဦးဂိုအင်ကာကရေးပြသည်။ အပြင်အပ၌ ပါပဓာတ်များ မည်မျှပင်ထကြွနေစေကာမူ ၎င်း၏ ကိုယ်တွင်း၌ အနိစ္စတရား အဆက်မပြတ်သိနေခြင်းဖြစ်ပေါ်စေ ခဲ့သည်။ ထို့ကြောင့် အခြေအနေမကောင်းလှသော်လည်း ၎င်းသည် စိတ်ပျက်မှု၊ စိတ်အားငယ်မှု လုံးဝမဖြစ်ပေါ်ခဲ့ဟုဆိုသည်။

မိခင်ကြီး၏ ရောဂါအခြေအနေမှာလည်း မကောင်းလှပေ။ အကောင်းဆုံးဆေးဝါးကုသမှုဖြင့် ပြုစုသော်လည်း သက်သာမှုမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



နေအိမ်တစ်ခုလုံးမှာလည်း မာရ်နတ်၏ ဆိုးဝါးသော ဓာတ်အားများက ဖုံးလွှမ်းလျက်ရှိသည်။ မိဘနှစ်ပါးကလည်း လမ်းမှားလိုက်နေကြသည်။ လမ်းမှန်သို့ပြန်လည် ဦးတည်ရန် ဖွတ်အတင်း အကြောက်အကန် ပြောဆိုရန်လည်းမဖြစ်နိုင်။ ထို့ကြောင့်ဦးဂိုအင်ကာသည် ၎င်း တစ်ဦးတည်း ဝိပဿနာကမ္မဋ္ဌာန်းကို နေအိမ်တွင်ပင် စတင်စီးဖြန်း လေသည်။ ၎င်း၏ညီငယ်သည် ထိုအချိန်တွင်မည်သည့်အတိုက် အခံမျှ မပြုသည့်ပြင် မိဘနှစ်ပါးကိုလည်း ဦးဂိုအင်ကာနှင့်အတူ တရားထိုင် လိုက မကန့်ကွက်ကြောင်းပြောလေသည်။ ဤသို့ဖြင့် ဦးဂိုအင်ကာ တရားလုပ်ငန်းစတင်ပြီးသည်နှင့် တစ်ပြိုင်နက် အခြေအနေများ ပြောင်းလဲလာသည်။

တရားထိုင်တိုင်းထိုင်တိုင်း မိဘနှစ်ပါးနှင့်၎င်းတို့၏ ဂုရုဆိုသူ အား မေတ္တာလှိုင်းများပို့လွှတ်၍ အာရုံပြုပေးခဲ့ခြင်းကြောင့် မိဘနှစ်ပါးနှင့် တူ၊တူမသုံးယောက်တို့သည် နံနက်နှင့်ညနေပိုင်းများတွင် ၎င်းနှင့် အတူဝင်ရောက်၍ တရားထိုင်လာကြသည်။ မိမိကိုယ်တွင်း စိတ်တွင်း အညစ်အကြေးများသန့်စင်စေလျက် မေတ္တာတရားများကို ရက်သတ္တ တစ်ပတ်လုံး ဆက်တိုက်ဖြန့်လွှင့်ပေးရာ ၎င်း၏မိခင်သည် ဆရာကြီး ဦးဘခင်ထံ၌ ရရှိသွားခဲ့သည့် အနိစ္စသဘောတရားများကို ရက် အနည်းငယ်အတွင်း ပြန်လည်သိရှိရသည်ဟု သိရသည်။ ၎င်း၏ ဖခင်မှာမူ ရန်ကုန်ဆရာကြီးထံမှောက်ကတည်းကပင် ဝိပဿနာ တရားများ မမြင်မတွေ့ခဲ့သည့်အလျောက် အခက်အခဲကြုံနေရသည်ဟု ဆိုသည်။

ဤသို့ဖြင့် မိမိအိမ်၌မိသားစုများသာ တရားထိုင်နေရာမှ ဦးဂိုအင်ကာအတွက် မမျှော်လင့်သော အခြေအနေများဖြစ်ပေါ် လာခဲ့ ကြသည်။ ရန်ကုန်တွင် ဆရာကြီးထံမှတရားယူခဲ့သော မစ္စတာ ဘာလ်ချန်ဆိုသူက ဦးဂိုအင်ကာဦးစီး၍ ဘုံဘေမြို့တွင် တရားတစ်ပတ်

www.burmeseclassic.com

www.burmeseclassic.com



ပြသပေးရန် အဆိုပြုလာသည်။ ဦးဂိုအင်ကာ၏ တူသားတစ်ယောက်ကလည်း ထိုအဆိုကိုထောက်ခံ၍ အစားအသောက်၊ နေရာထိုင်ခင်းနှင့်တကွ အစစအရာရာတာဝန်ယူ ဆောင်ရွက်ပေးပါမည်ဟု ဆိုလာသည်။ ဤသို့မမျှော်လင့်ဘဲ ပေါ်ပေါက်လာသော တရားတော်အတွက် အခွင့်အရေးကောင်းကြီးတစ်ခုကို ဦးဂိုအင်ကာကဲ့သို့ ဆရာကြီး၏တပည့်ကောင်းတစ်ယောက်ဖြစ်သူတစ်ဦးက လက်လွှတ်ခံမည်မဟုတ်ကြောင်း စိတ်ချယုံကြည်နိုင်ပေသည်။ ဆရာကြီး၏လိုအင်ဆန္ဒကို မမျှော်လင့်ဘဲ ဖြည့်စွက်ပေးနိုင်ရတော့မည်ဟု ဦးဂိုအင်ကာသည် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်နေပေသည်။ ထို့ကြောင့် ပေါ်ပေါက်လာ သောအခြေအနေအရပ်ရပ်တို့ကို ဆရာကြီးဦးဘခင်ထံသို့ ကြေးနန်းဖြင့် အစီရင်ခံ၍ တရားပြသပေးနိုင်ရန်ဆောင်ရွက်စရာရှိသည်များကို အပူတပြင်းစီမံခဲ့လေသည်။

ဦးဂိုအင်ကာ အိန္ဒိယပြည်သို့ မမျှော်လင့်ဘဲ ထွက်ခွာပြီး နောက်မကြာမတင် ကျွန်တော်သည် အင်းယားမြိုင်ရိပ်သာ၌ တရားပတ်ဝင်ရန် တစ်ခေါက်ရောက်သွားခဲ့ပြန်သည်။ ဦးဂိုအင်ကာ အိန္ဒိယပြည်မှ ရေးသားလိုက်သောစာများ၊ ပေးပို့လိုက်သော ကြေးနန်းစာများကို နောက်ဆုံးအခြေအနေအလုံးစုံ သိနိုင်ရန် ဆရာကြီးက ကျွန်တော့်အား ဖတ်ရှုစေပါသည်။

တရားစခန်းဖွင့်ရန် ဦးဂိုအင်ကာ၏ တူကလေးက စီမံပေးသော နေရာဌာနမှာ ဓရမ်ဆာလာခေါ် ဧည့်ရိပ်သာတစ်ခု ဖြစ်ပါသည်။ သို့သော် ပြင်ဦးလွင်မြို့ ဧည့်ရိပ်သာကဲ့သို့ ၎င်းတို့အားလုံး လွတ်လွတ်လပ်လပ် အသုံးပြုနိုင်ကြသော အဆောက်အဦ မဟုတ်ပါပေ။ ယင်းဧည့်ရိပ်သာမှာ ဘုံဘေမြို့ အလယ်ခေါင် အလွန်ဆူညံသော ရပ်ကွက်၌ တည်ရှိ၍ ၎င်းတို့အတွက် ခန်းမဆောင်ကြီးတစ်ခု၏ဘေးမှ အခန်းသုံးခန်းနှင့် မီးဖိုတစ်ခုသာ အသုံးပြုခွင့်ရပေသည်။ အဆောက်အဦမှာ

www.burmeseclassic.com

www.burmeseclassic.com



သုံးထပ်တိုက်ဖြစ်၍ ၎င်းတို့အတွက် ဒုတိယထပ်မှ တစ်ပိုင်းကိုသာ အသုံးပြုနိုင်သည်။ မန္တလေးနှင့် ပြင်ဦးလွင်မြို့များတွင် တရားစခန်း ဖွင့်ရာ၌ အတွေ့အကြုံရရှိသွားသော ဦးဂိုအင်ကာအတွက် တရားပြ ၍ဖြစ်ရန် နေရာထိုင်ခင်းကို ပြုပြင်စီစဉ်ယူရသည်မှာ ခက်ခဲသော အလုပ် တစ်ခု မဟုတ်တော့ပါပေ။ ပိတ်အထည်များ၊ ခန်းဆီးများဖြင့် တရား သမားများနေထိုင်ရန် အခန်းများဖွဲ့၍လည်းကောင်း ရှိပြီး အခန်းများကို တရားပေးရန်၊ တရားစစ်ရန်အခန်းများအဖြစ်လည်းကောင်း၊ အရေးပေါ် စီမံကိန်းဖြင့် ပြောင်းလဲပြင်ဆင်လိုက်ကြသည်။

တရားပတ်ဝင်ကြသော တရားသမား စုစုပေါင်းဦးရေမှာ ၁၅ ဦးဖြစ်၍ အမျိုးသမီး ၃ ဦးပါဝင်သည်။ ယင်းအမျိုးသမီး ၃ ဦးတွင် ဦးဂိုအင်ကာ၏မိခင် ကမလာဒေဝီနှင့် မဒရပ်မြို့မှ တရားထိုင်ရန် အထူးလာရောက်ခဲ့သော ၎င်း၏ချွေးမ မဥ္စူတို့ဖြစ်သည်။ တရားသမား ၁၅–ဦးအနက် မြန်မာပြည်တွင် တရားထိုင် ခဲ့ဖူးသော ပုဂ္ဂိုလ် ၈–ဦး ပါသည်။ ကျန် ၇–ဦးမှာ ဗုဒ္ဓကမ္ဘာ့ဌာန်းလုပ်ငန်းနှင့် လုံးဝမနီးစပ်ဘူး သော ဘုံဘေမြို့မှ ပုဂ္ဂိုလ်အမျိုးမျိုးပါဝင်ခဲ့သည်။

ဦးဂိုအင်ကာသည် လိုအပ်သောအစီအစဉ်များပြုလုပ်ပြီး နောက် ဆရာကြီးထံသို့ တရားထိုင်မည့်ယောဂီဦးရေ၊ တရား စခန်းဖွင့်မည့် နေ့ရက် အချိန်အတိအကျကို သတင်းပေးပို့သည်။ ၎င်း၌ ရန်ကုန်အင်းယားမြိုင် ဓမ္မရောင်ခြည်စေတီမှနေ၍ ဦးဂိုအင်ကာ၏ သာသနာပြုလုပ်ငန်းကို ဆက်တိုက်မေတ္တာဓာတ်အားတို့ကို လွှင့်ပို့ ပေးနေမည့် ဆရာကြီးထံ အာရုံပြု၍မေတ္တာခံယူသည်။

မြန်မာပြည်၌ ဖွင့်လှစ်ကြသော တရားစခန်းများကဲ့သို့ အစစအဆင်ပြေမှုမရှိသည့်အပြင် ပတ်ဝန်းကျင်မှရိုက်ခတ် နေကြသည့် ဗုဒ္ဓဓမ္မနှင့်ဆန့်ကျင်ဘက် ပါပဓာတ်များ၏နောက်ယှက်မှုများ၊ မမြင်စွမ်း နိုင်သည့် အတိုက်အခံများကြားတွင် ဦးဂိုအင်ကာသည် တစ်ဦးတည်း

www.burmeseclassic.com

www.burmeseclassic.com



စွန့်စားကာ ဗုဒ္ဓ၏တရားတော်မျိုးစေ့များကို စတင်ချပေးလိုက်လေသည်။

ယင်း၏ဆောင်ရွက်ချက်နှင့် တွေ့ကြုံရသည့်အခက်အခဲ ပြဿနာများကို မြန်မာပရိသတ်များ စိတ်ဝင်စားကြမည်အမှန် ဖြစ်၍ ၁၉၆၉–ခု ဇူလိုင်လ ၈–ရက်နေ့တွင် ဦးဂိုအင်ကာရေးသား လိုက်သော ဆရာကြီးထံ အစီရင်ခံစာကို မြန်မာပြန်ဆို၍ အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်။

"ယခုတရားပြရာ ဓရမ်ဆာလာမှာ ချွတ်ယွင်းချက်များ အများ ရှိသော်လည်း ရနိုင်သည့် နေရာဌာနများတွင် အကောင်းဆုံးဖြစ်ပါသည်။

အပြင်ဘက်လမ်းပေါ်မှ ကားအသွားအလာ လွန်စွာထူထပ် သဖြင့် ဆူညံလှပါသည်။ အောက်ထပ်တွင် ဈေးဆိုင်များ၊ ကုန်ရုံ များကလည်း ဝိုင်းရံလျက်နေပါသည်။ ပတ်ပတ်လည်အိမ်များမှ ရေဒီယိုဖွင့်သံများ၊ ရုပ်ရှင်သီချင်းများကို အသံချဲ့စက်များနှင့် ပွက်လော ရိုက်အောင် ဖွင့်နေကြပါသည်။

ဤမျှ မသင့်လျော်သော နေရာတွင် ကမ္မဋ္ဌာန်းပြသပေးရန် လက်ခံစီမံဝံ့ခြင်းမှာ ဆရာကြီးနှင့်ဆရာမတို့ထံမှ မေတ္တာဓာတ်များ ခံယူရရှိ၍သာ ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။ ကျွန်တော်၏ အနီးအပါးတွင် ဆရာကြီးအစဉ်ရှိသည်ကို သိရှိရသဖြင့်လည်း ဤ အခက်အခဲကို ရင်ဆိုင်ရန် ကျွန်တော့်၌ ဖွဲ့သတ္တိနှင့်ခွန်အားများ ပြည့်ဝနေပါသည်။ အဝေးပြော တယ်လီဖုန်းမှ ဆရာကြီးက ချီမြှင့်သော ဆုမွန်ကောင်းများနှင့် မေတ္တာဓာတ်အားကြောင့် လွန်စွာအားတက်၍ လုပ်ငန်းကြီး မုချအောင်မြင်လိမ့်မည်ဟု ကျွန်တော်ယုံကြည်လျက် ရှိပါသည်။

ဆရာကြီးခင်ဗျား၊ ဤဓရမ်ဆာလာသို့ ရောက်သော ပထမ ညတွင် မကောင်းသောဓာတ်အားများနှင့် ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲခဲ့ရပုံကို ကျွန်တော် ဘယ်တော့မှ မေ့ပျောက်နိုင်မည်မဟုတ်ပါ။ တရားယောဂီတို့

www.burmeseclassic.com

www.burmeseclassic.com



တရားထိုင်ကြသည့် ခန်းမကြီးတွင် မုန်တိုင်းဆင်သကဲ့သို့ တိုက်ခိုက်လှုပ်ရှားမှုကြီးဖြစ်ပေါ်ခဲ့ပါသည်။ တစ်ခါတစ်ရံ ကျွန်တော်၏ နောက်ကြောတစ်ခုလုံး အေးစက်၍ ကြက်သီးတဖြန်းဖြန်းထခဲ့ပါသည်။ ဓမ္မရောင်ခြည့်စေတီတော် လင်းလွန်းပင် ဂူစခန်း၌ တရားထိုင်နေသကဲ့သို့ပင်ဖြစ်ပါသည်။ တစ်ချိန်လုံး ဓမ္မဓာတ်သည် ကျွန်တော့် ဦးခေါင်း၌ သက်ဆင်းဝင်ရောက်၍ တစ်ကိုယ်လုံးပျံ့နှံ့ဆင်းသွားစေခဲ့ပါသည်။

တရားသမားတစ်ယောက်သည် လမ်းခရီးတွင် ကြန့်ကြာ နေ၍ မနက်လင်းအားကြီး တစ်ချက်ခွဲအချိန်မှသာ ရောက်လာပါသည်။ ထိုအချိန်ထိ ကျွန်တော့်မှာ အိပ်မပျော်သေးပါ။ အရုဏ်မတက်မီ နာရီပိုင်းအတွင်းလောက်မှာ ကျွန်တော်အိပ်စက်ရပါသည်။ ဤတိုက်ပွဲကြီးများတွင် ပဋ္ဌာန်းပစ္စယဒေသနာတော်ကလည်း များစွာအကူအညီပေးခဲ့လေသည်။ သာသနာတော်ကို စောင့်ရှောက်တော်မူခဲ့ကြသော နတ်ပြဟ္မာများနှင့်တကွ ဆရာသက်ကြီးဆရာကြီးနှင့်မိခင် ဆရာမတို့လည်း ကျွန်တော့်အနီးအပါးတွင် ဝိုင်းဝန်းကူညီလျက်ရှိနေကြသည်ဟု အစဉ်အမြဲတွေ့သိနေရပါသည်။

ဘုံဘေမြို့တွင် ပထမဆုံးအကြိမ်ကျင်းပသော တရားတစ်ပတ်အကြောင်းကို ၁၉၆၉-ခု၊ ဇူလိုင်လ ဂ-ရက်နေ့တွင် ဦးဂိုအင်ကာက ဆရာကြီးထံ ရေးသားပေးပို့သော အစီရင်ခံစာတွင် ဖွင့်တွေ့ကြုံရသည့် အခက်အခဲ၊ ပြဿနာများကို အောက်ပါအတိုင်း စိတ်ဝင်စားဖွယ်ရာ ဆက်လက်ဖော်ပြထားပေသည်။

"အာနာပါန တရားပေးထားသော ပထမသုံးရက်တွင် တရားသမားအချို့၏ ကိုယ်တွင်းထကြွသောင်းကျန်းမှုများ တွေ့ကြုံရသည်။ ဓမ္မဓာတုနှင့် ထိတွေ့ရာတွင် ကိုယ်တွင်းအညစ်အကြေး ပါပဓာတ်အားလုံး လွင့်စင်ထွက်ခွာသွားကြရပေမည်။ အချို့သည်ပြင်းစွာအော်အန်

www.burmeseclassic.com

www.burmeseclassic.com



ကြ၍ အချို့မှာ အဆက်မပြတ်ဝမ်းလျှောကြသည်။ သို့ရာတွင် အခက်အခဲအားလုံး ဝိပဿနာစခန်းသို့ တက်လှမ်းသောအခါ ပြေပျောက်သွားကြပေသည်။ ယခုစာရေးစဉ်တွင် အစစအရာရာ ပြေပြစ်ချောမောလျက်ရှိပါသည်။ တရားသမားအချို့မှာ ကျေနပ်ဖွယ်တိုးတက်မှုရလျက် အချို့မှာမူ ပိတ်ဆို့ခက်ခဲမှု အနည်းငယ်တွေ့နေကြပါသည်။ ခတ်မီးလုံးတစ်ထောင်မျှလောက် တောက်ပသော အလင်းရောင်များတွေ့သူတွေကြ၍ ကိုယ်တွင်းကိုယ်ပ ကြည်လင်အေးမြသော အရောင်များ တွေ့သူများလည်းရှိပါသည်။ တစ်ယောက်ကမူ အထက်ဘုံမှနတ်တစ်ပါးကို တွေ့မြင်လိုက်သည်ဟု ပြောပါသည်။ ပီတိပဿဒ္ဓိသုခ ဟုခေါ်ဆိုအပ်သော ကိုယ်တွင်းငြိမ်းချမ်းမှုများလည်းတွေ့ရှိနေရာ တရားသမားတချို့က ဖြဟ္မာကြီးနှင့် တွေ့ပြီဟု ထင်နေကြသည်။ ကျွန်တော်က ငြိမ်းချမ်းမှုမှာ ခရီးတစ်ထောက်မှ ဓရမ်ဆာလာသာဖြစ်သည်။ ရည်မှန်းချက်ပန်းတိုင်သို့ မရောက်သေးကြောင်း အတော်ရှင်းပြရသည်။

"ဘီ စီ ရှား ဆိုသော တရားသမားသည် တရားဝင်ရန်နောက်ကျလာ၍ အာနာပါနကို နှစ်ရက်သာလုပ်ရသည်။ သုံးရက်မြောက်နေ့၌ ဝိပဿနာပေးခဲ့ရသည်။ လုပ်ငန်း၌ကောင်းသူဖြစ်သည်။ ပါရမီလည်းကောင်းပါသည်။ စတင်ထိုင်ပြီးနောက်နေ့မှာ နိမိတ်ပေါ်ပါသည်။ လမင်း၏အလင်းရောင်လိုပေါ်သည်။ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်ကိုလည်းတွေ့ရသည်။ ငှက်ဖြူသုံးကောင်လည်းမြင်သည်။ ထို့ကြောင့် ပီတိဝင်လာသည်ကို လက်မလွှတ်နိုင်သူဖြစ်သည်။ ဝိပဿနာပေးသည့်အခါ အနိစ္စကို ရှုမှတ်လိုက်သည့်နေရာတို့၌တုန်လှုပ်လာပါသည်။ တစ်နေရာရွေ့လျှင် ပထမနေရာက အလှုပ်ရပ်ပြီး ရွေ့သည့်နေရာတွင် လှုပ်ပါလာသည်။ ထို့ကြောင့် သူကြောက်စိတ်ဝင်လာပါသည်။ ကျွန်တော်က ဖြစ်ပျက် သဘောကိုဟောပြောရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တနင်္လာ နေ့ ညဥ့် အမြွတ်တော်ကြေးကိစ္စကို သတိရပြီး သူပြန်ရမည့် အကြောင်း၊ မပြန်မဖြစ်ကြောင်းပြောလာပါသည်။ ကျွန်တော်က သူ့အိမ်ကိုဖုန်းဆက်ခေါ်မှ သူသွားလာပြီး သူကြည့်စီစဉ်မည်ဖြစ်၍ မပြန်ဖြစ်ပါ။ နောင်တွင် သူဝိပဿနာကောင်းလာပါသည်။ လေးရက်မြောက်နေ့တွင် ယခင်ကဖြစ်ပေါ်လာသောပီတိထက် ကောင်းသည့်ပီတိဝင်လာပါသည်။ သူ၏မျိုးဆက်မှာ နိဂဏ္ဌာဏ္ဍနာဋ္ဌပုတ္တဂိုဏ်းဝင်ဖြစ်သည်။ သူတို့ဂိုဏ်းအလိုအရ ထိုပီတိမျိုးကို အလိုရှိပါသည်။ မိမိအလိုရှိသည်ကို ယခုရနိုင်ပြီဖြစ်၍ များစွာကျေနပ်နေကြောင်း သိရပါသည်။ ကျွန်တော်က ထိုစိတ်ကိုပယ်ရန်ပြောပြပါသည်။ သူ့အနေနှင့်ကတော့ ထိုသို့ရရှိခြင်းကို တစ်သက်လုံးကျေးဇူးမမေ့နိုင်မည်မဟုတ်ကြောင်း ကျွန်တော့်အားလည်း တစ်သက်လုံးကျေးဇူးမမေ့နိုင်မည်မဟုတ်ကြောင်း ပြောပါသည်။ ထိုအဆင့်နောက်၌ နိဗ္ဗာန်သာကျန်တော့ကြောင်း သူကပြောသည်။ ဤအဆင့်ရောက်သည်ကိုပင်အတိုင်း ထက်အလွန် နှစ်သက်နေပါသဖြင့် ကျွန်တော်က ဗုဒ္ဓ၏တရားတော်များကို ဟောကြားခဲ့ရပါသည်။ သူက ကျွန်တော့်ကို ကျေးဇူးဆပ်ချင်၍ နိဗ္ဗာန်ရောက်သည့်စခန်းတိုင်အောင် ကူညီမည် ဖြစ်ကြောင်း ကျွန်တော့်အားလည်း တစ်သက်လုံး ကျေးဇူးမမေ့နိုင် မည်မဟုတ်ကြောင်း ပြောလာပါသည်။ ကျွန်တော်က ပြုံး၍သာနားထောင်ပြီး နောင်တွင်မှ ဆက်လက်ဆွေးနွေးမည့်အကြောင်း ပြောထားရပါသည်။ လက်ရှိတရားပတ်ရက်စေ့သွားအောင် ဆိုင်ရာလုပ်ငန်းကိုသာ ဆက်လက်လုပ်ကိုင်ဖို့ တိုက်တွန်းရပါသည်။ ထို့နောက် ထိုစကားကို မပြောတော့ပါ။ ဂျိန်းဝါဒအစွဲ မပျောက် သေးသော်လည်း ဗုဒ္ဓတရားကို လက်ခံပြီး အားထုတ်မှုနည်းလမ်းကိုလည်း ကောင်းသောနည်းလမ်းတစ်ခုဟု လက်ခံပါသည်။

"ကျွန်တော့်ခွေးမ မဥ္ဇူသည် အာနာပါနလုပ်ချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com



ခါတ်တော်တော်ခံရပါသည်။ သုံးရက်လုံး အော့အန်ခြင်းဖြစ်ပါ သည်။ မသက်သာလှပါ။ သူ့အမေရောသူပါ စိတ်သောကဖြစ် ကြသည်။ တနင်္လာနေ့ ဝိပဿနာအားထုတ်စေတော့မှ အားလုံး အဆင်ပြေ သွားပါသည်။ ကျွန်တော်တရားလိုက်ပြီးစစ်နေစဉ်အတွင်း ကျွန်တော် ၏ကိုယ်ပေါ်၌ ယားယံသည့်အဖုများ ပေါ်လာပါသည်။ ထိုယားယံခြင်း မပျောက်မီပင် ကျွန်တော်၏ချွေးမကို တရားစစ်ရန် သွားရပြန်ရာ သူ့အား ရှေ့မှောက်၌ တရားအားထုတ်စေသည်။ တရားကို ရှုစေပါ သည်။ သူ့ဆီက ပြန်လာပြီးသည်နှင့် သူလည်း ကျွန်တော်ဖြစ်သလို အဖုများထွက်လာ၍ ကျွန်တော့်ထံသို့ ငိုယိုကာ လာရောက်ပြောပြ ပါသည်။ တရားရှုလိုက်တော့လည်း ပျောက်သွားပါသည်။ အာနာပါန လုပ်စဉ်က နှာသီးဝတွင် ပူဖောင်းကြီးလို အလုံးကြီးသည် ၅ မိနစ် အတွင်း ပေါ်ခဲ့သူဖြစ်ပါသည်။

ဤနည်းနှင့် တရားသမား ၁၅ ဦးအတွက် ဦးကိုအင်ကာ တွင် ပြဿနာ (၁၅) မျိုး အခက်အခဲ (၁၅) မျိုးနှင့် တွေ့ကြုံ ရင်ဆိုင် ခဲ့ရသည်။ ဖြေရှင်းပေးခဲ့ရသည်။ အခက်အခဲကြုံတိုင်း အောင်မြင်မှု ရခဲ့သည်။ ၎င်း၏မိဘနှစ်ပါးသည် ဦးကိုအင်ကာ မတိုက်တွန်းရဘဲ ၎င်းတို့ အလိုအလျောက် တရားတစ်ပတ်ဝင် ရောက်အားထုတ်ခြင်းပင်လျှင် ဦးကိုအင်ကာအတွက်ကြီးစွာသော အောင်မြင်မှုတစ်ရပ် ဖြစ်ပေသည်။ ၎င်း၏ဖခင်သည် ဝိပဿနာတရားကို မရနိုင်လျှင် တရားစခန်းမှ ချက်ချင်းထွက်ခွာသွားမည်ဟု ကြေညာ၍ တရားထိုင်ခဲ့သည်။ ၎င်း သည်ပင် အခြားတရားသမားများနှင့် အတူတကွ ဝိပဿနာတရားကို ရခဲ့ပေသည်။ ''ယနေ့မနက် ဒီစာရေးနေစဉ်တွင်ပင် ဖခင်ကြီးသည် အနိစ္စတရားကို ကောင်းစွာ မြင်တွေ့နေရသည်။ ယခုပင် အခန်းထဲ သို့ဝင်လာ၍ တစ်ကိုယ်လုံး အပူရှိန်တငွေ့ငွေ့နှင့် လောင်ကျွမ်း နေကြောင်း၊ မခံရပ်နိုင်အောင် ပူလောင်လှကြောင်း တိုင်ကြားပြီး

www.burmeseclassic.com

www.burmeseclassic.com



ညည်းညူ သွားပါသည်။ အနိစ္စ၊ အနိစ္စ၊ အနိစ္စ ဤအောင်မြင်မှုများသည် ဆရာကြီးနှင့်ဆရာမတို့၏ မေတ္တာစေတနာနှင့် ကူညီစောင့်ရှောက် ပေးခြင်းမရှိလျှင် ဖြစ်မြောက်နိုင်မည်မဟုတ်ပါ။

''ကျွန်တော်၏ မိဘနှစ်ပါးမှအပ ယခင်တရားထိုင်ဘူးသူအားလုံး ဇူလိုင်လ ၆ ရက်၊ တနင်္ဂနွေနေ့ ၂ နာရီတွင် ဝိပဿနာတရား ကူးပြောင်းပေးပါသည်။ အားလုံးအောင်မြင်စွာ ရရှိကြပါသည်။ ထို့နောက် ၁၉၆၉ ခု၊ ဇူလိုင်လ (၇) ရက်၊ တနင်္လာနေ့သည် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်အဖြစ် ရောက်လာပါသည်။ ထိုနေ့တွင် ကျွန်တော်၏ မိဘနှစ်ပါးနှင့် တရားမထိုင်ဘူးသေးသော လူသစ်များအား ဆရာကြီး၏ကိုယ်စား ဝိပဿနာတရားကို ကျွန်တော် စတင်ပေးပါသည်။ ဆရာကြီးကိုယ်တိုင် အနီးအပါးတွင်ရောက်ရှိ၍ ညွှန်ကြားပြသ ကူညီစောင့်ရှောက်ပေးနေသည်ဟု ကျွန်တော်တွေ့သိရပါသည်။ နံနက် ၇ နာရီခွဲမှ ၁၀ နာရီတိုင်အောင် တစ်စုပြီးတစ်စု ဝိပဿနာတရားများကို ကျွန်တော်ပြသပေးပါသည်။ လူတိုင်းပင် ကြည်လင်ထွန်းလင်းသည့် ဓမ္မရတနာများ ခံယူနိုင်ကြပါသည်။ မြတ်စွာဘုရား များ ပွင့်တော်မူရာ ဤမဇ္ဈိမဒေသတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ မှစ၍ ဓမ္မရတနာကို ပြန်လည်တွေ့ရှိ ထိတွေ့နိုင်ကြသဖြင့် ဤတရားပေးရာ အခန်းကြီးသည် ကံကောင်းလှပေစွ။ ဘုံဘေမြို့တော်ကြီးသည် ကံထူးလှပေစွ။ ဤဗုဒ္ဓဒေသဖြစ်သော မဇ္ဈိမဒေသ တစ်နိုင်ငံလုံးသည်ပင် ပျောက်ဆုံးခဲ့သော ဓမ္မရတနာကို ပြန်လည်တွေ့ရှိရပြီးဖြစ်သောကြောင့် မွန်မြတ်လှပေစွ။

''ဤကြီးမားသော ကုသိုလ်ကောင်းမှုလုပ်ငန်းအတွက် ရွေးချယ်ခံရခြင်း၊ ကျွန်တော်၏ရှေ့တွင်ရှိသော တရားသမားများ အပေါ်သို့ ဓမ္မရောင်ခြည်စေတီတော်မှ တန်ခိုးအင်အားကြီးမား လှသော နိဗ္ဗာနဓာတ်တော်များကို ပင့်ဆောင်ပြီးလျှင် ဆရာကြီး၏ ကိုယ်စားမှယ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ဖြန့်ဖြူးပေးနိုင်ခြင်းတို့မှာ ကျွန်တော့်အတွက် လွန်စွာကံကောင်း လှပေသည်။ နှစ်ထောင်အားရ ဝမ်းမြောက်လှပေသည်။ ကျွန်တော်၏ ကုသိုလ်ကောင်းမှုအားလုံးကို မိခင်ဆရာမတို့အား ဝေမျှအပ်ပါသည်။

"ထိုနည်းတူစွာ ဗုဒ္ဓ၏တရားတော် ဖြစ်ပေါ်ရာ မူလဒေသတွင် မြတ်စွာဘုရားသခင်အား ကျေးဇူးဆပ်သောအနေဖြင့် သာသနာ ပြန်လည်ထွန်းကားရန် ဆရာကြီးဆောင်ရွက်နေသည်ကို ဝိုင်းဝန်းကူညီ လျက်ရှိကြသော သာသနာတော်စောင့် နတ်ဖြဟ္မာ အပေါင်းတို့အား လည်း ကျွန်တော်၏ ပြုသမျှကုသိုလ်များ အမျှအတန်းပေးဝေပါ၏။ မြန်မာပြည်တွင်ရှိကြသော တရားဌာနမှ မိတ်ဆွေအပေါင်းအားလည်း အမျှအတန်းပေးဝေပါ၏" စသည်ဖြင့် စာရေးသား၍ ဘုံဘေမြို့တွင် ပထမဆုံးအကြိမ်ကျင်းပသော တရားတစ်ပတ်အကြောင်းကို ဆရာကြီး ထံသို့ ပြည့် ပြည့်စုံစုံ အစီရင်ခံစာပေးပို့ခဲ့ပေသည်။

ဘုံဘေမြို့တွင် ပထမဆုံးအကြိမ် ကျင်းပသော တရားပတ် အောင်မြင်စွာ ပြီးဆုံးပြီးနောက် ဦးဂိုဒင်ကာသည် ၎င်း၏ ညီအကို မောင်နှမများရှိရာ မဒရပ်မြို့သို့ သွားရောက်ခဲ့လေသည်။ မဒရပ်မြို့ ၌လည်း လူအများတောင်းခံမှုကြောင့် တရားချီးမြှင့်ရပြန်သည်။ မဒရပ် မြို့၌လည်း တရားပြသရာတွင် တရား အားထုတ်သူပေါင်း ၁၅ ဦးရှိရာ ထိုယောဂီများသည် ဓမ္မရသကို ကိုယ်တိုင်ခံစားသွားကြရသည်။

မဒရပ်မြို့တွင် ဦးဂိုင်အင်ကာ ပြသပေးသော တရားပတ် အကြောင်းကိုလည်း ဆရာကြီးဦးဘခင်ထံ အသေးစိတ်အစီရင်ခံခဲ့ ပေသည်။ ယခုအခါ မြန်မာပြည်တွင် တရားရိပ်သာအသီးသီး၌ ဝိပဿနာတရား အားထုတ်နေကြသော ယောဂီမြောက်များစွာရှိပေရာ ယင်းတို့အတွက် တရားထိုင်ရာတွင် တွေ့ကြုံရသော စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာအချို့ကို ဦးဂိုအင်ကာ၏ အစီရင်ခံစာမှ အောက်ပါ အတိုင်း ကောက်နုတ်တင်ပြအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဒရပ်မြို့သို့အရောက်၌ တရားပေးဌာန ဖွင့်ရမည့် နေရာကို ကျွန်တော် ပထမရွေးချယ်ရပါသည်။ ဘိက္ခုနန္ဒသွရ ထံသွားပြီး ကျောင်းနေရာကို ကြည့်ရှုသောအခါ အေးဆေးငြိမ် သက်သည့် ပတ်ဝန်းကျင်ဖြင့် ဒုတိယအထပ်တွင် ၁၀ ပေပတ်လည် အခန်း ၂၀၊ တတိယထပ်တွင် ခန်းမကြီးတစ်ဆောင် တွေ့ရသော်လည်း အဆောက်အဦမှာ မပြီးသေးပါ။ ရေပေးစနစ်မှအစ အားလုံးခေတ်မီ ပါသည်။ ဘိက္ခု၏ တပည့်အချို့ တရားဝင်မည်ကိုလည်း သိရပါသည်။ သို့သော် ထိုပတ်ဝန်းကျင်မှာ ကျွန်တော်နှင့် ရှန်ကာနှစ်ဦးလုံးအတွက် မသင့်မြတ်သော ပတ်ဝန်းကျင် ဖြစ်နေပါသည်။ ရောက်လျှင်ရောက်ချင်း လူတစ်ကိုယ်လုံးလေးပြီး ခါးတောင့်ခါးတင်း ဖြစ်သွားပါသည်။ ဘိက္ခု မှာ ချိုသာပြီး ညှို့ဝတ်ကျေသော ပုဂ္ဂိုလ်ဖြစ်စေကာမူ သူနှင့်တွေ့တိုင်း ကျွန်တော်ထိုသို့ ခံစားရပါသည်။ ကျောင်းနေရာသည် ကျွန်တော် တည်းခိုသော နေရာနှင့်ဝေးသဖြင့် လိုအပ်သောအသုံးအဆောင် များရရှိရန် မလွယ်ကူသောကြောင့် လက်လွှတ်လိုက်ပါသည်။

"နောက် နေရာတစ်ခုပြီးတစ်ခု ရှာကြည့်ရာတွင် အပြစ် တစ်ခုခု မလွတ်ဖြစ်နေသည်ချည်း တွေ့ရသဖြင့် အာဂရာဝါလား တိုက်၊ ဓရမ်ဆာလာကို နောက်ဆုံးရွေးလိုက်ပါသည်။ တိုက်၏ အပေါ်ဆုံး သုံးထပ်ကို ကျွန်တော်တို့ တရားပေးရန်အတွက် ရရှိပြီးနောက် ဈေးနှင့် နီးနေသည့်အဖြစ်ကြောင့် ဆူညံမှုကို တစ်ဖန်ကြုံရပြန်ပါသည်။ ဘုံဘေ ထက်ပင် ဆိုးဝါးပါသေးသည်။ ထိုလမ်းထဲ၌ ကုလားဘုရားပူဇော်ပွဲ အမြဲရှိနေသောကြောင့် သီချင်းဘုံတညံညံပင်ရှိပါသည်။ တနင်္ဂနွေနေ့ မှာမူ အနည်းငယ် အသွားအလာနည်းသဖြင့် တရားပေးလိုစိတ်ရှိ၍ တရားပေးမည့်ဆဲဆဲတွင် ကုလားဘုရား သီချင်းဆိုသူတစ်ဦးက ဆူညံ နေပြန်သဖြင့် တရားပေးချိန်ကို နာရီပိုင်းအားဖြင့် ရွှေ့ပြောင်း လိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှ ဆူညံသောနေရာတွင် တရားပေးရာ၌ အောင်မြင်ရန် အခွင့်အလမ်း နည်းလှပါသော်လည်း ဆရာကြီး၏မေတ္တာဖြင့် အာရုံပြုမှုကြောင့် အောင်မြင်ခဲ့ရပါသည်။ တိုက်မှာ ငါးထပ်တိုက်ဖြစ်ပြီး အောက်ထပ်ကို ကုန်သည်များအား ငှားထားပါသည်။ ဒုတိယထပ်မှာ ဓရမ်ဆာလာရုံး၊ ပြည်သူ့စာကြည့်တိုက်နှင့် စာကြည့်ခန်းများ ဖွင့်ထားပါသည်။ သုံးထပ်နှင့်လေးထပ်မှာ ခရီးသည်များ တည်းခိုရန်ဖြစ်ပါသည်။

တရားပြမည့် အချိန်ပိုင်းတွင် အဆိုပါ သုံးထပ်၊ လေးထပ်၊ ငါးထပ်တို့ဆိုင်ရာလုပ်ငန်းများ ပိတ်ထားချိန်နှင့် ကြုံသဖြင့် ကျွန်တော်တို့ကို ပေးအပ်ခြင်းဖြစ်ပါသည်။ ၄င်းဓရမ်ဆာလာ သုံးထပ်စလုံးတွင် တခြားသူများ မဝင်ရအောင်တားမြစ်ပြီးနောက် ဓမ္မဓာတုဖြင့် လွှမ်းခြုံသွားပါသည်။

တရားမပေးခင် တစ်နေ့ ၈ နာရီတွင် စည်းဝေးပွဲကျင်းပရာ၌ လူငါးဆယ်ခန့် တက်ရောက်ကြပါသည်။ တရားအကြောင်း ဟောပြောရန် တိုက်တွန်းချက်အရ ကျွန်တော် ၁ နာရီခွဲခန့် တရားဟောခွင့်ရပါသည်။ ထိုနေ့တွင် ကျွန်တော်ချောင်းဆိုးနေ ပါသည်။ အဖျားလည်း အနည်းငယ်ရှိပါသည်၊ တရားဟောချိန် အရောက်တွင်မူ သမာဓိကောင်းကောင်း တည်ပြီးနောက် ဓမ္မ ဓာတုသည် မိုးရွာသလို တစ်ကိုယ်လုံး ပျံ့နှံ့လာသဖြင့် တရားဟောရာတွင် အားရပါးရ ဟောနိုင်ခဲ့ပါသည်။ ကြားနာသူများလည်း အာရုံကောင်းစွာ စိုက်နေကြပါသည်။ ထို့နောက် ဓမ္မဓာတ်၏ အစွမ်းကြောင့်ထင်ပါသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ကောင်းမွန်သွားရုံမက ချောင်းဆိုးနှင့် အဖျားဝေဒနာပါ ပျောက်ကင်းသွားပါသည်။

မဒရပ်သို့ ရောက်စကတည်းက နေထိုင်မကောင်းဖြစ်ပါသည်။ ထိုအချိန်ကျမှ ပျောက်ခဲ့ရပါသည်။

ဓရမ်ဆာလာသုံးထပ်တွင် တရားသမားများအား နေရာ

www.burmeseclassic.com

www.burmeseclassic.com



ချထားပေးပါသည်။ စတုတ္ထထပ်၌ ခန်းမဆောင်တစ်ခုရှိရာ ၎င်းအဆောင်တွင် ကန့်လန့်ကာ ကာပြီးနောက် ကျွန်တော်နေရန်၊ အိပ်ရန်အခန်းဖွဲ့ပါသည်။ တရားပေးရန် အခန်းတစ်ခန်းလည်း ဖွဲ့၍ ထိုအခန်း၌ တရားပေးခြင်း အဓိဋ္ဌာန်ထိုင်ခြင်းတို့ကို ပြုလုပ် ပါသည်။

အထက်ပါအစီအစဉ်အတိုင်း တရားပတ်စလိုက်ရာတွင် ဘုံဘေမှာကဲ့သို့ တစ်ရက်နှစ်ရက် အိပ်မပျော်မှုမျိုးကို မတွေ့ရတော့ပါ။ ဓမ္မဓာတု အားကောင်းခဲ့သဖြင့် အဆင်ပြေနေပါသည်။ ကြာသပတေးနေ့ တရားပတ်စပြီး သောကြာနေ့တွင် မိုးကြီးသည်းထန်စွာရွာသဖြင့် အပူဒဏ်မိနေသော၊ ရေပြတ်နေသော၊ အအေးဓာတ်လိုနေသော လူတို့အဖို့ ဝမ်းအသာကြီးသာသွားကြပါသည်။ တရားပတ်စေ့သည့် တနင်္ဂနွေနေ့ညမှာလည်း အလားတူ မိုးကြီးသည်းထန်စွာရွာသည်ဟု ဆိုသည်။ ဦးဂိုအင်ကာ၏အထင်မှာ ၎င်းတရားပတ်အတွင်း၌ ပါရမီထူးသူ တစ်ဦးပါဝင်သည်ဟုထင်ပါသည်။ ထို့ကြောင့်သာ ထိုပုဂ္ဂိုလ်၏ နှစ်သက်ကျေနပ်မှုဖြင့် မိုးသည်းထန်စွာရွာခြင်း ဖြစ်ရပါလိမ့်မည်ဟု ဆိုသည်။

တရားသမားအချို့၏ အတွေ့အကြုံများကို အနည်းငယ်ဖော်ပြရသော် "ကျွန်တော်၏သား ဂီဒိုရီသည် မြန်မာပြည်မှ ထွက်လာကတည်းက တရားကောင်းစွာ မထိုင်တော့၍ တရားအာရုံ မရှိတော့သူဖြစ်ပါသည်။ တရားတစ်ပတ်မှ ဝင်ပါတော့မည်လားဟု သံသယဝင်ခဲ့မိပါသည်။ သို့ရာတွင် သူသည် အလွန်အားတက်သရောရှိကြောင်း တွေ့ခဲ့ရပါသည်။ တရားပတ်မစခင် နှစ်နာရီလောက် ဆီးသွားရာ၌ သွေးနှင့်ပြည်များ ထွက်လာပါသည်။ ဆရာဝန်ပင် ဘာလုပ်ရမှန်းမသိဖြစ်သွားရပါသည်။ ဘုံဘေမှာလည်း ဘာဘူလားလ်သား သျှီဝနှင့် ဝိမလတို့ကို တရားဝင်စေမည်အပြုတွင် ကျန်းမာရေးမကောင်းကြောင်းကို ချက်ချင်းတွေ့ရပြီး ဆရာဝန်ပင် ရောဂါအမည် မဖော်နိုင်ခဲ့ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြုံခဲ့ရပါသည်။ တရားပတ်မှာ ကျွန်တော့်သား ယခုလိုဖြစ်ခြင်းသည်လည်း အဖျက်ကြောင့်ပဲဟု သဘောရပြီး တရားသာဝင်စေပါသည်။ တရားခန်းသို့အရောက်၌ ရောဂါဒုက္ခမခံစားရတော့ပါ။ တရားပတ်၌လည်း တရားကောင်းခဲ့ပါသည်။ အာနာပါနလုပ်ကတည်းက ကိုယ်ထဲမှာ အခိုးအလွှန်အမင်း ထွက်၍ ကျွန်တော်သူ့နားပင်မနေနိုင်အောင်ဖြစ်ပါသည်။ ဝိပဿနာပေးအပြီးတွင်လည်း မီးလောင်ဒဏ်ခံရသလို ခြေဖဝါး လက်ဖဝါးတို့၌ ခံစားရသည်ဆိုပါသည်။ ထိုလက်များဖြင့် ကိုယ်ပေါ်တွင် ကိုင်တွယ်လျှင်ပင် ကိုင်သောနေရာ၌ အလွှန်ပူကြောင်းတွေ့ရသည်ဟု ဆိုပါသည်။ အကုသိုလ်ကံများစွာ ချေပစ်နေသည်ဟု ကျွန်တော်ထင်ပါသည်။ တရားပတ်စေ့ချိန်တွင်မူ သူ့မျက်နှာမှာ တည်ငြိမ်ကောင်းမွန်ကြောင်း၊ လူလည်း ပေါ့ပါးကြောင်းသိရပါသည်။

ကျွန်တော် မဒရပ်သို့ရောက်မှ အစ်ကိုကြီးက သူ၏ သားနှင့်နှစ်ယောက်အတူတရားထိုင်မည်ဆိုပါသည်။ ထိုအခါ သူတို့၏ ဂိုဏ်းအဖွဲ့ကလူများက ဒေါသဖြစ်ကြပါသည်။ ကျွန်တော်၏တရားပတ်ကိုမဝင်ရဟု ဖိအားပေးလာကြပါသည်။ ကျွန်တော်ကလည်း အတင်းအကျပ်မထိုင်ခိုင်းပါ။ အစ်ကိုကြီးက ဂိုဏ်းအဖွဲ့ထက် ကျွန်တော်တို့တရားက ပိုကောင်းသည်ဟု ထင်ပါသော်လည်း ထိုသူများကိုသူမလွန်ဆန်နိုင်ခဲ့ပါ။ သူကိုယ်တိုင်က ကျွန်တော့်အပေါ် ယုံကြည်၍အစစစီစဉ်ပေးခဲ့သူဖြစ်ပါသည်။ တရားဟောရာတွင် ထာဝရဘုရားသည်အစွန်ဆုံးမဟုတ်သေးကြောင်း ထည့်ပြောမိပါသည်။ တရားပွဲအပြီးတွင်အစ်ကိုကြီးကပင် ဝမ်းမြောက်ကြောင်း ဆိုပါသေးသည်။ သို့ပါလျက်တရား မထိုင်ဖြစ်တော့ပါ။ ည ၇–နာရီတွင် ကျွန်တော်စားသောက်ပြီးတရားပေးရာဆီသို့သွားရန် လှေကားမှ အဆင်း အစ်ကိုကြီး၏ ဖနီးမှာထမင်းဝိုင်းတွင် တရားထိုင်မည်ဟု မပြောခဲ့သော်လည်း ချက်ချင်းဆိုသလို ဘယ်သူဘာပြောပြော အိပ်ရာလိပ်ပင် မယူတော့ဘဲ လိုက်

www.burmeseclassic.com

www.burmeseclassic.com



မည်ဟုဆိုပါတော့သည်။ ကားပေါ်သို့လိုက်ပြီး ဒရဝမ်ကို အကျိုးအကြောင်း ပြန်ပြောစေပါသည်။ ကျွန်တော်ကလည်း ''ပါရမီပေပဲ'' ဟု ဆိုရပါသည်။အာနာပါနသုံးရက်အတွင်း၌ သူအလွန်ဒုက္ခခံရပါသည်။ ကိုယ်မှာ အလွန်ပြင်းထန်သောဒဏ်များခံရပါသည်။

ဝိပဿနာကို နှစ်နာရီ အချိန်ပေးပြီးသောအခါ လေး နာရီ၌ မကောင်းသောအရာများ ထွက်သွားပါသည်။ ယင်းသို့ မကြာခဏ တစ်ကိုယ်လုံး၌ ကြုံရသည်ဟုဆိုပါသည်။ တစ်ခါတစ်ရံတွင် ထွက်သွားသောအရာကို သူ့မျက်စိဖြင့် မြင်သည်ဟုပြောပါသည်။ ထွက်သွားသော မကောင်းဆိုးဝါးသည် အံကိုကြိတ်လျက် ထွက်သွားသည်ဟု မြင်ခဲ့ပါသည်။ ငါးနာရီအထိ ထိုအဖြစ်မျိုးကြုံပါသည်။ ခြောက်နာရီ၌ တရားဟောရာတွင် ယင်းသို့ မကောင်းသောအရာများ ထွက်ခြင်း ၏ကောင်းပုံကို ရှင်းပြပါသည်။ ကျွန်တော်နှင့်မျက်နှာချင်းဆိုင် ထိုင်နိုင်းပြီး ရှုစေရာ၌ ထွက်သမျှကို ကျွန်တော်ကိုယ်တိုင်မြင်ပါသည်။ ကျွန်တော့်မှာ ဝမ်းနည်းဝမ်းသာ ဖြစ်ရပါသည်။ ဝမ်းနည်းမှုမှာ မကောင်းသော တရားအဖွဲ့၌ ဝင်မိကြ၍ ထိုသို့ဖြစ်ရခြင်းကို ဝမ်းနည်းမှုဖြစ်ပါသည်။ ဝမ်းသာမှုမှာ ဤတရားထိုင်ရ၍ ယခုလို မကောင်းဆိုးဝါးများထွက်ခြင်းကို ဝမ်းသာမှုဖြစ်ပါသည်။ ကာယကံရှင် ကိုယ်တိုင်ကလည်း ထိုအဖြစ်ကို သဘောပေါက်ပြီး ကျေနပ်ပါသည်။ ဝိပဿနာပေးပြီး နောက် အဂါနေ့တွင် ၂၄ နာရီလုံးလုံး တရားအားရုံနှစ်မျိုးစလုံး ပျောက်သွားပါသည်။ အစိဋ္ဌာန်ထိုင်ကာမှ လေပြင်းတိုက်ခတ်ခြင်းကြောင့် တံခါးများ ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်အသွားတွင် သူပြန်၍ အာရုံထားနိုင်ပါတော့သည်။ ကျွန်တော်ကလည်း တစ်ခုခုလာရောက်ကာ နောက်ထွက်ခွာသွားပြီး အခြေအနေပြောင်းသွားသည် ထင်ပါသည်။

အလင်းထဲမှ အနက်ကြောင်းများ သူနိမိတ်ထင်ပါသည်။ အဝေး၌ စိန်လုံးလိုလိုမြင်ပါသည်။ တရားတစ်ပတ်အတွင်း ကိုယ်အနွှာ

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားခြင်း တစ်နေ့ထက်တစ်နေ့ လျော့သည့်မရှိဘဲ တိုး၍တိုး၍ တုန်လှုပ်ပါသည်။ သူ့ကိုမကြောက်ရန် ပြောရပါသည်။ မကောင်းဆိုးဝါး ထွက်ခွာသွားသောအခါ တစ်ခါတစ်ရံတွင် သူ့မှာ အားနည်းသွား သော်လည်း သူကတော့ မကြောက်တော့ပါ။ ထို့ကြောင့်ချက်ချင်း ဆိုသလို တရားအာရုံဖြင့် နေနိုင်ပါသည်။ နောက်ဆုံးနေ့တွင် သူ၏ တုန်လှုပ်မှုမှာ အပြင်းထန်ဆုံး ဖြစ်ခဲ့ပါသည်။ ၆–နာရီမှ ၆–နာရီခွဲထိ တရားထိုင်ရာတွင် လက်များလှုပ်သည်။ ပေါင်များလှုပ်သည်။ ထို့ကြောင့် ပေါင်နှင့် ကြမ်းနှင့် ရိုက်မိရာမှ ပေါင်အောက်တွင် နီရဲပြီး အညိုအမည်း ပင် စွဲနေသည်။ ကျွန်တော်ကမူ ဆယ်ရက်အရတွင် ကောင်းလာလိမ့် မည်ထင်သော်လည်း ယခုလို ဖြစ်လာသဖြင့် သူ့သဘာဝအတိုင်း ဖြစ်ကြောင်း၊ ကျွန်တော်လည်း ဘာမျှ မတတ်နိုင်ကြောင်း ပြောပြ ရပါသည်။ သူ့မျက်နှာမှာ မကြည်လင်သေး၍ ယခုတိုင်မကောင်း သော အညစ်အကြေးများ မကုန်သေးဟု ယူဆရပါသည်။

''အိမ်ပြန်ရောက်သည့်အခါ၌ သူမမှာ အိပ်လို့လည်းကောင်း ပါသည်။ ယခင်ကထက်ပို၍ ဖျတ်လတ်သွက်လက်လာပါသည်။ ယခင် ကအိပ်မပျော်ရောဂါ စွဲကပ်သော်လည်း ယခုသက်သာ သွားပါသည်။ ကိုယ်တွင်းမှနာသောကိစ္စလည်း အလွန်နေသာသွားပါသည်။ ယနေ့ထိ ဝိပဿနာကို လက်မလွှတ်ကြောင်းသိရပါသည်။''

ဦးဂိုအင်ကာသည် အဖျက်ပေါင်းမျိုးစုံကြားမှ တည်ကြည် လှသော သဒ္ဓါတရား၊ ခိုင်ခံ့လှသော သမာဓိတို့ဖြင့် အောင်မြင်စွာ တရားပြသပေးနေနိုင်သည်ကို တွေ့မြင်ကြရသော မဒရပ်မြို့မှ ပုဂ္ဂိုလ် တို့မှတစ်ဆင့် ဦးဂိုအင်ကာ တရားပြသပုံ သတင်းပျံ့နှံ့သွားတော့၏။ အိန္ဒိယပြည်ရှိ အခြားမြို့ရွာဒေသများမှလည်း မိမိတို့ မြို့ရွာအသီးသီးသို့ လာရောက်တရားပြသပေးပါရန် ဖိတ်မန္တကပြုလာကြသည်။ အမှတ် စစ်စစ် မဒရပ်နှင့် ဘုံဘေတွင် တရားပြသပေးနေစဉ်အတွင်းမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



လူကိုယ်တိုင်လည်းကောင်း၊ စာအားဖြင့်လည်းကောင်း ဖိတ်ကြားလာကြပေသည်။ နိုင်ငံခြားသား အများလည်း တရားအားထုတ်လိုကြောင်း ပြောကြားလာသည်။

ဤဖိတ်ကြားချက်သည် ဗုဒ္ဓဘာသာ၏ မူရင်းဒေသ မဇ္ဈိမဒေသန၌ သာသနာပြုလုပ်ငန်းများ လုပ်ဆောင်ရန် ရည်မှန်းလျက်ရှိသော ဆရာကြီးအတွက် ကောင်းသောနိမိတ်သြဘာ မင်္ဂလာများဖြစ်ပေသည်။ ထို့ကြောင့် ဦးဂိုအင်ကာအား မကြောက်မရွံ့ တည်ကြည်သော သဒ္ဓါတရားဖြင့် ဆရာကြီးကိုယ်စား ဆက်လက်တရားပြသပေးရန်နှင့် ဆရာကြီးကလည်း ဓမ္မရောင်ခြည်စေတီတော်မှနေ၍ ထောက်ပံ့ကူညီစောင့်ရှောက် ပေးနေမည်ဖြစ်ကြောင်း အားပေးစကား ပြောကြားလိုက်သည်။ သို့ဖြင့် မိခင်ကြီး နာမကျန်းဖြစ်၍ ခေတ္တခဏမျှ အိန္ဒိယ ပြည်သို့ ၁၉၆၉–ခု၊ ဇွန်လက သွားခဲ့သော ဦးဂိုအင်ကာသည် မြန်မာပြည်သို့ ပြန်လာနိုင်ခြင်းမရှိဘဲ အိန္ဒိယအနယ်နယ်သို့လှည့်ကာ ဗုဒ္ဓဝိပဿနာ တရားတော်ကို ဆရာကြီး၏ လက်ထပ်ပြသပေးသည့် နည်းစနစ်များ အရ ပြသနေရတော့သည်။

ဘုံဘေမှ အိန္ဒိယပြည် မြောက်ပိုင်းသို့ ခရီးထွက်ခဲ့ရာတွင် ရှေးဦးစွာ အိန္ဒိယပြည်၏ မြို့တော်ဖြစ်သော နယူးဒေလီမြို့တွင် အခြေစိုက်၍ ၁၉၆၉–ခု၊ စက်တင်ဘာလတွင် တရားတစ်ပတ် ပြပေးရသည်။ ထိုမြို့တွင်ပင် ၁၉၇၀–ခု၊ ဇန်နဝါရီလ၌ ဒုတိယပတ် တရားပြပေးရပြန်သည်။ နယူးဒေလီမြို့တွင် အမေရိကန် လူမျိုးများနှင့် ဥရောပတိုက်သား အမြောက်အမြား တရားထိုင်လာကြသည်။ နယူးဒေလီမှ ခရီးဆက်၍ ဗာရာဏသီ ဒေသရာဌာနသည် နယ်နယ်ရရ နေရာမဟုတ်ပါပေ။ ပညာအရာတွင် ထူးခြားသည့် ပဏ္ဍိတ်ကြီးများ အယူသီးဟိန္ဒူကြီးများ၏ အခြေစိုက်ရာဌာနကြီးဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီး အများအပြားလည်း သီတင်းသုံးနေထိုင်

www.burmeseclassic.com

www.burmeseclassic.com



တော်မူလျက်ရှိကြသည်။ ဤကဲ့သို့သော နေရာဌာနတွင် တစ်ဦးတည်း သွားရောက်၍ ယခင်က မကြားဘူး မသိဘူးသော တရားလုပ်ငန်းများ ရှင်းလင်း ပြသပေးဝံ့သည့် အရည်အချင်းသတ္တိမှာ အံ့ဖွယ်လိလိပင် ဖြစ်ပါသည်။

ဦးဂိုအင်ကာ၏ အရည်အချင်း အစွမ်းသတ္တိတို့ကို မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ချုပ်၏ အထောက်အပံ့ဖြင့် အိန္ဒိယနိုင်ငံတွင် ပညာသင်ကြားရန် ထွက်ခွာခဲ့သော ဘုန်းတော်ကြီးတစ်ပါးက ဆရာကြီး ဦးဘခင်ထံသို့ ၁၉၇၁–ခု၊ ဒီဇင်ဘာလအတွင်းက ပေးပို့လိုက်သော စာတစ်စောင်ကို အမှတ်မထင် ဖတ်ရှုခဲ့ရသည်။

''ဦးဂိုအင်ကာ၏ ဝိပဿနာလုပ်ငန်းများ အတော်အောင်မြင်သဖြင့် အိန္ဒိယမှ ပုဂ္ဂိုလ်များက ဒါယကာကြီးအားတွေ့လို၊ ဒါယကာကြီး၏ တရားများကို လိုက်နာကျင့်သုံးလိုနေကြပါသည်။ ယခုအခါ ဗုဒ္ဓဂယာတွင် ဦးဂိုအင်ကာထံ အမေရိကန်နှင့် ဥရောပတိုက်သား ယောဂီ ၅၀–ကျော် တရားလေ့ကျင့် နေကြတာတွေ့ရပါသည်။ ဦးပဉ္ဇင်းတို့ မြန်မာများအနေဖြင့် ဦးဂိုအင်ကာ၏ ဝိပဿနာဆိုင်ရာ ဆောင်ရွက်ချက်များအတွက် များစွာဂုဏ်ယူနှစ်သိမ့်နေကြပါသည်။ ဒါယကာကြီး၏ တရားပေးပုံ လုပ်ငန်းစဉ် ရက်တိုတိုနှင့် ယောဂီများအား ဝိပဿနာတရားများ ပေးနိုင်ပုံ၊ ဦးဂိုအင်ကာ၏ ဟိန္ဒီစကား၊ အင်္ဂလိပ်စကားပြောချာ၍ ဣန္ဒြေရပြီး တည်ငြိမ်မှုရှိပုံတို့ကြောင့် အိန္ဒိယတွင် ဒါယကာကြီး၏ တရားလမ်းစဉ်သည် လူသားတို့အား ထာဝရငြိမ်းချမ်းရေး ပေးနိုင်မည့် လမ်းစဉ်ဖြစ်သည်ဟု ယုံကြည်နေပါတော့သည်။ ဒါယကာကြီး ဦးဂိုအင်ကာသည် မြန်မာပြည်မှာမွေး၍ မြန်မာပြည်မှာကြီးရသော်လည်း ဟိန္ဒူစာပေတတ်ကျွမ်းကျင်၍ စကားပြောပုံကျင်လည်သောကြောင့် အိန္ဒိယမှာပင် အတော်အထက်တန်းကျသော ပညာရှိအပြောအဟော

www.burmeseclassic.com

www.burmeseclassic.com



ကောင်း ပုဂ္ဂိုလ်စာရင်းတွင် ပါဝင်ထည့်သွင်းခံရပါသည်။ ၎င်းပြောပုံ ဟောပုံကို ဗာရာဏသီမှ ပဏ္ဍိတ်ကြီးတွေပင် ချီးမွမ်းနေရပါသည်။

''ထို့ကြောင့် အိန္ဒိယတွင် သာသနာရေးကိစ္စအတွက် ဦးဂိုအင်ကာ၏ ဆောက်ရွက်ချက်များသည် အလွန့်အလွန် တန်ဖိုးရှိပါသည်။ ဒါယကာကြီးအတွက် ဦးဂိုအင်ကာသည် အားကိုးစရာ တပည့်ကောင်းတစ်ယောက် ဖြစ်ပါတော့သည်။''

ဤသို့ တရားဘုပ်ငန်းများကို အိန္ဒိယပြည်သို့ ဦးဂိုအင်ကာ တစ်ဦးတည်း ညွှန်ကြားပြသနေသည်ဆိုသော်လည်း အကူအညီမဲ့ ဆောင်ရွက်နေသည်ဟု မယူဆနိုင်ပါ။ တရားတစ်ပတ်မစမီ ဆရာကြီးထံသို့ ကြေးနန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း၊ အရေးကြီးလျှင် တယ်လီဖုန်းကိုပင်သုံး၍ တရားဝင်မည့်ပုဂ္ဂိုလ်ဦးရေ၊ တရားထိုင်မည့်နေ့ရက် အချိန် အတိအကျတို့ကို အကြောင်းကြားပါသည်။ ဆရာကြီးက ပဋိပတ္တိလုပ်ငန်းဌာန၊ ဓမ္မရောင်ခြည် စေတီတော်တွင်းမှနေ၍ ဓမ္မဓာတ်၊ ဗောဓိဓာတ်၊ နိဗ္ဗာနဓာတ်တို့ဖြင့် အားယူ၍ ဦးဂိုအင်ကာကို ကြိုးကြိုးစားစားထောက်ပံ့ခဲ့ပါသည်။ တရား တစ်ပတ်ဆယ်ရက်အချိန် တစ်လျှောက်လုံး တရားသမားများသည် စေတီရိပ်သာတွင် ကိုယ်တိုင်ရောက်ရှိ တရားထိုင်နေဘိသကဲ့သို့ ဆရာကြီးက တရားထိုင်ချိန်၊ အနားယူချိန်များကို ကိုက်ညှိ၍ အစဉ်စောင့်ရှောက်ပေးခဲ့ပေသည်။ ထို့ကြောင့် တရားအားထုတ်လျက်ရှိကြသော တရားသမား အပေါင်းတို့သည် ဦးဂိုအင်ကာ၏ ကိုယ်တိုင် ညွှန်ကြားပြသပေးမှုကြောင့်လည်းကောင်း၊ မြန်မာပြည်မှနေ၍ ဆရာကြီးက အာရုံပြုစောင့်ရှောက်ပေးခြင်းကြောင့်လည်းကောင်း၊ ရန်ကုန်မြို့ အင်းယားမြိုင်လမ်း အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန၌ တရားအားထုတ်ကြရသကဲ့သို့ပင် တိကျမှန်ကန်စွာ ဗုဒ္ဓတရားတော်မြတ်နှင့်အညီ တရားအားထုတ်နိုင်ခဲ့ကြပေသည်။ ဓမ္မရသကိုလည်း ထိုက်သင့်သလောက်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ခံစားသွားကြရသည်။

အိန္ဒိယမြောက်ပိုင်း နယူးဒေလီနှင့် ဆရနသ်တို့၌ ဘုရားအစီအစဉ်များ ပြီးဆုံးသောအခါ ဗုဒ္ဓဂယာသို့ ဦးမခိုက်မီ ကာလကတ္တားမြို့ကြီးတွင် တရားတစ်ဝက်ပြသခဲ့သေးသည်။

ကာလကတ္တား တရားတစ်ပတ်တွင် အနောက်နိုင်ငံသား များ၊ ဟိန္ဒူပုဏ္ဏားတ်များနှင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီး အများအပြား ပါဝင်သည်ဟုသိရသည်။ ဘုန်းတော်ကြီးများအနက် ဘိက္ခုရပ်စတရုညဘလ်ခေး ရဟန်းတော်တစ်ပါးသည် ဦးဂိုအင်ကာပြသသော ဝိပဿနာလုပ်ငန်းစဉ်များတွင် အထူးနှစ်ခြိုက်စိတ်ဝင်စားသွားသည်။ ထိုရဟန်းတော်သည်(ဒီ၊ဖီးလ်) ခေါ် ဒေါက်တာဘွဲ့ရထားပြီး ပညာရှင်တစ်ဦးဖြစ်သည်။ (ဒီ၊လစ်) ခေါ် နောက်ထပ်ပါရဂူဘွဲ့အတွက် သုတေသနလုပ်ငန်းများ လုပ်နေသော ပုဂ္ဂိုလ်ဖြစ်သည်။ ယင်းပါရဂူဘွဲ့အတွက် တင်သွင်းမည့် စာတမ်းမှာ၊ ဗုဒ္ဓဘာသာ ဝိပဿနာကမ္မဋ္ဌာန်းဆိုင်ရာ သဘောတရားနှင့် လက်တွေ့လုပ်ငန်းစဉ်အကြောင်းများဖြစ်သည်။ ထို့ကြောင့်ပင်လျှင် ဦးဂိုအင်ကာ၏ တရားပြသမှုများတွင် အထူးစိတ်ဝင်စားခြင်းဖြစ်သည်။ ကာလကတ္တား၌ တရားအားထုတ်ပြီးနောက် ၎င်း၏သုတေသနလုပ်ငန်းများကို ဘေးဖယ်ထားပြီးလျှင် ဝိပဿနာလုပ်ငန်းများကိုသာ နှစ်လကြာ ဆက်လက်အားထုတ်နေသည်ဟု သိရသည်။ ဆရာကြီး၏ နည်းလမ်းများဖြင့် ဗုဒ္ဓတရားလုပ်ငန်းများ လုပ်ကိုင်ရာတွင် အထူးတိုးတက်မှုရရှိ၍ ဘဝသစ်ရောက်ဘိသကဲ့သို့ ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သည်ဟုဆိုသည်။

ကာလကတ္တားတွင် ပထမတရားပတ်ပေးပြီးနောက် ပရိသတ်များ ပွဲတောင်းသဖြင့် ဒုတိယတရားပတ် ထပ်မံချီးမြှင့်ရပြန်သည်။ ထိုမှတစ်ဖန် အိန္ဒိယပြည်တောင်ပိုင်းသို့ လှည့်လည်၍ တရားပေးရပြန်သည်။ ထို့နောက်တွင်မူ အိန္ဒိယပြည်တစ်ဝန်းလုံး၊

www.burmeseclassic.com



တောင်ပိုင်း၊ အလယ်ပိုင်း၊ မြောက်ပိုင်း စုံချည်ဆန်ချည် လှည့်လည်၍ တရားပြသပေးနေခဲ့ရာ ၁၉၇၀–ပြည့်၊ ဧပြီလတွင်သာ မြတ်စွာဘုရား ပွင့်တော်မူရာ ဗောဓိမဏ္ဍိုင်ဒေသ ဗုဒ္ဓဂယာ၌ ပထမဦးဆုံးအကြိမ် တရားပြသပေးနိုင်ပေသည်။ အနောက်နိုင်ငံသား အများအပြားသည် နယူးဒေလီ၊ ဗုဒ္ဓဂယာနှင့် ဘုံဘေမြို့ တရားပတ်များတွင် ဝင်ရောက် အားထုတ်လာကြသည်။

၁၉၇၁–ခု၊ ဇန်နဝါရီလအထိ ဘုံဘေမြို့တွင် တရားပတ် လေးကြိမ်၊ မဒရပ်မြို့တွင် တရားပတ်သုံးကြိမ်၊ နယူးဒေလီမြို့ တော်တွင် တရားပတ်နှစ်ကြိမ်၊ ဗုဒ္ဓဂယာတွင် တရားပတ်နှစ်ကြိမ် အပါအဝင် စုစုပေါင်း တရားပတ်ပေါင်း ၂၇–ကြိမ်၊ ယောဂီ ဦးရေပေါင်း ၈၇၉– ဦးမျှ တရားထိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

ၜၜၜ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅

### အိန္ဒိယပြည်တစ်ဝန်းလုံး လှည့်လည်တရားပြသခြင်း၊ ဆရာကြီး ဦးဘခင် ရုံပုံငွေဖွင့်လှစ်၍ အီဂတ်ပူရီတွင် အမြဲတမ်းကမ္မဋ္ဌာန်းဌာနတစ်ခု တည်ထောင်လိုက်ခြင်း။

၁၉၆၉–ခုနှစ်တွင် မိဘများ မကျန်းမာ၍ ဦးဂိုအင်ကာသည် အိန္ဒိယပြည်သို့ သွားခဲ့ရာမှ မမျှော်လင့်ဘဲ ဆရာကြီး ဦးဘခင်၏ ဆန္ဒပြင်းပြစွာ မျှော်မှန်းခဲ့သော နိုင်ငံခြားသာသနာပြု လုပ်ငန်းကြီးကို အိန္ဒိယပြည်တွင် စတင်အခြေစိုက်လာနိုင်ပုံ အကြောင်းအရာများကို ဖော်ပြပြီးပေပြီ။ ၁၉၇၁–ခုနှစ်၊ ဇန်နဝါရီလတွင် ဦးဂိုအင်ကာသည် အိန္ဒိယတိုက်နယ်တစ်ဝန်း လှည့်လည်၍ တရားပြခဲ့ရာ ၂၆–ကြိမ်ရှိသွား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ချေပြီ။ ဤသို့ ထူးခြားစွာ အောင်မြင်လျက်ရှိသော တပည့်ကြီးအား ဆရာကြီးနှင့် ဆရာမတို့သည် မြန်မာပြည်မှနေ၍ အဆက်မပြတ် အကူအညီပေးခဲ့ပေသည်။

၁၉၇၁–ခု၊ ဇန်နဝါရီလ ၁၆–ရက်နေ့တွင် ဆရာကြီး ကိုယ်တိုင် ဦးဂိုအင်ဂါထံသို့ အားပေးစကား ရေးသားလိုက်သေးသည်။ ထိုအချိန်အခါတွင် ဦးဂိုအင်ကာသည် ဗုဒ္ဓဂယာ၌ အမေရိကန်နှင့် ဥရောပတိုက်သားများ၊ တိဗက်လားမား ဘုန်းတော်ကြီးများ အပါအဝင် တရားသမားအများအပြားကို တရားပြပေးနေစဉ်ဖြစ်သည်။ စေတီမှ မိတ်ဆွေအပေါင်းလည်း ဤသတင်းကြားသိ၍ များစွာနှစ်ထောင်းအားရ ရှိနေကြသည်။ ထိုစာတွင် ဆရာကြီးက အထူးမေတ္တာပို့လျက်ရှိကြောင်း၊ ဦးဂိုအင်ကာ တရားတစ်ပါတ်ပြသနေစဉ် မိဘနှစ်ပါးနှစ်ဦးအတွက် ပူပန်မှုမဖြစ်စေရန် ဆရာကြီးတို့က အထူးအာရုံပြုလျက်ရှိကြောင်း၊ ဆရာကြီးနှင့်ဆရာမတို့သည် အိန္ဒိယပြည်သူပြည်သားများနှင့်တကွ နိုင်ငံခြားသားများအား တရားပြသပေးမှု ဆက်လက်အောင်မြင်စေရန် အစဉ်မေတ္တာများ ချီးမြှင့်နေကြောင်း ယုံကြည်စိတ်ချစွာရှိပါလေဟု အားပေးစကား ပြောကြားရေးသားလိုက်သည်။ သာသနာကိုစောင့်ရှောက်လျက်ရှိသော နတ်ဗြဟ္မာများထံမှ အကူအညီလိုပါလျှင် တောင်းခံရန်မမေ့ဖို့လည်း သတိပေးစကား ပြောကြားလိုက်သေးသည်။

စာ၏နောက်ဆက်တွဲအဖြစ် ''တို့လည်း ကျန်းမာနေ ကောင်းနေပါသည်''

ပုံ– ဘခင် (၁၆–၁–၇၁)

ဟုရေးသားထားချက်ကလေးကို ယင်းစာ၏ မိတ္တူတွင် ကျွန်တော်ဖတ်မိတိုင်း စိတ်ထိခိုက်ရပါသည်။ အကြောင်းမူ ထိုစာ ရေးသားပြီးနောက် ၃–ရက်အကြာတွင် ဤသာသနာပြုလုပ်ငန်းကြီး၏ ဗဟိုမဏ္ဍိုင်ဖြစ်သော ဆရာကြီးသည် မမျှော်လင့်ဘဲ ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



ယိုင်လဲပြိုကွဲသွားသောကြောင့်ဖြစ်ပေသည်။

ဆရာကြီး၏ လက်ရုံးတပည့်ဖြစ်သော ဦးဂိုအင်ကာသည် ဆရာကြီးလိုအင်ဆန္ဒပြင်းပြသည့် သာသနာပြုလုပ်ငန်းကြီးကို ဗောဓိမဏ္ဍိုင် အချက်အချာဌာန ဗုဒ္ဓဂယာဒေသတွင် တရားပရိသတ်တစ်ရာကျော်အား တရားပြသပေးလျက် ဆောင်ရွက်နေစဉ် ၎င်း၏ မှီခိုအားထားရာဖြစ်သော ဆရာကြီးမမျှော်လင့်ဘဲ ရုတ်တရက် ကွယ်လွန်သွားကြောင်း အကြောင်းကြားရမည့်ကိစ္စမှာ ကြီးလေးသော ပြဿနာတစ်ရပ်ဖြစ်လာခဲ့သည်။ ဦးဂိုအင်ကာကဲ့သို့ ပုဂ္ဂိုလ်ကြီးအား ဆရာကြီးကွယ်လွန် အနိစ္စရောက်သွားကြောင်း အသိမပေး၍ မဖြစ်ပေ။ လွန်စွာကြီးမားသော လုပ်ငန်းကြီးကို ထမ်းဆောင်နေစဉ် ဤသတင်းကို ပေးပို့လိုက်ခြင်းကြောင့် လုပ်ငန်းထိခိုက်သွားလေမလားဟူ၍လည်း စိုးရိမ်ပူပန်ကြရသည်။ နောက်ဆုံးတွင် တရားပြည့်ဝပြီးသူ၊ တရားနှင့် မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်သူဖြစ်ကြောင်း ကောင်း စွာယုံကြည်၍ ဦးဂိုအင်ကာကို အကြောင်းကြားလိုက်ကြရသည်။ ယုံကြည်စိတ်ချရသည့်အတိုင်းပင် ဦးဂိုအင်ကာထံမှ ပြန်ရောက်လာသည့် ကြေးနန်းစာမှာ–

"မိခင်ဆရာမ"

ရန်ကုန်–

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံဝူပသမော သုခေါ။

မိခင်ကြီး၏ ကောင်းချီးမေတ္တာဖြင့် တရားဆက်လက် ပြသလျက်ရှိပါသည်။ကြွကြွခိုင်၍ သတ္တိမွေးကြပါလေ။ ဆရာကြီးသည် တရားအရာ၌ ကျွန်ုပ်တို့နှင့်အတူတကွပင်ရှိနေပါသည်။

ဆတ္တရာ၊ နာရယန်၊ ဂိုအင်ကာ။

www.burmeseclassic.com

www.burmeseclassic.com



ဟု မြန်မာပြည်မှ မိတ်ဆွေအပေါင်းတို့ကိုပင် ဦးဂိုအင်ကာက ကြေးနန်းဖြင့် ပြန်လည်နှစ်သိမ့်စကားပြောကြားရင်း တရားပြသလိုက်ပေသေးသည်။ ဤမျှပင် ဗုဒ္ဓတရားတော်၌ ရင့်ကျက်နေသော ပါရမီရှင်ကြီးဖြစ်ပေတော့သည်။

ဆရာကြီး ကွယ်လွန်အနိစ္စရောက်ကြောင်း သတင်းရရှိချိန်တွင် ဦးဂိုအင်ကာသည် ၂၇-ကြိမ်မြောက် ၁၀-ရက်တရား ပတ်ကို ဗုဒ္ဓဂယာတွင် ပြသလျက်ရှိပေသည်။ ၎င်းတရားပတ်ကို စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်ခဲ့ပေသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာအား အမွန်မြတ်ဆုံးပူဇော်ရန်နှင့် ၎င်း၏ဆရာကြီးအား ရည်မှန်းကန်တော့ရန် ဗုဒ္ဓဂယာ ဗောဓိညောင်ပင် အရိပ်အာဝါသ၌ ကိုယ်တိုင်တရားတစ်ပတ် ဆောက်တည်အားထုတ်လေသည်။ ၁၀-ရက်ကြာ ဝိပဿနာကမ္မဋ္ဌာန်း တရားခွင်မှထွက်သောအခါ ဦးဂိုအင်ဂါသည် ဗောဓိရင်ပြင်တွင် ထေရ်သံဃာတော်ပေါင်း ၁၅၀-ကျော်ကို ဆွမ်းဆက်ကပ်၍ ဒါတဗ္ဗဝတ္ထု လှူဖွယ်ပစ္စည်းအစုစုတို့ဖြင့် လှူဒါန်းပူဇော်ပြန်သည်။ ဗုဒ္ဓဂယာတစ်ဝိုက်ရှိ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား စသည့် နိုင်ငံသား သံဃာတော်များနှင့် အိန္ဒိယတစ်ဝန်းသီတင်း သုံးနေတော်မူကြသော မြန်မာဗုဒ္ဓဘာသာ သံဃာတော်အရှင်မြတ်အားလုံး ကြွရောက်၍ ဦးဂိုအင်ကာ၏ အလှူဒါနကို လက်ခံချီးမြှင့်တော်မူကြသည်။ ပြုသမျှကောင်းမှုတို့၏ ကုသိုလ်အကျိုးကို ဗောဓိညောင်ပင်ခြေရင်း၌ ရေစက်သွန်းလောင်း၍ ကွယ်လွန်သွားသူ မိမိဆရာကြီးအား ဦးဂိုအင်ကာသည် ကြည်ညို သဒ္ဓါစိတ် ပြင်းပြစွာဖြင့် အမျှပေးဝေရင်း နောက်ဆုံးပူဇော်မှုကိုပြုခဲ့ပေသည်။ ဦးဂိုအင်ကာ၏ ကုသိုလ်ကောင်းမှုသတင်းများကို ကြားသိရသော မြန်မာပြည်မှ ဓမ္မမိတ်ဆွေအပေါင်းလည်း ''သာဓု၊ သာဓု၊ သာဓု'' ဟု ကြည်နူးစွာ ရွှင်လန်းစွာဖြင့် အနုမောဒနာပြုကြရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝိပဿနာတရား သတင်းစာ

ဦးဂိုအင်ကာ၏ တရားလုပ်ငန်းများနှင့် ပတ်သက်၍ အိန္ဒိယပြည်ကာလကတ္တားမြို့မှ ထုတ်ဝေလျက်ရှိသည့် ''မဟာဗောဓိဂျာနယ်'' လစဉ်ထုတ်စာစောင် ၁၉၇၁–ခု၊ ဩဂုတ်လ ထုတ်တွင် ဖော်ပြပါရှိသည်မှာ–

''ကျွန်ုပ်တို့ ဝမ်းမြောက်ဝမ်းသာ မှတ်တမ်းတင်လိုသည် မှာ အိန္ဒိယပြည်၌ ယခုအခါ ဝိပဿနာတရား ပွားများအားထုတ် လိုသူများပြားလာသည်နှင့်အမျှ တရားအားထုတ်ခြင်းကို ပို၍လူသိရှင်ကြားဖြစ်လာရကြောင်း၊ မြန်မာနိုင်ငံမှ တရားနည်းပြ ကမ္မဋ္ဌာနာစရိယ ဆရာကြီးဦးဘခင်၏ တပည့်တစ်ဦးဖြစ်သူ ရှရီအက်စ်အင်န်ဂိုအင်ကာသည် လွန်ခဲ့သော ၂–နှစ်တာကာလပတ်လုံး အိန္ဒိယပြည်တစ်ပြည်လုံးအနှံ့ အမြို့မြို့တို့၌ ၁၀–ရက် တစ်ပတ်တရားဌာနများကို အဆက်မပြတ် ဖွင့်လှစ်ပြသနိုင်ခဲ့ကြောင်း၊ ယင်းကဲ့သို့ ရှင်လူအများ စိတ်ပါဝင်စားမှု ရှိလာသည်နှင့်အညီ စိတ်ပါဝင်စားသူတို့ အထူးသဖြင့် တရားအားထုတ်ပြီး သူတို့ ဖတ်စရာများရရှိစေရန် ရည်သန်ကာ ဦးဂိုအင်ကာသည် ဘုံဘေမြို့မှနေ၍ ''ဝိပဿနာ'' ဟု အမည်တွင်ခေါ်သော တရားသတင်းစာတစ်စောင် အသစ်ကို ဟိန္ဒီဘာသာ၊ ရာဂျစတန်နီဘာသာ နှစ်ဘာသာဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိပါကြောင်း''

အထက်ဖော်ပြပါ တရားသတင်းစာကို လပြည့်နေ့တိုင်း ထုတ်ဝေလျက်ရှိပါသည်။ ၁၃၃၃ ခု၊ဒုတိယ ဝါဆိုလပြည့်နေ့ (၇. ၇. ၇၁) နေ့မှစတင်ထုတ်ဝေခဲ့ရာ ပထမ ၆ စောင်ကို မိတ္တူကူးစက်ဖြင့်သာ ရောင့်ရဲခဲ့ကြရသည်။ အမှတ်စဉ် – ၇ (၃၁. ၁. ၇၂) ပြာသို လပြည့် စာစောင်မှစ၍ ပုံနှိပ်ဖြန့်ချိခဲ့ကြပေသည်။ အဆိုပါ အမှတ်စဉ်–၇ စာစောင်ကို ကျေးဇူးရှင်ဆရာကြီးဦးဘခင်ကွယ်လွန်သည့် တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေခြင်းဖြစ်၍ ဆရာကြီး၏ ထူးခြားသည့်

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ပုဒ်ကို ဖော်ကျူးရေးသားခဲ့ပေသည်။

ထိုတစ်နှစ်ပြည့်မြောက်နေ့တွင် ဦးဂိုအင်ကာသည် ဗုဒ္ဓဂယာ၌ မိမိကိုယ်တိုင် ၉-ရက်နေ့မှ (၁၉-၁-၇၂)နေ့ထိ တရားပတ်အားထုတ်ခဲ့ပြီး ဆရာတော်သံဃာတော်များကိုပင့်ဖိတ်ကာ အလှူဒါနပြု၍ အမျှအတန်းဝေခဲ့ပါသည်။ နှစ်စဉ်နှစ်တိုင်းလည်း ဇန်နဝါရီလ ၁၉-ရက်နေ့တွင် ဓမ္မရောင်ခြည်စေတီရိပ်သာမှာကဲ့သို့ပင် အိန္ဒိယပြည်၌ ဦးဂိုအင်ကာက ဆရာကြီးပူဇော်ပွဲကို ပြုလုပ်လျက်ရှိပါသည်။

## ဆရာကြီးဦးဘခင် အထိမ်းအမှတ်ရန်ပုံငွေ

ဆရာကြီး ကွယ်လွန်သွားပြီးနောက် လပိုင်းအတွင်းမှာ ပင်ဆရာကြီး၏ ကမ္ဘာအရပ်ရပ်၌ရှိကြသော တပည့်များက ဆရာကြီး၏ ကမ္ဘာ့သာသနာပြုလုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းလုပ်ကိုင်ရန် အလို့ငှာ ဘုံဘေမြို့တွင် ''ဆရာကြီးဦးဘခင် အထိမ်းအမှတ်ရံပုံငွေ'' ခေါင်းစဉ်ဖြင့် သာသနာပြုရံပုံငွေ စာရင်းတစ်ခုကို ဖွင့်လှစ်ခဲ့ကြပေသည်။ ဆရာကြီး၏ ထာဝရ အထိမ်းအမှတ်ဖြစ်သော ဤရံပုံငွေစာရင်းကို အိန္ဒိယပြည်မှ ဦးဂိုအင်ကာအမှူးပြုသော တပည့်ကြီးများက ဆရာကြီးအား အစဉ်အမြဲ ဂုဏ်ပြုသည့်အနေဖြင့် ကမကထပြုလုပ် ဆောင်ရွက်ခဲ့ကြပေသည်။ ဆရာကြီး၏ အိန္ဒိယနွယ်ဖွား တပည့်များက ဂေါပကလူကြီးများအဖြစ် ထိန်းသိမ်းစောင့်ရှောက်ကြမည်ဖြစ်သော ဤဆရာကြီးဦးဘခင် အထိမ်းအမှတ်ရံပုံငွေကို ၁၉၇၁-ခု၊ ဩဂုတ်လ ၂၁-ရက်နေ့တွင် ဘုံဘေမြို့ တရားရုံး တော်ချုပ်တွင် မှတ်ပုံတင်စာချုပ်ပြုလုပ်ခဲ့ကြပေသည်။

ရံပုံငွေဖွင့်လှစ်ထူထောင်ရသော အကြောင်းရပ်များ အဖြစ် စာချုပ်၏နိဒါန်းတွင် ဆရာကြီးဦဘခင်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်ပုဒ်များကို အပြည့်အစုံ ချီးကျူးဖော်ပြပြီးနောက် ဆရာကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာသူ ကမ္ဘာသားတို့၏ လောက၊ သံသရာနှစ်ဖြာသော အကျိုးစီးပွားအတွက် သူတီထွင်ကြံဆခဲ့သော ထိရောက်လှသော နည်းလမ်းများဖြင့် ဗုဒ္ဓဓမ္မကို လက်တွေ့သင်ကြားကာ သာသနာပြုခဲ့ကြောင်း။ မြန်မာပြည်တွင် အိန္ဒိယအမျိုးသားအမြောက်အမြားသည် ဆရာကြီးထံတွင် ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်ခဲ့ကြကြောင်း၊ အိန္ဒိယပြည်နှင့် ကမ္ဘာတစ်ဝန်းရှိ သူ၏တပည့်များက ဆရာကြီး၏ မွန်မြတ်လှသော သာသနာပြုလုပ်ငန်းကို သူ၏နည်းလမ်း အစဉ်အလာအတိုင်း ဆက်လက်ထိန်းသိမ်း တိုးချဲ့ပြန့်ပွားရန် ဆန္ဒရှိကြကြောင်း။ ဆရာကြီး၏ ကျေးဇူးကြွေးမြီများကို ပြန်ဆပ်သည့်အနေဖြင့် ထာဝရ အထိမ်းအမှတ် ဤရံပုံငွေကို တည်ထောင်ဖွင့်လှစ်ကြောင်း ဖော်ပြထားပေသည်။

ရံပုံငွေဆိုင်ရာ လုပ်ငန်းစဉ်မှာ (က) ဆရာကြီး၏ နည်းလမ်းအတိုင်း ဝိပဿနာကမ္မဋ္ဌာန်း ပြသပေးရန်။ (ခ) တရားပြဋ္ဌာနများ၊ ရိပ်သာများ၊ကျောင်းများ၊စာကြည့်တိုက်များဖွင့်လှစ်ရန်။ (ဂ) ဝိပဿနာကမ္မဋ္ဌာန်း လုပ်ငန်းများကို သိပ္ပံ နည်းများဖြင့် ရှင်းပြနိုင်ရန် သုတေသနဋ္ဌာနငယ်များဖွင့်လှစ်၍ သိပ္ပံသုတေသနများပြုလုပ်ရန်။ (ဃ) တရားဟောပွဲများ၊ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများပြုလုပ်၍ ဝိပဿနာကမ္မဋ္ဌာန်း လုပ်ငန်းများအားတိုးချဲ့စည်ပင်စေရန်။ (င) ဝိပဿနာတရားဆိုင်ရာ စာအုပ်၊ စာတမ်း၊ မဂ္ဂဇင်း၊ သတင်းစာများ ထုတ်ဝေဖြန့်ချိရန် စသည်တို့ဖြစ်ပေသည်။

အတိုချုပ်အားဖြင့် ဤရံပုံငွေ၏ ရည်ရွယ်ချက်မှာ ''ဝိပဿနာကမ္မဋ္ဌာန်း တရားအားထုတ်သော နည်းလမ်းပြသပေးခြင်းဖြင့် လူမျိုးမရွေး၊ ဘာသာမရွေး၊ ဘာသာစကားမရွေး၊ တိုင်းပြည်မခွဲခြား ယောက်ျား မိန်းမ မခွဲခြားဘဲ ကမ္ဘာသူ ကမ္ဘာသား လူသားအားလုံး၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးရန်ဖြစ်သည်။ လူသားတို့၌ တွယ်ကပ်နေသော စိတ်အညစ် အကြေးများသည် တစ်ကိုယ်ကောင်း စိတ်ထားမှု

www.burmeseclassic.com



ကောက်ကျစ် စဉ်းလဲမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ စိုးရိမ် ထိတ်လန့်မှု၊ အတ္တ လွန်ကဲမှုစသော အလားတူယုတ်နိမ့်သော စိတ်သဘောထားများကို ဖြစ်ပေါ်စေသည်။ ထွန်းကားစေသည်။ စည်ပင်ပြန့်ပွားစေသည်။ ဤစိတ်အညစ်အကြေးများကို လူသားတို့၏ သန္တာန်မှ ဝိပဿနာ လုပ်ငန်းဖြင့် ဆေးကြောသန့်စင်ပစ်လိုက်သောအခါ၌ လူသည် သဘာဝ နိယာမများအတိုင်း စိတ်သဘောဖြူစင်လာသည်။ သဒ္ဓါတရား ထက်မြက်လာသည်။ ပေးကမ်းစွန့်ကြဲလိုသော ဆန္ဒပွားလာသည်။ သဘောထားကြီးလာသည်။ တည်ကြည်ဖြောင့်မတ်၍ သည်းခံစိတ် ထားတတ်လာသည်။ မေတ္တာကရုဏာရှင် ဖြစ်လာသည်။ ထို့ကြောင့် ဝိပဿနာ ကမ္မဋ္ဌာန်းနည်းလမ်း ပြသပေးခြင်းသည် လူသားတို့၏ လောကအကျိုးစီးပွားကို ဆောင်ခြင်းပင်ဖြစ်ပေသည်။

ဆရာကြီးအား ပွဲဦးထွက်ဂုဏ်ပြုသောအနေဖြင့် ဆရာကြီး ဦးဘခင် အထိမ်းအမှတ် ရုံပုံငွေထိန်းသိမ်းရေးအဖွဲ့က မဟာဗောဓိ စေတီတော်အုပ်ချုပ်ရေးသို့ အောက်ပါကုသိုလ်ကောင်းမှုများ ပြုလုပ် နိုင်ရန် မေတ္တာရပ်ခံခဲ့လေသည်။

(၁) ဗုဒ္ဓဂယာစေတီတော်ကို ရွှေပိန်းချခွင့်ပြုရန်။

(၂) ယင်းစေတီ၏ ထီးတော်၌ မာကြူရီမီးလုံး ထွန်းညှိ ပူဇော်ခွင့်ပြုရန်။

(၃) ထီးတော်သို့ တက်ရောက်နိုင်ရန် လှေကားတစ်စင်း ကို မြင်ကွင်းမထိခိုက်စေဘဲ တပ်ဆင်ခွင့်ပြုရန်။

ဤသို့ မေတ္တာရပ်ခံခဲ့သည့်အတိုင်း မဟာဗောဓိ စေတီတော်အုပ်ချုပ်ရေးအဖွဲ့က လိုက်လျောခွင့်ပြု ခဲ့ပါသည်။

ဘုံဘေမြို့တွင် ဆရာကြီးဦးဘခင် အထိမ်းအမှတ် ရန်ပုံငွေ စတင်ဖွင့်လှစ်ခြင်း၏ ဦးတည်ချက်မှာ ဦးဂိုအင်ကာ၏ သာသနာပြု လုပ်ငန်းအတွက် ဘုံဘေတွင် အခြေစိုက်သော အမြဲတမ်းကမ္မဋ္ဌာန်း

www.burmeseclassic.com

www.burmeseclassic.com



ဌာနတစ်ခု တည်ထောင်ဖွင့်လှစ်ရန် အဓိကဖြစ်ပေသည်။ ရန်ပုံငွေ ဖွင့်လှစ်ပြီးသည်နှင့် တစ်ပြိုင်နက် ဂေါပကလူကြီးများနှင့် ဦးဂိုအင်ကာ၏ တပည့်အပေါင်းတို့သည် သင့်တော်မည့်နေရာများကို ဘုံဘေမြို့အနီး တစ်ဝိုက်၌ အပူတပြင်း လိုက်လံရှာခဲ့ကြပေသည်။ ၁၉၇၃-ခု၊ ဒီဇင်ဘာလတွင် အီဂတ်ပူရီမြို့ငယ်အနီး၌ တောင်ကုန်းတစ်ခုကို တွေ့ရှိ ခဲ့ကြသည်။

အီဂပူရီမြို့သည် ဘုံဘေမြို့ အရှေ့ဘက်၈၅-မိုင်အကွာ ပေ ၂၀၀၀မြင့်သော ကုန်းမြေမြင့်အစွန်း၌ တည်ရှိသည်။ လူဦးရေ ၁၈,၀၀၀မျှသာရှိသော မီးရထားလမ်းဖြတ်သွားသည့် မြို့ငယ်ကလေး ဖြစ်သည်။ ဂေါပကလူကြီးများနှင့် တပည့်အပေါင်း ရွေးချယ်လိုက်ကြ သည့်နေရာမှာ အီဂတ်ပူရီမြို့အပြင်ဘက် ၁၀-မီးနစ်ခန့် သွားရသော တောင်ဂမူကလေးဖြစ်သည်။ မြို့မျက်နှာ ပြင်ထက် ပေ ၂၀၀ခန့် မြင့်သည်။ စိမ်းလန်းစိုပြည်၍ မြင့်မားသော တောင်တန်းကြီးက နောက်ခံ ပြုလျက်ရှိသည်။ ရေတံခွန်များ တသွင်သွင်စီးကျနေသည်။

ဦးဂိုအင်ကာတို့အဖွဲ့ နောက်ဆုံး ဝယ်ယူလိုက်သော ကုန်းမြေပြန့်အကျယ်အဝန်းမှာ ၂၅-ဧက ရှိလေသည်။ ပိုင်ရှင်များ နွေရာသီ အပန်းဖြေအသုံးပြုသည့် ဘန်ဂလိုအဆောက်အဦး ၃-၄ လုံးပါဝင်သည်။ ရှေးဦးဆောင်ရွက်ချက်အနေဖြင့် ကုန်းမြင့် နယ်ကို အခိုင်အမာ ခြံဝင်းကာရံ၍ နယ်မြေသတ်မှတ်စေသည်။ ထို့နောက် မြေပေါ်တွင်ပါရှိသော အဆောက်အဦများကို အလျင်အမြန် ပြင်ဆင် မွမ်းမံစေ၍ တပည့်ကြီးများအား ထိုအဆောက်အဦများတွင် ကမ္မဋ္ဌာန်းတရား စတင်ပွားများကြစေသည်။ ၁၀-ရက်တရားပတ်၊ ၂၄-ရက် တရားပတ်စသည်ဖြင့် တရားရင့်ကျက်ပြီးသော တပည့်ကြီးများ သည် အဆက်မပြတ် ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်ကြကာ ရိပ်သာနယ်မြေ သန့်စင်ရေးကို စတင်ဆောင်ရွက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၅–ခု၊ ဖွန်လ ၅–ရက်နေ့သည် ကမ္ဘာ့သာသနာပြု သမိုင်းတွင်မှတ်တမ်းသင် နေ့ရက်တစ်ရက်ဖြစ်ခဲ့ပေသည်။ ထိုနေ့တွင် သာသနာပြုဆရာကြီး ဦးဂိုအင်ကာသည် ဒိသုကာကြီးများ၊ အင်ဂျင်နီယာကြီးများကိုခေါ်ဆောင်၍ အီဂတ်ပူရီ သာသနာ့ကုန်းမြေသို့ ရောက်ရှိလာခဲ့သည်။ အမြဲတမ်း သာသနာ့ဗိမာန်ကြီး တည်ဆောက် မည့် အစီအစဉ်ကို ဦးဂိုအင်ကာကတင်ပြ၍ ဗိသုကာကြီးများ၊ အင်ဂျင်နီယာများ၊ ဂေါပကလူကြီးများ၊ နိုင်ငံပေါင်းစုံမှ တပည့်ကြီးများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဦးဂိုအင်ကာတင်ပြသည့် သာသနာ့ဗိမာန်ကြီး ဆောက်လုပ် ရန် အစီအစဉ်မှာ လွန်စွာကြီးကျယ်ခမ်းနားလှ၍ ပထမအဆင့် လုပ်ငန်းများသည်ပင် အမေရိကန်ဒေါ်လာ တစ်သိန်းကုန်ကျမည်။

ပထမအဆင့် ဆောက်လုပ်ရေး အစီအစဉ်တွင်–

၁။ တရားသမားအားလုံး နေရာချထားပေးနိုင်မည့် ဓမ္မာရုံ အဆောက်အဦ၊
၂။ လူ၂၀၀–စာ ချက်ပြုတ်ကျွေးမွေးနိုင်မည့် အာဟာရဆောင်၊
၃။ ခတ်မီး၊ မိန်းလိုင်း၊ ရေမိန်းလိုင်းနှင့် ရိပ်သာတွင် ဖြန့်ဝေမည့် ခတ်အားလိုင်းများ၊ ရေပိုက်လိုင်းများ၊
၄။ ရေဆွဲအိမ်သာ၊ မိလ္လာပိုက်လိုင်းနှင့် မိလ္လာကန်များ၊
၅။ တစ်ယောက်ထိုင် တရားခန်း ၁၀၀–ပါဝင်မည့် မြင်းခွာပုံ အဆောက်အဦ(ဓမ္မာရုံပတ်လည်တွင်တည်ဆောက်ရန်)၊
၆။ "ဗဟိုပင်မ ဓမ္မခတ်အားရုံ" ရန်ကုန်မြို့ အင်းယားမြိုင် ရိပ်သာရှိ ဗဟိုလိုဏ်ဂူနှင့် ဓမ္မရောင်ခြည် စေတီတော် ပုံစံအတိုင်း ရှစ်မြှောင့်ပုံသဏ္ဍာန် တရားစခန်းများ ခြံရံထားသော ဗဟိုတရားလိုဏ်ဂူနှင့် ဓမ္မစေတီတော်

www.burmeseclassic.com



(ဓမ္မလိုဏ်ဂူနှင့်စေတီသည် ဓမ္မာရုံနှင့် တဖြောင့်တည်း တည်ရှိမည်ဖြစ်၍ မြင်းခွာပုံအဆောက်အဦက ယင်းနှစ်ခု စလုံးအားဝန်းရံထားမည်)၊

၇။ တရားသမား ၁၃၀–နေထိုင်ရန် အိပ်ခန်းဆောင်များ

၈။ ကမ္မဋ္ဌာန်းပြဆရာများ နေထိုင်ရန်အဆောက်အဦနှင့်

၉။ ခိုင်ခံ့သောခြံဝင်း အုတ်တံတိုင်းများပါဝင်သည်။

ဓမ္မလိုဏ်ဂူ၊ ဓမ္မာရုံနှင့် ကမ္မဋ္ဌာနာစရိယ နေအိမ်တို့သည် ရန်ကုန်၊ အင်းယားမြိုင်ရိပ်သာပုံစံအတိုင်း တဖြောင့်တည်း တည်ရှိကြမည်။ "ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးသည် အစဉ်အတိုင်း တဖြောင့်တည်း တည်ရှိနေကြပါသည်"ဟု ဦးဂိုအင်ကာက ရှင်းလင်းပြောပြသည်။

အစီအစဉ်များကို တင်ပြဆွေးနွေးကြပြီးနောက် ဓမ္မလိုဏ်ဂူနှင့် စေတီတော် တည်ဆောက်မည့်နေရာကို ဦးဂိုအင်ကာက သတ်မှတ်ပေးသည်။ ယင်းနေရာ ကွင်းပြင်ကျယ်တွင် တရားရင့်ကျက်ပြီးသော တပည့်ကြီးများနှင့် ဦးဂိုအင်ကာသည် နာရီဝက်ခန့် အဓိဋ္ဌာန် ကမ္မဋ္ဌာန်းထိုင်ခဲ့ကြသည်။ အဓိဋ္ဌာန်ပြီးသည်နှင့် တစ်ပြိုင်နက် ရွှင်ပြုံးကြည်လင်သောမျက်နှာဖြင့် "တရားအားကောင်းသည် ကောင်းသည်" ဟု ကြည်နူးစွာ မိန့်မြွက်ခဲ့သည်။

ထိုအချိန်မှစ၍ အလုပ်သမားများသည် အီဂတ်ပူရီ ကုန်းမြေတွင် စတင်လုပ်ငန်းဝင်ခဲ့ကြသည်။ တစ်ချိန်ထဲမှာပင် ဦးဂိုအင်ကာ၏ နိုင်ငံပေါင်းစုံမှ တပည့်များကို အီဂတ်ပူရီ ဘန်ဂလိုများ၌ အဆက်မပြတ် တရားကမ္မဋ္ဌာန်းထိုင်စေခဲ့၏။ ထိုအနောက် နိုင်ငံသား လူငယ်ကလေးများသည် အီဂတ်ပူရီကုန်းမြေ ပတ်ဝန်းကျင်ကို ဓမ္မရေစင်ဖြင့် ဆေးကြောသန့်စင်ခဲ့ကြသည်။ အဆောက်အဦရန်ပုံငွေတွင် ရက်ရောစွာ အလှူငွေများ ထည့်ဝင်ခဲ့ကြသည်။ အဆောက်အဦ ဆောက်လုပ်ရာ

www.burmeseclassic.com



ခေတ်မီးလိုင်း၊ ရေပိုက်လိုင်းများ တပ်ဆင်ရာတွင် ကျွမ်းကျင်စွာ ပါဝင်ကူညီခဲ့ကြပေသည်။ အီဂတ်ပူရီ၌ ကမ္ဘာ့သာသနာပြုဗဟိုဓမ္မဗိမာန်ကြီး ငွါးငွါးစွင့်စွင့် ပေါ်ထွက်လာရာတွင် ယင်းသူတော်မွန် ကလေးများ၏ စေတနာအား၊ ဉာဏ်အား၊ လူအား၊ ငွေအား များပြားစွာပါဝင်ခဲ့ကြောင်း မှတ်တမ်းတင်ထားရပေမည်။

ဓမ္မဂီရိဟု နာမည်သတ်မှတ်လိုက်သော အီဂတ်ပူရီ ကုန်းမြေပြန့်တွင် ၉–လတိုင်တိုင် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ရာ ၁၉၇၆–ခုနှစ်ဆန်းတွင် ဓမ္မာရုံ အာဟာရဆောင် နှင့် ဆရာနေအိမ်များ ဆောက်လုပ်ပြီးစီးခဲ့ကြသည်။ ဓမ္မဂီရိ ကုန်းမြေတွင် ရေသွယ်မြောင်းများတူးဖော်ကာ သစ်ပင်ပန်းပင်များကို စနစ်တကျ စိုက်ပျိုးခဲ့ကြ၏။ အကွက်ချ၍ ထူထောင်ခဲ့သော ဥယျာဉ်ပန်းခြံ၌ ၁၉၇၆–ခု၊ မတ်လတွင် ပန်းမျိုးစုံ ဖူးပွင့်ဝေဆာ ရနံ့ဖြာလျက် ရှိချေပြီ။ ထိုနှစ် တပေါင်းဆုတ် ၁၁–ရက်နေ့သည် ဆရာကြီးဦးဘခင်၏ မွေးနေ့ဖြစ်သည့်အလျောက် မွေးနေ့ ပူဇော်ပွဲကျင်းပရင်း တစ်ပြိုင်နက် ဓမ္မဂီရိကုန်းမြေ၊ အပြည်ပြည်ဆိုင်ရာဝိပဿနာတရား ဗဟိုပင်မဌာနကြီးကို တရားသမားသစ်များ လက်ခံ၍ တရားတစ်ပတ် ပြသပေးခြင်းဖြင့် ဖွင့်လှစ်ရန် စီစဉ်ခဲ့ကြလေသည်။ ဦးဂိုအင်ကာနှင့် ဂေါပကလူကြီးများ၊ တပည့်ဟောင်းများ၊ ဓမ္မဂီရိကုန်းမြေသို့ စုံညီစွာရောက်ရှိလာခဲ့ကြပြီ။ လိုအပ်သော အစီအစဉ်များ ပြုလုပ်ခဲ့ကြပြီး ပရိသတ်အပေါင်း ရွှင်လန်းအားတက်လျက်ရှိနေချိန်တွင် အဖျက်ရန်သူ ပါပခေတ်သည် ဤသာသနာပြုလုပ်ငန်းကြီး၏ အဓိကတာဝန် ထမ်းဆောင်နေသူ ဦးဂိုအင်ကာအား မမျှော်လင့်ဘဲ ရုတ်တရက်ထိုးနှက်လိုက်သည်။

ဝမ်းဗိုက်တွင်း၌ ပြင်းထန်စွာ နာကျင်သော ဝေဒနာဖြင့် ဦးဂိုအင်ကာသည် ရုတ်တရက် နာမကျန်းဖြစ်လာသည်။ ရောဂါ အခြေအနေမှာ စိုးရိမ်ဖွယ်ဖြစ်လာ၍ ဘုံဘေမြို့သို့ အလျင်အမြန်

www.burmeseclassic.com



ခေါ်ယူသွားကြရသည်။ ထိုအချိန်က ကျွန်တော်သည် ဆရာကြီး၏ မွေးနေ့ပူဇော်ပွဲနှင့် အီဂတ်ပူရီ တရားရိပ်သာဖွင့် အထိမ်းအမှတ်ပွဲအတွက် အင်းယားမြိုင်ရိပ်သာသို့ ရောက်ရှိနေပါသည်။ ဦးဂိုအင်ကာ ရုတ်တရက် မကျန်းမမာဖြစ်နေသည့် မကောင်းသတင်းသည် ဘုံဘေမြို့မှ အဝေးပြောတယ်လီဖုန်း အမြန်ကြေးနန်းတို့ဖြင့် အဆက်အပြတ် ရောက်လာပါသည်။

ဦးဂိုအင်ကာ ရုတ်တရက် မကျန်းမာဖြစ်သည့်သတင်းရပြီးနောက် ဆရာမနှင့်တကွ ရိပ်သာတွင် ရောက်ရှိနေကြသည့် ဓမ္မမိတ်ဆွေအပေါင်း စိတ်ထိခိုက်သွားကြသည်။ ရုတ်တရက် ပူပင်သောကဖြစ်ကြရသည်။ သို့သော် ကျွန်တော်တို့အားလုံး အားလျော့စိတ်ပျက်ခြင်းတော့မဖြစ်ခဲ့ကြပါ။ ကျွန်တော်တို့တွင် ကိုးကွယ်အားထားရာ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော သဗ္ဗညုတမြတ်စွာဘုရားရှိသည် မဟုတ်ပါလော၊ ရှင်တော်မြတ်ဘုရား၏ တရားတော်များနှင့် အရိယာသံဃာတော်မြတ်များသည် ကျွန်ုပ်တို့၏ ဓမ္မမိတ်ဆွေ သူတော်စင်ကြီး ဦးဂိုအင်ကာအား ပါပခါတ်လက်ထဲမှ ဆွဲထုတ်ယူကြရမည်။ အဖျက်ခါတ် အမိုက်တိုက်ကို ဖြိုခွင်းပစ်ကြမည်ဟု စုံညီစွာသန္နိဋ္ဌာန်ပြုခဲ့ကြပါသည်။

ကျွန်တော်တို့သည် ဆရာသက်ကြီးနှင့် ဆရာကြီးဦးဘခင်တို့ကို တိုင်တည်၍ ဆရာမဦးဆောင်ကာ ဓမ္မလိုဏ်ဂူတော်တွင်း၌ ရတနာသုံးပါးအား ဓမ္မာနုဓမ္မပဋိပတ်ဖြင့် ပူဇော်ခဲ့ ကြ၏။ နာရီဝက်နား၍ တစ်နာရီအဓိဋ္ဌာန်ကမ္မဋ္ဌာန်းစီးဖြန်းခဲ့ကြ၏။ တစ်နာရီ အဓိဋ္ဌာန်တရားထိုင်ကြပြီးတိုင်းသမ္မာဒေဝနတ်အပေါင်းအားအမျှပေးဝေကာဦးဂိုအင်ကာ ကျန်းမာစေကြောင်းရည်စူး၍ မေတ္တာလှိုင်းများ ဖြန့်လွှင့်ခဲ့ကြ၏။

ဘုံဘေမှ ဦးဂိုအင်ကာ အခြေအနေသက်သာလာပြီ၊ ဆရာဝန်များက ခွဲစိပ်ရန်မလိုဆုံးဖြတ်သည် စသောသတင်းများ မကြာမီ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ ထိုအခါ တစ်နေ့ပတ်လုံး ရှင်တော်မြတ်၏ ဓမ္မ ဓာတ်အားဖြင့် ဓမ္မရောင်ခြည်စေတီမှ ပို့လွှတ်လိုက်သော မေတ္တာလှိုင်း သည် ဓမ္မမိတ်ဆွေကြီး ဦးဂိုအင်ကာအား လွှမ်းခြုံကာကွယ်ပေးခဲ့ပြီး ဦးဂိုအင်ကာသည် ဘေးအန္တရာယ်မှ ကင်းလွတ်သွားပြီဟု ကျွန်တော်တို့ အားလုံး စိတ်ချယုံကြည်ခဲ့ပါသည်။

ထိုသတင်းကောင်း ကြားရပြီးနောက် ဦးဂိုအင်ကာထံသို့ အောက်ပါအားပေးစာ တစ်စောင်ကို ကျွန်တော်ရေးသားပေးပို့ခဲ့ ပါသည်။

ခေတ္တစေတီရိပ်သာ
ရန်ကုန်မြို့။
၁၉၇၆–ခု၊ မတ်လ ၂၅

ချစ်လှစွာသော ဦးဂိုအင်ကာကြီးခင်ဗျာ ...

အတိုင်းမသိ မေတ္တာအပြည့်အဝဖြင့် ပေးပို့လိုက်သော အသင်၏ ဓမ္မမိတ်ဆွေဟောင်းထံမှ ဤမျှော်လင့်သော စာကိုရ သဖြင့် များစွာရွှင်လန်းဝမ်းမြောက်လိမ့်မည် အမှန်ဖြစ်ပါသည်။ယခုကဲ့သို့ ဦးဂိုအင်ကာကြီး အပြင်းအထန် နာမကျန်းဖြစ်နေချိန်တွင် ကျွန်ုပ်၏စာက လိုအပ်သော စိတ်သက်သာမှုနှင့် ခွန်အားတို့ကို ပေးစွမ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ဤစာကို လွန်ခဲ့သော ၂–ရက်ကစ၍ရေးခဲ့ပါသည်။ အိန္ဒိယပြည်တွင် မိတ်ဆွေကြီး၏ ထူးခြားစွာ အောင်မြင်နေသော သာသနာပြု လုပ်ငန်းနှင့် မကြာခင်က အီဂတ်ပူရီမြို့တွင် နောက် တိုးတက် ဆောင်ရွက်လိုက်သည့် လုပ်ငန်းများအတွက် ချီးကျူးဂုဏ်ပြု ရန် စတင်ရေးခဲ့ခြင်း ဖြစ်ပါသည်။

သို့ရာတွင် မိတ်ဆွေကြီး၏ ရုတ်တရက်ဆိုးဝါးသော ကျန်းမာရေးအခြေအနေသတင်းများသည် ဘုံဘေမြို့မှ အဆက်မပြတ် ရောက်ရှိလာနေသောကြောင့် ကျွန်ုပ်တို့သည် စာရေးရပ်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပါပခေတ်ဆိုးများရန်မှ မိတ်ဆွေကြီးအား ကာကွယ်ပေးကြရန် မေတ္တာခေတ်လှိုင်းများကို ဆရာမဦးဆောင်၍ ပို့လွှတ်ပေးခဲ့ကြပါသည်။ ယနေ့နံနက်တွင် ဗဟို လိုဏ်ဂူတော်၌ ရတနာသုံးပါးနှင့်တကွ ဆရာကြီးအား ရှိခိုး ပူဇော်ခဲ့ကြစဉ်က ကျွန်ုပ်တို့၏ မေတ္တာခေတ်လှိုင်းများကို မိတ်ဆွေကြီးထံသို့ ပို့လွှတ်ကြပါသည်။ ဆရာကြီး၏ မေတ္တာများကိုခံယူ၍ ကျွန်ုပ်တို့အားလုံး စုရုံးပြီးသင့်အား ပါပခေတ်ဆိုး များ၏ လက်မှ ဆွဲယူထုတ်နုတ်ခဲ့ကြပါသည်။ ယခုအချိန်တွင် မိတ်ဆွေကြီး သည် ဘေးအန္တရာယ်မှ ကင်းလွတ်ခဲ့၍ ကျန်းမာရေးကောင်းမွန်စပြု လာပြီဟု မုချသိရှိကြပါသည်။ သင်၏မွန်မြတ်သော လုပ်ငန်းများကို ယခင်ကထက် ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ဆောက်ရွက်တော့ မည်ဟု သန္နိဋ္ဌာန်ချမှတ်ပြီး ဖြစ်ကြောင်းလည်း ယုံကြည်ကြပါသည်။

ကျွန်တော်သည် ဆရာကြီး၏ မွေးနေ့ပူဇော်ပွဲနှင့် အီဂတ်ပူရီ တွင် မိတ်ဆွေကြီး၏ ရိပ်သာဖွင့်လှစ်ခြင်း အထိမ်းအမှတ်ပွဲကို ဆရာမ၊ ဦးချစ်တင်နှင့် အခြားဓမ္မမိတ်ဆွေများနှင့်အတူ ရိပ်သာ၌ဆင်နွဲရန် ပြင်ဦးလွင်မှဆင်းလာခဲ့ပါသည်။ မိတ်ဆွေကြီး ဤကဲ့သို့ မမျှော်လင့်ဘဲ ရုတ်တရက်ပြင်းထန်စွာ နာမကျန်းဖြစ်ရသည့်အတွက် စိတ်ပူပင်ကြရ သော်လည်း ဓမ္မကသာလျှင် နောက်ဆုံးအောင်နိုင်မှုကို အရယူလိမ့်မည် ဟု ကျွန်ုပ်တို့အားလုံး ယုံကြည်ကြပြီးဖြစ်ပါသည်။ အမှန်တရားဟူသော သစ္စာမီးရှူးတိုင်ကြီးကို မိတ်ဆွေကြီးက စွဲမြဲစွာဆုပ်ကိုင်လျက် ဆက်လက် ချီတက်သွားနိုင်မည်ဟူ၍လည်း ယုံကြည်ကြပြီးဖြစ်ပါသည်။

ကျွန်တော်နှင့် မိတ်ဆွေကြီး စာအပေးအယူမရှိကြသော် လည်း ဦးချစ်တင်နှင့် ဆရာမတို့မှတစ်ဆင့် မိတ်ဆွေကြီး၏ အံ့သြ လောက်ဖွယ်ရာ သာသနာပြုလုပ်ငန်းများအကြောင်းကို အစဉ်မပြတ် သိရှိခဲ့ရပါသည်။ ကျွန်ုပ်တို့၏မေတ္တာများကို မိတ်ဆွေကြီးထံသို့ အစဉ်မပြတ် သွန်းလောင်းလျက်ရှိပြီး အနိစ္စဘာဝနာများ မပျက်မကွက်

www.burmeseclassic.com

www.burmeseclassic.com



ထောက်ပံ့ကူညီလျက်ရှိကြောင်း စိတ်ချယုံကြည်စေချင်ပါသည်။

သင်၏ဓမ္မမိတ်ဆွေ ဦးကိုလေး။

ဦးကိုအင်ကာထံမှ ၁၂–၅–၇၆ နေ့စွဲဖြင့် အောက်ပါ ပြန်စာကို ရရှိ၍ ရွှင်လန်းဝမ်းမြောက်ခဲ့ရပါသည်။

ဘုံဘေမြို့။ ရက်စွဲ (၁၂–၅–၇၆) ရှရီ၊ အက်စ်အင်ဂိုအင်ကာ

ချစ်လှစွာသော ဓမ္မနောင်တော် ဦးကိုလေးခင်ဗျာ၊

မေတ္တာလှိုင်းများ လွှမ်းခြုံလျက် ကြင်နာမှုအပြည့်အဝ ဖြင့် မတ်လ ၂၅ရက်နေ့ကပေးပို့သော နောင်တော်ကြီးစာကို ရရှိသဖြင့် များစွာကြည်နူး ဝမ်းမြောက်ခြင်းဖြစ်ရပါသည်။ ယခုထက်စောစွာ စာမပြန်လိုက်နိုင်သည်ကို ခွင့်လွှတ်စေလိုပါသည်ခင်ဗျာ၊ မိခင်ဆရာမ နှင့်တကွ ဓမ္မနောင်တော်များဖြစ်ကြသည့် မိတ်ဆွေကြီးနှင့် ဦးချစ်တင်၊ ဦးဘဘို၊ ဦးတင်ရီနှင့် အခြားမိတ်ဆွေများ၏ အင်အားကြီးမားသော မေတ္တာဓာတ်၊ ဓမ္မဓာတ်က ကျွန်တော့်အား ပါပဓာတ်များ၏ လက်တွင်း မှ ကယ်တင်ဆွဲထုတ်ကြသည်မှာ မုချအမှန်ဖြစ်ပါသည်။ ဆရာကြီး၏ မွန်မြတ်သော ဓမ္မဒူတလုပ်ငန်းတွင် ကျွန်တော်ဆက်လက်၍ ရိုကျိုးစွာ အမှုထမ်းနိုင်ရန် ကယ်တင်ပေးကြသည်ဟုလည်း ယုံကြည်ပါသည်။ ယခုအခါတွင် ကျွန်တော်၏ကျန်းမာရေးမှာ ဂဖြည်းဖြည်းကောင်းမွန် လာပါပြီ။ သို့ရာတွင် ပကတိခွန်အား ပြည့်ဝလာရန် အချိန်အနည်းငယ် ကြာပါလိမ့်ဦးမည်။ မိုးရာသီ ကုန်ဆုံးချိန်လောက်တွင် သာသနာ့ တာဝန်ကြီးကို ပြည်လည်ထမ်းဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည် ခင်ဗျာ။

ဦးကိုလေးခင်ဗျာ၊ ကျွန်တော်သည် မိတ်ဆွေကြီးနှင့် တကွ အင်းလျားမြိုင် အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနမှ အခြား

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မနောင်တော် အစ်မတော်များကို မကြာခဏ သတိရလျက်ရှိပါသည်။ အကြိမ်များစွာပင် ရိပ်သာအား လွမ်းဆွတ်သတိရလျက်ရှိပါသည်။

ဤဓမ္မဒူတလုပ်ငန်းကြီးမှာ အိန္ဒိယပြည် တိုက်နယ်တစ်ခုအတွက်ပင်လျှင် လွန်စွာကြီးမားလှပါပေသည်။လူတစ်ဦးတစ်ယောက်တည်း မထမ်းဆောင်နိုင်လောက်သော အခြေအနေသို့ ရောက်နေပါပြီ။ နယ်ခံလူများကို သင်ကြားပြသပေးရန် အချိန်ကြာမြင့်ပါလိမ့်မည်။ သို့ရာတွင် ဦးကိုလေးကဲ့သို့ ဓမ္မလုပ်ငန်း အတွေ့အကြုံများပြီးဖြစ်သော ဓမ္မနောင်တော်တို့သည် ဤသာသနာပြုလုပ်ငန်းများကို လျင်မြန်စွာ၊ ထိရောက်စွာ ဆောင်ရွက်နိုင်စွမ်း ရှိကြမည်အမှန်ဖြစ်ပါသည်။ မိတ်ဆွေကြီးကဲ့သို့ ဆရာကြီး၏ထင်ရှားသော သားကြီးသမီးကြီးတို့သည် လက်တွဲပူးပေါင်း၍ ကျွန်ုပ်တို့ မိခင်နိုင်ငံက အိန္ဒိယတိုင်းပြည်သို့ တင်ရှိခဲ့သော ဓမ္မကြွေးမြီများကို ပြန်လည်ပေးဆပ်ရန် ကူညီဆောင်ရွက်နိုင်ကြလိမ့်မည်ဟု အထူးဆုဆောင်းလျက်ရှိပါသည်။

ဓမ္မဒူတလုပ်ငန်းထက် သာလွန်ကြီးမားသော၊ သာလွန်မြင့်မြတ်သော လုပ်ငန်းမရှိနိုင်တော့ပါ။ ဒါနအရာတွင် ဓမ္မဒါန သည် အထွတ်အမြတ်ဆုံးဖြစ်ပါသည်။ ဤနိုင်ငံမှလူအပေါင်း လူမျိုးပေါင်းစုံ၊ ဘာသာရေးပေါင်းစုံတို့သည် ဓမ္မအစစ်အမှန်ကို လက်ခံလာကြ၍ သူတို့၏ဒုက္ခဆင်းရဲမျိုးစုံမှ တစ်စတစ်စ လွတ်မြောက်လာကြသည်ကို တွေ့မြင်လာကြသောအခါ ကျွန်တော်တို့များစွာ ပျော်ရွှင်ရပါသည်။ စိတ်အားတက်ကြွရပါသည်။ နောင်တော်ကြီးတို့ အားလုံးသာ ဒီကိုကြွရောက်၍ ဓမ္မအလုပ် လုပ်ကိုင်ပေးနိုင်ကြပါလျှင် ယခုထက်မည်မျှ လူအပေါင်း ပိုမိုများပြားစွာ အကျိုးကျေးဇူးခံစားနိုင်ကြမည်ကို စဉ်းစားမိပါသည်။

မကြာမကြာ ကျွန်တော်မြန်မာပြည်ကို သတိရလွမ်းဆွတ်မိကြောင်း အထက်၌ဖော်ပြခဲ့ပါသည်။ ယခုကဲ့သို့ ဆင်းရဲဝေဒနာခံစား

www.burmeseclassic.com



နေစဉ် ပို၍ပင်လွမ်းဆွတ်သတိရမိပါသည်။ ကျွန်တော်၏ ဘဝသစ်မွေးဖွားရာ အိုင်အမ်စီရိပ်သာသို့ ဓမ္မခွန်အား ပြန်လည်ဖြည့်တင်းရန် ဝေဟင်မှ ရုတ်ချည်းပြန်လာရန် လွန်စွာတောင့်တမိပါသည်။ အိုင်အမ်စီရိပ်သာမျိုး အိန္ဒိယပြည်တွင် သို့မဟုတ် ကျယ်ပြန့်သော ကမ္ဘာကြီးတစ်လွှားတွင် ဘယ်နေရာမှမရှိပါ။ မှန်ပါသည်။ ကျွန်တော်လိုလျက်ရှိသော သန့်စင်မွန်မြတ်သည့် ဓမ္မအရှိန်အဝါနှင့် အေးချမ်းဆိတ်ငြိမ်ညီညွတ်သာယာသော အရိပ်အာဝါသအောက်၌ မိခင်ဆရာမနှင့် အခြားဓမ္မနောင်တော် အစ်မတော်များ၏ မေတ္တာလှိုင်းများဖြင့် ကျွန်တော်၏ ခွန်အား စွမ်းပကားများကို ပြန်လည်ဖြည့်တင်းနိုင်သော နေရာဌာနဟူ၍ ကမ္ဘာတလွှားတွင် အိုင်အမ်စီမှတစ်ပါး ဘယ်နေရာမှမရှိပါ။

တစ်ခါတစ်ရံ ကျွန်တော်က တရားပြပေးလိုက်သော ကျွန်တော်၏ ဓမ္မသားသမီးများကို အားကျမိကြောင်း ကျွန်တော် ပြောပြရပါသည်။ ကျွန်တော့်တပည့် အနောက်တိုင်းသားများသည် ရန်ကုန်အိုင်အမ်စီသို့ လွယ်ကူစွာသွားနိုင်ကြပါသည်။ ရိပ်သာ၌ ဓမ္မဓာတ်အားများ ဖြည့်သွင်းပြီး ကျွန်တော့်ထံသို့ ပြုံးပြုံးရွှင်ရွှင်ဖြင့် ပြန်လာတတ်ကြပါသည်။ အင်းယားမြိုင်ရိပ်သာမှ ဓမ္မရောင်ခြည်အရှိန်အဝါများဖြင့် အသားအရေများ ထူးခြားစွာ ကြည်လင်တောက်ပကြလျက် အိုင်အမ်စီ၏ ဓမ္မရနံ့များ သင်းပျံ့ကြလျက် ပြန်လာကြသည်ကိုတွေ့ရသောအခါ အမိနိုင်ငံသို့ ကိုယ်တိုင်နှစ်စဉ်ပြန်လာနိုင်မည့်ရက်ကိုသာ ရော်ရမ်းမျှော်မှန်းနေမိပါသည်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် ရိပ်သာ၌ မိခင်ဆရာမ၏ ကြည်နူးအေးချမ်းဖွယ်ရာသော မျက်မှောက်၌ တရားပတ်ဝင်လိုသောစိတ်များ တဖွားဖွားပေါ်ရပါသည်။

ထိုအချိန်မရောက်မီ အတွင်းမှာတော့ အဝေးမှလှမ်း၍ မကြာမကြာ ပေးပို့တော်မူကြသည့် မေတ္တာဓာတ်များကို ခံယူ လျက်သာ ကျေနပ်နှစ်သိမ့် နေရပါတော့သည်ခင်ဗျာ။ ဤကဲ့သို့ မေတ္တာဓာတ်များ

www.burmeseclassic.com

www.burmeseclassic.com



ခံယူရသောအခါတွင်ကား တစ်ကိုယ်တည်း တစ်ယောက်တည်း အားငယ်စိတ်များ ဖြေဖျောက်နိုင်ပါသည်။ လစဉ်မဂ္ဂဇင်း တစ်စောင်တွင် နောင်တော်ကြီး ရေးသားလိုက်သော ဆောင်းပါးတစ်စောင်ကို ဖတ်ခဲ့ရပါသည်။ ကျွန်တော့်အတွက် အားဆေးတစ်ခွက်ပင်ဖြစ်ခဲ့ရပါသည်။ ဆရာကြီး၏ အတ္ထုပ္ပတ္တိစာအုပ် အတော်ရေးပြီးပါပြီးလား။ ဒီတစ်ကြိမ် ဂျွန်ကိုးလ်မင်းနှင့်တွေ့စဉ်က သူလည်း ဆရာကြီး၏ အတ္ထုပ္ပတ္တိရေးရန် စိတ်ဆန္ဒပြင်းပြနေကြောင်း တွေ့ခဲ့ရပါသည်။

အားလုံးသောဓမ္မမိတ်ဆွေများထံသို့ မေတ္တာပို့သလျက်–

အသင်၏ ဓမ္မမိတ်ဆွေ

ဂိုအင်ကာ

ဦးဂိုအင်ကာ မကျန်းမာဖြစ်နေစဉ်အတွင် ဓမ္မဂီရိရိပ်သာ တွင် တပည့်ကြီးများက ကိုယ်တိုင်တရားပတ်များ အဆက်မပြတ် ဝင်ခဲ့ကြလေသည်။ ဦးဂိုအင်ကာ ကျန်းမာလာသည်မှစ၍ တရား သမား အသစ်များလက်ခံကာ လစဉ်တရားပတ်မှန်မှန် ဖွင့်လှစ် ခဲ့ပေ၏သည်။

အဆောက်အဦဆိုင်ရာ လုပ်ငန်းများလည်း ဆက်လက် လုပ်ကိုင်လျက်ရှိရာ ၁၉၇၈–ခု၊ ဇန်နဝါရီလ ၁–ရက်နေ့ (ဆရာ ကြီးကွယ်လွန်သည့် မြန်မာရက်နေ့) တွင် ဓမ္မဂီရိစေတီတော် အတွက် ပန္နက်ရိုက်ခဲ့ကြသည်။ ၁၉၇၈–ခု၊ အောက်တိုဘာလ ၁၂–ရက်နေ့တွင် ဆရာမနှင့် ဦးချစ်တင်တို့ အိဂတ်ပူရီသို့ ဆိုက်ရောက်လာသောအခါ စေတီတည်နေရာ အောက်မြေထပ် ၂၄–ခန်းပြီး၍ အပေါ်ထပ် ၈– ခန်း ဆောက်လုပ်ပြီးနေချေပြီ။ အောက်တိုဘာလ ၁၆–ရက်နေ့၊ သီတင်းကျွတ်လပြည့်နေ့တွင် ရန်ကုန်ဓမ္မရောင်ခြည် ရိပ်သာမှာကဲ့သို့ပင် ဓမ္မဂီရိရိပ်သာ၌ နံနက်အာရုံ ဆွမ်းကပ်၍ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲကို ဆရာမဦးစီး၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဟိုက်ဒရာဘာဒ်အပြည်ပြည်ဆိုင်ရာ**
**ဝိပဿနာဌာန**

ထိုကဲ့သို့ ဘုံဘေပြည်နယ်၊ အီဂတ်ပူရီ၌ အပြည်ပြည်ဆိုင်ရာဝိပဿနာဌာနကြီးကို အခြေချပြီးနောက် အန္ဓရာပရာဒက်ရှ်ပြည်နယ်မြို့တော် ဟိုက်ဒရာဘာဒ်မြို့တွင်လည်း "ဆရာကြီးဦးဘခင်အထိမ်းအမှတ်ရန်ပုံငွေ" ဖွင့်လစ်၍ သာသနာပြုလုပ်ငန်းများ အခြေစိုက် စတင်လုပ်ခဲ့ကြသည်။ ယင်းရံပုံငွေမှ မြေရိုင်း ဧက ၁၀၀ ဝယ်ထား၍ ရှေးဦး ၁၀ ဧကတွင်ခုတ်ထွင်ရှင်းလင်းကာ အမြဲတမ်းတရားဌာနအဖြစ် အဆောက်အဦများဆောက်လုပ် ပြီးစီးခဲ့သည်။ ၁၉၇၉-ခု၊ ဖေဖော်ဝါရီ ၈-ရက်မှ ၁၈-ရက် တရားပတ်ကို ဆရာမသွား၍ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ "အလွန်ပဲ တရားကို ယုံကြည်ကြတာတွေ့ရ၊ ကြိုးစားတာတွေ့ရ၊ အားထုတ်တာတွေ့ရတော့ ဆရာကြီးကို အလွန်ပဲသတိရပါတယ်"ဟု ဦးချစ်တင်က ကျွန်တော့်ထံ စာရေး အကြောင်းကြားခဲ့ပါသည်။

ဟိုက်ဒရာဘာဒ် တရားပတ်ပြီးသည့်နောက် ဆရာမနှင့် ဦးချစ်တင်တို့သည် ဖိတ်ကြားချက်အရ အိန္ဒိယပြည်အနှံ့အပြား လှည့်လည်သွားရင်း ဘုရားဖူးကြသည်။ နိုင်ငံခြားသားတပည့် ၅၀-မှ ၁၀၀-ထိ ဆရာမ သွားလေရာလိုက်ပြီးကူညီစောင့်ရှောက် ကြပါသည်။ ဆရာမတို့သည် မဒရပ်၊ နဂါပူ၊ ဗာရာဏသီ၊ မိဂဒါဝုန်၊ ဗုဒ္ဓဂယာ၊ လုမ္ဗိနီ၊ သာဝတ္ထိ၊ ရာဇဂြိုလ်၊ နာလန္ဒ စသည့် နေရာဌာနများသို့ သွားရောက်ခဲ့ကြပြီး အီဂတ်ပူရီ ဓမ္မဂိရိသို့ တပေါင်းလပြည့်အမီ ပြန်ခဲ့ကြသည်။

**အီဂတ်ပူရီမှ ဓမ္မဂိရိစေတီတော် ထီးတော်တင်ပွဲ**

၁၉၇၉-ခု၊ မတ်လတွင် ဓမ္မဂိရိကုန်းမြေသာယာတွင်

www.burmeseclassic.com

www.burmeseclassic.com



ပထမအဆင့်စီမံကိန်း ပြီးစီးခဲ့လေပြီ။ မြန်မာကျပ်ငွေ ၁၀ သိန်း နီးပါးကုန်ကျခဲ့သည်ဟုသိရသည်။ဓမ္မဂီရိစေတီတော်တွင် အလယ် ဗဟိုလိုဏ်ဂူစေတီကြီးနှင့် အရံစေတီ ရှစ်ဆူပါဝင်ရာ စေတီကိုးဆူ အတွက် မြန်မာ့လက်ရာထီးတော်များကို အီဂတ်ပူရီသို့အရောက် နိုင်ငံခြားတရားသမားများက ဆောင်သယ်ပို့ပေးခဲ့ကြသည်။

မတ်လ ၁၂–ရက်နေ့တွင် ကျင်းပပြုလုပ်သော ဓမ္မဂီရိ စေတီထီးတော်တင်ပွဲမှာ လွန်စွာစည်ကားသိုက်မြိုက်လှကြောင်း ဦးချစ်တင်က သတင်းပေးပို့ခဲ့သည်။ ယင်းပွဲတော်ကြီးကို မြတ်စွာ ဘုရားကြိုက်နှစ်သက်တော်မူသည့် ပူဇော်ပွဲများဖြင့်သာ အမွှမ်းတင် ခဲ့ကြပါသည်။ နိဗ္ဗာန်ဈေးကြီးဖွင့်၍ လာသမျှပရိသတ်အား ကျွေးမွေး သည်။ ဝတ္ထုပစ္စည်း လှူဒါန်းပေးကမ်းသည်။ အိန္ဒိယ ရူပီးငွေ ရှစ်ထောင်ဖိုး လှူဒါန်းခဲ့သည်ဟုသိရသည်။ ဆရာကြီး၏ အသံသွင်း ထားသော တိတ်ခွေများဖြင့် ဗောဓိဝင် ဥဒါန်းဂါထာများ၊ ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသ ဒေသနာတော်များနှင့် ပဋ္ဌာန်းပစ္စာဝါရကို နေ့ရောညပါ ရွတ်ဖတ်ပူဇော်ကြပါသည်။ တစ်ချိန်တည်းမှာပင် လူပုဂ္ဂိုလ် ၂၀၅– ဦးနှင့် မြန်မာပြည်မှ ခေတ္တရောက်လာသော ရဟန်းတော်နှစ်ပါးတို့သည် ၁၀–ရက် တရားပတ်ဝင်၍ ဓမ္မဖြင့်ပူဇော်ကြပါသည်။

အသစ်စက်စက် ထီးတော်တင်၍ နိဗ္ဗာနစာတ်ဖွင့်လိုက်သော ဓမ္မဂီရိစေတီရိပ်သာတွင် တပေါင်းလတစ်လလုံး တရားပတ်များ ကျင်းပ ၍ ဓမ္မပူဇော်ပွဲများ အဆက်မပြတ်ပြုလုပ်ခဲ့ကြသည်။ မတ်လ–၁၆ ရက်နေ့ ဆရာမမွေးနေ့၊ မတ်လ ၂၃–ရက်နေ့ ဆရာကြီးမွေးနေ့များတွင် အင်းယားမြိုင်ရိပ်သာမှာကဲ့သို့ ပူဇော်ပွဲများ ပြုလုပ်ခဲ့ကြပြီး တရား အားထုတ်ခဲ့ကြပေသည်။ တပေါင်းလရာသီတွင် သဘာဝပွင့်ဖူးကြသည့် ပန်းမန်မျိုးစုံတို့၏ရနံ့သည် ဓမ္မလိုဏ်ဂူများမှ ပျံ့လွင့်ထွက်ပေါ်လာသည့် ဓမ္မရနံ့နှင့် ရောယှက်ပေါင်းစပ်ကာ ဓမ္မဂီရိကုန်းမြေပြင်တစ်ခွင်ကို

www.burmeseclassic.com

www.burmeseclassic.com



ထုံသင်းကြိုင်လှိုင် နေစေပါတော့သည်။

ဂျေပူ။ ။ အပြည်ပြည်ဆိုင်ရာ ဝိပဿနာကမ္မဋ္ဌာန်းဌာန

မတ်လ ၃၁–ရက်နေ့တွင် ဂျေပူမြို့တွင် တရားတစ်ပတ် စတင် ဖွင့်လှစ်ပေးရန် ဆရာမနှင့်ဦးချစ်တင်တို့သည် နိုင်ငံခြားသား တပည့် အပေါင်း လိုက်ပါလျက် ဂျေပူသို့ ခရီးထွက်ခဲ့ရပြန်သည်။ ပန်းရောင် ခြယ်သထားသည့် အဆောက်အဦကြီးများ ပေါများလှသဖြင့် ပန်းရောင် မြို့တော်ဟုခေါ်တွင်ကြသည့် ဂျေပူမြို့တွင်လည်း ဦးဘခင်အထိမ်းအမှတ် ရန်ပုံငွေ ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။

ဓမ္မဂီရိ၌ ပထမဆုံးအကြိမ်ကျင်းပသော သင်္ကြန်အခါတော်ပူဇော်ပွဲ

ဂျေပူ၌ တရားပတ်ဖွင့်လှစ်ပေးပြီးနောက် ဆရာမတို့ အဖွဲ့သည် အီဂတ်ပူရီရှိ ဓမ္မဂီရိရိပ်သာသို့ ဧပြီလ ၁၂–ရက်နေ့တွင် ပြန်ခဲ့ကြသည်။ ရန်ကုန်အင်းယားမြိုင်ရိပ်သာ အစဉ်အလာအတိုင်း အီဂတ်ပူရီ၌လည်း ပူဇော်ပွဲများကျင်းပ၍ အထူးတရား ပတ်ဝင်ကြသည်။ ဆရာမ၊ ဦးချစ်တင်၊ ဦးဂိုအင်ကာနှင့် ဂေါပက လူကြီးများကိုယ်တိုင် ဓမ္မာနုဓမ္မပဋိပတ်ဖြင့် ရတနာသုံးပါးနှင့် ဆရာသမားအပေါင်းအား ပူဇော်ကန်တော့ကြသည်။

ရန်ကုန်ရိပ်သာမှာကဲ့သို့ပင် သင်္ကြန်အခါတော်အတွင်း၌ အီဂတ်ပူရီ၌ တရားပရိသတ် လွန်စွာစည်ကားသည်။ တရားတော်၌ သင်ဝင်ယုံကြည်မှု နက်ရှိုင်းလှသည်။ အားထုတ်မှုဝီရိယ ချီးကျူးဖွယ် ကောင်းသည်။ တပေါင်းလနှင့် တန်ခူးလ ၂လ အဆက်မပြတ် တရား ပတ်များ ကျင်းပခဲ့ပြီးနောက် ဓမ္မဂီရိ ကုန်းမြေပြန့်တွင် ဓာတ်ကြမ်း၊ ဓာတ်ရိုင်းများကင်းစင်၍ ဓမ္မရောင်ခြည် ကြည်လင်စွာထွန်းပလာပြီ အစရှိသော သတင်းကောင်းများကို ဦးချစ်တင်က အဆက်မပြတ်ပေးပို့

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါသည်။

၁၉၆၉–ခုနှစ်တွင် စတင်ခဲ့သော ဦးဂိုအင်ကာ၏ အိန္ဒိယ သာသနာပြုလုပ်ငန်းသည် ၁၀–နှစ်အတွင်း မည်သို့တိုးတက် စည်ပင်လာပုံကို တိကျထင်ရှားစွာ သိမြင်နိုင်ပ်လာက်ပေပြီ။ ရှေးဦးစွာ အိန္ဒိယပြည်တစ်ဝှမ်း လှည့်လည်၍ နေရာအနှံ့အပြား ဓမ္မမျိုးစေ့ဖြန့်ကြဲ လိုက်သည်။ အိန္ဒိယပြည်ရောက် နိုင်ငံခြားသား လူငယ်များ ဓမ္မမျိုးစေ့ ခံယူကြသည်။ ရေခံမြေခံကောင်းမွန်၍ ပြုစုပေးသူ၏ ကျွမ်းကျင်မှု ကြောင့် ယင်းလူငယ်များ သန္တာန်တွင် ဓမ္မပင်ပေါက်များ ရှင်သန်ဖွံ့ဖြိုး လာသည်။ မဟာဗောဓိ၊ ဗုဒ္ဓဂယာ၊ ဆာရာနတ်(မိဂဒါဝုန်) ဗာရာဏသီ၊ နာလန္ဒာစသည့် ထင်ရှားသောဌာနကြီးများမှ ဗုဒ္ဓဘာသာအဖွဲ့အစည်း များက ဦးဂိုအင်ကာပြသပေးသော ဆရာကြီးဦးဘခင်၏ ဝိပဿနာ ကမ္မဋ္ဌာန်းနည်းလမ်းကို ကျေနပ်နှစ်သက်လက်ခံလာကြသည်။ အားပေး ကူညီလာကြသည်။ တစ်ချိန်တွင်း၌ပင် ဂျိန်းဘာသာဝင် ဘုန်းကြီး သီလရှင်များနှင့် ခရစ်ယာန်ဘာသာဝင် ဘုန်တော်ကြီး သီလရှင် တို့လည်း ဦးဂိုအင်ကာပြသသော ဝိပဿနာ ကမ္မဋ္ဌာန်းလုပ်ငန်းတွင် စိတ်ဝင်စားလာကြသည်။ စမ်းသပ်အားထုတ်ကြည့်ကြသည်။ တရား တော်၏ အကျိုးကျေးဇူးများ လက်ငင်းမုချ တွေ့မြင်သွားကြသဖြင့် နှစ်စဉ်သီးခြားတရားပတ်များ ဖွင့်ပေးနေရသည်။

ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းသည် လူသား၏စိတ် ဓာတ်ကို ကောင်းရာဘက်သို့ ပြောင်းလဲစေကြောင်း သိရှိသဘော ပေါက်ကြသည်နှင့်အညီ အိန္ဒိယပြည် အစိုးရသည် အကျဉ်းသမား များနှင့် ရဲအရာရှိများအား နှစ်စဉ် ကမ္မဋ္ဌာန်းအားထုတ်စေခဲ့လေသည်။ ဝိပဿနာကမ္မဋ္ဌာန်းတရားသည် ဝာရိတ္တမြင့်တင်ရေး၊ ကိုယ်ကျင့်တရား ကောင်းမွန်ရေးအတွက် များစွာကျေးဇူးရှိစေကြောင်း၊အထောက်အကူပြု စေကြောင်း၍ဆောက်ရွက်မှုများကလက်တွေ့သာဓကပြနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဂိုအင်ကာ၏ အထက်ပါကြိုးပမ်းမှုအရပ်ရပ်၊ အောင်မြင်မှု အဖုံဖုံတို့သည် အီဂျစ်ပူရီ ဟိုက်ဒရာဘဒ်နှင့် ဂျေပူမြို့များတွင် အထွတ်အထိပ်သို့ ဆိုက်ရောက်ခဲ့လေပြီ။ ယင်းမြို့များတွင် "ဦးဘခင်အထိမ်းအမှတ်ရန်ပုံငွေအဖွဲ့" များက တည်ဆောက်ဖွင့်လှစ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာကမ္မဋ္ဌာန်းဌာနများသည် ဦးဂိုအင်ကာ၏ သာသနာပြုလုပ်ငန်းအတွက် ၃-ပွင့်ဆိုင် အခြေခံမဏ္ဍိုင်ကြီးများဖြစ်ပေသည်။

ဆရာကြီးဦးဘခင် မျှော်မှန်းခဲ့သည့် မဇ္ဈိမဒေသ သာသနာပြုလုပ်ငန်းကြီးသည်ကား ယင်းဌာနကြီးများကို ဗဟိုပြု၍ ခိုင်ခံ့မြဲမြံစွာ အခြေစိုက်မိပေပြီ။ သာသနာတော် ၂၅၀၀-ကုန်ဆုံးပြီးနောက် ဝိမုတ္တိခေတ်သို့ တစ်ပတ်ပြန်လည် ရောက်ရှိသည်နှင့်အညီ မြတ်စွာဘုရားပွင့်တော်မူခဲ့ရာဒေသ၌ သာသနာပြန်လည်စည်ပင် ဖွံ့ဖြိုးတိုးတက်၍လာပေပြီ။ ပဋိပတ္တိဓမ္မ ပြန်လည်ရှင်သန်လာပေပြီ။

ဤအောင်မြင်မှုများအတွက် ဦးဂိုအင်ကာတစ်ဦးတည်း စတင်ဦးဆောင်၍ ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ယခုအခါ၌ ဦးဂိုအင်ကာသည် အိန္ဒိယပြည်တွင်သာမက ဥရောပ၊ အင်္ဂလန်၊ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလီးယား၊ ဂျပန်၊ ထိုင်းနိုင်ငံ များသို့ဖြန့်၍သာသနာပြုလုပ်ငန်းများ လုပ်ဆောင်နေပေပြီ။ အိန္ဒိယပြည်မှာကဲ့သို့ပင် အောင်မြင်မှုများဖြင့် သရဖူဆောင်းနိုင်ပေဦးတော့မည်။

ဤသို့ ကမ္ဘာအရပ်ရပ် ကမ္မဋ္ဌာန်းရိပ်သာများ ဖွင့်လှစ် ခဲ့ရာတွင် ဦးဂိုအင်ကာ အသုံးပြုခဲ့သော ရိပ်သာအမည်များကို စာဖတ်သူများ စိတ်ဝင်စားကြပေမည်ဟု ယုံကြည်၍ အောက်ပါ အတိုင်းစာရင်းပြုလုပ် တင်ပြလိုက်ပါသည်။

အိန္ဒိယနိုင်ငံ။ ။မူလဌာန ၃-ခုအပြင်နောက်ထပ်တိုး၃-ခု ဖြင့် ရိပ်သာ၆-ခု ရှိနေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



(က) အီဂတ်ပူရီခြံဖွင့်လှစ်သော --- ဓမ္မဂီရိ
(ခ) ဟိုက်ဒရာဘဒ် --- ဓမ္မခေတ္တ
(ဂ) ဂျေပူ --- ဓမ္မထာလိ
(ဃ) ကာလကတ္တား --- ဓမ္မဂင်္ဂါ
(င) ကွတ်ချ်မြို့၊ ဂူဂျရတ်နယ် --- ဓမ္မသိန္ဓု
(စ) ကောလာပူမြို့
မဟာရဋ္ဌနယ် --- ဓမ္မာလယ

**နီပေါနိုင်ငံ**

(က) ကတ္တမန္ဒု --- ဓမ္မသိင်္ဂီ

**အင်္ဂလန်နိုင်ငံ**

(က) ဟဲရာဖို့ဒ်မြို့ --- ဓမ္မဒီပ

**ပြင်သစ်နိုင်ငံ**

(က) လူဝီဆုံမြို့ --- ဓမ္မမဟီ

**ဩစတြေးလီးယားနိုင်ငံ**

(က) ဘလက်ဟိသ်မြို့၊
နယူးဆောက်သ်ဝေးနယ် --- ဓမ္မဘူမိ
(ခ) ပိုမိုနာမြို့–ကွင်းစလင်းနယ် --- ဓမ္မရသမိ

**နယူးဇီလန်နိုင်ငံ**

(က) ကောက်ကပကပမြို့ --- ဓမ္မမေဒနီ

**ထိုင်းနိုင်ငံ**

(က) ဘန်ကောက် --- ဓမ္မကမလ

www.burmeseclassic.com

www.burmeseclassic.com



**ဂျပန်နိုင်ငံ**

(က) တိုကျိုမြို့ --- ဓမ္မဘာနု

**အမေရိကန်နိုင်ငံ**

(က) ရှဲလ်ဘုံမြို့-မဆာချူးဆက်နယ် --- ဓမ္မဓရာ
(ခ) နောသ့်ဖို့မြို့
ကာလီးဖိုးနီးယားနယ် --- ဓမ္မမဟာဝန
(ဂ) ကော်ဖန်မြို့- တက်ဆက်နယ် --- ဓမ္မသီရိ
(ဃ) အွန်နာလစကာ- ဝါရှင်တန် --- ဓမ္မကုဋ

အထက်ပါစာရင်းတွင် နောက်ဆုံးဖော်ပြသော ဝိပဿနာတရားဌာန ဓမ္မကုဋ ဖြစ်ပေါ်လာပုံနှင့် တည်နေရာမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဂုရုကြီးဂိုအင်ကာ၏ တရားစခန်းများကို အမေရိကန်နိုင်ငံ အနောက်မြောက်ပိုင်းနှင့် ကနေဒါနိုင်ငံတို့တွင် ၁၉၈၃ ခုနှစ်မှစ၍ အဆက်မပြတ် ဖွင့်လှစ်ခဲ့သည်။ သို့သော် ထိုအချိန်များက ကိုယ်ပိုင်အဆောက်အဦမရှိသေးသောကြောင့် တရားစခန်းဖွင့်ရန် နေရာဌာနများကို ငှားရမ်း၍ အသုံးပြုခဲ့ရ သည်။ တရားပတ်များဖွင့်တိုင်း ယောဂီတို့သည် တစ်ပတ်ထက်တစ်ပတ် တိုးတက်များပြားလာသောကြောင့် ၁၉၈၇ ခုနှစ်မှစ၍ ဦးဂိုအင်ကာ၏ တပည့်ကြီးများသည် အမြဲတမ်း တရားစခန်းဖွင့်၍ သင့်လျော်သောနေရာကို ရှာဖွေခဲ့ကြသည်။ ၁၉၉၁ ခုနှစ်တွင် ယင်းတို့၏ ကြိုးပမ်းမှုသည် အကောင်အထည်ပေါ်လာသည်။ အမေရိကန်ပြည်အနောက်မြောက်ပိုင်း၊ ဝါရှင်တန်ပြည်နယ်ဝယ် အလယ်ဗဟိုကျကျတွင် တောတောင်ထူထပ်သော အင်းဒီးယန်း လူမျိုးများ အခြေချနေထိုင်ခဲ့သော ချိုင့်ဝှမ်းတစ်ခု၌ ကေလေးဆယ်ကျော် မြေကွက်တစ်ခုကို တွေ့ရှိကြ၍ ဝယ်ယူလိုက်ကြသည်။ ဤနေရာသည် ကနေဒါနိုင်ငံနှင့် မဝေးကွာလှဘဲ အမေရိကန်နိုင်ငံ အနောက်မြောက်ပိုင်းကျသဖြင့် ထိုဒေသမှ ယောဂီများနှင့် ကနေဒါမှ

www.burmeseclassic.com

www.burmeseclassic.com



ယောဂီများပူးတွဲ၍ အမြဲတမ်း ဝိပဿနာတရားဌာနတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ကြပေသည်။

ယင်းကဲ့သို့ အမြဲတမ်း စိန်းလန်းနေသော အရိပ်အာဝါသကောင်းမွန်သည့်ဌာနတွင် ရိပ်သာဖွင့်ပေးရန် ရောက်ရှိလာသော ဦးဂိုအင်ကာကြီးသည် ရိပ်သာပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုပြီးနောက် ယင်းရိပ်သာသစ်အား ဓမ္မကုဋ္ဌဟု အမည်ပေးလိုက်ပါ သည်။

ဓမ္မကုဋ္ဌ = တရားရိပ်သာမြိုင်ဟု ဆိုလိုပေသည်။

၁၀၈

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၆

**ဦးဂိုအင်ကာ၏ ဗိတ်ကြားချက်အရ အီဂျစ်ပူရီနှင့် ဟိုက်ဒရာဘဒ် ရှိပ်သာဌာနများသို့ သွားရောက်ခြင်း၊ ဂုရုကြီးဦးဂိုအင်ကာအဖြစ် ပထမဆုံး ပြန်လည်ဆုံစည်းရခြင်း။**

၁၉၈၁ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဆရာကြီး ကွယ်လွန်ခဲ့သည်မှာ ၁၀–နှစ်ပြည့်မြောက်ပေသည်။ ၁၀–နှစ် မြောက်အထိမ်းအမှတ် ပူဇော်ပွဲကြီးမတိုင်မီ ၁၉၈၀–ခု၊ နိုဝင်ဘာ လကုန်တွင် မြန်မာပြည်အိုင်အမ်စီမှ တရားပြဆရာများဖြစ်သော ဦးတင့်ရီ၊ ဦးဘဖိုးနှင့် ကျွန်တော်တို့ ၃–ဦးအား၊ အီဂတ်ပူရီရိပ်သာ နှင့်တကွ၊ ထိုစဉ်က ဆက်လက်ဖွင့်လှစ်ပြီးသော ဟိုက်ဒရာဘဒ်နှင့် ဂျေပူရိပ်သာများသို့ လှည့်လည်လေ့လာရင်း သူ၏ ဓမ္မဒူတ လုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေများကို သုံးသပ်ရန် ဦးဂိုအင်ကာက ဖိတ်မန္တကပြုခဲ့ပါသည်။

အိုင်အမ်စီရိပ်သာတွင် စောင့်ရှောက်ကြီးကြပ်ရသည့် တာဝန်ကို ဆရာဦးတင့်ရီက ထမ်းဆောင်နေရသဖြင့် ဦးဂိုအင်ကာ၏ ဖိတ်ကြားချက်ကို လက်မခံနိုင်ခဲ့ပေ။ ကျွန်တော်နှင့် ဦးဘဖိုး ၂-ဦးတို့သာ အိန္ဒိယပြည်သို့ ခရီးထွက်ခဲ့ကြရပေမည်။

## ကာလကတ္တားအတွေ့အကြုံ

ဦးဂိုအင်ကာသည် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ကြီးဘဝမှ ပြောင်မြောက်သော သာသနာပြုပုဂ္ဂိုလ်ကြီးဖြစ်ခဲ့ပေရာ အစစအရာရာ စီမံခန့်ခွဲရာ၌ စနစ်ကျခြင်း၊ လုပ်ငန်းအဆင့်ဆင့်အတွက်ကြိုတင်လာဘ်မြင်ခြင်း၊ အသေးစိတ်အထိ ဆင်ခြင်သုံးသပ်ခြင်းစသော အရည်အချင်းများနှင့် ပြည့်ဝလှပေသည်။ ကျွန်တော်တို့၏ အိန္ဒိယခရီးစဉ်ကို အစစအရာရာ ချောမွေ့ပြေပြစ် ပြည့်စုံရန် ကြိုတင်စီမံထားပုံများကိုတစ်ဆင့်ပြီးတစ်ဆင့်တွေ့မြင်လာသောအခါဦးဂိုအင်ကာ၏ အဆိုပါအရည်အချင်းချင်းများကို ကောင်းစွာသိရှိ ချီးကျူးကြရပေသည်။

အိန္ဒိယပြည်သို့ ဦးဘဖိုး တစ်ခေါက်ဟစ်ခါမျှမရောက်ဖူးပါ။ ကျွန်တော်က ၁၉၄၇-ခုနှစ်တွင် နယူးဒေလီ၌ကျင်းပသော "အေးရှင်းရလေးရှင်းကွန်ဖရင့်" ခေါ် လွတ်လပ်ရေးရကြတော့မည့် အာရှတိုင်းပြည်အချင်းချင်း ဆက်သွယ်ဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးပွဲသို့ မြန်မာပြည် ကိုယ်စားလှယ်တစ်ဦးအဖြစ် ရောက်ဖူးခဲ့သည်။ ထို့နောက် တက္ကသိုလ်အချင်းချင်း ဖလှယ်ရေးအစည်းအဝေးပွဲများသို့ ၁၉၅၃-၅၅ နှစ်များက ရောက်ခဲ့ဖူးပါသည်။

သို့ရာတွင် အိန္ဒိယပြည်၏ ၁၉၈၀-ခုနှစ် အခြေအနေများမှာ လွန်စွာပြောင်းလဲသွားခဲ့ပြီး၊ ယခုသွားလာလည်ပတ်မည့်နေရာများမှာ

www.burmeseclassic.com



ယခင်က ရောက်ရှိခဲ့သော နေရာဒေသများမဟုတ်ပေ။ ထို့ကြောင့် အိန္ဒိယပြည်တွင်းသွားရေးလာရေး အနည်းဆုံး တက္ကစီငှားရေးမှစ၍ လွယ်ကူလှမည်မဟုတ်ပါ။ ဒေသခံတစ်ဦးဦး၏ အကူအညီကို အမှန်မုချ လိုပေလိမ့်မည်။ ဦးဂိုအင်ကာ၏ ဖိတ်စာတွင်မူ ပေးပို့လိုက်သော လေယာဉ်ပျံလက်မှတ်ဖြင့် ကာလကတ္တားသို့ အရောက်လာရန်နှင့် ကာလကတ္တားတွင် ကြိုဆို မည့်သူများ အဆင့်ဆင့်ရှိပါလိမ့်မည်ဟု ဖော်ပြထားရာ စိတ်အေးချမ်းရသော်လည်း၊ တကယ့်တွေ့ကြုံသောအခါ ပြည့်စုံလှသည့် ကြိုဆိုရေးအစီအစဉ်များကိုမူ မမျှော်မိခဲ့ပါ။

ကျွန်တော်တို့ စီးနင်းလာသော ထိုအချိန်က ယူဘီအေခေါ် သည့် မြန်မာပိုင်လေယာဉ်ပျံသည် ကာလကတ္တားလေဆိပ်သို့ ဆိုက် ရောက် ပြီးနောက် ခရီးသွားများ လေယာဉ်ရုံးသို့ ကူးသွားရန် ဘတ်စ် ကား ပေါ်တက်ကြသည်နှင့် အမှုထမ်းတစ်ဦးဖြစ်ဟန်တူသော လူရွယ် တစ်ဦးက ''လူကြီးမင်းတို့ကို ကြိုဆိုမဲ့သူ လေယာဉ်ရုံးမှာ စောင့်နေ ပါတယ်'' ဟု သတင်းလာပေးပါသည်။ ကျွန်တော်တို့အား ကြိုဆိုရန် ရောက် နေသူက သူမလာနိုင်သော လေယာဉ်ကွင်းအတွင်း ကျွန်တော် တို့ရှိစဉ် စိတ်ပူပင်မှုကင်းရန် ကြိုတင်သတင်းပေးလိုက်ပုံရပါသည်။

ကျွန်တော်တို့ ၂-ဦးအား မသိသူတစ်ဦးက ရှာဖွေရန် အခြေအနေအရ လွယ်ကူလှပေသည်။ လေယာဉ်ပေါ်မှ မြန်မာ အဝတ်အစားနှင့်ဆင်းလာသူ မြန်မာနှစ်ဦးမှာ ကျွန်တော်နှင့် ဦးဘဖိုးသာလျှင် ဖြစ်ကြပါသည်။ လေယာဉ်ရုံးတွင် အသက် ၂၅- ၃၀ အရွယ်ရှိ လူရွယ်တစ်ဦးက ကျွန်တော်တို့အား လာရောက် နှုတ်ဆက်ပါသည်။ သူသည် ဘုံဘေမြို့ရှိ ဦးဂိုအင်ကာ၏သားများ ကုမ္ပဏီ၏ ကာလကတ္တားကိုယ်စားလှယ် ဖြစ်ကြောင်း၊ ကျွန်တော်တို့ အား ကြိုဆိုစောင့်ရှောက်ရန် သူ့အား တာဝန်ပေးထား၍ ယခုလို လာရောက်ကြိုဆိုကြောင်း၊ လူဝင်မှုကြီးကြပ်ရေး အကောက်ခွန်ဌာန

www.burmeseclassic.com

www.burmeseclassic.com



စသည်တို့၌ ဆောင်ရွက်ရန်ကိစ္စအားလုံး သူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကျွန်တော်တို့က မျက်နှာပြရုံသာ သူနှင့်လိုက်ပါရန်လိုပေသည်။

လေဆိပ်မှမြို့တွင်းသို့ ခေါ်ဆောင်လာစဉ် လူငယ်က ကျွန်တော်တို့၏ ရှေ့ခရီးစဉ်အကြောင်း ပြောပြပါသည်။ သူက ကျွန်တော်တို့အား မြို့တွင်းဟော်တယ်တစ်ခုသို့ ခေါ်သွားမည် ဖြစ်ကြောင်း၊ ဟော်တယ်တွင် ဂုရုကြီး စေလွှတ်လိုက်သော မျက်နှာဖြူ တရားသမားနှစ်ဦး ရောက်နေပြီ ဖြစ်ကြောင်း၊ နက်ဖြန် နံနက်တွင် သူတို့က ဦးဆောင်ပြီး ဘုံဘေမှတစ်ဆင့် အီဂတ်ပူရီတရားစခန်းသို့ ခေါ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဟော်တယ်တွင် ကျွန်တော်တို့အား ထိုသူနှစ်ဦးနှင့် မိတ်ဆက်ပေးပြီးနောက် နက်ဖြန်အတွက် မီးရထား လက်မှတ်များကို သူသွားရောက်စီစဉ် ရမည်ဖြစ်ကြောင်း ပြောပြ ပါသည်။

ဟော်တယ်ရောက်သောအခါ မျက်နှာဖြူလူငယ်နှစ်ဦးက စောင့်ကြိုနေပါသည်။ နှစ်ဦးစလုံး ရှပ်လက်တိုလက်ပြတ်နှင့် မြန်မာ လုံချည်များ ဝတ်ဆင်ထားပါသည်။ ၁၉၇၅-ခုနှစ်မှစ၍ အင်းယားမြိုင် ရိပ်သာသို့ ဦးဂိုအင်ကာစေလွှတ်လိုက်သော နိုင်ငံခြားယောဂီအုပ်စု များတွင် ပါလာခဲ့ဖူးသောသူများဖြစ်ပါသည်။ ဦးဘဖိုးနှင့်ကောင်းစွာ သိရှိ၍ ဦးဘဖိုးနှင့်တကွ ကျွန်တော့်ကိုပါ ကမ္မဋ္ဌာန်းဆရာအား တပည့် ယောဂီများက ဆက်ဆံပုံအတိုင်း ရိုသေကိုင်းရှိုင်းကြပါသည်။ ကျွန်တော် နှင့်တော့ မတွေ့မြင်ကြဘူးသေးပါ။ တစ်ဦးမှာ လူ့မက်သယူးဖြစ်၍ ကနေဒါ နိုင်ငံသားလူငယ်ဖြစ်ပြီးတစ်ဦးမှာ ဆွစ်ဇာလန်နိုင်ငံမှ ရောဂျား ဘီရှော့ပ်ဆိုသူဖြစ်ပါသည်။

ထိုနှစ်ဦးစလုံးမှာ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် မိမိတို့ နိုင်ငံတွင် တွေ့ရှိနေရသော အခြေအနေများ၊ မိရိုးဖလာ ကိုးကွယ်မှု များနှင့် သိပ္ပံပညာရှင်တို့အပေါ်တွင် မကြေမနပ်ဖြစ်နေကြသော လူငယ်

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်ကလေးများ ဖြစ်ကြပေသည်။ သူတို့သည် မိမိတို့၏ ယုံကြည်ကိုးကွယ်မှု ယဉ်ကျေးမှုများတွင် အားကိုးဖွယ်ရာမမြင်၊ စိတ်ပျက်ဖွယ်ရာများသာဖြစ်ကြောင်း သဘောပေါက်၍ အရှေ့နိုင်ငံများမှ ယဉ်ကျေးမှုဓလေ့ထုံးစံအယူဝါဒများ လေ့လာသုံးသပ်ရန် အိန္ဒိယပြည်သို့ အနောက်နိုင်ငံပေါင်းစုံမှ ရောက်ရှိလှည့်လည်စူးစမ်းနေကြသူများဖြစ်ပေသည်။

ထိုလူငယ်နှစ်ဦးသည် မူဆလင်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဆစ်ခ်ဘာသာစသည်တို့ကို လေ့လာစမ်းသပ်နေကြရာမှ ဦးဂိုအင်ကာ၏ မဟာဗောဓိဒေသ၊ ဗုဒ္ဓဘာသာဘုန်းကြီး ဦးမုနိန္ဒ ကျောင်းဝင်းအတွင်း၌ ရှေးဦးဖွင့်လှစ်သော ဝိပဿနာ ၁၀–ရက် တရားပတ်ကိုတက်ရောက်ခဲ့ကြသူများ ဖြစ်ပေသည်။ ထိုတရား ပတ်ပြီးဆုံးသည့်အခါ မိမိတို့လိုက်လံရှာဖွေနေကြသော ငြိမ်းချမ်းရေးတရားကို တွေ့ရှိကြပြီဟု ယုံကြည်နှစ်သက် ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြပေသည်။ ထိုအချိန်မှစတင်၍ ဦးဂိုအင်ကာသည် တစ်မြို့မှတစ်မြို့ တစ်နေရာမှတစ်နေရာ ရွှေ့ပြောင်း၍ ဝိပဿနာ ၁၀ ရက် တရားပတ်ဖွင့်လှစ်တိုင်း လိုက်လံ၍ ကမ္မဋ္ဌာန်းတရား အားထုတ်ခဲ့ကြရာ ကျွန်တော်တို့နှင့် တွေ့ကြသော အခါတွင် ၁၀ နှစ်တိုင်တိုင် ဝိပဿနာတရား အားထုတ်ပြီးကြလေပြီ။

ထို့ကြောင့် ထိုလူငယ်နှစ်ဦးမှာ ယခင်တွေ့ဖူး မြင်ဖူးသော အနောက်နိုင်ငံသား ဟစ်ပီအတန်းအစား ယောင်ခြောက်ဆယ် လူငယ်များမဟုတ်ဘဲ တည်ငြိမ်ရင့်ကျက်သော ဣန္ဒြေရှိကြ၍ အရှေ့နိုင်ငံယဉ်ကျေးမှုဓလေ့ထုံးစံများအတိုင်း သိမ်မွေ့စွာပြောဆိုဆက်ဆံကြသည်ကို တွေ့ရှိရသည်။

ကျွန်တော်တို့ တစ်ညတာတည်းခိုမည့် ဟော်တယ်တွင် လူနှင့်ရောဂျားတို့က အသင့်စောင့်ကြိုနေကြလေသည်။ ကာလကတ္တားလေဆိပ်မှ ကြိုဆိုခဲ့သူက နက်ဖြန်တွင် ဟောင်ရာ မီးရထားဘူတာရုံတွင် ပြန်တွေ့ကြမည်ဟု ပြောဆိုနှုတ်ဆက် ထွက်သွားသောအခါ ကျွန်တော်

www.burmeseclassic.com



တို့နားနေရမည့် အခန်းများသို့ ခေါ်ဆောင်သွားကြသည်။ ဟော်တယ်မှာ ကာလကတ္တားမြို့ကြီး၏ အလယ်ဗဟိုတွင်ရှိခြားသော်လည်း ဒုတိယ တန်းစား အောက်တန်းအဆင့်သာ ရှိပေသည်။ နီးကပ်သော နှစ်ယောက်အိပ် နှစ်ခန်းတွင် သူတို့နှစ်ဦးက တစ်ခန်း၊ ကျွန်တော်နှင့် ဦးဘဖိုးက တစ်ခန်း တည်းခိုကြရသည်။

အခန်းတွင်း၌ ပရိဘောဂအသုံးအဆောင်များမှာ အဆင့် အတန်း မမြင့်လှပေ။ အထူးသဖြင့် ခေါင်းအုံးအိပ်ရာခင်းများမှာ သန့်ရှင်း သေသပ်မှုမရှိသောကြောင့် အခန်းတွင်းသို့ဝင်ရောက်မိသည်နှင့် တစ်ပြိုင်နက် မနှစ်သက်မှုကို ကျွန်တော်၏မျက်နှာတွင် ပေါ်လွင်သွား ခဲ့ပေသည်။ ထိုအချင်းအရာကို သတိပြုမိလိုက်ကြသော လူငယ်နှစ်ဦးက တောင်းပန်သောလေသံဖြင့် "ဒူရာဂါ ပူဂျာ" ခေါ် နတ်ပွဲတော်ကြီး ဆင်နွှဲကြမယ်။ အဲဒီပွဲတော်ဟာ အနောက်ဘင်္ဂလားနယ်ပယ်တဝန်း အလွန်ထင်ရှားကျော်ကြားလို့ ဒီနေ့ကာလကတ္တားမြို့ကို လူပေါင်း သောင်းချီပြီး ရောက်လာကြတယ်။ ဟော်တယ်တွေ တည်းခိုခန်းတွေမှာ လူတွေအပြည့်၊ ဒီဟော်တယ်ကလေးတောင် ကံကောင်းလို့ ဆရာတို့ နှစ်ယောက် အတွက် အခန်းတစ်ခန်း မနည်းတောင်းပန်ပြီးယူရတယ်။ ကျွန်တော်တို့နှစ်ယောက်အတွက် ဖြစ်သလိုနေပါမယ်ပြောတော့ လေ့ခါးနားက စတိုခန်းကလေးကို ရှင်းလင်းပေးလို့ နေရာရတာပါ။ ဆရာတို့အတွက် သက်တောင့်သက်သာ နေရာကောင်းမရလို့ "ကျွန်တော်တို့ စိတ်မကောင်းပါ"လို့ ပြောရှာကြပါသည်။

ခဏလောက်နားနေကြပြီးနောက် ညစာစားသောက်ကြရန် အပြင်သို့ ထွက်ခဲ့ကြပါသည်။ ထောင်ပေါင်းများစွာသော မော်တော်ကား များဖြင့် ပြည့်ကြပ်နေသော လမ်းကြီးများဘေးမှ ပလက်ဖေါင်းများပေါ်၌ လည်း သောင်းချီသောလူအုပ်ကြီးများသည် တရွေ့ရွေ့တလှုပ်လှုပ်ဖြင့် တိုးဝှေ့လူးလွန့်ကာ နေကြပေသည်။ ကျွန်တော်တို့အား အကောင်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



သက်သတ်လွတ်စားသောက်ဆိုင်သို့ ခေါ်သွားမည်ဟု လူငယ်နှစ်ဦးက ပြောပါသည်။ ခရီးတော့ နည်းနည်းလှမ်းကြောင်း သို့သော် မြင်ရသည့် အတိုင်း တက္ကစီငှားစီးကြလျှင် စားသောက်ဆိုင်သို့ ညဉ့်နက်မှ ရောက်ကြလိမ့်မည်။ ထို့ကြောင့် လမ်းလျှောက်သွားကြမည်ဖြစ်ကြောင်း ပြောပြပါသည်။

သက်သတ်လွတ်စားသောက်ဆိုင်ကြီးမှာ လွန်စွာခမ်းနား ထယ်ဝါလှပါသည်။ နာမည်ကြီး ဂရင်းဟော်တယ်ကြီးအနီး ခြံဝင်း ကြီးတစ်ခုအတွင်း၌ တည်ရှိပါသည်။ ခြံ၏ အဝင်အထွက်လမ်း သွယ်နှစ်ခုကို ဝိုင်းပတ်ထားသော မြက်ခင်းပြင်အလယ်တွင် ရေပန်းများ ထွက်နေသော အရုပ်ကြီးများနှင့် ရေကန်ငယ်တစ်ခုရှိပါသည်။ နီယွန် မီးလုံးများဖြင့် ခြယ်လှယ်ထွန်းညှိထားသော စားသောက်ဆိုင်ကြီးမှာ အဆင်အပြင်ကြည့်ရုံဖြင့် အဆင့်အတန်းမြင့်မားလှကြောင်း သိသာလှ ပါသည်။

ထိုဆိုင်ကြီးသို့ စားသုံးရန်လာသူများမှာလည်း ကားကြီး များဖြင့်သာ ဆိုက်ရောက်လာကြသည်။ မော်တော်ကားတံခါးကို ဆီးကြိုဖွင့်ပေးသူ၊ ဆိုင်တံခါးကို ဖွင့်ပေးသူ၊ ကြိုဆိုညွှန်ခံသူ စသဖြင့် များပြားလှသော ဝန်ထမ်းများကြားမှ ကျွန်တော်တို့ လေးဦးသည် ကြမ်းပြင်မြှင့်ဖြစ်ဘဲ အတွင်းသို့ဝင်ရောက်ခဲ့ကြပါသည်။ လေးယောက်စားပွဲ တစ်ခုတွင် နေရာရကြပြီးနောက် ပတ်ဝန်းကျင်ကို သုံးသပ်ကြည့်မိ ပါသည်။ စားပွဲများ အဆင်အပြင်အခင်းအကျင်း အထားအသိုမှာ နိုင်ငံတကာ အဆင့်မီဟော်တယ်ကြီးများ၏ စားသောက်ခန်းများအတိုင်း ဖြစ်ပါသည်။ စားပွဲထိုးများသည် တူညီဝတ်စုံများကို အနောက်တိုင်း ဆင်ယင်ပုံအတိုင်း ဝတ်စားကြ၍ လက်အိတ်အဖြူများစွပ်ထားကြသည်။

စားစရာ အစားအသောက်များကို ငွေလင်ဗန်းများဖြင့် သယ်ယူချလာပေးပါသည်။ ကျွန်တော်တို့သည် ''ယနေ့အထူး''

www.burmeseclassic.com



ဟုဆိုသော ညစာပွဲစာရင်းအတိုင်း မှာကြားလိုက်ရာ ဘယာကြော်၊ ဘာဂျီးကြော်၊ အာလူးဟင်း၊ ပဲဟင်း၊ ဗရယာန်ပူရီ စသည်တို့ကို ငွေခွက် ငွေပန်းကန်ပြား၊ ငွေဇွန်းခရင်းများဖြင့် တည်ခင်းကျွေးမွေးပါသည်။ အချိုအဖြစ် ရေခဲမုန့်တစ်ခွက်စီ ငွေခွက်ဖြင့်စားရပါသည်။ စားသောက်ပြီး၍ စာရင်းလာတင်သောအခါအထက်ပါအစားအသောက်(၄)ယောက် အတွက် အိန္ဒိယရူပီ ၂၆၀ ကျပ်ကျ၍ စားပွဲထိုးအတွက် ငွေ ၁၀ကျပ် လည်း ဆုချလိုက် ရပါသည်။ ထိုအချိန်က အိန္ဒိယရူပီငွေ လဲလှယ်နှုန်းမှာ မြန်မာ ကျပ်ငွေ ၃ကျပ်မျှဖြစ်ရာ ကျွန်တော်တို့ (၄) ယောက် ဘယာကြော်၊ ပူရီစားစရိတ်မှာ ၈၁၀ ကျပ် ကျသဖြင့် အဆမတန် များလှပါသည်။

သို့ရာတွင် အခြားစားပွဲများ၌ စားသောက်နေသူများကို လှမ်းကြည့်လိုက်မိရာ စားပွဲများတွင် လူအပြည့်၊ စားပွဲတစ်ဝိုင်းတွင် မိသားစု (၇) ယောက်မှ (၁၀) ယောက်ထိ၊ တပျော်တပါး မြိန်ရည် ယှက်ရည် စားသုံးနေကြသည်ကို မြင်တွေ့ရပါသည်။ ကျွန်တော်တို့ စားသုံးသော အစားအစာများထက် များပြားကောင်းမွန်သော အစားအစာမျိုးစုံကို အဆက်မပြတ် တစ်ပွဲပြီး တစ်ပွဲ မှာယူစားသောက် နေကြသဖြင့် တစ်စားပွဲလျှင် အနည်းဆုံး ရူပီငွေ ၁၀၀၀ ကျပ် ခန့် မြန်မာငွေ ၃၀၀၀ ကျပ် ကုန်ကျလိမ့် မည်ဟု ခန့်မှန်းကြည့်မိပါသည်။

ဤစားသောက်ဆိုင်မြက်ခင်းမှ ထွက်ခွာခဲ့ပြီးနောက် လမ်းမ ပေါ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် စိတ်မချမ်းသာစရာ ရှုမြင်ခင်းကို တွေ့ကြရပါသည်။ ထိုစားသောက်ဆိုင်သို့ လာရောက်ကြသူများတွင် ကာလကတ္တားလောကမှ လူ့မလိုင်အတန်းအစားများ ဖြစ်ကြပါသည်။ သူတို့အပြန်တွင် မူးစွန့်ပဲစွန့်ကလေးများကို မျှော်ကိုး၍ လာရောက် တန်းစီနေကြသူများမှာ စားစရာမရှိ၊ နေစရာမရှိ၊ သေစရာမရှိသော

www.burmeseclassic.com

www.burmeseclassic.com



ကာလကတ္တားမြို့ကြီး၏ လမ်းဘေးအိပ် ဒုက္ခိတဆင်းရဲသားများ ဖြစ်လေသည်။ ကျွန်တော်တို့ကို လမ်းပြခေါ်ဆောင်သူ တရားသမား မျက်နှာဖြူကလေးနှစ်ယောက် ပြောကြားချက်အရ ကာလကတ္တား လမ်းဘေးပလက်ဖောင်းတွင် ညစဉ် ဖြစ်သလိုအိပ်ကြရသူများမှာ တစ်သန်းခန့်ရှိကြောင်း၊ နံနက်စောစောအချိန်တွင် ဆေးရုံကားကြီး များဖြင့် လိုက်လံကြည့်ရှု၍ လူသေလူနာ နေ့စဉ်တစ်ထောင်ခန့် သယ်ယူ သွားကြကြောင်း လမ်းဘေး၌စွန့်ထားခဲ့သော မစင်အညစ်အကြေးများ ကို မီးသတ်ကားများဖြင့် ဆေးကြောပစ်ရကြောင်း စသည်များ သိရှိရပါ သည်။

ထိုအခါကျမှ ကာလကတ္တားသို့ရောက်ရှိတိုင်း လမ်းများတွင် ညှီစို့စို့အနံ့များ ခံစားရခြင်း၏အကြောင်းရင်းကိုသိရပါသည်။ ဤကိစ္စ နှင့်ပတ်သက်၍ လူနှင့်ရောဂျားတို့နှင့် အိန္ဒိယလူ့အဖွဲ့အစည်း အခြေအနေများကို ဆွေးနွေးမိကြပါသည်။ သူတို့နှစ်ဦးသည် ၁၀နှစ် ကျော်ကာလအတွင်း အိန္ဒိယပြည်အနှံ့အပြား ရောက်ဖူး၍ သမိုင်း နောက်ခံ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့ကို တော်တော် ပြည့်ပြည့်စုံစုံ လေ့လာသုံးသပ်ပြီးသူများ ဖြစ်ပေသည်။ ချမ်းသာသူနှင့် ဆင်းရဲသူ ကွာဟချက်ကြီးမားလှသော အိန္ဒိယတစ်ဝန်းတွင် ဘင်္ဂလား နယ်ပယ်တွင် အခြေအနေ အဆိုးဝါးဆုံးဖြစ်ကြောင်း၊ ချမ်းသာကြွယ်ဝ သူများက ကျိုကျိုတက်ချမ်းသာကြ၍ ဆင်းရဲမွဲတေသူများမှာ အိပ်စရာ တစ်နေရာလောက်မျှ ပိုင်ဆိုင်မှုမရှိကြပေ။ ထို့ကြောင့်ပင် ဘင်္ဂလားနယ်၌ ကွန်မြူနစ်ပါတီက နိုင်ငံရေးအာဏာရထားပေသည်။ ယင်းပါတီ ကလည်း အောက်ခြေတန်းစားလူအများအတွက် ထူးထူးခြားခြား ဆောင်ရွက်မပေးနိုင်သဖြင့် ထိုသူတို့မှာ နင်းပြားဘဝမှ လွတ်မြောက် လာရန် မျှော်လင့်ချက် လုံးဝမရှိကြောင်း ပြောပြကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟော်တယ်အပြန်တွင် ရောဂျားက နောက်ချန်နေရစ်ပြီး အတန်ငယ်ကြာမှ ရောက်ရှိလာပေသည်။ သူ၏လက်တွင် အထုပ်တစ်ထုပ်ပါလာပါသည်။ အထုပ်ထဲမှ ကျွန်တော်နှင့်ဦးဘဖိုးတို့ အား အိပ်ရာခင်း၊ ခေါင်းအုံးဖုံးနှင့် ရှောစောင်တစ်ထည်စီထုတ် ၍ပေးပါသည်။ စားသောက်ဆိုင်မှအပြန်တွင် နောက်ကျန်နေရစ်ခဲ့သည်မှာ ထိုအချိန်အထိ ဖွင့်လှစ်ထားဆဲဖြစ်သော ဆိုင်ကြီးများတွင်းဝင်၍ ဝယ်ယူနေခဲ့ခြင်းဖြစ်ပေသည်။ ဟိုတယ်ခန်းထဲသို့ ရှေးဦးဝင်ကြစဉ်က ဟောင်းနွမ်းသော အိပ်ရာခင်း၊ ခေါင်းအုံးဖုံး စသည်တို့ကို မြင်တွေ့ရ၍ ကျွန်တော် မျက်နှာပျက်သွားသည်ကို သတိပြုခဲ့ကြပေမည်။ ထို့ကြောင့် ကျွန်တော်တို့ စိတ်ချမ်းသာစွာနေထိုင်ကြစေရန် ဤသို့ဆောင်ရွက်ပေးကြခြင်း ဖြစ်ပေသည်။

ဤမျှ အသေးစိတ်ရေးသားနေခြင်းမှာ ဦးဂိုအင်ကာ၏ ကြိုတင်စီမံချက်များကို သဘောပေါက်စေလို၍ ဖြစ်ပါသည်။ ရှေးဦးဝါရင့်တရားသမားများနှစ်ဦးကို ရွေးချယ်လွှတ်လိုက်ခြင်း၊ လွှတ်လိုက်သောသူများမှာ အစစအရာရာ အဆင်ပြေချောမောအောင် ဆောင်ရွက်နိုင်စွမ်းရှိခြင်း၊ မိမိတို့ဆရာကြီးက မှာကြားလိုက်သည် များကို စေ့စေ့စပ်စပ်သေချာစွာ စေတနာအပြည့်အဝဖြင့် ဆောင်ရွက်ပေးကြခြင်း စသော အခြင်းအရာများကိုထောက်ရှု၍ ဦးဂိုအင်ကာ၏ စီမံခန့်ခွဲရေးဆိုင်ရာ အရည်အချင်းများကို ကောင်းစွာသိနိုင်ပါသည်။ ဤမျှစိတ်ချအားထားရသော လူငယ်လူရွယ်တရားသမားများကိုထိန်းကျောင်းသွန်သင်ထားပြီးဖြစ်သည်ကို တွေ့မြင်ရ၍လည်း ဆရာကြီး ဦးဘခင် မျှော်မှန်းခဲ့သည့် သာသနာပြုကိစ္စများအတွက် တအားတက်ရပေသည်။

ထိုလူငယ်များ၏ ပရိယတ်၊ ပဋိပတ် ဗဟုသုတ၊ ဒေသန္တရဗဟုသုတကြွယ်ဝပုံမှာလည်း အံ့မခန်းပင်။ သူတို့နှစ်ဦးတွင် လူ့သည် ဆရာကြီးဦးဘခင် ချမှတ်ခဲ့သော လမ်းစဉ်အတိုင်း ပဋိပတ်လုပ်ငန်းကို

www.burmeseclassic.com



ခုနစ်နှစ်ကျော် ကြိုးပမ်းပြီးနောက် ပရိယတ်စာပေများကို သင်အံ လေ့လာခဲ့သည်ဟု သိရသည်။ သူ၏အပြောအရ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်များတွင် သူမဖတ်ရ သေးသော စာအုပ်ဟူ၍ မရှိသလောက်ပဲဟုသိရသည်။ ထိုစကားများကို ကြားရစဉ်က ''နည်းနည်းလောက်တော့ လျှော့ပါဦး မောင်လူ့ရယ်'' ဟု စိတ်ထဲ၌ မှတ်ချက်ချမှတ်လိုက်မိပါသည်။

သို့ရာတွင် မကြာမီပင် သူ၏ပြောစကားမှာ အကြွားသက် သက်မဟုတ်ကြောင်း လက်တွေ့သိလိုက်ရသည်။ ဟော်တယ်တွင် တစ်ညတည်းခိုပြီးနောက် အနီးအနားတွင်ရှိသော မြန်မာဘုန်းတော်ကြီး ကျောင်းသို့သွားကြ၍ ဆရာတော် ဦးကောဝိဒကို ဖူးမြော်ကန်တော့ ကြပါသည်။ သူတို့နှစ်ဦးသည် ဆရာတော်နှင့် ကောင်းစွာသိရှိရင်းနှီး ကြပါသည်။ ထိုကျောင်းတွင် အကြိမ်များစွာ တည်းခိုနေထိုင်ဖူးကြောင်း သိရပါသည်။

ထို့နောက် ထိုနေ့နံနက်စာကို ယမန်နေ့ညကကဲ့သို့ အထက်တန်းဟော်တယ်ခန်းကြီးများသို့သွား၍ အဆမတန်ဈေးကြီး သော အစားအစာများကိုမစားဘဲ သာမန်ဆိုင်များ၌ ရိုးရိုးအစား အသောက်များကိုသာ စားသုံးကြရန် အကြံပြုလိုက်ပါသည်။ ထိုအခါ သူတို့က အနီးအနားတွင် ကာလကတ္တားတက္ကသိုလ်က ကျောင်းသား များ စားသောက်ဆိုင်များသို့ သွားကြမည်ဟု သဘောတူကြပါသည်။ လှသည် ကာလကတ္တားသို့ ၁၀ကြိမ်မျှမက ရောက်ဖူးပြီးဖြစ်ကြောင်း ရောက်တိုင်းလည်း မြန်မာဘုန်းတော်ကြီးကျောင်းတွင် တည်းခိုပြီး တက္ကသိုလ်ကျောင်းသားဆိုင်များတွင် စားသောက်ကြောင်း ပြောပြပါ သည်။ ထိုပတ်ဝန်းကျင်သည် သူ၏စားကျက်ဖြစ်ခဲ့ပုံကို ကျွန်တော်တို့ မကြာမတင်မီပင် သိရှိကြရပါသည်။

ကာလကတ္တားတက္ကသိုလ် ပတ်ပတ်လည်ဆိုင်များတွင်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားကျောင်းသူများ ဝင်ထွက်ကြ၊ စားသောက်ကြ၊ အချင်းချင်း နောက်ပြောင်ကြဖြင့် မြင်တွေ့ရသောအခါ မိမိထူထောင်ခဲ့သော မန်းတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများကို ပြန်လည်မြင်ယောင်မိသည်။ လူ့နှင့်ရောဂျားတို့သည် အချင်းချင်းမည်သည့်ဆိုင်က အာလူးပူရီကောင်းသည်၊ မည်သည့်ဆိုင်က ဘရဖီကောင်းသည်၊ ကော်ဖီကောင်းသည် စသည်ဖြင့် ညှိနှိုင်းတိုင်ပင်ကြ၍ ဆိုင်တစ်ဆိုင်ကို ရွေးချယ်ပြီး ဝင်ရောက်စားသောက်ကြသည်။ ကျွန်တော်တို့ ၄ဦး ယမန်နေ့ညက စားသောက်သည်များထက် ပိုမိုစားသောက်ကြသော်လည်း ကုန်ကျစရိတ်မှာ ရူပီငွေ ၆၀-ခန့်မျှသာ ဖြစ်ပါသည်။

စားသောက်ကြပြီးနောက် တက္ကသိုလ်ပတ်လည်တွင် မှိုလိုပေါက်နေသည်ဆိုရလောက်အောင် များပြားလှသော စာအုပ်အသစ်အဟောင်းဆိုင်များသို့ လှည့်ပတ်ဝင်ထွက်၍ စာမြည်းကြပါသည်။ ထိုစဉ်တွင် လူ့က ဗုဒ္ဓစာပေများစွာ ဖတ်ဖူးကြောင်း ပြောပြချက်မှာ ကြွားဝါစကားသက်သက်မဟုတ်ကြောင်း သိခွင့်ရခဲ့သည်။ ကျွန်တော်တို့သည် ဆိုင်တစ်ဆိုင်အတွင်း၌ ဗုဒ္ဓဘာသာဆိုင်ရာစာအုပ်များလေ့လာနေစဉ် တက္ကသိုလ်ကျောင်းသူတစ်ဦးသည် ဆိုင်တွင်းသို့ဝင်လာ၍ အင်္ဂလိပ်ပညာရှင်တစ်ဦး ရေးသားသော ဗုဒ္ဓနှင့်ဗုဒ္ဓဟောတရားများ စာအုပ်တစ်အုပ် ရှိမရှိ မေးမြန်းပါသည်။ ဆိုင်ရှင်က ယင်းစာအုပ်မရှိကြောင်း၊ ကြားပင် မကြားဖူးကြောင်း ဖြေကြားပါသည်။ ထိုအခါ လူ့က ဒါလောက်ရေးကျတဲ့စာအုပ် မင်းဘာလို့ လိုချင်တာလဲ။ ခေတ်ပေါ် ဗုဒ္ဓရေးရာ စာအုပ်တွေရှိသားပဲလို့ ဝင်ပြောပါသည်။ ကျောင်းသူက ကျွန်မတို့ မဟာဝိဇ္ဇာတန်းအတွက် ပြဋ္ဌာန်းချက်စာအုပ်ဖြစ်နေလို့ လိုက်ရှာနေတာပါဟု ပြောကြားပါသည်။ လူ့က ၁၈၆၀လောက်က ရေးခဲ့တဲ့စာအုပ် ရှေးလည်းကျတယ်။ အမှားတွေလည်းပါတယ်။ ကာလကတ္တားတက္ကသိုလ်မှာ ဒီစာအုပ်ပြဋ္ဌာန်း

www.burmeseclassic.com

www.burmeseclassic.com



တာ အံ့သြစရာပဲဟု ရှင်းပြ၍ "မင်းအချိန်ကုန်ခံပြီး ရှာစရာမလိုပါဘူး။ ဒီပတ်ဝန်းကျင်မှာ အဲဒီစာအုပ်ရှိတာ ဆိုင်နှစ်ဆိုင်ပဲရှိတယ်။ စာအုပ်လည်း ၃ အုပ်ပဲ မြင်မိတယ်။ ဈေးတော့ တော်တော်များတယ်။ ဟောဟို စာအုပ်ဆိုင်အဝင်ဝ ဘယ်ဘက်က စာအုပ်စဥ်မှာ ၂ အုပ် ရှိလေရဲ့" ဟု တိတိကျကျ လမ်းညွှန်လိုက်ပါသည်။ ကျောင်းသူကလေးက "ကျေးဇူးတင်ပါတယ်" ဟုပြော၍ ထွက်သွားစဥ် ကျွန်တော်တို့နှင့် ဆိုင်ရှင်ကပါ မယုံနိုင်လောက်အောင် အံ့သြသည့်မျက်နှာဖြင့် လူ့ကို ကြည့်ရှုချီးကျူးခဲ့ကြပါသည်။

## ဘုံဘေမြို့ခရီးတစ်ထောက်

ငှင်းနေ့ နေ့လယ်တွင် ကျွန်တော်တို့သည် ဟောင်ရာ မီးရထားဘူတာရုံသို့ ဆင်းခဲ့ကြပါသည်။ ယမန်နေ့က လေဆိပ်သို့လာ၍ကြိုဆိုသောလူငယ်ကလေးက အသင့်ရောက်နှင့်ပြီး ကျွန်တော်တို့ခရီးသွားရမည့် မီးရထားတွဲသို့ လိုက်ပို့နေရာချထားပေးပါသည်။ မီးရထားမှာ "ဗျက်ကျယ်" သံလမ်းသွား ရထားဖြစ်၍ တွဲများမှာ မြန်မာပြည်၏ "ဗျက်ကျယ်" ရထားတွဲ များထက် ကျယ်ဝန်းကြီးမားပါသည်။ ကာလကတ္တားမှ ဘုံဘေသို့ ခရီးမိုင် ၂၀၀၀–ကျော် ဝေးကွာရာ တစ်ညနှင့် ၂–ရက်နီးပါး ရထားစီးကြရပါသည်။ လမ်းတစ်လျှောက်လုံး ကျွန်တော်တို့ လိုလေသေးမရှိ။ လူ့နှင့်ရော်ဂျားတို့ ပြုစုစောင့်ရှောက်ခေါ် ဆောင်သွားကြပါသည်။ မီးရထား ဝန်ထမ်းများနှင့် ခရီးသည်များ ဆက်ဆံပုံ၊ အထက်တန်းတွဲများသို့ပင် လူပိုတင်ပုံ စသည့်ပြဿနာပေါင်းစုံကို သူတို့နှစ်ဦးသာမပါခဲ့လျှင် ကျွန်တော်တို့အကြပ်အတည်းနှင့် ရင်ဆိုင်ရမှာသေချာလှပါသည်။

အိန္ဒိယမီးရထားမှာ ထိုအချိန်က မြန်မာမီးရထားထက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်သောအချက်များ တွေ့ရှိရပါသည်။ ခရီးသည်များအတွက် စားသောက်ရေးနှင့် ရေရရှိရေးအစီအစဉ်မှာ မြန်မာပြည်ထက် များစွာ ကောင်းမွန်ပါသည်။ မီးရထားဘူတာတိုင်းမှာပင် ခရီးသည်များအတွက် ပိုက်သွယ်ရေပေးစနစ်ဖြင့် မသောက်သုံးရန် ဆေးကြောရန် ရေ အလုံအလောက်ပေးထားပါသည်။ ခရီးသည် ဦးရေ များပြားပုံ၊ ဘူတာတိုင်း ခရီးသည်များ အလုအယက်နေရာ ရှာကြပုံတို့မှာ မြန်မာပြည်အတိုင်းပင်ဖြစ်ပါသည်။

ဘုံဘေသို့ နောက်တစ်နေ့ည ၈–နာရီခန့်တွင် ဆိုက်ရောက် ကြပါသည်။ မီးရထားဘူတာရုံတွင် ဦးကိုအင်ကာ၏ သားကြီး နှစ်ယောက်က ကြိုဆိုနေကြပါသည်။ သူတို့ကိုယ်တိုင်မောင်းနှင် သော မော်တော်ကားနှစ်စီးဖြင့် ဘုံဘေမြို့လယ်မှ မိုင်၂၀–ခန့် ဝေးသော မြို့နယ်တစ်ခုအဖြစ် သီးသန့်တည်ရှိသော သူတို့နေ ထိုင်ရာ ရပ်ကွက်သို့ခေါ်ဆောင်သွားပါသည်။ ထိုရပ်ကွက်မှာ ဘုံဘေမြို့မှ ရုပ်ရှင်အနုပညာသည်များ တည်ထောင်ထားသည့် စုပေါင်းအိမ်ယာ ရပ်ကွက်ဖြစ်သည်။ ဘုံဘေမြို့၏ ရုပ်ရှင်လုပ်ငန်း ဗဟိုဌာနလည်း ဖြစ်သည်။ ကုန်စည်ရောင်းဝယ်ရာ၊ လူပေါင်းစုံနေထိုင်ရာ ဘုံဘေ၏ မြို့လယ်ခေါင်နှင့်မူ လွန်စွာထူးခြားသန့်ပြန့်ခန့်ညားလှပါသည်။ ကိုယ်ထူ ကိုယ်ထစနစ်ဖြင့် စီမံဖွဲ့စည်း တည်ထောင်ထားသော စာသင်ကျောင်း များ၊ ဆေးရုံများ၊ ကစားကွင်းများ၊ စားသောက်ခန်းများ ပြည့်စုံလှသည့် သီးသန့်မြို့ငယ်ကလေး တစ်မြို့ပင်ဖြစ်ပေသည်။

ဦးကိုအင်ကာ၏အိမ်သို့ ဆိုက်ရောက်ရသည်မှာ မိမိနေရပ် မိမိအိမ်သို့ ပြန်ရောက်ရသကဲ့သို့ပင်ဖြစ်သည်။ ဦးကိုအင်ကာနှင့် ဇနီး၊ ချွေးမများက နွေးထွေးစွာ ကြိုဆိုညှော်ခံ ကျွေးမွေးကြပါသည်။ ကျွန်တော်နှင့် ဦးကိုအင်ကာမိသားစုတို့သည် ၁၉၇၆–ခု ဧပြီလတွင် ပြင်ဦးလွင်မြို့၌ ဖွင့်လှစ်သော တရားစခန်းသိမ်းပြီးကတည်းက

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဆုံခဲ့ကြရပါ။ ၁၉၆၉–ခုနှစ်တွင် မိခင်ကြီး ဘုံဘေမြို့၌ မကျန်းမာ၍ ခရီးထွက်ခဲ့ရာမှ မြန်မာပြည်သို့ ပြန်လည်မရောက်တော့ပဲ၊ အိန္ဒိယပြည် တဝန်း လှည့်လည်တရားပြနေသော ဦးဂိုအင်ကာတို့မိသားစု အကြောင်းများကို အစဉ်တစိုက် ဦးချစ်တင် ဆရာမထံမှ ကြားသိခဲ့ရသည်။ ထို့နောက် အီဂတ်ပူရီ၊ ဂျေပူနှင့် ဟိုက်ဒရာဘဒ်မြို့များတွင် အတည် တကျ ဗဟိုတရားဌာနများ ဖွင့်လှစ်၍ သာသနာပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေသည်များကို အားလုံးသိရှိကြရသည်။ သို့ရာတွင် လူချင်း ၁၉၆၇–ခုနှစ်မှ ကွဲကွာသွားကြရာမှ ယခုကဲ့သို့ ၁၃ နှစ်ကြာ၊ ၁၉၈၀–ခုနှစ်တွင် ပြန်လည်ဆုံတွေ့ကြရသောအခါ လွန်စွာဝမ်းမြောက်ကြည်နူးကြရပေသည်။

## ဓမ္မဂီရိရိပ်သာ

ထိုနေ့ ညနေပိုင်းတွင် ဦးဂိုအင်ကာနှင့် ဇနီးတို့ လိုက်ပါ၍ ကျွန်တော်တို့အဖွဲ့သည် ဓမ္မဂီရိရိပ်သာတည်ရှိရာ အီဂတ်ပူရီ မြို့ငယ်ကလေးသို့ မီးရထားဖြင့် သွားကြရပါသည်။ အီဂတ်ပူရီ မြို့သည် ဘုံဘေမှ ၈၅မိုင်ကွာဝေး၍ အနောက်ဘက် ဂတ်တောင် တန်းကြီး၏ အခြေတွင် တည်ရှိသည်။ ဘုံဘေနှင့် အနီးအပါးမြို့ကြီးများမှ သူဌေးကြီး များက နွေရာသီတွင် အပန်းဖြေနားနေကြသော မြို့ကလေး ဖြစ်ပါသည်။ တောင်ကုန်းကလေးများပေါ်၌ နွေစခန်းကလေးများအဖြစ် သရက်၊ပိန္နဲဥယျာဉ်ကြီးများတွင် ဘန်ဂလိုခေါ် တည်းခိုအိမ်များ ဆောက် ၍ ယာယီနေထိုင်လေ့ရှိကြသည်။

ဤကဲ့သို့ ဥယျာဉ်ခြံမြေ ၂၅ဧကကို ဆရာကြီးဦးဘခင် အထိမ်းအမှတ်ရန်ပုံငွေအဖွဲ့မှ ဝယ်ယူလိုက်ရာတွင် ဘန်ဂလို အဆောက်အဦ ၃–၄လုံး ပါဝင်ခဲ့သည်။ ဤမြေနေရာကို စာချုပ် ချုပ်ဆို၍ ရန်ပုံငွေအဖွဲ့မှ ဝယ်ယူလိုက်သောနေ့သည် အိန္ဒိယပြည်

www.burmeseclassic.com

www.burmeseclassic.com



တွင် ဦးဂိုအင်ကာ တရားပြသည့်အကြိမ် ၁၀၀–မြောက် တရားပတ်ဖြစ်သည်။ ၎င်းမြေပေါ်တွင် လွန်စွာကြီးကျယ်ခန်းနားသည့် သာသနာ့ဗိမာန်ကြီးကို တည်ဆောက်ခဲ့ကြပေသည်။ ပထမ အဆင့်ဆောက်လုပ်ရေးအစီအစဉ်အတွက်သည့်ပင် အမေရိကန် ဒေါ်လာ ၁–သိန်း ကုန်ကျခဲ့ပေသည်။ ၁၉၇၅–ခု၊ ဖွန်လ ၅–ရက်နေ့တွင် ဆောက်လုပ်ရေးများ စတင်ခဲ့ရာ ကျွန်တော်တို့ ရောက်ရှိသွားသော ၁၉၈၀–ခု၊ နိုဝင်ဘာလတွင် ဓမ္မာရုံ အဆောက်အဦ အာဟာရဆောင် တစ်ယောက်ထိုင်တရားခန်း ၁၀၀ နှင့် ဗဟိုပင်မဓမ္မဓာတ်အားရုံတို့ အပြည့်အစုံပြီးစီးနေပြီး တရားလုပ်ငန်း လုပ်ဆောင်ခဲ့သည်မှာ ၄–နှစ်ကျော်ပင် ရှိသွားခဲ့ပေပြီ။

''ဗဟိုပင်မဓမ္မဓါတ်အားရုံဆိုသည်မှာ ရန်ကုန်မြို့ အင်းယားမြိုင်ရိပ်သာရှိ ဗဟိုလိုဏ်ဂူနှင့် ဓမ္မရောင်ခြည်စေတီ တော်ပုံစံအတိုင်း ရှစ်မြှောင့်ပုံသဏ္ဍာန် တရားခန်းများ ခြံရံထားသော ဗဟိုတရားလိုဏ်ဂူနှင့် ဓမ္မစေတီတော်တို့ ဖြစ်ပေသည်။ ထို့အပြင် တရားသမား ၁၃၀ နေထိုင်ရန် အိပ်ခန်းဆောင်များ၊ ကမ္မဋ္ဌာန်းပြဆရာများ နေထိုင်ရန် အဆောက်အဦးများလည်းပါဝင်၍ ၂၅–ကေ ကျယ်ပြန့်သော ခြံကြီး တစ်ခုလုံးကို ခိုင်ခန့်သော ခြံဝင်းအုတ်တံတိုင်းများဖြင့် ကာရန်ထားပြီး ဖြစ်လေသည်။

အီဂတ်ပူရီကုန်းမြေတွင် အဆောက်အဦလုပ်ငန်းများ စတင်သည်နှင့်တစ်ပြိုင်နက် ဦးဂိုအင်ကာ၏ နိုင်ငံပေါင်းစုံမှတပည့်များကို အီဂတ်ပူရီ ဘန်ဂလိုများတွင်အဆက်မပြတ် တရားကမ္မဋ္ဌာန်းထိုင်စေခဲ့သည်။ ဤနည်းဖြင့် အနောက်နိုင်ငံသား လူငယ်တရားသမားကလေးများသည် အီဂတ်ပူရီကုန်းမြေပတ်ဝန်းကျင်ကို ဓမ္မရေစင်ဖြင့် ဆေးကြောသန့်စင်ခဲ့ကြသည်။ အဆောက်အဦရန်ပုံငွေတွင် ရက်ရောစွာ အလှူငွေများ ထည့်ဝင်ခဲ့ကြသည်။ အဆောက်အဦဆောက်လုပ်ရာ ဓာတ်မီးလိုင်း၊

www.burmeseclassic.com

www.burmeseclassic.com



ရေပိုက်များတပ်ဆင်ရာတို့တွင် ကျွမ်းကျင်စွာ ပါဝင်ကူညီခဲ့ကြသည်။ အိဂတ်ပူရီ၌ ကမ္ဘာ့သာသနာပြု ဗဟိုဓမ္မဗိမာန်ကြီး ငွါးငွါးစွင့်စွင့် ပေါ်ထွက်လာရာတွင် ယင်းသူတော်မွန်ကလေးများ၏ စေတနာအား၊ ဉာဏ်အား၊ လူအား၊ ငွေအားများပြားစွာပါဝင်ခဲ့ပေသည်။ ယင်းလူငယ် စေတနာရှင်များတွင် လူ့နှင့်ရောဂျာတို့လည်း ပါဝင်ခဲ့ကြောင်း သိရှိရသဖြင့် ချီးကျူးရပြန်ပါသည်။

အိဂတ်ပူရီရှိ ဓမ္မဂိရိရိပ်သာတွင် ထိုလအတွက် ဦးဂိုအင်ကာ တရားပတ်စတင်ဖွင့်လှစ်သည့်နေ့၌ ကျွန်တော်နှင့် ဦးဘဖိုးနှစ်ဦး စလုံးတက်ရောက်ကြပါသည်။ မြန်မာပြည်မှ ခေတ္တရောက်ရှိလာ သော ဆရာကြီးဦးဘခင်၏ တပည့်ကြီးနှစ်ဦးဖြစ်ကြောင်း စသည့်ဖြင့် ဦးဂိုအင်ကာက ယောဂီများနှင့် မိတ်ဆက်ပေးပါသည်။ ကျွန်တော်တို့ ကလည်း ရန်ကုန်ရိပ်သာအကြောင်း၊ ဆရာကြီးဦးဘခင်အကြောင်း ကိုယ်တွေ့အဖြစ်အပျက်ကလေးများအပါအဝင်တရားစကားအနည်းငယ်စီ ပြောကြားခဲ့ပါသည်။ တရားပတ်အတွင်း ကျွန်တော်တို့ကိုယ်တိုင် နံနက်နှင့်ညတွင် နှစ်ကြိမ်တရားထိုင်ကြသည်မှအပ ကျန်အချိန်များတွင် ရိပ်သာ ဖြစ်လာပုံ နောက်ခံအကြောင်းအရာများနှင့် နေ့စဉ်နံနက် ၄– နာရီမှ ည(၉)နာရီအထိ၊ တရားပြဆရာကြီးမှအစ ယောဂီများနှင့် ဝေယျာဝစ္စဆောင်ရွက်သူအပေါင်းတို့၏ တစ်နေ့တာလှုပ်ရှား ဆောင်ရွက်မှု အလုံးစုံကို လေ့လာသုံးသပ်မှတ်သားခြင်းဖြင့် အချိန်ကုန် လွန်စေခဲ့ပါသည်။ ဦးဂိုအင်ကာသည် ဆရာကြီး ဦးဘခင်၏ တရားပြ နည်းစနစ်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောက်ရွက်၍ ရိပ်သာ စည်းကမ်းထိန်းသိမ်းရာတွင် ဆရာကြီး ဦးဘခင်နည်းတူ တိကျ၊ တင်းကြပ်ကြောင်း တွေ့မြင်သိရှိခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဟိုက်ဒရာဘဒ်မြို့၊ ဓမ္မခေတ္တကမ္မဋ္ဌာန်းဌာန

ကျွန်တော်တို့ ဓမ္မဂီရိရိပ်သာသို့ ရောက်သောအချိန်တွင် ဟိုက်ဒရာဘဒ်မြို့ ဦးဂိုအင်ကာ၏ ဒုတိယမြောက် ဗဟိုဓမ္မရိပ်သာတစ်ခုနှင့် ဂျေပူမြို့၌ တတိယမြောက်ဓမ္မရိပ်သာတစ်ခုကို ဖွင့်လှစ်ပြီး၍ တရားစခန်းများ အောင်မြင်စွာ ဖွင့်လှစ်နေကြလေပြီ။ ဦးဂိုအင်ကာက ကျွန်တော်တို့နှစ်ဦးအား ထိုရိပ်သာများသို့လည်း သွားရောက်လေ့လာစေလိုသော ဆန္ဒရှိပေသည်။ သို့ရာတွင် မြန်မာပြည်သို့ ဆရာကြီးကွယ်လွန်သော ၁၀–နှစ်မြောက် အထိမ်းအမှတ်ပွဲအတွက် ၁၉၈၁–ခု၊ ဇန်နဝါရီလမတိုင်မီ ပြန်ရောက်ကြရမည်ဖြစ်သောကြောင့် ဟိုက်ဒရာဘဒ် ဓမ္မခေတ္တစခန်းသို့သာ သွားရောက်နိုင်ကြသည်။ ဂျေပူမြို့ရှိ ဓမ္မထာလီ တားစခန်းသို့မူ မသွားနိုင်ခဲ့ကြပေ။

အိန္ဒိယတောင်ပိုင်း အန္ဒြရာပရာဒက်ရှ်ပြည်နယ် မြို့တော် ဟိုက်ဒရာဘဒ်မြို့တွင်လည်း ဆရာကြီးဦးဘခင် အထိမ်းအမှတ် ရန်ပုံငွေဖွင့်လှစ်၍ ဓမ္မခေတ္တ (ဓမ္မလယ်မြေ) ရိပ်သာကို ၁၉၇၃ ခုနှစ်က စတင်ထူထောင်ခဲ့သည်။ ယင်းဟိုက်ဒရာဘဒ်မြို့ရှိ ဓမ္မခေတ္တရိပ်သာကို သွားကြရာတွင် ဂုရုကြီးဦးဂိုအင်ကာက ကျွန်တော်တို့အား ကြည့်ရှုပြုစုရန် ဟိုက်ဒရာဘဒ်မြို့သား တရားသမား ဘခြူးဘိုင်ဆိုသူကို ထည့်ပေးလိုက်ပါသည်။ လူနှင့် ရောဂျားတို့သည် အီဂတ်ပူရီ၌ တရားတစ်ပတ်ဝင်နေရစ်ခဲ့ကြပါသည်။

ဟိုက်ဒရာဘဒ်မြို့တွင် တရားဌာနဖြစ်ပေါ်လာပုံမှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်။ မြန်မာပြည်နှင့် တစ်နည်းတစ်ဖုံ ဆက်နွယ်နေသည်။ ကျွန်တော်တို့ ဟိုက်ဒရာဘဒ်မြို့သို့ ရောက်ပြီးနောက် ဓမ္မခေတ္တရိပ်သာသို့ ရောက်ရှိရန် အသင့်ကြိုဆိုနေသူများက ဟိုက်ဒရာဘဒ်မြို့မှ ၁၂ ကီလိုမီတာ ကွာဝေးသော တောရွာကလေးသို့

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆောင်သွားကြပါသည်။ ထိုနေရာမှ ယူကလစ်ပင်ပျိုးများ စိုက်ထားရာ တောအုပ်ငယ်ကလေးတွင်းသို့ အတန်ငယ်ဝင်ရောက်သွား မှ ဓမ္မခေတ္တရိပ်သာသို့ ရောက်ကြပါ သည်။ ထိုဌာနတွင် ယောဂီပေါင်း ၁၅၀ တစ်ပြိုင်နက် တရားထိုင်နိုင်မည့် ဓမ္မခန်းမကြီးတစ်ဆောင်ကို မြင်တွေ့ရပါသည်။ ရေချိုးခန်းအိမ်သာတို့နှင့် တွဲထားသည့် အိပ်ခန်း ၄၈ ခန်း၊ မီးဖိုဆောင်နှင့် ထမင်းစားဆောင်များ ဆောက်လုပ်ပြီး ဖြစ် သည်။ ဓမ္မခန်းမဆောင်နှင့် တစ်ဆက်တည်း လိုဏ်ဂူငယ် ၇၂-ခု ဝန်းရံ ထားသည့် စေတီတော်တစ်ဆူလည်းရှိသည်။ စေတီတော် ရှေ့ တည့်တည့်တွင် ဗုဒ္ဓဂယာ၊ဗောဓိပင်မှ ပွားယူခဲ့သည့် ဗောဓိပင်ပျို တစ်ပင်ကိုလည်း ဦးဂိုအင်ကာကြီးကိုယ်တိုင် ကမ္မဋ္ဌာန်းဌာနကို ဖွင့်လှစ် ပေးခဲ့သော ၁၉၇၆-ခုနှစ် ဩဂုတ်လ ၁၄-ရက်နေ့က တစ်နေ့တည်း ပင်စိုက်ပျိုးပေးခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ရောက်ရှိသွားချိန်တွင် တရားပတ်မရှိသဖြင့် ရိပ်သာတွင် အစောင့်အရှောက်နှစ်ဦးသာ ရှိပေသည်။ ကျွန်တော်တို့ အတွက် အစီအစဉ်မှာ ရိပ်သာအိပ်ခန်းလွတ်များတွင် တည်းခို နေထိုင်လေ့လာကြပြီး အစားအသောက်အတွက်ကိုမူ ရိပ်သာနှင့် တစ်ဆက်တည်းဖြစ်သည့် ရှရီရထိလမေတာဆိုသူ ပုဂ္ဂိုလ်ကြီး၏ တိုက်အိမ်ကြီးသို့ သွားရောက်ကြရသည်။

ထိုပုဂ္ဂိုလ်ကြီးသည် တစ်ချိန်က မြန်မာပြည်တွင် ထင်ရှား သည့် စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်ခဲ့ပေသည်။ ၁၉၆၂-ခု နောက်ပိုင်း ပုဂ္ဂိုလ်က စီးပွားရေးရပ်စဲသောအခါ၌ အိန္ဒိယပြည်သို့ မိသားစုအားလုံးပြောင်းရွှေ့ခဲ့သူဖြစ်လေသည်။ "ဟိုတုန်းက ဝါဂွမ်း ဘုရင်မေတာ Cotton King Mehta လို့ အလွန် နာမည်ကျော် တာပေါ့။စတီးတို့ ဘုံဘေဘားမားတို့ဆိုတဲ့ အင်္ဂလိပ် ကုမ္ပဏီကြီးတွေနှင့် ပြိုင်ဆိုင်ပြီး မြင်းခြံတို့ မြင်းမူတို့မှာ ဝါဂွမ်းစက်တွေ၊ ချည်စက်တွေ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တာပေါ့ဗျာ'' ဟု မြန်မာပြည်တွင် စီးပွားရှာခဲ့ပုံကို ရှရီမေတာက သတိတရ ပြန်လည်ပြောပြပါသည်။

မြန်မာပြည်က ပြန်ခဲ့ပြီးနောက် မိဘဘိုးဘွားတို့ဌာနေ၊ ဟိုက်ဒရာဘဒ်၌ အခြေချခဲ့လေသည်။ မြန်မာပြည်မှ စုဆောင်းရရှိသော ငွေကြေးများဖြင့် ဟိုက်ဒရာဘဒ် ဝန်းကျင်တွင် စျေးချို လှသော မြေရိုင်းကေပေါင်းများစွာကို ဝယ်ယူခဲ့ပြီး မြေပိုင်ရှင်ကြီး ဖြစ်လေရာ ယခု ၁၀ နှစ်၊ ၁၅နှစ်အတွင်း သူပိုင်မြေကွက်များ၏ တန်ဖိုးသည် ၁၀ဆ၊ ၁၅ဆခန့် တက်လာနေသည်ဟု သိရှိ ရသည်။

သူပြောပြချက်အရ သူသည် ဂျိန်းအယူဝါဒ လက်ခံခဲ့သူဖြစ်ကြောင်း၊ တစ်နေ့သ၌ သူသည် ဂျိန်းဘုန်းကြီးတစ်ပါးနှင့် ဂျိန်းဘာသာရေးပါမောက္ခတစ်ဦးတို့ ဝိပဿနာ၏ အကျိုးကျေးဇူးများအကြောင်း၊ ဝိပဿနာအားထုတ်ခဲ့သော ယောဂီတို့၏ထူးခြားသောအတွေ့အကြုံများအကြောင်း ချီးကျူးပြောဆိုနေကြသည်ကို နားစွန်နားဖျား ကြားသိခဲ့သည်။ ထို့ကြောင့် ဝိပဿနာကမ္မဋ္ဌာန်း ကို စမ်းသပ်ကြည့်ရှုလိုသဖြင့် အီဂတ်ပူရီတွင် တရားပတ်တစ်ပတ် ဝင်ကြည့်ခဲ့သည်။ ထို့နောက် နောက်ထပ်ခြောက်ပတ်အထိ ဆက်တိုက်စခန်းဝင် အားထုတ်ခဲ့သည်။ ဤသို့ အဆက်မပြတ် ဝိပဿနာတရား အားထုတ်လိုက်ရာတွင် သူရှာဖွေနေခဲ့သည့် စိတ်ငြိမ်းရေးနှင့် ဘဝအဆင်ပြေချောမွေ့ရေးကို ပြည့်ပြည့်ဝဝ ရရှိသွားခဲ့လေသည်။ ''ဝေဟိပဿိက'' ဓမ္မဂုဏ်တော်၏ ကျေးဇူးများကို ကိုယ်တိုင်လက်တွေ့ ကောင်းစွာသိရှိလိုက်ရပေသည်။

ထို့ကြောင့် ဟိုက်ဒရာဘဒ်၌ တရားစခန်းဖွင့်ရန် ဂိုအင်ကာကြီးအား စိတ်အားထက်သန်စွာဖိတ်ကြားခဲ့သည်။ မိမိ၏ မိသားစုဝင်များအား ဓမ္မအရသာကို မြိန်စမ်းကြည့်စေချင်သော ဆန္ဒပြင်းပြလှသဖြင့် ဤသို့ ဖိတ်ကြားခဲ့ခြင်း ဖြစ်လေသည်။ ဤသို့ဖြင့် ၁၉၇၃ ခုနှစ်၊

www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင်လ ၁၃ ရက်နေ့တွင် သူ၏အိမ်ကြီး၌ ၁၀ ရက်တရားပတ် ဖွင့်လှစ်ခဲ့သည်။ ယင်းတရား ပတ်သို့ ယောဂီ ၇၄ ဦး တက်ရောက်ခဲ့ကြသည်။ ယင်းယောဂီအပေါင်းသည် သူတို့အားထုတ်မှုအတွက် ဟိုက်ဒရာဘဒ်တွင် အမြဲဌာနတစ်ခုရှိဖို့ လိုအပ်နေပြီဟု သဘောပေါက်ယုံကြည်လာကြသည်။ သူတို့လိုအပ်ချက်ကို ဖြည့်ဆည်းရန် ရှရီမေတာက သူ၏အိမ်နှင့် ဆက်လျက်မြေကေ ၄ ကေကျော်ကို လှူဒါန်းခဲ့ပေသည်။

ယင်းအချိန်မှစ၍ ဆောက်လုပ်ရေးလုပ်ငန်း စတင်ခဲ့ရာ မြေ ၁၀ကေရှိသော ဝင်းခြံကြီးတွင် ကျွန်တော်တို့ရောက်ရှိသွားချိန်တွင် အထက်၌ဖော်ပြခဲ့သော တရားရိပ်သာဌာနကြီး ပေါ်ပေါက်လာခဲ့ပြီ။ ယခုအခါ၌ ထိုဓမ္မခေတ္တရိပ်သာသည်။ အိဂတ် ပူရီရှိ ဓမ္မဂိရိရိပ်သာ ကဲ့သို့ပင် မယုံနိုင်လောက်အောင်ပင် ကြီးပွားတိုးတက်လျက် ရှိနေပြီဖြစ်ကြောင်း သိရပေသည်။

ဟိုက်ဒရာဘဒ်ဌာနတွင် တစ်ပတ်ခန့်နေထိုင်ပြီးနောက် ဘုံဘေသို့ ပြန်ခဲ့ကြသည်။ ဘုံဘေတွင် အင်္ဂလန်နိုင်ငံတွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် ဓမ္မရိပ်သာမှ တပည့်ယောဂီ ၃၀နှင့်အတူ ရောက်ရှိလာသော ဆရာမကြီး ဒေါ်မြသွင်နှင့် ပြန်လည်ဆုံစည်းကြရသည်။ ဆရာမကြီးနှင့်အတူ ဓမ္မဂိရိတွင် ရက်အနည်းငယ် နေထိုင်ကြပြီးနောက် ဗုဒ္ဓဂယာ၊ မိဂါဒါဝုန်စသော နေရာဌာနများသို့ ဘုရားဖူးထွက်ခဲ့ကြသည်။

အပြန်ခရီးအတွက် ကျွန်တော်တို့အား လူနှင့်ရောဂျားတို့ကိုပင် ဂိုအင်ကာကြီးက တာဝန်ပေးခဲ့ပါသည်။ ကျွန်တော်တို့ သည် အင်္ဂလန်မှ ရောက်ရှိလာသော ဆရာမ၏ အဖွဲ့ကြီးနှင့်အတူ မီးရထားဖြင့် ခရီးထွက်ခဲ့ကြပြီး ဗာရာဏသီဘုန်းကြီး ကျောင်းတွင် ခေတ္တတည်းခို၍ ဘုရားဖူးလှည့်လည်ကြသည်။ ထို့နောက် ထိုနေရာမှ ဆရာမတို့၏ အဖွဲ့နှင့်ခွဲခွာခဲ့၍ မြန်မာပြည်ပြန်ကြရန် ကာလကတ္တားသို့ ခရီးဆက်ခဲ့ကြသည်။

ဂုရုကြီးဦးဂိုအင်ကာ၏ စီမံချက်အရ ကာလကတ္တားတွင် ၃-

www.burmeseclassic.com

www.burmeseclassic.com



ရက်နားနေ လှည့်လည်ရာတွင်လည်းကောင်း၊ လေယာဉ်ကွင်းမှ လေယာဉ်ပျံထွက်ခွာသည့် အချိန်အထိလည်းကောင်း၊ ကာကတ္တားမှ လူငယ်ကလေးနှင့် လူ့နှင့် ရောဂါးတို့က ပြုစုစောင့်ရှောက်လိုက်ကြပါသည်။ ဦးကိုအင်ကာနှင့်တကွ ထိုလူငယ်စေတနာရှင် ကလေးများ၏ ကျေးဇူးကို ယနေ့တိုင်အောင် သတိရလျက်ပါသည်။

၈၁၀၈

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၇

## ဂုရုကြီးဂိုအင်ကာထံမှ တရားဓမ္မရေးရာ မေးမြန်းဆွေးနွေးချက်များ

ကျွန်တော်တို့သည် ဟိုက်ဒရာဘဒ် ဓမ္မခေတ္တရိပ်သာမှ ဘုံဘေသို့ ပြန်ရောက်ကြပြီးနောက် ဂုရုကြီးအိမ်၌ပင် ၃–ရက်မျှ တည်းခိုနေထိုင်ခဲ့ကြပါသည်။ ဤသို့နေထိုင်စဉ်အတွင်း ကာလကတ္တား၌ တွေ့ကြုံခဲ့ကြသည့် လူချမ်းသာနှင့် လူဆင်းရဲကွာဟချက်ကြီးမားလှပုံကို တစ်ဖန်ထပ်မံတွေ့ရှိရပြန်ပါသည်။

ဦးဂိုအင်ကာတို့နေထိုင်ရာ ရပ်ကွက်မှာ ဘုံဘေမြို့မှ ဟိုလီးဝုဒ် ဟု အမည်တွင်ပါသည်။ ရုပ်ရှင်ကုမ္ပဏီကြီးများ၊ ရုပ်ရှင် ဘက်ဆိုင်ရာ ဒါရိုက်တာမှအစ နာမည်ကြီး မင်းသမီး မင်းသားနှင့် ၎င်းတို့နှင့် အကျွမ်းဝင်ရာ သူဌေးသူကြွယ်မိသားစုများ စုပေါင်းတည်ထောင်ထားသော သီးသန့်ရပ်ကွက် ဖြစ်ပါသည်။ ရပ်ကွက်တစ်ခုလုံးကို သမဝါယမစနစ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စည်းတည်ထောင်ထားသည်။ ရေ၊ မီး၊ လမ်း၊ ဈေး၊ ဆေးရုံ၊ ကျောင်းမှအစ မြို့ကလေးတစ်ခု၏ အင်္ဂါရပ်အပြည့်အစုံပါရှိ၍ သီးသန့်ကော်မတီများက ကြီးကြပ် ထိန်းသိမ်းစောင့်ရှောက်သည်။

ဦးကိုအင်ကာမိသားစု တစ်စုလုံးအတွက် ၄–ထပ်တိုက်ဆောက်လုပ်ရန်ဖြစ်သော်လည်း ကျွန်တော်တို့ ရောက်ရှိချိန်တွင် ၂–ထပ်မျှသာ ပြီးစီးသေးသည်။ ကျွန်တော်တို့အား ဧည့်ခန်းတွင် နေရာချထားပေးသည်။ ညအချိန်တွင် ဧည့်ခန်းအတွင်းမှ ဆိုဖာကြီးများကို ပြုပြင်လိုက်ရုံဖြင့် ကျွန်တော်တို့အတွက် အိမ်ရာ နေရာများ ဖြစ်ပေါ်လာပေသည်။

ကာလကတ္တား ရောက်ရှိစဉ်က သီတင်းကျွတ်လပြည့်အဖိတ်နေ့ဖြစ်သည်။ ထိုဒေသမှ ကိုးကွယ်ကြသော ကာလီနတ် သမီးပူဇော်ပွဲအချိန်ဖြစ်သဖြင့် ဒူရဂါးပွဲကြီးကို စည်ကားစွာ ကျင်းပနေပါသည်။ ကာလကတ္တားတွင် တစ်ညတာအိပ်ခန်းနေရာကို ဟော်တယ်များတွင် မရနိုင်လောက်အောင် ထိုပူဇော်ပွဲကြီးသည် စည်ကားလှပါသည်။

ဘုံဘိုင်နယ်ပတ်ဝန်းကျင်မှာမူ ဗိဿနိုးနှင့် လက်ချမီး နတ်သမီးကို ကိုးကွယ်ကြသဖြင့် ယင်းတို့၏ ပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်အဖိတ်နေ့မှစ၍ ကျင်းပသည်။ ထိုပွဲတော်ကို ဒီပါဝလီ (ဒေဝါလီ) မီးထွန်းပွဲတော်ဟုခေါ်၍ အိန္ဒိယအနောက်ပိုင်းတွင် ပိုမိုစည်ကားစွာ ကျင်းပကြသည်။ ထိုပွဲတော်ကြီးဆင်နွှဲပုံကိုလည်း ဘုံဘေမြို့မှ ပြန်လည်မထွက်ခွာမီ တွေ့ကြုံခဲ့ရသည်။ တအံ့တသြဖြစ်ခဲ့ရသည်။

ကျွန်တော်တို့ ဟိုက်ဒရာဘဒ်မြို့မှ ပြန်လည်ရောက် ရှိသောညနေတွင် ရပ်ကွက်ရှိအိမ်တိုင်းတွင် မီးပုံးများ၊ မီးလုံး၊မီးချောင်းများအဆန်းတကြယ် ချိတ်ဆွဲတပ်ဆင်နေသည်ကို မြင်တွေ့ရသည်။ "ဒီနေ့ည ဒီပါဝလီ မီးထွန်းပွဲစမည်"ဟု ဦးကိုအင်ကာ၏ သားကြီးက ပြောပြပါသည်။ သူသည် မော်တော်ကား၏ နောက်ခန်းကိုဖွင့်၍စက္ကူသေတ္တာကြီး

www.burmeseclassic.com

www.burmeseclassic.com



နှစ်လုံးကို သယ်ယူသွားတာမြင်လိုက်ရပါသည်။

ထမင်းစားခန်းတွင် ညစာစားသုံးနေကြစဉ်မှာပင် ကြောက်ခမန်းလိလိ ပေါက်ကွဲသံများ ရပ်ကွက်တွင်း၌ဖြစ်ပေါ်လာသည်။ ဗျောက်အိုးဖေါက်သံများကို လမ်းများပေါ်မှ အဆက်မပြတ်ကြားနေရသည်။ ဦးဂိုအင်ကာအိမ်မှ လူငယ်ကလေးများသည် ''စိန်ခေါ်နေပြီဟေ့'' ဟု အော်ဟစ်ဆူညံစွာ ဝင်းခြံပေါက်သို့ ပြေးထွက်သွားကြသည်။ မကြာမီ ပြင်းထန်သော ပေါက်ကွဲသံနှင့်အတူ မရှင်းဂန်းပစ်ဖေါက်နေသကဲ့သို့ ဗျောက်အိုးဖေါက်သံများ မရပ်မနား ကြားရတော့သည်။ မီးရှူးမီးပန်းများလည်း လမ်းမပေါ်မှအထက်မိုးယံသို့ ထိုးပျံတက်သွားနေသည်များကို မြင်တွေ့ကြရသည်။

ဦးဂိုအင်ကာ၏သားများ ပြောပြချက်အရ ဤပုံစံအတိုင်း ညလုံးပေါက်ကြားနေရမည်ဖြစ်ကြောင်း၊ အိမ်တအိမ်မှ ဗျောက်အိုးများကို အိမ်ရှေ့လမ်းမပေါ်တွင် အထုပ်လိုက်စုပုံ၍ ဖေါက်ခွဲလိုက်ခြင်းသည် အိမ်နီးနားချင်းများကို စိန်ခေါ်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ပြိုင်ဘက်အိမ်များကလည်း ပထမစိန်ခေါ်လိုက်သည်ကို တုံ့ပြန်သောအနေဖြင့် ပိုမိုများပြားသော ဗျောက်အိုးထုပ်များ မီးရှူးမီးပန်းများကို စုပုံဖေါက်ခွဲကြပြန်သည်။ ဤသို့ဖြင့် တစ်အိမ်မှ တစ်အိမ်ဆက်လျက် ရပ်ကွက်တစ်ရပ်လုံး မြို့တွင်းသို့ သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်ဘိသို့ ပွက်ပွက်ညံသွားပါတော့သည်။ ဤနည်းနှင့် ဘုံဘေမြို့ရှိ သူဌေးရပ်ကွက်တစ်ကွက်တွင် ဒီပါဝလီ ဆီးမီးပူဇော်ပွဲကို ကြုံတောင့်ကြုံခဲတွေ့မြင်ခဲ့ရပေသည်။ နံနက်လင်း စောစောစီးစီး၊ အိမ်ရှေ့လမ်းမသို့ ထွက်ကြည့်မိရာ လမ်းမကြီးတစ်လျှောက် အိမ်တိုင်းရှေ့တွင် မီးလောင်ကျွမ်း ပေါက်ကွဲထားသော ဗျောက်အိုးအခွံများ တောင်ပုံရာပုံတွေ့မြင်ရပါသည်။ သက်ဆိုင်ရာ အိမ်တိုင်းမှ အစေအပါးတို့သည် ထိုဗျောက်အိုးခွံများကို တောင်များ

www.burmeseclassic.com

www.burmeseclassic.com



ပုံးများဖြင့် စုဆောင်း၍ ဖယ်ရှားကာ သန့်ရှင်းရေးများ ပြုလုပ်နေကြသည်ကိုလည်း မြင်ရပါသည်။

အိန္ဒိယအရှေ့ပိုင်းမှာကဲ့သို့ ဆင်းရဲချမ်းသာ ကွာဟချက်ကားကြီးမားလှပါသည်။ ဘုံဘေမြို့တွင် လမ်းကြိုလမ်းကြားနှင့် မြို့အထွက်ဆင်းရဲသားရပ်ကွက်များတွင် နေထိုင်ကြသူများမှာ နေစရာထိုင်စရာ ကွက်လပ်ကလေးတစ်ခုအတွက် တိုးကြိတ် လုယက်နေကြရသည်။ တစ်နေ့စာအတွက် ဆင်းရဲစွာ ရုန်းကန်နေကြရသည်။ ဘုံဘေမြို့ဟိုလီဝုဒ်ရပ်ကွက်မှာမူ မိသားစုကလေးများ မီးထွန်းပွဲတွင် ပျော်ပါးကြဖို့ တနေ့လျှင် ဗျောက်အိုးသေတ္တာ အနည်းဆုံး ၃–လုံး။ ရူပီငွေ ၁၀၀၀/– ဖိုးခန့် အကုန်အကျခံ၍ ပျော်ပွဲဆင်နွှဲနေကြပေသည်။ ထိုညတစ်ညလုံးပင် ဤအကြောင်းအရာများ တွေးတောသုံးသပ်ယင်း ကုန်ဆုံးခဲ့ရသည်ကို အမှတ်တရဖြစ်နေပါသည်။

ပြန်မည့်ရက်တွင် နှုတ်ဆက်စကားပြောရင်း ''ဓမ္မနောင်တော်များ။ ယခုကဲ့သို့ ကျွန်တော်၏ ဓမ္မဒူတလုပ်ငန်းများကို လာရောက်လေ့လာပြီး အားပေးချီးမြှောက်ကြသဖြင့် လွန်စွာဝမ်းသာလှကြောင်း၊ ကျွန်တော်ဆောင်ရွက်နေသည်များတွင် အမှားအယွင်းချို့ယွင်းချက်များတွေ့ရှိပါက အားမနာတန်း ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောဆိုကြပါ။ အထူးသဖြင့် ဆရာကြီးဦးဘခင်၏နည်းနာနိဿယများမှ တိမ်းချော်မှုများရှိပါက၊ မလွှဲမသွေ ထောက်ပြကြပါ။ အဲဒီလိုထောက်ပြကြဖို့ နောက်တော်ကြီးတို့မှာ တာဝန်ရှိတယ်လို့ ထင်မြင်ပါတယ်''ဟု ဂုရုကြီး ဦးဂိုအင်ကာက မိမိကိုယ်ကို နှိမ့်ချလျက် သူတော်ကောင်းစကားများ ပြောဆိုပါသည်။

ကျွန်တော်တို့ကလည်း ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ပြန်လည်ဆွေးနွေးခဲ့ကြပါသည်။ မိမိတို့အမြင်ဖြင့် မည်သည့်နေရာမှ ပြုပြင်စရာများ မမြင်ကြောင်း၊ သူ့နေရာဒေသအလျောက် စားသောက်

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်မှုများတွင် မတူညီမှုများ မလွဲမသွေရှိရမည် ဖြစ်သော်လည်း အဓိက တရားပြသော နည်းလမ်းများနှင့် လိုက်နာရမည့် စည်းကမ်းများမှာ ဆရာကြီးဦးဘခင်ကိုယ်တိုင်ပင်လျှင် လက်ခံနိုင်သော အစီအမံများဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့ကြပါသည်။

ဦးဂိုအင်ကာက ဆက်လက်၍ ဓမ္မနောင်တော်ကြီး ဦးကိုလေးကို အထူးမေတ္တာရပ်ခံလိုတာ တစ်ချက်ရှိပါသည်။ နောင်တော်ကြီးတို့ မြင်ကြသည့်အတိုင်း ပဋိပတ်လုပ်ငန်းသာမက ပရိယတ်အတွက်လည်း ကျွန်တော်တို့ အထူးကြိုးပမ်းနေပါတယ်။ ပိဋကသုံးပုံ အစုံအပြည့် အင်္ဂလိပ်၊ မြန်မာပြန်များ အပြည့်အစုံ ရှိပါတယ်။ ပါဠိစာပေလည်း ပါရဂူများနှင့် သင်ကြားလေ့လာကြပါတယ်။ သို့သော်လည်း စာပေနှင့် ပတ်သက်ပြီး တစ်ခါတစ်ရံ ကျွန်တော်တို့ အခက်အခဲတွေ့ရပါတယ်။ အဲဒီတော့ ကျမ်းဂန် စာပေကိစ္စ အခက်အခဲများရှိရင် ဦးကိုလေးထံ အကူအညီတောင်းလိုပါတယ်။ အဲဒါ ဓမ္မနောင်တော်ကြီးက အကူအညီ ပေးနိုင်ပါ လိမ့်မယ်လို့ မျှော်လင့်ပါတယ်'' ဟု ပြောပါသည်။

ကျွန်တော်က ''ကျွန်တော်လည်းပဲ အခုမှဓမ္မစာပေများ ဖတ်ရှုလေ့လာနေသူဖြစ်ပါတယ်။ ဘယ်လောက်အကူအညီပေးနိုင်မလဲလို့ မသိပါဘူး။ ဒါပေမယ့် အခု ''ပိဋက ဘာသာပြန်အဖွဲ့ကြီးမှာ ပါဝင်ဆောင်ရွက်နေတော့ ကျမ်းဂန်တတ်ဆရာတော်ကြီးများ ပညာတတ် လူပုဂ္ဂိုလ်ကြီးများနှင့် နီးကပ်စွာဆက်ဆံနေရပါတယ်။ စာပေဗဟုသုတ အတော်အတန်တော့ရရှိပါတယ်။ ကျွန်တော် မဆောင်ရွက်နိုင်သည့် ကိစ္စများကို ဆရာတော်ကြီးများထံ လျှောက်ထား၊ ပညာရှိများထံမေးမြန်းပြီး တတ်စွမ်းသမျှကူညီပါမည်'' ဟု ကတိပေးခဲ့ပါသည်။

အပြန်ခရီးတွင် ကျွန်တော်တို့အား လူတစ်ဦးတည်းသာ ကာလကတ္တားအထိ လိုက်ပို့ပါသည်။ မဟာဗောဓိနှင့် မိဂဒါဝုန်ဒေသများသို့ ဘုရားဖူးဝင်ရောက်ကြသေးရာ ဆရာမ ဒေါ်မြင့်

www.burmeseclassic.com



တပည့်များလည်းပါကြသဖြင့် ရောဂျားသည် ၄င်းတို့နှင့် နေရစ်ခဲ့ပါသည်။

၁၉၈၁ ခုနှစ်၊ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဆရာကြီးကွယ်လွန်သော ၁၀နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အင်းယားမြိုင်ရိပ်သာတွင် အထူးပူဇော်ပွဲ ဆင်ယင်ကျင်းပကြပါသည်။ ကျွန်တော်က ဆရာကြီးအားအထူးပူဇော်သောအားဖြင့် ''မြန်မာ့ဂုဏ်ဆောင် ပုဂ္ဂိုလ်ထူး ဆရာကြီး ဦးဘခင်'' (အထ္ထုပ္ပတ္တိနှင့် သာသနာပြုလုပ်ငန်းများ) စာအုပ်ကြီးကို ရေးသားထုတ်ဝေခဲ့ပါသည်။ ယင်းစာအုပ်ကြီးကို ဦးဂိုအင်ကာကြီးထံ သတိတရလက်ဆောင်အဖြစ် ပေးပို့ပြီးနောက် သူနှင့်အဆက်အသွယ်များ ပြတ်သွားပါသည်။ ကျွန်တော်က ပိဋကဘာသာပြန်လုပ်ငန်းတွင် နစ်မြုပ်နေခဲ့၍ ဦးဂိုအင်ကာက ကျွန်တော့်ထက် ပိုမိုများပြားသောတာဝန်များ ထမ်းဆောင်နေရသူဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး သတိတရမေတ္တာပို့သနေကြသော်လည်း အကြောင်းထူးမရှိဘဲ စာတစ်စောင်တလေမျှ ရေးသားနိုင်ရန် အချိန်ပေးနိုင်သူမဟုတ်ပါ။

သို့သော် ၁၉၈၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ဂုရုကြီး ဦးဂိုအင်ကာထံမှ စာတစ်စောင် ရောက်လာပါသည်။ ''ဓမ္မနောင်တော်ကြီး ဦးကိုလေးခင်ဗျား'' ဟု နှုတ်ခွန်းဆက်လျက် ဓမ္မဂီရိရိပ်သာအနီးတွင် နောက်ထပ်မြေ ၂၅ ကေမျှ ဝယ်ယူထား ရှိပြီးကြောင်း၊ ယင်းမြေနေရာတွင် ဝိပဿနာကမ္မဋ္ဌာန်းကို လေးလေးနက်နက် အားထုတ်လိုသူများအတွက် ''အရညဂတာနံ ဝါ၊ ရုက္ခမူလဂတာနံ ဝါ'' ဟု ကျမ်းဂန်လာရှိသည့်အတိုင်း တောတောင်၊ သစ်ပင်နှင့် ဆိတ်ငြိမ်ရာ တရားစခန်းအဖြစ် ဖန်တီးတည်ထောင်ရန် စိတ်ကူးကြောင်း၊ ထို့ကြောင့် ထိုမြေကွက်ကို သစ်တောအုပ်တစ်ခုအဖြစ်သို့ ပြောင်းလဲရန် ရည်ရွယ်ကြောင်း အကြောင်းကြားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စိုက်ပျိုးလိုသည့် သစ်ပင်များမှာလည်း သာမန်သစ်ပင်မျိုးမဟုတ်ပေ။ပွင့်တော်မူခဲ့ပြီးသော နှစ်ကျိပ်ရှစ်ဆူသော ရှင်တော်ဘုရားများ သမ္မာသမ္ဗုဒ္ဓဗောဓိဉာဏ် ဆွတ်ခူးတော်မူခဲ့သည့် ၂၈ မျိုးသော ဗောဓိပင်မျိုးကိုသာ စိုက်ပျိုးလိုပေသည်။ ဦးဂိုအင်ကာကြီးထံ၌ သူရှာဖွေမှတ်သားထားသော ဗောဓိပင် ၂၈ မျိုးစာရင်းရှိပြီးဖြစ်သည်။ ၎င်းတို့၏ အင်္ဂလိပ်အမည်၊ ရုက္ခဗေဒအမည်များနှင့်တကွ စာရင်းပါ သစ်ပင်အမျိုးအမည်များ ပြည့်စုံသည်၊ မစုံသည်ကို သူကသိလိုသည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်မှာ သစ်တောဘာသာရပ်ပါမောက္ခ (သို့မဟုတ်) သစ်တောဌာနမှ တတ်ကျွမ်းနားလည်သည့် ပုဂ္ဂိုလ်များထံမှ အကူအညီရယူပြီး သူ့အလိုဆန္ဒကို ကျွန်တော်က ဖြည့်ပေးရန်ဖြစ်ပေသည်။

ကံအားလျော်စွာ မန္တလေးတက္ကသိုလ်ကျောင်းသားဟောင်းများတွင် ကျွန်တော်၏ တပည့်ရင်းနှစ်ဦးသည် တက္ကသိုလ်သစ်တောဌာနနှင့် အစိုးရသစ်တောဌာနတွင် အကြီးအမှူးများဖြစ်နေပေ၍ ဦးဂိုအင်ကာ၏ လိုလားချက်များကို ပြည့်စုံစွာ ဖြည့်စွမ်းပေးလိုက်နိုင်ခဲ့ပါသည်။

ဂုရုကြီး ဦးဂိုအင်ကာထံမှ နောက်ထပ်မေးမြန်းစာကို ၁၉၈၇ ခု၊ ဒီဇင်ဘာလတွင်းက ရရှိခဲ့သည်။ အမေးပုစ္ဆာမှာ သာသနာတော်တည်တန့်မည့်နှစ်ပေါင်း ၅၀၀၀ ကို ပထမသာသနာ၊ ဒုတိယသာသနာ စသည်ဖြင့် ခွဲခြားပုံများအကြောင်းဖြစ်ပေသည်။ ဤပုစ္ဆာကို ကျွန်တော်ကိုယ်တိုင် စိတ်ဝင်စားပြီး လေ့လာသုံးသပ်ထားပြီး ဖြစ်ပါသဖြင့် လွယ်ကူစွာ အဖြေပေးလိုက်နိုင်ပါသည်။ ဤပုစ္ဆာနှင့်ပတ်သက်၍ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဆဋ္ဌသင်္ဂါယနာတင် စဉ်ကပင် ပြည့်စုံစွာ ဖြေရှင်းထားပြီးဖြစ်ပါသည်။

အဋ္ဌကထာ သင်္ဂါယနာတင် အမေးအဖြေများတွင် ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးသည် သာသနာတော်တည်တန့်မည့်ကာလနှင့်ပတ်သက်၍ ပါဠိတော်အနေဖြင့် စူဠဝဂ္ဂပါဠိတော်တွင်သာပါရှိကြောင်း၊ ပထမသာသနာ ၁၀၀၀၊ ဒုတိယသာသနာ ၁၀၀၀ စသည်ဖြင့် သာသနာ ၅၀၀၀ တည်တန့်မည်ဆိုသမျှမှာ အဋ္ဌကထာများတွင်သာပါကြောင်း ရှင်းပြထားပါသည်။

ဘိက္ခုနီခန္ဓကတွင် မြတ်စွာဘုရားသည် အရှင်အာနန္ဒာ အား "အမျိုးသမီးများကို ဘိက္ခုနီမအဖြစ်ဖြင့် သာသနာတော်ကို ဝင်ရောက်ခွင့်မပြုခဲ့ပါက သာသနာတော်သည် ပိုမိုရှည်ကြာစွာ တည်တန့်ပေမည်" ဟု မိန့်မြွက်ကြောင်း ဖော်ပြထားသည်။ ယခု အမျိုးသမီးများအား သာသနာတွင်းသို့ သွတ်သွင်းချီးမြှင့်ခဲ့ရသောကြောင့် သာသနာတော်ကာလရှည်ကြာစွာ တည်တန့်မည်မဟုတ်ကြောင်း၊ နှစ်ပေါင်း ၅၀၀ မျှသာ ကြာရှည်တော့မည် ဖြစ်ကြောင်း မိန့်မြွက်တော်မူသည်။ ဤသို့ဆုတ်ယုတ်မည့် အကြောင်းကို ဥပမာများဖြင့် ရှင်းပြတော်မူသည်။ (၁) အမျိုးသား ဦးရေနည်းပါး၍ အမျိုးသမီးများပြားသော အိမ်ထောင်စုသို့ ခိုးသား ဓားပြရန်ဘေး ပို၍များသည်။ (၂) သီးဖျက်ပိုးနံ့ကျရောက်ရာ စပါးကွင်းတွင် အပျက်အစီးများပြားမည်။ (၃) ကြံစိုက်ကွင်း၌ ကြံအူပိုးကျရောက်ပါက ကြံပင်များပျက်စီးဆုံးရှုံးရမည်။ (၄) မိုးရာသီမကျရောက်မီ ရေမိုးဖျက်စီးမှု ကာကွယ်ရန် ဆည်မြောင်းကတုတ်များကို အသင့်ပြင်ဆင်ထိမ်းသိမ်းထားရန်လိုသည်။ ဘိက္ခုနီများအတွက် ဂရုဓမ္မတရား ၈–ပါးပြဋ္ဌာန်းချမှတ်ထားသည်မှာ အဆိုပါအန္တရာယ်များမှ သာသနာတော်ကို ကာကွယ်စောင့် ရှောက်ပေးရန်၊ ကြာရှည်တည်တံ့စေရန်ဖြစ်ကြောင်း ရှင်တော်ဘုရားက အရှင်အာနန္ဒာမထေရ်မြတ်အား ဟောကြားတော်မူခဲ့သည်။ သာသနာသက်တမ်းနှင့် ပတ်သက်၍ ယင်းပါဠိတော်များတွင် ဤမျှသာပါရှိပေသည်။ အဋ္ဌကထာဖွင့်ဆိုချက်တွင်မူ ဂရု ဓမ္မဥပဒေကြီးကို ပြဋ္ဌာန်းလိုက်သောကြောင့် ဘေးရန်ကိုကြိုတင်

www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ထားပြီးဖြစ်သည်။ ထို့ကြောင့် သာသနာတော်သက်တမ်းသည် နှစ် ၅၀၀သို့ကျဆင်းမသွားပဲ၊ နှစ် ၁၀၀၀ ပင်တည် ရှိမည်ဟု ဖော်ပြသည်။အနှစ်၁၀၀၀–ဆိုသည်မှာလည်း ပဋိဝေဓ၏အထွတ်အထိပ်ဖြစ်သော ပဋိသမ္ဘိ ဒပတ္တရဟန္တာများ ထင်ရှားရှိစဉ်ကာလကို ဆိုလိုသည်ဟု ရှင်းပြထားသည်။ ဆဠဘိညရဟန္တာနှင့် တေဝိဇ္ဇရဟန္တာအရှင်မြတ်များလည်းပါဝင်သည်။

ဤ အဆင့်အမြင့်ဆုံး ရဟန္တာများပေါ်ထွက်နေချိန် နှစ် ၁၀၀၀–ပြီးဆုံးသောကာလ၌လည်း သာသနာတော်ကွယ်ပျောက်သွားပြီဟု မဆိုနိုင်ပေ။

ထိုရဟန္တာအရှင်များအားလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပရိနိဗ္ဗာန်စံဝင်တော်မူကြမည် မဟုတ်ပေ။ နောက်ထပ်နှစ်ပေါင်း ၁၀၀၀–အတွင်းတွင် ဈာန်အဘိညာဉ် မရရှိသော သုက္ခဝိပဿက ရဟန္တာများ ပေါ်ထွန်းလာကြပေသည်။ ထို့နောက် နှစ်ပေါင်း၁၀၀၀–တွင် အနာဂါမ် အရိယာများ ထို့နောက် သကဒါဂါမ်အရိယာ၊ သောတာပန်အရိယာများခေတ် ဖြစ်ပေသည်။ ထို့ကြောင့် အဋ္ဌကထာအဆိုအရ သာသနာတော်သည် နှစ်ပေါင်း ၅၀၀၀ တည်တံ့ပေလိမ့်မည်။ ပရိယတ္တိသည် ဤနှစ်ပေါင်း ၅၀၀၀ အတွင်း ရှင်သန်လျက်ရှိပေမည်။ ပရိယတ္တိရှင်သန်လျက်ရှိစဉ်အခါ၊ ပဋိဝေဓလည်း ဝေဝေဖြာ ရှိနေပေမည်။ ပရိယတ္တိ ကွယ်ပျောက်သောအခါတွင်မူ၊ အတုအယောင် ဘိက္ခုသံဃာများသာ ရှိနေ၍ ၎င်းတို့၏ခေတ်သည် ရှည်လျားစွာ တည်တံ့နေပေလိမ့်မည်။ ဝိနည်းအဋ္ဌကထာတွင် ဤမျှသာပါရှိ၍ မဟာစည်တရားတော်ကြီးကမူ ဤအဋ္ဌကထာလာရှိချက်များကို လက်ခံတော်မူခဲ့ပေသည်။

ထို့နောက် ဆရာတော်ကြီး ဖော်ပြတော်မူခဲ့သော ဝိနည်းအဋ္ဌကထာနှင့် အခြားအဋ္ဌကထာကြီးများ အသေးစိတ်ကွဲလွဲချက်

www.burmeseclassic.com

www.burmeseclassic.com



များအကြောင်းကိုလည်း ဦးဂိုအင်ကာထံသို့ အပြည့်အစုံ ဖော်ပြရေးသားပေးပို့လိုက်ပါသည်။

အထက်ပါနေ့စွဲနှင့်စာ၌ပင် မြတ်စွာဘုရား၏ အရပ်တော် ၁၈ တောင်အကြောင်း မေးမြန်းချက်ပါရှိပါသည်။ ဤအကြောင်းကိစ္စကိုလည်း ကျွန်တော်ကိုယ်တိုင်သုံးသပ်ပြီးဖြစ်၍ အခက်အခဲမရှိဖြေကြားလိုက်နိုင်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ အယူအဆအမျိုးမျိုး စာပေနယ်ထဲတွင်ရေးသားခဲ့ပြီးကြပါပြီ။ ကျွန်တော်ကိုယ်တိုင်ကမူ လေးစားအပ်တော်မူကြသော ဆရာတော်ကြီးများ၏ သဘောအယူအဆကို လက်ခံယုံကြည်ထားပါသည်။ ဘုန်းတန်ခိုးအနန္တရှင် မြတ်စွာဘုရားသခင်သည် အရပ်တော် ၁၈–တောင် (သို့မဟုတ်) မုံညှင်းစေ့အရွယ် ကိုယ်ခန္ဓာကို လိုအပ်သလို ဖန်ဆင်းတော်မူနိုင်ပေသည်။ သို့သော် ပင်ကိုယ်အားဖြင့်မူ အရပ်အမောင်းဖွံ့ဖြိုးလှသော ဥပမိရုပ်ရှိတော်မူသည့် ယောကျ်ားမြတ်သာလျှင် ဖြစ်တော်မူပေသည်။ ဂယာမြို့အနီးရှိ ဥရုဝေလတောအစပ်၌ရှိသော ဒုက္ကရစရိယကျင့်တော်မူခဲ့သည့် လိုဏ်ဂူကို မျက်မြင်တွေ့ရှိပြီးနောက် ဤယူဆချက်ကို စွဲမြဲစွာယုံကြည်လာခဲ့ပါသည်။ ထိုလိုဏ်ဂူတွင်း အရပ်၁၈–တောင်ရှိသော မည်သည့်ပုဂ္ဂိုလ်မျှ ကိန်းအောင်းနေနိုင်ခဲ့မည်မဟုတ်ပါ။

ကျွန်တော်က ဤသို့ပြည်စုံစွာ ရှာဖွေလေ့လာ၍ ပြန်ကြားလိုက်ပြီးနောက် ဦးဂိုအင်ကာထံမှ နောက်ထပ်ရောက်လာသော ပြဿနာမှာ လွန်စွာခက်ခဲ၍ ဦးနှောက်ရှုပ်စရာ ဖြစ်ခဲ့ပေသည်။

ကမ္ဘာအရပ်ရပ် လှည့်လည်၍ ဝိပဿနာတရားများ ပြသနေသော ဦးဂိုအင်ကာ ရင်ဆိုင်နေရသည့် အခက်အခဲများကိုလည်း တစ်စိတ်တဒေသအားဖြင့် မှန်းဆနိုင်ပါသည်။ အနောက်နိုင်ငံများတွင် တရားပြသသူအား အရှေ့နိုင်ငံများတွင် မပေါ်ပေါက်ဖူးသော

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာများနှင့် ကြုံတွေ့ရပုံများကို သိရှိရပေသည်။ ယဉ်ကျေးမှု၊ လူမှုဆက်ဆံပေါင်းသင်းမှု ကွာခြားချက်များကြောင့် ယင်းပြဿနာများ ဖြစ်ပေါ်ရခြင်းဖြစ်ပေသည်။

ဦးဂိုအင်ကာ၏ တရားစခန်းများသို့ ရောက်ရှိလာကြသော အနောက်နိုင်ငံသူ၊ နိုင်ငံသားများတွင် ယောက်ျားအချင်းချင်း၊ မိန်းမ အချင်းချင်း လိင်တူဆက်ဆံနေသူများ ပါဝင်လာတတ်ကြသည်။ ယင်းပုဂ္ဂိုလ်များအား ကာမရာဂအားကြီးသူများ၏ မကောင်းကျိုးများ ကို ရှင်းလင်းဟောပြော၍ ဤမကောင်းသော အလေ့အကျင့်များ ရှောင်ရှားရန် ပထမသွန်သင်ဆုံးမ ပေးသည်ဟုဆိုသည်။ တရား ၃– ၄ ပတ်တက် ရောက်ပြီးနောက် သူတို့၏ အပြုအမူအလေ့အကျင့် မပျောက်ပါက တရားဌာနသို့ နောက်ထပ်မလာကြရန် ပိတ်ပင်လိုက် သည်။ သို့သော် အမေရိကန်တွင် ထိုသူများကို ဤသို့ ပိတ်ပင် လိုက်လျှင် သူတို့အား တသီးတခြား ပြုမူဆက်ဆံခြင်း မပြုရဟူသော တရားဥပဒေနှင့် ငြိစွန်းနေ၍ ပြဿနာဖြစ်ပေါ်နိုင်သည်ဟုပြောပြသည်။

အခြားအခက်အခဲတစ်ခုမှာ ကာမေသုမိစ္ဆာစာရ အနက် အဓိပ္ပါယ်အဖွင့်ကို လွဲမှားကောက်ယူကြခြင်းဖြစ်သည်။ အရွယ်ရောက် ပြီးသောမိန်းမ၏ သဘောတူညီမှုရရှိပါက ထိုမိန်းမသည်လည်း မည်သူ့ အုပ်ထိန်းမှုမျှမရှိပါက၊ ကာမဆက်ဆံလျှင် ကာမေသုမိစ္ဆာစာရကံ မမြောက်ဟုယူဆ၍ လွတ်လပ်စွာ နှစ်ဦးသဘောတူ ကာမဖောက်ပြန် နေကြပေသည်။

ရှေးဦးစွာ ဦးဂိုအင်ကာသိလိုသည်မှာ လိင်တူဆက်ဆံမှုများ၊ ဘုရားရှင်လက်ထက်တော်က ပေါ်ပေါက်မှု ရှိ၊မရှိ၊ ရှိပါက ရှင်တော် မြတ်ဘုရား မည်ကဲ့သို့ ဖြေရှင်းတော်မူခဲ့ပါသနည်း။ ဒုတိယအချက်မှာ အုပ်ထိန်းသူကင်းသော အရွယ်ရောက်ပြီးသူ မိန်းမပျို၏ သဘောတူညီ ချက်ဖြင့် ကာမဆက်ဆံပါက ကာမေသုမိစ္ဆာစာရကံ မြောက်မမြောက်

www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ဖြစ်ပေသည်။

လိင်တူဆက်ဆံမှုများနှင့် ပတ်သက်၍ရှေးဦးပထမ ဗောဓိခေတ်အတွင်း၌ သာသနာ့ဘောင်ဝင်သူများမှာ သဒ္ဓါထက်သန် ပါရမီရင့်သန်ပြီးသော အမျိုးကောင်းသားများဖြစ်သဖြင့် ထိုပြဿနာမျိုး မပေါ်ပေါက်ခဲ့နိုင်၊ နောင်အခါတွင်မူ၊ အလွှာအသီးသီးမှ အကြောင်းအမျိုးမျိုးကြောင့် သာသနာ့ဘောင်သို့ တိုးဝင်လာကြသည်။ ဘုရားသားတော်ဖြစ်ရခြင်း၏ ဂုဏ်သတင်းကျော်ကြားမှု၊ စားဝတ်နေရေး ချောင်ချိမှု စသောအကြောင်းအရာများအပြင် ကြွေးရှင်ထံမှ လွတ်ငြိမ်းရန်၊ ဘုရင့်အမှုထမ်းမှ လွတ်ကင်းရန်၊ ဇီဝကထံမှ ဆေးအခမဲ့ကုသရန် စသော သံသရာလွတ်ကြောင်း နိဗ္ဗာန်ရောက်ကြောင်း မဟုတ်သော အကြောင်းအမျိုးမျိုးကြောင့် သာသနာ့ဘောင်သို့ ဝင်လာကြခြင်း ဖြစ်ကြသည်။

ထိုကြောင့် ရှင်တော်မြတ်ဘုရားသည် ဥတ္တိစတုတ္ထကမ္မဝါ စာဖတ်ရသော ရဟန်းခံနည်းလမ်းကို ပညတ်တော်မူခဲ့ရသည်။ ထိုနည်းလမ်း အရ ရဟန်းလောင်းအား သာသနာဘောင် ဝင်ခွင့်မပြုမီ သူ၏ ကိုယ်ရေးကိုယ်တာ အကြောင်းအရာနှင့် ပတ်သက်၍ သူ၏ အမည်နာမ၊ ဘဝအခြေအနေ၊ မိဘများထံမှ ခွင့်ရ မရ၊ ကြွေးမြီကင်း မကင်း၊ လူသားစစ်စစ်ဟုတ်မဟုတ်၊ ယောကျာ်းစင်စစ် ဟုတ် မဟုတ်၊ ရောဂါကင်း မကင်း၊ ဘုရင့်အမှုထမ်းမှ လွတ်လပ်ခွင့်ရ မရ စသဖြင့် အသေးစိတ်မေးမြန်းခံကြရသည်။

ဤတွင် လူသားဖြစ်ပြီး ပုလ္လိင်ယောကျာ်း ဟုတ် မဟုတ် မေးမြန်းခံခြင်းနှင့် ပတ်သက်၍ ဘိက္ခုဝိဘင်းတွင် လိင်ကိစ္စအမျိုး မျိုးကို ဖော်ပြထားပေသည်။ အနောက်နိုင်ငံတွင် ပေါ်ပေါက်နေသော လိင်ကိစ္စများသည် ယင်းဝိဘင်း၌ ဖော်ပြချက်များတွင် အားလုံးအကြုံးဝင်ပေသည်။ ကာမဂုဏ် လွဲမှားစွာခံစားသူတို့၏ ပဋိသန္ဓေအချိန်မှစ၍

www.burmeseclassic.com



ခံစားရသော အကုသိုလ်ဝိပါက်များကို ပဏ္ဍုက်၊ ဥဘတောဗျည်း၊ နပုန်းစသော ပုဂ္ဂိုလ်များတွင် တွေ့ရှိရသည်။ ယင်းပုဂ္ဂိုလ်မျိုးကို သာသနာ့ဘောင်သို့ ဝင်ခွင့်မပြုပေ။ ထိုသူတို့သည် ဤဘဝတွင် မည်မျှပင်ကြိုးပမ်းသော်လည်း အရိယာသူတော်မွန်များ မဖြစ်နိုင်လာပေ။ ယင်းတို့ သာသနာ့ဘောင်ဝင်ရောက်ပါက ရဟန်းတော်နှစ်ပါး သုံးပါး စသည်ဖြင့် တောတောင်ရိပ်မြိုများ၌ သီတင်းသုံးတော်မူကြသည့် သူတော်ကောင်းများအား ကြီးသောအနှောက်အယှက်ဖြစ်ပေါ်စေနိုင်သည်။ သာသနာ့အန္တရယ်ဖြစ်လာနိုင်ပေသည်။ ထို့ကြောင့် သာသနာတော်သို့ဝင်ရောက်ခွင့်မပေးရပေ။

ဤသို့မြတ်စွာဘုရားရှင်တော် လက်ထက်တော်ကပင် လိင်အမှုကိစ္စပြဿနာများရှိခဲ့ပုံနှင့် ရှင်တော်ဘုရားက ကြိုတင်၍ နည်းလမ်းချထားပေးခဲ့ပုံတို့ကို ဂုရုကြီးထံသို့ အကြောင်းပြန်လိုက်ရပေသည်။

သဘောတူညီမှုရှိသော မိန်းမနှင့် လွတ်လပ်စွာကာမဆက်ဆံရာတွင် ကာမေသုမိစ္ဆာဖြစ်ပုံကိုလည်း ရှင်းလင်းပြခဲ့ပေသည်။ မိန်းမပျိုတစ်ဦး၏ အမိ၊ အဖ၊ မောင် စသည့် အုပ်ထိမ်းမှုကင်းပါသည် ဆိုခြင်း၌ ''ဂေါတ္တ'' အမျိုးဝယ် အုပ်ထိမ်းမှုဟူသော အချက်ကို မျက်ကွယ်ပြု၍ မရနိုင်။ မည်သည့်အမျိုးသမီးမဟူ အမျိုး၏ အုပ်ထိမ်းမှုမှ ကင်းလွတ်ခြင်းမရှိရကား တရားဝင်လက်ထပ်ထိမ်းမြားယူထားသော ဇနီးမယားမှ အပ အခြားမည်သည့် အမျိုးသမီးနှင့်မျှ လိင်ဆက်ဆံခွင့်မရှိပေ။ အမျိုး၏ စောင့်ရှောက်မှုအောက်တွင်ရှိသောမိန်းမပျိုတစ်ဦးနှင့် ကာမကျူးလွန်ပါက ကာမေသုမိစ္ဆာစာရကံ ထိုက်မည်သာဖြစ်ပေသည်။ ဤကဲ့သို့ ဝိပါက အကျိုးဆိုးများကြောင့် အပါယ်ငရဲသို့ ကျရောက်ရပေမည်။ ကုသိုလ်ကံကြွေးများ၏ ထောက်ပံ့မှုကြောင့် လူ့ဘဝသို့ ပြန်လည်ရောက်ရှိသည့်တိုင်အောင် ပဏ္ဍုက်၊ ဥဘတောဗျည်း၊ နပုန်းစသော နိမ့်ကျသောအဆင့်အတန်းများ၌ တည်ရှိကြမည်ဖြစ်ကြောင်း၊ ဤ

www.burmeseclassic.com



မကောင်းမှု ဆိုးကျိုးများသည် မိမိ၏အလိုရမက် လွန်ကျူးမှုများကြောင့်သာဖြစ်ကြောင်း၊ ကာမရာဂဟူသည် အဆိုးဝါးဆုံးသော လောဘတဏှာပင်ဖြစ်သောကြောင့် အဆိုးဝါးဆုံးသော ဘုံဘဝ၌ စည်းကမ်းမဲ့ ကာမသောင်းကျန်းမှုများ၏ အကြောင်းအရင်းများကို ရှင်းလင်းဖော်ပြပြီးလျှင် မိမိ၏ ကာယကံ၊ ဝစီကံ၊ မနောကံ အပြစ်များကို သီလသမာဓိလမ်းစဉ်ဖြင့် ဆေးကြောပစ်ခြင်းသည်သာ တစ်ခုတည်းသော ထွက်မြောက်ရာ နည်းလမ်းဖြစ်ကြောင်း စသည်တို့ကို ရေးသားပြန်ကြားလိုက်ပါသည်။ ကျွန်တော်၏ ဖြေကြားချက်ကို ဂုရုကြီးက လွန်စွာနှစ်သက် ကြေနပ်လှသဖြင့် သူ၏လက်ထောက် တရားပြသူများအတွက် ကျွန်တော်၏စာကို မိတ္တူကူး၍ ဖြန့်ချိလိုက်ကြောင်းသိရပါသည်။

၁၉၈၉–ခုနှစ်မှစ၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ် (ရန်ကုန်)၊ ဗုဒ္ဓဒေသနာ ပြန့်ပွားရေးဌာန၌ တွဲဖက်ဌာနမှူးအဖြစ် စာပေပို့ချရန် ရောက်လာသောအခါ ဦးဂိုအင်ကာကြီးထံမှ မေးမြန်းစုံစမ်းသော ပုစ္ဆာများကို နာယကချုပ်ဆရာတော်ကြီး၏ အကူအညီဖြင့် ပြည့်စုံစွာ ဖြေကြားပေးနိုင်ခဲ့ပါသည်။ ဦးဂိုအင်ကာ မေးမြန်းလာသော ပုစ္ဆာများကို ဆရာတော်ကြီး၏ ညွှန်ကြားရှင်းလင်းပေးမှုများ မရရှိပါက ဦးဂိုအင်ကာအား ကျွန်တော်တစ်ဦးတည်းဖြေရှင်းပေးခဲ့နိုင်မည်မဟုတ်ပါ။

မကြာသေးမီက (မဟာယာနစာပေ) တတ္တသံဂရဋီကာတွင် အောက်ပါဂါထာကို တွေ့ခဲ့ပါသည်။

တာပါစ္ဆေဒါစ္စ နိကဟာတ်၊
သုဝဏ်မိဝ ပဏ္ဍိတဲ။
ပရိက မဒ္ဒဆော် ဂြာဟျမ်၊
ဘိက္ခဝေါ န တု ဂေါ်ရဝတ်။

အနက်မှာ–

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ပညာရှိသူသည် ရွှေကို မီးပူတိုက်ခြင်း၊ ရွှေကြည့်ခြင်း၊ မှတ်ကျောက်တင်ခြင်း စသော စမ်းသပ်မှုများပြုလုပ်ပြီးမှ လက်ခံသကဲ့သို့ ဘိက္ခုရဟန်းတို့သည်လည်း ငါဘုရားဟောကြား မိန့်မြွက်သည်များကို စစ်ဆေးသုံးသပ်ပြီးမှ လက်ခံရာ၏။ ငါဘုရားအား ရိုသေလေးစားမှု သက်သက်ဖြင့်သာ လက်မခံရာဟူ၏။

ပါဠိစာပေများတွင်လည်း အလားတူရည်ညွှန်းဟောပြော ချက်များ ရှိပေသည်ဟု ယုံကြည်ပါသည်။ သို့ရာတွင် အလွယ်တကူ ရှာဖွေ၍ မရနိုင်ပါ။ ကာလာမသုတ်တွင် အဓိပ္ပါယ်ဆင်တူ မိန့်ကြားချက် များရှိသည်မှာ မှန်ကန်ပါသည်။ သို့ရာတွင် ဟောပြောမိန့်ကြားပုံ အနည်းငယ်ကွဲလွဲပါသည်။ အဲဒီအချက်ကို သတိပြုမိပါသလား။ သတိ မပြုမိပါက နောင်တော်ကြီးတို့ သံဃာ့တက္ကသိုလ်မှ ကျမ်းဂန်တတ် ဆရာတော်ကြီးများကို လျှောက်ထားပေးစေလိုပါသည်။

ကာလာမသုတ်အပြင် မဇ္ဈိမနိကာယ် မဟာတဏှာသင်္ ယသုတ်တော်တွင် ဗုဒ္ဓဟောကြားတော်မူထားသော ကိုးကားချက် တစ်ချက်ရှိပါသည်။ ကိုယ်တွေ့ သိရှိမှုမဟုတ်ဘဲ မြတ်စွာ ဘုရားအား ယုံကြည်လေးစားမှုကြောင့်သာဖြင့် လက်မခံရာဟု ဖော်ပြပါသည်။ ဤမျှလောက်သော အကိုးအကားများနှင့် ကျွန်တော်ရေးသားနေသော ဆောင်းပါးတစ်ပုဒ်အတွက်မလုံလောက်သေးပါ။ ထို့ကြောင့် နောင်တော် ကြီးက အကူအညီပေးစေလိုပါသည်။ ဤသို့ ဒုက္ခပေးရသည်ကိုတော့ ဝမ်းနည်းပါသည်။ ခွင့်လွှတ်ပါ။

မေတ္တာအပြည့်အဝအားဖြင့်
ကိုအင်ကာ

www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စကို တက္ကသိုလ်မှ နာယကချုပ်ဆရာတော်ကြီး အား လျှောက်ထားပါသည်။ ဆရာတော်ကြီးက မဆိုင်းမတွပင် အောက်ပါ အကိုးအကားများကို စာပေဒ္ဓရှာဖွေ၍ ပေးပါသည်။

## အင်္ဂုတ္တရနိကာယ်

တိကနိပါတ၊ ဒုတိယပဏ္ဏာသက၊ ၂ မဟာဝဂ္ဂ၊ ၆ သာဠှသုတ် စာပိုဒ် ၆၇၊ စာ– ၁၉၄။

စတုက္ကနိပါတ၊ စတုတ္ထပဏ္ဏာသက၊ ၅–မဟာဝဂ္ဂ–၃၊ ဘဒ္ဒိယသုတ်၊ စာပိုဒ် ၁၉၃၊ စာ–၅၁၁။

## သံယုတ္တနိကာယ်

နိဒါနဝဂ္ဂသံယုတ်၊ ၇–မဟာဝဂ္ဂ၊ ၈–ကောသမ္ဗီသုတ်။ စာ–၃၃၆။

## မဇ္ဈိမနိကာယ်

မဇ္ဈိမပဏ္ဏာသ၊ ၇–ပရိဗ္ဗဇကဝဂ္ဂ၊ ၆–သန္ဒကသုတ်၊ စာ–၁၈၀။

အဆိုပါသုတ် အကိုးအကားများတွင် ကာလာမသုတ်နှင့် ဆင်တူစွာ မည်သည့်အကြောင်းအရာမဆို သေချာစူးစမ်း ဆင်ခြင် သုံးသပ်ပြီးမှ လက်ခံရန် ဟောကြားထားပေသည်။ သို့သော် ဂုရုကြီး၏ လိုအပ်ချက်ကို အပြည့်အစုံ ဖြည့်စွမ်းနိုင်ဦးမည်မဟုတ်ကြောင်း ပြောပြ၍ ကျွန်တော်ကိုယ်တိုင် သုတေသနတွေ့ရှိချက်ကို ရေးသားအကြောင်း ကြားလိုက်ပါသည်။

ကျွန်တော်ဘာသာပြန်ဆိုထုတ်ဝေခဲ့သော ''မြတ်ဗုဒ္ဓ ဒေသနာ'' စာအုပ်တွင် ဆရာတော်ကြီးအရှင်ဝါလ်ပိုလာရာဟုလာသည် ကာလာမသုတ်ကို ဖော်ပြရင်း မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ၊ ၄၇၊ ဝီမံသကသုတ် (စာ–၃၉၂) ကို ကိုးကား၍ ဗုဒ္ဓက ''ဤထက်ပင် လွန်ကဲ၍ ဆိုပေသေး သည်'' ဟု ရေးထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



''တစ်စုံတစ်ယောက်အား မိမိဆရာအဖြစ် လက်ခံ လိုက်နာမည်ဆိုလျှင် တထာဂတကိုပင်သော်လည်း အမျိုးစစ်၊ အဖိုးတန် မှန်–မမှန် ထင်ရှားသိမြင်နိုင်ရန် သေချာစွာစစ်ဆေးစမ်းသပ် လေ့လာသည်'' ဟု ၎င်း၏ ရဟန်းတို့အား မိန့်မြွက်ခဲ့လေသည်။

ဤကိုးကားချက်သည် ဂုရုကြီးရေးပြလိုက်သော မဟာယာန ကျမ်းလာ ရည်ညွှန်းချက်နှင့် ကိုက်ညီလိမ့်မည်ဟု ဖော်ပြရေးသားအကြောင်းကြားခဲ့ရပေသည်။

ထို့နောက် ဂုရုကြီးထံမှ စာပေနှင့်ပတ်သက်၍ အမေးအမြန်းမရှိခဲ့ပေ။ လူကိုယ်တိုင် မြန်မာပြည်သို့ ၃–ကြိမ်ပြန်ရောက် ခဲ့ပြီး ကျွန်တော်နှင့် ပြန်လည်တွေ့ကြရပြီးပေပြီ။ သို့ရာတွင် ထိုအချိန်အခါများက ဂုရုကြီးတွင် တရားဓမ္မဟောပြောပွဲများ၊ ဓမ္မဇောတိတရားဌာနဖွင့်ပွဲများ၊ တရားပြသမှုများဖြင့် လွန်စွာအလုပ်များပြားနေရကားစာပေအကြောင်းအရာ ဆွေးနွေးနိုင်မှုမရှိခဲ့ကြပါ။

သို့ရာတွင် ၁၉၅၅ ခု၊ မတ်လ ၃ ရက်နေ့စွဲဖြင့် ဂုရုကြီးထံမှ တရားစာပေမေးမြန်းချက်တစ်ခု ရရှိခဲ့ပြန်ပါသည်။ မေးမြန်းချက်မှာ ဝိဘင်းကျမ်းအရ ရူပဗြဟ္မာလောကမှ ဗြဟ္မာများတွင် စက္ခု၊ သောတ၊ မနတည်းဟူသော ၃ပါးသော အဇ္ဈတ္တာယတန သာရှိသည်။ သက်ဆိုင်ရာ ရူပ၊ သဒ္ဒနှင့်ဓမ္မတည်းဟူသော ဗဟိဒ္ဓာယတနတို့လည်းရှိကြသည်ဟုဆိုသည်။ ထို့ကြောင့် ထိုဗြဟ္မာကြီးများတွင် ကာယာယတနနှင့် ဖောဋ္ဌဗ္ဗာယတနတို့ မရှိနိုင်ကြောင်း ထင်ရှားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပါလျက် ဝိနယမဟာဝဂ္ဂ၊ ဖြဟ္မာယာစနကထာတွင် သဟမ္ပတိဖြဟ္မာကြီးသည် မြတ်စွာဘုရားအား လာရောက်ဖူးမြော်ရာတွင် သူ၏ ဥတ္တရာသင်္ဂအပေါ်ဝတ်ရုံကြီးကို ပခုံးတစ်ဖက်တင်လျက်၊ ယာဖက်ဒူးကို ထောက်လျက် လက်အုပ်ချီ၍ ရှစ်ခိုးပူဇော်သည်ဟု လာရှိပါသည်။ ဤဖော်ပြချက်အရ ဖြဟ္မာကြီး၌ ရုပ်ခန္ဓာကြီးရှိကြောင်း မှတ်ယူရပါမည်။ ကာယာယတန မရှိဟုဆို သော ဖြဟ္မာကြီးတွင် မည်ကဲ့သို့ ရုပ်ကိုယ်ခန္ဓာကြီး ရှိနိုင်ပေမည်နည်း။ ဤကွဲလွဲချက် ၂ရပ်ကို မည်သို့ဖြေရှင်းရပါမည်နည်း ဟူ၍ အမေးရောက်လာပါသည်။

ဤပုစ္ဆာကြီးကို နာယကချုပ်ဆရာတော်ကပင် လွယ်ကူစွာ အဖြေပေးပါသည်။ကျေးဇူးရှင်ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်္ဂြိုဟ်ဘာသာဋီကာကို အကိုးအကားထောက်ပြပါသည်။ ထိုကျမ်း စာမျက်နှာ ၁၉၇တွင် ဝတ္ထုသင်္ဂဟအဖွင့်၌ "ရူပလော ကေ ပန ယာန ဒိတ္တယံ နတ္ထိ" စသဖြင့် ဂုရုကြီးရှာဖွေနေသောအဖြေကို ပြည့်စုံစွာရေးသားဖော်ပြထားပေသည်။ ဤအဖြေများကို ကူးယူဘာသာပြန်ပြီး ပေးပို့လိုက်ခြင်းဖြင့် ဂုရုကြီး၏ လိုအင်ဆန္ဒကို ဖြည့်စွမ်းပေးနိုင်ခဲ့ပါသည်။

ဤသို့ဖြင့် ဆရာကြီးဦးဘခင်၏ ရည်မှန်းချက်အတိုင်း ဂုရုကြီးဦးဂိုအင်ကာက ကမ္ဘာတဝန်း ဓမ္မအောင်လံ စိုက်ထူနေရာတွင် ကျွန်တော်က သဲတစ်ပွင့် အုတ်တစ်ချပ်အဖြစ် ပါဝင်ကူညီခဲ့ရ၍ များစွာကြည်နူးဝမ်းမြောက်ရပေသည်။

ဃဃဃ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၈

## ဂုရုကြီးဂိုအင်ကာ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိခြင်း။

### (က) ပထမအကြိမ်

### ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ၏ ပြည်တော်ပြန်ခရီး

မြန်မာပြည်တွင်မွေးဖွား၍ မြန်မာပြည်တွင်ကြီးပြင်း ပညာသင်ယူ စီးပွားရေးလုပ်ငန်းကြီးများ လုပ်ဆောင်ခဲ့သူ ဦးဂိုအင်ကာသည် ၁၉၅၅ ခုနှစ်တွင် အင်းယားမြိုင်ကမ္မဋ္ဌာန်း ရိပ်သာကို တည်ထောင်ခဲ့သူ ငွေစာရင်းမင်းကြီး ဦးဘခင်၏ထံတွင် ဝိပဿနာကမ္မဋ္ဌာန်းတရားများ ပွားများသင်ယူခဲ့သည်။ ၁၄ နှစ်ကျော် ဝိပဿနာတရားကို လက်တွေ့လေ့လာ၍ ပရိယတ္တိဆိုင်ရာတို့ကို အထိုက်အလျောက် သင်ယူခဲ့ပြီးနောက် ၁၉၆၉ ခုနှစ်တွင် အိန္ဒိယပြည် ဘုံဘေမြို့တွင်

www.burmeseclassic.com

www.burmeseclassic.com



နာမကျန်းဖြစ်နေသော မိဘနှစ်ပါးအား ပြုစုစောင့်ရှောက်ရန် မြန်မာပြည်မှ ထွက်ခွာသွားခဲ့သည်။

ဦးဂိုအင်ကာသည် ဆရာကြီးဦးဘခင်၏ သြဝါဒကို နာခံ၍ ဘဝတစ်ပါးသို့ မပြောင်းသွားမီအချိန်တွင် မိဘနှစ်ပါးအား အကောင်းမွန်ဆုံး ကုသိုလ်အဖြစ် ဝိပဿနာကမ္မဋ္ဌာန်း တရားပွားများစေခဲ့သည်။ အမွန်မြတ်ဆုံးသော တရားလက်ဆောင်ဖြင့် မိဘများအား ကျေးဇူးဆပ်ခဲ့သည်။ ထို့နောက် ဆွေမျိုးမိတ်ဆွေ အသိုက်အဝန်းများအား မဒရပ်မြို့တွင်လည်းကောင်း၊ ကာလကတ္တားမြို့တွင်လည်းကောင်း၊ ဝိပဿနာတရားများ ဟောပြောပြသခဲ့သည်။ ဗုဒ္ဓဂယာတရားပတ်တွင် နိုင်ငံခြားသား အမြောက်အများသည် ဝိပဿနာကမ္မဋ္ဌာန်း ဘာဝနာကို စမ်းသပ်အားထုတ် လာကြသည်။ ထိုအချိန်မှစ၍ ဝိပဿနာတရားကို အဆက်မပြတ် တောင်းခံလာသောကြောင့် မအားမလပ် သင်ကြားပို့ချပေးခဲ့ရသည်။ အိန္ဒိယပြည် ဘုံဘေမြို့အနီး အီဂတ်ပူရီတွင်လည်းကောင်း၊ ဂျေပူမြို့တွင်လည်းကောင်း၊ ဟိုက်ဒရာဘဒ်မြို့တွင်လည်းကောင်း ကမ္မဋ္ဌာန်းဗဟိုဌာနကြီး သုံးခုဖွင့်လှစ်၍ တရားပြပေးလာရပေသည်။ ထိုမှတစ်ဆင့် နိုင်ငံခြားသားယောဂီများ၏ ဖိတ်ကြားတောင်းပန်မှုကြောင့် အမေရိကန်၊ ကနေဒါ၊ အင်္ဂလန်၊ ဥရောပတိုက်တစ်ဝန်း၊ သြစတေးလျ၊ ဂျပန်နှင့် နောက်ဆုံး ယိုးဒယားနိုင်ငံတို့၌ တရားပတ်သင်တန်းများဖွင့်လှစ်၍ နှစ်လုံးပေါက် လှည့်လည် တရားပြသပေးနေခဲ့ရပေသည်။

ဤသို့ဖြင့် ၁၉၆၉–ခုနှစ်တွင် မြန်မာပြည်မှ ထွက်ခွာခဲ့သော ကမ္ဘာကျော်ကြားနေပြီဖြစ်သော ဝိပဿနာတရားပြဆရာကြီး ဂုရုကြီး ဦးဂိုအင်ကာသည် ၂၁–နှစ်ကြာပြီးမှ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာနိုင်ခဲ့လေသည်။ ၁၉၉၀–ခုနှစ်၊ နိုဝင်ဘာ ၁၉–ရက်နေ့တွင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာသော ဦးဂိုအင်ကာသည်

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကွင်းမှ မိမိ၏ ဆရာသခင်ကျေးဇူးရှင် ဦးဘခင်တည်ထောင်ခဲ့သော အင်းယားမြိုင်လမ်းရှိ အပြည်ပြည်ဆိုင်ရာဝိပဿနာ ကမ္မဋ္ဌာန်းဌာနသို့ တိုက်ရိုက်သွားရောက်၍ ဓမ္မရောင်ခြည် စေတီတော်အားဖူးမြော်ပြီးလျှင် ဆရာကြီးဦးဘခင်၏ ရုပ်ပုံကြီးရှေ့တွင် အချိန်ကြာမြင့်စွာ ဝပ်တွားကော်ရော် ပူဇော်ကန်တော့ခဲ့ပေသည်။

ထို့နောက် သားဖြစ်သူမောင်ရွှေ၏အိမ်သို့ ခေတ္တဝင်ရောက်၍ မြန်မာအဝတ်အစားလဲလှယ်ဝတ်ဆင်ပြီးလျှင် မိသားစုများ၊ ဓမ္မမိတ်ဆွေများ လိုက်ပါလျက် ရွှေတိဂုံစေတီတော်ကြီးကို သွားရောက်ဖူးမြော်ပါသည်။ ရွှေတိဂုံစေတီတော်မှ စကားဝါလမ်းရှိ တိပိဋကနိကာယကျောင်းတော်သို့သွားရောက်၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းဆရာတော် ဘုရားကြီးအား ပူဇော်ကန်တော့ခဲ့ပါသည်။ ဆရာတော်ကြီးက ဝိပဿနာတရားများပြသ၍ သာသနာပြုနေသည်ကိုကြားသိရသဖြင့် ဝမ်းမြောက်တော်မူကြောင်း၊ လက်တွေ့တရားပြသရာတွင် အတိမ်းအစောင်းအမှားအယွင်းမရှိစေရန် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏အဘိဓမ္မသတ္တသရူပ ဒီပနီကျမ်းများကို လည်းကောင်း၊ လယ်တီဆရာတော်ဘုရားကြီး၏ ဒီပနီကျမ်းများကိုလည်းကောင်း လက်စွဲပြု၍ တရားပြသသွားရန် သြဝါဒစကား မိန့်ကြားတော်မူလိုက်ပေသည်။

နိုဝင်ဘာ ၁၉-ရက်နေ့တွင် မြန်မာပြည်သို့ရောက်ရှိပြီး နိုဝင်ဘာလ ၂၉-ရက်နေ့တွင် ပြန်လည်ထွက်ခွာသွားသော ဂုရုကြီးဦးဂိုအင်ကာသည် တိုတောင်းလှသော ၁၀-ရက်ကြာအချိန် ကာလအတွင်း ကုသိုလ်ကောင်းမှုအစုစုကို ပြုလုပ်ဆောင်ရွက် ရုံသာမကဘဲ အောင်မြင်ထိရောက်သော ဝိပဿနာတရားဆိုင်ရာ ဟောပြောပွဲကြီးများ ကျင်းပနိုင်ခဲ့ပေသည်။

နိုဝင်ဘာလ ၂၀၊၂၁၊ ၂၂-ရက် ၃-ရက်ဆက်၍ မဟာပဋ္ဌမ

www.burmeseclassic.com

www.burmeseclassic.com



၈နှို အထိမ်းအမှတ်ခန်းမဆောင်ကြီးတွင်ညနေ ၄း၃၀ မှ ၆း၃၀ ထိ–

(က) ဝိပဿနာတရားဆိုသည်မှာ အဘယ်နည်း။

(ခ) ဝိပဿနာတရားကို အဘယ်ကြောင့် ကမ္ဘာတစ်ဝှမ်းလုံးက လက်ခံကျင့်သုံးကြသနည်း

(ဂ) လူ့ဘောင်လောကတွင် ငြိမ်းချမ်းသာယာအဆင်ပြေစွာနေထိုင်နိုင်ရန် ဝိပဿနာတရားက အဘယ်ကဲ့သို့ အထောက်အကူပြုသနည်း

စသောအကြောင်းအရာများကို အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းပြတ်သားစွာ ဟောပြောခဲ့ပေသည်။ ၃–ရက်စလုံးခန်းလုံးပြည့် တရားနာပရိသတ်များ တက်ရောက်နားထောင်ခဲ့ကြ၍ ဂုရုကြီး၏ ဝိပဿနာဆိုင်ရာ တင်ပြရှင်းလင်းချက်များကို ကျေနပ်နှစ်သက်စွာ လက်ခံခဲ့ကြပါသည်။

ထို့ပြင် ကမ္ဘာအေးမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် နိုဝင်ဘာလ ၂၂–ရက် နံနက် ၈–နာရီမှ ၁၀–နာရီအထိ နာယကချုပ်ဆရာတော်၊ သင်ကြားစီမံဆရာတော်များနှင့် စာသင်သားရဟန်းသံဃာတော် ၃၀၀–ကျော်မျှ ကြွရောက်ကြသော ဟောပြောဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ပေသည်။ အလားတူပင် နိုဝင်ဘာ ၂၅–ရက်နေ့ကလည်း အထက်ပါသံဃာ့ပရိသတ်များအပြင် လူပုဂ္ဂိုလ်ပရိသတ် ၃၀၀–နီးပါးမျှ တက်ရောက်သော ဟောပြောဆွေးနွေးပွဲကြီးတစ်ခုကို ကမ္ဘာအေးကုန်းမြေရှိ မဟာသိမ်တော်ကြီးတွင် ညနေ ၄–နာရီမှ ၅–နာရီခွဲအထိ ကျင်းပနိုင်ခဲ့လေသည်။ ယင်းဟောပြောပွဲနှစ်ခုတွင် ကျွန်တော်က ဘာသာပြန်အဖြစ် ပါဝင်ကူညီပေးခဲ့ရသည်။ ယင်းဆွေးနွေးပွဲကြီး၌ ဂုရုကြီးဂိုအင်ကာက အဓိကတင်ပြဟောကြားသောအကြောင်းအရာမှာ ဗုဒ္ဓဘာသာဝင်မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအား ဝိပဿနာသင်ကြားပြသပေးပုံပေးနည်းနှင့် ကိုးကွယ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဘာသာမတူသူ ကမ္ဘာ့နိုင်ငံပေါင်းများစွာမှ လူမျိုးအသီးသီးအား ဝိပဿနာတရားပြသပေးရပုံတို့ ထူးခြားကွဲပြားရခြင်းအကြောင်းများကို ရှင်းလင်းပြောပြသွားခဲ့ပေသည်။

ဂုရုကြီးဦးဂိုအင်ဂါသည် မြန်မာပြည်သို့ရောက်ခိုက် ရသမျှအချိန်လု၍ ဒါနကုသိုလ်များပြုလုပ်သွားသည်။ နိုဝင်ဘာ ၂၃-ရက်နေ့တွင် သံဃာ့မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် သံလျင်ဆရာတော် ဘဒ္ဒန္တဝဏ္ဏသီရိအမှူးပြုသော သံဃာ့မဟာနာယကအဖွဲ့ဝင်၊ ဆရာတော်ကြီးများ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သင်ကြားစီမံဆရာတော်ကြီးများအား သားဖြစ်သူမောင်ရွှေ၏နေအိမ်သို့ပင့်ဖိတ်၍ ဆွမ်းခဲဖွယ်ဘောဇဉ်များဆက်ကပ်ကာ၊ သက်န်းပရိက္ခရာ အစရှိသော လှူဖွယ်ဝတ္ထုများကို လှူဒါန်းပူဇော်ခဲ့လေသည်။

နိုဝင်ဘာ၂၅-ရက်နေ့တွင်လည်း ရွှေတိဂုံစေတီတော် စီမံကိန်းလုပ်ငန်းကြီးသုံးရပ်အတွက် အလှူတော်ငွေနှစ်သိန်းကျော်ကိုစေတီတော်ရင်ပြင်ရှိ ရောင်တော်ဖွင့်အဆင်းတန်ဆောင်း၌ ဦးဂိုအင်ဂါနှင့် မိသားစုတို့က ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အမှူးပြုသော ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဂုရုကြီးဦးဂိုအင်ကာသည် မိမိဇာတိချက်ကြွေမွေးရပ်မြေဖြစ်သော မန္တလေးမြို့သို့ မရောက်ရောက်အောင်သွားခဲ့သေးသည်။ နိုဝင်ဘာလ ၂၆-ရက်နေ့နံနက်ပိုင်းတွင် လေယာဉ်ပျံဖြင့် မန္တလေးသို့သွားရောက်၍ ခရီးရောက်မဆိုက် ဟိန္ဒူအသင်းအဖွဲ့ မိတ်သင်္ဂဟအပေါင်းနှင့်တွေ့ဆုံပြီး ဟောပြောပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။ ညနေပိုင်းတွင် မန္တလေး နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်တွင် သင်ကြားစီမံဆရာတော်များ၊ စာသင်သားရဟန်းတော်များအား ဖူးမြော်ကန်တော့၍ နိုင်ငံခြားတွင် ဝိပဿနာသာသနာပြုပုံ အကြောင်းအရာများကို ဆွေးနွေးလျှောက်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်တွင် မန္တလေးမြို့မဟာဗောဓိ ကမ္မဋ္ဌာန်းရိပ်သာသို့သွားရောက်ကြည့်ရှုလေ့လာပြီး စစ်ကိုင်းဘက်သို့ကူးကာ၊ ဘုရားများလှည့်လည်ဖူးမြော်၍ ဆရာတော်ကြီးများထံ ဝင်ရောက်ကန်တော့ခဲ့လေသည်။

ရန်ကုန်အပြန်ခရီးတွင် မန္တလေးမြို့မှ မီးရထားဖြင့် ဖြူးမြို့သို့သွားရောက်၍ ဖြူးမှတစ်ဆင့် ကျောက်တံခါး၊ ဇေယျဝတီ၊ ပဲခူးမြို့များသို့ မော်တော်ကားဖြင့် ခရီးဆက်ရသည်။ လမ်းခရီးတစ်လျှောက် အိန္ဒိယအမျိုးသားမိတ်ဆွေများ၊ အသင်းအဖွဲ့များ၏ သောင်းသောင်းဖြဖြ ညှဉ်ခံကြိုဆိုမှုကိုခံယူပြီး နှုတ်ခွန်းဆက် စကားများပြောကြားခဲ့ရပေသည်။ လွန်စွာပင်ပန်းသော ထိုရထားတစ်တန်၊ မော်တော်ကားတစ်လှည့် ခရီးပြင်းကြီးသည် နိုဝင်ဘာ ၂၈–ရက်နေ့ည ၈–နာရီကျော်မှ ပြီးဆုံးခဲ့ပေသည်။

နိုဝင်ဘာ ၂၉–ရက်တွင် ဂုရုကြီးဦးဂိုအင်ကာ မြန်မာပြည်မှ ထွက်ခွာမည့်နေ့ဖြစ်သဖြင့် နံနက်စောစောကပင် နှုတ်ခွန်းဆက်ရန် ညှဉ်ပရိသတ်များရောက်လာကြသည်။ မြန်မာပြည်မှ မိတ်ဆွေဟောင်းများ၊ အိဂတ်ပူရီတွင် တရားထိုင်ခဲ့သော ယောဂီများအား ညှဉ်ဝတ်ကျေပွန်စွာညှဉ်ခံ နှုတ်ဆက်သည်။

လေယာဉ်ကွင်းသို့ ညနေ၃–နာရီအသွားတွင် အင်းယားမြိုင်လမ်းရှိ မိမိ၏ ဝိပဿနာတရားလုပ်ငန်း စတင်ခဲ့သော ဆရာကြီးဦးဘခင်၏ ကမ္မဋ္ဌာန်းရိပ်သာသို့ ဝင်ရောက်ခဲ့လေသည်။ ဓမ္မရောင်ခြည်စေတီတော် တရားလိုဏ်ဂူအတွင်း၌ ရိပ်သာမှ တရားပြဆရာများနှင့်အတူ မြတ်စွာဘုရားအား ပူဇော်ကန်တော့သည်။ ဆရာကြီးဦးဘခင်အား ရည်မှန်း၍ ရှစ်ခိုးကော်ရော် အမှူးပြု၍ မိမိပြုခဲ့သော ဓမ္မဒါနကုသိုလ်ကောင်းမှုအစုစုအတွက် အမျှပေးဝေခဲ့သည်။ ဓမ္မမိတ်ဆွေအပေါင်းကလည်း သာဓုအနုမောဒနာပြုကြသည်။ ၂၁–နှစ်ကြာခွဲခွာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရသော မြန်မာပြည်သို့ တစ်ဖန် တစ်ခေါက် ပြန်လည် ရောက်ရှိခဲ့သော ဂုရုကြီးဦးဂိုအင်ကာသည် ဝမ်းမြောက်ရွှင်လန်း ပီတိတွေဝေဖြာလျက် ပြည်မြန်မာမှ စေတနာ၊ မေတ္တာများကို ယူဆောင်ပြီးလျှင် ကမ္ဘာသို့ ဝိပဿနာ တရားဓမ္မ ဖြန့်ဖြူးရန် ခရီးလမ်းသစ်တစ်ခု စတင် ထွက်ခွာသွား ပြန်ကြောင်း သတင်းကောင်းကို မှတ်တမ်းတင်လိုက်ရပေသည်။

## (ခ) ဒုတိယအကြိမ်
## ဓမ္မဂုဏ်ကျေးဇူးတော်များ

နိုင်ငံတော်က ချီးမြှင့်ပေးအပ်သည့် မဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်ကို ခံယူရန် အပြည်ပြည်ဆိုင်ရာ ဝိပဿနာတရားပြ ဆရာကြီး ဦးဂိုအင်ကာသည် ၁၉၉၂–ခုနှစ်၊ မတ်လ၁၆–ရက် နေ့က မြန်မာနိုင်ငံသို့ ၂–နှစ်အတွင်း ၃–ကြိမ်မြောက်ရောက်ခဲ့ ပြန်ပါသည်။ မတ်လ၁၉–ရက်နေ့တွင် ကမ္ဘာအေးကုန်းမြေ၌ အသစ်ဆောက်လုပ် ဖွင့်လှစ်လိုက်သည့် ဝိဇယမင်္ဂလာ ဓမ္မသဘင် ခန်းမဆောင်ကြီးတွင် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့သည့် ဘွဲ့တံဆိပ်များပေးအပ်ပွဲ အခန်းအနားသို့ တက်ရောက်ခဲ့သည်။ မတ်လ၂၂–ရက်နေ့တွင် ဗိုလ်အောင်ကျော်လမ်းရှိ ဂန္ဓီခန်းမဆောင်ကြီး၌ အလားတူ ဝိပဿနာ တရားဟောပြောပွဲကြီး ထပ်မံကျင်းပခဲ့သည်။ ယင်းတရားပွဲကြီးနှစ်ခု စလုံးသို့ လူထုပရိသတ် ထုးကဲများပြားစွာတက်ရောက်နာယူခဲ့ကြသည်။ အင်္ဂလိပ်ဘာသာဖြင့်ဟောပြောသည့် ဆရာကြီးဦးဂိုအင်ကာ၏ ဟောပြောချက်ကို၊ အဓိပ္ပါယ်မပျက်၊ ကွဲလွဲချက်မရှိ၊ တိကျစွာ နားလည်နိုင်စေရန် လူထုစည်းဝေးပွဲစီစဉ်သူများက မေတ္တာရပ်ခံ ကြသဖြင့် ဘာသာပြန်ဆိုဟောပြောခြင်းတာဝန်ကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်ရင်း ပါဝင်ကုသိုလ်ပြုခဲ့ပါသည်။

ဂန္ဓိခန်းမဆောင် တရားပွဲကြီးကို သနန္တနဓမ္မပါလက အဖွဲ့က ကြီးမှူးကျင်းပရာ လူမျိုးပေါင်းစုံ တက်ရောက်နာယူကြသဖြင့် ခန်းမ ဆောင်ကြီးမှာ ပရိသတ်များလျှံထွက်နေပါသည်။ ဆရာကြီးဦးဂိုအင်ကာ ၏ မော်တော်ကား ဆိုက်ရောက်သည့်တွင် အိန္ဒိယနွယ်ဖွား ပရိသတ်များ က သောင်းသောင်းဖြဖြ ကြိုဆိုကြ၍ ပန်းကုံးစွပ်ခြင်း၊ နဖူးထိပ်၌ ဗိန္ဒုဆေးပြောက်ထိုးမှတ်ခြင်း စသော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း အလိုက် ဂါဝရပြုကြပါသည်။ အခမ်းအနားကို မြန်မာအမျိုးသမီး စာရေးဆရာမကြီးတစ်ဦးနှင့် ကျောင်းအုပ်ဆရာမကြီးတစ်ဦးတို့က ရတုပိုဒ်စုံများရွတ်ဆို၍ ဆရာကြီးဦးဂိုအင်ကာအား ချီးကျူးပူဇော်ဂုဏ်ပြု ကြသည်။ သနန္တန ဓမ္မပါလကအဖွဲ့ကြီး၏ ဥက္ကဋ္ဌကလည်း ချီးကျူး ဂုဏ်ပြုလွှာ ဖတ်ကြားပေးအပ်၍ ပန်းကုံးစွပ်ကာ ဂါဝရပြုပါသည်။ အိန္ဒိယနွယ်ဖွား အမျိုးသမီးလေးများက မင်္ဂလာသုတ်ကို သံပြိုင်ညီညာ ရွတ်ဆို၍ လက်အုပ်ချီကာ ပူဇော်ကြပါသည်။ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့မောင်ကလည်း ၁၉၇၁–ခုနှစ်ကပင် ဘုံဘေမြို့၌ ဦးဂိုအင်ကာ တရားပြသပုံကို တက်ရောက်လေ့လာ ခဲ့ကြောင်း ဗုဒ္ဓဘာသာဝင်မဟုတ်သေးသော တရားသမားများ အား တရားတော်တွင် သက်ဝင်ယုံကြည်အောင် လက်တွေ့ အကျိုးထူး ရနိုင်ပုံများ ရှင်းလင်းပြသ၍ သာသနာပြုနေကြောင်း စသည်ဖြင့် ချီးကျူးဂုဏ်ပြုစကားများ ပြောကြားသွားပါသည်။

အထက်ပါ ပဏာမ အစီအစဉ်များပြီးဆုံး၍ ဆရာကြီး ဦးဂိုအင်ကာ စတင်တရားဟောပြောရာတွင်–

''ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာ တော်များနှင့် ဓမ္မမိတ်ဆွေ အပေါင်းတို့ခင်ဗျား၊ ယခုဟောပြော ပွဲမစမီ ကျွန်ုပ်အား အလွန်အကျူး ချီးကျူးဂုဏ်ပြုကြ၊ လက်အုပ်မိုးကာ

www.burmeseclassic.com

www.burmeseclassic.com



ဂါဝရပြုကြ၊ ပူဇော်ကန်တော့ကြတာမြင်တော့ တစ်ကြိမ်က ကျွန်တော် ရရှိဖူးတဲ့ ကဗျာလေးတစ်ပိုဒ်ကို သွားသတိ ရမိပါတယ်'' ဟု အစချီကာ ကဗျာတစ်ပိုဒ်ကို ရွတ်ဆိုပြပါသည်။ ထို့နောက် ကဗျာကလေး၏ အဓိပ္ပါယ်ကို ရှင်းလင်းပြောကြားရာတွင်–

ကဗျာက အိန္ဒိယတွင် နတ်ဘုရားလှည့်လည်ပူဇော်ခံယူပုံအကြောင်းပါ။ အိန္ဒိယပြည် အထူးသဖြင့် အရှေ့ပိုင်းနှင့် တောင်ပိုင်းနယ်မြေများတွင် နှစ်စဉ်သူ့ရာသီ၊ သူ့အချိန်အတိုင်း နတ်ဘုရားလှည့်လည်ပူဇော်ခံပွဲ ပြုလုပ်လေ့ရှိပါတယ်။ အဲဒီလို ပူဇော်ပွဲလုပ်ပုံမှာ သက်ဆိုင်ရာ အဖွဲ့အစည်း ဘုရားကျောင်းလူကြီးများက မိမိတို့ယုံကြည်ကိုးကွယ်ပူဇော်သော နတ်ဘုရားရုပ်တုတော်ကြီးကို သယ်ယူသွားမည့် ယာဉ်ကြီးပေါ်တင်၍ လှည့်လည်သွားနေကျ ခရီးကြောင်းအတိုင်း ပင့်ဆောင်ကြပါတယ်။ ယာဉ်ကြီးပေါ်မှ နတ်ဘုရားရုပ်တုကြီးကို အမွှေးနံ့သာ၊ ပန်းစည်း၊ ပန်းကုံး၊ ဆီမီးများဖြင့် အထူးတလည်ပူဇော်လျက် ယာဉ်ရထားကြီးကိုလည်း အထူးမွမ်းမံခြယ်လှယ် ပြုပြင်ဆင်သလျက် ရှေ့နောက် ဝဲယာပရိသတ်များစွာဖြင့် သယ်ဆောင်လာကြပါတယ်။ လမ်းတစ်လျှောက်တွင် သတ်မှတ်ထားသောနေရာများ၌ ယာဉ်ရထားကြီးကို ရပ်တန့်၍ အပူဇော်ခံယူတော့ ပရိတ်သတ် အားလုံး မြေကြီး၌ ပြားပြားဝပ် အလျားမှောက်၍ ယာဉ်ရထားပေါ်မှ နတ်ဘုရားဆင်းတုရုပ်ကြီးကို ရှိခိုးပူဇော်ကန်တော့ကြပါတယ်။

''အဲဒီမြင်ကွင်းကို ကဗျာဆရာကြီးက ဖော်ပြပြီး မြေထုကြီးက ''ငါ့ကို လူအပေါင်းက ရိုသေမြတ်နိုးရှိခိုးကြပေတယ်'' ဟု ကျေနပ်နေပေလိမ့်မယ်။ ယာဉ်ရထားကြီးကလည်း ''ငါ့ရဲ့ အသွင်သဏ္ဌာန်ဟာ ခန့်ညားသိုက်မြိုက်၊ ထည်ထည်ဝါဝါရှိလို့ ငါ့ကိုပူဇော်ကန်တော့ကြတာပဲဟု ယုံကြည်ပြီး ပီတိဖြစ်ပေလိမ့်မည်။ ယာဉ်ရထားပေါ်က နတ်ဘုရားရုပ်ကြီးကလည်း ''လူတွေက ငါ့ကိုရိုသေမြတ်နိုးကြတယ်။ ကြည်ညို

www.burmeseclassic.com

www.burmeseclassic.com



လေးစားကြတယ်။ ဒါကြောင့် ရှိခိုးကော်ရော် ပူဇော်ကြပေတာပဲ'' ဟု ယူဆပြီး သဘောကျနေပေလိမ့်မယ်။ အဲဒီလိုကိုယ့်အတွေးနှင့်ကိုယ် ဘဝင် မြင့်နေကြသော်လည်း အမှန်ပူဇော်ခံထိုက်သည့် ဓမ္မကတော့ သူတို့ကိုကြည့်ပြီး ရယ်သွမ်းသွေးနေလေတော့သတဲ့။

အဲဒီလိုကဗျာဆရာကြီးတဂိုးရဲ့ ကဗျာလေးကို သတိရပြီး အခုလည်းကျွန်တော့်ကို ခရီးရောက်မဆိုက် ကြိုဆိုဂုဏ်ပြုချီးကျူး ထောမနာပြုကြတာကို ဒီရုပ်နာမ် ခန္ဓာကိုယ်မျှသာဖြစ်တဲ့ ဂိုအင် ကာက သာယာနှစ်သက်စုံမက်မိလိုက်ရင်ဖြင့် ဂုဏ်ကျေးဇူးတော်အပေါင်း နှင့် ပြည့်စုံသည့် ဓမ္မကအပြုံးကြီးပြုံးနေလိမ့်မယ်ဟု သတိသမ္ပဇဉ်ဉာဏ် နှင့် ယှဉ်ပြီးတွေးလိုက်မိပါတယ်။ အမှန်စင်စစ် ကျွန်တော်ဟောပြော ပြသနေတဲ့ တရားစစ်တရားမှန် ဓမ္မကသာလျှင် လူအပေါင်းတို့၏ ပူဇော်ခြင်းကို ခံယူထိုက်ပါတယ်။

ထို့နောက် ဦးဂိုအင်ကာက ဆက်လက်၍ ''ဒီနေရာမှာ ဓမ္မ ဆိုတဲ့ ဝေါဟာရရဲ့အနက်အဓိပ္ပါယ်ကို ရှေးဦးစွာ ရှင်းလင်းပြလိုပါတယ်'' ဟူ၍ အစချီကာ ဝိပဿနာတရားလုပ်ငန်းစဉ်အကြောင်း တရား အားထုတ်၍ လက်တွေ့ငြိမ်းချမ်းမှုရနိုင်ကြောင်း စသည်တို့ကို တစ်နာရီခွဲ နီးပါး ဟောပြောပြသသွားခဲ့ပါသည်။ ဆရာကြီးဦးဂိုအင်ကာက အင်္ဂလိပ် ဘာသာဖြင့် ပြောပြသမျှ အကြောင်းအရာအားလုံးကို ကျွန်တော်က အနက်အဓိပ္ပါယ်မပျက် တစ်သဝေမတိမ်းမြန်မာဘာသာဖြင့် ပြန်လည် ရှင်းလင်း တင်ပြခဲ့ရပါသည်။

တရားပွဲအပြီး အပြန်ခရီး၌ မော်တော်ကားပေါ်တွင် ဆရာကြီး ဦးဂိုအင်ကာ သူ့ဇနီးနှင့် ကျွန်တော်တို့ သုံးဦးသာပါရှိပေရာ ကျွန်တော် က ဒေါက်တာတဂိုး၏ ကဗျာလေးနှင့် တရားပွဲစလိုက်ပုံ အတော် အဆင်ပြေကြောင်း ပြောပြလိုက်မိသည်။ ဦးဂိုအင်ကာက တမင် အဆင်ပြေအောင် ဖန်တီးလိုက်တာတော့မဟုတ်ပါဘူး ဦးကိုးလေး။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တရားတော်၏ ဂုဏ်ကျေးဇူးတော်ဟာ အတိုင်းအဆမရှိ အလွန်ကြီးမားကြောင်း၊ ကျွန်တော့်စိတ်တွင် အစဉ်စွဲမြဲကိန်းအောင်းနေလို့ အလိုအလျောက် နှုတ်ကထွက်ပေးလာတာပါပဲ။ အမှန်ပဲ ဦးကိုလေး။ တရားတော်၏ ဂုဏ်ကျေးဇူးတော်ဟာ အကာလိကော – အချိန်မရွေး အကျိုးရရှိသုံးဆောင်နိုင်တယ်။ နောက်ဘဝ နောက်ဘဝတွေ စောင့်နေစရာမလိုဘူး။ သန္ဒိဋ္ဌိကော – မျက်မှောက်ကိုယ်တိုင် ခံစားနိုင်တယ်။ ဧဟိပဿိကော – ဟုတ်မဟုတ် မှန်မမှန် လာရောက်စစ်ဆေးကြည့်ရှုပါဟု ရဲရဲဝံ့ဝံ့ဖိတ်ကြားနိုင်တယ်။ ဒီလို စစ်မှန်ပြီး ဖြူစင်တဲ့တရားတော်ရဲ့ ဂုဏ်ကျေးဇူးတော်တွေကို တရားနာရ၊ စာမှာဖတ်ရလို့ သိရှိရတာ မဟုတ်ဘူး။ ကိုယ်တိုင်ပဲ အချိန်မရွေး နေရာမရွေးတွေ့ရှိတော့ ကျွန်တော့်သန္တာန်မှာ ဒီဂုဏ်ကျေးဇူးတော်တွေအကြောင်း အစဉ်ပေါ်နေတာပဲ။ ဥပမာလေးတစ်ခုကို ကျွန်တော်ပြောပြမယ်''ဟု အစချီကာ အောက်ပါကိုယ်တွေ့ အကြောင်းအရာတစ်ခုကို စိတ်ဝင်စားဖွယ် ပြောပြသွားပါသည်။

''လွန်ခဲ့သော ၂–နှစ်လောက်က သီရိလင်္ကာနိုင်ငံကို ရောက်တယ်။ သီရိလင်္ကာနိုင်ငံ သမ္မတကြီးနှင့်တွေ့တော့ သူက 'ဝိပဿနာတရား လုပ်ငန်းရဲ့ လက်တွေ့အကျိုးကျေးဇူးများ၊ အိန္ဒိယပြည်မှာ အကျဉ်းထောင်မှ အကျဉ်းသမားများ၊ ရဲဌာနများမှ ရဲအရာရှိ ရဲအမှုထမ်းများ၊ အစိုးရဌာနအသီးသီးမှ ဝန်ထမ်းများကို လက်တွေ့ဝိပဿနာတရား ပြသပေးခြင်းဖြင့် စာရိတ္တကောင်းမွန်၍ လူသစ်စိတ်သစ် ဘဝသစ်သို့ ရောက်ရှိသွားကြပုံ၊ တာဝန်အသီးသီး ထမ်းရွက်ရာတွင် ပိုမိုထက်မြက် စွမ်းဆောင်လာနိုင်ပုံအကြောင်းကို ဖတ်ရှုရကြောင်း၊ အဲဒါတွေ တကယ့်အဖြစ်အပျက် အမှန်ပဲလား။ သီရိလင်္ကာနိုင်ငံမှာရော အဲဒီလို တရားပြသပေးလျှင် ဖြစ်နိုင်မလား စသည်ဖြင့် ယုံရခက်ကြီးပဲဆိုသလို သဘောနှင့် မေးမြန်းပါတယ်။' ကျွန်တော်က

www.burmeseclassic.com



'သမ္မတကြီး၊ ဆွေးနွေးမေးမြန်းရုံနှင့် မကျေနပ်ပါနှင့်၊ လက်တွေ့အကျိုး ကျေးဇူးရ၊မရ လူဆိုး၊လူသွမ်းက လူကောင်းသူကောင်းဖြစ်လာ၊ မလာ အဘက်ဘက်မှ ကောင်းမွန်လာ၊မလာ လက်တွေ့စမ်းသပ် ကြည့်ပါ။ သမ္မတကြီးကိုယ်တိုင် ဦးဆောင်ပြီး ဝိပဿနာတရား ထိုင်ကြည့်ပါ။ ကိုယ်တိုင်သိလာပါလိမ့်မယ်။ အိန္ဒိယပြည်မှာ လက်တွေ့အကျိုးများ ဖြစ်ပေါ်လာသလို ဒီနိုင်ငံမှာလည်းရရှိ ကြောင်း တွေ့ရမှာပါ' ဟု ဖော်ပြသည်ကော ဂုဏ်တော်ကို ကောင်းစွာအားကိုးပြီး သမ္မကြီးကို ကျွန်တော်က ဖိတ်ကြားလိုက်ပါတယ်။

'သမ္မကြီးက ကျွန်တော့်ဖိတ်ကြားချက်ကို လက်ခံပြီး ယောဂီ ၂၅၀-အတွက် တရားတစ်ပတ်စခန်းဖွင့်ရန် အစီအစဉ် လုပ်ခိုင်းပါတယ်။ သမ္မတကြီးကိုယ်တိုင်ပါဝင်ပြီး အစိုးရဌာန အကြီးအကဲများနှင့် ဝန်ထမ်းများ ပေါင်း၂၅၀-တရားထိုင်နိုင်ရန် အစီအစဉ်လုပ်ရန်မှာ မလွယ်ကူပါ။ သင့်တော်တဲ့ နေရာထိုင်ခင်းရှာရသည်မှာ ခက်ခဲရကာ အချိန်အတော်ကုန်လွန်သွားခဲ့ရပါသည်။ နောက်ဆုံးတော့ ကိုလံဘို အနီးနားမှာ ဘယ်နေရာမှ သမ္မတကြီးအတွက် တရားစခန်းဖွင့်ရန် မသင့်လျော်လို့ ကိုလံဘိုမြို့လယ်ရှိ လူ၂၅၀-ဆန့် ပထမတန်း ဟိုတယ်ကြီးတစ်ခုလုံးကို ၁၀-ရက်လုံးလုံး ငှားရမ်း၍ တရားစခန်းဖွင့်ရန် စီစဉ်ကြရတယ်။ အဲဒီဟိုတယ်တွင် တရားစခန်းဖွင့်ရန် ကုန်ကျစရိတ် သီရိလင်္ကာသုံးငွေ ၁၅-သိန်းကျော်ကို သီရိလင်္ကာအစိုးရက ကုန်ကျ စရိတ်ထုတ် ကုသိုလ်ပြုခဲ့ပါတယ်။ တရားတစ်ပတ်အောင်မြင်စွာ ပြီးဆုံး ခဲ့ပါတယ်။ သမ္မတကြီးက 'မိမိမမျှော်လင့် မထင်မှတ်ခဲ့တဲ့ လက်တွေ့ အကျိုးကျေးဇူးများ ဝိပဿနာကမ္မဋ္ဌာန်းလုပ်ငန်းမှ ရရှိနိုင်ကြောင်း ကိုယ်တွေ့ သိရပါပြီ' ဟု ရွှင်လန်းဝမ်းမြောက်စွာ ပြောကြားပါသည်။

'သီရိလင်္ကာနိုင်ငံမှ ပြည်လည်ထွက်ခွာလာခါနီး လေယာဉ် ကွင်း အဆင်းတွင် သမ္မတကြီးရဲ့အိမ်တော်ကိုဝင်၍ နှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



ဂါရဝပြုပါတယ်။ လေယာဉ်ပျံက ညနေ ၆–နာရီတွင် ထွက်မည်ဖြစ်ရာ ကိုလံဘိုမြို့မှ လေဆိပ်သို့ညနေပိုင်း ကားအသွားအလာများချိန်တွင် အနည်းဆုံး ၁–နာရီကြာမှာ ဖြစ်ပါတယ်။ သမ္မတအိမ်တော်မှ နောက်အကျဆုံး ၅–နာရီ ထွက်နိုင်မှ လေယာဉ်ပျံမီနိုင်မှာပါ။ ဒါပေမယ့် သမ္မတကြီးက ဝိပဿနာတရား အကျိုးတော်များ လက်တွေ့တွေ့ရလို့ တရားတော်ကို ဆတက်ထမ်းပိုး ယုံကြည်သဒ္ဓါပွားလာကြောင်း၊ တရားပတ်တက်ရောက်ခဲ့ကြတဲ့ အရာရှိကြီးငယ်တို့ကလည်း သူတို့၏ ဘဝလမ်းကြောင်းများ ကောင်းရာဘက်သို့ ပြောင်းလဲသွားပြီး ဖြစ်ကြောင်း စသည်ဖြင့် တရားတော်၏ လက်တွေ့ကျေးဇူးများကို ဝမ်းမြောက်ဝမ်းသာ ပြောပြနေပါတယ်။ အချိန်က ၅ နာရီကျော်လာပြီ။ ကျွန်တော့်မှာ အခြားနေရာဌာနများတွင် တရားပတ်ရှိနေသဖြင့် အဲဒီလေယာဉ်ပျံမမီလို့ မဖြစ်ပါ။ သမ္မတကြီးကလည်း စကားမပြတ်ဖြစ်နေတုန်း သူ၏ ကိုယ်ရံတော်အရာရှိက ဝင်ရောက်လာပြီး ဂုရုကြီးဂိုအင်ကာ လေဆိပ်ကိုဆင်းချိန် ရောက်လာပြီဖြစ်ကြောင်း၊ ယခုပင် ညနေပိုင်းယာဉ် အသွားအလာများလာပြီဖြစ်ကြောင်း ပြောပြပါတယ်။ သမ္မတကြီးက အေးဆေးစွာပင် ပြောလက်စစကားပြီးအောင်ပြောပြီး နာရီကိုကြည့်သောအခါ ၅–နာရီခွဲကာနီးနေပါပြီ။ သူ့ကိုယ်ရေးအရာရှိအား သူ၏ရာထူးအရစီးသော မော်တော်ယာဉ်ကို အမှတ်အသားအလံ အပြည့်အစုံတပ်ဆင်၍ အသင့်ပြင်ထား၊ ရှေ့ဆောင်လမ်းပြရဲအစီအစဉ်ကိုလွှတ်ပြီး လမ်းရှင်းထားရန် အမိန့်ပေးလိုက်ပြီး အိမ်တော်အောက် မော်တော်ကားအရောက် ကျွန်တော့်အား လိုက်ပို့နှုတ်ဆက်ပါတယ်။ သမ္မတအိမ်တော်မှ အဆောင်အယောင်အပြည့်ဖြင့် ထွက်လာတဲ့ သမ္မတကြီး စီးနင်းနေကျယာဉ်တန်းအုပ်စုဟာ လမ်းဘေးဝဲယာမှာ ဆိုက်ကပ်ဖယ်ထားကြတဲ့ ကားတန်းကြီးကို အရှိန်ပြင်းစွာဖြင့် ဖြတ်ကျော်၍ လေယာဉ်ကွင်းဆီသို့ တစ်ဟုန်ထိုး မောင်းနှင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သမ္မတကြီးကားပေါ်တွင် စီးနင်းလိုက်ပါလာသူမှာ သူတို့၏ နိုင်ငံတော် အကြီးအကဲသမ္မတကြီးမဟုတ်ဘဲ ဝိပဿနာတရားပြဆရာ ဦးဂိုအင်ကာ သာဖြစ်ကြောင်း မည်သူမျှ ရိပ်စားမိကြမည်မဟုတ်ပါ။ မိနစ် ၂၀-မောင်းရုံဖြင့် လေးယာဉ် ကွင်းသို့ ချောမောစွာရောက်ရှိပြီး ၁၀မိနစ်မျှပင် အချိန်ပိုရပါသည်။ လေယာဉ်ကွင်းသို့ သူ၏ဧည့်သည်တော် ဂုရုကြီး ဂိုအင်ကာမရောက်လာမချင်း လေယာဉ်မထွက်ရန် သမ္မတကြီးက အမိန့်ပေးပို့ထားကြောင်း လေယာဉ်ကွင်းရောက်တော့မှ သိရပါတယ်။

"အဲဒီကိုယ်တွေ့ အကြောင်းကို စဉ်းစားကြည့်စမ်းပါ။ ကျွန်တော်က ဘာရာထူး ဘာဂုဏ်မျှမရှိ သာမန်လူပုဂ္ဂိုလ် တစ်ယောက် ပဲမဟုတ်လား။ သီရိလင်္ကာနိုင်ငံရဲ့ သမ္မတကြီးက ကျွန်တော့်ကို ပြုစု စောင့်ရှောက်ကူညီလိုက်တာဟာ ကျွန်တော့်ကိုယ်ပိုင်ဂုဏ်အရည်အချင်း တွေကြောင့် မဟုတ်ပါဘူး။

တရားတော်၏ ဂုဏ်ကျေးဇူးတော်တွေကြောင့်ပါ။ လူပေါင်း ၂၅၀- ခံစားခဲ့ကြတဲ့ လောဘ၊ ဒေါသ၊ မောဟ မီးတွေ အေးငြိမ်းတန် သမျှ အေးငြိမ်းအောင် ငြိမ်းသတ်ပြီး သူတို့၏ ကိလေသာအညစ်အကြေး ဒုက္ခဆင်းရဲတွေကို ဝိပဿနာရေစင်နှင့် သန့်ရှင်းစေ၍ လက်တွေ့ သက်သာစေခဲ့တဲ့ စေတနာဟာ အခုကျွန်တော်၏ တဒင်္ဂ သောက စိုးရိမ်မှုကို အေးချမ်းသွားအောင် လက်တွေ့အကျိုးပေးလာတယ် မဟုတ်လား။ ကျွန်တော်တော့ ဒီအတိုင်းယုံကြည်ပါတယ်။"

ဂုရုကြီး ဂိုအင်ကာသည် ထိုမတ်လ ၂၂-ရက်ည ၉-နာရီခန့် တွင် ကျွန်တော့်အား နှုတ်ဆက်၍ ခွဲခွာသွားခဲ့ပါသည်။ နောက်တစ်ရက် နံနက်ချိန်တွင် မင်္ဂလာဒုံမှ ဗန်ကောက်သို့ လေယာဉ်ဖြင့်ခရီးထွက်၍ ဗန်ကောက်မှတစ်ဆင့် ထိုနေ့ညတွင် ဘုံဘေသို့ ခရီးဆက်ရန်ဖြစ် ပါသည်။ မတ်လ ၂၇-ရက်နေ့ နံနက်စောစောတွင် ဗန္ဓုလကုမ္ပဏီများ ဖွင့်လှစ်၍ စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသော ဂုရုကြီးဦးဂိုအင်ကာ၏

www.burmeseclassic.com

www.burmeseclassic.com



သား ဦးမောင်ရွှေထံ တယ်လီဖုန်းဆက်၍ သတင်းမေးလိုက်ပါသည်။

ဦးမောင်ရွှေက မနေ့ည ၂၃–ရက် ၉–နာရီခွဲမှာ ဘုံဘေသို့ ဂုရုကြီးနှင့်ဇနီး ချောမောစွာ ပြန်လည်ရောက်ရှိသွားကြောင်း ပြောပြပါသည်။ ကျွန်တော်က အခုလိုအခက်အခဲမရှိ အဆင်ပြေစွာအချိန်မီ ဓမ္မဂီရိသို့ ရောက်သွားတာသိရလို့ ဝမ်းသာကြောင်းပြောပြရာ ဦးမောင်ရွှေက "မမျှော်လင့်တဲ့အခက်အခဲ တစ်ခုဒုတော့ ဖေဖေတို့ ဗန်ကောက်လေဆိပ်မှာ တွေ့ခဲ့ရသေးသတဲ့။ ဒါပေမယ့် တရားတော်ရဲ့ ဂုဏ်ကျေးဇူးကြောင့် အားလုံးအဆင်ပြေသွားခဲ့ပါတယ်"ဟု အစချီပြီး အောက်ပါအတိုင်း ဖြစ်ပျက်ကိုပြောပြပါသည်။

"ကျွန်တော်က ဖေဖေတို့ ဓမ္မဂီရိကို ၂၄–ရက်နေ့ ပြန်ရောက်မှဖြစ်မယ်ဆိုရာသိထားပါတယ်။ တကယ်တော့ ဓမ္မဂီရိမှာ တရားတစ်ပတ်စနေပါပြီ။ ဘွဲ့တံဆိပ်ခံယူပွဲကိုမလာရင် ဖြစ်မလားလို့တောင်မေးလို့၊ ကျွန်တော်အန်ကယ်ဆီ အကြံဉာဏ်တောင်းသေးတာပဲ။ အန်ကယ်ကနိုင်ငံတော်အစိုးရ အထူးပုဂ္ဂိုလ်ကြီးအနေဖြင့် ချီးကျူးဂုဏ်ပြုတာကို ဆက်ဆက်တက်ရောက်မှ ဖြစ်မယ်ဆိုတာကို ကျွန်တော်ပြောပြပြီး မြန်မာသံအမတ်ကြီး၏ ကိုယ်တိုင်ပြောပြချက်ကိုလည်း လေးစားဂရုပြုလို့ တရားပတ်ကိုထားခဲ့ပြီး မြန်မာပြည်လာခဲ့ရတာ၊ဒီလိုတရားပတ်ပျက်ရတဲ့ကိစ္စ ဘယ်တုန်းကမှ ဖေဖေမလုပ်ခဲ့ဖူးဘူး။ ဒါကြောင့် ကျွန်တော်က အသွားအပြန် လေယာဉ်လက်မှက်ယူခဲ့တဲ့ ဘုံဘေက လေယာဉ် ကိုယ်စားလှယ်ကို ၂၃–ရက်နေ့ ညထွက်မဲ့ ဗန်ကောက်ဘုံဘေ လေယာဉ်ပျံကို ရမှဖြစ်မယ်။ မရလျှင် အခြားအစီအစဉ်လုပ်မယ်ပြောပြီး သေသေချာချာ အာမခံမှ လေယာဉ်လက်မှတ်ဝယ်ခိုင်းလိုက်တာပါ။ အဲဒါဖေဖေတို့ မင်္ဂလာဒုံက ၂၃–ရက်နေ့ စောစော မြန်မာလေယာဉ်နှင့်ဗန်ကောက်ရောက် လေယာဉ် ကုမ္ပဏီရုံးသွားပြီး ရှေ့ခရီးစဉ်အတွက် လက်မှတ်လဲတော့ ဒီည ထွက်မယ့် ဗန်ကောက်–

www.burmeseclassic.com

www.burmeseclassic.com



ဘုံဘောလေယာဉ်မှာ သူတို့နာမည်မပါဘူး။ ဘုံဘောက ညွှန်ကြားချက် မရခဲ့ဘူးလို့ပြောတော့ ဖေဖေ့အတွက် စိတ်အိုက်သွားတယ်။ ခါတိုင်း တော့ကျွန်တော့ညီက ဗန်ကောက်လေဆိပ်မှာကြိုပြီး အစစအရာရာ စီစဉ်ထားတယ်။ အခုတော့သူလဲ နေမကောင်းလို့မလာနိုင်ဘူး။ ဒါကြောင့် ကျွန်တော်လည်း သေသေချာချာအစီအစဉ်လုပ် အာမခံချက် ရလို့ ဖေဖေတို့ ၂–ယောက်တည်း လွှတ်လိုက်တာပါ။ ဖေဖေလည်း အတော်အကြံအိုက်သွားမှာပဲ။

အဲဒါနှင့် လေယာဉ်ရုံးက အပြင်ထွက်လာပြီး ရှေ့ဘယ် လိုဆောက်ရွက်ရမလဲလို့ စဉ်းစားနေတုန်း၊ ထိုင်းအမျိုးသားအရာရှိ တစ်ယောက် ရုတ်တရက် သူ့အနားရောက်လာပြီး ဘယ်ကိုကြွ မလို့လဲ၊ ကျွန်တော်က မနှစ်ကနွေလမှာ ဗန်ကောက်မှာ ဂုရုကြီး ကြပ်မတ်ပို့ချ ပေးတဲ့ ဝိပဿနာတရားစခန်းကို တက်ခဲ့တဲ့သူပါ။ ဂုရုကြီးကတော့ ကျွန်တော့်ကိုမှတ်မိမှာမဟုတ်ပါဘူး။ ကျွန်တော်ကတော့ ဂုရုကြီးကျေးဇူး များကို တစ်သက်မမေ့တဲ့ တပည့်တစ်ယောက်ဖြစ်ခဲ့ပါတယ်။ အခု ဂုရုကြီး ဘယ်လိုအကူအညီ လိုပါသလဲ။ လိုတဲ့အကူအညီပြောပါ၊ ကျွန်တော်အားလုံး စီစဉ်ဆောင်ရွက်ပေးပါမယ်လို့ အံ့ဩစရာ မမျှော်လင့် ဘဲ ပြောလာသတဲ့။''

ဖေဖေက သူ့အခက်အခဲကို ပြောပြလိုက်တော့ ဒီကိစ္စ အတွက်မပူပင်ပါနှင့်။ ကျွန်တော့်ကို လက်မှတ်တွေပေးပါ။ ကျွန်တော် အားလုံးဆောင်ရွက်ပေးပါမယ်။ ဂုရုကြီးစိတ်အေးလက်အေးသာနား နေပါတော့ဟု ပြောပြီး အထူးခန်းမဆောင်ကို ခေါ်ဆောင်သွားပြီး ပြုစုစောင့်ရှောက်ထားသတဲ့။ ညလေယာဉ် ထွက်ခါနီးအချိန်မှာ သူ ကိုယ်တိုင်လာခေါ်ပြီး လေယာဉ်ပေါ် အရောက်လိုက်လံပို့ပေးသတဲ့။

ယင်းကဲ့သို့ ဂုရုကြီး ခရီးသွားအခက်အခဲ ပြေလည်သွား ပုံအကြောင်းကို ကြားသိရသောအခါ ဦးဂိုအင်ကာက မခွဲခွာမီ

www.burmeseclassic.com

www.burmeseclassic.com



ပြောကြားခဲ့သော လေးနက်သည့်စကားကို ပြန်လည်သတိရမိတော့သည်။ တရားတော်၏ ဂုဏ်ကျေးဇူးများကား အကာလိကော၊ သန္ဒိဋ္ဌိကော စစ်မှန်လှပေ၏။ ဗန်ကောက် လေယာဉ်ရုံးတွင် များပြောင်လှသောခရီးသွားများ ကြိတ်ကြိတ်တိုး လှုပ်ရှားသွားလာနေကြသည်။ ကိုယ့်ကိစ္စကိုယ်ဆောင်ရွက် နေကြစဉ် အသက်အရွယ်ကြီးသော ခရီးသွား ၂-ဦးအား သူလိုငါလို ခရီးသည် တွေပဲဟု မည်သူကမျှ အထူးဂရုပြုမိကြမည် မဟုတ်ပါ။ ဤကဲ့သို့ အချိန်အခါတွင် လွန်စွာလိုအပ်နေသော အကူအညီကို ထိထိရောက်ရောက် ပေးစွမ်းဆောင်ရွက်နိုင်သူတစ်ဦး မိုးပေါ်မှ ကျရောက်လာဘိသကဲ့သို့ ရုတ်တရက်ပေါ်ပေါက်လာပြီး ဦးဂိုအင်ကာအား အကူအညီပေးလိုက်ခြင်းသည် တရားတော်မြတ်၏ ဂုဏ်ကျေးဇူးများသာဖြစ်ပေ၏ဟု ဆင်ခြင်သုံးသပ်မိရပြန်ပါသည်။

## (ဂ) တတိယအကြိမ်

### စစ်ကိုင်းတောင်ရိုး၊ သီတဂူဓမ္မဝိမာန်၌ ဆရာကြီး ဦးဂိုအင်ကာ၏ ဟောပြောချက်။

၁၃၅၅-ခု၊ သီတင်းကျွတ်လဆန်း ၉-ရက် (၁၉၉၄-ခု၊ အောက်တိုဘာလ ၂၄-ရက်)

ရှေးဦးစွာ သီတဂူဆရာတော် ဦးဉာဏိဿရက မင်္ဂလဆုတောင်းဂါထာရွတ်ပြီး ရှစ်ပါးသီလ ချီးမြှင့်ပါသည်။ ထို့နောက် အခန်းအနားမှူး၏လျှောက်ထားချက်အရ ဆရာတော်က တောင်ရိုးပျော် သူတော်စင်အပေါင်းနှင့် ဆရာကြီး ဦးဂိုအင်ကာကို မိတ်ဆက်ပေးတော်မူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးဂိုအင်ကာက နမောတဿရှတ်ဆိုပြီး မြန်မာဘာသာဖြင့် ဆရာတော်နှင့် သီလရှင်သူတော်စင် အပေါင်းကို မြန်မာဘာသာဖြင့် တရားမဟောနိုင်သည်ကို ရှက်မိကြောင်းဝန်ခံပြီး အင်္ဂလိပ်ဘာသာဖြင့် တရားဟောခွင့်ပြုပါရန် တောင်းပန်ကာဟောကြားပါသည်။

ဆရာတော် သံဃာတော်အရှင်မြတ်များ၊ သီလရှင်ဆရာ ကြီး ဆရာလေးများနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့ခင်ဗျား။ ကျွန်တော်မွေးဖွားရာ အမိမြန်မာပြည်ကို တစ်ဖန်ပြန်လာရောက်နိုင်တဲ့အတွက် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ ဆရာတော် အရှင်သံဃာတော်မြတ်များနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့နဲ့အတူတကွ ဒီလိုတွေ့ဆုံရတဲ့အတွက် အထူးဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

မိတ်ဆွေတွေ ပရိသတ်တွေကမကြာမကြာမေးကြပါတယ်။ ကျွန်တော်အခုလို ကမ္ဘာလှည့်ပြီးတော့ကို သာသနာပြုလုပ်ငန်း တရားဓမ္မပြသတဲ့လုပ်ငန်း ဘယ်လိုအောင်မြင်ပြီးတော့ကို ဘယ်လိုအကျိုးသက်ရောက်နေတယ်ဆိုတဲ့အကြောင်းကို မကြာမကြာပေးကြပါတယ်။ အမေးခံရပါတယ်။ ကျွန်တော်ကိုယ်တိုင်ကိုကပဲ အစတုန်းကတော့ ဒီသာသနာပြုလုပ်ငန်းမှာ ဒီလောက်အောင်မြင်လိမ့်မယ်ဆိုတာကို ယုံကြည်ခြင်းမရှိခဲ့မိပါဘူး။ ပြန်လှန်သုံးသပ်ကြည့်တဲ့အခါမှာ ဒီကဲ့သို့အောင်မြင်ရတဲ့ အကြောင်းအရင်းဟာ ဂေါတမမြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာတော်တွေရဲ့ အကြောင်းကြောင့်သာလျှင် ဒီလိုအောင်မြင်မှုရတယ်ဆိုတာကို ပြန်လည်သုံးသပ်မိပါတယ်။ မြတ်စွာဘုရားရဲ့ တရားတော်ဟာ အလွန်ကောင်းမွန်စွာဟောကြားထားတဲ့အပြင် အကျိုးတရားကိုလည်း လက်တွေ့ ဖြစ်ထွန်းစေတဲ့အတွက် ကမ္ဘာအရပ်ရပ်က လက်တွေ့ကိုလိုလားတဲ့ ပရိသတ်များအတွက်အလွန်နှစ်ခြိုက်တဲ့တရားဖြစ်တယ်ဆိုတာတွေ့နေကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်းပဲ ပထမစပြီးတော့ကို ဆယ်ရက်တစ်ပတ် တရားလုပ်ငန်း တရားပြသတဲ့လုပ်ငန်းတွေစတဲ့အချိန်တုန်းက တော်တော့ကို အခက်အခဲများနဲ့တွေ့ခဲ့ရပါတယ်။ တရားလုပ်ငန်း ပြသတဲ့ နေရာမှာ ဆရာတော်သံဃာတော်များနဲ့ ဆရာကြီးအရင်း ဖြစ်တဲ့ ဦးဘခင်ရဲ့မေတ္တာကို ခံယူရပါတယ်။ ဆရာကြီးဦးဘခင်က ခဏခဏပြောပါတယ်။ ဝိပဿနာတရားပွင့်လင်းဖို့ အချိန်အခါ နာရီကြီးက ထိုးနေပြီ၊ ဝိပဿနာတရား ကမ္ဘာပြန့်ဖို့ အချိန်အခါ ရောက်ပြီ၊ ဝိပဿနာတရားစည်ကြီးထိုးဖို့အချိန်ရောက် နေပြီဆိုတာ မကြာမကြာပြောခဲ့ပါတယ်။ သူက မြတ်စွာဘုရား သာသနာတော်ဟာ ၂၅၀၀–အချိန်ကုန်လွန်သွားပြီးတဲ့နောက်မှာ ပြန်လည်ပြီးတော့ ရှင်သန်ပြီး ပွင့်လန်းလာမယ်၊ သာသနာ ရောင်ဝါထွန်းလာမယ် ဆိုတာ မကြာမကြာ ပြောလေ့ရှိပါတယ်။ အဲဒီ မြတ်စွာဘုရား သာသနာတော် ဟာ ကွယ်ပျောက်သွားခဲ့တဲ့ ပင်ရင်းနိုင်ငံမှာကိုပဲ ပြန်လည်ထွန်းလင်းလာ ပြီးတော့ ကမ္ဘာအရပ်ရပ်ကိုလည်းပဲ ပြန့်ပွားလိမ့်မယ်လို့ မကြာမကြာ ပြောလေ့ရှိပါတယ်။ သို့သော်လည်းပဲ အဲဒီလို ဆရာကြီးဦးဘခင်က သာသနာတော် ကွယ်ပျောက်သွားတဲ့နိုင်ငံမှာ ပြန်လည်ပြီးထွန်းကား လာလိမ့်ဦးမယ်လို့ မကြာမကြာပြောသော်လည်းပဲ သူ့စိတ်ထဲမှာ တော့ကို လုံးဝအပြည့်ကို လက်ခံမှုတော့မရှိပါဘူး(တဲ့)၊ ဘာပြုလို့လဲ ဆိုတော့ အလွန်အယူသည်းပြီးတော့ အစွဲအလန်းကြီးတဲ့ လူမျိုးတွေ နေထိုင်ရာ အိန္ဒိယပြည်မှာ ရွေးပြီးတော့ သူတို့အစွဲအလန်းကြီးတဲ့ အကြောင်းအရာတွေ သိထားတဲ့အတွက် အိန္ဒိယပြည်က လက်မခံပဲနဲ့ ကွယ်ပျောက်သွားတဲ့ သာသနာဟာ အိန္ဒိယပြည်မှာ ပြန်လည်ပြီးတော့ ထွန်းကားလာလိမ့်ဦးမယ်ဆိုတာ မယုံ့တယုံနဲ့ ယုံရတစ်ဝက် မယုံရ တစ်ဝက် ဖြစ်ခဲ့ပါတယ်။

အိန္ဒိယပြည်(မှာ)ရှိတဲ့ အိန္ဒိယပြည်သူပြည်သားတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်ကြီးကို ကိုယ်တော်တိုင်အတွက် ပုဂ္ဂိုလ်တစ်ဦးအနေနဲ့ ယုံကြည်လေးစားမှုရှိပါတယ်။ အထင်လည်းကြီးတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်၊ သို့သော်လည်းပဲ သူဟောပြောပြသတဲ့ တရားတော်တွေဟာ အိန္ဒိယပြည်မှာ ကွယ်ပျောက်သွားခြင်းက အိန္ဒိယပြည်အတွက် ကံဆိုးမိုးမှောင်ကျခြင်းတစ်ခုဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတွေကို လုံးဝမသိတာလည်း အကြောင်းတကြောင်းဖြစ်ပါတယ်။ လုံးဝမသိကြတော့ဘူး။ မြတ်စွာဘုရား ဟောကြားတဲ့တရားတွေကို သိပင်သိငြားသော်လည်းပဲ ပြည့်ပြည့်စုံစုံ နားလည်မှုမရှိတဲ့ အကြောင်းတစ်ကြောင်းလည်း ရှိပါတယ်။ ဤအကြောင်းနှစ်ကြောင်းကြောင့် အိန္ဒိယပြည်မှာ ကံဆိုးမိုးမှောင်ကျရောက်တယ်လို့ ဆိုနိုင်ခြင်းဖြစ်ပါတယ်။ အဲဒီတော့ အိန္ဒိယပြည်ကိုသွားပြီး ဗုဒ္ဓတရားကို ဟောပြောပြသမယ်ဆိုရင် အခက်အခဲက ဗုဒ္ဓတရားကိုသိတယ်၊ ဗုဒ္ဓတရား ဗုဒ္ဓအကြောင်းကို နားလည်တယ်၊ ဗုဒ္ဓကိုယုံကြည်တယ်၊ လေးစားတယ်ဆိုပေမယ့် ဗုဒ္ဓတရားကို လုံးဝလက်မခံတဲ့ လူတွေနဲ့ ရင်ဆိုင်ရမယ်ဆိုတာ သူကောင်းစွာသိခဲ့ပါတယ်။

ဒီပြင်အကြောင်းတစ်ခုကလည်းပဲ အိန္ဒိယပြည်မှာ ဝိပဿနာတရားကမ္မဋ္ဌာန်းတရားလုပ်တဲ့ ကျင့်စဉ်ဆိုတာ လုံးဝပျောက်ကွယ်နေပါတယ်။ တရားဓမ္မတရားဌာနကိုလာပြီးတော့ ဆယ်ရက်တရားအားထုတ်ခြင်း၊ တရားလေ့လာခြင်း၊ ဆရာသမားဆီကနေပြီးတော့ ကမ္မဋ္ဌာန်းတရားကို သင်ကြားခြင်းဆိုတဲ့ လုပ်ငန်းအလေ့အထ လုံးဝကွယ်ပျောက်နေပါတယ်။ အိန္ဒိယပြည်မှာ ကမ္မဋ္ဌာန်းဘာဝနာ သင်ကြားပြသတဲ့ ဆရာအချို့ရှိပါတယ်။ သို့သော်လည်းပဲ သူတို့သင်ကြားနည်း သင်ကြားပုံကတော့ သူတို့ဆီသွားပြီးတော့ တပည့်ခံမယ့်လူဆီကို အချိန်အနည်းငယ်လောက်ပေးပြီးတော့ကို၊ ဒီလိုရှုတ် ဒီလိုဖတ် ဒီလိုကျင့်ဆိုပြီး ဟောပြောပြီးတော့ ကိုယ့်အိမ်ကိုပြန်ပြီး ဒီလုပ်ငန်းကို အလုပ်ခိုင်းတာ

www.burmeseclassic.com

www.burmeseclassic.com



ပဲရှိပါတယ်။ ဆရာနဲ့အတူတကွ ပူးတွဲနေထိုင်ပြီးတော့ကို ဆယ်ရက်တစ်လ စသည်ဖြင့် တရားအားထုတ်တဲ့ အလေ့အကျင့်က အိန္ဒိယပြည်မှာ လုံးဝမရှိတော့ပါဘူး၊ ဒါကြောင့်မို့ အိန္ဒိယပြည်မှာ တရားလုပ်ငန်းစပေး ရမည်ဆိုတော့ မိမိကိုယ်မိမိ နည်းနည်းယုံကြည်မှုနည်းခဲ့တယ်၊ ဒီလိုအခြေအနေရှိတဲ့နိုင်ငံမှာ ဆယ်ရက်တရားလုပ်ငန်းလုပ်ဖို့ လူတွေကိုဘယ်လိုဖိတ်ခေါ်နိုင်မလဲ၊ လူတွေလာဖို့ ဘယ်လို ပြောဟောနိုင်မလဲဆိုတာကို လုပ်မှလုပ်နိုင်ပါ့မလား–လို့ ကိုယ့်ကိုယ်ကို သံသယရှိခဲ့ပါတယ်။

ဒီပြင်အကြောင်းတစ်ရပ်ကလည်းသူ့ကိုဘယ်သူမျှမသိပါဘူးတဲ့အိန္ဒိယပြည်မှာလည်းမမွေးဘူး၊မြန်မာပြည်မှာမွေးပြီးတော့ကိုအိန္ဒိယပြည်ရောက်သွားတဲ့အခါမှ သူ့မိသားစုနဲ့ မိတ်ဆွေအချို့ လောက်သာသူ့ကိုသိကြပါတယ်တဲ့၊ အလွန်များပြားတဲ့ သန်းပေါင်းများပြားစွာရှိတဲ့အန္ဒိယပြည်သူပြည်သားအားလုံးကတော့ သူဟာဘယ်လိုလဲ၊ ဘယ်သူလဲဆိုတာ လုံးဝသိမှုမရှိပါဘူး၊ အဲဒီလို သူတို့မသိတဲ့ သာမန်လူလိုဖြစ်နေတဲ့ လူတစ်ယောက်ဟာ သွားဆီလာပြီးတော့ ဆယ်ရက်တရားအားထုတ်ပါလို့ ဖိတ်ခေါ်ရင် သူ့ကိုဘယ်လိုလုပ်ပြီးတော့ယုံကြည်မှုရှိနိုင်ပါမလဲ။ သူ့အကြောင်းလည်း လုံးဝမသိတဲ့လူတွေဟာသူ့အပေါ်မှာ ဘယ်လိုယုံကြည်မှုရှိနိုင်ပါ့မလဲဆိုတဲ့ အခက်အခဲကရင်ဆိုင်ရတာပဲ။ ဆယ်ရက်စခန်း တရားလုပ်ငန်းဝင်ကြည့်ပြီးတော့ကိုထိုင်မယ်၊ ကမ္မဋ္ဌာန်းလုပ်ငန်းလုပ်မယ်ဆိုပြီး ဆုံးဖြတ်ပြီးတော့လာပါတယ် ဆိုပါတော့၊ ဒီဆယ်ရက်စခန်းကိုဖွင့်ပြီး တရားပြသနိုင်မယ့်နေရာ ဘယ်နေရာကို ရနိုင်မလဲဆိုတဲ့ အခက်အခဲကလည်းကြီးမားတဲ့ အခက်အခဲကြီးဖြစ်ခဲ့ပါတယ်။

ဒါပေမယ့်လို့ကို သူ့ရဲ့ကမ္မဋ္ဌာနာစရိယ ဆရာကြီးဖြစ်တဲ့ဆရာကြီး ဦးဘခင်ရဲ့ ပြောစကားကို ယုံကြည်တယ်တဲ့၊ ဒီတရား

www.burmeseclassic.com

www.burmeseclassic.com



ဟာ အိန္ဒိယပြည်မှာ ပြန်လည်ပြီး ထွန်းကားမယ်ဆိုတဲ့ ယုံကြည်မှုကို လက်ခံထားပြီးတော့ကို အိန္ဒိယပြည်ရောက်လို့ မကြာမီပဲ တရားမွေ့စတဲ့ အခါမှာ လူ ၁၄ယောက်ပဲ သူ့တရားစခန်းကို (လာကြပါတယ်) အဲဒီ ၁၄ ယောက်ထဲမှာပဲ တစ်ယောက်သောပုဂ္ဂိုလ်က ဒီ ၁၄ ယောက်ကို ကျွေးဖို့ နေရာချထားဖို့ တရားပတ်တရားဟောပြောတဲ့နေရာ အစီအစဉ်လုပ်ဖို့ အားလုံးတာဝန်ယူပါတယ်။ ဆရာကြီးဘာမှ ဒီကိစ္စတွေ ကြောင့်ကြစရာမလိုဖူး အကျိုးကျေးဇူး အလွန်ရှိသွားတယ်။ သူတို့မှာ အလွန်ကောင်းမွန်တဲ့ အကျိုးအမြတ်တွေ ရတယ်ဆိုတဲ့သတင်းတွေဟာပြန့်နှံ့သွားပါတယ်တဲ့၊ သူတို့ကိုယ်တိုင်လည်းပဲ စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ ပျော်ရွှင်တဲ့တရားသုခကို လက်တွေ့ တွေ့သွားရတာကို၊ ဒီသတင်းတွေကြောင့် တရားအကြောင်း တော်တော်ပျံ့နှံ့သွားပါတယ်။

အဲဒါနဲ့ ရက်ပေါင်း ၂၀ကြာတဲ့အခါမှာ အဲဒီလိုပဲတရားတစ်ပတ်ဖွင့်ပေးပါရန်၊ တရားတစ်ပတ်ပြပေးပါဦးဆိုပြီးတော့ တောင်းပန်ချက်တွေနဲ့လာလို့ တရားပတ်တစ်ခါ စရပါတယ်။ အဲဒီတရားပတ်ပြီးတဲ့အခါကျတော့လည်း ဆယ့်ငါးရက်လောက်မကြာခင်ပဲ တရားပတ်အသစ် ထပ်လုပ်ပေးပါဦးဆိုပြီးတော့ တစ်ခါတစ်ခါ တောင်းပန်တဲ့လူတွေနဲ့ လိုလားတဲ့လူတွေနဲ့ အိန္ဒိယပြည်တစ်ပြည်လုံး အနှံ့အပြားတစတစနဲ့ တရားပြသပေးရတဲ့ လုပ်ငန်းဟာ ပျံ့နှံ့သွားပါတယ်။ အဲဒီလိုတရားစခန်းလုပ်ငန်းတွေကို ဆက်ကာဆက်ကာဆောက်ရွက်တဲ့အခါမှာတရားနဲ့ ပတ်သက်လို့တော့ ချောချောမောမော ပြေပြေပြစ်ပြစ် အစဉ်ပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ အတိုက်အခံအခက်အခဲ ဒုက္ခတွေကတော့ကို စပြီးရင်ဆိုင်နေခဲ့ရပါတယ်။ အဲဒီလိုအခက်အခဲက ဘယ်ကစသလဲဆိုရင် မြတ်စွာဘုရားတရားတော်တွေအပေါ်မှာ နားလည်မှုမရှိဘဲနဲ့ မြတ်စွာဘုရား တရားတော်တွေအပေါ်မှာ အထင်အမြင်လွဲမှားမှု

www.burmeseclassic.com



ရှိတဲ့ ပရိသတ်တွေကနေပြီးတော့ စတင်ပြီး အတိုက်အခံ အခုအခံမှုတွေ စပြီးတော့ ပြုလုပ်ကြတာပါ။

ကွယ်လွန်သွားတဲ့ သူ့ကမ္မဋ္ဌာနာစရိယ ဆရာကြီး ဦးဘခင်က ညွှန်ကြားချက် အချက်နှစ်ချက် သင်ကြားပေးတာကို အစဉ်အမှတ်တရ သတိတရရှိပါတယ်။

(၁) ဆရာကြီး ဩဝါဒပေးတဲ့ ညွှန်ကြားပြသတဲ့ ပထမ အချက်ကတော့ ဗုဒ္ဓမြတ်စွာဘုရား ဒုတိယသာသနာဟာ တကယ် အစစ်အမှန် ပေါ်ပေါက်လာလိမ့်ဦးမယ်ဆိုတာ အပေါ်ယုံကြည်မှုလုံးလုံး ထားပါ၊

(၂) အဲဒီလိုတရားပြသပေးတဲ့ အချိန်အခါမှာ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် ဟောကြားပြသတော်မူတဲ့ စိတ်ထားနဲ့ ပြသပေးစေလို တယ်လို့ ဆရာကြီးကပြောပါတယ်။ ဗုဒ္ဓမြတ်စွာဟာ မာန်မာန ထောင်လွှားခြင်း မရှိဘဲနဲ့ နှိမ့်ချတဲ့ စိတ်ထားနဲ့ သတ္တဝါတွေကို ကူညီချင် တယ်၊ သနားတယ်။ အဲဒီလိုစိတ်ထားနဲ့သာလျှင် ဟောပြောပြသခဲ့တာ ဒီသဘောတရားအတိုင်း ဆောင်ရွက်ပါလို့ ဆရာကြီးဦးဘခင်က ညွှန်ကြားတာကို အစဉ်သတိရပါတယ်။ သတိရနေပါတယ်။ ဆရာကြီး ဦးဘခင်က ထပ်ကာထပ်ကာပြောပါတယ်၊ ဒီလိုတရားပြသတဲ့ အချိန်အခါမှာ တကယ်အမှန်စင်စစ် အတိုက်အခံနဲ့ ခုခံမှုနဲ့ ရန်လိုမှုနဲ့ ဆိုတဲ့ အခက်အခဲတွေ သေချာပေါက်တွေ့တဲ့အခါမှာ ပြန်ပြီးတော့ကို ဒေါသစိတ်ထား လုံးဝမထားပဲနဲ့ မေတ္တာလုံးလုံးရွေးပြီးတော့ကို သနား ကြင်နာတဲ့စိတ်ထားနဲ့သာပြပါဆိုတာ အစဉ်ပြောခဲ့ပါတယ်။ တရားပြသ တဲ့နေရာ သာသနာ ပြုတဲ့နေရာမှာ နမူနာအဖြစ်နဲ့ယူဖို့ အိန္ဒိယပြည် အနောက်ကမ်းခြေ သုနာပရန္တတိုင်းမှာသွားပြီးသာသနာပြုတဲ့ အရှင်ပုဏ္ဏ ရဲ့ ထုံးကိုနှလုံးယူဖို့ ထပ်ကာထပ်ကာ အစဉ်ဆရာကြီး ဦးဘခင်က ဆုံးမဩဝါဒပေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်ပုဏ္ဏက သာသနာပြုကြွမယ်လို့ မြတ်စွာဘုရားကို လျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားက အရှင်ပုဏ္ဏကို ''သင်သွား သာသနာပြုမဲ့ နိုင်ငံဟာ ကြမ်းတမ်းရက်စက်တဲ့ ပုဂ္ဂိုလ်တွေ၊ ကြမ်းတမ်း ရက်စက်တဲ့ လူတွေနေထိုင်တယ်၊ အဲဒီလူတွေက မင်းကို အတိုက်အခံ ပြုလိမ့်မယ်၊ ဆဲရေးလိမ့်မယ်၊ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံလိမ့်မယ်၊ အဲဒီလိုဆိုယင် မင်းဘယ်လို သာသနာပြုမလဲ'' လို့ မြတ်စွာဘုရားက မေးတော်မူပါတယ်။

အဲဒီတော့ကို မြတ်စွာဘုရားရဲ့ သာဝကကြီး အရှင်ပုဏ္ဏက မြတ်စွာဘုရားကို ပြန်လည်လျှောက်ထားပါတယ်။ အဲဒီလို သူ့အပေါ် ကြမ်းကြမ်းတမ်းတမ်း ရက်ရက်စက်စက် ပြုမူဆက်ဆံတဲ့လူတွေကို အထူးကျေးဇူးတင်ပါတယ်ဘုရား၊ သူတို့က ကြမ်းတမ်းတဲ့စကားတွေ ဆိုပြီးတော့ ကြမ်းတမ်းတဲ့စကားတွေ ပြောဆိုရုံသာပြောဆိုပါတယ်၊ ကိုယ်ထိလက်ရောက်သူ့ကို နှိပ်စက်ညှဉ်းပန်းခြင်းမရှိပါဘူး၊ ခဲနဲ့လည်း မပေါက်ပါဘူး၊ တုတ်နဲ့လည်းမရိုက်လို့ ကျေးဇူးတင်ပါမယ်လို့ မြတ်စွာ ဘုရားကို လျှောက်ပါတယ်။

''တုတ်တွေနဲ့ရိုက်ပြီးတော့ ခဲနဲ့သူတို့ကပေါက်တယ်ဆိုရင် သင်ပုဏ္ဏဘယ်လိုလုပ်မယ်'' လို့ မြတ်စွာဘုရားက တစ်ဖန် မေးမြန်း တော်မူပါတယ်။

အဲဒီတော့ကာ မြတ်စွာဘုရားကို တစ်ဖန်ပြန်လျှောက် ပြန်ပါတယ်။

ခဲနဲ့ထု တုတ်နဲ့ရိုက်ရုံသာ ရိုက်တာ၊ သေအောင်မသတ် သေးတဲ့အတွက် သူတို့ကို တပည့်တော်ကကျေးဇူးတင်ပါဦးမယ် ဘုရား'' လို့ မှုင်ပုဏ္ဏက လျှောက်ပါတယ်။

''သူတို့ကလာပြီးတော့ သတ်တယ်ဆိုယင်ကော အဲဒီတော့ မင်းဘယ်လိုသဘောထားမလဲ၊ ဘယ်လိုလုပ်မလဲ'' လို့ မြတ်စွာဘုရား

www.burmeseclassic.com

www.burmeseclassic.com



က ထပ်ဆင့်မေးမြန်းပါတယ်။

"အရှင်ဘုရား၊ လောကကြီးမှာ လူတွေဟာ ဆင်းရဲဒုက္ခ အတိအပြည့်ဖြစ်နေတဲ့ လူတွေအများကြီးရှိပါတယ်။ ဆင်းရဲ ဒုက္ခနဲ့ တွေ့ကြုံရလွန်းလို့ ကိုယ့်ကိုယ်ကို သတ်သေတဲ့လူတွေလည်းအများကြီး ရှိပါတယ်။ တပည့်တော်မှာတော့ ကိုယ့်ကိုယ်ကို သတ်သေဖို့တာဝန်ကြီး မရှိပဲနဲ့ သူကလာသတ်ပေးတဲ့အတွက်၊ အဲဒီသတ်ပေးတဲ့အတွက်လည်းပဲ တပည့်တော်က ကျေးဇူးတင်လိုက်ပါဦးမယ်ဘုရား" လို့ လျှောက်ထားပါတယ်။

မြတ်စွာဘုရားက သာဓု၊ သာဓု၊ သာဓု သုံးကြိမ်ခေါ်ပြီးတော့ အဲဒီစိတ်ထားမှသာလျှင် သာသနာပြုစိတ်ထား အစစ်အမှန်ဖြစ်တယ် ဆိုပြီးတော့ ချီးကျူးတော်မူပါတယ်။

ကျွန်တော့်ဆရာကလည်းပဲ ဤအတိုင်းပဲ ထပ်ကာထပ်ကာ ပြောပါတယ်၊ မင်းသာသနာပြုလုပ်ငန်းလုပ်တဲ့အခါမှာ အတိုက်အခံတွေများကြီး ရှိလိမ့်မယ်၊ အဖျက်အဆီးတွေအများကြီး ရှိလိမ့်မယ်၊ ရန်လိုတဲ့သူတွေ တွေ့ကြုံလိမ့်မယ်၊ အဲဒီလိုအခါမှာ စိတ်ဓာတ်မပျက်ပြားဘဲနဲ့၊ စိတ်ဓာတ် မဖောက်ပြားဘဲနဲ့ မေတ္တာစိတ် သူတို့ကိုလွှမ်းမိုးပြီးတော့ကို "ဩော်- သူတို့ မသိရှာလို့ နားမလည်ရှာလို့ ဒီလိုကောင်းတဲ့ကိစ္စ ဆောင်ရွက်ပေးတာကိုတောင်မှ အတိုက်အခံပြုနေရှာတယ် ဆိုပြီးတော့ သနားတဲ့မေတ္တာကရုဏာစိတ်ကို များများပွားပေးပါ" လို့ ကျွန်တော့်ဆရာကမှာပါတယ်။ အဲဒီလို ဩဝါဒပြောကြားပါမိန့်ခွန်းတွေဟာ ကျွန်တော်သာသနာပြုလုပ်ငန်းမှာ ကျွန်တော်ကို အားဆေးတစ်ခွက် ဖြစ်စေပါတယ်။ ကျွန်တော်အားကိုးရတဲ့ အားဆေးတစ်ခွက်ဖြစ်ပါတယ်၊ ဒီနေ့တိုင်အောင်လဲပဲ ဒီဩဝါဒမိန့်ခွန်းတွေဟာ ကျွန်တော့်ကို သာသနာပြုလုပ်ငန်းများ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ဖို့ဟာ အင်အားပေးနေတဲ့ အားဆေးအမှန်ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်းမှာ ပထမဆုံး တရားပတ်စပြီးတဲ့ အချိန်အခါက သူ့ရဲ့အတော်လှမ်းလှမ်း ဆွေမျိုး တစ်ယောက်က သူမြန်မာပြည်ကလာတယ်၊ လာပြီးတော့ကို ဗုဒ္ဓဂယာ မြန်မာဘုန်းကြီးကျောင်းမှာ ဒီတရားတွေ ပြနေတယ် ဆိုတာ သိတော့ အဲဒီကျောင်းကိုလိုက်လာပြီးတော့ သူ့ကို ရက်ရက်စက်စက် ပယ်ပယ် နယ်နယ် ဆဲဆိုကြိမ်းမောင်းပါတယ်။ အိန္ဒိယပြည်မှာ သူတို့ယုံကြည် ကိုးကွယ်တဲ့ဘာသာ၊ သူတို့ယုံ ကြည်ကိုကွယ်တဲ့ဂိုဏ်း၊ သူတို့ယုံကြည် ကိုးကွယ်တဲ့ အလေ့အထ အလွန်အစွဲအလမ်းကြီးတဲ့လူတွေ ဖြစ်ပါ တယ်တဲ့။ အိန္ဒိယပြည်က အဲဒီတော့ကို သူတို့နေထိုင်ရာ အရပ်မှာလာ ပြီးတော့ သူတို့ ယုံကြည်ကိုးကွယ်နေတဲ့ ဘာသာကနေ သူတို့ရဲ့ ဂိုဏ်းဝင်တစ်ယောက်ကို ဆွဲဆောင်သွားဖို့ တခြားဘာသာကိုဝင်ဖို့ ဟောပြောမယ် သွေးဆောင်မယ်ဆိုယင် အလွန်မခံမရပ် နိုင်ဖြစ်နေပြီး တော့ကို ဒေါသအမျက် ချောင်းချောင်းထွက်တတ်တဲ့ လူမျိုးတွေပါ။

သူတို့ အဲဒီလိုဖြစ်တဲ့အကြောင်းမှာလည်း နောက်ခံ အကြောင်းကရှိပါတယ်၊ အိန္ဒိယပြည်ကိုလာပြီးတော့ မူစလင် ဘာသာဝင်တွေ အုပ်စိုးသွားတယ်၊ အိန္ဒိယပြည်မှာ စိုးစံသွားတဲ့ အချိန်အခါက သူတို့ဘာသာထဲကို ဇွတ်အတင်းဝင်ဖို့ အခြား ဘာသာဝင်တွေကို သူတို့ဘာသာထဲဝင် ပြောင်းလဲအောင်လုပ်တဲ့ ဘာသာသွတ်သွင်းတဲ့ အစ္စလ္လာမ်ဘာသာထဲသွင်းတဲ့လုပ်ငန်းတွေဟာ အများအပြား လုပ်သွားကြတယ်၊ မဟာမေဒင် ဘုရင်တွေပြီးတဲ့နောက် အင်္ဂလိပ်အစိုးရမင်း အုပ်စိုးတဲ့အချိန်အခါမှာလည်းပဲ ခရစ်ယာန် သာသနာပြု အဖွဲ့အစည်းတွေကလာပြီးတော့ကို အိန္ဒိယပြည်မှာ ရှိတဲ့လူတွေ ခရစ်ယာန်ဘာသာထဲဝင်ဖို့ ဟောပြောကြတယ်၊ နည်း

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးနဲ့ လုပ်သွားကြတယ်၊ အဲဒီလိုလုပ်တဲ့ ဒဏ်တွေကြုံနေရတဲ့ တိုင်းပြည်ဖြစ်တဲ့အတွက် ဒီလိုစိတ်ဓာတ်တွေ သူတို့မှာဖြစ်ပေါ်နေတာ ဖြစ်ပါတယ်။ နောက်ခံအကြောင်းအရာကအဲဒါမို့၊ အဲဒီတော့ ဘာသာ တစ်ခုက ဘာသာတစ်ခုကို ပြောင်းတယ်ဆိုတဲ့ဟာကို လုံးဝ အော့နှလုံး နာပြီးတော့ လုံးဝလက်မခံနိုင်တဲ့ အခြေအနေကိုရောက်နေပါတယ်။

အိန္ဒိယပြည်မှာ လက်တွေ့ထဲမှာ ဇာတ်အနိမ့်ဆုံးလူမျိုးဆိုပြီး တော်တော်များများ ရှိပါတယ်။ ဇာတ်အနိမ့်ဆုံး လူမျိုးကတော့ အလွန်အောက်တန်းကျတဲ့ အခြေအနေကိုရောက်နေပါတယ်။ အဲဒီက သူတို့နေရေးထိုင်ရေး လူမှုရေးမှာလည်း အလွန်မျက်နှာငယ်ရတဲ့ အဆင့်အတန်းမှာရှိတဲ့ ပုဂ္ဂိုလ်တွေပါ၊ အဲဒီအထဲကသူတို့ထဲက ခေါင်းဆောင်တစ်ယောက် ထွက်လာပါတယ်။ ဒေါက်တာအမ်ဘေကာ ဆိုတာ၊ အိန္ဒိယပြည် လွတ်လပ်ရေးရတဲ့အခါမှာ အိန္ဒိယပြည်အစိုးရ အဖွဲ့ဝန်ကြီးတောင်ဖြစ်တာ၊ဒေါက်တာဘွဲ့တွေလည်း အများကြီးရတယ်၊ အဲဒီပုဂ္ဂိုလ်ကတော့ကို သူတို့ရဲ့ဇာတ်နိမ့်ပုဂ္ဂိုလ်တွေရဲ့ အခြေအနေတွေကို မြှင့်တင်ချင်လို့ ဘာသာအရပ်ရပ်ကို လေ့လာလိုက်စားကြည့်တဲ့အခါမှာ ဗုဒ္ဓ ဘာသာတရားသာလျှင် တရားမျှတတယ်၊ လူမှုရေးမှာ အဆင်ပြေ အောင် ဆက်ဆံကြတယ်၊ ဒါကြောင့်မို့ ဗုဒ္ဓဘာသာဝင်ဖြစ်မယ်၊ ဖြစ်ရမယ်ဆိုပြီးတော့ သူတို့ရဲ့ဇာတ်နိမ့်တွေ သိန်း၆၀ ဗုဒ္ဓဘာသာဝင် ဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ဗုဒ္ဓဘာသာသို့ ကူးပြောင်းဖို့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုသူက ဘာသာပြောင်းအောင်ဆောင်ရွက် တဲ့အတွက် ဟိန္ဒူဇာတ်မြင့် ပုဂ္ဂိုလ်အသိုက်အဝန်းက လူတွေက လုံးဝမနှစ်သက်ပါဘူးတဲ့၊ လုံးဝအတိုက်အခံ လုပ်ခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်အခါမှာ သူ့ဆရာကြီးဦးဘခင်က ဩဝါဒ ပေးထားတာကို အစဉ်သတိရနေတဲ့အတိုင်းပဲ အဲဒီအချိန်မှာလည်း သတိရပါတယ်တဲ့၊ ဒီလူဟာ ငါ့ကို ရိုင်းရိုင်းစိုင်းစိုင်း ရက်စက် ကြမ်းကြုတ်တဲ့စကားတွေနဲ့ လာပြီးတော့ကို ဆဲဆိုကြိမ်းမောင်း နေတာဟာ ဗုဒ္ဓတရားတော် ကိုလည်း နားလည်းမလည်ဘူး၊ ဘာမှ လည်း မသိဘူး။ မသိတဲ့အလျောက် မိုက်မှားခြင်းသာဖြစ် တယ်။ သည်းခံရမယ်ဆိုပြီး သည်းခံစိတ်မွေးပြီးတော့ကို သူ့ကို မေတ္တာနဲ့သာ တုံ့ပြန်ပါတယ်။ သူကနေပြီးတော့ ရိုင်းရိုင်းစိုင်းစိုင်း သူ့ကို ဒေါသနဲ့ပြုမူ ပြောဆိုတာတွေကို လုံးဝပြန်ပြီးတော့ကို တုံ့ပြန်မှုမရှိပါဘူး။ မေတ္တာစိတ်နဲ့ သနားစိတ်နဲ့သာ သူ့ကို ပြန်ပြီးတော့ကို တုံ့ပြန်လိုက်ပါတယ်။ သူ့ကို ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့နဲ့ပဲ ကျွန်တော်ကပြန်ပြီးတော့ စကားပြောဆို လက်ခံပါတယ်။

"ကျွန်တော် ဟောပြောပြသတဲ့အကြောင်းအရာတွေထဲမှာ ဘာများအမှားအယွင်းရှိသလဲ၊ ဘာများလက်မခံနိုင်တာပါသလဲ၊ သီလ သမာဓိ ပညာ၊သီလဆိုတာ ကိုယ်ကျင့်တရားကောင်းမွန်တဲ့ အကြောင်း တရားကို ဟောပြောနေတာ ဘာကန့်ကွက်စရာရှိသလဲ" လို့ သူ့ကို ယဉ်ယဉ်ကျေးကျေး သိမ်သိမ် မွေ့မွေ့ပဲ ပြန်မေးပါတယ်။

အဲဒီတော့ သီလနဲ့ပြည့်စုံအောင် နေထိုင်ပါ။ သီလ စောင့်ထိန်း ပြီး နေထိုင်တဲ့အလုပ်ဟာ ကောင်းတဲ့အလုပ်ပါ။ ဘာမှ ကန့်ကွက်စရာ မရှိပါဘူး ဆိုပြီးတော့ကို သူ့မှာ ကန့်ကွက်စရာ စကားလုံးရှာမတွေ့ရှာ ဘူးတဲ့။

လူတွေဟာ ကျွန်တော့်ကို ခင်ဗျားအပါအဝင် သိတဲ့ အသိလေးရှိပါတယ်။ မကောင်းဘူးဆိုတာ သိတဲ့အသိလေးရှိပါတယ်။ သီလစောင့်ထိန်းရမယ်၊ သီလစောင့်ထိန်းသင့်တယ်ဆိုတာ သိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်လို့ သိဖို့လုပ်ဖို့ကျတော့ကို ကိုယ်ကိုယ်တိုင် စိတ်မထိန်းနိုင်တော့ဘူး။ အရက်သမားဟာ အရက်သောက်တာမကောင်းဘူးဆိုတာ သိပါတယ်။ သူ့ဟာသူ သိပါတယ်။ ဒါပေမယ့်လို့ အရက်မသောက်တော့ဘူး၊ အရက်သောက်တဲ့ အကျင့်ပျောက်ဖို့ဆိုတာ သူမလုပ်နိုင်ဘူး။ ဖဲသမားကလည်းဘဲ စွဲလမ်းနေတော့ ဖဲရိုက်တဲ့အကျင့်စွဲလမ်းနေတော့ မကောင်းတာ သူမသိဘူး မဟုတ်ဘူးတဲ့။ သူနဲ့တကွ ဘေးပတ်ဝန်းကျင်တွေလည်းပဲ စိတ်ဒုက္ခရောက်စေတဲ့ အလေ့အကျင့်ပါဆိုတာလည်း သိပါတယ်။ ဒါပေမယ့်လို့ကို ဒီအလေ့အကျင့်ကြီးမဖျောက်နိုင်ဘူး။ ဘာပြုလို့တုံးဆိုတော့ သူ့စိတ်ကို သူမထိန်းနိုင်လို့တဲ့၊ သူ့စိတ်ကိုသူ ဗုဒ္ဓဘာသာသို့ ကူးပြောင်းဖို့ ဆောင်ရွက်ခဲ့ပါတယ်။ သူ့ကိုသူနိုင်အောင် ထိန်းကွပ်ခြင်းမပြုနိုင်လို့ အဲဒီတော့ကို ကျူပ်တရားပြနေတဲ့အခါမှာ လူတွေဟာ ကိုယ့်စိတ်ကို ကိုယ်နိုင်အောင်ထိန်းနိုင်မဲ့နည်းလမ်းကို ကျူပ်ပေးနေတယ်။ ခင်ဗျားဘာ မှားတယ်လို့ ခင်ဗျားဘာပြောနိုင်လဲလို့ မေးတယ်။ ကိုယ့်စိတ်ကို ကိုယ်နိုင်အောင်ထိန်းကဲ့နည်းလမ်းကောင်းတစ်ခုကို ပေးနေတာဟာ ဘာအပြစ်များ ရှိသလဲလို့မေးတယ်။ အဲဒီတော့ သူပြန်ပြီး ပြောပြနိုင်တဲ့စကားလုံး ရှာမတွေ့ဘူး။

ဒါပေမယ့်လို့ကို သူအကွန့်လေးတက်လိုက်သေးတယ်။ "ဟော့ .. စိတ်ကိုထိန်းနိုင်ဖို့ နည်းလမ်းသင်ပေးတာတော့ဟုတ် ပြီ၊ ဒါဖြင့်စိတ်ကိုထိန်းနိုင်တဲ့ နည်းလမ်းဟာ ဗုဒ္ဓနည်းလမ်းမှ မင်းကပြစရာရှိသလား၊ ဒို့ ဟိန္ဒူတွေထဲမှာလဲ စိတ်ကိုနိုင်အောင် ထိန်းဖို့ နည်းလမ်းတွေအများကြီး ရှိလျက်သားနဲ့ ဘာလို့ ဗုဒ္ဓနည်းလမ်းဆိုပြီး ပြရသလဲ" ဆိုပြီးတော့ တစ်ခါစွပ်စွဲပြန်တယ်။

အဲဒီတော့ကို "ဗုဒ္ဓမြတ်စွာဘုရားရဲ့ နည်းလမ်းဟာ ဗုဒ္ဓနည်းလမ်းလည်း မဟုတ်ဘူး၊ ဟိန္ဒူနည်းလမ်းလည်း မဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဂျိန်းနည်းလည်းလည်း မဟုတ်ဘူး၊ သတ္တဝါအားလုံးတွေရဲ့ ကောင်းကျိုးကို ပြည့်စွမ်းစေနိုင်တဲ့ နည်းလမ်း။ ဒါကြောင့်မို့လို့ အဲဒီ နည်းလမ်းအတိုင်း လိုက်ပြပါတယ်။ နာမည်တပ်ရုံလေးနဲ့တင်ကို ဒီနည်းလမ်းမကောင်းဘူးလို့ မပြောနိုင်ပါဘူး'' လို့ သူက ရှင်းပြပါတယ်။

သူတို့ကို သင်ပြပေးတာ နှာသီးဝမှာဝင်လာတဲ့ ဝင်လေကို ရှူခြင်း၊ နှာသီးဝကထွက်သွားတဲ့ လေကိုရှူခြင်း၊ ထွက်လေ ဝင်လေကို ရှူသွင်းတဲ့လေ၊ ရှူထုတ်တဲ့လေကို ရှူနေတာဟာ ဟိန္ဒူ အသက်ရှူ တာလည်း မဟုတ်ပါဘူး၊ ခရစ်ယာန် အသက်ရှူနေတယ်လို့လည်း မခေါ်နိုင်ပါဘူး။ ဗုဒ္ဓဘာသာ အသက်ရှူတာလည်း မခေါ်နိုင်ပါဘူး။ သဘာဝတရား အစစ်အမှန်ပါ။ ဘယ်သူကမှ မူပိုင်လုပ်ထားတဲ့ အသက်ရှူနည်းလည်း မဟုတ်ပါဘူး။ အသက်ဝင်အောင် ရှူတာကို ကြည့်တယ်လို့၊ ရှူထုတ်လိုက်တာကို သတိနဲ့စောင့်ပြီး ကြည့်တယ် ဆိုတာဟာ သတ္တဝါအားလုံးနဲ့ သက်ဆိုင်တဲ့နည်းလမ်းတစ်ခုပါ။ အဲဒီတော့ ကို သူကရှင်းပြတယ် တဲ့။ အသက်ကိုရှူသွင်း ရှူထုတ်တဲ့အခါမှာ ဗုဒ္ဓဗုဒ္ဓဆိုပြီးတော့ မန္တန်လိုရွတ်၊ ဒါမှမဟုတ်လည်း ''ရာမ ရာမ ရာမ'' ဆိုတဲ့ ဟိန္ဒူဘုရားရဲ့ နာမည်ကိုရွတ်လို့ ဒီလိုသူမပြောပါဘူးတဲ့။ အသက် ရှူသွင်းတဲ့အခါ ဗုဒ္ဓ ဗုဒ္ဓလို့ ရွတ်လို့ သူမပြောပါဘူး။ အသက် ရှူထုတ် တဲ့အခါမှာ ရာမ ရာမ လို့ ရွတ်လို့လည်း သူမပြောပါဘူး။ သဘာဝ ဖြစ်တဲ့လေ ဝင်နေ ထွက်နေတာလေးကိုသာ သိနေဖို့ ဒါကိုလည်း သူက နည်းလမ်းပြပြီးညွှန်ကြားပြသတာကို ဘာကန့်ကွက်စရာရှိပါ သလဲ။ ဘယ်ဘာသာကို လိုက်လို့ သူက ဘယ်သူ့မှ ဘာမျှပြောနေတာ မဟုတ်ပါဘူး။ အဲဒီလို အပြီးသတ် ပြောလိုက်တော့ကို ဘာမျှဆက်ပြီး တော့ ဆင်ခြေတက်နေစရာအကြောင်းကို သူမတွေ့တော့ပါဘူး။

ပြီးတော့လည်းပဲ သူပြသနေတဲ့နည်းလမ်းဟာ လူတစ်ဦးတစ် ယောက်မှာရှိတဲ့ လောဘ ဒေါသ မစ္ဆရိယ မနာလိုတဲ့တရား၊

www.burmeseclassic.com



သူတစ်ပါးအပေါ်မှာ မကောင်းကြံစည်တဲ့စိတ်၊ အဲဒီလိုမကောင်းတဲ့ စိတ်တွေ အများကြီး ကိန်းအောင်နေတာတွေကို တဖြည်းဖြည်းနဲ့ လျော့ပါးသွားအောင် လုပ်ပေးတဲ့နည်းလမ်းကို ဘာများ မှားတယ်လို့ ပြောနိုင်ပါမလဲလို့ ထပ်ပြီးတော့ မေးလိုက်ပါတယ်။ အဲဒီတော့ သူ့ကိုမေးပါတယ်တဲ့၊ "မင်းဒေါသဖြစ်တဲ့ အချိန်အခါမှာ မင်းစိတ်က ပျော်သလား၊ ချမ်းသာသလား၊ ဆင်းရဲသလား၊ ဆင်းရဲတယ် မဟုတ်လား၊ ကိုယ့်ကိုယ်ကို ဆင်းရဲအောင် လုပ်တာပဲ မဟုတ်လား၊ ဒေါသဖြစ်တာ အဲဒီလိုဒေါသဖြစ်တဲ့အချိန်မှာ ဘေးပတ်ဝန်းကျင် ကလည်းပဲ စိတ်ချမ်းချမ်းသာသာ ရှိကြရဲ့လား။ အဲဒီဟာတွေ ဒေါသ တရားကနေ ပြန့်ပွားလာတဲ့ မကောင်းကျိုးတွေပဲ မဟုတ်လား" သူ့ကို မေးတယ် ပြောတယ်တဲ့။

အဲဒီတော့ သူကပြောတယ်၊ အခုမင်းက ဟိန္ဒူအဖြစ်နဲ့ ဒေါသထွက်မယ်ဆိုတော့ မင်းစိတ်မချမ်းမသာ ဖြစ်မလာဘူးလား၊ အဲဒီအတိုင်းပဲ၊ ခရစ်ယာန်တစ်ယောက်ကလည်း သူဒေါသထွက်ရင် သူလည်းပဲစိတ်မချမ်းမသာ စိတ်ညစ်မှာပဲ၊ သူ့ပတ်ဝန်းကျင် ပရိသတ် တွေလည်းစိတ်မချမ်းမသာ စိတ်ညစ်မှာပဲ၊ အဲဒီလိုပဲ ဂျိန်းတစ်ယောက်က ဒေါသဖြင့်ယင် သူစိတ်မချမ်းမသာ စိတ်ညစ်မှာပဲ။သူ့ပတ်ဝန်းကျင်လည်း စိတ်မချမ်း စိတ်ညစ်မှာပဲ၊ အဲဒီတော့ ဒီဟာက ခရစ်ယာန် ဒေါသ၊ ဟိန္ဒူဒေါသ၊ ဗုဒ္ဓဘာသာ ဒေါသ လို့ခေါ်နေလို့ဖြစ်မလား။ ဒေါသဆိုတဲ့ သဘာဝတရားဟာ အကုသိုလ်တရားပဲ၊ ဘယ်သူ့ဆီမှာဖြစ်ဖြစ် ဒုက္ခနဲ့ စိတ်မချမ်းမ သာမှုနဲ့ ဖြစ်ရမှာပဲ၊ အဲဒီဟာတွေကို ပျောက်ကွယ်အောင် နည်း လမ်းပြပေးနေတာ ဘာများမှားသလဲလို့ ထပ်ဆင့်သူကမေးတယ်။

"ဟုတ်ပြီ– မင်းပြောတဲ့အတိုင်း ဒါတွေဟာ ကိလေသာ အညစ်အကြေးတွေပဲ၊ ဒါတွေကို ဖြူစင်သန့်ရှင်းအောင် လုပ်ရ လိမ့်မယ်၊ လုပ်တယ်၊ ဗုဒ္ဓဘာသာနည်းလမ်းနဲ့ လုပ်မှုဖြစ်မှာ းလား" လို့

www.burmeseclassic.com

www.burmeseclassic.com



သူကထပ်ကွန့်ပြီးတော့ မေးပြန်ပါတယ်၊ အဲဒီတော့ကို ဒီကိလေသာ အညစ်အကြေးတွေကို စင်ကြယ်အောင် လုပ်တဲ့ဟာက ဒါဟိန္ဒူလည်း မဟုတ်ဘူး၊ ဗုဒ္ဓဘာသာလည်းမဟုတ်ဘူး၊ အားလုံးနဲ့ဆိုင်တဲ့ နည်းလမ်း သာဖြစ်တယ်၊ ဂိုဏ်းဂဏနဲ့ဆိုင်တဲ့ နည်းလမ်းမဟုတ်ဘူး။

အခုတော့ သူပြပေးနေတဲ့ နည်းလမ်းတွေဟာ မိမိကိုယ် ခန္ဓာကိုရှုပြီး မိမိကိုယ်ခန္ဓာထဲမှာ ဖြစ်ပေါ်လာတဲ့ ဝေဒနာတွေကို သိနေဖို့ကောင်းတဲ့ ခံစားမှုလေး၊ ချမ်းသာမှုလေး၊ သုခခံစားမှုလေး ရနေရင်လည်းပဲ အဲဒီသုခနောက်လိုက်ပြီး တုံ့ပြန်ပြီး လောဘစိတ် မဖြစ်ဖို့၊ မကောင်းတဲ့ခံစားမှုနာကျင်ကိုက်ခဲတယ် ဆိုတဲ့ မကောင်း တဲ့ဝေဒနာ ဒုက္ခခံစားနေရရင်လည်းပဲ ဒေါသဆိုတဲ့ စိတ်ဖြစ်ပေါ်မှု မရှိအောင် ကိုယ့်စိတ်ကို ထိန်းသိမ်းတဲ့ နည်းလမ်းပဲပြနေတာပဲ။

အဲဒီတော့ လူတွေမှာရှိတဲ့ လောဘ ဒေါသစိတ်၊ မနာလို တဲ့စိတ်၊ မတရားစိတ်ထားတာတွေ၊ သူတစ်ပါးအပေါ်မယ် မတရား ကြံစည်တာတွေ မကောင်းတဲ့စိတ်တွေကို အမြစ်ကနေ စပြီးတော့ကို ချေဖျက်ပေးနေတဲ့ နည်းလမ်းဟာ ဘာမကောင်းတာရှိသလဲ ပြောစမ်းပါ လို့ သူကမေးတယ်။

အဲဒီတော့ အသက်ရှူလိုက်တဲ့အခါမှာ ဒါကဟိန္ဒူအသက် ရှူတာ၊ ဒါကဗုဒ္ဓဘာသာ အသက်ရှူတာ၊ ဒါကခရစ်ယန်အသက် ရှူတာလို့ မပြနိုင်သလို သဘာဝ ဖြစ်ပျက်နေတာကိုသိတာ၊ ကိုယ် ခန္ဓာအတွင်းမှာ ဖြစ်ပေါ်လာတဲ့ သုခဝေဒနာ–ချမ်းသာလေး ခံစားရတာ ဟာ ဒါလည်းပဲ ဟိန္ဒူခံစားမှု၊ ခရစ်ယာန်ခံစားမှု၊ ဗုဒ္ဓဘာသာခံစားမှုလို့ မပြောနိုင်ပါဘူး။ အဲဒီကိုယ်ပေါ်မှာပေါ်လာတဲ့ ဝေဒနာအမျိုးမျိုး ခံစားမှု ကိုသိနေပြီးတော့ အဲဒီခံစားမှုကို တုန့်ပြန်မှုမရှိ၊ ကောင်းတဲ့သုခ ဝေဒနာ လေး ခံစားရရင်လည်းပဲ လောဘဆိုတဲ့စိတ် တပ်မက်တဲ့စိတ်မဖြစ်ပေါ် အောင်၊ မကောင်းတဲ့ ခံစားမှု နာကျင်ကိုက်ခဲတဲ့ ဒုက္ခဝေဒနာခံစားရရင်

www.burmeseclassic.com



လည်း အဲဒီအပေါ်မှာ တုန့်ပြန်ပြီးတော့ ဒေါသစိတ်မဖြစ်အောင် ထိန်းသိမ်းတဲ့ဟာ ကိုလေသာကို ချေချွတ်နည်းပဲ၊ ချေချွတ်နေတာပဲ၊ ဒါဘာများမှားနိုင်မလဲ။

သူစိုးရိမ်ကြောင့်ကြနေတဲ့ အခြေခံသဘောတရားကို သူကောင်းကောင်းနားလည်ပါတယ်တဲ့၊ သူလိုပဲ ကျွန်တော်လည်းပဲ အထက်တန်းအယူအစွဲအလန်းရှိတဲ့ ဟိန္ဒူဂိုဏ်းအဖွဲ့ဝင်ပါပဲ၊ သူက စိုးရိမ်ကြောင့်ကြနေတာက တခြားဘာသာထဲကို သူတို့အဖွဲ့ဝင်တွေ သူတို့ရဲ့ဟိန္ဒူဂိုဏ်းထဲကပုဂ္ဂိုလ်တွေ ဘာသာပြောင်းသွားမှာကို စိုးရိမ်ပူပန်နေတဲ့အတွက် ကျွန်တော့်ကိုလာပြီးတော့ကို ရန်တွေ့ပြီးတော့ မလိုမုန်းထားစကားတွေ ပြောနေခြင်းဖြစ်တယ်ဆိုတာ ကျွန်တော် ကောင်းကောင်း နားလည်ပါတယ်။

အဲဒီတော့ကို သူက သူ့အပေါ်မှာ အလွန်ကြင်နာတဲ့စိတ်နဲ့ ကြည့်ပြီးတော့ကို မင်းသီလကိုဖြူစင်အောင် လုံခြုံအောင် စောင့်ထိန်းပါ၊ သမာဓိကိုလည်းပဲ ကောင်းစွာအင်အားရှိအောင် ထူထောင်ပါ၊ ပညာစခန်းကိုလည်း ရောက်အောင်ကြိုးစားပါ၊ အဲဒီလိုလုပ်တဲ့အခါမှာ မင့်ကိုယ်မင်း ဟိန္ဒူလည်းခေါ်ချင်ခေါ်နေပါ အလုပ်ကတော့ဖြင့် ဖြူစင်တဲ့သီလကို အစဉ်ရအောင် ထိန်းသိမ်းပါ၊ သမာဓိကိုလည်းပဲ တိုးပွားအောင်ကျင့်ကြံပါ။ ပညာစခန်းရောက်အောင်ကြိုးစားပါ၊ ဒီလိုဆိုရင်မင်းကိုယ်မင်း ဟိန္ဒူခေါ်ခေါ် ဘာခေါ်ခေါ်, ဘာမှုအရေးမကြီး ပါဘူးလို့ပြောတယ်။

အဲဒီတော့ကို ဆရာကြီး ဦးဘခင်က ပြောကြားခဲ့တဲ့ စကား တစ်ခွန်းကို သတိရတယ်တဲ့။ လူတစ်ယောက်ဟာ မဇ္ဈိမပဋိပဒါ အလယ်လမ်းဖြစ်တဲ့ အင်္ဂါရှစ်ပါးနဲ့ပြည့်စုံတဲ့လမ်းစဉ်ကျင့်ပြီးတော့ သီလ သမာဓိ စောင့်ထိန်းနေလို့ရှိယင် သူဗုဒ္ဓစကား နားထောင်တဲ့ ဗုဒ္ဓ တပည့်ပဲ၊ ဗုဒ္ဓဘာသာပဲ၊ သူ့ဘာသူတော့ နာမည်က ဘာခေါ်နေနေ၊

www.burmeseclassic.com

www.burmeseclassic.com



သူယုံကြည်နေတာလည်း ဗုဒ္ဓရဲ့ လမ်းစဉ်ကို ယုံကြည်နေတယ်၊ လက်တွေ့လုပ်နေတာလည်း ဗုဒ္ဓကျင့်စဉ်ကို ကျင့်နေတဲ့လူလို့ ယူဆပါလို့ သူ့ဆရာကြီးက ပြောဖူးပါတယ်။

အဲဒီတော့ သူ့ကိုပြောတယ်တဲ့၊ ဒီလိုအတိုက်အခံ ပြောဆိုနေမယ့်အစား ဆယ်ရက်စခန်းဝင်ကြည့်ပါ၊ လက်တွေ့လုပ်ကြည့်ပါ၊ အဲဒီလုပ်ကြည့်ပြီးတဲ့အချိန်အခါကျတော့မှ လုပ်ရတဲ့ကိစ္စဟာ ဘာတွေမကောင်းသလဲ၊ ဘာတွေ ချွတ်ယွင်းသလဲ၊ ကောင်းတဲ့အချက်တွေဘာပါသလဲ၊ ကိုယ့်ကိုယ်ကိုသိပြီးတော့ ဆုံဖြတ်ချက်ချပါ။ အခုဒီပြနေတဲ့တရားဟာလည်းပဲ လူတွေဟာ စိတ်ထား ဖြူစင်ပြီးတော့ ဆင်းရဲဒုက္ခကလွတ်ဖို့ နည်းလမ်းကိုသာပြနေတာ၊ ဘယ်ဘာသာဝင်ဖြစ်အောင်ဘယ်ဘာသာဝင်လုပ်ဖို့ ဘယ်ဘာသာဝင်ကထွက်ခဲ့၊ ဘယ်ဂိုဏ်းကနေမပါနဲ့လို့ ဟောပြောပြနေတာမဟုတ်ဘူး၊ မြတ်စွာဘုရားပြတဲ့နည်းလမ်းအတိုင်း လူတွေ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ နေနိုင်အောင်သီလ သမာဓိကိုထူထောင်ပြီးတော့ကို အရိယမဂ္ဂင်ရှစ်ပါး တရားအတိုင်းကျင့်ဖို့ ဒါကိုပြောနေတာပါ၊ မင်းလက်တွေ့စမ်းကြည့်ပါလို့ သူကဖိတ်ခေါ်လိုက်တယ်။

ကံလားလျှော်စွာပဲ အဲဒီအကြံပေးချက်ကို သူကလက်ခံလိုက်တယ်၊ လက်ခံပြီးတော့ ဆယ်ရက်တရားပတ်ဝင်ပြီးတော့တရားထိုင်တယ်၊ တရားပတ်လည်းထိုင်ပြီးရော အတိုက်အခံဖြစ်တဲ့စိတ်ဓာတ်တွေရော၊ သူနဲ့အငြင်းအခုန်ဖြစ်တဲ့ စိတ်ဓာတ်တွေရော၊ သူ့အပေါ်မှာ ဆဲရေးတဲ့စိတ်ဓာတ်တွေရော၊ အပြုအမူတွေရော လုံးဝမရှိတော့ပါဘူးတဲ့၊ လုံးဝပျောက်ကွယ်သွားပါတယ်။

အဲဒီသူလိုပဲတဲ့ ဒီလိုတရားပြနေတဲ့စခန်းတွေ တရားပြနေတဲ့အချိန်ကာလတစ်လျှောက်လုံးမှာ မကြာမကြာလာကြပါတယ်။ ဆွေးနွေးကြပါတယ်။ အသက်ဝိညာဉ်မရှိဘူး၊ လိပ်ပြာကောင်မရှိဘူး၊ အတ္တ

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ ဒါတွေနဲ့ အဘိဓမ္မာတရားသဘောတွေ လာလာပြီးတော့ ဆွေးနွေးကြတဲ့လူတွေရှိတယ်၊ အဲဒီတော့ကို သူကဒီဟာတွေကို ကျွန်တော်မဆွေးနွေးပါဘူး။ ကျွန်တော်ပြတာက သီလ သမာဓိပညာပါ။ သီလကိုလုံအောင်ထိန်း၊ သမာဓိကိုထူထောင်၊ ပညာစခန်းကိုရောက်အောင်သွား ဒါကိုပဲပြတာပါ။ အဘိဓမ္မတရားတွေ စကားလုံးကြီးကြီးနဲ့ လေထွားထွားနဲ့ ငြိန်းခုန်နေတဲ့လုပ်ငန်း လုပ်နေတဲ့လူမဟုတ်ပါဘူးလို့ အကြိမ်ကြိမ်ပြောခဲ့ရပါတယ်။

အဲဒီတော့ ဒီလိုလာလာပြီးတော့ ငြိန်းခုန်ပြောတဲ့လူတွေကို ကိုင်းဒို့တစ်ယောက်နဲ့တစ်ယောက် သဘောမတူနိုင်တဲ့ အချက်အလက်တွေ ခဏဘေးဖယ်ထား၊ သဘောတူနိုင်တဲ့ အချက်တွေပေါ်စုပြီးတော့ အဲဒီအပေါ်မှာ လက်တွေ့ အလုပ်လုပ်ကြရအောင်လို့ ဖိတ်ခေါ်တယ်။ သီလ သမာဓိပညာလုပ်နေတဲ့ လုပ်ငန်းဟာ မှားယွင်းတဲ့လုပ်ငန်းလား၊ မှားယွင်းတဲ့လုပ်ငန်းမဟုတ်ရင်လုပ်ကြရအောင်ဆိုပြီးတော့ဖိတ်ခေါ်တယ်။

အဲဒီလူတွေပဲ နောင်ခါကျတော့ ဆယ်ရက်တရားပတ်လာပြီးတော့ကို တရားထိုင်ကြတယ်။ ဆယ်ရက်တရားပတ်ပြီး ဆယ်ရက်တစ်ပတ်၊ ဆယ်ရက်တရားပတ်ပြီး ဆယ်ရက်တရားပတ်၊ လေးငါးခါထိုင်သွားတယ်။ နောင်ကျတော့ ဒီထက်တရား မြင့်တဲ့လုပ်ငန်း ရင့်ကျက်တဲ့ ဆယ့်ငါးရက်တရားပတ်၊ အရက်နှစ်ဆယ်တရားပတ်၊ အရက်သုံးဆယ်တရားပတ်၊ အဲဒီမှာ လုပ်ငန်းတွေကလည်း မြင့်တက်မြင့်တက်လာတယ်။ အသိတရားတွေလည်း ပိုပြီးတော့ နက်ရှိုင်းနက်ရှိုင်းလာတယ်ဆိုတဲ့ လုပ်ငန်းတွေကို သူတို့ဆက်ကာဆက်ကာ လုပ်လာကြတယ်။

အဲဒီလို လက်တွေ့လုပ်ငန်းဆယ်ရက် တရားပတ်၊ ဆယ့်ငါးရက်တရားပတ်၊ အရက်နှစ်ဆယ်တရားပတ်၊ အဲဒီလို တရားပတ်တွေကိုကျင့်ရင်း ကျင့်ရင်းနဲ့ တရားရဲ့နက်ရှိုင်းတဲ့ အဓိပ္ပာယ်

www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ပိုပိုနားလည်လာတဲ့ အချိန်အခါမှာ အဆင့်အတန်း မြင့်တဲ့ တရားပတ်တွေကျတော့ အနတ္တတရားကို အဲဒီအချိန်မှ ဖွင့်ပြောလိုက်တဲ့ အခါ သူတို့လက်ခံနိုင်တဲ့အခြေရောက်သွားတယ်။ စစချင်း "ဒို့ တရားပတ်ကိုလာ" ဆိုပြီးတော့ "မင်းတို့ယုံကြည်နေတဲ့ အတ္တဟာ မှားတယ်၊ ဒို့တရားက အနတ္တ" ဆိုလို့ ဘယ်လိုမှ ပြောလို့မရတဲ့ နည်းလမ်းပါ။ တရားရင့်ကျက်လာတဲ့အချိန်အခါကျတော့မှ နားလည် နိုင်တဲ့အဆင့် ရောက်တော့မှ အနတ္တအကြောင်းကို ရှင်းပြတဲ့အခါ ကျတော့ ကျကျနန သူတို့လက်ခံပါတယ်။

မြတ်စွာဘုရား တရားဟောပြောတော်မူတဲ့ နည်းလမ်းလိုပဲ အနုပုဗ္ဗိကထာဆိုတဲ့ တရားအဆင့်အဆင့် တက်တက်ယူသွားတဲ့ နည်းလမ်းနဲ့ ဟောကြားတာပါပဲ။ ဒါနကထာဆိုတာ လူအားလုံးသိတဲ့ အလှူအတန်းပေးခြင်း စတဲ့ တရားအရင်ဟောတယ်။ သီလကထာ နောက်သဂ္ဂကထာ နတ်ပြည်ရောက်တယ်။ အဲဒီ နောက်မှာ အာဒီနဝ ဆိုတဲ့ လောကကြီးမှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို ငြီးငွေ့ပြီးတော့ ဟိုနိဗ္ဗာန်မင်္ဂဖိုလ်ရောက်တယ်ဆိုတဲ့ မဂ္ဂကထာ ဒီလို တစ်ဖြည်းဖြည်း တစ်ဆင့်စီ တစ်ဆင့်စီ ဟောပြသွားတာပါပဲတဲ့။ မြတ်စွာ ဘုရားက အဲဒီတော့ လာလာချင်း ဆောက်နဲ့ထွင်းဆိုတာလို သူ့စိတ်ထဲ မှာမှ ကြည်ကြည်လင်လင် ရှင်းရှင်းလင်းလင်းမရှိတဲ့ အလွန်နက်ရှိုင်းတဲ့ တရား သွားဟောလို့တော့ ဘာနားလည်မှာလဲ။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ သုတ္တန်တွေထဲမှာ အဝတ်ကို ဆေးဆိုးမယ်ဆိုရင် အဝတ်ကို ပထမ ဖြူစင်အောင်ကို ပြုလုပ်ရသေးတယ်။ ဖြူစင်မှ လိုချင်တဲ့ဆေးအရောင် စွဲပါတယ်ဆိုတဲ့ သုတ္တန်ဒေသနာရှိပါတယ်။

တကယ့်လက်တွေ့ နည်းလမ်းအရပြောရင် တစ်ဖြည်းဖြည်း သိလာတာက အလွန်နက်နဲခက်ခဲတဲ့တရားကို ဖြုန်းခနဲသွားပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



သင်ကြားပို့ချပေးလိုက်နဲ့၊ တဖြေးဖြေး သူတို့အသိဉာဏ် ရင့်သန်လာတယ်၊ စိတ်ဓာတ်ကြည်လင်လာတယ်၊ စိတ်ရှင်းလာတယ်ဆိုတော့ စိတ်ပညာသဘောအရ သူတို့စိတ်ကိုသိပြီးတော့ ဟောကြားပြသတဲ့ နည်းလမ်းပါ။

အဲဒီတော့ကို ဆယ်ရက်တရားပတ်တွေမှာ ပထမ ၉ရက်က တရားနဲ့ပတ်သက်တဲ့ ဆွေးနွေးခြင်း ဖီလော်ဆော်ဖီခေါ်တဲ့ တရားနက်နဲတဲ့ အချက်အလက် ငြင်းခုန်တဲ့အချက်အလက်တွေ ဘာမျှ တစ်လုံး တစ်ပါဒမျှ မပြောဘဲနဲ့ ချမှတ်ပေးထားတဲ့ စည်းကမ်းအရ သီလကို ကောင်းမွန်စွာ ဆောက်တည်ပါ။ သမာဓိကိုဖြစ်အောင် ထူထောင်ပါ။ ပညာစခန်း ဝိပဿနာစခန်း ခန္ဓာကိုယ်တွင်းမှာရှိတဲ့ ဖြစ်ပျက်သဘော တရားကို နားလည်အောင်၊ ၉ ရက်နေ့မြောက်ရော ဆယ်ရက်နေ့မှာ စကားပြောခွင့်ရတယ်။ အဲဒီ ဆယ်ရက်ကျတော့ကို မေးချင်တဲ့တရား စကား အချက်အလက်တွေလာပြီးတော့ ဆွေးနွေးလှည့်ပါ။ အဲဒီလို စည်းမျဉ်း ချထားပါတယ်။ အဲဒီတော့ ဆယ်ရက်ရောက်လာတော့ကို အဲဒီလို အခွင့်ပြုထားတဲ့ မေးချင်မြန်းချင်တာတွေကို မရှိတော့ဘူး၊ သူတို့ စိတ်ထဲမှာ ရှင်းသွားပြီးတော့ကို မေးစရာမြန်းစရာ မရှိတဲ့အတွက် ဘာမျှမမေးတော့ပါဘူး။

အဲဒီလိုနဲ့ ဆယ်ရက်တရားပတ်တွေ တော်တော်များများ တက်ပြီးတော့ကို လေးနှစ်ငါးနှစ်ရောက်လာတယ်။ ပြီးတော့လည်းပဲ တရားပတ်တွေမှာ အဆင့်မြင့်မြင့်ပြီးတော့ ပေးတဲ့ရက်သုံးဆယ် တရားပတ်၊ ရက်လေးဆယ့်ငါးတရားပတ်၊ အဲဒီမှာလည်းပဲ နက်ရှိုင်းတဲ့ ဗုဒ္ဓတရားအစစ်အမှန်တွေ ဟောပြော ဟောပြောသွားတဲ့အခါ ကျတော့ ငါးနှစ်လောက်ကျတော့ကို ဗုဒ္ဓတရားကို အလွန်ယုံကြည်ပြီးတော့ ဘယ်လိုမှချိုးဖျက်လို့မရတဲ့ တည်ကြည်တဲ့ သဒ္ဓါ ယုံကြည်မှု ခိုင်ခိုင်မြဲမြဲ ဖြစ်သွားပါတယ်။ ရတနာသုံးပါးမှာ လုံးဝယုံကြည်တဲ့စိတ် ပေါက်သွား

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

အဲဒီလို အဆင့်ရောက်တဲ့တိုင်အောင် ဒီလိုအဆင့်ရောက်နေပြီး ဒီနေ့ကစပြီးတော့ မင်းကိုမင်း ဗုဒ္ဓဘာသာလို့ မင်းခေါ်ရတယ်လို့ အဲဒီအချိန်မှာတောင် မပြောပါဘူး။ ကြိုက်သလိုသာခေါ်၊ ခေါ်ချင်သလိုခေါ်၊ ယုံကြည်မှုအပြည့်အဝရှိပြီးသား။ ရတနာသုံးပါးအပေါ်မှာ သဒ္ဓါကြည်ညိုမှုဆိုတာရောက်နေရင် ဒါ ဗုဒ္ဓဘာသာဖြစ်ပြီဆိုတာ သိပြီးသားပဲ။

ဗုဒ္ဓမြတ်စွာဘုရားလက်ထက်တော်မှာလည်းပဲအရှင်မောဂ္ဂလာန် အရှင်ကဿပ၊ အရှင်ကစ္စာယနဆိုတဲ့ ရဟန္တာတော်ကြီးတွေဟာ အလွန်အယူသည်းတဲ့ အစွဲအလန်းကြီးတဲ့ ဟိန္ဒူလူမျိုး နွယ်ထဲကလာတာပါ။ အဲဒီတော့ကို ဟိန္ဒူအနွယ်ရဲ့ အထိမ်း အမှတ်ဖြစ်တဲ့ မောဂ္ဂလ္လာန၊ ကစ္စာယန ဆိုတဲ့ နာမည်တွေကို မြတ်စွာဘုရားက ပြောင်းမပစ်ပါဘူး။ အဲသလိုနဲ့ ဟိန္ဒူနာမည်နဲ့မေဂ္ဂလာနပဲခေါ်၊ကစ္စာယနကလည်း ကစ္စာယနပဲခေါ်၊ ကဿပကလည်း ကဿပပဲခေါ်တာ ဟိန္ဒူနာမည်တွေပါ။ အဲဒီနာမည်တွေကို ပြောင်းမပြစ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့သိတဲ့ အတိုင်း ဒီအရှင်ကြီးတွေဟာ တကယ့်ရဟန္တာမထေရ်ကြီးတွေ ဖြစ်သွားတာပါပဲ။ ဗုဒ္ဓဘာသာလို့ အထူးပြောနေစရာ မလိုတော့ပါဘူး။

မြတ်စွာဘုရားလက်ထက်တော်မှာ ပိဋကတော်တွေ ဟောကြားသွားတဲ့အထဲမှာ မြတ်စွာဘုရားက နာမည်ပေးတဲ့ဟာကို လိုက်ပြီးတော့ ရှာဖွေကြည့်တဲ့အခါမှာ ငါးမျိုးပဲ နာမည်ပေးသွားပါတယ်။ ဓမ္မိကော၊ ဓမ္မဒ္ဓေဒ၊ ဓမ္မီ၊ ဓမ္မစာရီ၊ ဓမ္မဝိဟာရီ လို့ ဒီငါးမျိုးပဲပေးပါတယ်။ အဲဒီတော့ကို သူ့အမည်တွေကို ပြောတယ်။ မင်းတို့လည်းပဲ ဓမ္မိကော၊ ဓမ္မဒ္ဓေဒ၊ ဓမ္မီ၊ ဓမ္မစာရီ၊ ဓမ္မဝိဟာရီလို့သာခေါ်။ မင်းတို့ဘာခေါ်ခေါ် ဒါခေါ်ရင်ပြီးတာပဲလို့ သူပြေရတယ်တဲ့။ အဲဒီတော့ မင်းတို့ဟာ ဓမ္မကို စွဲစွဲမြဲမြဲထားပြီး ဓမ္မကိုဆုပ်ကိုင်ထားရင် ငါကျေနပ်ပြီ။ အဲဒီလို ဓမ္မ

www.burmeseclassic.com



လက်ကိုင် ထားရင် မင်းတို့ဆင်းရဲဒုက္ခကနေ လွတ်မြောက်မှာပဲ။ ဒါပဲ ငါလို လားပါတယ်လို့ ပြောပါတယ်။

အဲဒီတော့ ကမ္ဘာ့ဒွာန်းတရား ထိုင်ချင်ပါတယ်ဆိုပြီးတော့ကို တရားဌာနကိုလာတဲ့လူတွေရဲ့ ဆိုက်ကိုလိုဂျီ စိတ်သဘောထား အခုလို နားလည်ရမယ်တဲ့၊ တရားပြတဲ့အခါ။

အိန္ဒိယပြည် အပြင်ဖက်ကိုသွားပြီး တရားပြတဲ့အခါမှာ ဥရောပတိုက်၊ အမေရိကတိုက်၊ ဩစတြေလျတိုက်က လူတွေ ကတော့ သိပ္ပံပညာ စိတ်ဝင်စားတယ်။ သိပ္ပံပညာ နားလည်ကြတယ်။ လိုက်စားကြတဲ့ လူတွေဆိုတော့ကို အကြောင်းအရာ တစ်ခုခုကို သိပ္ပံပညာ အဆင့်အတန်းရှိသလား။ သိပ္ပံပညာနဲ့ ကိုက်ညီသလားလို့ သူတို့ ဆန်းစစ်လေ့ရှိကြတယ်။ အဲဒီတော့ သိပ္ပံပညာရှုထောင့်ကနေ ဟောပြောပြသရတဲ့အချက်ရှိတယ်။ ဒါ စိတ်ပညာအရ၊ ဗုဒ္ဓဟာရိုးရိုး သာမန်သိပ္ပံဆရာမဟုတ်ပါဘူး။ တကယ့်အတုမရှိ သိပ္ပံပါရဂူ သိပ္ပံဆရာကြီးဖြစ်တယ်လို့ သူတို့ကို ပြောပြရတယ်။ အခု သိပ္ပံပညာရှင်တွေက သူတို့ တီထွင်ပေးလိုက်တဲ့ လုပ်ကိုင်တဲ့ဟာတွေ ရည်ရွယ်ချက်ကတော့ လူတွေ နေမှုထိုင်မှု သက်တောင့်သက်သာရှိဖို့ အဆင့်အတန်းမြင့်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သိပ္ပံဝတ္ထုပစ္စည်းတွေ ထုတ်လုပ်နေကြပါတယ်။ မြတ်စွာဘုရားကတော့ကို အတုမရှိတဲ့ သိပ္ပံပညာရှင်ကြီး ဖြစ်တဲ့ ဗုဒ္ဓရှင်တော်ဘုရားကတော့ကို လူတွေအကုန်လုံး ခံစားနေရတဲ့ ဒုက္ခဆင်းရဲက လွတ်မြောက်ရအောင် သိပ္ပံပညာနည်းလမ်းနဲ့ သင်ကြားပြသပေးနေတာပါ။

အဲဒီလို သင်ကြားပြသတဲ့နေရာမှာလည်းပဲ မျက်ကန်း လက်ခံပြီးတော့ကို "ငါပြောတာယုံ" ဆိုတဲ့ အသုံးအနှုန်းနဲ့ ဒီလို မပြောပါဘူး။ "စမ်းကြည့်၊ ကိုယ်တိုင်လက်တွေ့ကြည့်၊ ကိုယ်တိုင် လက်တွေ့လုပ်ကြည့်လို့ လက်ခံနိုင်မှယူ" ဆိုတဲ့ သင်ကြားပြသနည်းနဲ့

www.burmeseclassic.com



ဟောပြောပြသတာပါ။ ဗုဒ္ဓက အဲဒီတော့ကို အနောက်နိုင်ငံက လက်တွေ့သမားတွေဖြစ်တဲ့ သိပ္ပံပညာရှင်တွေက ဒီတရားဌာနမှာ လာပြီးတော့ တရားလုပ်ငန်းလုပ်တဲ့အခါမှာ သူတို့ကိုယ်တိုင် စိတ်ဆင်းရဲကလွတ်မြောက်သွားတယ်။ ဘာပြုလို့လဲဆိုတော့ စိတ်ကို ဆင်းရဲစေတဲ့ ကိလေသာအညစ်အကြေးတွေ ကင်းစင်နေသမျှ စိတ်ဆင်းရဲမှုပျောက်ပြီးတော့ ချမ်းသာမှုရလာတော့ လက်တွေ့ တွေ့လာတဲ့အခါမှာ ယုံကြည်မှုရှိလာတယ်။

အဲဒီတရားလာထိုင်တဲ့အထဲမှာ အရက်စွဲတဲ့လူ၊ မူးယစ်ဆေးဝါးစွဲတဲ့လူတွေ အများကြီးလာကြပါတယ်။ ဒါတွေဟာ အစွဲကြီးစွဲ အနှစ်နှစ်အလလ ဆင်းရဲဒုက္ခရောက်နေခဲ့ကြရတာ ဒီတရားထိုင်ပြီးတော့မှ ဒီစွဲလမ်းမှုတွေ၊ ဒီအညစ်အကြေးတွေ ကင်းစင်သွားပြီးတော့ စိတ်ချမ်းသာမှု ရသွားကြတဲ့လူတွေ အများကြီးရှိပါတယ်။ အဲဒီတော့ သူတို့ကိုယ်သူတို့ အလွန်ဆိုးသွမ်းတဲ့ ဓာတ်တွေက တစ်ဖြည်းဖြည်းနဲ့ လျော့ပါး လျော့ပါးသွားပြီးတော့ကို သူတို့ စိတ်အနေအထားတွေဟာ လည်းကောင်းတဲ့ဘက်ကို ပြုပြင်ယူလာတဲ့ အချိန်အခါမှာ ဒီတရားရဲ့ တန်ဖိုး တရားလုပ်ငန်းရဲ့သဘောကို ကောင်းစွာနားလည်သွားကြပါတယ်။

လူ့ပုဂ္ဂိုလ်သတ္တဝါပုထုဇဉ်တွေဟာ ဘယ်သူမဆို ဒုက္ခဆင်းရဲကနေ လွတ်မြောက်ချင်ကြတာချည်းပဲ။ ပုဂ္ဂိုလ်သတ္တဝါတိုင်းကလည်းပဲ ဒုက္ခဆင်းရဲနဲ့ ပင်လယ်ဝေနေကြတဲ့ လူတွေချည်းပါပဲ။ အဲဒီလို ဒုက္ခဆင်းရဲ ပင်လယ်ဝေနေကြတဲ့ လူတွေဟာ ဒုက္ခဆင်းရဲက လွတ်မြောက်ရာနည်းလမ်းလေးကို လက်တွေ့ တွေ့ပြီးတော့ အဲဒီလက်တွေ့အတိုင်း ကျင့်လိုက်တော့ကို ဒုက္ခဆင်းရဲက လွတ်မြောက်လာတော့ကို သဘာဝအလျောက ဒီနည်းလမ်းနဲ့ ဒီကျင့်စဉ်ကို ကောင်းကောင်းလက်ခံလာကြတော့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့်မို့ အခုလိုလိုက်လံပြီးတော့ တရားဓမ္မဟော ပြောပြသနေတဲ့ အောင်မြင်မှုရဲ့ လျှို့ဝှက်ချက် သော့ချက်က ဘာလဲ ဆိုတော့ အလွန်လွယ်ကူရှင်းလင်းတဲ့ ဗုဒ္ဓတရားစစ်စစ်ကို ဟောပြော ပြသဒေပးနေလို့ အောင်မြင်ခြင်းဖြစ်ပါတယ်။ ဗုဒ္ဓတရားက လက်တွေ့ ကျပြီးတော့၊ လက်တွေ့စမ်းသပ်ကြည့်ပြီးတော့ လက်တွေ့ အကျိုး ကျေးဇူးရှိကြောင်းသိတော့ကို လက်ခံလာတဲ့အဆင့်ရောက်တာပဲ။ အဲဒါတော့ ကျွန်တော်တရားပြသတဲ့ အောင်မြင်တဲ့သော့ချက်ပါပဲ။

ကျွန်တော် ခဏခဏ တရားဟောပြောပြသတဲ့ နေရာမှာ ပြောပြလေ့ရှိပါတယ်။ ကျွန်တော်ဟာ ဒီနိုင်ငံမှာ မွေးဖွားခဲ့ရတဲ့အတွက် အလွန်ကံကောင်းတဲ့ လူတစ်ယောက်ဖြစ်တယ်လို့ ဒီနိုင်ငံမှာ မွေးဖွား လို့သာ အလွန်မြင့်မြတ်တဲ့ ဖြူစင်သန့်ရှင်းတဲ့ စစ်မှန်တဲ့ တရားနဲ့ထိတွေ့မှု ရခဲ့ရတယ်။ ဒီတရားဟာလည်းပဲ နှစ်ပေါင်းထောင်ပေါင်းများစွာ ကတည်းက လုံးဝချွတ်ယွင်းတိမ်းပါးခြင်း မရှိဘဲနဲ့ ထိန်းသိမ်း စောင့်ရှောက်လာတဲ့ နိုင်ငံမှာလာပြီးတော့ မွေးဖွားရတဲ့အတွက် ကုသိုလ် ကံကြီးမားပါတယ်လို့ ကျွန်တော်ယူဆပါတယ်။

အခြားနိုင်ငံတွေကို ရှုတ်ချလိုတဲ့သဘောနဲ့ ပြောကြားတာ မဟုတ်ပါဘူး။ အခြား ဗုဒ္ဓဘာသာနိုင်ငံတွေမှာ ပရိယတ္တိ သာသနာဆိုပြီး ပရိယတ္တိလုပ်ငန်းလုပ်တာတွေရှိပါတယ်။သို့သော်လည်းပဲ ပဋိပတ္တိဘက် က လုပ်ငန်းမှာတော့ မြန်မာပြည်လောက် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကြ ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် ထိန်းသိမ်းဆောင်ရွက်ခြင်း မရှိကြပါဘူး။ အဲဒါကြောင့်မို့ ဒို့ ဒီပဋိပတ္တိရှင်သန်လျက်ရှိသေးတဲ့ မြန်မာပြည်မှာ မွေးဖွားရတာ ကံကောင်းတယ်လို့ ကျွန်တော်ပြောခြင်းဖြစ်ပါတယ်။ ဒီပဋိပတ္တိဟာလည်း ဒီနိုင်ငံမှာပဲရှင်သန်ပြီးတော့ နေအောင်ထိန်းသိမ်း စောင့်ရှောက်ထားတဲ့ နိုင်ငံဖြစ်တဲ့အတွက် ဒီနိုင်ငံမှာ မွေးဖွားရတာ ကျွန်တော်အလွန်ပဲကံကောင်းပါတယ်။ ဒါကြောင့်မို့လို့ ဒီနိုင်ငံမှာရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသား အမျိုးသမီးကောင်းတစ်ယောက်၊ ဒီတစ်ယောက်စီ လူတိုင်း လူတိုင်းဟာ ကံကောင်းကြပါတယ်။ ဒီဖြူစင်သန့်ရှင်းတဲ့ ဝိပဿနာ တရားနဲ့ ထိတွေ့နိုင်ပါတဲ့ ဒီဝိပဿနာတရား တည်ရှိရာနိုင်ငံမှာ မွေးဖွားတဲ့အတွက် ကံကောင်းပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

## တရားနာပရိတ်သတ်အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။

ဆရာကြီး ဦးဂိုအင်ကာဟောပြောပြီးနောက် သီတဂူ ဆရာတော်ဘုရားက နိဂုံးချုပ်အနေဖြင့် ဝမ်းမြောက်စကား ကျေးဇူးတင် စကား အောက်ပါအတိုင်း ပြောကြားဟောကြားပါသည်။

ဆရာကြီးဦးဂိုအင်ကာက သူ့ရဲ့ဘဝ၊ ဓမ္မအတွေ့အကြုံများကို ဒီကနေ့ပြန်လည်ပြီးတော့ ဖြန့်ဝေသွားတဲ့အတွက် အားလုံးသော တရားနာပရိတ်သတ်များရဲ့ကိုယ်စားရော စစ်ကိုင်းတောင်ရိုးလုံးရှိ ရဟန်း၊ သံဃာ၊ သူတော်၊ သီလရှင်များကိုယ်စား၊ ထို့ပြင် မန္တလေး ရွှေမြို့တော်သူ၊ ရွှေမြို့တော်သားများ၊ မြန်မာနိုင်ငံတဝန်းလုံး သာသနာ ချစ်မြတ်နိုးကြတဲ့ သူတော်ကောင်း အားလုံးတို့ရဲ့ကိုယ်စား ဂုဏ်လည်း ယူပါတယ်၊ ကျေးဇူးလည်းတင်ရှိပါတယ်၊ ဝမ်းလည်းသာပါတယ်။

ဆရာကြီးပြောသွားတဲ့ ဟောသွားတဲ့အားလုံးသော တရားတွေထဲမှာ သူတော်ကောင်းများ နေထိုင်ကြတဲ့ မြန်မာပြည် မှာလို ပရိသတ်၊ ပဋိပက္ခဓမ္မဌာန ခိုင်ခိုင်မြဲမြဲ အခြေစိုက်ထားတဲ့မြေမှာ လူဖြစ်ရတဲ့အတွက်ကြောင့်၊ လူဖြစ်ရကျိုးနပ်တယ်၊ ဒါကိုအလေးအနက် အဖြစ် တစ်ခုပြောသွားပါတယ်။

ဆရာကြီးအကြိမ်ကြိမ်ပြောဖူးတာကို ဘုန်းကြီးတို့ကြားရပါ တယ်။ အမေ့ဝမ်းကမွေးလာလို့ လူဖြစ်တယ်ဆိုပေမယ့် တကယ့်လူ မဖြစ်ခဲ့ရဘူး၊ ဓမ္မနှင့်တွေ့ပြီးတော့မှ ပြန်မွေးရတဲ့ ဂိုအင်ကာရဲ့ဘဝဟာ

www.burmeseclassic.com

www.burmeseclassic.com



တကယ်လူဖြစ်သွားပြီလို့ နှစ်ကြိမ်မွေးမှ လူဖြစ်တယ်ဆိုပြီးတော့၊ အမေ့ဝမ်းကမွေးခြင်းနှင့် ဓမ္မကမွေးခြင်း ဆိုပြီးတော့ နှစ်ခါမွေးလို့ လူဖြစ်ရတဲ့အကြောင်းကို ဆရာကြီးက ပြောသွားပါတယ်။ ဓမ္မမြေမှာ မွေးဖွားလို့ လူဖြစ်ရကျိုးနပ်တဲ့အကြောင်းကို ဂုဏ်ယူပြီးတော့ အိန္ဒိယပြည်တွင်းသာမက ကမ္ဘာတဝန်းမှာပါ ဆရာကြီးဂုဏ်ယူပြီးတော့ ပြောလေ့ရှိပါတယ်။ အဲဒီတော့ ဆရာကြီး၏ နှလုံးသားကို ဘုန်းကြီးတို့ ကြည့်ရတာ ဓမ္မကိုတကယ်ချစ်မြတ်နိုးတဲ့ နှလုံးသားရှိကြောင်းကို ဘုန်းကြီးတို့ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်းသိရတဲ့အတွက် ကြောင့် ပိုမိုပြီးတော့ အားလည်းရ၊ ဂုဏ်လည်းယူ ကျေးဇူးလည်းတင်ပါတယ်။ တရားနာလာကြတဲ့ သူတော်ကောင်းအားလုံးတို့ကလည်း ဆရာကြီးခံယူထားသလို မိခင်ဝမ်းကမွေးဖွားရုံနှင့် တကယ်လူမဖြစ်သေးကြောင်း၊ ဓမ္မနှင့်ပြန်လည်မွေးဖွားမှသာလျှင် တကယ့်လူသား စင်စစ်ပီသတဲ့ လူဖြစ်ကြောင်းကို ကောင်းစွာသဘောပေါက်ပြီးတော့၊ ဘဝအဆင့်မြင့်အောင် ကျိုးစားကြဖို့ကိုလည်း ဆရာကြီးကတိုက်တွန်းသွားတာဖြစ်ပါတယ်။ ဘုန်းကြီးတို့လည်း ထပ်မံပြီးတော့ တိုက်တွန်းပါတယ်။

ပြီးတော့ ဆရာကြီးဟောသွားတဲ့ ဓမ္မတွေဟာ တရားတွေဟာ၊ ကမ္ဘာသူ ကမ္ဘာသား၊ စကြဝဠာသူ/သားအားလုံးတို့ရဲ့ တညီတည်းဖြစ်နေတဲ့ ဒုက္ခတွေအားလုံးကို တညီတညွတ်တည်း ဖယ်ရှားဖို့လို့ ကျင့်ရမဲ့ ကျင့်စဉ်တစ်မျိုးဖြစ်ကြောင်း လူတစ်ယောက်ချင်း၊ လူတစ်မျိုးချင်း၊ အသားအရောင် တိုင်းပြည်နှင့် လူမျိုးလိုက်ပြီးတော့ တသီးတခြား ဟောထားတဲ့တရားမျိုး မဟုတ်ကြောင်း သတ္တဝါအနန္တ၊ စကြဝဠာ အနန္တရှိကြတဲ့ သတ္တဝါအားလုံးအတွက်ဟောထားတဲ့ တရားဖြစ်ကြောင်းကို ဆရာကြီးက ဆုံးမသွားပါတယ်။

ဓမ္မဆိုတာ စကြာဝဠာ ကမ္ဘာသူကမ္ဘာသားအားလုံးနှင့် ဆိုင်တဲ့

www.burmeseclassic.com



ကျင့်စဉ်တစ်မျိုး၊ ကိုးကွယ်ရတဲ့ ဘာသာရေးမျိုး မဟုတ်တဲ့အကြောင်း၊ မိမိတို့ကိုးကွယ်ချင်တဲ့ ဘာသာကိုကိုးကွယ်၊ သို့သော် ဒီဓမ္မကိုကျင့်လျှင်၊ အဲဒီဘာသာကြီးတွေကို ထူထောင်သွားတဲ့ ဘယ်ဘုရားမဆို၊ စိတ်မဆိုးပါဘူး၊ ဘုရားတိုင်းက အားလုံးကြိုက်မှာပါ။

ကျင့်စရာဓမ္မကလည်း သုံးမျိုးပါပဲ၊ သီလ၊ သမာဓိ၊ ပညာ၊ သီလဆိုတာ ကာယကံ၊ ဝစီကံယဉ်ကျေးစေတဲ့ ကျင့်စဉ်တစ်မျိုး၊ သမာဓိဆိုတာ စိတ်ကိုယဉ်ကျေးစေတဲ့ ကျင့်စဉ်တစ်မျိုး၊ ပညာဆိုတာ နှလုံးသားကိုဖြူစင်စေတဲ့ ကျင့်စဉ်တစ်မျိုးလို့ ဆရာကြီးက ဓမ္မရဲ့ အဓိပ္ပါယ်ကို ဒီလိုဖွင့်ဆိုသွားပါတယ်။

ပြီးတစ်ခါ ဒီဓမ္မကိုကျင့်ကြတဲ့အခါမှာ ဘယ်လူမျိုးပဲ ကျင့်ကျင့် ဓမ္မဟာတစ်မျိုးတည်းသာလျှင် ရှိတဲ့အကြောင်း ကျင့်သုံးတဲ့အခါမှာ လူသားအားလုံးတို့ရလာမယ့် အကျိုးတရားဟာ ဒုက္ခအားလုံးချုပ်ငြိမ်းခြင်းဆိုတဲ့ အကျိုးတရား တစ်ခုတည်းမှာ အားလုံး တညီတည်းသာဖြစ်တဲ့အကြောင်းကို ရှင်းလင်းဟောကြားသွားပါတယ်။

ထို့နောက်ဆရာတော်ကဆက်လက်၍၊ မြန်မာပြည်မှာ မွေးဖွားကြီးပြင်းခဲ့တဲ့ ဆရာကြီးဟာ မြန်မာပြည်ကိုပြန်လာပြီး ဓမ္မအကြောင်းဟောပြောရာမှာ မြန်မာစကားနှင့် မဟောပြောနိုင်လို့ ဝမ်းနည်းမိတဲ့အကြောင်း ထည့်ဟောသွားပါတယ်။ ဘုန်းကြီးက ဝမ်းမနည်းပါနှင့်လို့ အားပေးစကားပြောချင်ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ၊ သကတိုင်း ကပီလဝတ်နေပြည်တော်မှာ သိဒ္ဓတ္ထမင်းသားအဖြစ် မွေးဖွားပြီးသက္ကစကား ကို ပြောပါတယ်။ အခု နီပေါနိုင်ငံပေါ့။ ဒါပေမယ့် ဘုရားဖြစ်တဲ့အခါမှာ မာဂဓတိုင်းနှင့်တကွ မဇ္ဈိမဒေသမှာ မာဂဓဘာသာစကားကို ပြောဆိုနားလည်ကြလို့၊ တရားဓမ္မများကို မာဂဓဘာသာ စကားဖြင့်သာ လူအများနားလည်ရန် ဟောကြားသွားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခုလည်းပဲ ဆရာကြီးဟာ၊ မိမိမွေးဖွားရာ မြန်မာပြည်မှာ ဓမ္မကျင့်စဉ် စတင်ဟောကြားရန် အခါအခွင့်မရခဲ့။ ကမ္ဘာအရပ်ရပ်လှည့်လည်ပြီး ဓမ္မဟောပြောပြရတော့ ကမ္ဘာသုံးဖြစ်နေတဲ့ အင်္ဂလိပ်ဘာသာစကားနှင့် ပြောဟောခဲ့ရတယ်။ ဒါကြောင့် မိမိတရားဟောရာမှာ အင်္ဂလိပ်စကားကို အသုံးပြုခြင်း အလေ့အကျင့်ရပြီးဖြစ်တဲ့အတွက် အင်္ဂလိပ်စကား ပြောရတာကို ဝမ်းမနည်းဖို့ ဘုန်းကြီးတို့က တိုက်တွန်းပါတယ်။

အခုလိုဆရာကြီးက နှစ်နာရီကြာ ဟောပြောရာမှာ နှစ်နာရီကြိုတင်ရောက်ရှိပြီး၊ ၅ နာရီနီးပါး အပင်ပန်းခံပြီး၊ တရားနာကြွရောက်လာတဲ့ ရဟန်းရှင်လူ ပရိသတ်အားလုံးကို ကျေးဇူးတင်ကြောင်း အမိန့်ရှိပါတယ်။ သီတဂူဓမ္မာရုံနှင့် ပရိသတ်မဆန့်နိုင်လောက်အောင် ပရိသတ်ကများပြားလှပေမယ့် အောင့်အီးသည်းခံကြတာကိုလည်း ကျေးဇူးတင်ပါတယ်။

ဆရာကြီးနှင့်တကွသော ဆရာကြီးရဲ့မိသားစုကိုလည်း ကျေးဇူးတင်ပါတယ်။ ဆရာကြီး ဟောပြောတဲ့ ဟောပြောချက်တွေကို တိတိကျကျ မိမိရရ အကြွင်းအကျန်မရှိ စနစ်တကျ ဘာသာပြန်ဆိုပေးတဲ့ ဆရာကြီးဦးကိုလေးကိုလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိကြောင်းပါ။

ပြီးတော့သတင်းကောင်းတစ်ခု ဘုန်းကြီးတို့ ဆက်ပြောပါရစေ။ ဆရာကြီးဂိုအင်ကာ၊ ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားရဲ့အနီးမှာ၊ ဓမ္မဇောတိအမည်ရှိတဲ့ ရိပ်သာတစ်ခုဖွင့်လှစ်ပါတယ်။ ရိပ်သာဟာ အလွန်ကျယ်ပြန့်တဲ့ မြေနေရာပေါ်မှာ အလွန်ကျဉ်းမြောင်းတဲ့ အဆောက်အဦကလေးတွေနှင့် ဖွင့်လှစ်ထားတာဖြစ်ပါတယ်။ ဓမ္မကို မြတ်နိုးကြတဲ့သူတော်စင်အားလုံးတို့သည် ဓမ္မဇောတိ ဓမ္မရိပ်သာကို အထူးစိတ်ဝင်စားပြီးတော့၊ ဓမ္မပြန့်ပွားရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်း

www.burmeseclassic.com

www.burmeseclassic.com



ရှိသမျှ အားပေးကြဖို့ ဘုန်းကြီးတို့ ဒီနေရာကနေ ပရိတ်သတ်ကြီးကို တိုက်တွန်းပါတယ်။

ဓမ္မပြန့်ပွားရေးဆိုတာဟာ မြတ်ဗုဒ္ဓရှင်တော်ရဲ့ လုပ်ငန်း တစ်ခုပါ၊ ဘုန်းကြီးတို့ အကြိမ်ကြိမ်ပြောဖူးတယ်။ စရထ ဘိက္ခဝေ စာရိကံ၊ ရဟန်းတို့ခရီးထွက်ကြပါ။ ဒေသေထ ဓမ္မံ– ဓမ္မကို ဟောကြပါ။

အာဒိကလျာဏံ၊ မဇ္ဈေကလျာဏံ ပရိယောသာန ကလျာဏံ၊ တို့များရဲ့ ဓမ္မဟာ အစအလယ်ဆုံး၊ သုံးချက်စုံကောင်းတယ် အစထဲက ကောင်းတာဘာလဲ၊ သီလ၊ အလယ်ပိုင်း ကောင်းတာက သမာဓိ၊ အဆုံးကောင်းတာကပညာ၊ အစ အလယ် အဆုံး သုံးချက်စုံကောင်းတဲ့ ဓမ္မဟောကြဖို့ ခရီးထွက်ကြဆိုတဲ့ စကားဟာ၊ မြတ်ဗုဒ္ဓရဲ့ ဘုရားဖြစ်ပြီးတဲ့နောက် ငါးလနီးပါးအကြာ တစ်ဝါရပြီးတဲ့၊ ပထမဆုံးဝါရဲ့ ဝါကျွတ်ချိန်မှာ မိန့်တော်မူတဲ့စကားပါ။

အဲဒီစကားရပ်ကို ဦးထိပ်ရွက်ပန်ဆင်ပြီးတော့ ဆရာကြီး ဂိုအင်ကာဟာ နေ့ညမနား၊ အိန္ဒိယတစ်ဝန်းလုံးမှာ ခရီးသွား၍ လည်းကောင်း၊ ကမ္ဘာတစ်ဝန်းလုံး၊ တိုင်းပြည်အသီးသီးကို မရပ်မနား ဗုဒ္ဓရဲ့စကားကို နားထောင်ပြီးတော့ သွားလာ၍လည်းကောင်း၊ ဓမ္မ ပြန့်ပွားရေးကို ဆောင်ရွက်နေတဲ့ ဓမ္မဒူတပုဂ္ဂိုလ် ထူးတစ်ယောက် ဖြစ်ပါတယ်။

အဲဒါကြောင့် ဓမ္မဒူတပုဂ္ဂိုလ်ထူးတစ်ယောက်ရဲ့ ဓမ္မပြန့်ပွား ရေးလုပ်ငန်းမှာ အားလုံးသောသူတော်ကောင်းများ လှိုက်လှိုက်လှဲလှဲ အားပေးကြဖို့ဆိုတဲ့အကြောင်းကို ဒီနေရာကနေ ပရိသတ်ကြီးအား အသိပေးကြေညာပါတယ်။

အားလုံးကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေ။

ဆဆဆ

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံးအခန်း

ပဋိပတ်၊ ပရိယတ် စွယ်စုံနှံ့စပ်တော်မူသော သီတဂူ အရှင်တော်မြတ်သည် ထူးခြားသော မေတ္တာ၊ ကရုဏာတို့ဖြင့် နိုင်ငံ၊ ကမ္ဘာ၊ သတ္တဝါများအကျိုး သယ်ပိုးဆောင်ရွက်ရန် ရည်သန်လျက်–

(က) သီတဂူ ရေအလှူတော်ဖြင့် သူတော်စင်အပေါင်း တို့၏ ကိုယ်စိတ်နှစ်ပါးကို အေးချမ်းစေခဲ့ပေပြီ။

(ခ) အာယုဒါန ဆေးအလှူဖြင့် ဂိလာနပေါင်း သိန်း သောင်းများစွာတို့ကို ပြုစုစောင့်ရှောက်ခဲ့ပြီးပေပြီ။

(ဂ) လောလေဆယ်အားဖြင့် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး ထူထောင်၍ ကိလေသာမီးဖြင့်လောင်မြိုက်ခံနေကြရသောကမ္ဘာတလွှား လူသားများ၏ အပူမီးကို ဓမ္မသီတဂူ ရေစမ်းဖြင့် အေးချမ်းအောင် ဆောင်ရွက်ပေတော့မည်။

ကိလေသာရောဂါဖြင့် နှိပ်စက်ခံနေကြရသော ကမ္ဘာတလွှား

www.burmeseclassic.com

www.burmeseclassic.com



လူသားများ၏ ပင်ပန်းဆင်းရဲခြင်းကို သီတဂူဓမ္မဆေး တိုက်ကျွေးခြင်းဖြင့် ချမ်းသာအောင် အားထုတ်နေပေပြီ။

ကိလေသာ တိမ်သလာပိတ်ဖုံးသဖြင့် ပညာမျက်စိကန်းနေကြရသော ကမ္ဘာတလွှား လူသားများကို သီတဂူဓမ္မမျက်ကြည်ဆေးဖြင့် ကြည်လင်သိမြင်အောင် ကြိုးပမ်းနေပေပြီ။

ကမ္ဘာသူ ကမ္ဘာသားများအတွက် ဤသို့ဆောင်ရွက်အားထုတ်ကြိုးပမ်းနေသော မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သီတဂူ (သဲကုန်း) ဆရာတော်ကြီးသည် ဆရာကြီးဂိုအင်ကာ၏ ဓမ္မရေအေး တိုက်ကျွေးနေရာ ဗဟိုဌာန အီဂတ်ပူရီမြို့ရှိဓမ္မဂီရိရိပ်သာသို့ ရက်ရှည်လများ သွားရောက်လေ့လာဆည်းပူးခဲ့ပေပြီ။ ဤသို့ ကိုယ်တွေ့လေ့လာ သုံးသပ်ခဲ့ပြီးသော ဆရာတော်ကြီးသည် ၁၃၅၆ ခုနှစ်၊ပြာသို လဆန်း ၁၂ ရက်၊ ညနေ ၇ နာရီ ၃၀ မိနစ်အချိန်မှစတင်၍ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ဓမ္မဗိမာန်ကြီးတွင် ဆင်ယင်ကျင်းပသည့် ဓမ္မသဘင်ကြီးတွင် ဂုရုကြီး ဦးဂိုအင်ကာ၏ ဓမ္မဆိုင်ရာဟောပြောချက်များကို စိတ္တသူကြွယ်၏ အတ္ထုပ္ပတ္တိဖြင့် ဂုဏ်ပြုချီးကျူးသွားခဲ့ပေသည်။

ထို့ကြောင့် ကျွန်တော်သိရှိခဲ့သည့် ဆရာကြီး ဂိုအင်ကာ အကြောင်းအရာများကို အခန်း(၈)ခန်း ခွဲခြား၍ အထက်တွင် ဖော်ပြခဲ့ပြီးနောက် နိဂုံးချုပ်အနေဖြင့် ထိုဓမ္မသဘင်တွင် သီတဂူ ဆရာတော်ကြီးဟောပြောတော်မူခဲ့သောတရားတော်ကို အပြည့်အစုံတင်ပြခြင်းသည်သာ အသင့်လျော်ဆုံးဖြစ်ပေမည်။

၁၃၅၆–ခုနှစ်၊ ပြာသိုလဆန်း ၁၂–ရက်၊ ညချမ်းကာလ ၇–နာရီ ၃၀မိနစ်အချိန်မှစ၍ ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာ ဓမ္မဇောတိဝိပဿနာအဖွဲ့က ဆင်ယင်ကျင်းပသည့် ရွှေကျင် နိကာယ ရွှေဟသံ့သာသနာ့ဗိမာန်တော်ကြီးမှာ ဆင်ယင်ကျင်းပတဲ့ ဓမ္မသဘင်ကို ယခု

www.burmeseclassic.com

www.burmeseclassic.com



အခါ မေတ္တာအာသီသ မေတ္တာပတ္ထနာဖြင့် စတင်ဖွင့်လှစ်ပါပြီ၊ ဓမ္မသဘင်ပွဲ အားခဲလို့လာခဲ့ကြသော တရားချစ်ခင် သူတော်စင်အပေါင်းတို့နှင့်တကွ သုံးဆယ့်တစ်ဘုံ အရပ်ဆယ်မျက်နှာ အနန္တစကြာဝဠာ၌ ရှိကြကုန်သော အနန္တသတ္တဝါတို့သည် ဘေးရန်ကင်းကြပါစေ၊ ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ မေတ္တာဓာတ်တွေ ဖြန့်ဝေပြီးတော့ ဓမ္မသဘင်ကို စတင်ဖွင့်လှစ်ပါပြီ။

အပြည်ပြည်ဆိုင်ရာ ဓမ္မဇောတိ ဝိပဿနာအဖွဲ့က တောင်းဆိုထားတဲ့ တရားပွဲက အပြည်ပြည်ဆိုင်ရာ ဓမ္မဇောတိ ဝိပဿနာဌာနမှာ ကျင်းပဖို့ဆိုပြီးတော့ ယခင်နှစ်ကတည်းက တောင်းထားတာ၊ ဆယ်ရက်စခန်း၊ ဆယ်ရက်စခန်းတို့ရဲ့ တစ်ခုကနေ တစ်ခု အကူးကြားထဲမှာ ၂–ရက်၊ ၃–ရက် နားတဲ့ကြားရက်လေးတွေမှာ ကျင်းပဖို့ဆိုပြီး ဥက္ကဋ္ဌဒကာကြီး ဦးကြည်ညွန့် ခေါင်းဆောင်ပြီးတော့ အဖွဲ့က ဘုန်းကြီးထံ တောင်းပါတယ်။ အပြည်ပြည်ဆိုင်ရာ ဝိပဿနာအဖွဲ့ရဲ့ ကြားရက်ကလေးများနှင့် ဘုန်းကြီးအားရက် အဲဒီနှစ်ခုက ဘယ်လိုမှ မတိုက်ဆိုင်ဘဲ ဖြစ်ခဲ့ရတာ၊ တစ်နှစ်ကျော်ကျော်ကိုကြာသွားတယ်၊ ခုလည်းအားရက်မှာလာပြီး တိုက်ဆိုင်သလားလို့ဆိုတော့ ဒီလိုတိုက်ဆိုင်လို့တော့ မဟုတ်ဘူး။

အဲတော့ ဓမ္မဇောတိ ဝိပဿနာအဖွဲ့အတွက် ကဲ–တိုက်တိုက်ဆိုင်ဆိုင် ဆယ်ရက်စခန်းနှစ်ခုရဲ့ ကြားရက်ထဲမှာ မကျသော်လည်းပဲ ဒကာကြီး ဦးကြည်ညွန့်တို့၊ ကိုရွှေတို့ ခင်ဗျားတို့ ဖြစ်သလိုပဲ လုပ်ကြဗျား၊ ဘုန်းကြီးတော့ အချိန်ဇယားအရ ဒီလိုပဲ ဆွဲလိုက်တယ်၊ ပြောင်းဖို့ရွှေ့ဖို့လည်း ခက်တယ်ဆိုတော့ ဒီကနေ့ ရွှေဟင်္သာဗိမာန်ကြီးပေါ်မှာ ဘယ့်နှယ်ကြောင့် ဓမ္မဇောတိအဖွဲ့ ရောက်သလဲဆိုယင် အကြောင်းရင်းကအဲဒါပဲ။ ရက်ကြားကလေး နှစ်ခု မတိုက်ဆိုင်မိတဲ့ သဘောပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ဓမ္မဟာ ဓမ္မပဲတဲ့၊ နေရာတိုင်းမှာ ဓမ္မရှိတယ်။

ဒီစကားဟာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဒေသနာတော်နဲ့ တစ်ထပ်တည်းကျတဲ့ စကားပါ၊ ဓမ္မသည် နေရာတိုင်းမှာ ရှိတယ်၊ ပြီးတော့ ကာလတိုင်းမှာလည်းရှိတယ်။

**Dhamma is everywhere and in every moment.**

ဆန်းဆန်းကြယ်ကြယ် အံ့ဩဖွယ်စကားကို ဆိုလိုက်တယ် ဆိုယင် အဲလောက် ဆန်းကြယ်အံ့ဩဖွယ်သော စကားကိုဆိုတဲ့ ပုဂ္ဂိုလ်ကို စိတ္တကထိတေဒဂ် ပေးရတယ်။

လောကဓာတ်တစ်ခွင်လုံး အဆန်းကြယ်ဆုံးစကားတွေကို ဆိုခဲ့တာကတော့ ဘုရားရှင်ပါပဲ။ သို့သော် အဲဒီဘုရားရှင်ဆိုတဲ့ စကားတွေကို ကမ္ဘာမှာ ပြောင်ပြောင်မြောက်မြောက် ဘုရားနောက်တော်က လိုက်ပြီးတော့ အလွန်အလှမ်းဝေးတဲ့ ကမ္ဘာနှစ်ခုကို ကြိုးစားပြီးတော့ ဆက်စပ်ပေးတဲ့နေရာမှာ ပြောင်မြောက်အောင် အဆိုဆုံးကတော့ ဘုန်းကြီးတို့ ကနေ့တွေ့ရတဲ့ ဆရာကြီး ဂိုအင်ကာပါပဲ။

နဘံ စ ဒူရေ ပထဝီ စ ဒူရေ၊
ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ၊
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဉ္စ ဓမ္မော အသတဉ္စ ရာဇ။

နဘံ စ ဒူရေ ပထဝီ စ ဒူရေ=ကောင်းကင်နဲ့ မြေကြီးဟာ ဝေးကွာလို့နေတယ်။ ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ=သမုဒ္ဒရာ ရဲ့ ကမ်းနှစ်ဖက်လည်း ဝေးကွာလိုနေတယ်။

ကောင်းကင်နဲ့မြေကြီးဟာ အဝေးကြီးပါပဲ။ အဲဒါကို ဆက်စပ်ပေးဖို့ဆိုတာ လုပ်စွမ်းကောင်း မရှိဘူး။

သမုဒ္ဒရာရဲ့ ကမ်းနှစ်ဖက်ဟာ ဝေးကွာလွန်းလို့ အဲဒါနှစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်ဖို့ဆိုတာ လူစွမ်းကောင်း ရှာမရဘူး။

ကောင်းကင်နဲ့ မြေကြီးဝေးတာထက် သမုဒ္ဒရာကမ်းနှစ်ဖက်ဝေးကွာလို့ နေကြတာထက် ပို၍ပို၍ ဝေးတာကတော့ - သဒ္ဓမ္မနဲ့ အသဒ္ဓမ္မ။

ရာဇ မဟာရာဇ=သမုတိနတ်အိမ်မင်းမြတ်။

သတဉ္စ ဓမ္မော=သူတော်ကောင်းတို့ရဲ့ တရားသည်လည်းကောင်း။

အသတဉ္စ ဓမ္မော=သူတော်မဟုတ် သူယုတ်တို့ရဲ့ တရားသည်လည်းကောင်း။

အတ္ထိ=ရှိ၏။

သူတော်ကောင်းတရား၊ သူယုတ်မာတရားဆိုပြီးတော့ သဒ္ဓမ္မ၊ အသဒ္ဓမ္မ နှစ်မျိုးဆိုတာ ကမ္ဘာမှာရှိတယ်။ နှစ်ခုအပြိုင် သုံးခုအပြိုင်ချည့်ပဲ။ အဲဒါကို နည်းနည်းခေတ်မီတဲ့ လူတချို့ ပြောဖူးတယ်၊ ဒွန္ဒဝါဒ=အတွဲလိုက်နေတဲ့ ဝါဒဆိုပြီးတော့ ဒီလိုဆိုကြဖူးတယ်။

ဘာနဲ့မျှ မရောယှက်ဘဲ အပြိုင်မရှိတာကတော့ နိဗ္ဗာန်တစ်ခုတည်းပဲ။ နိဗ္ဗာန်ကတော့ အပြိုင်ကိုမရှိဘူး၊ နှစ်ခုတွဲ နိဗ္ဗာန် ဆိုတာကတော့ ဘယ်မှာမှမရှိဘူး၊ အဲဒါကြောင့် ပညာရှင်တွေ နိဗ္ဗာန်အကြောင်းကို ပြောကြတဲ့အခါမှာ Absolute Tuth ဆိုပြီးတော့ ဒီလိုများ ပြောကြတယ်။ ဒီစကားကို တွင်တွင်ကြီး သုံးသွားတာက ဘိက္ခုနာရဒ ဆိုတဲ့ (သီဟိုဠ်) သီရိလင်္ကာက ဆရာတော်ကြီး၊ ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင် ဆရာတော်ကြီး အရှင်သေဋ္ဌိလ ဟောတော်မူခဲ့တရားတွေထဲမှာ ကြည့်လိုက်ရင်လည်း နိဗ္ဗာန်ကို Absolute Tuth ဆိုပြီးတော့ ဒီလိုပြောလေ့ရှိပါတယ်။ အပြိုင်မရှိဘူး၊ တစ်ခုတည်းပဲ၊ ကျန်တာတွေအားလုံး ဓမ္မ + အဓမ္မ၊ ဒီလို အတွဲလိုက်အတွဲလိုက် သွားကြတယ်။ ဟိုဘက်ကမ်းဆိုရင်, ဒီဘက်ကမ်း၊ အမှောင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်,အလင်း၊ အပူဆိုရင် အအေး၊ အတွဲလိုက်သွားတတ်တဲ့ သဘောတွေ။ သို့သော် နိဗ္ဗာန် ဆိုတာမျိုးကျတော့ နှစ်ခုမရှိတော့ဘူး၊ သူနဲ့ပြိုင်စရာ မရှိတော့တဲ့အတွက်ကြောင့် Absolute Tuth ဆိုပြီးတော့ ပြောသွားတယ်။ ဆရာတော်ကြီး အရှင်သေဋ္ဌိလ၊ ယခုသက်တော် ၉၉ ထဲရောက်လို့ ညောင်စောင်းမှာ လဲလျောင်းပြီးတော့ နေတော်မူရှာတယ်။

ချက်ချင်း ရုတ်တရက် အမှတ်ရတာကို နောက်ပြီးတော့ မပြောမိဘဲနေမှာစိုးလို့ ဒကာကြီး ဦးကြည်ညွှန့် ကြုံပြီးတော့ ပြောလိုက်မယ်၊ ဘုန်းကြီးအိဂျစ်နဲ့ အစ္စရေးက မကြာခင်လေးကပဲ ပြန်ရောက်လာတယ်၊ နှစ်နိုင်ငံခရီးကို ဆယ့်နှစ်ရက်ကြာတယ်။ ပြန်ရောက်လာပြီးတော့ ဆရာတော်ကြီး ဦးသေဋ္ဌိလကို သွားပြီး တော့ နှုတ်ဆက်တော့ သွားခဲ့တဲ့ခရီး Report ပေါ့လေ တပည့်တော် ဘယ်လိုသွား၊ ဘာတွေဟော၊ ဘာတွေ ဆောင်ရွက်ဆိုတာ Report လုပ်တော့ ဆရာတော်ကြီးက ''မင်း အိဂျစ်နိုင်ငံမှာ အဆင်ပြေရဲ့လား''လို့ မေးတယ်။ အဆင်ပြေပါတယ်ဘုရားလို့၊ ဘာကြောင့် အဆင်ပြေသလဲဆိုတော့ မြန်မာသံရုံးက သံအမတ်ကြီး ဦးအောင်ကြီးနဲ့တကွသံရုံးဝန်ထမ်းများက အားလုံးကြိုဆိုပြီးတော့နေရာထိုင်ခင်းလည်း စနစ်တကျပေး၊ တရားပွဲတွေလည်း သံအမတ်ကြီးကိုယ်တိုင်ဦးစီးပြီးတော့ စီမံ၊ သွားလေရာရာလည်းပဲ သံရုံးဝန်ထမ်းများက စနစ်တကျ လိုက်ပို့တာဖြစ်ခြင်းကြောင့် ဘာမှ အနှောက်အယှက် အခက်အခဲရယ်လို့ တစ်ခုမှကို ဘုန်းကြီးတို့မတွေ့ခဲ့ဘူး။ သံအမတ်ကြီးရဲ့ ကျေးဇူးပါပဲ။ အစ္စရေးနိုင်ငံလည်း ဒီအတိုင်းပဲ။ ဂျေရုဆလင်လည်း ရောက်ခဲ့တယ်၊ တရား လည်းဟောခဲ့တယ်၊ ဂျူးလူမျိုး ၁၂–ယောက်လာပြီးတော့ တရား နာတယ်။ အဲဒါလည်း တယ်လဗစ်မြို့မှာ ရုံးစိုက်တဲ့ မြန်မာသံ အမတ်ကြီး ဦးလှမောင် ဦးစီးပြီးတော့ ဆောင်ရွက်တဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



အဘက်ဘက်က ချောမော ပြေပြစ်တယ်၊ ဒါလည်း သံအမတ်ကြီးရဲ့ ကျေးဇူးကို ဒီမှာပဲ ဝမ်းသာဖို့ပြောပါတယ်၊ အဲဒါကြောင့် တပည့်တော် ခရီးချောမောတယ်ဆိုတော့ ဆရာတော်ကြီးက–

''ဟော့ တို့များ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ တစ်ခေါက်ရောက်ဖူး ပါတယ်ကွာ၊ တစ်ခါရောက် တစ်ခေါက်မပြန်ဆိုတာ ငါ့အတွက် တော့ ကိုင်ရိုပဲတဲ့၊ ဆရာတော်က တစ်ခါရောက်ပြီးနောက် တစ်ခေါက်မှ ငါမသွားတော့ဘူးတဲ့''

ဆရာတော် ဘယ်လိုရောက်ပြီး ဘာပြုလို့ ပြန်မသွားတာ လည်းဆိုတော့–

၁၉၃၃–ခုနှစ်ကပဲ ထင်ပါတယ်–

အင်္ဂလန်ကို ဒို့ပထမဆုံးသွားတာ၊ သင်္ဘောကြီးနဲ့သွားရတယ်၊ ပထမဆုံးသွားတဲ့အခေါက် ဒို့သင်္ဘောက ကိုင်ရိုဆိပ်ကမ်းမှာ ဝင်ရပ် တယ်၊ သင်္ဘောက တစ်ညအိပ်ရပ်နားတော့ ကိုင်ရိုမြို့ လှည့်ကြည့်ဦး မယ်ဆိုပြီး ငါသက်န်းလေးရုံပြီးတော့ မြို့ထဲလျှောက်သွားပြီး ဟိုဟို သည်သည်ကြည့်တာ၊ ပိရမစ်တွေနဲ့ မမ္မီတွေက ကမ္ဘာကျော်ဆိုတော့ အဲဒါတွေ ကြည့်ချင်လို့ဆိုပြီးသွားတာတဲ့။ လူလေးယောက်လောက်က နောက်ကနေ လက်ခုပ်တီးတီးပြီးတော့ ဟော့ဟော့ဆိုအော်ပြီးတော့ နောက်ကပြေးလိုက်လာတာ ငါ့စိတ်ထဲထင့်ခနဲ ဖြစ်သွားတယ်တဲ့၊ တစ်ခုခုတော့ ဖြစ်တော့မယ်ထင်တယ်လို့ စိတ်ထဲတွေးမိတယ်၊ လှည့် မကြည့်ဘူး၊ ငါ ခပ်သုတ်သုတ် ဘတ်စ်ကားပေါ်တက်မလို့ ကြိုးစားတာ ဘတ်စ်ကားပေါ် ကိုယ်မရောက်သေးခင် သူတို့လေးယောက်က နောက်နားရောက်လာပြီး နောက်နားက ဟေးဆိုအော်တော့ ငါသူတို့ကို လှည့်ကြည်လိုက်တယ်။ လှည့်ကြည့်လိုက်တဲ့အချိန်မှာ အဲဒီလူ လေးယောက်ထဲမှ ထွီခနဲဆိုတံတွေးနဲ့ထွေးသွားတယ်ကွာတဲ့၊ အဲဒါ ကြောင့် တစ်ခါရောက် တစ်ခေါက်မပြန်ဆိုတာနိဗ္ဗာန်မဟုတ်ဘူးဟော့တဲ့။

www.burmeseclassic.com



တစ်ခါရောက် တစ်ခေါက်မပြန်ဆိုတာ တကယ်ပြောတာက နိဗ္ဗာန်ကို ပြောတဲ့စကား။ သို့သော် ဆရာတော်ကြီးကတော့ ငြီးငွေ့ တော်မူလွန်းလို့ ''ကိုင်ရှိကို နောက် ငါမသွားတော့ဘူးတဲ့၊ ငါ့မျက်နှာ တံတွေးနဲ့ ထွေးခံရတယ် မင်းကတော့ဘယ်လိုတုန်းလို့ ငါစိတ်ပူနေတာ''

ဆရာတော်က ဒီလိုပြောတော့-

တပည့်တော်တော့ ဘာမျှအနှောင့်အယှက် အခက်အခဲ မရှိကြောင်းပါဘုရားဆိုတော့ ဆရာတော်ကြီးက အဲ့ဒါလေးကို ပြောပြတယ်။ ဒီအကြောင်းကိုတော့ ရုတ်တရက်အမှတ်ရလို့ ဒကာကြီး ဦးကြည်ညွန့်ကို ပြောပြလိုက်တာပါ။

အလွန်ဝေးကွာတဲ့ အရာဝတ္ထုနှစ်ခုဆိုတာ ကောင်းကင်နဲ့ မြေကြီးဝေးတာထက် ပင်လယ်ကမ်းနှစ်ဘက် ဝေးတာထက် ဘာနဲ့ဘာပို ဝေးသလဲဆိုရင် သဒ္ဓမ္မနဲ့ အသဒ္ဓမ္မဟာ ပိုဝေးပါတယ်။ အဲဒီဝေးတဲ့ အရာဝတ္ထုနှစ်ခုကို ဆက်စပ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်ဟာ ကမ္ဘာမှာ လူစွမ်းကောင်းပဲ။ ဘုန်းကြီးတို့ ဒီလိုပြောချင်ပါတယ်။ ဘုန်းကြီးတို့ ဆရာကြီး ဂိုအင်ကာကို ဒီစကားတစ်ခွန်းနဲ့ ဘုန်းကြီးတို့ကလည်း ချီးကျူးပါရစေတော့၊ ကမ္ဘာမှာ အတော်စွမ်းတဲ့ လူစွမ်းကောင်းတစ်ယောက်ပါ။

ရာဇမဟာရာဇ=သမုတိနတ် အိုမင်းမြတ်။

တတော=ထိုထက်၊

ဒူရတရံ=အဝေးဆုံးသော တရားကတော့။

သတဉ္စ ဓမ္မော အသတဉ္စ ဓမ္မော=သဒ္ဓမ္မ အသဒ္ဓမ္မဆိုတဲ့ သူတော်ကောင်းတရား သူယုတ်မာတရား ဤနှစ်ပါးက။

ဒူရတရံ ဓမ္မတ္တိ=ကမ္ဘာမှာ အဝေးဆုံးသော တရားနှစ်မျိုးတို့ရယ် လို့။ သန္တော=သူတော်ကောင်းတွေက။

ဝဒန္တိ=ကောင်းစွာမသွေ မိန့်ဆိုတော်မူကြလေကုန်သတည်း။

အဲဒီတော့ သာသနာပြုလုပ်ငန်းမှာ ဘာအရေးကြီးဆုံးလဲ

www.burmeseclassic.com



ဆိုလို့ရှိယင် အဖြေချက်ချင်းပေါ်သွားပြီ၊ ဆရာတော်ကြီး အရှင်သေဋ္ဌိလရဲ့ အတွေ့အကြုံအရ သာသနာပြုလုပ်ငန်းမှာ အရေးကြီးဆုံးဟာ ခန္တီတရားပဲ။

ပဥ္စမသင်္ဂါယနာကို မန္တလေး ရွှေမြို့တော်မှာ တင်တယ်၊ မင်းတုန်းမင်းတရားကြီးက ဒါယကာ၊ အဲဒီသင်္ဂါယနာတင်ပွဲကြီးမှာ အကြီးအမှူး ဦးဆောင်ပြုတော်မူတာက မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်က ဆရာတော်ကြီး အရှင်ဇာဂရ၊ အဲဒီ ဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့ အဘိဓမ္မာအဖွင့်ကျမ်း –သံဝေဂဝတ္ထုဒီပနီမှာ ရေးထားတယ်–

သီလ သမာဓိ ပညာနံ၊
ခန္တီပဓာနကာရဏံ၊
သဗ္ဗေ တေ ကုသလာ ဓမ္မာ၊
ခန္တျာ ယဒါဝ ဝဋ္ဍတေ။

ဘုရားကြီး ဆရာတော်ရေးခဲ့တာ။

ခန္တီ= ခန္တီတရားသည်။ သီလ သမာဓိ ပညာနံ= သီလ သမာဓိ ပညာတို့ရဲ့။ ပဓာနကာရဏံ=ပဓာနအကြောင်းပါပဲ။

သီလရဲ့ ပဓာနအခြေခံသည် ဘာလဲပရိသတ်ရေ၊ ခန္တီပါဘုရား၊ သမာဓိရဲ့ ပဓာနအခြေခံသည် ခန္တီပါဘုရား။ ပညာရဲ့ ပဓာနအခြေခံသည် ခန္တီပါဘုရား။ သည်းမခံနိုင်ယင် ကိုယ့်သန္တာန်သီလတည်းဖို့တောင် မလွယ်ဘူး။ အဲတော့ သာသနာသွားပြုတဲ့ နေရာမှာ သူတို့ကိုကိုယ်က ကိုယ့်သာသနာပေးမလို့ ကြံနေတုန်း၊ ကြိုးစားနေတုန်း၊ သည်းမခံနိုင်တာနဲ့ ကိုယ့်ရှိတဲ့ သာသနာလေး ကုန်သွားမှာစိုးရတယ်။ ပိုပြီးတော့ ရှင်းအောင်ပြောတာ၊ သည်းခံခြင်းသည် သီလ၊

www.burmeseclassic.com

www.burmeseclassic.com



သမာဓိ၊ ပညာတို့ရဲ့ အခြေခံကျကျ ပဓာနအကြောင်းရင်းပဲတဲ့။ အေးလို့ရှိရင်လည်းသည်းခံ၊ ပူလို့ရှိရင်လည်းသည်းခံ၊ ဆာလောင်မွတ်သိပ်လို့ရှိရင်လည်း သည်းခံ၊ ဆရာတော်ဘုရားကြီး အရှင်သေဋ္ဌိလ ကြုံတွေ့ရသလို မျက်နှာများ တံတွေးနဲ့ ထွေးဦးမယ်ဆိုယင်လည်း သည်းခံ၊ သည်းခံနိုင်မှ ကိုယ့်ရဲ့သီလ သမာဓိ ပညာလည်း နိုင်မြဲတယ်၊ နိုင်မြဲရုံမက တိုးပွားတယ်၊ သူတစ်ပါးတို့ကိုလည်း ကိုယ်က ဖြန့်ချိနိုင်တယ်။

သဗ္ဗေ=အလုံးစုံကုန်သော။ ကုသလာဓမ္မာ=ကုသိုလ်တရားတွေဟာ။ ခန္တျာယဒါဝ=ခန္တီတရားနှင့် ဆက်ဆံ၍သာလျှင်။ ဝဍ္ဎတေ=ဖြစ်ကုန်၏။

ကုသိုလ်တွေ အကုန်လုံး ခန္တီတရားမှာ တည်၍ဖြစ်တယ်။ သည်းမခံနိုင်ယင် ဒါနတောင် အောင်မြင်စွာပြုဖို့ ခက်လိမ့်မယ်။

ပုဏ္ဏ မထေရ် ဘုရားထံ ကမ္မဋ္ဌာန်းတောင်းတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်က ကမ္မဋ္ဌာန်းပေးတယ်။ ဘုရားပေးတဲ့ ကမ္မဋ္ဌာန်းအားထုတ်ပြီးတော့ ပုဏ္ဏ မထေရ် ရဟန္တာ ဖြစ်တော်မူပါတယ်။ ရဟန္တာဖြစ်ပြီးတဲ့ ရှင်ပုဏ္ဏ မထေရ်ကို ဘုရားရှင် ကိုယ်တော်မြတ်က–

"ချစ်သား ပုဏ္ဏ၊ သင့်အတွက် ကိစ္စတော့ပြီးပြီ သင် ဘယ်မှာ သီတင်းသုံးမလဲ" မေးကြည့်တော့–

"တပည့်တော် သုနာပရန္တတိုင်းကို သွားပြီးတော့ သီတင်းသုံးမယ်ဘုရားတဲ့"။ အဲဒီတော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က–

စဏ္ဍာ ခေါ ပုဏ္ဏ သုနာပရန္တကာ မနုဿာ၊

ဖရုသာ ခေါ ပုဏ္ဏ သုနာပရန္တကာ မနုဿာ။

"ပုဏ္ဏ=သုနာပရန္တတိုင်းက လူတွေက ကိုယ်ရော စိတ်ရော ကြမ်းတမ်းတယ်ကွယ့်၊ အဲဒီလို ကြမ်းတမ်းတဲ့ သုနာပရန္တတိုင်းကို

www.burmeseclassic.com

www.burmeseclassic.com



သွားပြီးတော့ နေမလို့ဆိုယင် အကယ်၍ သုနာပရန္တတိုင်းက လူတွေက သင့်ကို–

"ခေါင်းကြီးတုံးလို့ နှုတ်ခမ်းမရှိတဲ့ အိုးတိုမဲ လက်ကဆွဲပြီး ချုပ်ရိုးအလွန်များတဲ့ အဝတ်ရှည်ကြီးဝတ်လို့ (အနောက်ဘက်ကလူတွေ မြင်သလိုပြောတာ) ဘယ်လိုလူကြီးလည်း တို့အရပ်ရောက်လာတာဆိုပြီး ဝိုင်းပြီးတော့ ဆဲရေး ရေရွတ်ကြမယ်ဆိုယင် ချစ်သား ပုဏ္ဏ၊ မင်းဘယ် လိုသဘောထားသလဲ၊ ဘယ်လိုလုပ်မလဲ၊ မင်းပြန်ပြေးလာမှာလား"

အရှင်ပုဏ္ဏက လျှောက်တယ်–

"မြတ်စွာဘုရား၊ အဲဒီလိုများ တပည့်တော်ကို ဆဲရေးရေရွတ်တဲ့လူတွေနဲ့တွေ့ယင် 'ဩော်–သူတို့ပါးစပ်နဲ့ ဆဲရုံသာ ဆဲတာ၊ ခဲနဲ့မှ မပစ်သေးဘဲ၊ သိပ်တော်တဲ့လူတွေ၊ ခဲနဲ့တောင် မပစ်ဘူး၊ ပါးစပ်နဲ့ဆဲရုံဆဲတာ၊ သူတော်ကောင်းတွေပဲလို့ စိတ်ထဲမှာဖြေပြီး အဲဒီအရပ်ကိုနေပါ့မယ်ဘုရား"

"ဟဲ့– ချစ်သားပုဏ္ဏ၊ ခဲနဲ့များကောက်ပစ်တဲ့လူတွေ့ယင် မင်းဘယ်လိုသဘောထားမလဲ"

"ဩော်–တော်လိုက်တဲ့လူတွေ၊ ခဲနဲ့ပစ်တယ်၊ တုတ်နဲ့ အနားလာပြီး မရိုက်သေးဘူး၊ အဲဒီလို စိတ်ထဲမှာ ဖြေပြီးတော့နေဖြစ်အောင် နေပါ့မယ်။ ဒီအရပ်ယဉ်ကျေးဖို့၊ ကြမ်းတဲ့အရပ်မှာ ယဉ်ကျေးစေချင်လို့"

"ဒါဖြင့် အဲဒီအရပ်ကလူတွေက သင့်ကိုလာပြီးတော့ တုတ်နဲ့ရိုက်ပြန်ယင် သင်ဘယ်လိုသဘောထားမလဲ၊ ပြန်ပြေးလာမလား"

"ဩော်–သုနာပရန္တ တိုင်းသာတွေ တော်လိုက်တာ၊ တော်လိုက်တာ၊ ငါ့ကိုတုတ်နဲ့ပဲရိုက်တယ်။ ဓားနဲ့မှ မခုတ်ကြသေးဘဲ၊ တော်သေးတယ်ဟဲ့ဆိုပြီးတော့ နေဖြစ်အောင်နေပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အကယ်၍ ခါးနဲ့ခုတ်ပြီး သေအောင်သတ်ယင် မင်းဘယ်လိုလုပ်မလဲ"

"အဲဒီလို ခါးနဲ့ခုတ်ပြီးတော့ သေအောင်သတ်ကြပြန်ယင်လည်း တပည့်တော်စိတ်ထဲ ဒီလိုသဘောထားပါမယ်ဘုရား၊ တစ်ခါတစ်ခါ သာသနာတော်မှာ ရဟန်းတော်တချို့ နည်းနည်းပါးပါးဟာ တရားအားထုတ်ရင်းနဲ့ ဟောဒီခန္ဓာကိုယ်ကို အလွန်စက်ဆုပ်ပြီးတော့ ဓားတွေဘာတွေ ရှာပြီးတော့ ကိုယ့်ကိုယ်ကို သတ်သေတဲ့ သံဃာတော်များ ရှိဖူးတယ်။ ဂေါဓိကသုတ္တန်မှာ ဝက္ကလိမထေရ်ကမ်းက ရဟန်းငါးရာတို့ရဲ့ အတ္တုပက္ကမ ထင်ရှား တယ်။ ကိုယ့်ကိုယ်ကို သတ်ကြတာ၊ ခန္ဓာကို ရွံလွန်းမုန်းလွန်း လို့ဆိုပြီးတော့ သတ်ကြတာ၊ အဲဒီတော့ ထိုကဲ့သို့သော အရှင် မြတ်တွေ စက်ဆုပ်ဖွယ် ခန္ဓာကိုယ်ကြီးကို ဓားရှာပြီးတော့ တောင်မှ ကိုယ့်ဟာကို သတ်ကြရသေးတာ၊ တပည့်တော် ဓားရှာစရာမလိုဘူးပေါ့၊ သူတို့က လာခုတ်သွားယင်တပည့်တော် က အဲဒါလက်ခံပြီး သေလိုက်ရုံပဲ"တဲ့။

"ဟာ–ချစ်သားပုဏ္ဏ။ မင်းအဲလောက် သည်းခံနိုင်ယင် မင်းအဲဒီအရပ်နေလို့ ဖြစ်ပြီတဲ့"

ဒါဖြင့်ယင် အဲဒီသုနာပရန္တတိုင်းဟာ အခုဘယ်မှာတုံး၊ ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်းကို ရေးသားတော်မူတဲ့ မော်လမြိုင် မြို့ဝ ဇိရာရာမဆရာတော်ဘုရားကြီးက "သုနာပရန္တတိုင်းဆိုတာ ဘုံဘေရဲ့ အရှေ့မြောက်နားမှာတဲ့၊ အိန္ဒိယနိုင်ငံ၊ ဘုံဘေရဲ့ အရှေ့မြောက်နားက အရပ်ဒေသတခွင်လို့ ဒီကနေ့ ဆရာကြီးဂိုအင်ကာရဲ့ အပြည်ပြည်ဆိုင်ရာ ဝိပဿနာအဖွဲ့ တည်ထောင်ထားတဲ့ဒေသရဲ့ အနောက်ဘက်နား သိပ်မဝေးဘူး၊ အဲဒါ သုနာပရန္တတိုင်းပဲလို့ဆိုပြီးတော့ တောင်ပေါက် ဆရာတော် ဘုရားကြီးရဲ့အဆိုမှာ အဲဒီအတိုင်း ဖြစ်ပါတယ်။ ဒီကနေ့ ဆရာကြီးဂိုအင်ကာရဲ့ International Vipassana Academy သည်

www.burmeseclassic.com



သုနာပရန္တတိုင်းထဲများ ရောက်နေသလား၊ သို့မဟုတ် ယင်တော့ သုနာပရန္တတိုင်းရဲ့ အနီးအနားမှာပဲ ရှိနေတယ်ဆိုတာ တော့ သေချာတယ်။

ကေငါးရာကျော်ရှိတဲ့ ကမ္ဘဋ္ဌာန်းရိပ်သာကြီး ဖွင့်ပြီးတော့ တစ်ကမ္ဘာလုံးက လာလာသမျှလူတွေကို လူမျိုးမရွေး၊ ဘာသာမရွေး အကုန်လုံးလက်ခံပြီးတော့ တရားပြတယ်၊ ဆယ်ရက်စခန်း ဆိုတာ နှစ်ပေါက်ပဲ၊ ဆယ်ရက်စခန်း တစ်ခုသိမ်းပြီးရင် ကြားမှာ ရိပ်သာကို ရှင်းလင်းသန့်ရှင်းဖို့နဲ့ နောက်စခန်းတစ်ခုအတွက် ပြင်ဆင်ဖို့ကြားမှာ သုံးရက်အများဆုံးထားပြီးတော့ဆယ်ရက်စခန်းဖွင့်တယ်။ဆယ်ရက်စခန်း တစ်ခုတစ်ခုမှာ လူနှစ်ရာ့ငါးဆယ်၊ သုံးရာ၊ တစ်ခါတစ်ရံ ရာသီဥတု ကောင်းယင် လေးရာအထိလာကြတယ်။ အဲဒါတစ်နှစ်လုံး ဆယ်ရက် စခန်းဆိုလို့ရှိရင် လူတွေဘယ်နှစ်ထောင်လောက် အားထုတ်သွားမလဲ မှန်းကြည့်ပါ။ အရပ်ဒေသပေါင်း မြောက်မြားစွာက၊ ကိုးကွယ်မှုပေါင်း မြောက်မြားစွာက၊ လူမျိုးဇာတ်ပေါင်းမြောက်မြားစွာက၊ အယူအဆ ပေါင်းမြောက်မြားစွာတို့က လူမျိုးစုံလာပြီးတော့ အားထုတ်တဲ့ နေရာမှာ ဘယ်လောက်များ ဘယ်လိုသည်းခံပြီးတော့ အလုပ်လုပ်ရမယ်ဆိုတာ မှန်းကြည့်ယင် သဘောပေါက်နိုင်လောက်ပါပြီ။

ကုသိုလ်မှန်သမျှ ခန္တီရှိမှဖြစ်မယ်။ ပုဏ္ဏောဝါဒ သုတ္တန်မှာ လည်း ဘုရားရှင်ကိုယ်တော်မြတ်က မင်းဒီလောက်သည်းခံနိုင်ယင် ဒီအရပ်မှာ သာသနာပြုလို့ ဖြစ်ပါပြီဆိုတော့မှ ပုဏ္ဏမထေရ် သည် သုနာပရန္တတိုင်းကို အခြေပြုပါတယ်။ အိန္ဒိယနိုင်ငံရဲ့ အနောက်တောင် ဘက်ဆွယ် ဘုံဘေမြို့ရဲ့ အနောက်ဘက်ယွန်း ယွန်းမှာရှိတဲ့ ဒေသဟာ ရှေးတုန်းက သုနာပရန္တတိုင်းပဲတဲ့။

အဲဒီသုနာပရန္တတိုင်းဆိုတဲ့ ဒေသကို ဘုန်းကြီးတို့ အခေါက် ခေါက်အခါခါ ဖြတ်သန်းပြီးတော့ ခရီးသွားဖူးတယ်။ ဘာသွားရှာ

www.burmeseclassic.com

www.burmeseclassic.com



သလဲဆိုတော့ ဗာဟိယဒါရုစီယသဘော်ပျက်တဲ့နေရာ။ ကမ်းတက်ပြီးတော့ ရဟန္တာအတုကြီးလုပ်ပြီးတော့ နေတဲ့နေရာ ဘယ်နားလဲဆိုတာသွားရှာတာ။ ခဖားဂါးဆိုတဲ့ မြို့လေးဟာ အခုရှိတယ်၊ အဲဒီမှာ။

နောက်တစ်ခုက နမ္မဒါမြစ်ဆိုတာ ဘုန်းကြီးတို့ ရှာကြည့်တယ်၊ တွေ့တယ်။ အဲဒီနားမှာ သစ္စဗန္ဓတောင်ဆိုတာကို ရှာကြည့်တယ်၊ ဝိဥ္ဈာတစီတောင်တန်းကြီးထဲမှာ သစ္စဗန္ဓတောင် ရှိတယ်။

ပုဏ္ဏမထေရ် သိတင်းသုံးတော့ မြတ်စွာဘုရားကြွတော်မူလာတယ်။ နမ္မဒါမြစ်ထဲက နဂါးတောင်းပန်လို့၊ နောက်ပြီးတော့ သစ္စဗန္ဓရသေ့ကြီး တောင်းပန်လို့ ဘုရားရှင် ကိုယ်တော်မြတ်က ခြေတော်ရာများချီးမြှောက်တော်မူတဲ့ ဥစ္စာဟာ ဘုန်းကြီးတို့ မြန်မာနိုင်ငံကလည်း သမိုင်းနဲ့အခိုင်အမာ၊ အိန္ဒိယက လူတွေကလည်းပဲ သူတို့ဆီမှာ ဘုရားဒီနေရာကြွပြီးတော့ ဒီနေရာ ခြေရာချတယ် ဆိုပြီးတော့ အခိုင်အမာ၊ သမိုင်းဆိုတာ ဒီလိုပဲ အမြဲတမ်းငြင်းနေတာပဲ။ အဲတော့ ဟုတ်များဟုတ်သလားပေါ့လေ၊ ဘုန်းကြီးတို့ ရှာကြည့်တော့ တွေ့ပါတယ်။ နမ္မဒါမြစ် ဓာတ်ပုံလည်းရိုက်ခဲ့တယ်။

ဆိုလိုရင်းအဓိပ္ပါယ်ကတော့ သုနာပရန္တတိုင်းဆိုတာ အိန္ဒိယပြည်ရဲ့ အနောက်ဘက်နားမှာပဲ ရှိပါတယ်။ သုနာဆိုတဲ့ စာလုံးမပါဘဲနဲ့ အပရန္တတိုင်းဆိုပြီးတော့လည်း ဝေါဟာရတစ်မျိုးရှိသေးတယ်။ အဲဒါကိုတော့ ပညာရှင်များက ဟိုနားဒီနားဆိုပြီးတော့ ဆွေးနွေးဆဲပဲ ရှိပါတယ်။ ပညာရှင်အများစု သဘောကျတာကတော့ အပရန္တတိုင်းဆိုတာဟာ ပါကစ္စတန်ရဲ့ဟိုးအနောက်မြောက်ဘက်က အာဖဂန်နစ္စတန်တို့၊ တူရကီတို့၊ ရုရှားပြည်ရဲ့ တောင်ဘက်ခြမ်း ဥဇဘက်ကစ္စတန်တို့၊ တာဂျစ်ကစ္စတန်တို့ အဲဒီနယ်တစ်ခွင်ကို အပရန္တတိုင်းဆိုပြီးတော့ ပြောကြတယ်။

ကိုင်းရှိစေ၊ အဲဒါတွေကတော့ ပထဝီကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်၊

www.burmeseclassic.com

www.burmeseclassic.com



စာပေမျိုးစုံ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အဆုံးအဖြတ်ပါပဲ၊ ထိုပညာရှင်များ ရေးထားတာလေးတွေကို ဘုန်းကြီးတို့ မှတ်ပြီးတော့ ယနေ့ပြန်ပြောတာပါ။

ပုဏ္ဏမထေရ်ကို ဘုရားမိန့်လိုက်တာကတော့ သုတ္တန်အရှိဖြစ်တဲ့အတွက် ဘုန်းကြီးတို့ဘာမျှ ငြင်းစရာမလိုဘူး၊ ပုဏ္ဏောဝါဒသုတ်။

သာသနာပြုလုပ်ငန်းမှာ ခန္တီတရားသည် ပဓာနပဲ၊ ထို့ကြောင့် သာသနာပြု သင်တန်းများမှာဆိုယင် ခန္တီတရားကို အဓိကထားပြီးတော့ ပဓာနထားပြီးတော့၊ ဘာသာရပ်တစ်ခု ထည့်ပေးဖို့ကောင်းတယ်လို့ ဘုန်းကြီးတို့ စိတ်ကူးထဲမှာ ရှိထားပါတယ်။ အဲဒါကို ဒကာကြီး ဦးကြည်ညွန့်၊ ဘုန်းကြီးတို့ ဒီကနေ့ ဖြန့်ချိပါတယ်။ ခန္တီတရားဟာ အလွန်တရာ အရေးကြီးတဲ့အချက်ပဲ။

ဒီတော့ အလွန်ဝေးသော အရာဝတ္ထုများကို ကောင်းကင်နဲ့ မြေကြီးဝေးပေမယ့် ဆက်စပ်နိုင်သော လူစွမ်းကောင်း။ ပင်လယ်ရဲ့ ကမ်းနှစ်ဖက် ဝေးနေပေမယ့် ဆက်စပ်နိုင်သော လူစွမ်းကောင်းမရှိကြဘူး၊ အဲဒါထက်ပိုပြီးတော့ ဝေးတာက ဘာလဲဆိုယင် ဓမ္မနဲ့ အဓမ္မ၊ သို့မဟုတ်ယင် သဒ္ဓမ္မနဲ့ အသဒ္ဓမ္မ၊ အဲဒါအဝေးဆုံးပဲ။ ထိုကဲ့သို့ အဝေးဆုံးသော အရာဝတ္ထုတွေကို ဆက်စပ်နိုင်တဲ့ ပုဂ္ဂိုလ်တွေဟာ ကမ္ဘာမှာ လူစွမ်းကောင်းပါပဲတဲ့။

အဝေးဆုံးသော သဒ္ဓမ္မနဲ့ အသဒ္ဓမ္မ နှစ်မျိုးတွေကို ဝေးကွာနေတဲ့အတွက် ကမ္ဘာနှစ်ခုကို ကြိုးစားပြီးတော့ ဆက်စပ်တော်မူတဲ့ အထဲမှာ မြန်မာနိုင်ငံကဆိုယင် ဆရာတော်ကြီး အရှင်သေဋ္ဌိလဟာ ရှေ့တန်းကပါပဲ။ ရှေ့ဆုံးကပါပဲ။ ဥရောပကို ပထမဆုံး သာသနာပြုကြွတာ ဗမာနိုင်ငံက ဆရာတော် အရှင်သေဋ္ဌိလပါပဲ။ ဆရာတော်ကြီးရဲ့ ဘဝအတွေ့အကြုံတွေကို အရှင်သေဋ္ဌိလ အတ္ထုပ္ပတ္တိဆိုတာကို မြောင်းမြဆရာတော်ဘုရားကြီးက ပြည့် ပြည့်စုံစုံ လုံလုံလောက်လောက်

www.burmeseclassic.com

www.burmeseclassic.com



ရေးထားတယ်။ အဲဒီအထဲမှာ ရှာပြီးတော့ဖတ်ကြည့်၊ သာသနာပြု လုပ်ငန်းမှာ သည်းခံရတဲ့ အကြောင်းဟာ အထွတ်အထိပ် ကျင့်စဉ်ကြီး တစ်ခုဆိုတာကို ထိုစာအုပ်မှာ ဖော်ပြထားပါတယ်။ ဆရာတော်ကြီးရဲ့ အိဂျစ်က အတွေ့အကြုံလေးကိုက အံ့ဩစရာ ကောင်းတဲ့ဖြစ်ရပ်၊ ဘုန်းကြီးကိုခုမှသိရတယ်။ ဆရာတော်ကြီးကိုယ်တိုင် မကြာခင်ကမှ ပြောတာ၊ ပြုံးပြီးတော့ ပြောပြတယ်။ ငါ့ကွာ မျက်နှာတံတွေးနဲ့ ထွေးခံ ရတယ်ကွတဲ့၊ နောက်လည်း ငါမသွားဖြစ်တော့ဘူးတဲ့၊ ဒါကြောင့် သာသနာပြုလုပ်ငန်းရဲ့ အခြေခံကျင့်စဉ်ဟာ ခန္တီပဲ၊ ခန္တီနဲ့ပြည့်စုံယင် အားလုံးပြည့်စုံတယ်လို့ ဒီလိုပဲ ပြောပါရစေတော့။

ဆန်းကြယ်သောစကားတွေကို ပြောဆိုတဲ့နေရာမှာ လောက ဓာတ်တစ်ခွင်လုံးမှာ ဘုရားရှင်ဟာ ထိပ်ဆုံးပဲ။ ဆန်းဆန်းကျယ်ကျယ် ပြောတာနော်။ ဓမ္မသည် ငါဘုရားမပွင့်လည်း တည်နေတာပါပဲ၊ သို့သော် လူတွေမှာ အဝိဇ္ဇာဖုံးလွှမ်းတဲ့အတွက်ကြောင့် အဝိဇ္ဇာက ဓမ္မကို ဖုံးထားတဲ့အတွက်ကြောင့် ဒီလူသားတွေ မမြင်နိုင်ကြတာ။ ဥပမာ– ဒုက္ခသစ္စာဆိုယင် ခန္ဓာပဲ မဟုတ်ဘူးလား။ ခန္ဓာဆိုတာ ဘုရားပွင့်ပွင့် မပွင့်ပွင့် ရှိနေတဲ့ကိစ္စ၊ ဒါကရှင်းတယ်။ သမုဒယသစ္စာဆိုယင် တိုအောင်ချုံးပြော၊ ကိလေသာပဲမဟုတ်လား။ ဘုရားပွင့်ပွင့် မပွင့်ပွင့် ဒါလည်းရှိတာပဲ။ အဲဒီကိလေသာချုပ်ငြိမ်းတဲ့အကျင့် သီလ သမာဓိ ပညာဆိုတဲ့ ကျင့်စဉ်တွေလည်း ဘုရားပွင့်ပွင့်မပွင့်ပွင့် ရှိနေတာပဲ။ လူတွေမကျင့်တတ်တာ၊ ဒါမှမဟုတ် မလိုက်နာကြတာ၊ ဒါပဲရှိတယ်။ နိရောဓ သစ္စာဆိုတဲ့ နိဗ္ဗာန်ကော ဘုရားပွင့်တော်မူမှပေါ်လာသလား။ ဘုရား ပရိနိဗ္ဗာန်စံတော့ ကွယ်သွားသလား၊ ဘုရားပွင့်ပွင့် မပွင့်ပွင့် နိဗ္ဗာန်သည် လည်း အမြဲတမ်းတည်နေတာပဲ၊ သစ္စာလေးပါးဆိုတာ အမြဲတမ်းရှိ တယ်။ ဘာကြောင့် ဘုရားမပွင့်တဲ့ခေတ် ငုတ်ရသလဲဆိုလို့ ရှိုးရင် အဝိဇ္ဇာဆိုတဲ့ အဖုံးကိုခွာပေးမယ့်လူ မရှိလို့၊ ဒီသစ္စာတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



ဖုံးကွယ်နေရတာပဲ။ အဲဒါကြောင့် ဓမ္မသည် အမြဲတမ်းရှိနေတယ်။ ပြီးတော့ နေရာတိုင်းမှာလည်းရှိတယ်။

Dhamma always exists every where.

ဓမ္မသည် နေရာတိုင်းမှာ အမြဲတမ်း တည်ရှိနေတယ်။ မြတ်စွာဘုရား ဟောတော်မူတဲ့ သုတ္တန်တွေထဲမှာ ဒါအများကြီးမပါဘူး။ နည်းနည်းပဲပါတယ်၊ အချို့နေရာမှာပဲပါတယ်။ ဘုန်းကြီးကျောင်း ပြောပြောရင် စာသင်သားတွေ အလေ့အလာနည်းတဲ့ ကျမ်းအိပ်တွေထဲမှာ အဲဒါပါတယ်။

အီဂတ်ပူရီ ဓမ္မဂိရိသာမှာ သုံးလတိတိသွားနေတုန်းက လူပေါင်းလေးဆယ်လောက်တက်နေတဲ့ ရက်ရှည်သင်တန်း တစ်ခုမှာ ဆရာကြီးဂိုအင်ကာလည်း သတိပဋ္ဌာန်သင်တန်းတွေ ပေးနေပါတယ်။ ဘုန်းကြီးက အဲဒီသင်တန်းမှာတက်တဲ့ ယောဂီတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဘာတွေပြောသလဲဆိုပြီး သွားနားထောင်တယ်။ အမယ်လေး ဆရာတော်တို့လာမှ တပည့်တော်ပြောရတာ ပိုကောင်းလာတယ်။ ဘာပိုကောင်းသလဲဆိုရင် တပည့်တော်မှားသွားယင် ပြောပေးမယ့် ပုဂ္ဂိုလ်က ဆရာတော်တို့ပဲရှိတယ်။ နားထောင်ဖြစ်အောင် နားထောင်စမ်းပါဘုရား၊ မှားတာလေးများတွေ့ယင်လည်း ပြောဖြစ် အောင်ပြောစမ်းပါ။ အဲဒါလေးကလည်း အင်မတန်ချစ်စရာကောင်းတယ်။ ကမ္မဋ္ဌာန်းဆရာခပ်များများကအပြောမခံဘူး။ ဆရာတော်တို့ အမှားတွေ့မှ တပည့်တော်တို့ကို ပြောပေးမှ တပည့်တော်တို့ အမှန်ရမှာ နားထောင်ဖြစ်အောင်ထောင်ပြီးတော့ မှားတာတွေ့ရင် အားမနာတမ်း ပြောဘုရားဆိုတော့ သွားနားထောင်တယ်။ သူက သတိပဋ္ဌာန်သုတ်တော်ကြီး ဟောပြောပို့ချသွားတယ်။ အဲဒီအထဲမှာထည့်ပြောသွားတာ–

Dhamma always exists every where.

ဆန်းကြယ်သောစကားပဲ၊ အဲဒီတော့မှ ဟာ–သိပ်ကောင်းတဲ့ စကားပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ငါမမေးသေးဘူး။ ငါရှာအုံးမယ်ဆိုပြီးတော့မှ ဒေါက်တာ ပန့်ချ်ရဲ့ ရုံးခန်းမှာ ပိဋကသုံးပုံက အပြည့်အစုံ ရှိတယ်။

[သူက သုတေသနဌာနမှာ ဒါရိုက်တာလုပ်နေတဲ့ ဒေါက်တာ အာရ်ပန့်ချ်ဆိုတဲ့လူပဲ။ ဗရာမင်းလူမျိုး။ အံ့သြစရာ။ ဒီဆရာကြီးဌာနမှာ သူဒါရိုက်တာ မဖြစ်ခင်ကတည်းက ဘုန်းကြီးနဲ့သူနဲ့က ရင်းနှီးတယ်။ နယူးဒေလီကို ဘုန်းကြီးကအလည်သွားတော့ နယူးဒေလီက ဒေါက်တာဘွဲ့အတွက် ကြိုးစားနေတဲ့ ဦးခင်မောင်ကြီးရဲ့အိမ်မှာ ဒေါက်တာပန့်ချ်နဲ့ ဆုံမိကြတယ်။ အဲဒီတုန်းက သူဒေါက်တာမဖြစ် သေးဘူး။ဒေါက်တာဘွဲ့အတွက်စာရေးနေတယ်၊ဦးခင်မောင်ကြီးကလည်း ကျမ်းရေးနေတယ်။ ဘုန်းကြီးရောက်သွားတော့ ဆွမ်းကပ်တယ်၊ စာအုပ် တွေတစ်ပုံကြီးထဲမှာထိုင်ရတယ်။ တစ်နေရာလေး ဖန်တီးလုပ်ယူရ တယ်။ အဲဒီစာအုပ်ပုံထဲဖြုပြီးတော့ အဲဒီဒေါက်တာလောင်းနှစ်ယောက်နဲ့ ဘာဒေါက်တာမှ မဟုတ်တဲ့ ဘုန်းကြီးနဲ့ သုံးယောက်ထိုင် ကြတယ်။ ဒေါက်တာလောင်းနှစ်ယောက်က ဘုန်းကြီးကို မေးကြ တဲ့မေးခွန်းတွေ မနည်းပါဘူး။ အထူးသဖြင့် ဟဒယဝတ္ထု အကြောင်း မေးကြတယ်။ ဘုရားဟောတဲ့ အဘိဓမ္မာထဲမှာ ဟဒယဝတ္ထု (Heart) ဆိုတဲ့ ဥစ္စာ ဘယ်လို သဘောမျိုးလဲဆိုတာကို အကျယ်တဝင့်မေးကြတယ်။ အဲဒါတွေ ဖြေပေးယင်းနဲ့ ဒေါက်တာအာရ်ပန့်ချ်က အဲဒီထဲက ဘုန်းကြီးနဲ့ ရင်းနှီးသွားတယ်။ သူကဘုန်းကြီးတွေ့ယင် လက်အုပ်မြှောက်ချီပြီးတော့ လေးစားတယ်။ ဘာကြောင့်လေးစားသလဲဆိုတော့ မေးခွန်း ဘယ် နှစ်ခွန်းမေးမေး စိတ်မပျက်ဘဲနဲ့ ဘုန်းကြီးက အကုန်ပြောတာ၊ တချို့ကိစ္စတွေကျတော့ မှားသွားမှာစိုးလို့ ရုတ်တရက် မဖြေသေးပဲနဲ့ ဟော့-ဘယ်စာအုပ်ရှာ ဘယ်နေရာလောက်မှာ ရှိလိမ့်မယ်ထင်တယ်။ အဲဒါမင်းကြည့်လိုက်စမ်းဆို သူကြည့်တော့ အဲဒါတန်းတွေ့တယ်။ အဲဒါကို သူမြင်ပြီးတော့ အရှင်ဘုရားခေါင်းက ဘယ်လိုခေါင်းလဲတဲ့၊

www.burmeseclassic.com



တပည့်တော်တို့တော့ ရေးပြီးဖိုင်တွဲကြီးတွေနဲ့ သိမ်းထားရတယ်။ ကွန်ပျူတာလည်း မပါဘူး၊ ဖိုင်တွဲလည်း မပါဘူး၊ မေးလိုက်ယင် ထွက်ထွက်လာတယ်။ အရှင်ဘုရားရဲ့ ခေါင်းကဘယ်လိုခေါင်းလဲတဲ့၊ ရယ်စရာဖြတ်ပြောလိုက်တယ်။ ငါ့ခေါင်းထဲကွန်ပျူတာခွဲပြီး ငါထည့်ထားတယ်လို့ ပြောလိုက်တယ်။ နောက်ပြီးတော့မှ ဆရာကြီးဂိုအင်ကာရဲ့ ရိပ်သာမှာ ဒါရိုက်တာဖြစ်နေတာတွေ့ရတယ်။ အဲဒီတော့ သူ့ရုံးခန်း သွားပြီး ဘုန်းကြီးက စာအုပ်တွေသွားရှာတာ၊ သွားရှာပြီးဖတ်တဲ့အခါ ကျတော့မှ ခုနက ဓမ္မဟာ အမြဲတမ်းနေရာတိုင်းမှာရှိတယ်ဆိုတဲ့ ဘုရား စကားကို ဘုန်းကြီးတို့သွားတွေ့တာ။ အဲဒါကို ဆရာဂိုအင်ကာက ရှာရှာဖွေဖွေ သူတွေ့တာ၊ တွေ့ထားပြီးတော့ လူတွေကို ပြောပြတာ အဲဒါကြောင့်–

ဆန်းဆန်းကြယ်ကြယ် ပြောတဲ့အထဲမှာ ဘုရားရှင် ကိုယ်တော် မြတ်သည် ထိပ်ဆုံးက၊ ဘုရားပြောထားတဲ့ စကားတွေကို နှိုက်နှိုက် ချွတ်ချွတ် ရှာဖွေပြီးတော့ ဒီကနေ့ရဟန်းလည်းမဟုတ်၊ ပိဋကသုံးပုံ ဆောင် ပုဂ္ဂိုလ်လည်းမဟုတ်ပဲနဲ့ လူသားတစ်ယောက်က ပြောနေတာ ကတော့ ဆရာဂိုအင်ကာပဲလို့ ဘုန်းကြီးတို့က ကျေနပ်မိပါတယ်။

**တောဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဓမ္မကထိကာနံ ဥပါသကာနံ၊ ယဒိဒံ စိတ္တော ဂဟပတိ။**

ဘိက္ခဝေ= ရဟန်းတော်များ အိုချစ်သားတို့။ မမ သာသနေ = ငါဘုရားရှင် သာသနာတော်မှာ။ ဓမ္မထိကာနံ= ဓမ္မကို ဟောပြော တော်မူကြကုန်သော။ ဥပါသကာနံ=ဒကာအပေါင်းတို့တွင်။ ယဒိဒံယော အယံ စိတ္တော ဂဟပတိ= အကြင်စိတ္တခေါ်တဲ့ သူကြွယ် တစ်ယောက်သည်။ အတ္ထိ=ရှိပါပေ၏။ ဧတံ ဧသော စိတ္တော ဂဟပတိ= ထိုစိတ္တခေါ်တဲ့ သူကြွယ်တစ်ယောက်သည်။ အဂ္ဂံ အဂ္ဂေါ= အမြတ်ဆုံး အတော်ဆုံး အသာဆုံးသည်။ ဟောတိ= ဖြစ်ပေ၏လို့ သတ္တာ=နှတ်လူ

www.burmeseclassic.com



တို့ဆရာဘုရားရှင်သည်၊ စိတ္တံ့ နာမ ဥပါသကံ= စိတ္တခေါ်တဲ့ သူကြွယ် တစ်ယောက်ကို ဓမ္မကထိက ဧတဒဂ္ဂ ဌာနေ= တရားဟောတဲ့နေရာမှာ အတော်ဆုံးဆိုတဲ့ ဧတဒဂ် ရာထူး၌။ ဌပေသိ= ကောင်းစွာမသွေ ထားရစ်တော်မူခဲ့ပါသတည်း။

ဘုရားရှင်သာသနာတော်မှာ ရဟန်းပရိသတ်ရယ်ရဟန်းမ ပရိသတ်ရယ်၊ ဒကာပရိသတ်ရယ်၊ ဒကာမ ပရိသတ်ရယ်လို့ ပရိသတ် လေးပါးထဲက သာသနာထူးချွန်တဲ့ ပုဂ္ဂိုလ်များကို မြတ်စွာဘုရားက ဧတဒဂ် ဆိုပြီးတော့ ရွေးချယ်၊ ရွေးချယ်ပြီးတော့ပေးခဲ့ပါတယ်။

အဲဒီထဲမှာ စိတ္တသူကြွယ်လည်း တစ်ဦးတစ်ယောက်ပဲ၊ ဆန်းကြယ်သောလို့ အဓိပ္ပါယ်ရတယ်။ အံ့သြဖွယ် ဆန်းဆန်း ကြယ်ကြယ်တွေ သူ့မှာဖြစ်လို့ သူ့ကို စိတ္တလို့ အမည်မှည့်တယ်။

အဲဒီတော့ စိတ္တသူကြွယ်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်က ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်မှာ ဓမ္မကထိက ဧတဒဂ် ဘွဲ့ရတယ်။ ရဟန္တာ မဟုတ်ဘူးနော်၊ အနာဂါမ်တည်တယ်၊ ပိဋကသုံးပုံ ဆောင်နိုင်တယ်။ တရားဟောအလွန်ကောင်းတယ်၊ နောက်လိုက် ဥပါသကာ အခြံအရံငါးရာ သူ့နောက်က အမြဲပါတယ်။

စိတ္တသူကြွယ်ဟာ မဂဓတိုင်း၊ မစ္ဆိကာသဏ္ဍမြို့သား။ အဲ ဒီ မဂဓတိုင်းရဲ့ မစ္ဆိကာသဏ္ဍမြို့ဟာ ကောသလတိုင်း၊ သာဝတ္ထိ နဲ့ဆိုရင် ယူဇနာသုံးဆယ်ကွာဝေးပါတယ်။ (မိုင်ပေါင်း ၃၆၀ကွာဝေးပါတယ်။) သူမွေးဖွားတဲ့အချိန်မှာ တစ်မြို့လုံး ကောင်းကင်ကနေ ပန်းတွေ မိုးကဲ့သို့ရွာချတယ်။ လူတွေ ဒူးဆစ်မြုပ် လောက်တယ်တဲ့၊ အဲဒါကြောင့် စိတ္တတဲ့၊ ဒီ စိတ္တသူကြွယ်ဖြစ်လာမယ့် ဒကာတစ်ယောက်ဟာ ကဿပဘုရားသာသနာ နှောင်းခေတ်တုန်းက တောထဲမှာ တော ကျောင်းဆောက်တည်ပြီး၊ တရားနှလုံးကျင့်သုံးရတဲ့ ရဟန္တာပုဂ္ဂိုလ်ကြီး နှစ်ပါးကို ဆွမ်းလုပ်ကျွေးပြီးတော့ တရားဟောဆိုတော်မူပါလို့

www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုတော့ အရှင်မြတ်များ တရားဟော၊ တရားနာရတာ ကောင်းလွန်းလို့ ဆိုပြီးတော့ ဓမ္မပူဇာပြုချင်တယ်။ တောထဲကရသမျှ ဝနပုပ္ဖ တောပန်းကလေးတွေခူးပြီး တရားဟောဆရာတော်နှစ်ပါးကို ခေါင်းပေါ်က ကြဲမြှောက်ပြီးတော့ ဓမ္မပူဇာလုပ်ခဲ့ဖူးတယ်။ အဲဒီ ကောင်းမှုကြောင့်ပဲတဲ့။

ကြီးကျယ်တဲ့ ကောင်းကျိုးကိုမြင်တဲ့ ပုဂ္ဂိုလ်သည် ထိုကြီးကျယ်တဲ့ ကောင်းကျိုးကို လိုလားလို့ရှိရင် အနည်းငယ်ကလေးမျှ စွန့်လွှတ်ရတယ်။

မတ္တာ သုခ ပရိစ္စာဂါ၊ ပဿေ စေ ဝိပုလံ သုခံ။
စဇေ မတ္တာ သုခံ ဓီရော၊ သမ္ပဿံ ဝိပုလံ သုခံ။ ။

အဲဒီပါဠိကို မရွတ်ရင် ဒီကိုယ်တော် စကားလုံးကို ကောင်းလှချည်လား အောက်မေ့နေဦးမယ်။ မဟုတ်ဘူး၊ ဒါ ဘုရားစကား။

ဒီကနေ့လည်း အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေချည်းပဲ ထင်ပါတယ်။ ပူဇော်လိုက်ကြတာ၊ ဖန်းတွေခင်းလို့၊ ပလ္လင်ကို ပန်းတွေဆင်လို့၊ ဆန်းကြယ်တဲ့အကျိုးကို သူတို့လည်း လိုလားကုန်ကြတယ်။

မစ္ဆိကာသဏ္ဍမြို့မှာ မွေးတဲ့ စိတ္တသူကြွယ်ဟာ ပစ္စည်းလည်း ကြွယ်ဝချမ်းသာတယ်။အလှူဒါနလည်းအလွန်ရက်ရောတယ်၊အဘိရက နှစ်မျိုးရှိတယ်။ ဒါနဘိရတရယ်၊ ဓမ္မာဘိရတရယ်။ ဒါနလည်း သူပျော်မွေ့တယ်။ ဓမ္မမှာလည်း သူပျော်မွေ့တယ်။ တစ်ယောက်တည်းမှာ ဒီပျော်မွေ့မှု နှစ်မျိုးဆုံတွေ့ဖို့ဆိုတာ တချို့လူတွေ အလှူအတန်းတော့ အင်မတန်ပျော်တာပဲ၊ တရားထိုင်ကြဟော့ဆိုတော့ အကြောင်းအမျိုးမျိုးပြပြီးတော့ ရှောင်တာပဲ။ တချို့ကျတော့လည်း တရားဆိုတာတရားပဲ၊ အလှူဒါနကို စိတ်ကူးမရဘူး။ တချို့ကျတော့ အလှူလည်း ဝါသနာ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ တရားအားထုတ်ခြင်း ကိစ္စလည်း ဝါသနာပါတယ်။ နှစ်မျိုးစုံတဲ့ ပုဂ္ဂိုလ်ဆိုတာရှားတယ်။

ဇေတဝန်ကျောင်းဒကာ အနာထပိဏ်သူဌေးဟာ ဒါနာဘိရတ၊ ကျောင်းဒကာကြီးဖြစ်ပြီး ဘုရားကိုပြုစုလုပ်ကျွေးသွားတာ ၂၅-နှစ်၊ တစ်နေ့သုံးခေါက် ကျောင်းရောက် အလှူပဲလုပ်တယ်။ တရားနာရအောင်ဆိုယင် အနာထပိဏ် စိတ်မဝင်စားဘူး။ နာပြန်တော့လည်း ဒါနကထာ၊ ဒီကထာတော်ပြီတဲ့ အထက်ထက် နက်နဲတဲ့ ကထာတွေကို သူဝါသနာမပါဘူး။ အဲဒါကြောင့် အနာထပိဏ် သေခါနီးတော့ မျက်ရည်ကျသွားတာက အဲဒါပဲ။ နက်နဲတဲ့တရားတွေ ငါမနာလိုက်ရဘူးဆိုပြီး ငိုသွားတယ်။ ဒါနာဘိရတ ပုဂ္ဂိုလ်ဟာ နောင်တရပြီး ဒီလိုဖြစ်တယ်။ ဓမ္မာ ဘိရတ သူမဖြစ်ဘူး။

ခုပြောတဲ့ စိတ္တသူကြွယ်ဟာ ဒါနာဘိရတလည်းဖြစ်တယ်၊ ဓမ္မာဘိရတလည်းဖြစ်တယ်။ သူဖြစ်ရတဲ့ဘဝ ဖြစ်ရမယ့်ဒေသက မဂဓတိုင်းနဲ့ ကောသလတိုင်းတို့ရဲ့ကြား မဂဓတိုင်းရဲ့အစွန်မှာ ရောက်နေတော့ ဘုရားပွင့်လျှင်ပွင့်ချင်း သတင်းပဲကြားတယ်။ ဘုရားနဲ့မတွေ့ရဘူး။ ဘုရားထံက တိုက်ရိုက် သူတရားမနာရဘူး။

ဒါပေမယ့် ဘယ်လိုလုပ် အနာဂါမ်တည်သွားသလဲဆိုတော့ ဆန်းကြယ်တယ်။ သတ္တဝါတွေဟာ ဗုဒ္ဓဘာသိတကို နာကြားပြီးတော့ တရားထူးရမယ့် ဗုဒ္ဓဝေနေယျဆိုတာ တစ်မျိုးရှိတယ်။ သာဝက ဘာသိတကို နာကြားပြီးတော့ ကျွတ်တမ်းဝင်တဲ့ သာဝက ဝေနေယျ ဆိုတာ တစ်မျိုးရှိတယ်။

အဲဒါကြောင့် မိစ္ဆိကာသဏ္ဍမြို့မှာ မွေးဖွားလာခဲ့တော့ ဘုရားရှင်ပွင့်တော်မူရာ ဂယာနဲ့လည်းဝေးတယ်၊ မဂဓတိုင်းရဲ့ မြို့တော် ရာဇဂြိုလ်နဲ့လည်းဝေးတယ်။ အဲလိုဝေးတဲ့ဒေသမှာ မွေးဖွားတဲ့ စိတ္တသူကြွယ်ဟာ အနာဂါမ်တည်တော့ မဟာနာမ်ထေရ်ရဲ့ တရားနာရ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အနာဂါမ်တည်တယ်။ ပဥ္စဝဂ္ဂီငါးပါးထဲက တစ်ပါးအပါအဝင် ဖြစ်တဲ့ မဟာနာမ်က မိဂဒါဝုန်ကနေပြီးတော့ ခရီးဒေသစာရီလှည့် လိုက်တာ အဲဒီမဇ္ဈိကာသဏ္ဍာမြို့ကိုရောက်တယ်။ ဓမ္မဒူတနော်။

မြတ်စွာဘုရား ဘုရားဖြစ်ပြီးတဲ့နောက် နှစ်လအကြာ မိဂဒါဝုန်တောမှာ ဝါဆိုတယ်။ တစ်ဝါတွင်းလုံး တရားဟောတော့ ရဟန်းတော်ခြောက်ဆယ်ရတယ်။ ခြောက်ဆယ်သော ရဟန်းတော် များနဲ့ မိဂဒါဝုန်မှာ ဝါကပ်တယ်။ ဝါကျွတ်တဲ့ သီတင်းကျွတ် လပြည့်နေ့ မှာ သံဃာတော် ခြောက်ဆယ်ကို မြတ်စွာဘုရားက ဓမ္မဒူတမိန့်ခွန်း ပေးတယ်။

စထရ ဘိက္ခဝေ စာရိကံ။

ရဟန်းတို့ ခရီးထွက်ကြ။

ဗဟုဇနဟိတာယ= များစွာသောလူတွေမှာ အကျိုးစီးပွား ဖြစ်အောင်၊ ဒေသေထ ဘိက္ခဝေ ဓမ္မံ။ ဓမ္မံ= ဓမ္မကို၊ ဒေသေထ= ဟောကြ။ အများအကျိုးရှိအောင် ခရီးထွက်၊ ရောက်တဲ့နေရာမှာ ဓမ္မကိုဟော။

**What is Dhamma** ဓမ္မဆိုတာဘာလဲ။

**Dhamma is universal Ethics.**

ဓမ္မဆိုတာ အလွန်ကျယ်ပြန့်သော သူတော်ကောင်းကျင့် စဉ်။ (**Ethics** ကို သူတော်ကောင်းကျင့်စဉ်ဟု ဆရာတော်ကြီး အရှင်သေဋ္ဌိလဘာသာပြန်တော်မူသည်။) အဲဒါကို **Vipassana Seminor** ဓမ္မဂီရိမှာကျင်းပတော့ ဆရာဂိုအင်ကာက တွင်တွင် ကျယ်ကျယ် အဲဒီစကားကို ပြောပြောပြီးတော့ တရားဟောသွားတယ်။ **Dhamma is universal Ethics. Dhamma is universal Law.** ဆိုပြီးတော့ ထပ်ကာထပ်ကာ သုံးသွားတယ်။ အဲဒါကြောင့် ဆန်းကြယ်သောစကားကို ဆိုတဲ့နေရာမှာ အံ့ဩ စရာကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးတစ်ယောက်ပဲ။

အာဒိကလျာဏံ = အခြေခံကျကျကောင်းတယ် (သီလ)။ မဇ္ဈေကလျာဏံ= အလယ်လတ်သူတွေအတွက်လည်း ကောင်းတယ် (သမာဓိ)။ ပရိယောသာနကလျာဏံ = အဆင့်မြင့်လူတွေ အတွက်လည်း ကောင်းလိမ့်မယ် (ပညာ)။ လူတို့ရဲ့ အခြေခံ ကိုယ်နှုတ်နဲ့ စည်းကမ်းဆိုတာ သီလ။ အလယ်အလတ်ကျတဲ့ လူတွေအတွက် စိတ်နဲ့စည်းကမ်းဆိုတာ သမာဓိ။ အဆင်မြင့်လူ တွေအတွက် စိတ်အညစ်အကြေးကို ဆေးကြောတဲ့ နည်းလမ်းဆို တာဟာ ပညာပဲ။ အဲဒီသုံးခုပေါင်းကိုမှ ဓမ္မ။ ပညာရှင်တစ် ယောက်ယောက်က ဟာကွက် ရှာပြီးတော့ ဖြည့်စွက်မယ်လို့ မကြံစည်နဲ့၊ ဖြည့်စွက်စရာ ဟာကွက် မရှိဘူး။ ကွက်တိပြည့်စုံတယ်။ ပိုနေတယ်။ ဟော့ ‥ နုတ်မလို့ဆိုပြီးတော့ **Microscope** နဲ့မရှာနဲ့၊ ပိုလို့နုတ်စရာ အပိုအလျှံလည်းမရှိဘူး။ အဲဒါ ကေဝလပရိပုဏ္ဏံ။ ဒါ ဓမ္မဂုဏ်ရည်ပဲ။

အာဒိကလျာဏံ = အစ၌ကောင်းသော။ မဇ္ဈေကလျာဏံ။ အလယ်၌ကောင်းသော။ ပရိယောသာနကလျာဏံ= အဆုံး၌ ကောင်းသော။ ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံသော။ ကေဝလပရိ ပုဏ္ဏံ = ကွက်တိကလေး တိတိကျကျ ပြည့်စုံ၍နေသော။ အပိုအလျှံအများကြီးနဲ့ ပြည့်စုံတာမဟုတ်ဘူး။ နည်းနည်းပါးပါး လိုကွက်ကလေးတွေတော့ ရှိတာပေါ့ကွာ။ ဒါပေမယ့် ပြည့်စုံတယ်ပဲထားလိုက်ပါတော့ ဆိုတာမျိုးလည်း မဟုတ်ဘူး။ ကွက်တိကိုပြည့်စုံတာ။ အဲဒါကို ဗုဒ္ဓရှင်တော်က ကေဝလပရိပုဏ္ဏံ **Totally Perfect** တကယ်ပြည့်စုံတာ။ အဲဒီလိုပြည့်စုံတဲ့ ဓမ္မမျိုးကို အများအကျိုးရှိအောင် ခရီးသွားပြီးတော့ ဟောကြလို့ သံဃာတော် အပါးခြောက်ဆယ်ကို စေလွှတ်တော်မူတယ်။ မဟာသက္ကရာဇ် ၁၀၃ ခုမှာ ကာသိနားက ဗာရာဏသီမြို့ မိဂဒါဝုန်တောမှာ သံဃာတော်ခြောက်ဆယ်ကို စေလွှတ်တော်မူခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ ပြောသေးတယ်။

မာ ဧကေန ဒွေ အဂမိတ္ထ။
တစ်ခရီး တစ်ပါးစီပဲ သွားကြကွာ။

ဘုရားကိုယ်တော်မြတ်နှင့်တကွ ခြောက်ဆယ့်တစ်ပါး အရပ်ဒေသတစ်ခုစီသို့ ကြွတော်မူခဲ့ကြတယ်။ သာသနာစတင်ပြု ခါစအချိန်မှာ သာသနာအရှိန်အဟုန်ကို မြန်မြန်ကြီး ပြန့်စေချင်တဲ့ အတွက်ကြောင့် ခွဲလွှတ်တာ။ အဲ့ဒီထဲက မဟာနာမ်ကို ဆွဲထုတ်လိုက်၊ မဟာနာမ်ထေရ် မဂဓကို ကြွတယ်။ တရွေ့ရွေ့နဲ့ မစ္ဆိကာသဏ္ဍမြို့ကို ရောက်ပါတယ်။ မစ္ဆိကာသဏ္ဍမြို့ရောက်တာနဲ့ တစ်ပြိုင်နက် အရှင် မဟာနာမ်ရဲ့ သတင်းတွေကိုတွေ့တဲ့ လူတွေက လျှောက်ပြောတော့ တစ်မြို့လုံး သတင်းတွေပြန့်သွားတယ်။ စိတ္တသူကြွယ်က လာဖူးမြော်ပြီး တရားနာတာ၊ ကြည်ညိုလွန်းလို့ဆိုပြီးတော့ "အရှင်ဘုရား ပြန်မကြွပါနဲ့၊ တပည့်တော်တို့ အရပ်ကို ဘုရားတော်တော်နဲ့ ရောက်မှာမဟုတ်ဘူး။ ဘုရားတော်တော်နဲ့ မရောက်တဲ့ တပည့်တော်တို့အရပ်မှာ အရှင်ဘုရား နေ" ဆိုပြီးတော့ သူ့ရဲ့ အမ္ဗာဋ္ဌကာရာမဆိုတဲ့ ငွေးပင်တောဥယျာဉ်ကြီး ကို အရှင်မဟာနာမ်အား လှူဒါန်းပြီးတော့ ကျောင်းတိုက်တည်လိုက် တာ၊ စိတ္တသူကြွယ် ကျောင်းဒကာဖြစ်သွားတယ်။

သာသနာမှာ ထူးထူးဆန်းဆန်း အံ့သြစရာ၊ ဘုရားနဲ့မတွေ့ ရပေမယ့်လည်း လိမ္မာရေးခြားရှိကြတဲ့လူတွေဟာ ကမ္ဘာမှာ အများကြီး ရှိတယ်နော်။ ယခု ဘုန်းကြီးကျောင်းမှာ ကနေဒါက လူလေးယောက်၊ ဩစတြေးလျက တစ်ယောက်၊ ဒတ်ချ်က တစ်ယောက်၊ အမေရိကန် က နှစ်ယောက် စုစုပေါင်း လူရှစ်ယောက်ရှိတယ်။ လေးယောက်သော ပုဂ္ဂိုလ်တွေက ဂူထဲကကို မထွက်ကြဘူး။ စကားလည်းမပြောဘူး။ အားထုတ်လိုက်ကြတာ မနက်လေးနာရီကနေပြီး ညဆယ်နာရီထိ၊ အဲဒါအားလုံး ဆရာကြီးဂိုအင်ကာရဲ့ တပည့်တွေချည်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ သာဝကဝေနေယျဆိုတာရှိတယ်။ စိတ္တသုတ္တကြွယ်က တရားနာလည်းပြီးတော့ဥယျာဉ်ကြီးလှူပြီးတော့ကျောင်းတိုက်ကြီးတည်၊ ဘုရားတောင်မရောက်သေးဘူး။ တိုင်းကြီးနှစ်ခုရဲ့ကြား မစ္ဆိကာသဏ္ဍ ဆိုတဲ့ နယ်စပ်မြို့လေးမှာ အမ္ဗာဋကကျောင်းကြီး တည်လိုက်တယ်။ အဲဒီ ကျောင်းတိုက်ကြီးတည်၊ မဟာနာမ်မထေရ်ကို ပင့်ထားပြီးတော့မှ သူ့တရားနာတာ၊ နေ့တိုင်းချဉ်းကပ်ပြီးတော့ တရားနာတယ်။ နာတဲ့ တရားက အာယတနဆယ့်နှစ်ပါးတရား။ အတွင်းမှာရှိနေတဲ့ အခြေခံ အရာဝတ္ထုတွေနဲ့ အပြင်ကရောက်လာတဲ့ အာရုံတွေနဲ့ဆုံတဲ့ နေရာလေး မှာ ရှုတဲ့နည်းပေးတာပါ။

စက္ခုံ စ ရူပေ စ ပဋိစ္စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ
ဝေဒနာ ပစ္စယာ တဏှာ။

အဲဒီ ဒေသနာ ဟောတာ။

ဥပါသက = ဒါယကာ။ စက္ခုံ စ = စက္ခုတွင်မည် ရုပ်အကြည် ကို လည်းကောင်း၊ ရူပေစ = အဆင်းမျိုးစုံ ရူပါရုံတို့ကိုလည်းကောင်း၊ ပဋိစ္စ = စွဲ၍။ စက္ခုဝိညာဏံ = စက္ခုပသာဒကိုမှီ ရူပါရုံကို ကြည့်တတ်တဲ့ သိတတ်တဲ့ စက္ခုဝိညာဉ် စိတ်တစ်လုံးသည်။ ဥပ္ပဇ္ဇတိ = ဖြစ်၏။

သုံးခုဖြစ်နေပြီနော်။ အခံဖြစ်တဲ့ စက္ခုပသာဒ၊ လာရောက် တိုက်ဆိုင်တဲ့ ရူပါရုံ၊ အဲဒီနှစ်ခုပေါင်းစပ်တဲ့နေရာမှာသိ–ဆိုပြီး ပေါ်လာတဲ့ စက္ခုဝိညာဉ်စိတ်၊တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဒီသုံးခုကို တွဲထားပေးတာက ဖဿ။ ကွဲသွားမှာစိုးလို့။ တွဲစပ်မှုဆိုတဲ့ ဖဿ ဖြစ်လာယင် ရူပါရုံနဲ့ အရသာကောင်းယင်လည်း ခံစားမှာပဲ၊ မကောင်းယင်လည်း ခံစားမှာပဲ၊ ခံစားမှုနှစ်မျိုးဆိုတဲ့ ဝေဒနာ၊ ကောင်းတဲ့ ဝေဒနာခံစားမိရင် သုခ ဝေဒနာဖြစ်တယ်ပေါ့။ မကောင်းတဲ့ ဝေဒနာခံစားမိရင် ဒုက္ခဝေဒနာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်ပေါ့။ အဲဒီ ဝေဒနာကြောင့် တဏှာလာတယ်။ သုခဝေဒနာမှာ တဏှာ လာတာ ရှင်းစရာမလိုဘူး။ ဒုက္ခဝေဒနာနဲ့ တဏှာဘယ်လိုလုပ် လာလဲလို့ ပြောစရာချည်း။ အဖြေက လွယ်လွယ်လေးပါ။ ထောင် ထဲမှာ အကြာကြီး နေနေရတဲ့လူဟာ ဒုက္ခဝေဒနာမှာ သူ့အဆိုး ဆုံးခံနေရတာ။ သူ ဘာမျှော်နေသလဲ၊ လွတ်ရက်ကို မျှော်နေတယ်။ အိပ်ရာထဲလဲပြီး သေလောက်အောင် ခံနေရတဲ့သူက ကျန်းမာခြင်းကို မျှော်နေတယ်။ ထောင်ထဲကလူ လွတ်ရက်ကို မျှော်ဆိုတာက သုခကို မျှော်တာ။ အိပ်ရာထဲလဲပြီး သေလောက်အောင် ခံနေရတဲ့သူက ကျန်းမာခြင်းကို မျှော်ဆိုတာ သုခကို မျှော်တာ။ အဲဒါဟာ တဏှာပဲ။ အဲဒါကြောင့် ဒုက္ခဝေဒနာရဲ့ နောက်မှာ သုခကို မျှော်လင့်ခြင်းဆိုတဲ့ တဏှာဖြစ်တယ်။ ဒီဒေသနာကို အရှင်မဟာနာမ်မထေရ်က မဇ္ဈိ ကာသဏ္ဍာမြို့သား စိတ္တသူကြွယ်ကိုဟောတယ်။ အဲဒီလို တဏှာမဖြစ် ရအောင်ဆိုရင် အဲဒီဝေဒနာကိုရှုရမယ်။ တဏှာမရောက်အောင် ဝေဒနာ ကို ရှုဆိုပြီး အတွင်း အာယတနခြောက်ပါးနဲ့အပြင် အာယတန ခြောက်ပါး တစ်ခုစီတစ်ခုစီ အသေးစိပ်ဟောပေးတာ။ အဲဒီ ခြောက်ခု သော ဒေသနာနိဂုံးအဆုံးမှာ စိတ္တသူကြွယ် အနာဂါမ်ဖြစ်တယ်။ အနာဂါမ် ဖြစ်တဲ့အခါကျတော့ အဘိညာဉ်လည်းရတယ်။ သမာပတ် တွေလည်းရတယ်။ လူပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ရလိုက်တာ။ ထူးဆန်းတာက အနာဂါမ်ဖြစ်ပြီး အိမ်မှာပဲနေနေတယ်။ အရှင်မဟာ နာမ်ထေရ်ထံမှာ တရားတွေကို ဆက်လက်လေ့ကျင့် သင်ကြားပြီးတော့ ပိဋကသုံးပုံ ကုန်လုလောက်နီးနီး တတ်တဲ့အခါကျတော့ သူ့ရဲ့ မဇ္ဈိ ကာသဏ္ဍာမြို့သားတွေကို လျှောက်ပြီးတော့ တရားဟောတာ။ သူကမြို့ မှာ ကြွလာတဲ့ သံဃာက တစ်ပါးတည်းရယ်။ တစ်ပါးတည်းသော မဟာနာမ် မထေရ်ထံကရတဲ့ အဆုံးအမကို သူယူပြီးတော့မှ သူလျှောက် ဟောလိုက်တာ သူ့ရဲ့ နောက်လိုက် ဥပါသကာပေါင်း။

www.burmeseclassic.com

www.burmeseclassic.com



သူ့လိုပဲ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ဥပါသကာပေါင်း ငါးရာ သော အခြံအရံတွေနဲ့ မဂဓတိုင်းကြီးမှာ လှည့်ပြီးတော့ တရားဟော တယ်။ တရားဟောဆရာကြီး စိတ္တသူကြွယ်တဲ့။

အဲဒီတော့ ရှင်မဟာနာမ်မထေရ်က ငါရဲ့ ဆောင်ရွက်ဖွယ် သာသနာပြုကိစ္စ ဒီလောက်ဆို လုံလောက်ပြီဆိုပြီးတော့ ကြွသွားတော့ တစ်ပါးပြီးတစ်ပါး သူ့ကျောင်းသံဃာတော်တွေ ကြွကြွလာကြတာ အရိယာသံဃာတော်တွေ ကြွလာရင် စိတ္တသူကြွယ် တယ်အဆင်ပြေ တယ်။ တစ်ခါတစ်ခါ ပုထုဇဉ်ကိုယ်တော်တွေကြွလာ။ စိတ္တသူကြွယ်နဲ့ အဆင်မပြေတဲ့ အဖုအထစ်တွေလည်းများကြီးပဲ။

ကျောင်းဒကာက အနာဂါမ်လည်း တည်ထားတယ်။ ကျောင်း လည်း ဆောက်ထားတယ်။ ပစ္စည်းလေးပါးလည်း ထောက်ပံ့ တယ်ဆိုတော့ သူကကျောင်းတက်တက်နေတဲ့ ကိုယ်တော်တွေထဲက ပုထုဇဉ်ကိုယ်တော်တချို့နဲ့ သူ တစ်ခါတစ်ခါ မပြေလည်ဘူး။ ရှင်သုဓမ္မမထေရ်ဆိုတာ သူနဲ့ မပြေလည်ဆုံးပဲ။

ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလ္လာန်တို့ နောင်သောအခါ ဒေသစာရီ လှည့်ရင်းနဲ့ ဒီရောက်တော့ သုဓမ္မမထေရ်က ကျောင်းထိုင် ဖြစ်ပြီးနေပြီ။ ပုထုဇဉ်ပဲ။ အဲဒီအခါ စိတ္တသူကြွယ်က အဂ္ဂသာဝက ကြီးနှစ်ပါး ငါ့ကျောင်းကြွလာတယ်ဆိုပြီးတော့ တအားကြီး ဂရုစိုက်တာ ကိုး။ ခရီးဦးကြိုဆိုခြင်း၊ နေရာပေးခြင်း၊ ခဲဖွယ်ဘောဇဉ်နဲ့ တရိုတသေ လုပ်ကျွေး။ ဘုရားကလွဲ သာသနာမှာ အကြီးဆုံးကိုဗျ။ အဲဒီလောက်ကြီး ဂရုစိုက်တော့ ကျောင်းထိုင်ဘုန်းကြီး အရှင်သုဓမ္မက စိတ်ထဲမှာ ခုလုခုလု နည်းနည်းဖြစ်တယ်။ ပုထုဇဉ်ကိုးဗျ။ ဆွမ်းပွဲကြီး ပြင်ထားတာ သွားကြည့်။ စုံလိုက်တာ၊ ဆွမ်းရော၊ ခဲဖွယ်ဘောဇဉ်ရော၊ မုန့်သရေစာ ရော၊ အဲတော့ သုဓမ္မမထေရ်က ဘာပြောသလဲလို့ဆိုတော့ "ဟော့ ကျောင်းဒကာ၊ မင့်အာဂန္တုဘုန်းကြီးတွေ ဒီလောက်တောင် ဂရုစိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ ဒို့ဝမ်းသာပါတယ်။ မင့်ဆွမ်းပွဲ မစုံသေးဘူးကွ၊ လုပ်ပါဦး'' ''ဘာလို သေးလည်းကိုယ်တော်၊ လိုတာ တပည့်တော်ထည့်ပါမယ်'' နှမ်းပျစ် လိုသေးတယ်ကွ'' ဒီစကားပြောတာက နောက်ခံအကြောင်းရှိတယ်။ စိတ္တသူကြွယ်ရဲ့ အဘိုးအဘွားဟာ ငယ်ငယ်တုန်းက ဆင်းရဲရှာတယ်။ နှမ်းပျစ်ရောင်းစားကြတယ်။ စိတ္တသူကြွယ် လက်ထက်ရောက်တော့မှ အကြီးအကျယ် စီးပွားတက်ပြီး ချမ်းသာလာတာကိုး။ ဘိုးဘွား လက်ထက်က နှမ်းပျစ်ရောင်းစားရတာ၊ အဲဒါကို ဟိုကျောင်းထိုင် ဘုန်းကြီးက နောက်ကြောင်းသမိုင်းသိထားတော့ ''ဟေ့ ‥ မင့်နှမ်းပျစ် ထည့်ဦးကွ''ဆိုတော့ အဲဒါတကယ်ပြောတာမဟုတ်ဘူးတဲ့။ စိတ္တ သူကြွယ်ကို သရော်တော်တော်နဲ့ ဇာတ်ကိုကိုင်ပြီးတော့ ဆဲရေးတာပဲလို့ အဋ္ဌကထာက ဖွင့်ပြထားတယ်။ အဲဒီတော့ စိတ္တသူကြွယ်ကသိတယ်။

''အော် ‥ ဒီကျောင်းထိုင်ဘုန်းကြီး အဂ္ဂသာဝကကြီး နှစ်ပါးတောင် မကြည်ညိုပဲကိုးဆိုပြီးတော့ စိတ်ထဲဖြစ်တော့ အဲဒီ သတင်းက ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလ္လာန်တို့လည်း ကြားတယ်။ ဇေတဝန်ပြန်ရောက်တော့ ဘုရားဆီသတင်းပို့ပြီးတော့ လျှောက်ထား တယ်။ နောက်တစ်ဖြည်းဖြည်းနဲ့ ဘုရားရှင်ကိုယ်တော်မြတ်က သုဓမ္မမထေရ်ကို ဆုံးမဖို့ဆိုပြီးတော့ သံဃာတော်တွေလွှတ်တယ်။ အရိယာကျောင်းဒကာ အနာဂါမ် ကျောင်းဒကာကို ပုထုဇဉ်ရဟန်းက ဆဲရေးတဲ့စကားဟာ မလျော်ဘူး။ အဲဒီ ဥစ္စာကို ဝန်ခံရမယ်။ တောင်းပန် ရမယ်။ ပဋိသာရဏီယကံဆိုပြီးတော့ စူဠဝဂ်မှာ ဒီအတ္ထုပ္ပတ္တိပဲ၊ အဲဒါပြုခိုင်းတော့ အဲဒီကိုယ်တော်က ပဋိသာရဏီယ ကံလည်းပြုပါတယ်။ စိတ်ပျက်ပျက်နဲ့ ဒီကျောင်းဒကာကတောင် မကြည်ဖြူတာ၊ ဒီကျောင်း ငါမနေဘူးကွာ ဆိုပြီးတော့ ဇေတဝန်ကျောင်း ပြန်သွားတယ်။ ဘုရား မြတ်စွာက ဩဝါဒပေးပြီးတော့ ''မင်း အဲဒီကျောင်း ပြန်ဖြစ်အောင် ပြန်၊ မင်း အဲဒီမှာပဲနေ၊ ဘယ်မှမသွားနဲ့''လို့ အမိန့်ချတော့ ခပ်

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ကြောက်နဲ့ သုဓမ္မမထေရ် ဒီကျောင်းမှာပဲ ပြန်လာရတယ်။ ပြန်လာတော့ စိတ္တသူကြွယ်ကလည်း ကြည်ကြည်ဖြူဖြူ ပြုစုပါတယ်။ ဘုရားရဲ့အဆုံးအမကို ရခဲ့ပြီးဖြစ်ခြင်းကြောင့် ထောင်လွှားခြင်း အလျဉ်းမရှိတော့ဘဲ သုဓမ္မမထေရ်သည် မစ္ဆိကာသဏ္ဍာမြို့ အမ္ဗာဋကကျောင်းမှာပဲ မကြာခင် ရဟန္တာဖြစ်ပါတယ်။

စိတ္တသူကြွယ်နဲ့ပတ်သက်တဲ့ သုတ္တန်ပေါင်းဆယ်သုတ်ရှိတယ်။ စိတ္တသံယုတ်မှာ၊ အတ္ထုပ္ပတ္တိတွေ တော်တော်စုံတယ်။ စိတ်ဝင်စားစရာလည်း ကောင်းတယ်။

သုဓမ္မမထေရ် ရဟန္တာဖြစ်ပြီး ကြွသွားတော့ နောက်မထေရ်တစ်စု ကြွလာပြီး သီတင်းသုံးကြတယ်။ အကြီးဆုံးမထေရ်ကြီးရဲ့ဘွဲ့တော်က အရှင်ထေရတဲ့။ ထေရမထေရ်ကြီးရဲ့ လက်ထက်မှာ သံဃာတော်အရှင်မြတ်တွေ ညချမ်းကာလ ဓမ္မာရုံကြီးထဲ စုဝေးပြီး တရားဆွေးနွေးကြတယ်။ ဓမ္မသာကစ္ဆာဝိုင်း၊ သံယောဇဉ် သံယောဇဉ်ဆိုပြီး လောကမှာ တယ်ပြောကြတယ်။ သံယောဇဉ်ဆိုတာ ဘာကိုခေါ်တာလဲ။

> "သံယောဇနံ သံယောဇနံ့ရ ခေါ လောကေ ဝုစ္စတိ၊ ကိတ္တာ ဝတာ နု ခေါ ကတမော သံယောဇနေ" န္တိ ဝုစ္စတိ။

သံယောဇဉ် သံယောဇဉ်လို့ ကမ္ဘာလောကမှာ တယ်ပြောကြတယ်။ ဘယ်ဥစ္စာ သံယောဇဉ်လို့ ခေါ်တာလဲ၊ သံဃာ အစည်းအဝေးမှာ ဆွေးနွေးတဲ့ အကြောင်းအရာနော်။ အဲတော့ သံဃာတော်များက တပည့်တော် သိတယ်ဘုရားလို့ ထပြောတယ်။ အာယောက်ျားတွေဟာ ဒကာမတွေအတွက် သံယောဇဉ်ပဲ၊ ဒကာတွေဟာ ဒကာမတွေအတွက် သံယောဇဉ်ပဲ။ အဲဒီလို ဦးတည့်ရာပြောကြတာ၊

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်တွေ ဖွက်ပေါက်သွားတယ်။ အဖြေမှန်မထွက်လာဘူး။ အဲဒီတော့ အရှင်ထေရခေါ်တဲ့ မထေရ်ကြီးကို 'အရှင်ဘုရား အဆုံးအဖြတ်ပေး'ဆိုတော့မထေရ်ကြီးက''ငါလည်းမဆုံးဖြတ်နိုင်ဘူးတဲ့''။ ဘယ်ဥစ္စာ သံယောဇဉ်မှန်းမသိဘူး''တဲ့။ အဲဒီတုန်းမှာ စိတ္တသူကြွယ်က ဆွမ်းပို့ဖို့ဆိုပြီးတော့ ကျောင်းရောက်လာတယ်။ ကျောင်းရောက်လာတော့မှ ထေရမထေရ်ကြီးနဲ့တကွသော သံဃာတော်အားလုံးက ဟော့-ကျောင်းဒကာ၊ ဒို့များ ညတုန်းက အစည်းအဝေးဆွေးနွေးတဲ့ ဓမ္မသာကစ္ဆာဝိုင်းမှာ သံယောဇဉ်ကို ဆုံးဖြတ်ချက်မချနိုင်ဘူးကွ၊ ခုထိ သံယောဇဉ်ကိုငြင်းတုန်းပဲ။ ကျောင်းဒကာသိယင် ပြောစမ်းပါ။ ''သံယောဇဉ် ဆိုတာဘာလဲ'' ဆိုတော့မှ ''ဒါဆိုယင်ကောင်းပြီ အရှင်ဘုရားတို့ကို တပည့်တော်ဆွမ်းကပ်မယ်။ ဆွမ်းစားပြီးတော့မှ အရှင်ဘုရားတို့အားလုံး ဓမ္မာရုံမှာစုဝေးကြပါဘုရား။ တပည့်တော် သံယောဇဉ် အကြောင်း ပြောပြပါမယ်။ သံဃာတော်တွေ ဆွမ်းစား၊ ကျောင်းဒကာကြီးက သံယောဇဉ်ဟောမလို့တဲ့၊ သံဃာလေးတွေဆွမ်းစားပြီး ဓမ္မာရုံကြီးမှာ စုဝေးကြတယ်။ အဲဒီမှာ စိတ္တသူကြွယ်က လက်အုပ်ချီပြီးတော့ သူ့ရဲ့အမ္ဗာဋကကျောင်းတိုက်က သံဃာတော်တို့အား သံယောဇနိယသုတ္တန်ဆိုပြီးတော့ သုတ္တန်ကြီးတစ်ခုဖြစ်အောင် တခမ်းတနား ဟောတယ်။

စိတ္တသူကြွယ်ချမှတ်တဲ့မူက ''အရှင်ဘုရားတို့ ရှေးဦးစွာ နှစ်ခုမှတ်ကြပါ။ သံယောဇဉ်ဆိုတာရယ်၊ သံယောဇနိယ ဆိုတာ ရယ်လို့ နှစ်ခုမှတ်တော်မူကြပါ။ ယောက်ျားတွေ မိန်းမတွေဟာ သံယောဇဉ် မဟုတ်ဘူးဘုရား။ ဇနီးမယားသမီးသား ရာထူးအာဏာတွေက သံယောဇဉ်မဟုတ်ပါဘူးဘုရား။ အဲဒါတွေ အကုန်လုံးကို သံယောဇနိယ ခေါ်တယ်။ အဲဒီရာထူးအာဏာ ပစ္စည်းဉစ္စာ လယ်ယာ မိုးမြေ အိုးအိမ်တိုက်တာ ရံရွေသင်ပင်း။ အဲဒါတွေကို ပိုင်သတဲ့ပုဂ္ဂိုလ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကလည်းပဲ သံယောဇနိယပဲ၊ ပိုင်ဆိုင်သူရော ပိုင်ဆိုင်ခံရတဲ့ပစ္စည်းရော ဒီနှစ်ခုလုံးဟာ သံယောဇနိယပါပဲ။

ပိုင်သူက ပိုင်ထားတဲ့ပစ္စည်းကို ဝေါ် မမ= ဒါငါ့ဥစ္စာဆိုတဲ့ ဒီစိတ်ထားမှ သံယောဇဉ်။ အဲဒါကို စိတ္တသူကြွယ်က-

ဥပမာယံ မိစေကစ္စေ၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ။

အရှင်ဘုရားတို့ ဥပမာနဲ့ပြောယင် ဉာဏ်ရှိတဲ့သူတွေ တတ်သိလွယ်တယ်ဘုရားတဲ့။ တပည့်တော်ဥပမာပေး ပြောဦးမယ် ပြောဆိုတော့ စိတ္တသူကြွယ်က-

နွားဖြူတစ်ကောင်၊ နွားနက်တစ်ကောင်၊ နှစ်ကောင်ရှိတယ်ဆိုပါစို့ဘုရား။ နွားဖြူနဲ့ နွားနက်နှစ်ကောင်ကို ကြိုးတစ်ချောင်းတည်းနဲ့ ချည်ထား၊ နှစ်ကောင်ကြားမှာ ကြိုးရှိပါတယ်။ ကြိုးစတစ်ဖက် တစ်ချက်မှာချည်ထားတဲ့ နွားဖြူနဲ့ နွားနက်ကို သံယောဇနိယလို့မှတ်ပါ။ နှစ်ကောင်ကြားမှာ ချည်နှောင်တဲ့ကြိုးကို သံယောဇဉ်လို့မှတ်ပါ။ သံဃာတော်များ ကျေနပ်ကြတယ်။

စိတ္တသူကြွယ်ဟောသော သံယောဇနိယ သုတ္တန်၊ အမ္ဗာဋကကျောင်းတိုက်ထဲက သံဃာတွေက ဒီစိတ္တသူကြွယ်ကို ဝိုင်းပြီးတော့ သာဓုအကြိမ်ကြိမ်ခေါ်ပြီးတော့ ချီးကျူးတော်မူကြတယ်ဗျာ။

နောက်အံ့ဩစရာ ပြောဦးမယ်။ အစေလကဿပ သုတ္တန်၊ အစေလကဿပဆိုတဲ့ ပရိဗိုဇ်ကြီး၊ နိဂဏ္ဌနာဋပုတ္တ ဂိုဏ်းထဲမှာ ရောက်နေတယ်။ ဘုရားရှင်လက်ထက်က နိဂဏ္ဌ နာဋပုတ္တဟာ မြတ်စွာဘုရား မာရ်ငါးပါးအောင်သလို သူကလည်း ကာမဂုဏ်ငါးပါးကို အောင်မြင်သူ၊ သူ့ကိုယ်သူဇိနတဲ့ ဇိန်းလို့ ဖြစ်လာတယ်။ ဂျိန်းဝါဒ ထူထောင်တာသူပဲ။ အဲဒီလို ဂိုဏ်းထဲရောက်နေတဲ့ အစေလကဿပ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ဆရာတစ်ယောက်နဲ့ စိတ္တသူကြွယ်က ငယ်ငယ်က ကျောင်းနေဖက်တွေဆိုပဲ။ သူငယ်ချင်းတွေ အရွယ်လေးတော်တော်ကြီးတော့ စိတ္တသူကြွယ်က မဟာနာမ်ရဲ့ သာဝကဖြစ်ပြီးတော့ ဗုဒ္ဓဘာသာဖြစ်လာတယ်။ ကဿပဆိုတဲ့ လူကတော့ နိဂဏ္ဌရဲ့ တပည့်ဖြစ်ပြီးတော့ အဝတ်မဝတ်ဘဲနဲ့အစေလကဿပကြီးဖြစ်သွားတယ်။အစေလကဿပကြီးက ခရီးလှည့်ရင်းလှည့်ရင်းနဲ့ မစ္ဆိကာသဏ္ဍာကို ပြန်ရောက်လာတယ်။ ပြန်ရောက်လာတော့ စိတ္တသူကြွယ်က ဆီးကြိုပြီးတော့ နေရာပေးပြီးတော့ စားစရာကျွေးတယ်။ ပြီးတော့ တရားတွေ ဆွေးနွေးကြတယ်။ ဒီဘက်ကအနာဂါမ်၊ဟိုဘက်ကကိုယ်တုံးလုံး၊ဘယ်လိုများနေမလဲမသိဘူး။

ဆရာကြီးဂိုအင်ကာရဲ့ အီဂတ်ပူရီစင်တာမှာ ဆရာကြီးဂိုအင်ကာက ဗုဒ္ဓဘာသာတစ်ယောက်ပီပီ တရားတွေဟောနေတဲ့အချိန်မှာ ဟိုဘက်က ခရစ်ယာန်ဘုန်းတော်ကြီးတွေရော၊ အစ္စလာမ်ဆရာကြီးတွေရော၊ ဂျိန်းဆရာကြီးတွေရော တရားနာနေ တာတွေ့ရတော့ အတော် အံ့ဩခဲ့ရဖူးတယ်။

စိတ္တသူကြွယ်နဲ့ အစေလကဿပတို့ ဆွေးနွေးကြတော့ အစေလကဿပက စမေးတယ်။ "ဟေ့ ... စိတ္တ သူငယ်ချင်း၊ မင်းဂေါတမသာသနာထဲဝင်နေတာ တရားထူးတရားမြတ်များ မင်းရသလား" "ရတာပေါ့ကွ" "ဘယ်လိုရသလဲ" "နွားနှစ် ကောင်ကြားချည်ထားတဲ့ကြိုးကို ဖြတ်သလိုပဲ ငါသံယောဇဉ် ဖြတ်နိုင်ပြီ" (အနာဂါမ်ဆိုတော့ ကာမရာဂသံယောဇဉ် ဗျာပါဒသံယောဇဉ်၊ သောတာပန်အဆင့်ထဲက ပြတ်တာကတော့ ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာ သံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်)

ပဉ္စာန် ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ = သံယောဇဉ်ငါးပါးကို အကြွင်းမဲ့ ဖြတ်တောက်နိုင်တဲ့အတွက်ကြောင့်။ အဟံ = ငါသည်။ အနာဂါမီ = အနာဂါမ်ပုဂ္ဂိုလ်သည်။ ဟောမိ =

www.burmeseclassic.com



ဖြစ်ပြီ။ ကာယသဘောဒါ ပရံ မရဏာ = ငါများ ကွယ်လွန်သွားမယ် ဆိုရင်။ အနာဂန္တာရော ဣတ္ထတ္တံ =ဟောဒီ လူ့ဘုံကို ငါပြန်မလာ ဘော့ဘူး။

အဲဒီလို သူရတဲ့ တရားထူးတွေကို ပြောပြတော့ ရှာန်ဝင် စားတာတွေကိုပါ ပြောပြတဲ့အခါကျတော့ ဟိုအစေလကဿပက သူ့ဘဝသူ ကြည့်စဉ်းစားပြီးတော့ ငိုင်ပြီးတော့ "ငါတော့ ကြာလှပြီ၊ နိဂဏ္ဌရဲ့ တပည့်ခံပြီးတော့ ဂျိန်းကိုဏ်းထဲဝင်ပြီးတော့ တရားကျင့်နေတာ၊ ဘာမှလည်း မဖြစ်လာပါလား။" သူ့ဟာသူ စိတ်ထဲမှာ ပြောတော့ မပြော ဘူး။ စိတ္တသူကြွယ်က အစေလကဿပကိုမေးတယ်။ "ဟေ့ ‥ မင်း ဂျိန်းကိုဏ်းထဲဝင်ပြီး တရားကျင့်တာ နှစ်ပေါင်းဘယ်လောက်ရှိပြီလဲ" "နှစ်သုံးဆယ်ရှိပြီ"တဲ့။ "နှစ်သုံးဆယ် မင်းကျင့်ခဲ့တာ မင်းဘာတွေ ရသလဲ"ဆိုတော့ အစေလကဿပက မျက်ရည်ကျပြီးတော့ ပြော တယ်" "ခေါင်းရိတ်တဲ့အခါများ ခေါင်းကသွေးတွေ ချင်းချင်းနီအောင် ထွက် တယ်ကွာ" "ဘယ်လိုလုပ်ရိတ်သလဲ" "ထန်းစေ့မှုတ်နဲ့ ခေါင်းက ဆံပင်ကို နှုတ်ရတာ" အဝတ်မပါဘဲနဲ့ နေရအိပ်ရတာတွေ၊ လက်ခုပ်နဲ့ ခံပြီးတော့ စားရတာတွေ၊ ရေအေးကိုသုံးလို့ရှိရင် အာပတ်သင့်မှာ စိုးလို့တဲ့။ မစင်စွန့်ပြီးတဲ့အခါ တစ်ခါတစ်ခါ မဆေး ရတာတွေပြောတော့ စိတ္တသူကြွယ်က "ကွာ ‥ ကျောက်ဖျာ ပြင်ပေါ်မှာ ကောက်ပင်စိုက် သလို ဖြစ်နေပြီ"တဲ့။ နိဂဏ္ဌတို့ရဲ့ သာသနာမှာ သီလ သမာဓိ ပညာ လုံးမရှိတဲ့အတွက်ကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် အမြစ်တွယ်စရာ လုံးဝ မရှိတာကိုပြောပြတော့မှ အစေလကဿပက ရှိခိုးပြီးတော့ ငါ့ကွာ မင်းတို့ ဗုဒ္ဓဘာသာထဲ ဝင်ခွင့်ပေးစမ်းပါ။ ကောင်းပြီ၊ လာလိုက်ခဲ့ ဆိုပြီးတော့ မစ္ဆိကာသဏ္ဍကျောင်းတိုက်ကို ခေါ်သွားတယ်။ ကျောင်း ရောက်တော့ သံဃာတော်တွေ တောင်းပန်တယ်။ "အရှင်ဘုရား တပည့်တော်ရဲ့ သူငယ်ချင်းပါ၊ ရဟန်းဝတ်ချင်လို့ တောင်းပန်နေပါ

www.burmeseclassic.com



တယ်။ အရှင်ဘုရားတို့ ခွင့်ပြုတော်မူကြပါ'' ''ဟော့ ‥ သူဘယ်ကလာတာလဲ'' ''အစေလကဿပကပြောင်းလာတာပါ။''အေး ဒီလိုဆိုရင် မြတ်စွာဘုရားရဲ့ ဝိနည်းရှိတယ်ကွာ။ သုံးနှစ်မျှကာလပတ် လုံးကြိုတင်လေ့ကျင့်ခန်းလုပ်ဦး။ ကြိုတင်လေ့ကျင့်ခန်းလုပ်ပြီး မှ သူ့ကို ရဟန်းခံပေးရမယ်။ အဲဒါတောင် သံဃာက စစ်ဆေး ကျေနပ်မှ။ မကျေနပ်ရင် ဆက်ကျင့်ရဦးမှာ'' အဲဒီတော့ အစေလကဿပက ''တပည့်တော် သံဃာတော်များကျေနပ်အောင် သုံးနှစ်မဟုတ်ပါဘူး ဘုရား။ နှစ်သုံးဆယ်ကျင့်ဆိုလည်း ကျင့်ပါမယ်'' ရဲရဲတောက်။ အဲဒါကို ဘုရားဆီ သတင်းပို့လိုက်တော့ ဘုရားက ဒီပုဂ္ဂိုလ်ထူးတယ်ကွ၊ ထူးတယ်ကွ၊ ချက်ချင်းဝတ်ပေးလိုက်၊ အစေလကဿပက ဘုရားသာသနာမှာ ရဟန်းဘဝကိုရတယ်။ မကြာမီ မစ္ဆိကာသဏ္ဍမြို့ အမ္ဗာဋကကျောင်းတိုက်မှာ စိတ္တသူကြွယ် ကမ္မဋ္ဌာန်းပေးလို့ ရဟန္တာဖြစ်တယ်။

အဲဒါကြောင့် –

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဓမ္မကထိကာနံ

ဥပါသကာနံ ယဒိဒံ စိတ္တော ဂဟပတိ။

ဘိက္ခဝေ = ရဟန်းတော်များ။ အိုချစ်သားတို့။ မမ သာသနေ = ငါဘုရား သာသနာတော်၌။ ယဒိဒံ ယော အယံ စိတ္တော ဂဟပတိ = အကြင်စိတ္တဆိုတဲ့ သူကြွယ်တစ်ယောက် သည်။ အတ္ထိ = ရှိပါပေ၏။ တော် သော စိတ္တော ဂဟပတိ = ထိုစိတ္တ ဆိုတဲ့ သူကြွယ်သည်။ ဓမ္မကထိကာနံ = တရားစကားကို ဟောပြောတော်မူကြပေကုန်သော။ ဥပါသကာနံ = ဒကာ အပေါင်းတို့တွင်။ အဂ္ဂံအဂ္ဂေါ = အမြတ်ဆုံး အသာဆုံးသည်။ ဟောတိ = ဖြစ်ပေ၏။ လို့။ သတ္ထာ = နတ်လူကို ဆရာဖြစ် တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည်။ စိတ္တံ နာမ ဥပါသကံ = စိတ္တခေါ်တဲ့ သူကြွယ်ကို၊ ဓမ္မကထိကဋ္ဌာနေ = တရား

www.burmeseclassic.com

www.burmeseclassic.com



ဟောကောင်းတဲ့နေရာမှာ အသာဆုံး အတော်ဆုံးတည်း ဟူသော တေဒဂ်ရာထူးမှာ (သံဃာတော်အရှင်မြတ်များပင်လျှင် အံ့ဩလောက်အောင် ဟောလိုက်တာက သံယောဇနိယသုတ္တန်။ အစေလကာသပ တို့လို တိတ္ထိတက္ကဒွန်းတွေကို ဘုရားရှင်သာသနာတော်ထဲ ဝင်ရောက်အောင် ဟောလိုက်တာကတော့ အစေလကာသပသုတ္တန်၊ စိတ္တသံယုတ်မှာ သုတ္တန်ပေါင်းဆယ်ခုရှိပါတယ်။ အဲဒါကြောင့်)။ ဌပေသိ = ကောင်းစွာမသေွ ချီးမြှောက်တော်မူခဲ့ပါပေသတည်း။

ဓမ္မကထိက ကေဒဂ်ရာထူးရ စိတ္တသူကြွယ်ရဲ့ အကြောင်းအရာ အလုံးစုံ အပြည့်အစုံ မဟုတ်ပေမယ့်လည်း ထူးခြားရာ မှတ်သားဖွယ်ဖြစ်တဲ့ သုတ္တန်များကို ရွေးထုတ်ပြီးတော့ သုတ္တန်နှစ်ခုဖြင့် တန်ဆာဆင်ပြီးတော့ ပရိသတ်ကြီးအား ဒီကနေ့ ဘုန်းကြီးတို့ တင်ပြပါတယ်။

စိတ္တသူကြွယ်ရဲ့ အတ္ထုပ္ပတ္တိကို ဘုန်းကြီးတို့က ဒီလိုဟောပြောရင် နိုင်ငံပေါင်းသုံးဆယ်ကျော်မှာ ကမ္ဘာ့ဌာန်းဌာနခွဲ ခြောက်ဆယ်ကျော်ဖွင့်လှစ် တည်ထောင်ပြီးတော့ တစ်ကမ္ဘာလုံးက ဘာသာစုံ ဇာတ်မျိုးစုံ၊ လူမျိုးစုံတို့ကို ဆန်းဆန်းကြယ်ကြယ် တရားစကားဟောကြားနေတဲ့ ဆရာကြီး ဦးဂိုအင်ကာကို စိတ္တသူကြွယ်ရဲ့ အတ္ထုပ္ပတ္တိဖြင့် ဘုန်းကြီးတို့က ဂုဏ်ပြုချီးကျူးပါတယ်လို့ ဒီကနေ့ပြောပြီးတော့ ဘုန်းကြီးတို့ရဲ့ ဓမ္မကထာကို နိဂုံးချုပ်ပါတယ်။ အားလုံးသော သူတော်ကောင်းများ ကမ္ဘာ့အနှံ့ ဓမ္မအောင်လံ စိုက်ထူနိုင်ကြပါစေလို့ တိုက်တွန်းပါတယ်။

ဘာသယေ ဇောတယေ ဓမ္မံ၊ ပဂ္ဂဏှေ ဣသိနံ ဓဇံ။
သုဘာသိတဓဇါ ဣသယော၊ ဓမ္မော ဟိ ဣသိနံ ဓဇော။

သာဓဝေါ = နှလုံးပျော့ပျောင်း သူတော်ကောင်းတို့။ ဓမ္မံ = ဓမ္မကို။ ဘာသယေ = ဟောပြောတော်မူကြကုန်ရာ၏။ ဓမ္မံ = ဓမ္မကို။ ဇောတယေ = ထွန်းတောက်အောင် ဆောင်ရွက်တော်မူကြကုန်ရာ၏။

www.burmeseclassic.com



ဣသိနံ့ ဓဇံ = ရဟန်းသံဃာတော်များရဲ့ အောင်လံတော်ဖြစ်တဲ့။ ဓမ္မံ = ဓမ္မအောင်လံကို။ ပဂ္ဂဏှော = စိုက်ထူတော်မူကြကုန်ရာ၏။ ဣသယော=ရဟန်းတော်သံဃာတော်အပေါင်းသည်။သုဘာသိတဒ္ဓဇာ = ဓမ္မကို ကောင်းစွာဟောခြင်းနှင့် သာသနာ့အောင်လံကို လွှင့်ထူတော်မူကြပေကုန်၏။ ဟိ = ဆိုထိုက်ပါပေစွ။ ဓမ္မော = ဓမ္မသည်။ ဣသိနံ = ရဟန်းတော် သံဃာတော် အပေါင်းရဲ့၊ ဓဇော = အောင်လံတံခွန် ဖြစ်တော့တယ်လို့။ သတ္ထာ = နတ်လူတို့ ဆရာဖြစ်တော်မူတဲ့ ဘုရားရှင် ကိုယ်တော်မြတ်သည်။ တဒေါစ = ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

(မေတ္တာပို့၍ တရားနိဂုံးချုပ်ပါသည်)

ဦးကိုလေး
(ဇေယျာမောင်)



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓ၏မြတ်ဓမ္မရေစင် အာနိသင်တို့ကြောင့် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးရောင်ခြည်သန်းလာလေပြီ

(၂၀၀၀)ပြည့်နှစ်၊ ဇန်နဝါရီလတွင် မြန်မာပြည်သို့ ဂုရုကြီး ဦးဂိုအင်ကာ ရောက်လာသည်မှာ သူ၏ကျေးဇူးရှင်ဆရာကြီး ဦးဘခင်၏ ရာပြည့်နှစ် အထိမ်းအမှတ်ပူဇော်ပွဲများ ကမ္ဘာတစ်ဝန်း နှစ်လုံးပေါက် ကျင်းပခဲ့ပြီးနောက် နိဂုံးချုပ် အဆုံးသတ်ပူဇော်ပွဲကြီးပြုလုပ်ရန် ရောက်ရှိလာခဲ့ပေသည်။ ရွှေတိဂုံစေတီတော်ကြီးနှင့် ကျိုက်ထီးရိုးဆံတော်ရှင် ရင်ပြင်များတွင် သူ၏လက်ရွေးစင် လက်ထောက်တရားပြဆရာပေါင်း (၆၀၀)ကျော်ဖြင့် မန္တလေး၊ မုံရွာ၊ မိုးကုတ်မြို့များတွင် ဖွင့်လှစ်ထားပြီးသော တရားရိပ်သာများသို့ လှည့်လည်သွားကြသည်။

ဂုရုကြီးဦးဂိုအင်ကာ၏ တရားပွဲများတွင် အဓိပ္ပါယ်မပျက် မချွတ်မယွင်းတိတိကျကျ ဘာသာပြန်ပေးရန် အညာခရီးသို့ ကျွန်တော် လိုက်ပါသွားခဲ့ရသည်။ ဇန်နဝါရီလ (၁၄)ရက်နေ့ ညရထားဖြင့် ခရီးထွက်ခဲ့ကြ၍ (၁၉)ရက်နေ့ ညနေမှ ရန်ကုန်ပြန်ရောက်ကြသည်။ ယသမ

www.burmeseclassic.com

www.burmeseclassic.com



ဦးဆုံးတရားပွဲကို ပြင်ဦးလွင် နယ်မြေခံတပ်နယ်မှူး စစ်တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်တင်ဦး၏ ဖိတ်ကြားစီစဉ်မှုဖြင့် တရားပွဲဖြစ်မြောက်ရလာခြင်းဖြစ်ပါသည်။ ဇန်နဝါရီလ (၁၅)ရက် ညနေ (၄)နာရီခန့်တွင် ပြင်ဦးလွင်သို့ မန္တလေးမှ မော်တော်ယာဉ်များဖြင့် ဆိုက်ရောက်ကြရာ မြို့ထိပ်မှနေ၍ ဗိုလ်မှူးချုပ်တို့အဖွဲ့က စောင့်ကြိုနေကြသည်။ စစ်တက္ကသိုလ် ဧည့်ခန်းမတွင် လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံပြီး တရားဟောပွဲကျင်းပမည့် မြို့လယ်ရှိ ခဲလယ်ကျောင်းဓမ္မာရုံသို့သွားရောက်ကြသည်။ ဗိုလ်မှူးချုပ်တင်ဦးက စစ်တက္ကသိုလ်ဗိုလ်လောင်းများနှင့် အရာရှိများ၏ မိသားစုများသာမက မြို့သူမြို့သားအားလုံး၏ အကျိုးအတွက် ဤကဲ့သို့ အစီအစဉ်များပြုလုပ်ထားရကြောင်း ရှင်းပြပါသည်။

ခဲလယ်ကျောင်း ဓမ္မာရုံအပြည့် ရဟန်းရှင်လူမြို့သူမြို့သားအပေါင်း သောင်းသောင်းဖြဖြ တရားပွဲသို့တက်ရောက်နာကြားကြပါသည်။ ယင်းတရားပွဲတွင် ဝိပဿနာတရားများ ကမ္ဘာတစ်ဝန်း တောမီးလောင်သကဲ့သို့ လျင်မြန်စွာ ပျံ့နှံ့နေပုံနှင့် မထင်မှတ်သော၊ မမျှော်လင့်သော သတင်းကောင်းများ ကြားသိရသဖြင့် ကျွန်တော်ဘာသာပြန်ပေးရကျိုးနပ်လှပါပေသည်။ ဂုရုကြီးက သူမြန်မာပြည်တွင် မွေးဖွား၍ လူဖြစ်လာရသည်မှာ ကံကောင်းလှကြောင်း၊ ယင်းထက် ကံကောင်းသည်မှာ ဆရာကြီးဦးဘခင်နှင့် ဆုံစည်းရခြင်းဖြစ်ကြောင်း၊ ဤကဲ့သို့တွေ့ဆုံမှုကြောင့် ဝိပဿနာမြတ်ဓမ္မကို လက်ဝယ်ရရှိကျင့်သုံးလိုက်နာခွင့်ရသဖြင့် အထူးကံကောင်းလှသည်ဟု ယူဆပါကြောင်း၊ နောက်ဆုံးလုံးဝမမျှော်လင့်ခဲ့သောကံမှာ ယခုကဲ့သို့ ကမ္ဘာတစ်ဝန်းလှည့်၍ဝိပဿနာတရားစစ် တရားမှန် ပြသခွင့်ရနေသည်မှာ အထူးခြားဆုံး ကုသိုလ်ကံပင်ဖြစ်ကြောင်း၊ ဤသို့ထူးခြားစွာ ဓမ္မဒူတဆောင်ရွက်နိုင်သည်မှာ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်၊ တရားတော်၏ ဂုဏ်ကျေးဇူးတော်၊ သံဃာတော်မြတ်များ၏ ဂုဏ်ကျေးဇူးတော်အဟုန်များနှင့် မေတ္တာဓာတ်

www.burmeseclassic.com

www.burmeseclassic.com



ရိပ်များ နိုလှုံရ၍ဖြစ်ကြောင်း၊ မြန်မာပြည်သူပြည်သား ဓမ္မညီတော် နောင်တော်၊ နှမတော်များတို့၏ မေတ္တာရေစင်များကိုလည်း ခံယူသောက်သုံးရ၍ဖြစ်ကြောင်း စသည်ဖြင့်နိဒါန်းပျိုးပါသည်။

ထို့နောက် ဆရာကြီးဦးဘခင် နိုင်ငံခြားသို့ ကိုယ်တိုင်သွားရောက်၍ သာသနာပြုရန် အစီအစဉ်ဖြင့် တပည့်ကြီးများဖြစ်သော ဦးချစ်တင်၊ ဒေါ်မြသွင်နှင့် ဦးဂိုအင်ကာတို့အား တရားပြသနည်းများကို ကောင်းစွာပြသသွန်သင်ပြင်ဆင်ပေးပြီးမှ အခြေအနေမပေး၍နိုင်ငံခြားသို့ ဆရာကြီးဦးဘခင်ကိုယ်တိုင်မကြွရောက်နိုင်တော့ကြောင်း၊အိန္ဒိယတွင် သူ့မိဘများနှင့် ဆွေမျိုးသားချင်းများအား တရားပြသရင်း အခြား ပုဂ္ဂိုလ်များ၏ တောင်းခံချက်အရ တရားပြပွဲများ ဆက်ကာဆက်ကာ ကျင်းပခဲ့ရာ ဘုံဘိုင်မှ မဒရပ်၊ မဒရပ်မှ ကာလကတ္တား၊ ကာလကတ္တားမှ နယူးဒေလီ၊ ထိုမှ ဗုဒ္ဓဂယာတွင် ဝိပဿနာတရားများ ဆက်တိုက်ပြသခဲ့ရ၏။ မြန်မာပြည် ပြန်လာနိုင်ခွင့် မရရှိနိုင်ဖြစ်ခဲ့ရပုံများကို ပြောပြပါသည်။

(၁၉၇၁) ခုနှစ်၊ ဇန်နဝါရီလတွင် အိန္ဒိယအနှံ့တွေ့ရာကြုံရာ နေရာဌာနမရွေး ဖြစ်သလိုစီမံ၍ တရားစခန်းများ ဖွင့်လှစ်ခဲ့ရာ (၁၀) ရက်တရားပတ် အကြိမ်ပေါင်း(၂၆)ကြိမ်ပြီးသွားလေပြီ။ (၂၇)ကြိမ်မြောက် အကြိမ်ကို မဟာဗောဓိဌာနတွင် ဆရာကြီးဦးဘခင် အလိုဆန္ဒရှိသည့် အတိုင်း ဖွင့်လှစ်မည်ဖြစ်ရာ ဆရာကြီးက ဇန်နဝါရီလ (၁၆)ရက် နေ့စွဲဖြင့် အားပေးစကားရေးသားပြောကြား၍ မေတ္တာဓာတ်လှိုင်းများ ပို့လွှတ်ပေးခဲ့လေသည်။ သို့ရာတွင် တရားပတ်အတွင်း၌ပင် (၁၉၇၁)ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်နေ့တွင် သူ၏ကျေးဇူးရှင် ဆရာကြီးဦးဘခင် မမျှော်လင့်ဘဲ ကွယ်လွန်သွားခဲ့ကြောင်း၊ မဆုတ်မနစ် စိတ်အားမပျက်ဘဲ တရားစခန်းကို ဆက်လက်ဖွင့်လှစ်သွားရာ ပထမဆုံး အနောက် နိုင်ငံသား လူငယ်ပေါင်း (၁၅၀)ကျော် တရားပတ်ဝင်ခဲ့ကြကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောပြသည်။ ယင်းလူငယ်များသည် တရားပတ်ပြီးတိုင်း နောက်တရားပတ်သို့ ဆက်တိုက်လိုက်ပါပြီး ဝိပဿနာတရား ဆက်တိုက်အားထုတ်ခဲ့ကြသောကြောင့် ယခုအခါ ကမ္ဘာအရပ်ရပ် နိုင်ငံပေါင်း(၁၅၀)အမြဲတမ်းရိပ်သာပေါင်း (၄၀)ကျော်တွင် တရားပြဆရာများအဖြစ် ဆောင်ရွက်နေသူများမှာ ဤဗုဒ္ဓဂယာ တရားပတ်မှစတင်၍ တရားထိုင်ခဲ့ကြသူများဖြစ်သည်ဟုဆိုသည်။

သန်းပေါင်းများစွာသော ပရိတ်သတ်ကြီးကြားတွင် ဗုဒ္ဓ၏ဝိပဿနာတရားပြသရာတွင် လွယ်ကူလှသည်မဟုတ်၊ အမျိုးစုံစစ်ကြောမေးမြန်းခံခဲ့ရပုံကိုလည်းပြောပြသည်။ တစ်ကြိမ်တွင် မွန်ဘိုင်းမြို့မှမနီးမဝေးမြို့ငယ်တစ်ခုတွင် ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏ လက်ရင်းတပည့်ဟောင်းဖြစ်သော ဟိန္ဒူပဏ္ဍိတ်ကြီးအား သူ၏ဘုရားကျောင်းတွင် တရားစခန်းဖွင့်ခွင့် သွားတောင်းခဲ့ဖူး၏။ ဘီနိုးဝါးဘာဗေးအမည်ရှိဘာသာရေး၊ နိုင်ငံရေးခေါင်းဆောင်ကြီးက "မင်းတရားက ဘာတရားလဲ၊ ဘယ်လိုများထူးခြားလို့ တို့ဆီလာတရားပြရတာလဲ"ဟု မေးမြန်းခံခဲ့ရဖူး၏။ ဦးဂိုအင်ကာက "သီလ၊ သမာဓိကို အခြေခံပြီး စိတ်အကျင့်ဖြူစင် စိတ်တည်ငြိမ် အေးချမ်းလာတော့ မကောင်းစိတ်များ အလိုလိုကွာကွာသွားပြီး ကောင်းတဲ့စိတ်များ နေရာဝင်ယူကာ လူကောင်းဘဝသို့ရောက်ပြီး သောကကင်းဝေး စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ အေးချမ်းမှုခံစားရကြောင်း" ပြန်ပြောရာ ဟိန္ဒူပဏ္ဍိတ်ကြီးက "မင်းနည်း အကျိုးရှိကြောင်း၊ လက်တွေ့ပြနိုင်မလား၊ လက်တွေ့ပြသနိုင်ရင် ငါယုံမယ်၊ ငါ့ဆီမှာ ထိန်းသိမ်းကျွေးမွေးထားတဲ့ သူငယ်(၁၀၀)ကျော်ရှိတယ်၊ အလွန်ဆိုးသွမ်းတယ်၊ အပြောအဆိုကြမ်းတမ်းတယ်၊ အမူအရာကြမ်းတမ်း မိုက်ရိုင်းကြတယ်၊ ပြောစကား ဆိုစကားနားမထောင်ကြဘူး၊ အစဉ်ကလန်ကဆန်လုပ်နေကြတယ်၊ အဲဒီကလေးတွေ မင်းနိုင်အောင်ဆုံးမနိုင်ရင် ငါယုံမယ်၊မင်းနည်းက အစမ်းခံနိုင်ပါ့မလား"ဟု အဘိ

www.burmeseclassic.com

www.burmeseclassic.com



အလင်း စိန်ခေါ်ခံခဲ့ရဖူးကြောင်း ပြောပြပါသည်။

ဂုရုကြီး ဂိုအင်ကာက ဘီနိုဝါးဘာဗေး၏ စိန်ခေါ်မှုကိုလက်ခံပြီး သူ့ဘုရားကျောင်းမှာပင် ကလေး(၁၀၀)ကို ဝိပဿနာတရားပြပေးရာ (၁၀)ရက်တရားစခန်းပြီးနောက် ကလေးများ ယဉ်ကျေးလိမ္မာသွား ပုံကို မြင်တွေ့ရသော ဟိန္ဒူပဏ္ဍိတ်ကြီးက အံ့ဩမဆုံးဖြစ်သွားကြောင်း ပြောပြပါသည်။ အဲဒီနောက် အနီးအနားမှ ကလေးဆိုးများကို သွန်သင် ဆုံးမပြရင်း ဟိန္ဒူသူတော်ကောင်းက ထိုဝိပဿနာတရားကျင့်စဉ်ကို စာသင်ကျောင်းများတွင် သင်ခန်းစာအဖြစ်ပြဋ္ဌာန်းရန် အစိုးရများအား တိုက်တွန်းနှိုးဆော်ခဲ့ပေသည်။ ဤသို့ဖြင့် အိန္ဒိယပြည် ပြည်နယ်ပေါင်း များစွာတွင် အခြေခံမူလကန်းကျောင်းများမှ အစပြု၍ အလယ်တန်း၊ အထက်တန်း အဆင့်ဆင့်တွင် ကျောင်းသင်ခန်းစာအဖြစ် ဝိပဿနာ ကမ္မဋ္ဌာန်းကျင့်စဉ်ကို လေ့ကျင့်ပေးရန် ဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက် နေကြပြီဖြစ်ကြောင်း ရှင်းလင်းတင်ပြပေသည်။

ဂုရုကြီးဂိုအင်ကာသည် တစ်ခုပြီးတစ်ခု ထူးဆန်းအံ့ဩဖွယ်ရာ သတင်းများကို ဆက်လက်ဟောပြောပါသည်။ ဘီနိုဝါးဘာဗေး၏ ဒုတိယစိန်ခေါ်မှုမှာ ထောင်အတွင်း ရာဇဝတ်မှုများဖြင့် အကျဉ်းခံနေရ သော လူဆိုးလူသွမ်းများအား လူကောင်းဘဝပြန်ရောက်အောင် မင်းရဲ့ ဝိပဿနာတရားက စွမ်းဆောင်နိုင်ပါ့မလားဟု အကဲစမ်းပြန်ခြင်းဖြစ် ပေသည်။ ဤစိန်ခေါ်မှုကိုလည်း ဂုရုကြီးဦးဂိုအင်ကာက ရဲဝံ့ပြတ်သားစွာ လက်တွေ့ပြသ အဖြေပေးလိုက်ပါသည်။ (၁၉၇၅)ခုနှစ်တွင် ဂျေပူမြို့ ဗဟိုအကျဉ်းထောင်ကြီး၌ တရားစခန်းဖွင့်၍ ဝိပဿနာတရားပြသပေး ပါရန် ဂုရုကြီးဦးဂိုအင်ကာအား ဖိတ်ကြားခဲ့ပေသည်။ ဆိုးရွားသော ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြသည့်နှစ်ကြီးသမားအကျဉ်းသားများနှင့် အကျဉ်းထောင်မှ အရာထမ်း၊ အမှုထမ်းတို့ကို တရားပြသပေးခဲ့ရသည်။

အကျဉ်းသားများသည် မိမိတို့ကျူးလွန်သော ပြစ်မှုများ

www.burmeseclassic.com

www.burmeseclassic.com



အတွက်နောင်တကြီးစွာရသွားကြသည်။ မိမိတို့၏ ကိုယ်စီစိတ်ဆင်းရဲ ဒုက္ခပူပန်မှုများမှ သက်သာရာရကြ၍ သူတို့၏နေထိုင်ပြောဆိုမှု အသွင် အပြင်များလည်း သိသိသာသာ ကောင်းရာဘက်သို့ ပြောင်းလဲသွား ကြသည်။ ဤအကျဉ်းထောင်တွင် ဝိပဿနာတရားစခန်းမှ အောင်မြင် မှုများကြောင့် (၁၉၇၆)ခုနှစ်တွင် ရာဂျစ်စတန် ရဲသိပ္ပံတွင် တရားပတ် တစ်ခု စတင်ဖွင့်လှစ်ပြန်သည်။ ယင်းတရားပတ်တွင် ရဲဌာနဆိုင်ရာ အရာရှိများနှင့် အရာထမ်း၊ အမှုထမ်းအားလုံး တရားထိုင်ခဲ့ကြသည်။

ဤအတောအတွင်း ရာဂျစ်စတန်ပြည်ထဲရေးဌာနမှ အတွင်းဝန်ချုပ် သည် ဝိပဿနာတရား အကျိုးများပုံကို ကြားသိရ၍ ကိုယ်တိုင်တရား စခန်းတစ်ပတ်ဝင်ပြီး စမ်းသပ်ကြည့်ရှုခဲ့သည်။ လက်တွေ့အကျိုးများ သိသိသာသာမြင်တွေ့ခဲ့သည်။ဝန်ထမ်းများ၏စာရိတ္တ၊လုပ်အားစွမ်းအင်များ ထူးခြားစွာ မြင့်မားလာသည်။ ထို့ကြောင့် အစိုးရဌာန အကြီးအကဲ အားလုံးအား ဝိပဿနာတရားစခန်းများ တက်စေပြီးနောက် ဌာနတွင်း ပြုပြင်ပြောင်းလဲမှုများကို အချင်းချင်း တိုင်ပင်ဆွေးနွေးစေခဲ့သည်။ ဤသို့ ညှိနှိုင်းပြီး စတင်ဆောင်ရွက်ကြရာ ဌာနတွင်း အကျင့်စာရိတ္တပျက်ပြား လာဘ်စားမှုများစွာ သိသိသာသာလျော့ဆင်းသွားခဲ့သည်။ ရုံးတွင်းကြိုးနီ စနစ် စာရွက်စက္ကူများစွာ ရေးသားရမှုလျော့ပါးသွားခဲ့သည်။ ကိစ္စ တစ်ခုအပေါ် ဆုံးဖြတ်ချက်ချမှု ဖင့်လေးဆိုင်းတွေ မနေတော့ဘဲ လျင်မြန်သွက်လက်လာသည်။ အနှစ်နှစ်အလလ ကြန့်ကြာနေသော အလုပ်လက်ကျန်များ ရှင်းလင်းလက်စသတ်နိုင်ခဲ့သည်။ အရာရှိများနှင့် ဝန်ထမ်းဆက်ဆံရေး ပိုမိုကောင်းမွန်ပြေပြစ်လာခြင်း စသည့်တိုးတက် ကောင်းမွန်မှုများ ရရှိခဲ့ကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိဌာန အသီးသီးမှအရာရှိများ ဝိပဿနာတရားစခန်း အားလုံးတက်စေပြီး ဝန်ထမ်းများအတွက် သင်ကြားလေ့ကျင့်ပေးမှု ပုံစံကို ပြောင်းလဲပြုပြင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဤသို့ဖြင့် ပိုမိုထိရောက်သည့် လုပ်ရည်ကိုင်ရည်များ ဖြစ်ပေါ်လာသည်။ ကျစ်လျစ်သိပ်သည်းစွာဖြင့် စရိတ်ကုန်ကျသက်သာသော လုပ်နည်းလုပ်ဟန်များဖြင့် ဆောင်ရွက်လာနိုင်သည်။

ဝန်ထမ်းချင်း ယုံကြည်လေးစားမှု၊ ပြေပြစ်ချောမောစွာ ဆက်ဆံမှုများ ပေါ်ထွက်လာခဲ့ပြီ စသည်ဖြင့် ရှင်းလင်းပြောပြခဲ့ပြီးနောက် ဒေလီမြို့ရှိ အာရှသင်တန်းများကို (၁၉၄၄)ခုနှစ်မှ စတင်၍ ဆက်တိုက် သင်တန်းများပေးခဲ့ကြောင်း။ ယခုအခါယင်းအကျဉ်းထောင်၌အကျဉ်းသား (၁၀၀၀) ဝိပဿနာသင်တန်းများကို တရားဌာနတစ်ခုကို ဖွင့်လှစ်ပြီး ပုံမှန်တရားပတ်များကို အဆက်မပြတ် ဖွင့်လှစ်နေကြောင်း ပြောပြသွားသည်။ ယခုအခါ အိန္ဒိယပြည် ပြည်နယ်အားလုံးနီးပါး၌ ရဲအတတ်သင်သိပ္ပံများ၊ ပြည်နယ်အုပ်ချုပ်ရေး အတတ်သင်သိပ္ပံများ၌ ဝိပဿနာ တရားပတ်များကို ပုံမှန်ဖွင့်လှစ်သင်ကြားပေးပြီးဝိပဿနာတရားပတ်များ တက်ရောက်ကြရသည်။ အရာရှိ အရာခံအာလုံး ပုံမှန်တာဝန် ဝတ္တရား ထမ်းဆောင်သည်ဟု အသိအမှတ်ပြု လက်ခံကာ လစာပြည့် ချီးမြှင့် ထောက်ပံ့ပေးကြောင်း ပြောကြားသွားသည်။

ဆရာကြီး ဦးဂိုအင်ကာ၏ တရားဟောနိဂုံးချုပ် ပြောကြား သွားသော အကြောင်းအရာများမှာ လွန်စွာထူးခြား၍ အံ့သြဖွယ်ကောင်း သထက် ကောင်းလာပေသည်။အေးချမ်းမှုကို လိုလားကြသော ကမ္ဘာသူ ကမ္ဘာသားများအတွက် မျှော်လင့်တောင့်တလျက်ရှိသော သတင်း ကောင်းများဖြစ်ပေသည်။ ဆရာကြီး ဦးဂိုအင်ကာက အိန္ဒိယပြည်တွင်း နယ်အရပ်ရပ်လှည့်လည် တရားပြနေရာမှအမြဲတမ်းတရားဌာနတစ်ခုကို မွန်ဘိုင်းမြို့မှ (၈၅)မိုင်အကွာ တောင်ကုန်းအရပ် အီဂတ်ပူရီတွင် ဖွင့်လှစ်၍ ကမ္ဘာအရပ်ရပ် ဓမ္မဒူတလုပ်ငန်း ဖြန့်ချိရန်ကမ္မဋ္ဌာနာစရိယများ သင်ကြားမွေးမြူခဲ့ကြောင်း၊ ရှေးဦးဝိပဿနာ (၁၀) ရက်စခန်းများ အနည်းဆုံး (၅)ကြိမ်မှ (၁၀)ကြိမ်အထိ တက်ရောက်ကြိုးပမ်းဖော့လာ

www.burmeseclassic.com

www.burmeseclassic.com



သူများမှ လက်ရွေးစင်များရွေးထုတ်ကာ မဟာသတိပဋ္ဌာန်(၁၅)ရက် စခန်း၊ ရက်(၃၀)၊ (၄၅)ရက်၊ ရက်ရှည်ကမ္မဋ္ဌာန်းသင်တန်းများတွင် ဉာဏ်စဉ်နှာကြားနိုင်သည့် အဆင့်အထိ သင်ကြားပေးကြောင်း ယခု အခါ ကမ္ဘာအရပ်ရပ်တွင် ကမ္မဋ္ဌာန်းဌာနပေါင်း အတည်တကျဖွင့်လှစ် သည်မှာ (၅၀)ကျော်သွားပြီး လက်ထောက်တရားပြ ဆရာပေါင်း(၆၀၀) နီးပါး ရှိပြီဖြစ်ကြောင်း၊ ယင်းသင်တန်းများသို့ သာမန်ခရစ်ယာန်များ မဟုတ်ဘဲ ဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ် ဘုန်းတော်ကြီး သီလရှင် (၂၀၀၀)ကျော် သင်တန်းဆင်းများ ဖြစ်သွားကြပြီဖြစ်ကြောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများသို့ သွားရောက်တရားပြသရကြောင်း၊ မဟာမေဒင် ဘာသာဆိုင်ရာ ဗလီဝတ်ကျောင်းများတွင်လည်း တရား ပြပေးပြီးဖြစ်ကြောင်း၊ ယခုအချိန်တွင် မဟာဗေဒင်ဘာသာကြီးစိုးရာ အီရန်တိုင်းပြည်၊ ဇာဟီရန်မြို့၌ပင် အီရန်ပြည်သား ဝိပဿနာ လက်ထောက်ဆရာများ ကြီးကြပ်၍ ဝိပဿနာတရားစခန်း ဖွင့်လှစ် ပြသရာ (၄)ကြိမ် အောင်မြင်ပြီးဆုံးသွားကြောင်း ပြောပြပေသည်။

ဆရာကြီး ဦးဂိုအင်ကာသည် မယုံကြည်နိုင်လောက်အောင် ထူးခြားသော သတင်းတစ်ခု နိဂုံးချုပ်တင်ပြသွားပေသည်။ ပြီးခဲ့သော ဇန်နဝါရီလ (၂၈)ရက်နေ့မှစ၍ ဖေဖော်ဝါရီလ (၂)ရက်တိုင်အောင် ဆွစ်ဇာလန်ပြည် ဒေဗိုးစ်တောင်ကုန်းမြို့ကလေးတွင် ကမ္ဘာ့ထိပ်သီး စီးပွားရေး ဘီလျံနာ သူဌေးကြီး(၁၀၀၀)နှင့် ကမ္ဘာ့နိုင်ငံရေးထိပ်သီး ခေါင်းဆောင် အမေရိကန်သမ္မတ ကလင်တန်အပါအဝင် သမ္မတများ၊ ဝန်ကြီးချုပ်များ (၃၀၀)ကျော်တို့ (World Economic Forum) ကမ္ဘာ့စီးပွားရေးပြဿနာအရပ်ရပ် ဆွေးနွေးပွဲကျိတ်ဝိုင်းတစ်ခုပြုလုပ်ခဲ့ ကြလေသည်။ ဤတောင်ကုန်းမြို့ကလေးသို့ ဆန္ဒပြသူများမချဉ်းကပ် နိုင်အောင် လုံခြုံရေးတင်းကျပ်စွာချထားသည်။စည်းဝေးဆွေးနွေးတိုင်ပင် ချက်ဟူသမျှ သတင်းမှောင်ချထားသည်။ ကမ္ဘာ့သတင်း ကိုယ်စားလှယ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးများပင် ဤဆွေးနွေးပွဲနှင့် ပတ်သက်၍ သမ္မတကာလင်တန်တက်ရောက် မိန့်ခွန်းပြောသည်ဟုသာ ဖော်ပြနိုင်ကြသည်။

အမှန်စင်စစ် ဤကမ္ဘာ့စီးပွားရေး သူဌေးကြီးများ၊ နိုင်ငံရေးခေါင်းဆောင်ကြီးများသည် နည်းမျိုးစုံ ကမ္ဘာ့ငြိမ်းချမ်းရေးရအောင် ကြိုးပမ်းကြသည်။ သူတို့ကြိုးပမ်းလေ ငြိမ်းချမ်းရေးပြိုကွဲလေဖြစ်နေသည့် ပြဿနာကို အသေးစိတ်ညှိနှိုင်းတိုင်ပင်ကြခြင်းပင်ဖြစ်သည်။ လူတစ်ဦးစီ၏ ငြိမ်းချမ်းမှု၊ စိတ်ငြိမ်းချမ်းမှု၊ ပတ်ဝန်းကျင်ငြိမ်းချမ်းသာယာမှုကို ဖြစ်စေကြောင်း၊ ဝိပဿနာတရားက စွမ်းဆောင်နိုင်ကြောင်း သတင်းကို ရရှိကြားသိရသည့် Bill Gates နှင့် Sorros စသော ကမ္ဘာ့စီးပွားရေးကိုကိုင်လှုပ်နေကြသော ထိပ်သီးကြီးများသည် ဂုရုကြီးဦးဂိုအင်ကာကို သူတို့၏ကျိတ်ဝိုင်းသို့ တက်ရောက်၍ (what is real Happiness)ချမ်းသာမှုအစစ်ဆိုတာဘာလဲဆိုသောအကြောင်း ပြောပြရန် ဖိတ်ကြားလာသည်။

ကျွန်တော်သည် ၁၉၉၉ခုနှစ်၊ နိဝင်ဘာလတစ်လလုံး ရက်(၃၀)တရားပတ်ကို ထိုင်၍ အပြီးတွင် မွန်ဘိုင်းမြို့ ဂုရုကြီးအိမ်၌ နှစ်ရက်သုံးညခရီးတစ်ထောက်နားခဲ့သည်။ ထိုအချိန်တွင် ဂုရုကြီး၏ အတွင်းရေးမှူးနှစ်ယောက်၏ အလုပ်ခန်းများတွင် အင်တာနက်၊ အီးမေးလ်စသည့် အဆက်များနှင့် ဂုရုကြီးထံ ဖိတ်ကြားစာများရောက်လာကြသည်။ ဂုရုကြီးတို့မှ လိုအပ်သောအချိန်ဇယား၊ ပုံစံ၊ ဟောပြောရမည့်အကြောင်းအရာများကို အသွားအပြန် သတင်းဆက်သွယ်ပြုလုပ်နေကြပုံများမှ အကုန်သိရှိခွင့်ရခဲ့ပေသည်။

ပြင်ဦးလွင်တရားပွဲတွင် ဂုရုကြီးက ဤသတင်းကို အရိပ်အမြွက်ဖော်ပြခဲ့ရာ ကျွန်တော်က ယခုကဲ့သို့အနည်းငယ်ဖြည့်စွက်တင်ပြလိုက်ရပေသည်။ ဂုရုကြီးအား ဆွစ်ဇာလန်တွင် နေထိုင်ပြုစုရေးစသည်တို့ကြီးကြပ်စီစဉ်ရန် ဂုရုကြီး၏ လက်ထောက်တပည့်ကြီးနှစ်ဦးသည်

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တော်ပြေးအဖြစ် ကြိုတင်သွားရောက်စီစဉ်ခဲ့ကြသည်။ ဤပုဂ္ဂိုလ်နှစ်ဦးမှာ (၁၉၇၉)ခုနှစ်ကပင် အင်းယားမြိုင်ရိပ်သာ၌ ကျွန်တော်၏ တရားထိုင်ဘက် ဓမ္မမိတ်ဆွေများဖြစ်ကြရာ သူတို့ထံမှ ဓာတ်ပုံများနှင့်တကွ သတင်းအစုံအလင်ကို မကြာမီရရှိပါတော့မည်။

နောက်ဆုံး စက်ရပ်သတင်းအဖြစ် ကြားသိရသည်မှာ ဂုရုကြီးအတွက် တရားပွဲစီစဉ်ထားရာ ပထမပွဲမှာ ဟောပြောချိန်(၁၅)မိနစ်၊ မေးခွန်းမေးချိန် (၂၅)မိနစ်၊ ပေါင်း မိနစ်(၄၀)သာ ရရှိသည်။ လက်တွေ့တွင်မူ ဂုရုကြီးက အတိုချုံးရှင်းပြပြီး မေးခွန်းများ မေးစေရာ သမ္မတကလင်တန်အပါအဝင် ဆွေးနွေးကြကြောင်း၊ လူတိုင်းလွန်စွာစိတ်ဝင်စားကြ၍ ပေးထားသောအချိန် မိနစ်(၄၀)မှ တစ်နာရီခွဲအထိ အချိန်ပေးခဲ့ကြောင်း သတင်းကောင်းရရှိသည်။ သမ္မတကလင်တန်ကိုယ်တိုင် ဂုရုကြီးအား အမေရိကန်သို့ကြွရောက်ပါရန် ဖိတ်ကြားကြောင်း သတင်းနောက်ဆက်တွဲကိုလည်း သိရသည်။

ဤဆောင်းပါး၏ ခေါင်းစဉ်ကို "ဗုဒ္ဓ၏မြတ်ဓမ္မရေစင် အာနိသင်တို့ကြောင့် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးရောင်ခြည် သန်းလာပြီလော"ဟု ရေးထိုးခဲ့ရာ ယခုနောက်ဆုံးသတင်းများအရ "ဗုဒ္ဓ၏ မြတ်ဓမ္မရေစင်အာနိသင်တို့ကြောင့် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးရောင်ခြည် သန်းလာပေပြီ"ဟု ပြင်ဆင်ရေးသားလိုက်ရပေသည်။

ဆပေ

www.burmeseclassic.com

www.burmeseclassic.com

## ဝိပဿနာတရားပြ ဂုရုကြီးဦးဂိုအင်ကာ ဆွစ်ဇာလန်နိုင်ငံ ဒေးဗိုးစ်မြို့တွင် ကျင်းပသော ကမ္ဘာ့စီးပွားရေးညီလာခံသို့ တက်ရောက်ခြင်း

ဝိပဿနာကမ္မဋ္ဌာနာဂုရုကြီး ဦးဂိုအင်ကာသည် ကမ္ဘာအရပ်ရပ် ပင်မတရားစခန်း (၇၅)ခုကျော်ကို တည်ထောင်ဖွင့်လှစ်တရားပြသလျက် ရှိပေသည်။ ခရစ်နှစ် ၂၀၀၀-ပြည့်နှစ်၊ ဇန်နဝါရီလ (၂၇)ရက်မှ ဖေဖော်ဝါရီလ (၁)ရက်နေ့အထိ ကျင်းပသော (world Economic forum)ကမ္ဘာ့စီးပွားရေးညီလာခံသို့ တက်ရောက်ပါရန် ဂုရုကြီးအား ဖိတ်ကြားခဲ့ကြသည်။

ကမ္ဘာတစ်ဝန်းမှ နိုင်ငံရေး၊ စီးပွားရေး သတင်းဖြန့်ချိရေးဆိုင်ရာ ထိပ်သီးခေါင်းဆောင်ကြီးများသည် ဆွစ်ဇာလန်နိုင်ငံ၊ ဒေးဗိုးစ်မြို့ကလေး တွင် နှစ်စဉ်တွေ့ဆုံကြ၍ ကမ္ဘာ့ပြဿနာအရပ်ရပ်တို့ကို အလွတ်သဘော ဆွေးနွေးတိုင်ပင်ကြသည်။ ဤတွေ့ဆုံပွဲကို ကမ္ဘာ့ထိပ်သီးများ၏

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ခေါင်ညီလာခံဟု သမုတ်လေ့ရှိကြသည်။ ယခုနှစ်ညီလာခံ၏ ထူးခြားချက်မှာ ထောင်စုနှစ်သစ်တွင် ကျင်းပသော ပထမဆုံးအကြိမ် စည်းဝေးပွဲဖြစ်သည်သာမက စီးပွားရေးကြွယ်ဝပြည့်လျှမ်းမှု၊ နိုင်ငံရေး အာဏာတန်ခိုးထွားမှုတို့ကိုသာ အရေးပေးဆွေးနွေးလေ့ရှိကြသည့် ထိပ်သီးခေါင်းဆောင်ကြီးများသည် စိတ်ပိုင်းဆိုင်ရာအကျင့်တရားကိုပါ ထည့်သွင်းစဉ်းစားကြရန် အစီအစဉ်ပြုလုပ်လာခြင်းဖြစ်ပေသည်။

ညီလာခံကြီး၏ ဆွေးနွေးဝိုင်းအသီးသီးတို့တွင် ဦးဂိုအင်ကာသည် "ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာရေးများ၏ အနာဂါတ်"၊ "သေခြင်းအကြောင်းနှင့် သေခြင်းနှင့်ပတ်သက်သော အယူအဆစွဲလမ်းမှုများ"၊ "ဒေါသစိတ်နှင့် ယင်းကိုမည်သို့ထိန်းချုပ်နိုင်ပုံ"၊ "ပျော်ရွှင်ချမ်းမြေ့မှုအစစ်၏ အနက်အဓိပ္ပါယ်" အစရှိသည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြဟောကြားပေးခဲ့ပေသည်။

ဒေးဗိုးစ်တွင်ကျင်းပသော ထိုညီလာခံကြီးသို့ အမေရိကန်၊ ဂျာမန်၊ အင်္ဂလန်၊ ဆွစ်ဇာလန် စသည့် နိုင်ငံပေါင်း (၄၀)မှ ဝန်ကြီးချုပ်များ၊ သမ္မတများနှင့် ဘုရင်များတက်ရောက်ခဲ့ကြသည်။ နိုင်ငံပေါင်းများစွာမှ ဒုတိယဝန်ကြီးချုပ်များ၊ ဒုတိယသမ္မတများနှင့် ဘဏ္ဍာရေးဝန်ကြီးများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။ ကမ္ဘာပေါ်ရှိအကြီးဆုံးစီးပွားရေးလုပ်ငန်းကြီးများပိုင်ရှင်၊ အကြွယ်ဝဆုံးသူဌေးကြီးများ၊ သတင်းဖြန့်ချိရေးဆိုင်ရာ စာနယ်ဇင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားလုပ်ငန်းကြီးများကို စိုးမိုးအုပ်ချုပ်ကြိုးကိုင်ကြသည့် ပုဂ္ဂိုလ်ကြီးများ၊ ထင်ရှားကျော်ကြားသည့် သိပ္ပံပညာရှင်၊ စာပေပညာရှင်ကြီးများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။ ဤသို့ထူးခြားထင်ရှားသော ထိပ်သီးပုဂ္ဂိုလ်များအား ဝိပဿနာတရားအကြောင်း ရှင်းလင်းဟောပြောပေးစေခြင်းမှာ ယခုအကြိမ်သည် ရှေးဦးပထမအကြိမ်ဖြစ်ပေသည်။

"စီးပွားကုန်သွယ်ရေးအကြောင်းကိစ္စများကသာ လွှမ်းမိုးထား

www.burmeseclassic.com



သော ယနေ့ကမ္ဘာကြီးတွင် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာရေး၏ အနာဂါတ်သည် အဘယ်သို့ရှိအံ့နည်း'' ဤမေးခွန်းကို ဇန်နဝါရီလ (၂၇)ရက်နေ့ နံနက်ဆွေးနွေးပိုင်းတွင် စတင်ဆွေးနွေးခဲ့ကြသည်။

ဘာသာအယူဝါဒအမျိုးမျိုးယုံကြည်ကြသူ လူမျိုးကွဲပြားသူအပေါင်းအား ဝိပဿနာတရားကို လက်ခံလိုက်နာကျင့်သုံးကြရန် အောင်မြင်စွာဟောပြောနိုင်သူဖြစ်သည့်အတိုင်း ဂုရုကြီးဦးဂိုအင်ကာအား မိမိတို့၏ ထုံးတမ်းအယူဝါဒများ၊ ယဉ်ကျေးမှုဓလေ့များကို ကျော်လွန်ပြီး ဝိပဿနာကျင့်စဉ်နည်းလမ်းကို လက်ခံလိုက်နာလာကြပုံများကို ဟောပြောရှင်းပြရန် မေတ္တာရပ်ခံကြပါသည်။

ထိုဆွေးနွေးပွဲပိုင်းတွင် ဂုရုကြီးဦးဂိုအင်ကာနှင့်အတူ အစ္စရေးနိုင်ငံမှ ဂျူးဘာသာအဖွဲ့၏ ဥက္ကဋ္ဌ၊ အမေရိကန် ဟားဗဒ်တက္ကသိုလ်မှ ဘာသာရေးပါမောက္ခ၊ ပါလက်စတိုင်းမှ ဘာသာရေးဆိုင်ရာဝန်ကြီးနှင့် အောက်စဖို့ဒ်တက္ကသိုလ်မှ ဘာသာရေးပါမောက္ခစသူတို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဂုရုကြီးဦးဂိုအင်ကာက ''ကိုးကွယ်ရာဘာသာတိုင်း၏ အတွင်းအနှစ်သာရမှာ ကိုယ်ကျင့်သီလသိက္ခာ၊ မေတ္တာနှင့် ကရုဏာတရားများဖြစ်ပေသည်။ဘာသာရေးထုံးတမ်းဓလေ့များ၊ပူဇော်ပသပွဲများ၊တရားသေစွဲ ဝါဒများ၊ တွေးခေါ်သဘောတရားများသည် ဆိုင်ရာဘာသာရေး၏ ပြင်ပအခွံအကာများသာဖြစ်ပေသည်။ ယင်းဓလေ့ထုံးတမ်းပူဇော်ပသယုံကြည်မှုတို့ကို ရှုံ့ချခြင်းမပြုသင့်ကြ။ သို့ရာတွင် ပြင်ပအခွံအကာလုပ်ထုံးများကို အတွင်းအနှစ်သာရတရားများနှင့် ရောယှက်ရှုပ်ထွေးမသွားမိကြရန် အထူးဂရုပြုကြဖို့လိုအပ်ကြောင်းဖြင့်'' ပဏာမတင်ပြသည်။

ဂုရုကြီးဦးဂိုအင်ကာက ဆက်လက်၍ ''ဗုဒ္ဓဟောကြားချက်တရားများသည် ဂိုဏ်းဂဏစွဲလမ်းခြင်း၊ ခွဲခြားခြင်းများကင်းရှင်း၍၊

www.burmeseclassic.com

www.burmeseclassic.com



အများနှင့်သက်ဆိုင်သော တစ်ကမ္ဘာလုံးနှင့်ပတ်သက်သော သဘာဝ တရားများသာဖြစ်ပုံ၊ လက်တွေ့ကျပုံ၊ ကောင်းကျိုးရလဒ်ကို ဦးတည် လျက်ရှိပုံ'' စသည်တို့ကို ရှင်းလင်းပြသည်။ ကိုယ်ကျင့်သီလဟူသည် ကိုးကွယ်မှုဘာသာတိုင်းတူညီကြသော အချက်ဖြစ်၍ ဘာသာတိုင်းက လက်ခံနိုင်ကြပေသည်။ သမာဓိမှာ စိတ်ကိုတည်ငြိမ်၊ အေးချမ်းစေမှု၊ ပညာသည် စိတ်ကိုဖြူစင်စေမှုတရားများသာဖြစ်၍လည်း ဘာသာတိုင်း တူညီကြပြီး အားလုံးလက်ခံနိုင်ကြပါသည်။ မိမိ၏အယူဝါဒအသီးသီးကို လွန်ကဲစွာ စွဲမြဲဆုပ်ကိုင်ထား၍ သူတစ်ပါး၏ အစဉ်အလာ ယဉ်ကျေးမှု၊ ကိုးကွယ်မှုတို့ကို မလေးစားကြ၊ လက်မခံကြ၍ ခိုက်ရန် အငြင်းပွားမှု ပဋိပက္ခများဖြစ်ပေါ်လာကြရသည်ဟု တင်ပြသည်။

ဗုဒ္ဓတရားတော်၏ အနှစ်သာရအစစ်ကိုသာ အလေးထား၍ ဟောပြောလျှင် မည်သူတစ်ဦးတစ်ယောက်ကမျှ ကန့်ကွက်စရာ အကြောင်းမရှိပါပေဟု ပြောကြား၍ ဂုရုကြီးဦးဂိုအင်ကာက ဘာသာ တိုင်း၏ တူညီသောအချက်များကိုသာ အလေးပေးသည့် ယေဘုယျ ဘာသာတစ်မျိုးကို စဉ်းစားကြရန် အကြံပြုလိုက်သည်။ ထို့နောက် ဝိပဿနာလမ်းစဉ်အကျင့်တရားကို ထိုကဲ့သို့အများလက်ခံနိုင်သော ယေဘုယျဘာသာတစ်ခုအဖြစ် တွေ့ကြမည်ဖြစ်ကြောင်းတင်ပြသည်။ မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ဆက်လက်လိုက်နာလျက်ပင် ဝိပဿနာတရားက ပျော်ရွှင်အေးချမ်းသာယာညီညွတ်စွာ ဘဝ နေထိုင်နည်းကို သင်ပြပေးမည်ဖြစ်ကြောင်း ရှင်းလင်းဟောပြသည်။ ဝိပဿနာတရားကျင့်စဉ်ကို ကျင့်သုံးပါက ဘာသာရေးကြောင့်ဖြစ်ပွား ရသော အကြမ်းဖက်မှုများ၊ စစ်ပွဲများပြီးဆုံးငြိမ်းချမ်းသွားကြမည်သာ ဖြစ်ကြောင်းတင်ပြသည်။ ဆွေးနွေးဝိုင်း ပရိသတ်က ဂုရုကြီး၏တင်ပြ ချက်ကို နှစ်ခြိုက်သဘောကျကြ၍ ဂရုတစိုက်စိတ်ဝင်တစား နားထောင် ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇန်နဝါရီ (၂၇)ရက်နေ့ညနေ ဆွေးနွေးဝိုင်းတွင် ဂုရုကြီးက ဦးဆောင်၍ သေခြင်းအကြောင်းနှင့်သေခြင်းနှင့် ပတ်သက်သော အယူအဆ စွဲလမ်းမှုများအကြောင်းကို ဆွေးနွေးကြသည်။ ''သေခြင်းအကြောင်းကို အမင်္ဂလာဟု ယူဆကြ၍ သေခြင်းအကြောင်းကိုမပြောရ ရှောင်ကြရမည်ဟု လူ့အဖွဲ့အစည်းအချို့တွင် သတ်မှတ်ထားပါသည်။ ယင်းစည်းကမ်းဓလေ့ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းမှာ လူတို့သည် သေရမည်ကို စိုးရိမ်ကြောက်ရွံ့ခြင်းကြောင့်ဖြစ်သည်''ဟု ဦးဂိုအင်ကာက တင်ပြဆွေးနွေးသည်။

ဝိပဿနာယောဂီတစ်ဦးအတွက်မူ သေခြင်းတရားအစစ်အမှန်ကို ခန္ဓာကိုယ်တွင်း၌ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သိကာ ကြောက်ရွံ့ခြင်းကို ပယ်ဖျောက်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အချိန်ကျရောက်သောအခါ ကြောက်ရွံ့ခြင်းကင်းစွာဖြင့် ကွယ်လွန်သွားရကြောင်းပြောပြသည်။ သေဆုံးချိန်တွင် လုံးဝသတိမလွတ်ဘဲ တည်ငြိမ်အေးချမ်းစွာ အသက်ထွက်သွားသော ဝိပဿနာယောဂီအများအပြားရှိကြောင်း တင်ပြခဲ့သည်။ ဆက်လက်၍ မိမိခန္ဓာကိုယ်ပေါ်တွင် ဉာဏ်ရောက်ကာ မမြဲသော အနိစ္စသဘောတရားကို ကောင်းစွာရှုမြင်သိရှိသွားကာ ယောဂီတစ်ဦးသည် ရုပ်နာမ်ခန္ဓာ၌ စွဲလမ်းမှုများ လျော့ပါးစပြုလာကြောင်း၊ သေရမည့်ကြောက်စိတ်တဖြည်းဖြည်း လျော့နည်းလာကြောင်းကို ရှင်းပြသည်။ ထိုယောဂီသည် ခဏမစဲ တခဏတိုင်း တခဏတိုင်းမွေးလိုက် သေလိုက်ဖြစ်နေသည့် ကိုယ်ခန္ဓာ၏ သဘောတရားများကို ကိုယ်တွေ့အသိဖြင့် ကောင်းစွာသိနေပြီးဖြစ်ကြောင်းကိုလည်း ပြောပြသည်။

ဒေးဗိုးစ် ဆွေးနွေးပွဲများပြီးဆုံးသောအခါ ဇူးရစ်မြို့တွင် အလွတ်တရားပွဲများဆက်လက်ဟောကြားခဲ့ရသည်။ ထိုမြို့တရားပွဲတစ်ခုတွင် မွေးနေ့နှင့်ပတ်သက်သော မေးခွန်းများကို ထပ်မံဖြေကြားရပြန်သည်။ ''အမှန်မှာ ပျော်ရွှင်ချမ်းမြေ့သော မွေးနေ့ဖြစ်ပါစေ'' ''Happy

www.burmeseclassic.com

www.burmeseclassic.com



Birthday to You'' အစား ''Happy Birth moment to you''ဟုသာ ဆုတောင်းသင့်ကြကြောင်းဖြင့် ရှင်ပြုံးစွာပြန်လည်ဖြေကြားခဲ့ပေသည်။

ဇန်နဝါရီလ (၂၈)ရက်နေ့ ညနေတွင် ''ဒေါသစိတ်ဖြစ်လာလျှင် မည်ကဲ့သို့ ဆောင်ရွက်သင့်ပါသနည်း'' အကြောင်းကို ဆွေးနွေးကြသည်။ ဆွေးနွေးကြသည့်အချက်များမှာ ''ယခုကဲ့သို့ တက်သုတ်ရိုက်၊ အချိန်လု၊ အကြိတ်အနယ် ယှဉ်ပြိုင်နေကြသော ကမ္ဘာကြီးတွင် မိမိစိတ်တိုင်းကျဖြစ်စေချင်သလို ဖြစ်မလာသောအခါ စိတ်မကျေမနပ်၊ မချမ်းမြေ့ဖြစ်ရန် အခွင့်အလမ်းပိုမိုများပြားလာသည်။ ဤကဲ့သို့ဒေါသဖြစ်ရမှုများ ပိုမိုများပြားလာသောကြောင့် လုပ်ဖော်ကိုင်ဖက်များ စိတ်ဝမ်းကွဲပြားရခြင်း၊ မိမိ၏လုပ်ငန်းများနှင့် ကျန်းမာရေးထိခိုက်များပြားရခြင်းများ တွေ့ကြုံလာကြရသည်။ ထို့ကြောင့် ဒေါသစိတ်ကိုမည်ကဲ့သို့ ချိုးနှိမ်ဖယ်ရှားအမြစ်ဖြတ်ပစ်ရမည်နည်း'' စသည့်အချက်တို့ဖြစ်သည်။

ဂုရုကြီး၏ ရှင်းလင်းပြောပြချက်များမှာ ''သဘာဝတရားအရ စိတ်ဆိုးဒေါသထွက်သူပင် ရှေးဦးမဆွ၊ ဒေါသဒါဏ်ကိုခံရပေသည်။ မိမိကိုယ်တွင်း၌ ဒေါသစိတ်ဖြစ်ပေါ်သည်နှင့် မိမိပင်လျှင် ရှေးဦးစိတ်မချမ်းမသာဖြစ်ရသည် ဆိုသည်မှာ သိသာပါသည်။ မလိုလားအပ်သောအခြေအနေဖြစ်ပေါ်လာ၍ ဒေါသဖြစ်ရသည်ဆိုသည်မှာ သိသာပါသည်။ မိမိ၏အလိုဆန္ဒ မပြည့်ဝစေရန် တစ်စုံတစ်ယောက်က နှောင့်ယှက်တားဆီး၍ ပိတ်ပင်ခံရလျှင် ဒေါသထွက်စမြဲဖြစ်သည်။ ကမ္ဘာပေါ်တွင် တန်ခိုးအာဏာမည်မျှပင်ကြီးမားသူဖြစ်စေ၊ သူ့အတွက်မလိုလားအပ်သော အခြေအနေ အဖြစ်အပျက်များ ထပ်တလဲလဲဖြစ်ပေါ်နေမည်သာဖြစ်ပေသည်။ ဤကဲ့သို့မဖြစ်ပေါ်စေရန် သူ့၌ တားဆီးနိုင်စွမ်းမရှိပေ။ ဒေါသစိတ်မကောင်းမှန်းသိရှိ၍ ပယ်စွန့်လိုကြသည့်တိုင်အောင် ဒေါသစိတ်သည် မကြာမကြာဖြစ်ပေါ်ကာ ဖိစီးနှိပ်စက်ခံကြရပြန်သည်။ဤပြဿနာကို

www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းပစ်ရန်အတွက် ဒေါသဖြစ်စေမည့် အကြောင်းရင်းအခြေခံ သဘောကို မိမိကိုယ်တိုင် နက်နက်နဲနဲရှာဖွေကြည့်ရှုကြရပေမည်။

အခြားအကြောင်းတစ်ခုအပေါ်သို့ စိတ်အာရုံ လွှဲပြောင်းပေး၍ ဒေါသဖြေဖျောက်သောနည်းမှာ ဒေါသကိုယာယီသက်သာမှုကိုသာ ဖြစ်ပေါ်စေပါသည်။ ဒေါသဖြစ်ခြင်း၏ အကြောင်းရင်းဇစ်မြစ်ကို စိစစ်ရပါသည်။ ဒေါသကို သေချာစွာလေ့လာရပါမည်ဟု ပြောပြသည်။ ထို့နောက် မိမိ၏ခန္ဓာကိုယ်ပေါ်တွင် ဖြစ်ပေါ်လာသည့် ခံစားမှုဟူသမျှ ကြိုက်၊ မကြိုက်နောက်မလိုက်ဘဲ စိတ်အညီအမျှထားကာ အစဉ်တစိုက် သဘောမှန်ကို ရှုမှတ်ရမည့် ဝိပဿနာတရား ကျင့်စဉ်ကိုပြောပြသည်။ ဤသို့ခန္ဓာဉာဏ်ရောက်ရှုမှတ်ခြင်းဖြင့် မမြဲသောအနိစ္စသဘောတရားကို နားလည်သဘောပေါက်ကာ ဒေါသစိတ်ဆိုးမှ လွတ်မြောက်လာနိုင်ကြောင်း'' ရှင်းလင်းပြောပြသည်။

ဇန်နဝါရီလ(၃၁)ရက်နေ့ ဆွေးနွေးဝိုင်းတွင် ဂုရုကြီးတစ်ဦးတည်းသာ ဟောပြောရသည့် အကြောင်းအရာမှာ ''စစ်မှန်သော ပျော်ရွှင်ငြိမ်းအေးမှု''ဖြစ်သည်။ ကနေဒါနိုင်ငံ၊ တိုရွန်တိုတက္ကသိုလ်မှ ယဉ်ကျေးမှုနှင့် စက်မှုနည်းပညာဘာသာရပ် ပါမောက္ခက သဘာပတိအဖြစ်ဆောင်ရွက်သည်။ ''လူတစ်ဦးစီဖြစ်စေ၊ တိုင်းပြည်တစ်ပြည်စီဖြစ်စေ၊ ရုပ်ဝတ္ထုကြီးပွားဖွံ့ဖြိုးရေးနှင့် သိပ္ပံပညာများ တိုးတက်ရေးတို့အတွက် ကြိုးပမ်းအားထုတ်ရမည်မှာ မှန်ပါသည်။ သို့သော်ကိုယ်ကျင့်သီလအခြေခံမရှိဘဲနှင့် ရုပ်ဝတ္ထုပစ္စည်းပေါကြွယ်ဝမှုသက်သက်ဖြင့်သာ စစ်မှန်သောငြိမ်းချမ်းပျော်ရွှင်မှုကိုမဖြစ်စေနိုင်။ မရစေနိုင်ပါ''ဟုဂုရုကြီးက ပဏာမဆိုသည်။

ကိုယ်ကျင့်သီလဓမ္မကျင့်စဉ်သည် လောကီကြီးပွားမှုအတွက် အထောက်အကူဖြစ်စေနိုင်သည်။ ထို့အပြင်လောကစည်းစိမ် ဂုဏ်သိမ်ရာထူး တံခိုးအာဏာ ထင်ပေါ်ကျော်ကြားမှုများသည် ကြာရှည်မခံ၊

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးလွယ်ကြောင်း၊ ထိုထိုဥစ္စာစည်းစိမ်၊ ဂုဏ်ထူးရာထူး၊ ထင်ပေါ်ကျော်ကြားမှုတန်ခိုးများဖြင့်သာ တည်မြဲသောချမ်းသာမှုအစစ်ကို မရနိုင်ကြောင်းကို တရားကျင့်စဉ်ဖြင့် ကိုယ်တွေ့သိရှိလာနိုင်သည်ဟု ရှင်းပြသည်။ ထို့နောက် ဝိပဿနာကျင့်စဉ်သည် အပေါ်ယံမျှသာဖြစ်သည့် ပျော်ရွှင်ခံစားမှုများထက် သာလွန်သော တကယ့်စစ်မှန်သောချမ်းသာမှုကို လက်တွေ့အကျိုးပေးစွမ်းနိုင်သည့် လမ်းစဉ်ဖြစ်ကြောင်း ဦးဂိုအင်ကာက အသေးစိပ်ပြောပြသည်။ ပရိသတ်သည် ယင်းဟောပြောချက်ကို အထူးစိတ်ဝင်စားကြ၍ အာရုံစူးစိုက်နားထောင်ခဲ့ကြသည်။ ဝိပဿနာနှင့် ပတ်သက်သောမေးခွန်းများကိုလည်း မေးမြန်းခဲ့ကြသည်။

(ဂုရုကြီးဦးဂိုအင်ကာသည် ၁၉၇၆–ခုနှစ်မှ ၁၉၉၁–ခုနှစ်အထိ၊ (၁၅)နှစ်နီးပါး အနောက်နိုင်ငံများတွင် ဝိပဿနာတရားကို ဆက်တိုက်ဟောပြောပြသ၍ သာသနာပြုခဲ့သည်။ အင်္ဂလန်၊ ဂျာမဏီ၊ အီတလီ၊ ပြင်သစ်၊ စပိန်၊ ဘယ်လဂျီယံနှင့် ဆွစ်ဇာလန်နိုင်ငံများတွင် အမြဲတန်းဝိပဿနာကမ္မဋ္ဌာန်းဌာနများကို ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။ ထို့နောက်တွင် အရှေ့ဘက်တိုင်းပြည် ဂျပန်၊ ကိုရီးယား၊ တိုင်ပေ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနိုင်ငံများတွင် ဆက်လက်သာသနာပြုခဲ့ရာ အနောက်နိုင်ငံသို့(၁၀)နှစ်ကြာမရောက်ခဲ့တော့ပေ)

ထို့ကြောင့် ဆွစ်ဇာလန်သို့ ဆရာကြီးရောက်ရှိလာကြောင်း သတင်းရရှိကြသည့် ဥရောပတစ်ဝန်းမှ လက်ထောက်တရားပြဆရာများ၊ ရိပ်သာအသီးသီးမှ ဂေါပကအဖွဲ့ဝင်များ၊ ဓမ္မလုပ်သားများ၊ ယောဂီအသစ်အဟောင်း တပည့်အပေါင်းတို့သည် ဆွစ်ဇာလန်သို့ စုဝေးရောက်ရှိလာကြတော့ရာ သူတို့အတွက် တရားပွဲများ အထူးစီစဉ်ချီးမြှင့်ခဲ့ရလေသည်။

ဖေဖော်ဝါရီ (၂)ရက်နေ့ညနေတွင် ထိုပရိသတ် (၂၅၀)ကျော်တို့ဖြင့် စုပေါင်းတရားထိုင်ခဲ့သည်။ သူတို့ မေးမြန်းကြသည်များကို

www.burmeseclassic.com

www.burmeseclassic.com



ဖြေကြား၍ ဝိပဿနာလုပ်ငန်းဆိုင်ရာ အခက်အခဲများရှင်းလင်းပေးခဲ့ရသည်။ ယင်းနေ့ညနေတွင် ဖူးရစ်မြို့ကွန်ဂရက်လွှတ်တော်ခန်းမ၌ တရားပွဲ (၂)ပွဲ ဆက်တိုက်ဟောပြောခဲ့ရသည်။ ပထမတရားပွဲကို ညနေ (၆)နာရီတွင် ကျင်းပ၍ ကန့်သက်ရွေးချယ်ထားသော လူပေါင်း(၃၀၀)မျှကို အင်္ဂလိပ်ဘာသာဖြင့် ဝိပဿနာတရားကျင့်စဉ်အကြောင်းနှင့် ယင်းမှလက်ငင်းရရှိအပ်သော အကျိုးကျေးဇူးများအကြောင်းကို တစ်နာရီကြာ ဟောပြောရသည်။

ဆက်လက်၍ (ရ:၃၀)တွင် ကျင်းပသောတရားပွဲမှာ အများပရိသတ်တက်ရောက်နိုင်ကြ၍ ဂုရုကြီး၏ အင်္ဂလိပ်ဘာသာဖြင့် ဟောပြောချက်များကို တစ်ပြိုင်နက် ဂျာမန်ဘာသာဖြင့် ပြန်ဆိုပေးသောပွဲဖြစ်သည်။ ဥရောပနိုင်ငံများတွင် အများပြည်သူအတွက်ဟောပြောပွဲများတွင် လူ(၅၀၀)ခန့်တက်ရောက် နားထောင်ကြလျှင် အတော်အတန်စည်ကားသည်ဟု ယူဆကြသည်။ ယခုဟောပြောပွဲတွင် လူ(၁၀၀၀)ဆန့်သော လွှတ်တော်ခန်းမကြီး ပြည့်လျှံသွားခဲ့သည်ကို ထောက်ဆ၍ ဝိပဿနာတရားလုပ်ငန်းများကို လူအများပို၍ပို၍ စိတ်ဝင်စားလာကြသည်မှာ ထင်ရှားလှပေသည်။ ထိုခန်းမသို့ရောက်လာကြသူများတွင် စာပေပညာရှင်များ၊ အတတ်ပညာရှင်များ၊ စီးပွားရေးခေါင်းဆောင်များ ပါဝင်ခဲ့သည်။ ဟောပြောရန် (၁)နာရီ၊ မေးခွန်းအတွက် နာရီဝက် သတ်မှတ်ကြေညာထားသော်လည်း သိလိုသမျှစိတ်အားထက်သန်စွာ မေးမြန်းကြသောကြောင့် မေးခွန်းဖြေကြားရသည်မှာ တစ်နာရီတိတိ ကြာသွားခဲ့သည်။ ဤကဲ့သို့ (၂)နာရီကျော် ကြာသွားခဲ့သော တရားပွဲမှာ ပရိသတ်ကြီးသည် ငြိမ်သက်စွာ တည်ငြိမ်စွာအာရုံစူးစိုက်ပြီး ဓမ္မရေစင်အေး၏ အရသာကို အပြည့်အဝခံယူသောက်သုံးသွားခဲ့ကြလေသည်။

ဖေဖော်ဝါရီလ(၃)ရက်နေ့ နံနက်တွင် ဖူးရစ်မြို့ ဗုဒ္ဓဘာသာအဖွဲ့တစ်ခုမှ ကိုယ်စားလှယ်များနှင့်ထင်ရှားသော ဆွစ်ဇာလန်သတင်းစာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်စောင်မှ သတင်းစာဆရာကြီးများသည် ဂုရုကြီးအားလာရောက် တွေ့ဆုံမေးမြန်းခဲ့ကြသည်။ သူတို့အထူးသိလိုသော အချက်တစ်ရပ်မှာ ''ဦးဂိုအင်ကာ၏ ဝိပဿနာကျင့်စဉ်သည် အဘယ့်ကြောင့်စည်းကမ်း တင်းကြပ်ပါသနည်း။ ဤဝိပဿနာကျင့်စဉ်သည် ဗုဒ္ဓဘာသာကျင့်စဉ် ဖြစ်ပါသလား။ ဗုဒ္ဓ၏ကျင့်စဉ်တွင်ပါဝင်သော အခြားနည်းလမ်းများနှင့် မည်သို့ခြားနားပါသနည်း'' ဟူသည်ပင်ဖြစ်သည်။

ဦးဂိုအင်ကာက သူ၏ဆရာ၊ ဆရာကြီးဦးဘခင်ပြသသော ဝိပဿနာကျင့်စဉ်သည် ဂိုဏ်းအယူဝါဒစွဲလမ်းမှုကင်းပြီး အများနှင့် သက်ဆိုင်၍ သိပ္ပံနည်းကျလှသောကြောင့် သူစိတ်ပါဝင်စားလေ့လာခဲ့ ကြောင်းပြောပြသည်။ သူသည် မိရိုးဖလာအခြားဘာသာဝင်တစ်ဦး ဖြစ်သော်လည်း ဆရာကြီးဦးဘခင်ပြသသော တရားလမ်းစဉ်တွင် အပြစ် တစ်စုံတစ်ရာ မရှိကြောင်းတွေ့ရသည်။ အထူးအရေးကြီးသည်မှာ ဤတရားလမ်းစဉ်အတိုင်း ခြေလှမ်းအနည်းငယ် စတင်ထွက်လိုက်သည် နှင့် ထူးခြားသော ကောင်းကျိုးများကို လက်ငင်း၊ ချက်ခြင်းခံစားရခြင်း ပင်ဖြစ်သည်။ ဤကဲ့သို့တရားကျင့်စဉ် အစစ်အမှန်ကို မူရင်းအတိုင်း အတိအကျမတိမ်းမချွတ်၊ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသော မြန်မာ တိုင်းပြည်အား အလွန်အကျူး အထူးဥပကာရတင်ရှိရကြောင်း၊ ဤ မြန်မာပြည်၏ အဘိုးထိုက်ဓမ္မရတနာလက်ဆောင်ကို လက်ဝယ်ရရှိ သုံးဆောင်နေကြသူတိုင်းတွင် မူရင်းမပျက်၊ မချွတ်မယွင်းဖြူစင်သန့်ရှင်း စေရန် ထိန်းသိမ်းစောင့်ရှောက်ကြရမည့် ကိုယ်စီတာဝန်ရှိကြကြောင်း၊ ဤဖြူစင်သန့်ရှင်းသော တရားကျင့်စဉ်၏ အကျိုးတရားများကို ကမ္ဘာ တစ်ဝန်းတွေ့မြင်နေကြရပြီဖြစ်သည်။ ဤသန့်စင်သော တရားမြတ်ကို မကျိုးမပေါက်၊မပြောက်မကျား၊ ထိန်းသိမ်းထားနိုင်ရန်အတွက် တင်းကြပ် သော စည်းကမ်းထိန်းသိမ်းမှုရော့ရဲပျက်ပြားလျှင် တရားကျင့်စဉ်သည် မဖြူမစင် ပြောက်ပြောက်ကျားကျား ဖြစ်လာမည်။ တရားလမ်းစဉ်

www.burmeseclassic.com



ကိုးပေါက်ဖောက်ပြားလာပါက နောက်ဆုံးတွင် လမ်းစဉ်မှန်သည် လုံးဝ ကွယ်ပျောက်သွားချေမည်ဟု ရှင်းလင်းဖြေကြားသည်။

ဦးဂိုအင်ကာထံမှ ဝိပဿနာကျင့်စဉ်ကို သင်ယူခဲ့ပြီး ယင်း ဝိပဿနာတရားကို တစ်ဆင့်သင်ကြားပြသနေသူအချို့နှင့် အဘယ့် ကြောင့် လုံးဝမပတ်သက်ဘဲ ကွဲပြား တသီးတခြားနေပါသနည်းဟု မေးမြန်းသူတချို့က သိလိုကြပေသည်။ ဦးဂိုအင်ကာက "တရားကျင့်စဉ် နှင့်ပတ်သက်၍ သူ့တွင် အထူးဂရုပြုထားရှိသော အချက်(၂)ချက်ရှိ ကြောင်း။ ပထမအချက်မှာ ဓမ္မကို စီးပွားရေးအဖြစ်သဘောထားအသုံး ပြုခြင်းမှ အကာအကွယ်ပေးရန်နှင့် ဒုတိယအချက်မှာ ဆရာတပည့် ဆက်ဆံမှုကို သန့်ရှင်းစင်ကြယ်၊ မွန်မြတ်စွာထားရှိ စောင့်ရှောက်ရန် ဖြစ်ကြောင်း" နိဒါန်းပျိုးကာ "ဓမ္မသည် တန်ဖိုးမဖြတ်နိုင်သော ရတနာ ဖြစ်ကြောင်း၊ တရားသင်တန်းများဖွင့်ရာတွင် အမည်ပေးရင်း ငွေသွင်း လုပ်ရပ်များသည် ဓမ္မတရား၏ တန်ဖိုးကိုများစွာ လျော့ကျသွားစေပါ သည်။ ထို့ကြောင့်ဓမ္မကို စီးပွားရေးကုန်စည်အဖြစ် သဘောထား ဆောင်ရွက်နေသူများနှင့် ကျွန်တော်မည်သို့ ပတ်သက်၍နေနိုင်ပါမလဲ" ဟု ပြန်လှန်မေးခွန်းထုတ်ခဲ့သည်။

ထို့အပြင် ဓမ္မဆရာသည် သူတစ်ပါးအား လောဘ(ရာဂ)၊ ဒေါသကင်းစင်အောင်ကျင့်ကြံ၊ ကြိုးပမ်းမှုတရားပြနေသူဖြစ်ပါလျက် ဤဓမ္မပြဆရာဆိုသူကပင် မိမိ၏ တပည့်တပန်းသင်တန်းသူ/သားများ နှင့် ကာမရာဂဖောက်ပြန် ကျင့်ကြံနေပါက "ဒီလိုဆရာမျိုးနှင့် ကျွန်တော်ဘယ်လို ဆက်ဆံနိုင်ပါ့မလဲ၊ ဒီလိုအကျင့်ပျက်ပြားမှုမျိုးကို ကျွန်တော်လုံးဝမနှစ်သက်ပါ။ လက်မခံနိုင်ပါ။ ဓမ္မဆရာတစ်ယောက် ဟာ တပည့်တပန်း၊ သင်တန်းသူ/သားများနှင့် ဆက်ဆံရာမှာ ကာမ ရာဂစိတ် လုံးဝကင်းစင်လျက် ကရုဏာအပြည့်ဖြင့်သာ ဆက်ဆံရပါ မည်။ အဲဒီ စီးပွားရေးဆန်မှုနဲ့အကျင့်ဖောက်ပြားမှုများအပေါ် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



အလေးအနက် အထူးဂရုပြုပါသည်''ဟု ဖြေရှင်းပြခဲ့ပေသည်။

တရားပြဆရာများအနေဖြင့် ကျင့်စဉ်လုပ်ဟန်များသင်ကြားပြသရာတွင် အနည်းငယ်ကွဲပြားခြားနားမှုများ ရှိကောင်းရှိနိုင်ပါသည်။ (ဥပမာ။ ။ရှူရှိုက်နှင့် ပိန်ဖောင်းစသည်။) သို့ရာတွင် မြတ်ဗုဒ္ဓ၏ တပည့်သာဝကများအဖြစ် ခံယူသူတိုင်းသည် ဤစီးပွားရေးဆန်မှု၊ အကျင့်ဖောက်ပြားမှု ကိစ္စရပ်များတွင် အနည်းငယ်မျှအလျှော့ပေးလက်ခံကြရန်မသင့်ပါဟု ဆရာကြီး ဦးဂိုအင်ကာက အခိုင်အမာခံယူထားကြောင်း ဖော်ထုတ်လိုက်ခြင်းဖြစ်ပေသည်။

**ဆ၀ဖ**

www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာ့ငြိမ်းချမ်းရေးဝိသုကာ ဂုရုကြီးဂိုအင်ကာ

ဦးဆတျာနာရာယန်ဂိုအင်ကာကို မြန်မာပြည်၊ မန္တလေးမြို့တွင် ၁၉၂၄–ခုနှစ်တွင် မွေးဖွားခဲ့သည်။ (၁၆)နှစ်သားအရွယ် ၁၉၄၀–ခုနှစ်ကစ၍ပင် မိသားစုစီးပွားရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ မြန်မာပြည်တွင် စက်မှုလုပ်ငန်းများကို စတင်တည်ထောင်ခဲ့သူဖြစ်သည်။ ဗန္ဓုလစောင်စက်၊ ဆီစက်၊ ပလပ်စတစ်စက်ရုံများကို တည်ထောင်ကာ ထိပ်တန်းစီးပွားရေးခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့ပေသည်။ ရန်ကုန်စီးပွားရေးကုန်သည်ကြီးများအသင်းတွင် နှစ်ပေါင်းများစွာ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။

၁၉၆၉–ခုနှစ်တွင် ဦးဂိုအင်ကာသည် စီးပွားရေးလုပ်ငန်းဆောင်တာအားလုံးမှ အနားယူခဲ့သည်။ ဆင်းရဲဒုက္ခရောက်နေကြသော ကမ္ဘာ့လူသားအာလုံး၏ အကျိုးငှာ သူ၏ဆရာ ဆရာကြီးဦးဘခင်၏ ညွှန်ကြားချက်အတိုင်း ဝိပဿနာတရားပြန့်ပွားရေးကြိုးပမ်းမှုတွင် မိမိ၏

www.burmeseclassic.com

www.burmeseclassic.com



ဘဝကို မြှုပ်နှံထားခဲ့ပေသည်။ ၁၉၆၉–ခုနှစ်၊ ဇူလိုင်လတွင် (၁၀) ရက်တရားပတ်သင်တန်းကို အိန္ဒိယပြည်၊ မွန်ဘိုင်းမြို့တွင် စတင်ဖွင့်လှစ်ခဲ့ပြီးနောက် (၁၀)နှစ်အတွင်း တရားစခန်းများ၊ တရားဌာနကြီးများကို အိန္ဒိယပြည်တစ်ဝန်း ဆက်တိုက်ဖွင့်လှစ်နိုင်ခဲ့ပေသည်။ ဤသို့အိန္ဒိယပြည်တွင် ဝိပဿနာတရားအခြေခံစခန်းများ ခိုင်ခိုင်မာမာတည်ဆောက်ပြီးနောက် ၁၉၇၉–ခုနှစ်တွင် ကမ္ဘာ့အနောက်ခြမ်းနှင့် အရှေ့ခြမ်းများတွင် ဝိပဿနာတရားဓမ္မထွန်းကားပြန့်ပွားရန် ဆက်လက်ကြိုးပမ်းခဲ့ပေသည်။ ယခုအခါ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနိုင်ငံများအပြင် အနောက်ကမ္ဘာ၌ အင်္ဂလန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဂျာမဏီ၊ ကနေဒါ၊ အမေရိကန်နိုင်ငံများနှင့် အရှေ့ဘက်တစ်လွှားတွင်မြန်မာ၊ကမ္ဘောဒီးယား၊ ယိုးဒယား၊ ဂျပန်၊ ထိုင်ဝမ်၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံများတွင် ဝိပဿနာတရားပတ်ပေါင်း ထောင်ပေါင်းများစွာကို ကိုယ်တိုင်ပြသပြီးခဲ့ပေပြီ။ တရားရိပ်သာပေါင်းများစွာကိုလည်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ပေသည်။ အိန္ဒိယပြည် အီဂတ်ပူရီဗဟိုရ်တရားဌာနကြီးမှ မွေးထုတ်ခဲ့သော နိုင်ငံပေါင်းစုံမှ တရားပြဆရာပေါင်း (၅၀၀)ကျော်တို့သည်လည်း တရားလုပ်သားထောင်ပေါင်းများတို့၏ အကူအညီဖြင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ အီရန်၊ ယူအေအီး၊ တောင်အာဖရိက၊ ဇင်ဘာဘွေ၊ မွန်ဂိုလီးယား၊ ရုရှား၊ ဆားဗီးယား၊ မက္ကဆီကိုနှင့် တောင်အမေရိကတိုက်မှ နိုင်ငံအားလုံးအပါအဝင် နိုင်ငံပေါင်း (၉၀)ကျော်တွင်တရားစခန်းများဖွင့်လှစ်၍ ဝိပဿနာတရားရေအေးအမြိုက်ဆေးကို လိုလားတောင့်တကြသော ဝေနေယျအပေါင်းတို့အား တိုက်ကျွေးကူညီပေးလျက်ရှိနေပေသည်။

ဤသို့ဖြင့် ၁၉၆၉–ခုနှစ်၊ ဇူလိုင်လက အိန္ဒိယပြည် မွန်ဘိုင်မြို့နယ်တွင် မထင်မရှား လူသိမများခဲ့သော ဝိပဿနာတရားပြဆရာဦးဂိုအင်ကာသည် ယခုအခါ ဆွစ်ဇာလန်ပြည် ဒေးဗိုစ်မြို့ စင်မြင့်တွင်လည်းကောင်း၊ အိန္ဒိယပြည်၊ နယူးဒေလီမြို့လွှတ်တော်နှစ်ရပ် စင်မြင့်

www.burmeseclassic.com



တွင်လည်းကောင်း၊ (မြန်မာပြည်မှ) ဝဏ္ဏကျော်ထင် မဟာသဒ္ဓမ္မ ဇောတိကဘွဲ့၊ (နာလန္ဒတက္ကသိုလ်မှ) ဒေါက်တာဘွဲ့များဖြင့် ချီးကျူး ဂုဏ်ပြုခံရပြီးသော ဂုရုကြီးအဖြစ် စကားပြောသောအခါ ကမ္ဘာ့က ဂရုတစိုက်နားထောင်လာကြရသော ပုဂ္ဂိုလ်ထူးကြီးဖြစ်လာခဲ့ပေပြီ။

ပြီးခဲ့သော ဇန်နဝါရီလ (၂၈)ရက်မှ ဖေဖော်ဝါရီလ (၂၇)ရက် နေ့အထိ ဆွစ်ဇာလန်ပြည် ဒေးဗိုစ်မြို့တွင် Bill Clinton, Bill Gate, Rupert Murdoch နှင့် Subhash Chandra (အိန္ဒိယ ပြည် စာနယ်ဇင်း ရေဒီယိုရုပ်မြင်သံကြားလုပ်ငန်းများပိုင်ရှင် ဘီလျံနာ သူဌေးကြီး)စသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သတင်းဖြန့်ချိရေး ဆိုင်ရာ ကမ္ဘာ့ထိပ်သီးကြီးများ တွေ့ဆုံနှီးနှောခဲ့ကြသည်။ ယင်းညီလာခံ ကြီး၌ ဂုရုကြီးဟောပြောရှင်းပြသော ဘာသာရေး၏အနက်အဓိပ္ပါယ်၊ ကြောက်စိတ်နှင့်သေခြင်းတရား၊ စစ်မှန်သောပျော်ရွှင်ချမ်းမြေ့မှုအကြောင်း တရားများကို ထိုထိပ်သီးခေါင်းဆောင်ကြီးများသည် အလေးဂရုပြု၍ နားစိုက်ထောင်ခဲ့ကြသည်။ လွန်ခဲ့သော နှစ်အနည်းငယ်ကမူ မိမိဆိုင်ရာ ဆိုင်ရာ အာဏာပိုင်သော တန်ခိုးပြ၍ ဝင့်ကြွားခဲ့ကြသော ထိုထိုပုဂ္ဂိုလ် ကြီးတို့သည် ဦးဂိုအင်ကာဟူသော ဝိပဿနာတရားပြဆရာတစ်ဦးရှိ လေသည်ဟုပင် ဂရုပြုမိခဲ့ကြသူများမဟုတ်ကြပေ။ ယခုမူ လူတစ်ဦးစီ၏ ငြိမ်းချမ်းရေးမှ တစ်ဆင့် တစ်ဆင့်ထူထောင်ပါက ကမ္ဘာ့ငြိမ်းချမ်းရေး မုချဖြစ်ပေါ်လာနိုင်မည်ဟု ကျယ်ကျယ်လောင်လောင်ဟောပြော၍ လက်တွေ့ပြသနေသော ဂုရုကြီးဂိုအင်ကာ၏ တရားသံလှိုင်းများသည် ထိုပုဂ္ဂိုလ်ကြီးများအား ရိုက်ခတ်မိကြပေပြီ။ ထောင်ပေါင်းများစွာသော ငြိမ်းချမ်းရေး အစစ်အမှန်ရရှိနေသူ ကမ္ဘာသူကမ္ဘာသားများ၏ ချီးကျူး သြဘာသံများကိုလည်း ဆက်လက်လျစ်လျူရှုမနေနိုင်ကြတော့ပေ။

ယင်းအကြောင်းအရာများအစား ကမ္ဘာ့ငြိမ်းချမ်းရေးဖော်ထုတ် မှုနှင့် နီးစပ်စွာဆက်နွယ်နေသည့် အိန္ဒိယပြည်တွင် ဘာသာအသီးသီး

www.burmeseclassic.com

www.burmeseclassic.com



ညီညွတ်သင့်မြတ်စွာ ဆက်ဆံမှုအကြောင်းကို ယခုတင်ပြလိုပါသည်။ ယင်းသို့ မတင်ပြမီ နောက်ခံသမိုင်းကြောင်းကို ရှင်းပြရန်လိုအပ်ပါသည်။

အိန္ဒိယပြည်တွင် ရှေးနှစ်ပေါင်း(၃၅၀၀)ခန့်မှစ၍ အနောက်ဘက်မှ အာရိယံလူမျိုးတို့ ဝင်ရောက်နေထိုင်လာခဲ့ကြသည်။ ယင်းတို့သည် အာရိယံယဉ်ကျေးမှု ထူထောင်ပြီး ဝေဒကျမ်းများကို ရေးသားရွတ်ဆိုခဲ့ကြသည်။ ရေနတ်၊ မီးနတ်၊ ကောင်းကင်နတ်စသည်တို့ကို ကိုးကွယ်ဆည်းကပ် ပူဇော်ပသကြသည်။ အာရိယံလူမျိုးတို့ အိန္ဒိပြည်တွင် အခြေစိုက်၍ နှစ်ပေါင်း(၁၅၀၀)ခန့်ရှိလာသောအခါ နတ်အမျိုးမျိုးကို ကိုးကွယ်ခဲ့ကြရာမှ သတ္တဝါနှင့်လောကကို ဖန်ဆင်းသော တန်ခိုးရှင်ဗြဟ္မာကြီးကို ဘုရားအဖြစ်ကိုးကွယ်လာကြသည်။ ဗြဟ္မာကြီးနှင့်တွဲဖက်၍ ကမ္ဘာမှ လူသားသတ္တဝါများအား စောင့်ရှောက်ကြည့်ရှုသော ဗိဿနိုးဘုရားနှင့် မကောင်းဆိုးသွမ်းသူတို့ကို နှိမ်နင်းသည့် သိဝဘုရားတို့ကိုချဉ်းကပ်၍ ဘုရားအဖြစ် ကိုးကွယ်ကြသည်။ ထိုဘုရားသုံးဆူကို ဖော်ထုတ်ကိုးကွယ်ကြသူများသည်တောတောင်များ၌ချဉ်းကပ်၍ တရားမျိုးစုံကျင့်ကြသည်။ ဝေဒကျမ်းများကို အဓိပ္ပါယ်ဖွင့်ဆိုသော ကျမ်းများရေးကြသည်။ သူတို့ကိုယ်သူတို့ ဗြာဟ္မဏဟု ခေါ်ဝေါ်၍ သူတို့၏ကျမ်းများကို ဗြာဟ္မဏကျမ်းများဟုခေါ်ကြသည်။ လူအများအား ဘာသာရေးဦးဆောင်မှုပြု၍ ယဇ်ပူဇော်ပသခြင်းစသော ကိစ္စအဝဝတို့ကို သူတို့က ဆောင်ရွက်ပိုင်ခွင့်ရှိကြသည်။လူတန်းစားကိုလည်း ဗြာဟ္မဏ-ပုဏ္ဏာမျိုး၊ ခတ္တိယ-မင်းမျိုး၊ ဝေဿ-ကုန်သည်လယ်လုပ်မျိုး၊ သုဒ္ဒဆင်းရဲမျိုးဟူ၍ လေးမျိုးလေးစားခွဲခြားခဲ့ကြသည်။

နှစ်ပေါင်းများစွာကြာမြင့်လာသောအခါ ဗြာဟ္မဏဂိုဏ်းနှင့် ဆန့်ကျင်ဘက် ဝါဒရှင်များပေါ်ပေါက်လာကြသည်။ ဗာရာဏသီပြည်သား ဝါသနာထ(ပါသျှ၀)သည် ဗြာဟ္မဏတို့ကိုယှဉ်ပြိုင်သော သမဏဂိုဏ်းကိုတည်ထောင်ခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရားသခင် ပွင့်လာတော်မမူ

www.burmeseclassic.com



သောအခါ ဂိုဏ်းများစွာ၊ ဝါဒပေါင်းများစွာရှိသော်လည်း အကျဉ်းချုပ် လိုက်လျှင် ဗြာဟ္မဏာနှင့် သမဏာဂိုဏ်းများတွင် အကျုံးဝင်သွားကြသည်။ ဗြာဟ္မဏာတို့သည် တောထွက်၍တရားကျင့်ကြသည်။ ဗြာဟ္မာကြီးအား ထာဝရဘုရားအဖြစ်ကိုးကွယ်သည်။ သူတို့သာလျှင် လူလောက၌ အမြင့်မြတ်ဆုံးဟု ယူဆသည်။ သမဏာတို့သည် ဗြာဟ္မဏာတို့နှင့် အယူ ကွဲပြား၍ ခြိုးခြံစွာ၊ ပြင်းထန်စွာကျင့်ခြင်းဖြင့် ကိလေသာတို့ကိုပယ်ရှား နေသူများဖြစ်သည်။

မြတ်စွာဘုရားပွင့်တော်မူသောအခါ ကိုယ်တော်တိုင်က ဗြာဟ္မဏာဖြစ်သည်ဟု ကြေညာတော်မူသည်။ သို့ရာတွင် ဗြာဟ္မဏာတို့က ဝေဒမန္တာန်များကို ရွတ်ဆိုသော ဗြာဟ္မဏာဖြစ်ကြောင်းပြောကြားရာ ရှင်တော်ဘုရားကမကောင်းမှုကိုအပပြုပြီး၍ ဗြာဟ္မဏာဟုခေါ်ဆိုကြောင်း အဓိပ္ပါယ်ဖွင့်ပြခဲ့သည်။ တစ်ဖန်မြတ်စွာဘုရားသည် မဟာသမဏာဖြစ် ကြောင်း ကြေညာတော်မူသည်။ ယေဓမ္မာ ဟေတုပ္ပ ဘဝ၊ တေသံ ဟေတုံ တထာဂတော အာဟ၊ တေသဥ္စ နိရောဓော၊ ဧဝံဝါဒီ မဟာ သမဏော၊ သမဏာဂိုဏ်းဝင်တို့က မိမိကိုယ်ကို ပင်ပန်းစွာပြုလုပ်ကျင့်ကြံ သူဟု ဆိုလို၍ ရှင်တော်ဘုရားကမူ မကောင်းမှုငြိမ်းပြီးသူ ကိလေသာ ငြိမ်းပြီးသူဖြစ်၍ သမဏာဖြစ်ကြောင်း အဓိပ္ပါယ်ဖော်ခဲ့သည်။

ဤသို့ဖြင့် ရှင်တော်ဘုရားပွင့်တော်မူပြီး (၄၅)ဝါကာလတစ် လျှောက် ဗြာဟ္မဏာတို့စွဲကိုင်သော အတ္တဝါဒကို ဖြိုခွဲဖျက်ဆီးမှုသည်။ သမဏာတို့၏ အတ္တကိလမထ္ထဝါဒကိုလည်း ယုတ်ညံ့သော၊ မမြင့်မြတ် သော၊ အကျိုးမရှိသောဝါဒဟု ပစ်ပယ်ကာ အလယ်အလတ်လမ်းစဉ် ဖြစ်သော မဂ္ဂင်ရှစ်ပါးကို ချမှတ်ပေးတော်မူခဲ့သည်။ ထို့ကြောင့်ရှင်တော် ဘုရားလက်ထက်တော်တစ်လျှောက်နှင့် အာသောကဘုရင်ကြီး၏ မောရိယမင်းဆက် ပျက်ပြုန်းသည့်ကာလအထိ နှစ်ပေါင်း(၃၀၀)ကျော် အတွင်းဗြာဟ္မဏာတို့ဩဇာအရှိန်ကျသည်းသွားခဲ့ပေသည်။ဗြာဟ္မဏာပုဏ္ဏားများ

www.burmeseclassic.com

www.burmeseclassic.com



ဝါဒသည် အပယ်ခံမျက်နှာငယ်ဘဝ ကျရောက်သွားခဲ့သည်။

သို့ရာတွင် အသောကမင်းကြီးနောက် (၆)ဆက်မြောက်မင်း လက်ထက်တွင် မောရိယမင်းဆက်ပြုတ်၍ ခတ္တိယမင်းမျိုးနွယ်ပြတ်ခဲ့ သည်။ ဗြာဟ္မဏနွယ်စစ်သူကြီး သုဂဖုရှမိတြသည် သုဂ်မင်းဆက်ကို တည်ထောင်၍ ဗြာဟ္မဏဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်း ခဲ့သည်။ဗြာဟ္မဏတို့သည် ဗုဒ္ဓသာသနာတော်တွင်း ဝင်ရောက်၍ မိမိ တို့ဝါဒကိုသွတ်သွင်းပြီး ဗုဒ္ဓဝါဒကိုပူးသတ်ခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဝါဒ တွင် ဂိုဏ်းခွဲများပေါ်ပေါက်လာခဲ့ရသည်။ဗြာဟ္မဏတို့၏ အယူဝါဒတို့ ကို ပြန်လည်အသက်သွင်း၍ ရှေ့တန်းတင်ကာ မြှောက်စားခံရလေ သည်။ မဟာဘာရတ၊ ရာမယဏနှင့် ပုရာဏကျမ်းများကို ခမ်းနား အောင် ပြုပြင်ရေးသားစေသည်။ ထိုအချိန်မှစ၍ သိဝလိင်ကိုးကွယ်မှု၊ ကရစ်ရှနားဘုရားကိုးကွယ်မှု၊ဗိဿနိုးကိုးကွယ်မှုများ ကြီးကျယ်ထွန်းကား ပြန့်ပွားလာသည်။ ရာမယဏကျမ်းတွင် ဗုဒ္ဓကို ဗြာဟ္မဏတို့ ကိုးကွယ် သော ဗိဿနိုးဘုရင်ဝင်စားသော အဝတာရတစ်ပါးအဖြစ်သွတ်သွင်းခဲ့ ပေသည်။

ဤသို့ဖြင့် ခေတ်အဆက်ဆက်ဗြာဟ္မဏဘာသာဝင် မင်းမျိုးက ဗုဒ္ဓဘာသာကိုဖိနှိပ်၍ပူးသတ်ခဲ့ကြရာ အေဒီ(၇)ရာစု၊သာသနာသက္ကရာဇ် (၁၂၀၀)ကျော်သောအခါ အိန္ဒိယပြည်တောင်ပိုင်း ကေရလာပြည်နယ်၌ ရှံကရာစရိယခေါ် ရှံကရကျာလယအမည်ရှိသော ဗြာဟ္မဏပညာရှိ တစ်ယောက် ပေါ်ထွက်လာခဲ့ပေသည်။ ရှံကာရာစရိယသည် ဗုဒ္ဓ ဘာသာသံဃအဖွဲ့အစည်းကို အတုယူ၍ ဟိန္ဒူဘုန်းကြီး (sanyasi) သညာသီးများကို ကျောင်းတိုက်များ တည်ဆောက်နေထိုင်စေသည်။ အိန္ဒိယတောင်ပိုင်းဘုရင်များကို ဗြာဟ္မဏဘာသာ ဒါယကာများဖြစ်လာ စေသည်။ ရှံကရာစရိယသည် ဘာသာရေးဂုရုကြီးဖြစ်လာပေသည်။ ရှံကရာစရိယဦးဆောင်၍ ပြုပြင်ဖွဲ့စည်းပေါ်ပေါက်ခဲ့သော ဗြာဟ္မဏ

www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးဝါဒကို အေဒီ(၈)ရာစုနှစ်လောက်တွင် ဟိန္ဒူဘာသာအဖြစ် အမည်ပြောင်းလဲခေါ်တွင်လာခဲ့ကြသည်။ ရှံကရာစရိယသည် ဟိန္ဒူဘာသာပြန့်ပွားတိုးတက်ရန် ဗုဒ္ဓဘာသာပျောက်ကွယ်စေရန် အိန္ဒိယပြည်မြောက်ပိုင်းသို့ လှည့်လည်၍ အုပ်ချုပ်သူဗြာဟ္မဏမင်းများ၏ အကူအညီရယူခဲ့သည်။ သူ၏ထိုးနှက်တိုက်ခိုက်မှုမျိုးစုံဒဏ်ကြောင့် သာသနာသက္ကရာဇ်(၁၃၀၀)ခန့်တွင် အိန္ဒိယပြည်တွင် ဗုဒ္ဓဘာသာ လုံးဝပျောက်ကွယ်ခဲ့ရပြီးလျှင် ဟိန္ဒူဘာသာဂိုဏ်းပေါင်းစုံသာလျှင် ကျယ်ပြန့်ထွန်းကားလာခဲ့ပေသည်။

ရှံကရာစရိယဂိုဏ်းအဆက်အနွယ်များသည် ခေတ်အဆက်ဆက် ဗုဒ္ဓဘာသာဖြိုခွင်းရေးလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ခဲ့ကြ၍ ဗုဒ္ဓဘာသာသည် ဟိန္ဒူဘာသာ၏ အကိုင်းအခက်သာဖြစ်သည်။ ဗုဒ္ဓသည် ဗိဿနိုးဝင်စားသော အဝတာရသာဖြစ်သည်ဟူ၍ အစဉ်တစိုက် ဖိနှိပ်ချိုးနှိမ်ဟောပြောခဲ့ကြသည်။ ၁၉၉၉၊ ဒီဇင်ဘာလတွင် လုမ္ဗိနီ၌ ဟိန္ဒူဗုဒ္ဓဘာသာကွန်ဖရင့်တစ်ခု ကျင်းပရန် အိန္ဒိယအခြေစိုက်အသင်းဖွဲ့တစ်ခုက စီမံခဲ့သည်။ ကွန်ဖရင့်၏ရည်ရွယ်ချက်မှာ အိန္ဒိယပြည်နှင့် အိမ်နီးချင်းများ အတူတကွချစ်ကြည်လေးစားစွာ ပူးတွဲနေထိုင်သွားရန် နည်းလမ်းရှာကြံရေးဖြစ်သည်ဟုဆိုသည်။ ယင်းအစီအစဉ်ကို နီပေါပြည်ဗုဒ္ဓဘာသာများက လုံးဝကန့်ကွက်ခဲ့ကြသည်။ ကွန်ဖရင့်ကို နောက်ဆုံးတွင် လုမ္ဗိနီ၌ မကျင်းပနိုင်ဘဲ အိန္ဒိယနယ်စပ်မြို့တွင်သာ ကျင်းပနိုင်ခဲ့သည်။

ယင်းကွန်ဖရင့်ကို တက်ရောက်ပါဝင်ရန် ဂုရုကြီးဂိုအင်ကာအား ဖိတ်ကြားလာခဲ့သည်။ ဂုရုကြီးဂိုအင်ကာက ယင်းကွန်ဖရင့်၏ ရည်ရွယ်ချက်အစစ်အမှန်ကို သိနိုင်ရန်နှင့် ကွန်ဖရင့်၌ဆွေးနွေးမည့် အကြောင်းအရာများ အသေးစိတ်သိရနိုင်ရန်အတွက် မျက်မှောက်ခေတ်တွင် အကြီးဆုံး ဟိန္ဒူဂိုဏ်းခေါင်းဆောင်ဖြစ်သော ရှံကာစရိယဂျာယင်ဒရာ

www.burmeseclassic.com

www.burmeseclassic.com



ဆွာသတီနှင့် တွေ့ဆုံလိုသည်။ ထိုပုဂ္ဂိုလ်ကြီးနှင့် တွေ့ဆုံနှီးနှောပြီးမှ ကွန်ဖရင့်ကို တက်နိုင် မတက်နိုင်ဆုံးဖြတ်မည့်အကြောင်း ပြန်ကြားလိုက်သည်။ ဖိတ်ကြားသူတို့က ဂုရုကြီး၏လိုလားချက်အတိုင်း ရှရီရှုံကာစရိယ ဆရာကြီးနှင့်တွေ့ဆုံနိုင်ရန် စီစဉ်ပေးကြသည်။ ထိုအချိန်က ကျွန်တော်သည် အိဂတ်ပူရီ ဓမ္မဂီရိရိပ်သာတွင် တရားအားထုတ်နေခဲ့ရာ နိုဝင်ဘာလ (၃၀)ရက်နေ့တွင် တရားစခန်းမှထွက်ခွာသောအခါ ဤအကြောင်းအရာအားလုံးကို ကြားသိလေ့လာခွင့်ရပေသည်။

ဝိပဿနာတရားပြ ဂုရုကြီးဂိုအင်ကာနှင့် ဂျဂဒ်ရှုံကာစရိယတို့သည် ၁၉၉၉-ခု၊ နိုဝင်ဘာလ (၃)ရက်နေ့တွင် ဗာရာဏသီမြို့အနီး ဆာရ်နသ်(မိဂဒါဝုန်)မဟာဗောဓိအသင်းတိုက်၌ တွေ့ဆုံကြသည်။ နှီးနှောပွဲကို နံနက်(၁၀)နာရီမှစတင်ကြရာ (၅)နာရီကျော်ကြာခဲ့၍ မွန်းလွဲ (၃)နာရီမှ ပြီးဆုံးခဲ့သည်။

လုမ္ဗိနီ၌ကျင်းပရန် စီစဉ်ထားသည့် အပြည်ပြည်ဆိုင်ရာ ဟိန္ဒူ ဗုဒ္ဓဘာသာကွန်ဖရင့်၏ ရည်ရွယ်ချက်များမှာ အိန္ဒိယပြည်နှင့်အိမ်နီးချင်း ဗုဒ္ဓဘာသာနိုင်ငံများအချင်းချင်း ခင်မင်ရင်းနှီးစွာဆက်ဆံနိုင်ကြရန်ဖြစ်ကြောင်း၊ ဆွေးနွေးကြမည့်ဘာသာရပ်မှာ ကရုဏာဖြစ်ကြောင်း၊ ရှရီရှုံကာစရိယက ဂုရုကြီးဂိုအင်ကာအားရှင်းလင်းပြောပြသည်။ဂုရုကြီးက ကရုဏာအပါအဝင်ဖြစ်သည့် ဗြဟ္မစိုရ်တရားလေးပါးကို ကျင့်သုံးလိုက်နာကြပြီး ယင်းတရားများကို အခြေခံ၍ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံကြလျှင် အမှန်ပင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်ဆံရေးများ ချစ်ခင်ရင်းနှီးပြီး ကျစ်လျစ်ခိုင်မာလာနိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ဆောင်ရန်ရှောင်ရန်အချက်များကို အထူးအသိပြုရမည်ဖြစ်ကြောင်း ပဏာမပျိုး၍ အောက်ပါအချက်များကို တင်ပြကြသည်။

(၁) ဗုဒ္ဓကို ဗိဿနိုးကိုးကြိမ်မြောက် လူဝင်စား(အဝတာရ)ဟု ရေးသားပြောဆိုကြပြီး ရာမ၊ ကရစ်သျှနတို့နှင့် တန်းတူထားသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



လွန်စွာမှားယွင်းသောကိစ္စဖြစ်သည်။ ရှင်တော်ဗုဒ္ဓကို စော်ကားရာရောက်သည်။ သဗ္ဗညုတရွှေဉာဏ်တော်ရပြီးနောက် ဘုရားဖြစ်လာသောအခါ ''အယံအန္တိမဇာတိ၊ နတ္ထိဒါနိပုန ဘဝေါတိ'' ဤဘဝသည် နောက်ဆုံးပေတည်း။ နောက်ထပ်ဘဝဖြစ်ပေါ်ရန် မရှိပြီဟု အတိအလင်း ကြွေးကြော်တော်မူခဲ့သည့် ရှင်တော်ဘုရား၏တပည့်သာဝက ဗုဒ္ဓဘာသာဝင်အပေါင်းက ဗုဒ္ဓသည် လူ့ပြည်၌အကြိမ်ကြိမ်ပြန်လည်မွေးဖွားသည်ဆိုသော ဗိဿနိုး၏လူဝင်စားဖြစ်သည်ဆိုခြင်းကို မည်သို့လက်ခံကြပါမည်နည်း။ ယင်းဗိဿနိုးလူဝင်စားဝါဒကို ဗိဿနိုးပုရာဏ်ကျမ်းမှာ ရှေးဦးရေးသားခဲ့ကြပြီး နောက်ဆက်ကာဆက်ကာ အခြားပုရာဏ်ကျမ်းများတွင် ဖော်ပြခဲ့ကြောင်း။ ဤကဲ့သို့ မဟုတ်မမှန်လိမ်လည်ရေးသားဖော်ပြချက်များသည် ဗုဒ္ဓဘာသာဝင်တို့၏ အသဲနှလုံးကို အဆိပ်လူးမြားနှင့် အပစ်ခံရသည်ထက် နာကျင်ခံခက်ဖြစ်စေကြောင်း။ ထို့ကြောင့် ဗုဒ္ဓသည် ဗိဿနိုး၏လူဝင်စားဖြစ်သည်ဟု ရှေးခေတ်က မှားယွင်းဖောက်ပြန်စွာရေးသား ဖော်ပြခဲ့သည်များသည် ဘာသာအချင်းချင်း မလိုမုန်းထား ခိုက်ရန်ပွားစေသောကြောင့် အားလုံးအကျိုးအတွက် ယင်းအမှားကို ဆက်လက်မပြုလုပ်ကြရန်လိုကြောင်း။

ထို့အပြင် ဗိဿနိုး၏ (၁၀)ကြိမ်မြောက်လူဝင်စားဖြစ်သော ကလ်ကီသည် ဗုဒ္ဓဘာသာဝင်အားလုံးအား ချေမှုန်းဖျက်ဆီးလိမ့်မည်ဟု ယုံကြည်နေခြင်းများသည် ဗုဒ္ဓဘာသာဝင်တို့အား ပိုမို၍ထိခိုက်စေသည်။ မကျေမနပ်ဖြစ်စေပါသည်။ ထို့ကြောင့် ဘာသာအချင်းချင်း တကယ်ချစ်ခင်ရင်းနှီးစွာ ဆက်ဆံလိုကြပါက၊ ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်လာစေလိုပါက ဗုဒ္ဓသည် ဗိဿနိုး၏ကိုးကြိမ်မြောက်လူဝင်စားဖြစ်သည်ဟူသော ဤမှားယွင်းသောအယူကို အများအကျိုးအတွက် ယခုချက်ချင်းရပ်ဆိုင်းစွန့်လွှတ်ပစ်ရန်လိုကြောင်း။

(၂) ဗုဒ္ဓဘာသာဝင်တို့ ပိုမို၍ နာကျည်းစေသော ခံပြင်းစေ

www.burmeseclassic.com



သောအကြောင်းမှာ ဗုဒ္ဓတွင် မိမိကိုယ်ပိုင်တရားဟူ၍မရှိ။ ဗုဒ္ဓဟောပြောသမျှ တရားအားလုံးမှာ ဝေဒအစဉ်အလာ သဘောတရားများဖြစ်သည်ဟု ရေးသားပြောဆိုကြခြင်းဖြစ်ပေသည်။ ဤစွပ်စွဲချက်များသည် လုံးဝမှားယွင်းသောကြောင့် ပိုမိုအခံရခက်စေခြင်းဖြစ်သည်။ ဝေဒအစဉ်အလာနည်းမှာ ဆုတောင်းပတ္တနာပြုခြင်းဖြစ်သည်။ ဗုဒ္ဓသည် သမဏအစဉ်အလာနည်းတွင် ဆရာတစ်ဆူဖြစ်ပေသည်။ ဗုဒ္ဓကဆုတောင်းပတ္တနာနည်းကို အလေးမထားပါ။ကိုယ်တိုင်ကျင့်ကြံအားထုတ်၍ လွတ်မြောက်မှုရယူခြင်းကိုသာ အလေးအနက်ထားဟောကြားသည်။ ဝဋ္ဋသံသရာအားလုံးကိုလွတ်မြောက်စေသောနိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ်တရားကိုဟောကြားတော်မူခဲ့သည်။ ဗုဒ္ဓအား ကိုယ်တိုင်တရားရှိသူမဟုတ်ဟုပြောဆို၍ ဗုဒ္ဓ၏မဟာသမဏကျင့်စဉ်သည် ဝေဒ၏ကျင့်စဉ်များမှ ဆင်းသက်လာကြောင်း ဆိုသည်များမှာ သက်သက်လိမ်ညာပြောဆိုမှုသာဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့အတွက် ခံပြင်းစရာအကောင်းဆုံးဖြစ်နေသည်။ ဤကဲ့သို့ မဟုတ်မှန်သည်ကိုပြောဆိုခြင်း ရှောင်ရှား၍ သမဏကျင့်စဉ်နည်းလမ်းနှင့် ဝေဒကျင့်စဉ်နှစ်ခုလုံးသည် ရှေးပဝေဏီသီကပင်အိန္ဒိယပြည်၌ သီးခြားစီပေါ်ပေါက်ခဲ့သည်။ ရာစုနှစ်ပေါင်းများစွာအတူတကွတည်နေခဲ့ကြ၍ တစ်ခုက တစ်ခုပေါ် ဩဇာသက်ရောက်မှုရှိသင့်သလောက်ရှိခဲ့သော်လည်း တစ်ခုသောကျင့်စဉ်သည် အခြားတစ်ခုမှဆင်းသက်ပေါ်ပေါက်ခဲ့သည်ဟု ယူဆပြောဆိုခြင်းမှာ လုံးဝမသင့်လျော်ပါချေ။ သို့ဖော်ထုတ်ပြောဆိုခြင်းများသည် အချင်းချင်းစိတ်ဝမ်းကွဲမှုများကိုသာ ဖြစ်စေပါလိမ့်မည်။

(၃) အိမ်နီးချင်းနိုင်ငံများမှ ဗုဒ္ဓဘာသာဝင်တို့အား စိတ်၏ချမ်းသာရာရစေခြင်းငှာ၊ စိတ်ချယုံကြည်ကြစေခြင်းငှာအိန္ဒိယပြည်တွင်းရှိဝေဒလမ်းစဉ်လိုက်သူများနှင့် သမဏလမ်းစဉ်လိုက်သူ အချင်းချင်းချစ်ကြည်လေးစားစွာ ဆက်ဆံမှုတိုးတက်ကောင်းမွန်ရန် လိုလားအပ်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဤသို့ ဝေဒ၊ သမဏလမ်းစဉ်သမားချင်း ကောင်းမွန်ပြေပြစ်စွာ ဆက်ဆံမှုသည် အိမ်နီးချင်းတိုင်းပြည်များကို နှစ်သိမ့်ကျေနပ်စေရုံအတွက်သာမဟုတ်ပါ။ အိန္ဒိယနိုင်ငံကြီး၏ စည်းလုံးညီညွတ်မှုနှင့် ဂုဏ်သိက္ခာထိမ်းသိမ်းရေးအတွက်လည်း လိုအပ်လှပါသည်။

ဤအိန္ဒိယတိုင်းပြည်ကြီးတွင် ဇာတ်အနိမ့်အမြင့်ခွဲခြားမှုဝါဒကြောင့် ပြည်တွင်းအမျိုးသားအင်အား ယုတ်လျော့ကြရသည်။ ဤအမျိုးအစားခွဲခြားမှု အယူဝါဒကား ဗုဒ္ဓ၏မွေ့နှင့်မလျော်ညီပါ။ ရှေ့ကမည်ကဲ့သို့သော အကြောင်းများကြောင့် ဇာတ်ခွဲခြားမှုများကို လိုက်နာခဲ့ကြသည်ဖြစ်စေ၊ ယခုအချိန်၌ ဤဇာတ်ခွဲခြားစနစ်ကို လုံးဝပြောင်းလဲပစ်ရန်လိုအပ်လှပေသည်။

ဆရာကြီးဦးဂိုအင်ကာကတင်ပြသော အထက်ပါအချက်(၃)ချက်စလုံးကို ရှရီရှံကာစရိယက ကောင်းစွာသဘောတူလက်ခံလိုက်သဖြင့် ထိုနေ့မွန်းလွဲ (၁း၃၀)အချိန်တွင် အောက်ပါပူးတွဲကြေညာချက်ကို နှစ်ဦးလက်မှတ်ထိုး၍ ထုတ်ပြန်ခဲ့ပေသည်။

ဤပူးတွဲကြေညာချက်ကို ဂျဂဒ်ဂုရုရှံကာစရိယရှရီဂျာယင်ဒရာဆွာရာသတီနှင့် ဝိပဿနာတရားပြဆရာ ဂုရုကြီးဂိုအင်ကာတို့ ကောင်းမွန်စွာဆွေးနွေးတိုင်ပင်ပြီးနောက် နှစ်ဦးသဘောတူညီညွတ်စွာ အောက်ပါအတိုင်း ထုတ်ပြန်လိုက်ပါသည်။

၁။ မည်သည့်အကြောင်းများကြောင့်ဖြစ်စေ၊ ရှေးအခါက အိန္ဒိယပြည်တွင် ဗုဒ္ဓသည် ဗိဿနိုး၏လူဝင်စား (အဝတာရ)ဖြစ်သည်ဟု စာပေမျိုးစုံတွင်ရေးသားဖော်ပြခဲ့ကြသည်။ဗုဒ္ဓဆိုင်ရာအခြားအကြောင်းအရာများကိုလည်း ရေးသားခဲ့ဖူးကြသည်။ ဤရေးသားခဲ့ကြသော စာပေများကြောင့် အိမ်နီးချင်းနိုင်ငံများအား စိတ်မချမ်းမသာဖြစ်စေခဲ့ပါသည်။ ရှေးယခင်က ဖြစ်ပျက်ခဲ့သည်များမှာ ဖြစ်ခဲ့ပြီးပြီ၊ ပြန်ပြင်၍မရနိုင်တော့ပေ။ ဘာသာနှစ်ခုအကြား အချင်းချင်းချစ်ခင် ရင်းနှီးမှုပိုမိုစေရန် ယခု

www.burmeseclassic.com

www.burmeseclassic.com



အချိန်တွင် ထိုအတိတ်ကာလ မနှစ်သက်ဖွယ်များကို လုံးဝ မေ့ပျောက်ပစ်လိုက်ကြပြီး ယင်းအယူဝါဒမျိုးကို ဆက်လက်ဖြန့်ချိမှု မပြုလုပ်ရန် ကျွန်ုပ်တို့နှစ်ဦး သဘောတူကြပါသည်။

၂။ ဤအိန္ဒိယပြည်မှ ဟိန္ဒူဘာသာအဖွဲ့အစည်းကြီးသည် ဗုဒ္ဓဘာသာဝင်များအပေါ် လွှမ်းမိုးကြီးစိုးလိုသောရည်ရွယ်ချက်ဖြင့် ဟိန္ဒူ–ဗုဒ္ဓဘာသာကွန်ဖရင့်များကျင်းပရန် စိုင်းပြင်းနေကြသည်ဟု အိမ်နီးချင်းနိုင်ငံများက အထင်လွဲမှားလျက်ရှိကြပေသည်။ ယင်းလွဲမှားမှုများ လုံးဝအစဉ်ပျောက်ကွယ်သွားစေရန် ကျွန်ုပ်တို့သည် ဤအချက်ကို တင်ပြကြေညာပါသည်။ ''ဝေဒစဉ်လာကျင့်နည်းများနှင့် သမဏစဉ်လာကျင့်နည်းနှစ်ခုစလုံးသည် ရှေးပဝေသဏီက အိန္ဒိယပြည်တွင် ပေါ်ပေါက်ခဲ့သော တရားကျင့်စဉ်များဖြစ်ပါသည်။ ကျင့်စဉ်နှစ်ခုစလုံးပင် ကိုယ်စီသီးခြားဂိုဏ်းသြဇာတို့ဖြင့် ရပ်တည်ခဲ့ကြပါသည်။ ကျင့်စဉ်နည်းလမ်းတစ်ခုက အခြားကျင့်စဉ်နည်းလမ်းတစ်ခုထက် သာလွန်မြင့်မြတ်သည်ဟု ပြသရန်ကြိုးပမ်းပါက အချင်းချင်းမလိုမုန်းထားရန်ပွားခြင်းကိုသာ ဖြစ်စေပါလိမ့်မည်''၊ ထို့ကြောင့် ဤကဲ့သို့ ကြိုးပမ်းမှုများနောင်တွင် မပြုလုပ်ကြရန်နှင့် ကျင့်စဉ်နှစ်ခုလုံးအပေါ် ညီတူညီမျှလေးစားမှု၊ တန်ဖိုးထားမှုများရှိကြမည်ဟု သဘောတူကြသည်။

၃။ မည်သူမဆို လူ့အဖွဲ့အစည်းတွင် ကောင်းသောအပြုအမူများကြောင့် မြင့်မားသောနေရာသို့ ရောက်နိုင်ပါသည်။ မကောင်းမှုများကြောင့် လူ့အဖွဲ့အစည်းတွင် နိမ့်ကျသောနေရာသို့ ရောက်မည်သာဖြစ်သည်။ ထို့ကြောင့် လူတိုင်းသည် ကောင်းသောအမှုများကို ပြုလုပ်၍ မကောင်းသော လောဘ၊တဏှာ၊ရာဂ၊ဒေါသ၊ထောင်လွှားခြင်း မာန၊ မသိမှုအဝိဇ္ဇာ၊ မနာလိုစိတ်၊ တစ်ကိုယ်ကောင်းစိတ်စသည့် စိတ်အညစ်အကြေးများ ကင်းစင်အောင် ကြိုးပမ်းပါက မည်သူမဆို လူ့အဖွဲ့အစည်းတွင် မြင့်မားသောနေရာဌာနသို့ ရောက်ရှိနိုင်၍ ပျော်ရွှင်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာမှုကို ရရှိနိုင်သည်ဟု သဘောတူကြသည်။

အထက်ဖော်ပြပါ အချက်(၃)ချက်စလုံးတွင် ကျွန်ုပ်တို့နှစ်ဦး သဘောတူညီကြပါသည်။ အိန္ဒိယပြည်တစ်ဝန်း အယူဝါဒ အမျိုးမျိုးရှိသူ အားလုံးတို့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုရှိကြရန် လိုလားကြပါသည်။ အိမ်နီးချင်းနိုင်ငံများကလည်း အိန္ဒိယနိုင်ငံအပေါ် ခင်မင်ရင်းနှီးမှုရှိကြ ရန် ဆန္ဒပြုအပ်ပါသည်။

ဤကဲ့သို့ ဘာသာရေးခေါင်းဆောင် (၂)ဦးတို့ ဟိန္ဒူဘာသာ ဆိုင်ရာ အယူအဆကွဲလွဲမှု၊ အထင်မှားမှုများကို အေးဆေးစွာတင်ပြ ရှင်းလင်းနိုင်ခဲ့သဖြင့် လုမ္ဗိနီတွင်ကျင်းပသော ကွန်ဖရင့်ကြီးကို ချောမော စွာကျင်းပနိုင်ကြသည်။ ဟိန္ဒူတို့က ဗုဒ္ဓဘာသာအပေါ် တစ်ဖက်သတ် ပုတ်ခတ်ရေးသားပြောဆိုမှုများ ရပ်ဆိုင်းသွားတော့မည်ဖြစ်၍ နီပေါ နိုင်ငံမှ ဗုဒ္ဓဘာသာအသင်းဝင်အပေါင်း နှစ်ထောင်းအားရ ကျေနပ် ဝမ်းမြောက်ကြရသည်။

ဆရာကြီးဂိုအင်ကာ၏ ဟိန္ဒူ၊ သက္ကတ၊ ဝေဒစာပေများတွင် နှံ့စပ်ကျွမ်းကျင်မှု၊ ဗုဒ္ဓဘာသာဆိုင်ရာပါဠိပိဋကက ဗုဒ္ဓဝစနတို့ကို နက်နဲစွာ သိရှိနားလည်သဘောပေါက်ကာ လက်တွေ့ကျင့်သုံးမှုတို့ကြောင့် အိန္ဒိယ ပြည်ကြီး၌ ရှေးပဝေသဏီကပင် ပေါ်ပေါက်တည်ရှိခဲ့သည့် ဘာသာကြီး (၂)ခုသည် အေးချမ်းစွာ၊ ရင်းနှီးစွာ အချင်းချင်းလေးစားမှုရှိလျက် နေထိုင်သွားနိုင်ကြပေတော့မည်။ ဤအောင်မြင်မှုကြီး၏ အကျိုးသက် ရောက်မှုကား အတိုင်းမသိကြီးမားလှပေသည်။ ကမ္ဘာအရပ်ရပ်တွင် ဝိပဿနာဓမ္မရေစင်နည်းဖြင့် လူတစ်ဦးစီ၏ငြိမ်းချမ်းမှုမှသည် ကမ္ဘာ တစ်ဝန်းငြိမ်းချမ်းရေးပေါ်ထွက်လာစေရန် ဓမ္မဗိမာန်ကြီးကို ကြိုးပမ်း တည်ဆောက်နေသော ဓမ္မဗိသုကာကြီး ဆရာကြီးဂိုအင်ကာ၏ အရှည် မြော်မြင်မှုကား အံ့ဩဖွယ်ကောင်းလှပါပေသည်။ ဝိပဿနာရေစင်ဖြင့် လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာအပူအညစ်အကြေးများကို

www.burmeseclassic.com

www.burmeseclassic.com



ဆေးကြောပေးနိုင်သမျှ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများ ထွန်းကားပေါ်ပေါက်လာပေမည်။ ဖြူဟွဲစိုရ်တရား ကြီးထွားလာသော ကမ္ဘာကြီးတွင် ငြိမ်းချမ်းမှုသည် မုချမသွေဖြစ်ပေါ်ရပေတော့မည်။ ဤကဲ့သို့ကောင်းကျိုးရလဒ်များ ရရှိစေရန် ဝိပဿနာတရားဓမ္မ၏ ဗဟိုမဏ္ဍိုင်ဖြစ်သော အိန္ဒိယပြည်ကြီးသည် တည်ငြိမ်အေးချမ်းရပေမည်။ ဘာသာရေးပဋိပက္ခကင်းစင်၍ ဘာသာအချင်းချင်း ဖြူစင်သောသဘောထားများဖြင့် ဆက်ဆံကြကာ နမူနာကောင်းများပြသနိုင်ကြပေမည်။ ယခုအခါ ယင်းအခြေအနေကောင်းများသည် အိန္ဒိယပြည်တွင် ဖြစ်ပေါ်လာနေပြီဖြစ်၍ ကမ္ဘာတစ်ဝန်းလုံးသို့ ပြန့်ပွားသွားမည်ကို မြင်ယောင်လျက် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း ...။

**ပြီး၏**

www.burmeseclassic.com

www.burmeseclassic.com

## အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓသာသနာပြန်လည်ထွန်းကားပြန့်ပွားရန် ဆောင်ရွက်မှုများအကြောင်း

အိန္ဒိယပြည်ကို ဗဟိုမဏ္ဍိုင်ပြု၍ ကမ္ဘာတစ်ဝန်း သာသနာ့ဗိမာန်များ တည်ဆောက်နေသော ဂုရုကြီးဂိုအင်ကာ၏ ကြိုးပမ်းဆောင်ရွက်မှုများအကြောင်းများကို လူမျိုးပေါင်းစုံက စိတ်ဝင်စားလာကြသည်။ ဂုရုကြီး၏ သာသနာပြုပုံ လုပ်ထုံးလုပ်နည်းများကို သိလိုကြသည်။ လေ့လာလိုကြသည်။ အနယ်နယ်အရပ်ရပ်သို့ ဓမ္မခရီးလှည့်လည်ရာတွင် ဂုရုကြီးအား တွေ့ဆုံမေးမြန်းကြသည်။ မြန်မာပြည်မှ စာဖတ်ပရိသတ်များကလည်း သိလိုကြသော အကြောင်းခြင်းရာများစွာရှိပါသည်။ ဂုရုကြီးဂိုအင်ကာက အဘယ်သို့သောတရားဓမ္မမျိုးကို ဟောပြောပြသနေပါသနည်း။ဗုဒ္ဓသာသနာပြုဗဟိုဌာနကြီးကို အီဂတ်ပူရီတွင် မည်ကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



တည်ထောင်ခဲ့သနည်း။ မည်သည့်တရားများပြ၍ (၇၀၀)နီးပါး ကမ္ဘာလှည့်တရားပြဆရာများကို သင်ကြားလေ့လာပြီး မွေးမြူခဲ့ပါသနည်း စသဖြင့် အကြောင်းအရာမျိုးစုံကို ဤစာရေးသူအား မေးမြန်းခဲ့ကြပါသည်။ ဤသို့ အကြောင်းအရာအမျိုးစုံကို ခြုံငုံ၍ ပြည့်ပြည့်စုံစုံသိကြနားလည်ကြစေရန် ဂုရုကြီးဂိုအင်ကာကိုယ်တိုင် ရှင်းလင်းပြောကြားချက်များကို ယခုဆောင်းပါးမှစ၍ တင်ပြသွားရန် ရည်သန်ပါသည်။

၁၉၉၆–ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထိုင်ဝမ်မှ ဒေါက်တာချွန်အန်လင်းဆိုသူ ပညာရှိပုဂ္ဂိုလ်တစ်ဦးသည် အိန္ဒိယပြည် အိဂတ်ပူရီရိပ်သာသို့ ရောက်ရှိလာသောအခါ ဂုရုကြီးအား သူသိလိုသည့် အချက်(၁၅)ချက်ကို မေးမြန်းစုံစမ်းခဲ့ပါသည်။ ဂုရုကြီး၏ ပြန်လည်ဖြေဆိုချက်များကို ဖတ်ရှု၍ စာဖတ်ပရိသတ်များလည်း သိလိုသည်များကို ကောင်းစွာသိရှိသွားနိုင်ကြပေမည်။ ထို့ကြောင့် ယင်းတွေ့ဆုံမေးမြန်းဖြေကြားခဲ့သည့် အမေးအဖြေ (၁၅)ပုဒ်ကို အောက်ပါအတိုင်း တင်ပြလိုက်ရပါသည်။

မေး(၁) ။ ။ ဂုရုကြီးခင်ဗျား။ အိန္ဒိယပြည်သို့ ၁၉၆၉–ခုနှစ်စရောက်သည့်အချိန်မှစ၍ ဓမ္မဒူတလုပ်ငန်းဆောင်ရွက်ခဲ့ပုံများကို အကျဉ်းမျှထုတ်ဖော်ပြောပြပေးပါခင်ဗျာ။

ဖြေ ။ ။ ၁၉၆၉ – ခုနှစ်မှာ ကျွန်တော်ဟာ မြန်မာနိုင်ငံက ကျွန်တော့်ဆရာကြီး ဦးဘခင်၏ကိုယ်စား ဓမ္မတရားပြသူအဖြစ် အိန္ဒိယပြည်သို့ရောက်ရှိလာခဲ့ပါတယ်။ ရှင်တော်ဘုရားဟောကြားဆုံးမတော်မူသော တရားဒေသနာတော်၏ အဆီအနှစ်ဖြစ်တဲ့ ဝိပဿနာကမ္မဋ္ဌာန်းတရားမြတ်ရတနာကို အိန္ဒိယပြည်သို့ ပြန်လည်ယူဆောင်သွားရန် စေလွှတ်တဲ့ ဓမ္မတမန်အဖြစ်ပါ။

ကျွန်တော်၏ဘိုးဘွားများသည် အိန္ဒိယနွယ်ဖွား ဤတိုင်းရင်းသားများဖြစ်ကြသော်လည်း အိန္ဒိယပြည်မှာ ကျွန်တော့်ကို မည်သူမျှမသိကြကြောင်း ကျွန်တော်သိပါတယ်။ ပြီးတော့လည်း ဒီကာ

www.burmeseclassic.com

www.burmeseclassic.com



လူများဟာ သူတို့ရိုးရာကိုးကွယ်မှုအစဉ်အလာ ပူဇော်ပသမှုအခမ်းအနားများ၌ နစ်မြောနေကြလို့ ဝိပဿနာကျင့်စဉ်တရားကို တစ်လုံးတစ်ပါဒမျှ မသိကြကြောင်း ကျွန်တော်သိပါတယ်။ အဲဒီလို အခြေအနေများရှိနေသော်လည်း ကျွန်တော်ဟာ မွန်ဘိုင်းမှာ ယောဂီ(၁၄)ဦးမျှဖြင့် ပထမ ဝိပဿနာတရားစခန်းကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။အဲဒီစခန်းမှာပထမဆုံး ထိတွေ့ခံစားကြရတဲ့ ဓမ္မရသဟာ အတော်ထိမိလှပါတယ်။ ဤ တရားကျင့်စဉ်၏ထိရောက်မှုဟာ တစ်ယောက်စကားတစ်ယောက်ကြားပြီး အတော်ပျံ့နှံ့သွားခဲ့ပါတယ်။ ဝိပဿနာတရားစခန်းများ ပိုမိုဖွင့်ပေးဖို့ တောင်းခံလာကြတယ်။ ဒါကြောင့် ရှေ့ပိုင်းအစနှစ်များအတွင်းမှာ အခက်အခဲများစွာရင်ဆိုင်ကျော်လွှားခဲ့ရပေမယ့် အိန္ဒိယတစ်ဝန်း ရွာများ၊ မြို့များ၊ နယ်ပေါင်းများစွာမှာ ဝိပဿနာတရားစခန်း အမြောက်အမြားအောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီလိုနှင့် တရားစခန်းပေါင်းများစွာ ဆက်ကာဆက်ကာ ဖွင့်လှစ်နိုင်ခဲ့ကြပြီး ၁၉၇၆–ခုနှစ်ကျမှ မဟာရဋ္ဌတြနယ် ဓမ္မဂီရိမှာ ပထမအတည်တကျ တရားရိပ်သာကို ဖွင့်လှစ်ခဲ့ကြပါတယ်။ Vipassana International Academy (V.I.A) အပြည်ပြည်ဆိုင်ရာ ဝိပဿနာကမ္မဋ္ဌာန်းတရား အဆင့်မြင့် ပညာသင်စခန်း (ရိပ်သာ)ဟု အမည်ပေးခဲ့ပါတယ်။ အဲဒီက ဆက်လက်ပြီး ဟိုက်ဒရာဘဒ်မှာ ရိပ်သာတစ်ခု၊ နောက်မကြာမီ ရာဂျာစတန်နယ်၊ ဂျေပူမြို့မှာ ရိပ်သာတစ်ခုဖွင့်လှစ်တည်ထောင်ခဲ့ကြပါတယ်။ အဲဒီလိုနှင့် ဓမ္မစကြာတရားဘီးရတနာမြတ်ဟာ ပင်ရင်းမူလ ပထမဒေသမှာ တစ်ဖန်ပြန်လည် လည်ပတ်လာတာဖြစ်ပါတယ်။

မေး(၂) ။ ။ ဘယ်လို အဓိကဆွဲဆောင်မှုများကြောင့် ဂုရုကြီးရဲ့ တရားစခန်းများကို လူအများစုရုံးရောက်ရှိလာကြပါသလဲ။

ဖြေ ။ ။ ဝိပဿနာတရားဟာ မျက်ကန်းယုံကြည်မှုမျိုးမဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com



တရားသေစွဲဝါဒမျိုးမဟုတ်။ သိပ္ပံနည်းကျနလှတဲ့ ကျင့်စဉ်မျိုးဖြစ်ပြီး စိတ်ကိုဖြူစင်စေတဲ့ ကျင့်စဉ်တစ်ခုဆိုတာ လူအများလက်တွေ့သိရှိသဘောပေါက်သွားကြလို့ ဖြစ်ပါတယ်။ သူတို့ကိုယ်တိုင် ဒီဝိပဿနာကျင့်စဉ်ဟာ အကျိုးရလဒ်ကိုလက်တွေ့ချက်ချင်းလက်ငင်းရစေသည်။ လူတွေဟာနေ့စဉ်ပဲ သောကတွေပွေ၊ ဒုက္ခတွေဝေနေကြတာ မိမိတို့ရဲ့လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာအညစ်အကြေးများကြောင့် စိတ်ပင်ပန်းမှု၊ စိုးရိမ်ပူပန်မှုများကို အစဉ်ထိတွေ့ခံစားနေကြရတာ။ အဲဒီလို ခံစားကြရတဲ့ဆင်းရဲဒုက္ခများကို ဝိပဿနာတရားရှုခြင်းက ထိထိရောက်ရောက် ပြေပျောက်သွားနိုင်စေကြောင်းကို သူတို့လက်တွေ့ သိမြင်သွားကြပါတယ်။

ပြီးတော့ ဝိပဿနာကျင့်စဉ်ကို လွယ်ကူစွာ သင်ကြားလေ့လာနိုင်ကြတယ်။အမျိုး၊ ဘာသာ၊ ဇာတ်၊ဂိုဏ်းမရွေး အဆင့်အတန်းမခွဲခြား လူတိုင်းသင်ယူနိုင်ကြကြောင်း လူအပေါင်းက သိရှိသွားကြတယ်။ ဝိပဿနာတရားက ဗုဒ္ဓဓမ္မရဲ့အဆီအနှစ်ဖြစ်တဲ့ မေတ္တာ၊ကရုဏာနှင့် စိတ်နှလုံးကောင်းထားပြီး အချင်းချင်းသင့်မြတ်ညီညွတ်စွာ အကျိုးရှိစွာ နေထိုင်သွားကြဖို့ နည်းလမ်းကောင်းများကိုလည်း သွန်သင်ပေးသည်။ ဒါကြောင့် လူ့အဖွဲ့အစည်းအသီးသီးမှ အထက်တန်းလွှာ၊ အောက်တန်းလွှာ၊ ဆင်းရဲသူ၊ ချမ်းသာသူ၊ ပညာတတ်၊ ပညာမဲ့လူတန်းစားမျိုးစုံ၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာ၊ မူဆလင်၊ ခရစ်ယာန်၊ ဂျိန်းဘာသာဝင်အပေါင်းနှင့်ဆိုင်ရာ ဘာသာရေးခေါင်းဆောင်များ။ ဝိပဿနာစခန်းများသို့ အမြောက်အမြား ဝင်ရောက်အားထုတ်နေကြတယ်။ ဝိပဿနာယောဂီဦးရေဟာ တရှိန်ထိုးတိုးတက်လျက်ရှိနေပါတယ်။

မေး(၃) ။ ။ ဝိပဿနာစခန်းသင်တန်းများ၌ သင်ကြားပို့ချ၊ လုပ်ဆောင်ပုံ သဘောနှင့် သင်တန်းကာလအချိန်များအကြောင်း အတိုချုပ်ပြောပြစေလိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖြေ ။ ။ ယောဂီအသစ်များအတွက် (၁၀)ရက်တရားစခန်းများ စီစဉ်ပေးပါတယ်။ ယောဂီများဟာ မွေ့ဩအတော်အခြေကျလာတော့ ဒီထက်ပိုမိုလေးနက်တဲ့ သတိပဋ္ဌာန်စာတွေ့က၊ လက်တွေ့သင်တန်းများတက်ရပါတယ်။ ရက် ၂၀၊ ၃၀၊ ၄၅ရက် အထူးသင်တန်းစခန်းများလည်း စီစဉ်ဖွင့်လှစ်ပါတယ်။ အဲဒီလိုရက်ရှည်သင်တန်းတက်ပြီးသူများအတွက် အခြေအနေအလိုက်၊ ၁ရက်၊ ၃ရက်နှင့် အထူး(၁၀)ရက်မွမ်းမံသင်တန်းများကိုလည်း တက်ရောက်ဖို့စီစဉ်ပါတယ်။

အိန္ဒိယပြည်နယ်အများမှာ အကျဉ်းသမားနှင့် အကျဉ်းထောင် အရာထမ်းအမှုထမ်းများအတွက် အကျဉ်းထောင်များအတွင်းမှာပဲ ဝိပဿနာစခန်းများဖွင့်ပြီးတရားပြပေးပါတယ်။စာသင်ကျောင်းများ ပညာသင်ကြားနေကြသော မောင်မယ်များနှင့် လမ်းဘေးလေလွင့်သူငယ်များဖြစ်ကြတဲ့ အသက် ၈–၁၁နှစ်အရွယ်များ၊ ၁၂–၁၅နှစ်အရွယ်များအတွက်လည်း ဝိပဿနာသင်တန်းစခန်းများ ဖွင့်လှစ်သင်ကြားပေးပါတယ်။ ဒီလူငယ်သင်တန်းများအတွက် ဖွင့်လှစ်ပေးရန်တောင်းခံမှုများ ပိုမိုများပြားလာတာကြောင့် အတွေ့အကြုံရင့်ကျက်လာပြီဖြစ်တဲ့ ယောဂီကြီးများကို လက်ထောက်တရားပြဆရာအဖြစ်စတင်ခန့်ထားလာရပါတယ်။

မေး(၄) ။ ။ ဂုရုကြီးခင်ဗျား၊ ကျေးဇူးပြုပြီး ယခုအထိဆရာကြီးကိုယ်တိုင်ပြသပေးခဲ့တဲ့ တရားပတ်ပေါင်းဘယ်လောက်ရှိပြီး လက်ထောက်တရားပြဆရာများက ဘယ်လောက်ပြပြီးခဲ့ကြပြီဆိုတာရယ်၊ ဝိပဿနာတရားထိုင်ပြီးသွားကြတဲ့ ယောဂီပေါင်း ဘယ်လောက်ရှိပြီဆိုတာရယ် ပြောပြစေလိုပါတယ်။

ဖြေ ။ ။ ဩော် ... အရေအတွက်သိချင်လို့လား။ ကျွန်တော်ကိုယ်တိုင် (၁၀)ရက်သင်တန်းပေါင်း (၄၀၀)နှင့် ၃၀၊

www.burmeseclassic.com

www.burmeseclassic.com



၄၅ရက်၊ ရက်ရှည်သင်တန်းပေါင်း (၁၅)ခု ပြသပေးခဲ့ပြီးပါပြီ။ ကျွန်တော့်လက်ထောက် တရားပြဆရာများက ၁၀–ရက်သင်တန်းကို (၂၀၀၀)ယောက်နှင့် ၂၀၊ ၃၀ရက်ရှည်သင်တန်း (၅၀)ခန့်

ပြသခဲ့ပြီးပါပြီ။ ၁ရက်၊ ၃ရက်သင်တန်းများကိုလည်း ဒီအတောအတွင်း ပြသခဲ့ကြပါတယ်။ ပြည်နယ်စုံအများအပြားမှ အကျဉ်းထောင်တွေမှာလည်း ဝိပဿနာစခန်း(၅၀)လောက် ဖွင့်လှစ်ပြသခဲ့ပါတယ်။ အဲဒီမှာ အိန္ဒိယမြို့တော် နယူးဒေလီမြို့က နာမည်ကျော် အကျဉ်းထောင်ကြီးမှာ အကျဉ်းသား (၁၀၀၀)ကျော် တစ်စုတဝေးတည်း ကမ္မဋ္ဌာန်းထိုင်ကြတာလည်းပါဝင်ပါတယ်။ ကျောင်းသားမောင်မယ်များအတွက် စခန်းပေါင်း (၅၀၀)ကျော်ပါပါသေးတယ်။ အခုလို ဝိပဿနာစခန်းအမျိုးစုံကို ဝင်ရောက်အားထုတ်ခဲ့ကြပြီး အကျိုးကျေးဇူးရရှိသွားကြတဲ့ယောဂီပုဂ္ဂိုလ်ဦးရေဟာအခုဆို သုံးသောင်း–လေးသောင်းရှိသွားပါပြီ။ မြတ်စွာဘုရားရဲ့ ဝိပဿနာဓမ္မသတင်းပေါင်းစုံဟာ တော်တော်လျှင်လျှင်မြန်မြန် ဆင့်ကဲဆင့်ကဲ ပြန့်ပွားသွားပါပြီ။ မနှစ်ကပဲ ဝိပဿနာကမ္မဋ္ဌာန်းထိုင်ကြတဲ့ ယောဂီပေါင်း ငါးသောင်းကျော်သွားပါပြီ။ နေ့စဉ်လည်း ဝိပဿနာတရားစခန်းများဖွင့်လှစ်ပေးဖို့ ပိုပြီးပိုပြီးတောင်းခံလာနေပါတယ်။

မေး(၅) ။ ။ ကျေးဇူးအထူးတင်ပါတယ်။ နောက်ထပ်အရေအတွက်မေးခွန်းတစ်ခု မေးပါရစေဦး။ အခုလက်ထောက်ဆရာ ဘယ်လောက်ခန့်ထားပြီးသလဲဆိုတာနှင့် ကမ္ဘာ့အရပ်ရပ်မှာ ဖွင့်လှစ်ထားရှိပြီးဖြစ်တဲ့ တရားရိပ်သာပေါင်းဘယ်လောက်ရှိပြီလဲဆိုတာကို သိချင်တာပါ။ ဒီနောက်တော့ အခြားအကြောင်းအရာများကို ဆက်လက်မေးပါမယ်။

ဖြေ ။ ။ ဩော် ‥ အရေအတွက် သိချင်သေးလို့လား။ အခုထိ ဝိပဿနာသင်တန်းများကို အုပ်ချုပ်ပြသကြဖို့ တရားပြ

www.burmeseclassic.com

www.burmeseclassic.com



ဆရာပေါင်း (၄၀၀)လောက်ခန့်ပြီးပါပြီ။ သူတို့ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်အရ သူတို့ကိုအမည်ကွဲပြားခေါ်ပါတယ်။ လူငယ်များအတွက် သင်တန်းပို့ချသူများကို အငယ်တန်းလက်ထောက်တရားပြဆရာလို့ခေါ်ပါတယ်။ သာမန် (၁၀)ရက် တရားပတ်များကိုပြသအုပ်ချုပ်သူများကိုတော့ လက်ထောက်တရားပြဆရာများလို့ခေါ်ပါတယ်။ ပိုမိုအဆင့်မြင့်တဲ့ ရက်ရှည်သင်တန်းများနှင့် အထူးသင်တန်းများကိုတော့ အကြီးတန်းနှင့် တွဲဘက်လက်ထောက်ဆရာများကို ပြသအုပ်ချုပ်စေပါတယ်။ အချို့ဝါရင့်ဆရာများကိုတော့ တရားပြဆရာဖြစ်နှင့် အထွေထွေညှိနှိုင်းဆောင်ရွက်အုပ်ချုပ်မှု သင်တန်းများကို ကြီးကြပ်ကိုင်တွယ်စေပါတယ်။

ယခုလက်ရှိအခြေအနေမှာ ပုံမှန်တရားပြရိပ်သာများ အိန္ဒိယပြည်၌ ၁၄ခု၊ ကမ္ဘာအရပ်ရပ်အခြားဒေသများမှာ ၁၆ခု၊ ပေါင်း ၃၀ရှိပါပြီ။ အမြဲတန်းတည်ဆောက်ထားတဲ့ အဲဒီလိုရိပ်သာများမှာမဟုတ်ဘဲ ယာယီစခန်းပေါင်း (၁၅၀)လောက်မှာလည်း နှစ်စဉ်တရားပတ်များ ဖွင့်လှစ်ပြသနေကြပါတယ်။ နေရာပေါင်း ၂၀မှာလည်း အမြဲတမ်း ရိပ်သာများ ထပ်မံဖွင့်လှစ်ရန် စီစဉ်တည်ဆောက်လျက်ရှိနေကြပါတယ်။

မေး(၆) ။ ။ ဂုရုကြီးအခုလို ကျယ်ကျယ်ပြန့်ပြန့် တရားစခန်းတွေဖွင့်လှစ်သင်ကြားပြသမှုမှာ ဘယ်လိုထိရောက်မှုများရှိပါသလဲ၊ ဘယ်လိုအကျိုးသက်ရောက်မှုများ ရှိသလဲလို့ တိတိကျကျသိရအောင် စနစ်တကျ စုံစမ်းလေ့လာရန် သုတေသနပြုရန် တစ်စုံတစ်ရာအစီအစဉ်များရှိပါသလား။ အခုလိုစတင်ဆောင်ရွက်နေတဲ့ ဓမ္မလုပ်ငန်းကြီး ကြာရှည်တည်တံ့အောင်နှင့် အိန္ဒိယပြည်ကိုသာမက ကမ္ဘာ့လူသားစုအားလုံးကို စိတ်ပါဝင်စား အာရုံထားလာကြအောင် ဘယ်လိုအစီအမံများရှိပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဖြေ ။ ။ ဟုတ်ကဲ့၊ ရှိပါတယ်၊ (V.I.P) Vipassana International Academy အပြည်ပြည်ဆိုင်ရာ ဝိပဿနာ ကမ္မဋ္ဌာန်းတရား အဆင့်မြင့်ပညာသင်စခန်းမှ တသီးတခြား (V.R.I) Vipassana Research Institute ဝိပဿနာဆိုင်ရာ သုတေသနအဖွဲ့(သိပ္ပံ)ကို သပ်သပ်ဖွဲ့စည်းထားပြီး ရှိပါတယ်။အဲဒီအဖွဲ့က ဝိပဿနာသင်တန်းတွေရဲ့ အကျိုးသက်ရောက်မှု ထိရောက်မှုများကို လေ့လာ၊ စိစစ်၊ သုတေသနပြုပါတယ်။ ပညာရှင်များနှင့် လူအများတို့ စိတ်ပါဝင်စား၊ အာရုံထားနိုင်ကြရအောင် နှီးနှော ဖလှယ်ပွဲများ၊ ဝိပဿနာနှင့် သက်ဆိုင်သည့် အထူးအကြောင်းအရာ တစ်ခုခုအတွက် တွေ့ဆုံဆွေးနွေးကွန်ဖရင့်ပွဲများကို ကျင်းပပါတယ်။ နှစ်စဉ်အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်မှာလည်း ဓမ္မဒူတဆရာများအားလုံး တစ်နှစ်တာသာသနာပြုလုပ်ငန်းဆိုင်ရာများအပေါ် ပြန်လည်သုံးသပ်ကြပြီး ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများအတွက် နှစ်စဉ်ဆွေးနွေး ညှိနှိုင်းကြပါတယ်။

မေး(၇) ။ ။ အိန္ဒိယနိုင်ငံတွင် ဆရာကြီးရဲ့ ဓမ္မဒူတလုပ်ငန်းများမှာ ဘယ်လိုအခက်အခဲမျိုးများနှင့် ရင်ဆိုင်ခဲ့ရပါသလဲ။

ဖြေ ။ ။ အိန္ဒိယနိုင်ငံမှာ ဝိပဿနာတရားများ စတင်ပြတုန်းက အခက်အခဲအချို့တွေ့ခဲ့ရပါတယ်။ အဓိကအခက်အခဲများကတော့ –

(၁) ကျွန်တော် ဝိပဿနာတရား စတင်မပြမီ ကလေးမှာပဲ အိန္ဒိယလူ့အဖွဲ့အစည်းထဲမှာ အပယ်ခံနောက်ကျ အနှိမ်ခံနေရတဲ့ လူတန်းစားထုကြီးရဲ့ ထင်ရှားတဲ့ခေါင်းဆောင်ကြီး ဒေါက်တာ အမ်ဘက်ဒ်ကာ (Dr.Ambedkae)ဟာ သူ၏ နောက်လိုက်ပရိသတ်များနှင့်တကွ ဗုဒ္ဓဘာသာဝင်အဖြစ်ခံယူလိုက်ကြတယ်။ ဒါဟာ အိန္ဒိယ လူ့ဘောင်အထက်တန်းလွှာဟု ဆိုကြတဲ့သူများ၏ ရှေးခေတ်နှစ်ပေါင်း

www.burmeseclassic.com



များစွာကပဲ စီးပွားရေး၊ လူမှုရေးများမှာ လူချင်းမစာနာ ဖိနှိပ်ချိုးနှိမ်ခံခဲ့ရသမျှကို တော်လှန်ပစ်လိုက်တဲ့ သဘာဝကျတဲ့လုပ်ဆောင်မှုပဲ။ ဒါဟာ အလွန်ကောင်းတဲ့အတိတ်၊ နိမိတ်၊ အလားအလာပါ။

ဒါပေမယ့် လက်ငင်းအကျိုးသက်ရောက်မှုကတော့ စိတ်မချမ်းသာစရာဖြစ်သွားတယ်။ ဘာကြောင့်လဲဆိုတော့ အိန္ဒိယမှာရှိတဲ့ လူ့အဖွဲ့အစည်းအများစုကို ဗုဒ္ဓဓမ္မနှင့် အလှမ်းကွာဝေးသွားစေပါတယ်။ ဘာကြောင့်လဲဆိုတော့ အသိဉာဏ်မရှိတဲ့လူတွေဟာ ဗုဒ္ဓဘာသာဟာ အောက်တန်းစားတံမျက်လှည်း၊ အမှိုက်သွန် ဇာတ်နိမ့်တွေကိုးကွယ်တဲ့ ဘာသာပဲလို့ အထင်မှား အမြင်မှားဖြစ်သွားကြတယ်။ အိန္ဒိယပြည်မှာ စောစောကပဲ အခြေချနေထိုင်ကြတဲ့ ကျွန်တော့်ဆွေမျိုးရင်းခြာများကတောင် ဗုဒ္ဓဓမ္မကို အိန္ဒိယပြည်မှာ ကျွန်တော်လာဟောကြားပို့ချမှု မလုပ်စေချင်ကြဘူး။

(၂) ပြီးတော့ ဟိုရှေးခေတ် ရာစုပေါင်းများစွာကတည်းက ကိုယ်ကျိုးကြည့်ပြာဟ္မဏပုဏ္ဏားဘုန်းကြီးတို့က မသမာဝါဒဖြန့်ခဲ့ကြလို့ ဗုဒ္ဓနှင့် ဗုဒ္ဓ၏ဒေသနာတော်များအပေါ် အိန္ဒိယလူထုကြီးကအထင်မှားအမြင်မှားတွေ ဖြစ်လာခဲ့ကြတယ်။ အဲဒီလို နောက်ခံအကြောင်းရှိလို့ အခုဗုဒ္ဓဓမ္မပြသရာမှာ အတိုက်အခံများရှိခဲ့ပါတယ်။

မေး(၈) ။ ။ အိန္ဒိယလူထုကြီးက ဗုဒ္ဓနှင့် ဗုဒ္ဓဒေသနာတော်များအပေါ် ဘယ်လိုအထင်မှား အမြင်မှားဖြစ်ခဲ့ကြပါသလဲ။ ဘာကြောင့် အထင်မှား၊ အမြင်မှား ဖြစ်ခဲ့ကြပါသလဲ ဂုရုကြီးခင်ဗျား။

ဖြေ ။ ။ ဟိုလွန်ခဲ့တဲ့ အေဒီ (၁)ရာစုနှင့် (၅)ရာစုအတွင်း အချိန်အခါက ကိုယ်ကျိုးကြည့်ပြာဟ္မဏပုဏ္ဏားဘုန်းကြီးတွေဟာ ဗုဒ္ဓဟာ ဟိန္ဒူနတ်ဘုရား ဗိဿနိုးရဲ့(၉)ကြိမ်မြောက် လူဝင်စား(အဝတာရ)ဖြစ်တယ်ဆိုပြီး ပြာဟ္မဏကျမ်းတွေရေးခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ အဲဒီကျမ်းများအရ ဗိသနိုးရဲ့ (၉)ကြိမ်မြောက် လူဝင်စားဟာ မောဟ၊ မာယာစတဲ့ တရားဆိုးများကို ကိုယ်စားပြုသူဖြစ်တယ်။ ဆိုးသွမ်းတဲ့ အသူရာတွေကို လှည့်စားဖို့ရည်ရွယ်ပြီး ဗုဒ္ဓက လူဝင်စားဖြစ်လာတယ်။ မဟုတ်မမှန်တဲ့တရားတွေကို အသူရာများကိုဟောကြားပြီး ဘုရားမဲ့တွေဖြစ်စေကာ အပါယ်ငရဲကို ရောက်စေတယ်။ အထက်ဘုံနတ်ပြည်နတ်ရွာကို ဘယ်တော့မှ မရောက်နိုင်အောင် မောဟ၊မာန တရားတွေနှင့် အသူရာတွေကို မှိုင်းတိုက်ထားစေဖို့ဖြစ်တယ်လို့ သူတို့ကျမ်းတွေမှာ ရေးထားခဲ့ကြတယ်။ အဲဒီ မသမာသဘောနှင့် မမှန်ကန်သော ကျမ်းစာပေများရေးသားခဲ့ကြပြီး အပုတ်တကုတ်ဝါဒဖြန့်ရေးတွေလုပ်ခဲ့ကြ၊ မြေရှင်ပဒေသရာဇ်တို့ကလည်း ထောက်ခံအားပေးမှုပြုကြတော့ လူထုကြီးတစ်ရပ်လုံးဟာ အထင်မှားအမြင်မှား လမ်းမှားလိုက်ခဲ့ကြတော့တယ်။

မူရင်းဗုဒ္ဓဒေသနာတော်များ ပိဋကတ်စာပေတွေလည်း အိန္ဒိယပြည်မှ ကွယ်ပျောက်သွားလို့ ဗုဒ္ဓရှင်တော်မြတ်များနှင့် ဘုရားအလောင်းတော်မြတ်များဟာ အတိုင်းမရှိသော မေတ္တာ၊ ကရုဏာတော်များထားပြီး သတ္တဝါများ၏လွတ်မြောက်ရာ လွတ်မြောက်ကြောင်းနည်းလမ်းကောင်းများဟောကြားဖို့ရန်သာ လောကမှာ ပေါ်ပေါက်ခဲ့ကြတယ်ဆိုတဲ့ အကြောင်းကို လူထုကမေ့ပျောက်သွားကာ မသိရှိပဲနေခဲ့ကြတယ်။ဗြာဟ္မဏဂိုဏ်းဆရာများကလည်း အသူရာတွေကို လှည့်စားဖို့သာ ဘုရားများပွင့်တော်မူလာကြတယ်လို့ ရာစုနှစ်ပေါင်းများစွာ ဆက်တိုက်ဝါဒဖြန့်ခဲ့ကြတယ်။

ဒါကြောင့် သာမန်အိန္ဒိယလူမျိုး ဟိန္ဒူဘာသာဝင်တစ်ဦးဟာ ဗုဒ္ဓကို သူတို့ကိုးကွယ်တဲ့ ဗိသနိုးဝင်စားသူဖြစ်လို့ ရှိခိုးပူဇော်ထိုက်တယ်။ လေးစားထိုက်တယ်။ ဒါပေမယ့် ဗုဒ္ဓဟောကြားတဲ့ တရားဒေသနာများဟာ လူအပေါင်းကို လမ်းမှန်မှသွေဖည်ပြီး လမ်း

www.burmeseclassic.com

www.burmeseclassic.com



မှားကိုရောက်စေမှာဖြစ်လို့ မလိုက်နာသင့်ကြဘူးလို့ တစိုက်မတ်မတ် ယုံကြည်လာခဲ့ကြတာဖြစ်တယ်။ အလွန် ပရိယာယ်ကြွယ် ၊ ပါးနပ်၊ ကောက်ကျစ်တဲ့ ဝါဒဖြန့်ပုံ ဖြန့်နည်းဖြစ်ပြီး တရားအမှန်ပြန့်ပွားကြီးထွား လာဖို့အတွက် ကြီးမားတဲ့ အတားအဆီး အထိုးအနှက်ကြီးဖြစ်ခဲ့တယ်။

မေး(၉) ။ ။ အိန္ဒိယမှာ လူအများဟာ ဟိန္ဒူ၊ မူဆလင်၊ခရစ်ယာန်နှင့် အခြားဘာသာများ ကိုးကွယ်သူများဖြစ်ကြတော့ သူတို့ဟာ ဗုဒ္ဓ၏ဟောကြားချက်များကို ဘယ်လိုလက်ခံနိုင်ကြပါ့မလဲ။

ဖြေ ။ ။ ဗုဒ္ဓဟောကြားတော်မူသော တရားတော်ဟာ ကမ္ဘာတစ်ဝန်းလုံး လူအများအားလုံးနှင့် သက်ဆိုင်တာကြောင့် ဘာသာအမျိုးမျိုးကိုးကွယ်ကြသူအား ဖြန့်ဖြူးပေးဝေရာမှာ ကျွန်တော် အခက်အခဲမတွေ့ရပါဘူး။ သီလ၊ သမာဓိ၊ ပညာတရားများဟာ ဗုဒ္ဓရှင်တော်ဘုရား၏ ဒေသနာတော်များရဲ့ အဆီအနှစ်ဖြစ်ပါတယ်။ ဒါကြောင့်တစ်ဦးမကျန် အားလုံးလက်ခံနိုင်တဲ့ သဘောတရားများဖြစ်ပါတယ်။ ဒီသီလ၊ သမာဓိ၊ ပညာတရားသုံးပါးဟာ ဘာသာတရားတစ်ခုအဖြစ် အမည်ခံယူထိုက်တဲ့ ဘာသာရေးအယူဝါဒအားလုံးမှာ တပြေးညီတူညီတဲ့အချက်များသာ ဖြစ်ပါတယ်။ ကိုယ်ကျင့်သိက္ခာဖြစ်တဲ့ သီလတရားကို ဘယ်ဘာသာကမျှ ကန့်ကွက်စရာမရှိပါ။ သမာဓိဆိုတာ စိတ်ကိုထိန်းချုပ်မှုဖြစ်ပါတယ်။ အဲဒါလည်း မိမိ၏ ကိုယ်ပိုင်ထွက်လေ၊ ဝင်လေကို အသုံးပြုပြီး အားထုတ်တဲ့ကိစ္စဖြစ်လို့ ဂိုဏ်းအယူဝါဒကွဲပြားရေးမရှိနိုင်ပါ။ ပညာဆိုတာဟာလည်း ရုပ်နာမ်ဖြစ်ပျက်ကို ထိုးထွင်းသိတဲ့ ဉာဏ်စွမ်းအားဖြင့် စိတ်ကိုဖြူစင်အောင် ကျင့်ကြံကြခြင်းဖြစ်လို့ ဒါလည်းဂိုဏ်းစွဲ၊ ဝါဒစွဲလုပ်ရပ်မဖြစ်နိုင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘာသာတိုင်းဟာ ကိုယ်ကျင့်တရားရှိရေး၊ စိတ်ကို ထိန်းချုပ်ရေးနှင့် သန့်ရှင်းဖြူစင်စေရေးတို့ကို အားလုံးဟောပြောရုံသာ ဟောပြောကြပါတယ်။ ဗုဒ္ဓဘာသာကတော့ ကိုယ်ကျင့်တရားကောင်းပြီး စိတ်ကိုထိန်းချုပ်သန့်ရှင်းရေးများကို လက်ဆုပ်လက်ကိုင်ရရှိရန် လက်တွေ့ဝိပဿနာကျင့်စဉ်နည်းလမ်းကို ပြသပေးပါတယ်။ ဒီလို လက်တွေ့ရယူနိုင်တဲ့ ကျင့်စဉ်နည်းလမ်းကြောင့် ဗုဒ္ဓရှင်တော်ဘုရားရဲ့ မြတ်တရားတော်များဟာ ဂိုဏ်းဂဏကွဲပြားတဲ့ ဘာသာခြားပုဂ္ဂိုလ်များကို ဆွဲဆောင်လျက်ရှိပါတယ်။ အဲဒါကြောင့် ဘာသာပေါင်းစုံ ယုံကြည်ကိုးကွယ်ကြသော သာမန်လူဝတ်ကြောင်များသာလျှင် ဝိပဿနာတရားစခန်းများ တက်ရောက် အားထုတ်ကြသည်မဟုတ်ဘဲ သူတို့ရဲ့ ဘာသာရေး ဆရာကြီးများ၊ ခေါင်းဆောင်ကြီးများကိုယ်တိုင် ဓမ္မချိုအေး၏ အရသာထူး၊ အကျိုးထူးများခံစားကြရအောင် ဝိပဿနာတရားစခန်းများကို တက်ရောက်အားထုတ်နေကြပါပြီ။ ဒီဖြစ်စဉ်ဖြစ်ရပ်ဟာ အလွန်အားရှိစရာ၊ ဝမ်းမြောက်စရာကောင်းလှပါတယ်။ အိန္ဒိယပြည်တွင် ဗုဒ္ဓ၏ တရားတော်များကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာကြမည့် မင်္ဂလာ နိမိတ်ကောင်းများဖြစ်လို့ ကျွန်တော့်မှာ လွန်စွာဝမ်းမြောက်ပြီး ရှေ့အလားအလာကောင်းလို့ အားတက်လျက်ရှိပါတယ်။

မေး(၁၀)။ ။ ဂုရုကြီးခင်ဗျား၊ အိန္ဒိယနိုင်ငံမှာ ဓမ္မဖြန့်ဖြူးခြင်းရဲ့ ရည်ရွယ်ချက်က ဘယ်လိုရှိပါသလဲ။

ဖြေ ။ ။ ကျွန်တော်ဟာ မြန်မာပြည်မှာမွေးဖွားပြီး အဲဒီမှာဗုဒ္ဓဓမ္မနှင့် ထိတွေ့မှုရခဲ့လို့ ကျွန်တော့်ကိုယ်တွင်းမှာ အလွန်အေးချမ်းမှုနှင့် အစစအရာရာ သာယာပြေပြစ်မှုတို့ကို ခံစားခဲ့ရပါတယ်။ ဒီလိုသာယာအေးချမ်းမှုမျိုး အခြားဘယ်လိုနည်းနှင့်မျှ မရစကောင်းပါ။ဒါကြောင့် မွန်မြတ်လှသော ဝိပဿနာတရားကို ထုတ်ဖော်ဟောကြားတော်မူခဲ့သည့် ဗုဒ္ဓရှင်တော်မြတ်ဘုရားအား

www.burmeseclassic.com

www.burmeseclassic.com



အလွန်အကျူး ကျေးဇူးတင်မိခဲ့ပါတယ်။ ဒီအံ့သြဖွယ်ကောင်းလှတဲ့ ဓမ္မကျင့်စဉ်နည်းလမ်းမြတ်ကို ကရုဏာစိတ်အပြည့်အဝနှင့် သင်ပြပေးတဲ့ ကျွန်တော်၏ဆရာ၊ ဓမ္မဖခင်ကြီး ဆရာကြီးဦးဘခင်ကိုလည်း အလွန်အကျူး ကျေးဇူးဥပကာရတင်ရှိခဲ့ပါတယ်။

ကျွန်တော့်ဆရာကြီးဟာ အိန္ဒိယနိုင်ငံအပေါ်တင်ရှိတဲ့ ဓမ္မကြွေးမြီများကို ပြန်လည်ပေးဆပ်ရန် ဓမ္မစေတနာလွန်စွာပြင်းပြခဲ့ပါတယ်။ ဤအဖိုးမဖြတ်နိုင်တဲ့ ဓမ္မရတနာကြီးကို မြန်မာပြည်သို့ ရှေးအခါက အိန္ဒိယမှ ပေးပို့ခဲ့သော်လည်း အိန္ဒိယနိုင်ငံမှာ ယခုအခါ မွန်မြတ်သော ဓမ္မရတနာလုံးဝကွယ်ပျောက်ခဲ့သည်မှာ အချိန်ကြာညောင်းခဲ့ပါပြီ။ ဒါကြောင့် အိန္ဒိယသို့ ကျေးဇူးဆပ်ရန် ဓမ္မရတနာ ပြန်လည်ပို့ဆောင်ပေးလိုသော ကျွန်တော့်ဆရာကြီး၏ သာသနာပြုလုပ်ငန်းကြီးအတွက် ကျွန်တော်က ပါဝင်ကူညီဆောင်ရွက်လာခြင်းဖြစ်ပါတယ်။

ကျွန်တော့်ဘိုးဘွားဘီဘင်တို့၏ မွေးဇာတိမြေဖြစ်သော အိန္ဒိယပြည်ကြီး၊ ဂေါတမဗုဒ္ဓအပါအဝင် အားလုံးသော ရှင်တော်မြတ်ဗုဒ္ဓအပေါင်းတို့ ပွင့်ထွန်းခဲ့ရာ အိန္ဒိယပြည်ကြီးကို ကျွန်တော်ဟာ လွန်စွာချစ်ခင်မြတ်နိုးလှပါတယ်။ ယနေ့ဆိုလျှင် အိန္ဒိယပြည်ကြီး၌ လူမျိုးစုအချင်းချင်း မညီမညွတ်စိတ်ဝမ်းကွဲပြားနေကြပါတယ်။ ဇာတ်ကွဲပြားမှု၊ မျိုးနွယ်စုကွဲပြားမှု၊ လူမျိုးစုခြားနားမှုစသည်ဖြင့် အချင်းချင်း အစေးမကပ်၊ အစိတ်စိတ်ကွဲနေကြပါတယ်။ အချင်းချင်းလည်းဒေါသစိတ်၊ မလိုမုန်းတီးစိတ်၊ ရန်လိုစိတ်တို့ဖြင့် တိုက်ကြ၊ ခိုက်ကြတာကြောင့် ပြင်းပြတဲ့စိတ်အနာတရ ဒဏ်ရာဒဏ်ချက်များပြည့်နှက်လျက်ရှိကြပါတယ်။ အိန္ဒိယ လူ့အဖွဲ့အစည်းကြီးဟာ လူသားတို့၏ စိတ်နှလုံးသားများ ကင်းမဲ့သယောင်ပင်ရှိနေပါတယ်။

ဓမ္မ၏ပင်ရင်းဌာနဖြစ်တဲ့ အိန္ဒိယပြည်ကြီးမှာ ငြိမ်းချမ်း

www.burmeseclassic.com

www.burmeseclassic.com



မှု၊ ညီညွတ်သာယာမှု၊ မေတ္တာ၊ ကရုဏာနှင့် စိတ်သဘောကောင်းထားမှုများ ပြန်လည်ဖော်ထုတ်ရန် တစ်ခုတည်းသောနည်းလမ်းမှာ ပျောက်ကွယ်သွားခဲ့သော ဗုဒ္ဓဓမ္မပြန်လည်ရှင်သန် အသက်ဝင်လာရန် ကြိုးပမ်းဆောင်ရွက်ခြင်းသာ ဖြစ်ပါတယ်။ အဲဒီနည်းဖြင့်သာလျှင် သဘာဝမကျသော ဇာတ်မြင့်၊ ဇာတ်နိမ့်တံတိုင်းကြီးများကို ဖြိုခွဲပစ်နိုင်မှာပါ။ သူ့ဂိုဏ်း၊ ငါ့ဂိုဏ်း ဂိုဏ်းကွဲအယူသည်းစွဲလမ်းမှု၊ ထိုစွဲလမ်းမှုများမှ ဖြစ်ပေါ်လာသည့် အမုန်းပွားရန်လိုမှုများကိုလည်း ဤနည်းဖြင့်သာလျှင် ဖြေရှင်းဖြေဖျောက်ပစ်နိုင်မှာပါ။

ဗုဒ္ဓဘာသာဝင်များဖြစ်လာကြတဲ့ ဖိနှိပ်ခံဇာတ်နိမ့်တိုင်းရင်းသားများသည်လည်း လက်တွေ့ကျင့်ကြံရတဲ့ ဝိပဿနာဓမ္မကို လိုက်နာကျင့်ကြံအားထုတ်ရန် လိုအပ်ပါတယ်။ အိန္ဒိယပြည်ရှိလူ့အဖွဲ့အစည်း၏ ကျန်အစိတ်အပိုင်းလည်းပဲ ဝိပဿနာတရားများကို ကျင့်သုံးလာကြတဲ့အခါ ယင်းဇာတ်နိမ့်ပရိသတ်တို့၏ စီးပွားရေး၊လူမှုရေးပြဿနာများဟာ လွယ်ကူစွာဖြေရှင်း၍ရလာမှာပါ။ ကိုယ်စိတ်နှစ်ပါးကျန်းမာကြံ့ခိုင်မှုမရှိတဲ့ အိန္ဒိယပြည်ကြီး၏ အခြေအနေဆိုးကို ရှင်တော်မြတ်ဟောကြားတော်မူတဲ့ ဖြူစင်သောဓမ္မရေအေးအမြိုက်ဆေး တိုက်ကျွေးခြင်းဖြင့် ကျန်းမာချမ်းသာကြံ့ခိုင်လာရန် ကုသပေးနိုင်ပါတယ်။

ဗုဒ္ဓရှင်တော်ဘုရားနှင့် တရားဓမ္မအမြိုက်ဆေးကို ဝေငှပေးကမ်းခဲ့တဲ့ အိန္ဒိယပြည်ကြီးအား ကျေးဇူးအထူးတင်ရှိကြတဲ့ ကျွန်ုပ်၏ဓမ္မဖခင်ဆရာကြီးတို့လို ကျွန်တော်လည်းသူတို့နည်းတူ ဗုဒ္ဓဓမ္မပေါ်ထွန်းခဲ့ရာ မူရင်းနိုင်ငံတော် အိန္ဒိယပြည်ကြီးအား ကျေးဇူးကြွေးမြီများကို ပြန်လည်ပေးဆပ်လိုပါတယ်။

ဤနိုင်ငံတော်မှာ ဆင်းရဲဒုက္ခပင်လယ်ဝေနေကြတဲ့ ပြည်သူပြည်သားများအား ဗုဒ္ဓတရားတော်မှ ကျွန်တော်ရရှိအပ်သော မေတ္တာ၊ ကရုဏာများဖြင့် မည်သည့်အကျိုးအမြတ်ကိုမျှ မမျှော်မှန်းဘဲ

www.burmeseclassic.com

www.burmeseclassic.com



စေတနာဖြူစင်စွာ အလုပ်အကျွေးပြုလိုပါတယ်။

ဗုဒ္ဓအမည်ခံယူပြီး ဘာသာရေးတစ်စင်၊ တစ်ဂိုဏ်းတည်ထောင်ရန် ကျွန်တော်လုံးဝစိတ်ဝင်စားမှုမရှိပါ။ ဤကဲ့သို့ ပြုလုပ်ပါလျှင် ဗုဒ္ဓဓမ္မကို လက်ခံလိုသော အခြားဘာသာရေးဂိုဏ်းသားများအတွက် အတားအဆီးတစ်ခုဖြစ်သွားမှာပါ။ ဗုဒ္ဓတရားတော်မြတ်၏ ဖြူစင်မှုနှင့် အများနှင့်သက်ဆိုင်မှု အခြေအနေများကို ပုံမှန်မပျက် ထိန်းသိမ်းထားလိုပါတယ်။ အဲဒီလို ဆောင်ရွက်မှသာလျှင် ကွဲပြားခြားနားသော ဇာတ်ရှိသူများ၊ လူမျိုးအုပ်စုကွဲများ၊ ဘာသာရေးကွဲပြားကြတဲ့ လူအမြောက်အမြား ဗုဒ္ဓဓမ္မ၏ လက်တွေ့အကျင့်များကို ကျင့်ကြံအားထုတ်ကြပြီး ကောင်းမြတ်သောအကျိုးများကို စံစားနိုင်ကြမယ်ဖြစ်ပါတယ်။

မေး(၁၁)။ ။ ဂုရုကြီးခင်ဗျား၊ အိန္ဒိယပြည်ဟာလူဦးရေသန်းပေါင်း ၁၀၀၀ရှိပါတယ်။အဲဒီလူထုကြီးအတွက် ဗုဒ္ဓရှင်တော်ဘုရားရဲ့အတ္တုပတ္တိ အကြောင်းအရာများ သိရှိအောင်နှင့် သူ့ရဲ့အံ့ဩဖွယ်ကောင်းတဲ့ တရားတော်များကို လက်ခံလာအောင် အကောင်းဆုံးနည်းလမ်း ဘယ်လိုရှိပါသလဲ၊ ဘာဖြစ်ပါသလဲ။

ဖြေ ။ ။ အိန္ဒိယပြည်နှင့် အခြားတိုင်းပြည်မှာရော ရခဲ့တဲ့ ကျွန်တော်ရဲ့ နှစ်ပေါင်း(၂၆)နှစ် အတွေ့အကြုံအရ၊ ဗုဒ္ဓဟောကြားခဲ့တဲ့ လူတိုင်းအတွက်ဖြစ်တဲ့ဝိပဿနာကမ္မဋ္ဌာန်းတရားကို လူ့အလွှာတိုင်း၊ အဖွဲ့အစည်းတိုင်း၊ ဘာသာရေးဂိုဏ်းတိုင်း၊ အုပ်စုတိုင်းက လိုလိုလားလားလက်ခံကြပါတယ်။ အခုအချိန်ဟာ ဗုဒ္ဓဓမ္မပေါ်ထွန်းခဲ့တဲ့ မူလဒေသ အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓဓမ္မတော်မြတ် စည်ပင်ပြန့်ပွားလာရန်ကြိုးပမ်းမှုများ ဝိုင်းဝန်းအားပေးကြဖို့ အချိန်ကောင်းဖြစ်ပါတယ်။ ရှေးဦးထွက်မြေစမ်း၊ ခရမ်းပျိုးတရားစခင်များ ကောင်းစွာအောင်မြင်နေကြပါပြီ။ အခြေခံအုတ်မြစ်မှာစည်း

www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်ချပြီးကြပါပြီ။ ဝိပဿနာ ဓမ္မဗိမာန် ကြီးတည်ဆောက်ကြရန် အချိန်ရောက်ပါပြီ။

အခုအခါမှာ အိန္ဒိယမှာ ဝိပဿနာတရားတော် အကြောင်း အများအားဖြင့်တစ်ဆင့်စကားတစ်ဆင့်ကြားဖြင့် ပျံ့နှံ့သွားနေတာဖြစ်ပါတယ်။ ဝိပဿနာတရားအကျိုးကို လက်တွေ့ခံစားသွားရတဲ့ သူများက ဝိပဿနာတရားကောင်းကြောင်း ချီးမွမ်း ဩဘာပေးပြီး သတင်းဖြန့်ကြလို့ပြန့်တာပါ။ဒီနည်းလမ်းဟာ ဗုဒ္ဓဓမ္မကို အစဦးမိတ်ဆက် သဘောလောက်အတွက်သာ သင့်လျော်ပါတယ်။ ဒီတရားအကြောင်းကို ပိုမိုပြည့်ပြည့်စုံစုံ၊ ကျယ်ကျယ်ပြန့်ပြန့် သိစေဖို့အတွက်တော့ ဒီနည်းနှင့်မလုံလောက်သေးပါဘူး။

အိန္ဒိယလူထုအများစုဟာ ယခုထက်တိုင် ဗုဒ္ဓနှင့် ဗုဒ္ဓဟောကြားသောတရားဓမ္မအကြောင်းကို မကွယ်မထောင့်၊ ဖြောင့်ဖြောင့်မှန်မှန် ကောင်းကောင်း နားမလည် မသိရှိကြရှာသေးဘူး။ ဗုဒ္ဓအကြောင်း သိကောင်းစရာ အမှန်အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့်သိကြရအောင် အထူးကြိုးပမ်းမှုများ လုပ်ဆောင်ကြရန် လိုအပ်ပါတယ်။ အိန္ဒိယလူထုကြီးကို ဗုဒ္ဓနှင့်ပတ်သက်သော အောက်ပါ အချက်ကြီးများ သိရှိနားလည်စေရန်ဆောင်ရွက်ကြရပါမယ်။ဗုဒ္ဓဟာ–

(၁) လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ခန့်က အိန္ဒိယပြည်တွင်ဖွားမြင်ခဲ့သော သမိုင်းဝင် ပုဂ္ဂိုလ်အစစ်အမှန်ဖြစ်ပါတယ်။ စိတ်ကူးကြံစည် ဖန်တီးရေးကြ၊ ပြောကြတဲ့ ဒဏ္ဍာရီလာပုဂ္ဂိုလ်မျိုး မဟုတ်ကြောင်း။

(၂) ဗုဒ္ဓဟာ ဘယ်ဒေဝလောကမှ နတ်တစ်ပါးပါးရဲ့ လူဝင်စားပုဂ္ဂိုလ်မဟုတ်ကြောင်း၊ လွန်ခဲ့တဲ့ မရေမတွက်နိုင်တဲ့ ဘဝပေါင်းများစွာမှာ ပါရမီတော်များ ဖြည့်ဆည်းခဲ့ပြီး ကိုယ်တော်တိုင် ကြိုးပမ်းမှုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓတစ်ဆူဖြစ်လာခဲ့ကြောင်း။

(၃) နတ်ဒေဝါများနှင့် အသူရာတို့၏ ရန်စစ်ပွဲ ကြီးတွင် ဗုဒ္ဓမြတ်စွာဘုရားသည် မည်သည့်ဘက်ကမျှ ပါဝင်ခြင်းမရှိကြောင်း၊ ရှင်တော်ဘုရားသည် အသူရာ၊ လူ၊ နတ်၊ ဗြဟ္မာ မဟူ အားလုံးသော သတ္တဝါအပေါင်းတို့ရဲ့ နည်းညွှန်လမ်းပြ ဆရာမြတ်သာလျှင်ဖြစ်ကြောင်း။

(၄) ဗုဒ္ဓရှင်တော်မြတ်သည် အေးချမ်းမှု သာယာညီညွတ်မှု၊ ကြင်နာသနား ကရုဏာထားမှု စသော မွန်မြတ်သောတရားတို့ ကိန်းအောင်းရာ ဖော်ညွှန်းရာနမူနာပြယုဂ်၊ ပုဂ္ဂိုလ်ကြီးပင်ဖြစ်ကြောင်း။

(၅) ရှင်တော်မြတ်ဘုရားသည် မာယာ–မောဟစသော ဆိုးဝါးသော တရားကိုယ်များဖြင့် ဖွဲ့စည်းထားသောကိုယ်မဟုတ်ဘဲ မောဟမာယာတို့မှ ကင်းကွာသော ပွင့်လင်းသော ဗောဓိဉာဏ်ရှင် တစ်ဆူသာလျှင် ဖြစ်ကြောင်း။

(၆) မိမိဟောပြသလို ကိုယ်တိုင်ကျင့်တော်မူ၍ မိမိကိုယ်တိုင်ကျင့်သည်ကိုသာ ဟောပြတော်မူသောကြောင့် ဗုဒ္ဓသည် အထူးယုံကြည်လေးစားမှုကို ခံယူရကြောင်း၊ မိမိ၏ဟောပြောချက်နှင့် ကျင့်သုံးမှုတွင် အနည်းငယ်မျှကွာခြားမှုမရှိကြောင်း။

ဗုဒ္ဓ၏ဘဝသည် တစ်လျှောက်လုံး အပြစ်ကင်းမဲ့ကဲ့ရဲ့ရှုံ့ချဖွယ် ဘာတစ်ခုမျှမရှိကြောင်း ၊ မိမိအား မလိုတမာ အငြိုးပွားသူများကိုပင် ကရုဏာစိတ်ထား၍ ကူညီစောင်မတော်မူကြောင်း။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



(နတ်ဒေဝါ စသည့်) သတ္တဝါအချို့ကိုကူညီစောင်မရန် (အသူရာစသည့်) အခြားသတ္တဝါများကို လှည့်ဖြား သည် ဆိုသည်မှာ လွန်စွာမှားယွင်းကြောင်း။

(၇) ဗုဒ္ဓ၏ဘဝသည် မြူမှုံသောအပြစ်ပင်မရှိ၊ ပကတိ ဖြူစင်သကဲ့သို့ ဗုဒ္ဓ၏ ထုတ်ဖော်ဟောကြား ချက်တရားတော်မြတ်သည်လည်း အပြစ်ကင်းစင် ပကတိ ဖြူစင်လှကြောင်း။ အများနှင့်ဆိုင်သော လူတိုင်းအတွက်ဖြစ်သော သူ၏ သီလ၊ သမာဓိ၊ ပညာ သိက္ခာ(၃)ပါးတရားအပေါ် အပြစ်တစ်စုံတရာ ထောက်ပြကဲ့ရဲ့ဖွယ် အနည်းငယ်မျှပင်မရှိကြောင်း။ ဤစင်ကြယ်ဖြူစင်သောတရားတော်ဖြင့် လူအပေါင်း အား ကိလေသာအညစ်အကြေးများနှင့်ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်ကြရန် ကူညီစောင်မတော်မူကြောင်း။ ဤသို့ဖြင့် သူတို့၏ယခုဘဝနှင့် နောင်ဘဝတို့အတွက် သာယာပျော်ရွှင်ဖွယ် ချမ်းသာမှုများကို အားပေး တော်မူကြောင်း။ သူ၏တရားဓမ္မများသည် မည်သို့မျှ မတရား ဖြားယောင်းသွေးဆောင်မှုမရှိကြောင်း။

ဤသို့ ဗုဒ္ဓဘဝဖြစ်စဉ်အကြောင်း သိကောင်းစရာများကို အိန္ဒိယလူထုကြီးကမသိရှိကြပါ။ အဲဒီ အကြောင်းအရာစုံကို လူအများ သိရှိနားလည်လာအောင် ဆောင်ရွက်ကြဖို့လိုပါတယ်။ ဗုဒ္ဓသည် ဖြူစင် မြင့်မြတ်သည့် သူတော်စင်ကြီးဖြစ်ကြောင်း၊ သူ၏ဒေသနာတော်များ ဟာ မှန်မြတ်ထူးခြားကောင်းမွန်လှကြောင်းများကို အိန္ဒိယပြည်သူ အပေါင်းသိသင့်သိထိုက်ကြပါတယ်။

အိန္ဒိယပြည်တွင် ဗုဒ္ဓဓမ္မပြန်လည်ပွင့်လင်းလာစေရန် ကျွန်ုပ်တို့၏စီမံကိန်းများတွင် အဓိကဆောင် ရွက်လုပ်ဆောင်မှုကြီး

www.burmeseclassic.com

www.burmeseclassic.com



၂-ရပ်ပါဝင်ပါတယ်။

(က) ပထမအစီအစဉ်က ဗုဒ္ဓဓမ္မဆိုင်ရာ ရှေးဟောင်းကျမ်းဂန်စာပေများ (တိပိဋကတ်တော်၊အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာများ) ကို မူလပါဠိဘာသာဖြင့် အားလုံး ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရန်ဖြစ်ပါတယ်။ အဲဒီ ကျမ်းပေါင်းစုံဟာ ဒီနိုင်ငံမှာ လုံးဝတိမ်ကောပပျောက်နေပါတယ်။ အဲဒီ ဗုဒ္ဓတရားတော်များဟာ ပါဠိဘာသာဖြင့် ရှင်းလင်းစွာ ရေးသားထားတာကြောင့် ပညာရှင်များ ကောင်းစွာနားလည်နိုင်ကြပါတယ်။

အဲဒီ ပျောက်ကွယ်သွားခဲ့တဲ့ မြတ်ဗုဒ္ဓရဲ့ဓမ္မ ဒေသနာ အားလုံးကို ပညာရှင် ပုဂ္ဂိုလ်တစ်ဦးစီထံကိုလည်းကောင်း၊ စာကြည့်ပိဋကတ်တိုက်များ၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများသို့လည်းကောင်းရောက်ရှိရကြအောင် ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိပါတယ်။ အထက်တန်းပညာရှင်များ ဗုဒ္ဓတရားမြတ်များကို ကောင်းစွာ လေ့လာကြပြီး နားလည်တတ်ကျွမ်းလာကြစေဖို့ဖြစ်ပါတယ်။

ဆက်ပြီး ဆောင်ရွက်ဖို့ နောက်တစ်ဆင့်လုပ်ငန်းကတော့ အဲဒီဗုဒ္ဓပိဋကတ်စာပေ ကျမ်းစာတွေကို အိန္ဒိယပြည်သုံးဘာသာစကားဖြစ်တဲ့ ဟိန္ဒီဘာသာဖြင့် ပြန်ဆိုထုတ်ဝေဖို့ပါပဲ။ ပြည်နယ်အလိုက်ပြောဆိုသုံးစွဲကြတဲ့ အခြားဘာသာ စကားများဖြင့်လည်း အဲဒီပြည်နယ်များက ပညာရှင်တွေအတွက် ပြန်ဆိုထုတ်ဝေမှာ ဖြစ်ပါတယ်။ တတိယလုပ်ငန်းစဉ်

www.burmeseclassic.com



ကတော့ ဒေသအသီးသီး၊ ဒေသအလိုက် ပြောဆိုကြတဲ့ နေ့စဉ်သုံးဘာသာစကားများဖြင့် သာမန်လူအများစု အလွယ်တကူသိရှိကြဖို့ ဗုဒ္ဓဒေသနာတော်ကျမ်းများကို အခြေခံပြီး လူထုအကျိုးအတွက် စာပေမျိုးစုံရိုက်နှိပ်ထုတ်ဝေကြဖို့ပါပဲ။

(ခ) ဒုတိယဆောင်ရွက်ရန် စီမံချက်ကတော့ မွန်ဘိုင်မြို့ထဲမှာ သို့မဟုတ်အနီးမှာ ပေ၃၀၀ကျော် အမြင့်ရှိတဲ့ အလွန်ကြီးမားထည်ဝါတဲ့ လိုဏ်ဂူပုံသဏ္ဍာန်စေတီကြီးတစ်ဆူ တည်ဆောက်ကြမှာပါပဲ။ မွန်ဘိုင်မြို့ဟာ အိန္ဒိယနိုင်ငံရဲ့ စက်မှုလက်မှုလုပ်ငန်းများ ကူးသန်းရောင်းဝယ်မှုများ ငွေရေးကြေးရေး၊ ဘဏ္ဍာရေး ကိစ္စများအတွက် အချက်အခြာအကျဆုံး မြို့တော် ဖြစ်ပါတယ်။ သန်းပေါင်း ၁၀၀ကျော် လူဦးရေရှိတဲ့ မြို့ကြီးဖြစ်ပြီး အိန္ဒိယနိုင်ငံတစ်ဝန်းမှ နေ့စဉ် ရာပေါင်း ထောင်ပေါင်းများစွာ သွားလာဝင်ထွက်နေတဲ့ မြို့ကြီးဖြစ်ပါတယ်။

စေတီတော်ကြီးအတွင်း အလွန်ထည်ဝါ ခန့်ညားသပ္ပါယ်လှတဲ့ ဗုဒ္ဓရုပ်ပွား၊ ဆင်းထုတော်ကြီးတစ်ဆူ တည်ထားကိုးကွယ်ကြမှာ ဖြစ်ပါတယ်။ မြတ်စွာဘုရား၏ ဓာတ်တော် မွေတော်အစစ်များကိုလည်း ဌာပနာတိုက်သွင်းပြီး ပူဇော်ထားမှာဖြစ်ပါတယ်။ စေတီတော်အတွင်းပတ်ပတ်လည်မှာ ဗုဒ္ဓဖြစ်တော်စဉ်၊ ဗုဒ္ဓဝင်အကြောင်းအရာများကို ခေတ်မီရုပ်မြင်သံကြားနည်းသစ် အစီအစဉ်များဖြင့် ဖော်ပြထားမှာ ဖြစ်ပါတယ်။ ဖြစ်တော်စဉ်တစ်ခုစီ၏ အခန်း

www.burmeseclassic.com

www.burmeseclassic.com



အကွက်များကို သီးခြားအခန်းများတွင် ရုပ်တုများ၊ ရုပ်ပုံကားချပ်များဖြင့် ခင်းကျင်းပြသကြမှာပါ။

အဲဒါအပြင် စေတီတော်ကြီး၏ ခန်းမဆောင်ကြီး၏ အတွင်းနံရံများပေါ်မှာ အိန္ဒိယပြည်နှင့် ပြည်ပနိုင်ငံများမှ နာမည် ကျော်ဆရာကြီးများ၏လက်ရာပန်းချီကားများကို ရေးဆွဲထားမှာဖြစ်ပါတယ်။ အဲဒီပန်းချီကားများဟာ ဗုဒ္ဓဖြစ်တော်စဉ်အကြောင်းများနှင့် အထူးရေးသားထားသော ဗုဒ္ဓဂုဏ်တော်ဖွင့်ဂါထာများ၊ ပိဋကတ်တော်လာ ဂါထာဘာသာပြန်များ ပါရှိကြမှာပါ။

မွန်ဘိုင်မြို့မှာ ဒီစေတီတော်ဆောက်လုပ်တဲ့စီမံကိန်းကြီးချောမောစွာအောင်မြင်သွားပြီးနောက်အိန္ဒိယနိုင်ငံအခြားမြို့တော်ကြီးတိုင်းမှာလည်း ဗုဒ္ဓအထိမ်းအမှတ်ပူဇော်ရန် အလားတူစေတီကြီးများကို ဆက်လက်တည်ဆောက်သွားကြရန်အစီအစဉ် ရှိပါတယ်။

မေး(၁၂)။ ။ ဂုရုကြီးခင်ဗျား။ အခု ရိုက်နှိပ်ထုတ်ဝေမည့် ကျမ်းစာအုပ်တွေကို ဗုဒ္ဓဘာသာဝင်မဟုတ်ကြတဲ့ အိန္ဒိယပြည်သူတွေက လက်ခံကြလိမ့်မည်။ စာအုပ်တွေမှ အကျိုးထူးတွေ့ရကြလိမ့်မည်လို့ ဘယ်လို ယုံကြည်မှု ရှိနိုင်ပါသလဲ။

ဖြေ ။ ။ ဒီကိစ္စမှာ လက်တွေ့စမ်းသပ်အောင်မြင်မှုများရနေပါပြီ။ ဝိပဿနာ တရားစခန်းတွေကိုတက်ရောက်လာကြတဲ့ အိန္ဒိယပြည်သူအများဟာ ဗုဒ္ဓဘာသာဝင်များမဟုတ်ကြပါဘူး။ ဝိပဿနာတရား တစ်ပတ်ပြီးသွားတော့ ယောဂီအများဟာ သူတို့ လွဲမှားထင်ခဲ့ကြသလိုမဟုတ်ဘဲ ဗုဒ္ဓတရားကျင့်စဉ်ဟာ အလွန်စင်ကြယ်ပြီး လူတိုင်းနှင့် သင့်လျော်တယ်။ လူတိုင်းအတွက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်ဆိုတာ ကိုယ်တိုင်သိရှိ သွားကြလို့၊အလွန်အံ့ဩဝမ်းမြောက် ဝမ်းသာရှိသွားကြတယ်။ မမျှော်လင့်ခဲ့တဲ့ အတွေ့အကြုံပေကိုး။ ဒါကြောင့် သူတို့အရင်က ဗုဒ္ဓနှင့်ဗုဒ္ဓ တရားတော်များအပေါ် အထင်မှား၊ အမြင်မှား၊ အစွဲအလမ်းများတွေကို အကုန် စွန့်လွှတ်ပစ်လိုက်ကြတယ်။ ဗုဒ္ဓစာပေတွေကို ဖတ်ကြားလိုစိတ်ပြင်းပြလာကြတယ်။ အဲဒီစာပေ တွေကို လိုက်လံ ရှာကြတယ်။ ကျွန်တော်တို့သုတေသနအဖွဲ့ V.R.I က အင်္ဂလိပ်၊ ဟိန္ဒီနှင့်အခြား တိုင်းရင်းသား ဘာသာစကားများဖြင့် ပြန်ဆိုထုတ်ဝေတဲ့ ဗုဒ္ဓစာပေ အမျိုးမျိုးကိုဝယ်ယူ ဖတ်ရှုလေ့လာ ကြတယ်။

ဝိပဿနာယောဂီတွေရဲ့ တစ်ဆင့်စကားကြောင့် အဲဒီလိုဗုဒ္ဓစာပေတွေကို ကမ္ဘာ့ဗျှာန်းမထိုင်ဖူးသေးတဲ့ အခြားစာဖတ် ပရိသတ်တွေလည်း ဝယ်ယူဖတ်ရှုနေကြပါပြီ။ အဲဒီဗုဒ္ဓစာပေမျိုးစုံကို ပိုမိုမြောက်မြားစွာ ထုတ်ဝေနိုင်လေ လူထုလက်အရောက် ဖြန့်ဖြူးပေး နိုင်လေ ဗုဒ္ဓဆိုင်ရာ ပညာဗဟုသုတ တိုးပွားကျယ်ပြန့်လေဖြစ်လာမှာပါ။

ကျွန်တော်တို့ဟာဘာသာရေးဒသနပြဿနာတွေ အတွေးအခေါ်အယူအဆ အငြင်းအခုံတွေကို မဆွေးနွေး မတင်ပြပါဘူး။ အားလုံး လက်ခံနိုင်တဲ့၊ တစ်ယောက်မကျန် လက်ခံကြတဲ့ သီလ၊ သမာဓိ၊ပညာ သိက္ခာ သုံးပါးအကြောင်းကိုသာ အဓိကထားပြီးရေးသား ပြောဟောပါတယ်။ အဲဒီလိုဆောင်ရွက်ခြင်းဖြင့် လူအများဗုဒ္ဓနှင့် ဗုဒ္ဓတရားတော်အပေါ် အရင်က အထင်မှား၊အမြင်မှား၊ အစွဲလမ်းအမှား ဖြစ်ခဲ့တာတွေအားလုံး ရှင်းလင်းသုတ်သင်ပြီးဖြစ်သွားစေမှာ ဖြစ်ပါတယ်။

ဒီလိုကျွန်တော်တို့ဖြန့်ဝေတဲ့ ဗုဒ္ဓတရားစာပေတွေ အကြောင်း ကျက်ရဖတ်ရတဲ့ ဗုဒ္ဓဘာသာဝင် မဟုတ်သူတွေဟာ တစ်ချိန်ချိန်မှာ သူတို့ကိုယ်တိုင် လာရောက်ကြပြီး ဝိပဿနာတရား လမ်းစဉ်များကို ကျင့်သုံးဆောက်တည်ကြမှာအမှန်ပါ။ ဒါကြောင့် ဓမ္မ

www.burmeseclassic.com

www.burmeseclassic.com



စာပေကျမ်းဂန်များကို ရိုက်နှိပ်ထုတ်ဝေဖြန့်ချိခြင်း အစီအစဉ်၊ စီမံကိန်းများဟာ အိန္ဒိယ ပြည်သူလူထုကြီး အကျိုးကျေးဇူးအတွက် ဗုဒ္ဓဓမ္မကိုထိရောက်စွာ ဖြန့်ဖြူးပေးသော နည်းလမ်းကောင်းဖြစ်ပါတယ်။

မေး(၁၃)။ ။ ဂုရုကြီးခင်ဗျား စေတီတော်ကြီးတည်ဆောက်မှုနှင့် ပတ်သက်ပြီး စေတီတော်ကြီးရဲ့ ထူးခြားတဲ့အချက် အလက်အင်္ဂါရပ်များ ဘာတွေများလဲလို့ သိပါရစေ။ ပြီးတော့ ဒီစေတီတော်ကြီးတည်ဆောက်တဲ့ အိန္ဒိယပြည်သူလူထုဟာ ဘယ်လို အကျိုးကျေးဇူးများ ခံစားရမယ်ဆိုတာများ ပြောပြစေလို ပါတယ်။

ဖြေ ။ ။ ဒီစေတီတော်ကြီးနှင့်ပတ်သက်လို့ ထူးခြားတဲ့ အချက် ကတော့ ဒီစေတီတော်ကြီးမှာအခြား အလားအလာ တူ အထိမ်းအမှတ်အဖြစ် တည်ထား ကိုးကွယ်ကြတဲ့ စေတီများ အားလုံးမှာလို ဘာသာရေးအခမ်းအနားများ၊ ထုံးတမ်း အစဉ်လာပူဇော်ပသမှုများအတွက်သက်သက်ရည်ရွယ်ပြီး တည်ဆောက် ထားတာမဟုတ်တဲ့ အချက်ပါပဲ။

အိန္ဒိယပြည် အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် သူတော်စင်များကတော့ ဒီစေတီတော်ကြီးသို့ ဗုဒ္ဓအားကြည်ညိုသဒ္ဒါ အပြည့်အဝဖြင့်လာရောက် ပူဇော်ကြမှာအမှန်ပါ။ ဗုဒ္ဓဟာ ဆင်းရဲဝဋ် ဒုက္ခမှ လွတ်မြောက်ရာ အံ့ဩဖွယ်ဖြစ်သော မဂ်လမ်းကို ရှာဖွေ တွေ့ရှိတော်မူခဲ့တယ်။ အဲဒီတရားလမ်းစဉ်ဖြင့် သူတို့ရဲ့ ဘဝ လမ်းကြောင်းများ ပြောင်းလဲသွားပြီး ကောင်းကျိုးချမ်းသာများရခဲ့ ကြတယ်။ အဲဒီလိုကြီးမားလှတဲ့ ကျေးဇူးတော်များအတွက် ရှင်တော်မြတ် ဘုရားအားရည်စူးပြီး ဒီအမှတ်တရစေတီတော်ကြီးကို ဘုရားဖူး လာရောက်ကြမှာပါ။

ဝိပဿနာယောဂီများလည်း ရှင်တော်မြတ်ဘုရားရဲ့

www.burmeseclassic.com

www.burmeseclassic.com



မွေတော်၊ ဓါတ်တော်မြတ်များရဲ့ တရားလှိုင်းအာဝါသမှာ ခိုလှုံအားယူကြပြီး တရားကမ္မဋ္ဌာန်း စီးဖြန်းကြရန် ရောက်လာကြမှာဖြစ်ပါတယ်။ ဝိပဿနာကမ္မဋ္ဌာန်း ကျင့်ကြံအားထုတ်နိုင်ရန် ယောဂီ–၅၀၀ တရားထိုင်နိုင်ရန် နေရာထိုင်ခင်း အပြင်အဆင် အပြည့်အစုံကိုလည်း စေတီတော်ကြီး ဆောက်လုပ်ရေး အစီအစဉ်မှာ ထည့်သွင်းစီစဉ်ထားပါတယ်။ ယင်းတရား စခန်းများမှာ ယောဂီတို့ဟာ ဆိတ်ငြိမ်အေးချမ်းစွာ အနှောက်အယှက်မရှိ တရားအာရုံပြုကြ၍ ဗုဒ္ဓ၏ ဓမ္မအဆီအနှစ်အရသာများကို ကောင်းစွာခံစားနိုင်ကြမှာဖြစ်ပါတယ်။

ဒီစေတီတော်ကြီးကို ဘုရားဖူး သက်သက်ပဲမဟုတ်ပဲ။ ဗုဒ္ဓရှင်တော်မြတ်အကြောင်းအရာ၊ သိကောင်းစရာတို့ကို တိကျမှန်ကန်စွာသိရန် ဗဟုသုတရှာရန်သက်သက် လာရောက်ကြသူများလည်း အများအပြားရှိမည် အမှန်ဖြစ်ပါတယ်။ ဒီလို ဗဟုသုတများ စေတီတော်ကြီးမှာ ရသွားပြီးနောက် ထိုသူတို့ဟာ ကြည်ညိုသဒ္ဓါတရား ထက်သန်လာကြမည်။ အမှန်ဖြစ်ပါတယ်။

အထက်ကပြောပြခဲ့တဲ့အတိုင်း ဒီစေတီတော်ကြီးဟာ အလွန်ကြီးမားတဲ့ အဆောက်အဦဖြစ်မှာပါ။ ဉာဏ်တော်ဟာ ၃၂၅ ပေရှိပြီး အောက်ပိုင်းမှာ အမာခံမဟုတ်ပဲ လိုဏ်ဂူကြီးဖြစ်ပါတယ်။ စေတီတော်နှင့် တွဲဖက်၍ အချင်း၃၂၅ပေရှိ အလွန်ကြီးမားသော ခန်းမဆောင်ကြီးပါဝင်ပါမည်။ ခန်းမဆောင်ကြီးဟာ တိုင် အထောက်အမလုံးဝမရှိဘဲ ပတ်လည်ဝိုင်းရံလျက်ရှိသော အုတ်တံတိုင်းပေါ်တွင်သာ တည်နေပြီး ပေ၁၀၀ မြင့်မားတဲ့ အမိုးခုံးကြီးက အုပ်ဆောင်းထားမှာပါ။

ဤဝန်းရံသောခန်းမဆောင်ကြီးနှင့် ဆက်လျက် ယင်းပတ်လည်တွင် ပြခန်းများ အစီအရီဆက်ကာပါရှိတဲ့ ပြပွဲခင်းကျင်းရန် အဆောက်အအုံက ပတ်ချာလည် ဝိုင်းလျက်တည်ရှိနေမှာဖြစ်ပါတယ်။ ယင်းပြခန်းများတွင် ဗုဒ္ဓဖြစ်တော်စဉ် ဗုဒ္ဓဇာတ်တော်ဇာတ်ကွက်များ

www.burmeseclassic.com

www.burmeseclassic.com



ပြသထားမှာဖြစ်ပါတယ်။ယင်းဇာတ်တော်ဇာတ်ကွက်များကို အိန္ဒိယပြည်မှ ထင်ရှားသော အနုပညာရှင်ကြီးများ၊ ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့လက်ရာများဖြင့် သရုပ်ဖော်ထားမည်ဖြစ်ပါတယ်။ အဲဒီအနုပညာ အမျိုးမျိုးနဲ့ သရုပ်ဖော်ပြထားတဲ့ ပြခန်းပြကွက်များကို လာရောက်ကြည့်ရှုကြသူတို့အား အိန္ဒိယနိုင်ငံတွင် သုံးသော ဘာသာစကားအမျိုးမျိုးဖြင့် ရုပ်မြင်သံကြားစက်များမှ ရှင်းလင်းပြသပေးသွားမှာဖြစ်ပါတယ်။

ဒီဆောက်လုပ်ရေးလုပ်ငန်းကြီးဟာ အလွန်ထူးခြားတဲ့ ဗိသုကာအင်ဂျင်နီယာဆိုင်ရာ ဆောင်ရွက်မှုကြီးဖြစ်မှာပါ။ ဤမျှအရွယ်ကြီးမား ဉာဏ်တော်မြင့်မားတဲ့စေတီကြီးမျိုး၊ မြန်မာပြည်မှအပ အိန္ဒိယမှာရော၊ ကမ္ဘာ့အခြားနိုင်ငံများမှာရော မရှိသေးပါဘူး။ ဒါပထမဆုံးတည်ဆောက် ကြတာပါ။ မြန်မာပြည်မှာတော့ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး တည်ရှိပါတယ်။ အဲဒီစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုရင်း ဒီမွန်ဘိုင်စေတီတော်ကြီးတည်ဆောက်ဖို့ စိတ်ထက်သန်လာတာပါ။ ရွှေတိဂုံစေတီတော်ကြီးက တစ်ဆူလုံး အခေါင်းပိတ် အမာခံအဆောက်အအုံဖြစ်ပြီး ဒီမွန်ဘိုင်စေတီတော်ကတော့ ဟောင်းလောင်းပေါက် လိုဏ်ဂူအဆောက်အဦဖြစ်လို့ ခေတ်အမီဆုံးဆောက်လုပ်ရေး အင်ဂျင်နီယာအတတ် ကျွမ်းကျင်မှုအများဆုံးအသုံးပြုတည်ဆောက်သွားကြမှာဖြစ်ပါတယ်။

ဒီစေတီတော်ကြီးရဲ့အပြင်ပန်းအသွင်ပြင်မှာတော့ ရိုးရာထုံးစံ၊ထီးတော်၊စိန်ဖူးတော်၊ ငှက်မြတ်နား၊ ကြာဖူး၊ ကြာလံအစရှိတဲ့ ရိုးရာအနုပညာ အဆင်တန်ဆာများနဲ့ မွမ်းမံချယ်သထားပြီး အတွင်းပြခန်းတွေမှာ ဗုဒ္ဓဝင်ပန်းပု၊ ပန်းချီအနုပညာလက်ရာများဖြင့် ချယ်လှယ်ခင်းကျင်းပြသထားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီစေတီတော်ကြီးမှာ ရှေးဟောင်းလက်ရာအနုပညာများကို ခေတ်အမီဆုံး ဆောက်လုပ်

www.burmeseclassic.com

www.burmeseclassic.com



ရေး သိပ္ပံပညာများနှင့် ပူးတွဲပေါင်းစပ် ဖန်းတီးပုံဖော်ထားကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီစေတီတော်ကြီးဟာ မွန်ဘိုင်မြို့ကြီးမှာ သာမက အိန္ဒိယတစ်ဝန်းမှလူထုပရိသတ်များကို သံလိုက်ဆွဲအား ကောင်းဖြင့် ဆွဲညှို့လိုက်သကဲ့သို့ စုရုံးရောက်လာကြရန် ဆွဲဆောင် ဖိတ်ခေါ်ယူပါလိမ့်မည်။ စေတီတော်ကြီးရဲ့လွန်စွာကြီးမားသော ပမာဏ နှင့် လှပခန့်ထယ်၊ ကြည်ညိုဖွယ်သော သဏ္ဍာန်တော်ကြောင့်လည်း နိုင်ငံပေါင်းစုံမှ ဗုဒ္ဓဘာသာဝင်ရော ဗုဒ္ဓဘာသာမဟုတ်တဲ့ ခရီးသွား ဧည့်သည်များကို၊ ဆွဲဆောင်ဖိတ်ခေါ်ပြီး ဖြစ်နေပါလိမ့်မယ်။ အချို့ သူများကတော့ ဝိပဿနာကမ္မဋ္ဌာန်းစခန်းများကို ရည်မှန်းဦးတည် လာကြပေလိမ့်မည်။ အခြားအခြားသော ဧည့်သည်များကတော့ ဒီ စေတီတော်ကြီးမှာ စုံစမ်းသိရှိနိုင်တဲ့ ဗုဒ္ဓနှင့် ဗုဒ္ဓတရား အကြောင်း သိကောင်းစရာများကို လေ့လာမှတ်ယူသွားကြပေလိမ့်မည်။ အဲဒီနည်း များဖြင့် ဗုဒ္ဓတရားတော်များ နီးဝေးဒေသ အနံ့အပြားသို့ ပြန့်ပွားသွားကြ မှာဖြစ်ပါတယ်။

မေး(၁၄)။ ။ ဆရာကြီးရဲ့ ဒီမွန်မြတ်လှတဲ့ စီမံကိန်းကြီး (၂)ခုအတွက် အခြားတိုင်းနိုင်ငံများက ဗုဒ္ဓဘာသာဝင်သူတော်စင် တွေက ဘယ်လို ပံ့ပိုး ကူညီနိုင်မလဲ။ သူတို့ဘယ်လို ဆောင်ရွက်ကြမလဲ။

ဖြေ ။ ။ ကျွန်တော်တို့ ဓမ္မဒူတလုပ်ငန်းများအဖြစ်တည်ဆောက် ဖွင့်လှစ်တရားပြသနေကြတဲ့ ဝိပဿနာ တရားရိပ်သာ များအတွက် အစဉ်အလာ ထုံးတမ်းအရ ဝိပဿနာ တရားမထိုင်ရသေးတဲ့ ယောဂီအသစ်များထံက ဘယ်လိုအလှူငွေမှ ကောက်ယူ လက်ခံလေ့မရှိပါဘူး။ ဒါပေမယ့် အခုစီစဉ်ဆောင်ရွက် နေတဲ့ ဗုဒ္ဓဓမ္မပြန့်ပွားရေးစီမံကိန်းကြီး(၂)ခုလုံးမှာတော့ မည်သူမဆို

www.burmeseclassic.com

www.burmeseclassic.com



အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြပါတယ်။ ဝိပဿနာ တရားထိုင်ပြီး ယောဂီမဟုတ်သော်လည်း ဗုဒ္ဓဘာသာဝင်သူတော်စင်ဖြစ်လျှင် ကမ္ဘာ အရပ်ရပ်ဘယ်ဒေသမဆို ဗုဒ္ဓရှင်တော်မြတ်ကြီး၏ အတ္ထုပ္ပတ္တိ အကြောင်းမှန်နှင့် ဝဋ်ဆင်းရဲမှ လွတ်ကင်းစေနိုင်သည့် ဗုဒ္ဓတရား တော်မြတ်များကို သိရှိနားလည်နိုင်စေရန်ရည်သန်သော ဤ ကြီးမား သောစီမံကိန်းကြီးများတွင် မည်သူမဆို အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကူညီပံ့ပိုးနိုင်ကြပါတယ်။

အထက်ပါ စီမံကိန်းကြီး ၂–ခုဟာဒါနပါရမီမျိုးစေ့ကြဲချ စိုက်ပျိုးရန်ကောင်းမွန်သော လယ်မြေများဖြစ်ပါတယ်။ ကမ္ဘာ့ပရိသတ် သူတော်စင်အပေါင်း ဤစီမံကိန်းကြီးများအတွက် ရက်ရက်ရောရော အလှူငွေများထည့်ဝင်လှူဒါန်းလာကြလိမ့်မယ်လို့ ကျွန်တော်ယုံကြည် ပါတယ်။

ဒီစီမံကိန်းကြီး ၂–ခု ချောမောအောင်မြင်သည်နှင့်အမျှ အိန္ဒိယနှင့်တကွ ကမ္ဘာတစ်ဝန်း သိန်းသန်းလူထု တစ်ရပ်လုံး လိုအပ် နေကြတဲ့ ဗုဒ္ဓအတ္ထုပ္ပတ္တိအကြောင်းအရာနှင့် ဗုဒ္ဓဟောဖော်ပြတော်မူခဲ့တဲ့ တရားတော်မြတ်များအကြောင်း ပညာဖြန့်ဖြူးပေးရေး လုပ်ငန်းကြီး အလျှင်အမြန်ကြီးပွားတိုးတက်လာမည်ဖြစ်ပါသည်။

ကျွန်တော်၏ ဖမ္မဖခင်ဆရာကြီးဦးဘခင်နည်းတူ လည်းကောင်း၊ ကျွန်တော်အားနည်းတူလည်းကောင်း ဗုဒ္ဓရှင်တော် မြတ်၏ တရားတော်များမှ အကျိုးကျေးဇူးခံစားခဲ့ကြရသူ၊ ရဟန်းရှင် လူအများ ကမ္ဘာတစ်ဝန်းမှာ တကယ်ပင်ရှိကြပါတယ်။ထိုထို လူအပေါင်း ဟာ ဗုဒ္ဓရှင်တော်မြတ်နှင့် ဗုဒ္ဓတရားတော်မြတ်များ မူလတည်ရှိခဲ့တဲ့ အိန္ဒိယနိုင်ငံကို အထူးကျေးဇူးဥပကာရ တင်ရှိနေကြသူများ ဖြစ်ကြ ပါတယ်။ အံ့ဩဖွယ်ထူးခြားတဲ့ ဗုဒ္ဓတရားတော်မြတ်ဟာ မူရင်းနိုင်ငံ၌ ယနေ့ကွယ်ပျောက်လျက်ရှိကြောင်း ကောင်းစွာသိကြပါတယ်။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုသူတော်စင်အပေါင်းတို့ဟာ အိန္ဒိယပြည်သို့ တရားကြွေးမြီ ပြန်လည်ပေးဆပ်ရန် စိတ်ဆန္ဒအာသီသပြင်းပြကြမည်အမှန်ဖြစ်ပါတယ်။

မေး(၁၅)။ ။ ဓမ္မဖြန့်ဖြူးရာ၌ ပါဝင်ကူညီဆောင်ရွက် ခြင်းဖြင့် ဘယ်လိုကုသိုလ်အကျိုးကျေးဇူးများ ရပါသလဲ။

ဖြေ ။ ။ ကျေးဇူးသိတတ်ခြင်းဆိုတဲ့ အလွန်ဖြစ်ခဲရှိခဲတဲ့ ဂုဏ်ဟာအလွန်အရေးကြီးပါတယ်။ ဓမ္မလက်ကိုင်ရှိသူတိုင်း ရှိရမယ့်အရည်အချင်းတစ်ခု ဖြစ်ပါတယ်။ ဗုဒ္ဓဓမ္မပေါ်ထွန်းခဲ့ရာ မူလနိုင်ငံမှာ ဓမ္မပြန်လည်ထွန်းကားလာဖို့အတွက် ကူညီဆောင်ရွက်ခြင်းဟာ အဲဒီဖြစ်ခဲရခဲတဲ့ကျေးဇူးသိတတ်မှုအရည်အချင်း မိမိမှာရှိလာဖို့ လုပ်ဆောင်မှုဖြစ်ပါတယ်။ ကရုဏာတော်ရှင်မြတ်ဘုရားဟောကြားတော်မူခဲ့တဲ့ တရားတော်များဟာ မိမိတစ်ဦးတည်း ဝဋ်ဆင်းရဲမှ လွတ်မြောက်ရုံမျှ မဟုတ်ပါဘူး။ အခြားဝေနေယျ ပုဂ္ဂိုလ်များကိုလည်း ဆင်းရဲမှလွတ်မြောက်ကြရန် ပံ့ပိုး ကူညီစေဖို့ဖြစ်ပါတယ်။

ဗောဓိမျိုးစေ့ပါရှိခဲ့ပြီး မိမိကိုယ်တိုင် သံသရာမှ လွတ်မြောက်ရေးနှင့် အခြားသူများလွတ်မြောက်ရေးအတွက်ပါ ဗောဓိစိတ်ဓာတ် (ဗောဓိစိတ္တ)ထူထောင် မွေးမြူကြိုးပမ်းအားထုတ်သူတိုင်း မေတ္တာ၊ ကရုဏာတရားများတိုးပွားစည်ပင်လာရန် ဆန္ဒရှိမည်အမှန်ဖြစ်ပါတယ်။ ဓမ္မဒါနပြုရာတွင် ပံ့ပိုးကူညီခြင်းသည် မိမိကိုယ်တွင် မေတ္တာ၊ ကရုဏာများ တဖွားဖွားတိုးတက်လာစေသော ကုသိုလ်အမှုပြုခြင်းပင်ဖြစ်ပါတယ်။

အစာငတ်ပြတ်နေသူအား အစာကျွေးမွေးတာ ရေမွတ်သိပ်နေသူအား ရေကြည်အေးတိုက်ကျွေးတာ၊ အဝတ်အထည်ကင်းမဲ့နေသူအား ဝတ်ဆင်ရန် အဝတ်အထည်ပေးကမ်းတာ၊ မကျန်းမာသူအား ဆေးဝါးထောက်ပံ့ကူညီတာတွေဟာ အမှန်ပင်ကောင်းမှုကုသိုလ်များဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အဲဒီကုသိုလ်ကောင်းမှုများဟာ မသိနားမလည်ရှာ၊ အဝိဇ္ဇာ အမိုက်မှောင်ဖုံးလွှမ်းနေရှာသူအား မွန်မြတ်သော ဓမ္မလှူဒါန်းပေးမှုနှင့်မနှိုင်းနိုင်ကြပါဘူး။ ရှင်တော်မြတ်ဘုရားက အထူးအလေးထားပြီး ဟောကြားခဲ့ပါတယ်။

''သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။ ဓမ္မအလှူကောင်းမှုသည် အခြားဒါနများထက် သာလွန်မွန်မြတ်၏။''

ကျွန်တော်တို့ရဲ့ ဓမ္မပြန့်ပွားရေး စီမံကိန်းကြီး ၂–ရပ်ဟာ အိန္ဒိယလူထုကို ဓမ္မပေးဝေဖြန့်ဖြူးတဲ့ ကောင်းမှုအလုပ်များဖြစ်ပါတယ်။ ဒါကြောင့် စီမံကိန်းကြီးများအောင်မြင်စေဖို့ ရည်သန်ပြီး ပံ့ပိုးကူညီထောက်ပံ့လှူဒါန်းခြင်းဖြင့် မိမိအသီးသီးရဲ့ ဒါနပါရမီကြီးကို များစွာတိုးပွားစေမှာ အမှန်ဖြစ်ပါတယ်။

ဗုဒ္ဓမျိုးစေ့ရှိသူ သူတော်စင်တို့သည် မိမိ၏ မေတ္တာပါရမီ၊ ဒါနပါရမီများဖြည့်ဆည်းရန် ဤဓမ္မဒါန ကောင်းမှုအခွင့်အလမ်းကြီး မလွတ်တမ်း လက်ကမ်းယူနိုင်ကြပါစေသော်ဝ်။

ဓမ္မဒါနကောင်းမှုများဆောင်ရွက်ခြင်းဖြင့် မိမိ၏ ဓမ္မအဆင့်အတန်း တိုးမြင့်ကြီးပွားကြပါစေသော်ဝ်။

အထက်ပါ တွေ့ဆုံမေးမြန်းခန်းအစီအစဉ်ကို၁၉၉၈ခု ဖေဖော်ဝါရီလအတွင်းက ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းအချိန်မှစ၍ ပြီးခဲ့သောလေးနှစ်အတွင်း ဂုရုကြီးဂိုအင်ကာ၏ ဓမ္မပြန့်ပွားရေးလုပ်ငန်း စီမံကိန်း ၂–ရပ်သည် အောက်ပါကိစ္စများကို ပြီးစီးအောင်ဆောင်ရွက်ခဲ့နိုင်ပါသည်။

(၁) ဆဋ္ဌသင်္ဂါယနာမူ ပိဋကသုံးပုံ၊ အဋ္ဌကထာ၊ ဋီကာနှင့်မြန်မာကျမ်းမျိုးစုံကို အီဂတ်ပူရီမြို့ ဝိပဿနာသုတေသနအဖွဲ့ **Vipassanr Research Institute (V.R.I)** က အပြည့်အစုံ **CD Rom** ခွေတတ်ပြားသွင်း၍ မှတ်တမ်းတင်ပြီးဖြစ်ပါသည်။ ယင်းကျမ်းများကို

www.burmeseclassic.com

www.burmeseclassic.com



မြန်မာအက္ခရာသာမက ရောမ၊ ဒေဝ နာဂရီ၊ ထိုင်းစသည့် အက္ခရာ (၇)မျိုးဖြင့်ဖတ်နိုင်ရန် CD Rom များတွင်ထည့်သွင်းထားပါသည်။ ယင်းပိဋက(၃)ပုံ CD Rom များကို ကမ္ဘာအနှံ့ အခမဲ့ဖြန့်ဝေလှူဒါန်းပြီး ဖြစ်ပါသည်။

ဂုင်းပြင် CD Rom တွင်သွင်းထားသည့်အတိုင်း မြန်မာ ဘုန်းတော်ကြီးကျောင်းများတွင် အသုံးပြုရန် ပိဋကတ်ကျမ်းစာ အလုံးစုံကို စာအုပ်အဖြစ် မြန်မာအက္ခရာများဖြင့် ရိုက်နှိပ်နေပြီ ဖြစ်ပါသည်။ ယင်း ဆဋ္ဌမူ ပိဋကကျမ်းစာအုပ် အစုံ ၃၀၀၀ကို ထိုင်ဝမ် နိုင်ငံမှ ဗုဒ္ဓဘာသာဆိုင်ရာ ပညာဖြန့်ဖြူးရေးအသင်းကြီး **Buddha Educational Foundation** က ပုံနှိပ်ထုတ်ဝေကာ ဂုရုကြီးဂိုအင်ကာမှ တစ်ဆင့် ကမ္ဘာအရပ်ရပ် မြန်မာဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်း သွားကြမည် ဖြစ်ပါသည်။

BURMESE CLASSIC

(၂) မွန်ဘိုင်မြို့အနီး မြတ်စေတီကြီး တည်ဆောက်ရေး စီမံကိန်းကြီးကို ၁၃၅၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်၊ ၁၉၉၇ ခုနှစ်၊ အောက် တိုဘာလ ၂၆ ရက်နေ့ကပင် စတင်ဆောင်ရွက် နေပြီ ဖြစ်ပါသည်။ မွန်ဘိုင်မြို့အနီး **Gore** ဂိုရေးဒေသ ဗုဒ္ဓဒီပကျွန်း တော်မြတ်၌ 'ဝိပဿနာဓမ္မဒီပသဗ္ဗညုတစေတီတော်'ဟု ဘွဲ့တော် သတ်မှတ်စေတီမြတ်ကြီး၏ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။

ယင်းရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနား ကြီးကို မြန်မာပြည်၌ ဘုန်းတန်ခိုးကြီး စေတီတော်မြတ်များကို တည်ဆောက်ကြသည့် အစီအစဉ်အတိုင်း အပြည့်အစုံလိုက်နာ ဆောင် ရွက်ခဲ့ကြပါသည်။ မြန်မာပြည်မှရဟန်းရှင်လူ ပညာရှိအပေါင်းတို့ထံမှ အကြံဉာဏ်များ၊ ပံ့ပိုးကူညီမှုများ ရယူလိုက်နာဆောင်ရွက်ခြင်းဖြစ်ပါ သည်။ ပထမပိုင်းအစီအစဉ်မှာ ဥပါသကာ ၉ဦးအဖွဲ့က ဆွမ်း၉ ရေချမ်း၉

www.burmeseclassic.com

www.burmeseclassic.com



သစ်သီး၊ ပန်းတို့ဖြင့် ရတနာသုံးပါးအားဆက်ကပ် လှူဒါန်းကြပါသည်။ မြန်မာပြည်မှသံဃမဟာနာယက ဥက္ကဋ္ဌနှင့်အမှုတော်ဆောင်ဆရာတော်များအပါအဝင် သီတဂူဆရာတော်၊ သံဃာ့တက္ကသိုလ်နာယကချုပ်ဆရာတော်၊ ပဲခူးကြခတ်ပိုင်းဆရာတော် စသော မဟာထေရ်ကြီးများအား နံနက်အရုဏ်ဆွမ်း ဆပ်ကပ်ကြပါသည်။

ဒုတိယပိုင်းအစီအစဉ်မှာ ရတနာသုံးပါး ကန်တော့၊ ငါးပါးသီလခံယူကြပြီး ဆရာတော်သံဃာတော်များအားပရိတ်ပန်း၊ ပရိတ်အိုးစသည်ဆက်ကပ်ကြ၍ ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်တော်မူကြပါသည်။ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကြပြီး အမျှဝေ အောင်စည်အောင်မောင်း (၉)ကြိမ်တီးခတ်ကြပါသည်။

တတိယအစီအစဉ်တွင် ဥပါသကာ(၁၈)ဦးက ဆရာတော် သံဃာတော်များထံမှ ရတနာကြုတ်တော်၊ ဝိပဿနာဓမ္မဒီပ သဗ္ဗညုတစေတီတော် မော်ကွန်းကြေးပြားတော်ကမ္ပည်း ကျောက်စာတော်ပါသည့် ရတနာကျောက်အုတ်မြစ်တော်၊ ပရိတ်နံ့သာရေများ ယူဆောင်ပြီး အုတ်မြစ်တော်စီမည့်နေရာသို့အရောက် အခမ်းအနားဖြင့်သယ်ဆောင်ကြပါသည်။ စေတီတော်မြတ်ကြီး အုတ်မြစ်တော်စီကြမည့် အလှူရှင် ကိုယ်စားလှယ်တော်များကို ဂုရုကြီးဂိုအင်ကာက ဦးဆောင်၍ နေရာယူကြပါသည်။ အခါတော်အချိန်ကျရောက်သောအခါ ဂုရုကြီးဂိုအင်ကာက ရတနာကြုတ်တော်နှင့် မော်ကွန်းကြေးပြားတော်၊မော်ကွန်းကျောက်ပြားကိုသွင်းချထား၍ ကုသိုလ်ရှင်ကိုယ်စားလှယ်တော်များက နေ့နံအလိုက် အုတ်မြစ်တော်များစီသွင်းချကြပါသည်။ ဆရာတော်သံဃာတော်များက ဇယန္တောအစချီ အောင်ဂါထာတော်များကို (၃)ကြိမ် ရွတ်ဆိုပူဇော်ကြပါသည်။

ယခုအခါ စေတီတော်ကြီးကို အတိအကျပုံစံအတိုင်း

www.burmeseclassic.com



ဆက်လက်ဆောက်လုပ်လျက်ရှိရာ အောင်မြင်ပြီးဆုံးသွားသောအခါ၌ မကြာသေးမီက ရန်ကုန်မြို့တွင်ကျင်းပသွားခဲ့သော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ထီးတော်တင်ပွဲခြိမ့်ခြိမ့်သဲမျှ ဆင်နွှဲခဲ့ကြသလို၊ မွန်ဘိုင်မြို့မှညီတော် ဝိပဿနာဓမ္မဒီပသဗ္ဗညုစေတီတော်ကြီး ၏ ထီးတော်တင်ပွဲကြီးကိုလည်း မြန်မာထုံးတမ်းစဉ်လာအခမ်းအနားဖြင့် ဝှဲချီးအခဲ့ဖွယ်ဆင်နွှဲကြမည်မှာ မလွဲတော့ပေ။ ဤစေတီတော်ကြီး ဆောက်လုပ်ရာတွင် ကမ္ဘာအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်သူတော်စင် အများသည် သဒ္ဓါထက်သန်စွာဖြင့် ရက်ရက်ရောရော ကုသိုလ်ပါဝင်လှူဒါန်းလျက်ရှိကြပေရာ၊ မြန်မာနိုင်ငံမှသူတော်စင် ကုသိုလ်ရှင်များလည်း ဤသာသနာပြုအလှူပွဲကြီးတွင် လက်လွတ်မခံဘဲ ဝင်ရောက်ဆင်နွှဲကြပါရန် နိဗ္ဗာန် အကျိုးမျှော်ပြီး နှိုးဆော်လိုက်ရပါကြောင်း။

ဇေယျာမောင်

www.burmeseclassic.com